၁။ အတီတံသေ အပ္ပဋိဟတံ ဉာဏံ=လွန်လေပြီးသော အတိတ်အဖို့၌ အကြွင်းမဲ့ သိမြင်သည့် အပိတ်အပင် အတားအဆီး မရှိသော ဉာဏ်တော်ရှိခြင်း။

၂။ အနာဂတံသေ အပ္ပဋိဟတံ ဉာဏံ=နောင်အနာဂတ်အဖို့၌ အကြွင်းမဲ့ သိမြင်သည့် အပိတ် အပင် အတားအဆီး မရှိသော ဉာဏ်တော်ရှိခြင်း။

၃။ ပစ္စုပ္ပန္နံသေ အပ္ပဋိဟတံ ဉာဏံ=ယခု ပစ္စုပ္ပန်အဖို့၌ အကြွင်းမဲ့ သိမြင်သည့် အပိတ်အပင် အတားအဆီး မရှိသော ဉာဏ်တော်ရှိခြင်း။

၄။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ=အလုံးစုံသော ကာယကံသည် ဉာဏ် တော်လျှင် ရှေ့သွားရှိ၍ ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း။ (ဉာဏ်ပညာယှဉ်၍သာ ပြုလုပ်တော်မူခြင်း။)

၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ=အလုံးစုံသော ဝစီကံသည် ဉာဏ်တော် လျှင် ရှေ့သွားရှိ၍ ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း။ (ဉာဏ်ပညာယှဉ်၍သာ ဟောကြား ပြောဆို မိန့်မြွက်တော်မူခြင်း။)

၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ=အလုံးစုံသော မနောကံသည် ဉာဏ် တော်လျှင် ရှေ့သွားရှိ၍ ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း။ (ဉာဏ်ပညာယှဉ်၍သာ ကြံစည်ဆင်ခြင်တော်မူခြင်း။)

၇။ နတ္ထိ ဆန္ဒဿ ဟာနိ=သတ္တဝါတို့၏ အကျိုးစီးပွါးကို လိုလားသော ဆန္ဒတော်၏ ဆုတ် ယုတ်မှု မရှိခြင်း။

၈။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ=တရားဟောတော်မူခြင်း၏ ဆုတ်ယုတ်မှု မရှိခြင်း (ဟောစရာ တရားစကား မကုန်ခန်းနိုင်ခြင်း။)

၉။ နတ္ထိ ဝီရိယဿ ဟာနိ=သူတပါးအကျိုး သည်ပိုးအားထုတ်ရာ၌ လုံ့လဝီရိယ ဆုတ်ယုတ်မှု မရှိခြင်း။

၁၀။ နတ္ထိ သမာဓိဿ ဟာနိ=တည်ကြည်မှု သမာဓိတော်၏ ဆုတ်ယုတ်မှု မရှိခြင်း။

၁၁။ နတ္ထိ ဝိပဿနာ ပညာယ ဟာနိ=ဝိပဿနာ ပညာတော်၏ ဆုတ်ယုတ်မှု မရှိခြင်း။

၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ=လွတ်မြောက်မှု အရဟတ္တဖိုလ်၏ ဆုတ်ယုတ်မှု မရှိခြင်း။

၁၃။ နတ္ထိ ဒဝါ=ရယ်ရွှင်မြူးထူးလိုသဖြင့် ပြုမှု မိန့်မြွက်မှု မရှိခြင်း။

၁၄။ နတ္ထိ ရဝါ=သတိလွတ်၍ ချွတ်ယွင်းတိမ်းစောင်းစွာ ပြုမူ မိန့်မြွက်မှု မရှိခြင်း။

၁၅။ နတ္ထိ အဖုဋ္ဌံ=ဉာဏ်တော်ဖြင့် မတွေ့ထိအပ် မသိအပ်သော အရာမည်သည် မရှိခြင်း။

၁၆။ နတ္ထိ ဝေဂါယိတတ္တံ=ဉာဏ်ဖြင့် မဆင်မခြင် အဆောတလျင် ဖြစ်ကဟတ်ဆန်း ပြုမူ မိန့်မြွက်မှု မရှိခြင်း။

၁၇။ နတ္ထိ အဗျာဝဋမနော=အကျိုးမရှိသော စိတ်တော်ဖြစ်မှု မရှိခြင်း။

၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ=ဉာဏ်တော်ဖြင့် မဆင်ခြင်ဘဲ လျစ်လျူပြုထားမှု မရှိခြင်း။

ဤ ၁၈-ရပ်သော အာဝေဏိကဂုဏ်တော် (ဗုဒ္ဓဓမ္မ)တို့ကို အထိမ်းအမှတ်ပြုသောအားဖြင့် ဝိဘင်းကျမ်းကိုလည်း ၁၈-ပိုင်း[1] ခွဲခြား၍ ဟောတော်မူ၏။

### ဝိဘင်း ၁၈-ကျမ်း

ဝိဘင်းကျမ်း၌—

၁။ ခန္ဓ ဝိဘင်း

၂။ အာယတန ဝိဘင်း

၃။ ဓာတု ဝိဘင်း

၄။ သစ္စ ဝိဘင်း

၅။ ဣန္ဒြိယ ဝိဘင်း

၆။ ပဋိစ္စသမုပ္ပါဒ ဝိဘင်း

၇။ သတိပဋ္ဌာန ဝိဘင်း

၈။ သမ္မပ္ပဓာန ဝိဘင်း

၉။ ဣဒ္ဓိပါဒ ဝိဘင်း

၁၀။ ဗောဇ္ဈင် ဝိဘင်း

၁၁။ မဂ္ဂင် ဝိဘင်း

၁၂။ ဈာန ဝိဘင်း

၁၃။ အပ္ပမညာ ဝိဘင်း

၁၄။ သိက္ခာပဒ ဝိဘင်း

၁၅။ ပဋိသမ္ဘိဒါ ဝိဘင်း

---

၁-အဘိ၊ ဋ္ဌ၊ ၂၊ ၁။ မူလဋီ၊ ၂။ ၂။ (ဤ အာဝေဏိကဂုဏ်တော် ၁၈-ပါးကို အန္တရာယ် ကင်းရှင်းရေး အတွက် ရွတ်ဖတ်ပူဇော်ကြစေရန် ဓာရဏ ပရိတ်တော်ဟူသော အမည်ဖြင့် ရှေးပညာရှိတို့ ထုတ်နုတ် စီရင်ကြသည်။)

http://www.dhammadownload.com



၁၆။ ဉာဏ ဝိဘင်း

၁၇။ ခုဒ္ဒကဝတ္ထု ဝိဘင်း

၁၈။ ဓမ္မဟဒယ ဝိဘင်း–ဟူ၍ ကဏ္ဍအားဖြင့် ၁၈-ပိုင်း ခွဲခြားဟောတော်မူသည်။

## ဝိဘင်းကျမ်းဝယ် နည်းသုံးသွယ်

ထို ၁၈-ပါးသော ဝိဘင်းတို့ကို များသောအားဖြင့်—

၁။ သုတ္တန္တဘာဇနီယနည်း

၂။ အဘိဓမ္မာဘာဇနီယနည်း

၃။ ပဉ္ဟာပုစ္ဆကနည်း ဟူ၍ နည်းသုံးနည်းတို့ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူခဲ့လေသည်။

ဝိဘင်း ၁၈-ပါးလုံး၌ အထက်ပါ ဟောနည်း ၃-နည်းစလုံး မရနိုင်ပေ။ အဘိဓမ္မာဘာဇနီယနည်းကို ခန္ဓဝိဘင်းမှစ၍ ပဋိသမ္ဘိဒါဝိဘင်းတိုင်အောင် ဝိဘင်း ၁၅-ပါးတို့၌သာ ရနိုင်သည်။

သုတ္တန္တဘာဇနီယနည်းကို ယခင်ဝိဘင်း ၁၅-ပါးမှ ဣန္ဒြိယဝိဘင်းနှင့် သိက္ခာပဒဝိဘင်းတို့ကို ကြဉ်၍ ကျန်ဝိဘင်း ၁၃-ပါး၌ ရနိုင်သည်။

ပဉ္ဟာပုစ္ဆကနည်းကို ယခင် ဝိဘင်း ၁၅-ပါးမှ ပဋိစ္စသမုပ္ပါဒ်ဝိဘင်းကို ကြဉ်၍ ကျန်ဝိဘင်း ၁၄-ပါးတို့၌ ရနိုင်ပေသည်။

ဝိဘင်းနံပါတ်စဉ် ၁၆-နှင့် ၁၇-ဖြစ်သော ဉာဏဝိဘင်းနှင့် ခုဒ္ဒကဝတ္ထုဝိဘင်းတို့၌ အထက်ပါ နည်းသုံးနည်းကို မသုံးဘဲ တပါးစုမှ ဆယ်ပါးစုအထိ မာတိကာ နိဒ္ဒေသနည်းဖြင့် ဝေဘန်ဟောကြားတော်မူခဲ့သည်။

နောက်ဆုံးဖြစ်သော ဓမ္မဟဒယဝိဘင်း၌ သဗ္ဗသင်္ဂါဟိကဝါရစသော ဝါရ ၁၀-ပါးဖြင့် ဝေဘန်ဟောကြားတော်မူခဲ့သည်။

**သုတ္တန္တဘာဇနီယနည်း။** ။သုတ္တန်ပိဋကတ်၌ ဟောတော်မူသောနည်းအတိုင်း ဝေဘန်ဟောကြားသောနည်းသည် သုတ္တန္တဘာဇနီယနည်း မည်၏။ သုတ္တန် ဒေသနာတော်သည် (ကျွတ်ထိုက်သည့်) ဝေနေယျသတ္တဝါတို့၏ အလိုအကြိုက် စရိုက်ကိုကြည့်၍ ဟောကြားထားခြင်းဖြစ်သည်။ တရားနာပုဂ္ဂိုလ် တဦးတယောက်ကိုသော်၎င်း၊ မျက်မှောက်ရှိ တရားနာပရိသတ်ကိုသော်၎င်း ငဲ့ကွက်၍ ဟောကြားခြင်း ဖြစ်သည်။ သုတ္တန်ဒေသနာတော်သည် ကာလ ဒေသ ပုဂ္ဂိုလ်စသော အခြေအနေများအရ သင့်တော်၍ အကျိုးရှိနိုင်စေမည့် တရားအစိတ်အပိုင်းများကိုသာ တန်ရုံ တန်ရုံ ပိုင်းခြားကန့်သတ် ဟောကြားတော်မူသည့် ဒေသနာတော် ဖြစ်သည်။ ထို့ပြင် သုတ္တန်ဒေသနာတော်ကို ဝေနေယျသတ္တဝါတို့ သိလွယ်မြင်လွယ် ထင်လွယ်အောင် ပေါ်လွင်သော စကားအသုံးအနှုန်းများဖြင့် ဟောတော်မူသည်။

ထို့ကြောင့် သုတ္တန်ဒေသနာတော်သည် ရှင်းသည်၊ လွယ်ကူသည်၊ သို့သော် တရားမကုန်၊ နည်းမစုံချေ၊ ရိုးရိုးလူသာမန်တို့နှင့်သာ သင့်တော်၍ ဉာဏ်ကြီးသူတို့အတွက် လေးလေးနက်နက် မရှိလှပေ။

http://www.dhammadownload.com



ထိုသို့ သုတ္တန်ဒေသနာတော်၌ ဟောတော်မူသော ရှင်းလင်းလွယ်ကူသောနည်းဖြင့် ခန္ဓာ အာယတန စသည်တို့ကို ဝေဘန်ဟောကြားသောနည်းသည် သုတ္တန္တဘာဇနီယနည်း မည်၏။ မှန်၏။ ဤဝိဘင်းကျမ်း သုတ္တန္တဘာဇနီယနည်း၌ ခန္ဓာ အာယတန ဓာတ် သစ္စာ စသည်တို့ကို ဝေဘန်ဟောကြားထားပုံသည် သုတ္တန်ပိဋကၾ ဝေဘန်ဟောကြားပုံနှင့် လွန်စွာ တူညီသည်ကို တွေ့ရပေသည်။ ထို့ကြောင့် သုတ္တန်ပိဋကဟောရိုး ဟောစဉ်အတိုင်း ဝေဘန်ဟောကြားနည်းကို သုတ္တန္တဘာဇနီယနည်းဟု မှတ်ယူသင့်ကြပေသည်။

## အဘိဓမ္မာဘာဇနီယနည်း

အဘိဓမ္မာပိဋက ဟောရိုးဟောစဉ်အတိုင်း ဝေဘန်ဟောကြားသောနည်းသည် အဘိဓမ္မာ ဘာဇနီယနည်း မည်၏။ အဘိဓမ္မာဟောနည်းသည် ကာလ ဒေသ ပုဂ္ဂိုလ်စသော အခြေအနေ များကို မငဲ့ကွက်ဘဲ တရားကုန်အောင် နည်းစုံ ဟောတော်မူခြင်း ဖြစ်သည်။ စကြဝဠာ ကမ္ဘာ လောကဓာတ်ကြီး တခုလုံးကို သိမ်းကျုံး၍ တရားအကြွင်းအကျန် မရှိအောင် ဟောကြားတော် မူသော နည်းဖြစ်၏။ ဉာဏ်တော်အစွမ်းရှိသလောက် ချဲ့ထွင်၍ ဟောကြားထားခြင်း ဖြစ်သည်။

ထို့ကြောင့် အဘိဓမ္မာနည်းသည် ရှည်သည်၊ ကျယ်သည်၊ နက်သည်၊ ခက်သည်၊ သိမ်မွေ့သည်။ လူသာမန်တို့ မလိုက်နာနိုင်။ ဉာဏ်ကြီးရှင်တို့အတွက် ကျယ်ဝန်းလွတ်လပ်သော စားကျက်ကြီး ဖြစ်သည်။ အဘိဓမ္မာတရားတော်အတွင်း၌ ဉာဏ်ကြီးရှင်တို့ ကြိုက်သလောက် ဉာဏ်ကစားနိုင် ကြသည်။ ဉာဏ်ကွန့်မြူးနိုင်ကြသည်။ ထို့ကြောင့် အဘိဓမ္မာဒေသနာတော်ကို ဉာဏ်နု့သူတို့ ကြောက်၍ ဉာဏ်ကြီးသူတို့ နှစ်သက်ကျေနပ်ကြခြင်း ဖြစ်သည်။

ဤကျမ်း၌ အဘိဓမ္မာဘာဇနီယနည်းဆိုသည်မှာ အဘိဓမ္မာ ၇-ကျမ်းတွင် အဦးမူလဖြစ်သော ဓမ္မသင်္ဂဟ(ဓမ္မသင်္ဂဏီ)ကျမ်း၌ ဟောကြားပြီးသော တိက် ဒုက်တို့ကို မူတည်၍ ဟောကြားသော နည်း ဖြစ်သည်။ ခန္ဓာ အာယတနစသည်တို့ကို တိက် ၂၂-တိက်၊ ဒုက် ၁၀၀-တို့၌ ထည့်သွင်းကာ ဟောပြသောနည်းဖြစ်ပေသည်။ ထို့ကြောင့် အဘိဓမ္မာဟောရိုးဟောစဉ်အတိုင်း ဟောကြား ခြင်းကို အဘိဓမ္မာဘာဇနီယနည်းဟု ခေါ်သည်။

## ပဉှာပုစ္ဆကနည်း

ဓမ္မသင်္ဂဏီကျမ်း၌လာသော တိက် ဒုက်တို့ကို မူထား၍ အမေးအဖြေ ပြုလုပ်ဟောကြားသော နည်းကို ပဉှာပုစ္ဆကနည်းဟု ခေါ်ဆိုရသည်။ တိက်ပေါင်း ၂၂-တိက်၊ တိက်ပုဒ်ပေါင်း ၆၆-ပုဒ် တို့ဖြင့်၎င်း၊ ဒုက်ပေါင်း ၁၀၀၊ ဒုက်ပုဒ်ပေါင်း ၂၀၀-တို့ဖြင့်၎င်း ခန္ဓာ အာယတန ဓာတ် သစ္စာ စသော တရားတို့ကို အမေးအဖြေ ပြုလုပ်ဟောကြားခြင်းသည် ပဉှာပုစ္ဆကနည်း မည်၏။ ဝိဘင်းကျမ်းလာ ဟောနည်း ၃-နည်းတို့တွင် ဤ'ပဉှာပုစ္ဆက'နည်းသည် အကျယ်ဝန်းဆုံး အပြည့် စုံဆုံး ဖြစ်ပေသည်။

http://www.dhammadownload.com

# ဝိဘင်း ၁၈-ပါး စီစဉ်ဟောကြားပုံ

ဤဝိဘင်း ၁၈-ပါးရှိရာတွင် ယင်း ၁၈-ပါးကို ဖြစ်ချင်သလိုဖြစ်စေ၊ နေချင်သလိုနေစေဟု ကျရာ ရောက်ရာထား၍ ဟောကြားထားခြင်း မဟုတ်ချေ၊ တခုနှင့်တခု ရှေ့နောက်စဉ်ထားပုံမှာ အလွန် စံနစ်တကျ ရှိလှသည်၊ ထင်ရှားစေအံ့ —

ဤလောက၌ သက်ရှိသတ္တဝါဟူသမျှကို ၃-မျိုး ၃-စား ခွဲဝေလိုက်လျှင်—

၁။ ဉာဏ်ထက်မြက်သူ=တိက္ခိန္ဒြိယပုဂ္ဂိုလ်

၂။ ဉာဏ်အလတ်စားရှိသူ=မဇ္ဈိမိန္ဒြိယပုဂ္ဂိုလ်

၃။ ဉာဏ်နုံ့နှေးသူ=မုဒိန္ဒြိယပုဂ္ဂိုလ်

ဟူ၍ ၃-မျိုး ၃-စား ရှိသည်ကို တွေ့မြင်နိုင်ပေသည်။

**ခန္ဓဝိဘင်းနှင့် ဉာဏ်ထက်မြက်သူ။** ။ထို ၃-မျိုးတို့တွင် ဉာဏ်ထက်မြက်သူများမှာ အသိအမြင် လျင်မြန်ထက်မြက် သွက်လက်သူများ ဖြစ်သောကြောင့် တရားစကားကို ကြားနာလေ့လာရာ၌ နည်းနည်းကျဉ်းကျဉ်း ဟောပြောပြလျှင် သိနိုင်ကြသည်၊ အကျဉ်းချုပ်နှင့်လည်း လိုက်လျောကိုက်ညီသည်၊ အကျဉ်းကိုလည်း ကြိုက်တတ်ကြသည်၊ မြတ်စွာ ဘုရားရှင်သည် ထိုဉာဏ်ထက်မြက်သူ ဒေသနာအကျဉ်းနှင့် လိုက်လျောသူတို့အတွက် အဘိဓမ္မာ သဘာဝ ပရမတ္ထတရားများကို ကျဉ်းကျဉ်းနှင့် စုံစုံပါဝင်သော **ခန္ဓဝိဘင်း**ကို ရှေးဦးစွာ ဟော တော်မူသည်၊ ခန္ဓဝိဘင်း၌ ခန္ဓာ ၅-ပါးကို အကျဉ်းချုပ်ရှင်းလင်း ဟောကြားတော်မူသည်၊ ဤလောက၌လည်း မြန်မြန်ပြီးနိုင်သည့်ကိစ္စကို အလျင်လက်ဦးဆောင်ရွက်၍ ဖြေးဖြေးမှ ပြီးနိုင် သည့်ကိစ္စကို နောက်ချန်ပြီး လုပ်ကိုင်ဆောင်ရွက်ကြသည့် မေ့တာထုံးတမ်းစဉ်လာ ရှိသကဲ့သို့ ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။

**အာယတနဝိဘင်းနှင့် ဉာဏ်အလတ်စား။** ။ထို့နောက် အလယ်အလတ်စား ဉာဏ်ထက်မြက်သူ တို့နှင့် လိုက်လျောကိုက်ညီသည့် အဘိဓမ္မာတရား များကို ဟောပြရာ၌ ခန္ဓာ ၅-ပါးလောက်လည်း မကျဉ်း, ဓာတ်တရားများလောက်လည်း မကျယ်မများလွန်းပဲ အလယ်အလတ်စား ခွဲဝေပြဆိုသည့် အာယတန ၁၂-ပါး ပါဝင်သည့် **အာယတနဝိဘင်း**ကို ဟောတော်မူသည်။

**ဓာတုဝိဘင်းနှင့် ဉာဏ်နုံ့သူ။** ။ထို့နောက် ကျယ်ဝန်းစွာ ရှင်းလင်းဟောပြမှ သိနိုင်မည့် ဉာဏ် နုံ့နှေးသူ မုဒိန္ဒြိယပုဂ္ဂိုလ်တို့အတွက် ခန္ဓာ အာယတနတို့ထက် ပိုမိုကျယ်ဝန်းစွာ ဝေဘန်၍ ဓာတ် ၁၈-ပါး ပါဝင်သည့် **ဓာတုဝိဘင်း**ကို ဟောတော်မူသည်။

**သစ္စဝိဘင်း။** ။ထိုခန္ဓာ အာယတန ဓာတ်တို့၏ ဖြစ်ခြင်း၊ ဖြစ်ကြောင်း၊ ချုပ်ခြင်း၊ ချုပ်ကြောင်း ဟူသော အခြင်းအရာ ၄-ပါးကို သိမှသာလျှင် အမှန်အတိုင်း တရားကို ထိုးထွင်း သိမြင်နိုင်မည် ဖြစ်သောကြောင့် ယင်းအခြင်းအရာ ၄-မျိုးဖြစ်သော သစ္စာ ၄-ပါးကို ဝေဘန် ပြသည့် **သစ္စဝိဘင်း**ကို ခန္ဓာ အာယတန ဓာတုဝိဘင်းတို့အပြီး၌ ဆက်လက်ဟောကြားတော် မူသည်။

http://www.dhammadownload.com



**ဣန္ဒြိယဝိဘင်း။** ။ထိုတရားတို့ကို ထိုးထွင်း သိခြင်းသည်လည်း အထူးအားဖြင့် ဣန္ဒြေတို့ကို မှီ၍သာ သိရသောကြောင့် သစ္စဝိဘင်းဟောပြီးနောက်၌ ဣန္ဒြေတရားများကို ဝေဘန်သည့် ဣန္ဒြိယဝိဘင်းကို ဆက်လက်ဟောတော်မူသည်။

**ပဋိစ္စသမုပ္ပါဒဝိဘင်း။** ။ဣန္ဒြေတရားတို့၏ ဣန္ဒဋ္ဌ= အစိုးရခြင်း သဘောသည်လည်း ပစ္စည်း အကြောင်းတရားတို့က ထိုက်သည်အားလျော်စွာ ပစ္စယုပ္ပန်အကျိုးတရားတို့ကို ကျေးဇူးပြုခြင်း အထူးသာလျှင်ဖြစ်သောကြောင့် ပစ္စည်း ပစ္စယုပ္ပန်ကို ဝေဘန်ပြခြင်းရှိသည့် ပဋိစ္စသမုပ္ပါဒဝိဘင်းကို ဣန္ဒြိယဝိဘင်းအပြီး၌ ဟောတော်မူသည်။

**သတိပဋ္ဌာနဝိဘင်းစသည်။** ။အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ခန္ဓာစသော တရားတို့ကို အမှန်အတိုင်း ထိုးထွင်း သိမြင်ရခြင်းမှာ သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါးတည်းဟူသော ဗောဓိပက္ခိယတရားတို့၌ ကောင်းမွန် မှန်ကန်စွာ နှလုံးသွင်းခြင်းကြောင့်သာ ဖြစ်ပေသောကြောင့် ဣန္ဒြိယဝိဘင်းနောက်၌ သတိပဋ္ဌာနဝိဘင်း၊ သမ္မပ္ပဓာနဝိဘင်း၊ ဣဒ္ဓိပါဒဝိဘင်း၊ ဗောဇ္ဈင်္ဂဝိဘင်း၊ မဂ္ဂင်္ဂဝိဘင်းတို့ကို ဟောတော်မူသည်။

**ဈာနဝိဘင်း၊ အပ္ပမညာဝိဘင်း။** ။ယင်း ဗောဓိပက္ခိယတရားတို့ကို ကောင်းမွန် မှန်ကန်စွာ နှလုံးသွင်းနိုင်ခြင်းမှာလည်း ဈာန်တရား အပ္ပမညာတရားဟူသော သမာဓိက္ခန္ဓ စိတ္တဝိသုဒ္ဓိအကျင့်တို့ကြောင့်သာလျှင် ဖြစ်သောကြောင့် ထိုဗောဓိပက္ခိယဝိဘင်းတို့ ဟောပြီးနောက်၌ ဆက်လက်၍ **ဈာနဝိဘင်း၊ အပ္ပမညာဝိဘင်းတို့ကို ဟောတော်မူသည်။**

**သိက္ခာပဒဝိဘင်း။** ။သမာဓိက္ခန္ဓ စိတ္တဝိသုဒ္ဓိဟူသော ဈာန် အပ္ပမညာအကျင့်ဟူသည် သီလနှင့် ပြည့်စုံသူ သီလဝိသုဒ္ဓိရှိသူတို့မှသာ ဖြစ်နိုင်သောကြောင့် ဈာနဝိဘင်းနှင့် အပ္ပမညာဝိဘင်းတို့အပြီး၌ ပါဏာတိပါတာ ဝေရမဏီ=သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှုစသော သိက္ခာပုဒ်များကို ဝေဘန်ပြဆိုရာ သိက္ခာပဒဝိဘင်းကို ဟောတော်မူသည်။

**ပဋိသမ္ဘိဒါဝိဘင်း။** ။ပဋိသမ္ဘိဒါဉာဏ် ၄-ပါးသည် ဆိုအပ်ခဲ့သော သီလဝိသုဒ္ဓိ၌တည်၍ ကျင့်ကြံအားထုတ်သဖြင့် ရရှိအပ်သော ဈာန်အပ္ပမညာအကျင့်တို့၏ အကျိုးတရားများသာ ဖြစ်သောကြောင့် သိက္ခာပဒဝိဘင်း၏နောက်၌ အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါ-ဟူသော ပဋိသမ္ဘိဒါ ၄-ပါးကို ပြဆိုသည့် ပဋိသမ္ဘိဒါဝိဘင်းကို ဟောကြားတော်မူသည်။

## ပဋိသမ္ဘိဒါဉာဏ် ၄-ပါး

**အတ္ထပဋိသမ္ဘိဒါဉာဏ်။** ။(အတ္ထ=အကျိုး၊ ပဋိ= ဖောက်ထွင်းခြင်း, ထိုးထွင်းခြင်း။ သံ= မဖောက်မပြန်၊ ဘိဒါ၊ ဝေဖန်ခွဲခြမ်းခြင်း၊ ဉာဏ=ဉာဏ်။) အကျိုး ၅-ပါးကို ဖောက်ထွင်းထိုးထွင်းလျက် မဖောက်မပြန် ဝေဖန်ခွဲခြမ်းတတ်သောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်သည်။

**အကျိုး ၅-ပါး။** ။ဤတွင် အကျိုး ၅-ပါးမှာ (၁) အကြောင်းကြောင့် ဖြစ်သမျှသောအကျိုး။ (၂) နိဗ္ဗာန်။ (၃) ဟောတော်မူအပ်သော ပါဠိတော်၏ အနက်။ (၄) ဝိပါက်။ (၅) ကြိယာဖြစ်သည်။

http://www.dhammadownload.com



**အကျိုး ၃-ပါး။** ။ယင်း ၅-ပါးတွင် နိဗ္ဗာန်သည် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသူမြတ်တို့ ရောက်အပ်(ရအပ်)သောကြောင့် ပတ္တဗ္ဗအကျိုးမည်သည်၊ ဟောတော်မူအပ်သော ပါဠိတော်၏ အနက်သည် သိစေအပ်သောကြောင့် ဉာပေတဗ္ဗအကျိုးမည်သည်၊ အကြောင်းကြောင့် ဖြစ်သမျှသော အကျိုး, ဝိပါက်, ကြိယာသည် ဖြစ်စေအပ်သောကြောင့် နိဗ္ဗတ္တေတဗ္ဗအကျိုးမည်သည်၊ ဤသို့ ခွဲဝေလျှင် အကျိုးသည် ၃-မျိုးသာ ရှိသည်။ (ဤ၌ ကြိယာကို ကံ၏အကျိုးနှင့် စပ်သည်ဖြစ်၍ 'အတ္ထ အကျိုး'ဟု ဆိုသည်။)

**ဓမ္မပဋိသမ္ဘိဒါဉာဏ်။** ။(ဓမ္မ=အကြောင်း။) အကြောင်း ၅-ပါးကို ဖောက်ထွင်းလျက် မဖောက်မပြန် ဝေဖန်ခွဲခြမ်းတတ်သောဉာဏ် မည်၏။

**အကြောင်း ၅-ပါး။** ။ဤတွင် အကြောင်း ၅-ပါးမှာ (၁) အကျိုးကို ဖြစ်စေသမျှသော အကြောင်း။ (၂) အရိယာမဂ်။ (၃) ဟောတော်မူအပ်သော ပါဠိတော်။ (၄) ကုသိုလ်။ (၅) အကုသိုလ်ဖြစ်သည်။ (ဤ၌ ကုသိုလ်, အကုသိုလ်သည် ဝိပါက်၏ ပဓာနအကြောင်းဖြစ်၍ ဓမ္မအကြောင်းဟု ဆိုသည်။)

**အကြောင်း ၃-ပါး။** ။ယင်းအကြောင်း ၅-ပါးအနက် အရိယာမဂ်သည် နိဗ္ဗာန်သို့ ရောက်စေတတ်သောကြောင့် သမ္ပာပကအကြောင်းမည်သည်၊ ဟောတော်မူအပ်သော ပါဠိတော်သည် အနက်အကျိုးကို သိစေတတ်သောကြောင့် ဉာပကအကြောင်းမည်သည်၊ အကျိုးကို ဖြစ်စေသမျှသော အကြောင်းနှင့် ကုသိုလ်, အကုသိုလ်တို့သည် အကျိုးကို ဖြစ်စေတတ်သောကြောင့် နိဗ္ဗတ္တကအကြောင်းမည်သည်၊ ဤသို့ ခွဲဝေလျှင် အကြောင်း ၃-မျိုးသာ ရှိသည်။

**နိရုတ္တိပဋိသမ္ဘိဒါဉာဏ်။** ။(နိ=ထုတ်၍၊ ဥတ္တိ၊ ရွတ်ဆိုခြင်း၊ ပြောဆိုခြင်း။) အားလုံးသတ္တဝါတို့ပြောဆိုသမျှ ဘာသာစကားတို့၌ တတ်သိနားလည် ကျွမ်းကျင်ခြင်း။

**ပဋိဘာနပဋိသမ္ဘိဒါဉာဏ်။** ။(ပဋိဘာန=ထင်စွာ ပြုတတ်သောဉာဏ်) အတ္ထ, ဓမ္မ, နိရုတ္တိဉာဏ် ၃-ပါးကို။ ဝါ-အလုံးစုံသော ဉာဏ်ဟူသမျှကို "ဤဉာဏ်သည် ဤမည်သော အာရုံကို အာရုံပြု၍ ဤမည်သော ကိစ္စဖြင့် ဖြစ်၏၊ ဤသို့သော လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ရှိ၏"ဟု အာရုံ, ကိစ္စ, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်စသည်တို့နှင့်တကွ ထိုးထွင်းလျက် မဖောက်မပြန် ဝေဖန်ခွဲခြမ်း၍ သိတတ်သောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။

**ခုဒ္ဒကဝိဘင်း၊** ။ယင်း ပဋိသမ္ဘိဒါဉာဏ် ၄-မျိုးကိုရရန် ပယ်ရှားရမည့်တရားများကို သိနိုင်ရန်အတွက် ယင်း ပယ်ရမည့်တရားများကို ဝေဘန်ပြဆိုရာ၌ ခုဒ္ဒကဝိဘင်းကို ပဋိသမ္ဘိဒါဝိဘင်းအပြီး၌ ဆက်လက်ဟောတော်မူသည်။

ဤ၌ ခုဒ္ဒကသဒ္ဒါသည် သေးငယ် သိမ်ဖျင်း ယုတ်ညံ့သော တရားများဟု အဓိပ္ပါယ်အနက် ရရှိသည်။ မှန်လှ၏၊ ယင်းအမည်နှင့် လိုက်လျောညီစွာပင် ခုဒ္ဒကဝိဘင်း၌ ယုတ်ညံ့ သိမ်ငယ်သည့် အကုသိုလ်တရားအမျိုးမျိုးကို ဝေဘန်ဟောကြားထားပေသည်။

**ဓမ္မဟဒယဝိဘင်း။** ။ဤသို့ အစဉ်အတိုင်း အကျယ်တဝင့် ဖွင့်ပြဝေဘန်ခဲ့သော ခန္ဓာစသော တရားတို့ကို အကျဉ်းမျှပင် တတ်သိနားလည်စေဦးတော့ အကျိုးပြီးမြောက် အောင်မြင်နိုင်သည်သာလျှင်တည်းဟု ပြတော်မူလိုသောကြောင့် ဝိဘင်းဟူသမျှတို့၏

http://www.dhammadownload.com



နောက်ဆုံးမှပိတ်၍ ခန္ဓာစသော တရားများကို ဘုံသတ္တဝါတရားတို့ဖြင့် ဝေဘန်ရာ ဓမ္မဟဒယ-ဝိဘင်းကို ဟောတော်မူသည်။

'ဓမ္မဟဒယ''ပုဒ်၏ အနက်အဓိပ္ပါယ်မှာ—

ဓမ္မ=တရား+ဟဒယ=အသည်းနှလုံး+ဝိဘင်္ဂ=ဝေဘန်ရာ=အသည်းနှလုံးနှင့်တူသည့် တရားများကို ပြဆိုဝေဘန်ရာ ဝိဘင်းဟု အဓိပ္ပါယ် ရရှိသည်။

မှန်၏။ ခန္ဓစသော ဝိဘင်း ၁၇-ခုပါ တရားတို့ကို သာဝကများလည်း ထိုက်သည်အားလျော်စွာ ဟောနိုင်ပေသည်။ ဤဓမ္မဟဒယဝိဘင်း၌ပါသည့် ၃၁-ဘုံ, ဘုံရှိသတ္တဝါ,သက်တမ်းဖြစ်ရောက်နိုင်သည့်က အမျိုးမျိုးစသည်ကိုမူ သဗ္ဗညုတဉာဏ်တော်ရှင်သာ သိမြင်နိုင် ဟောကြားနိုင်ပေသည်။

ထိုကြောင့် ဤဝိဘင်းလာ တရားများမှာ အလွန်အရေးကြီးလှပေရာ လူ့ခန္ဓာကိုယ်တခုလုံး၌ အရေးအကြီးဆုံးဖြစ်သော အသဲနှလုံး ဟဒယအမည်ဖြင့် တင်စား၍ဓမ္မဟဒယဟူ၍ ခေါ် ဆိုသည်။

ယင်း တရားများကို ဝေဘန်ရာ ဝိဘင်းကိုလည်း ဓမ္မဟဒယဝိဘင်းဟူ၍ အမည်သတ်မှတ်ပညတ်တင်ထားခြင်း ဖြစ်ပေသည်။

ဤသို့ တရားအားလုံးကို သိမ်းကျုံးကုန်စင် သိမြင်တော်မူသော သဗ္ဗညုတ ဉာဏသခင် ဘုရားရှင် သည် ဝိဘင်းကျမ်းကြီး၌ ဝိဘင်း ၁၈-ရပ်တို့ကို ဇေ့စပ်သေချာ ကောင်းစွာစီစဉ် ဟောကြားထားတော်မူပေသည်။

## ဝိဘင်း ၁၈-ပါး၌ ဝေဘန်ဟောကြားပုံ

ထို ဝိဘင်း ၁၈-ပါးတို့တွင် ခန္ဓဝိဘင်း၌ ခန္ဓာ ၅-ပါးတို့ကို သုတ္တန္တဘာဇနီယနည်း အဘိဓမ္မာ-ဘာဇနီယနည်း ပဉှာပုစ္ဆကနည်းဟူသော နည်း ၃-မျိုးတို့ဖြင့် ဝေဘန်တော်မူသည်။

သုတ္တန္တဘာဇနီယနည်းဟူသည်မှာ ဘုရားရှင်သည် သုတ္တန်ပိဋကတ်၌ ခန္ဓာ ၅-ပါးတို့ကို ခွဲခြား ဝေဘန်၍ ဟောကြားတော်မူသည့် နည်းအတိုင်း ဤဝိဘင်းကျမ်း၌ ခန္ဓာ ၅-ပါးကို ခွဲခြား ဝေဘန်၍ ဟောသည့်နည်းသည် သုတ္တန္တဘာဇနီယနည်း ဖြစ်ပေသည်။

အဘိဓမ္မာဘာဇနီယနည်း ဟူသည်မှာ သုတ္တန်ပိဋကနှင့် မဆက်ဆံပဲ အဘိဓမ္မာပိဋကမှာသာ ရှိသည့် တိက်ပေါင်း ၂၂-တိက်၊ တိက်ပုဒ်ပေါင်း ၆၆-ပုဒ်တို့ဖြင့်ရင်း၊ ဒုက်ပေါင်း ၁၀၀၊ဒုက်ပုဒ်ပေါင်း ၂၀၀-တို့ဖြင့်ရင်း ခန္ဓာ ၅-ပါးကို ဝေဘန်၍ ဟောကြားသောနည်း ဖြစ်သည်။

## ခန္ဓဝိဘင်း

ထိုဝိဘင်း ၁၈-ပါး တို့တွင် ရှေးဦးစွာ ခန္ဓဝိဘင်း၏ အကျဉ်းချုပ်ကို ဖော်ပြပါအံ့။ခန္ဓဝိဘင်း၌—

၁။ ရူပက္ခန္ဓာ

၂။ ဝေဒနာက္ခန္ဓာ

၃။ သညာက္ခန္ဓာ

http://www.dhammadownload.com



၄။ သစ္စာကဏ္ဍ

၅။ ဝိညာဏကဏ္ဍ—ဟူသော ခန္ဓာငါးပါးကို

(၁) သုတ္တန္တဘာဇနီယနည်း

(၂) အဘိဓမ္မာဘာဇနီယနည်း

(၃) ပဉှာပုစ္ဆကနည်း—ဟူသော နည်း သုံးပါးဖြင့် ဝေဘန်ဟောကြားထား၏။

သုတ္တန္တဘာဇနီယနည်း။ ။ခန္ဓာငါးပါးကို ပေါ်လွင်ထင်ရှား လွယ်ကူသော စကားအသုံးအနှုန်းတို့ဖြင့် ဟောကြားသောနည်း ဖြစ်၏။ ဤသုတ္တန္တဘာဇနီယနည်း၌ ခန္ဓာငါးပါးကို—

၁။ အတိတ် အနာဂတ် ပစ္စုပ္ပန်

၂။ အဇ္ဈတ္တ ဗဟိဒ္ဓ

၃။ ဩဠာရိက သုခုမ

၄။ ဟီန ပဏီတ

၅။ ဒူရေ သန္တိကေ ဟူ၍ ၁၁-ပါး အပြားအားဖြင့် ခွဲခြားဝေဘန်၍ ဟောတော်မူသည်။

အတိတ် အနာဂတ် ပစ္စုပ္ပန် ခွဲခြားပုံမှာ ကုန်ခန်းချုပ်ဆုံးလွန်လေပြီးသော ခန္ဓာငါးပါးကို အတိတ်၊ မဖြစ်ပေါ်လာသေးသော နောင်အခါမှ ဖြစ်ပေါ်မည့် ခန္ဓာငါးပါးကို အနာဂတ်၊ ယခု ဖြစ်ပေါ်ထင်ရှားရှိနေဆဲသော ခန္ဓာငါးပါးကို ပစ္စုပ္ပန်-ဟု ခွဲခြား ဝေဘန်တော်မူသည်။

မိမိတို့သန္တာန်၌ဖြစ်သော ခန္ဓာငါးပါးကို အဇ္ဈတ္တ၊ သူတပါးသန္တာန်၌ဖြစ်သော ခန္ဓာငါးပါးကို ဗဟိဒ္ဓဟု ခွဲခြား ဝေဘန်တော်မူသည်။

ဩဠာရိက သုခုမ ခွဲခြားရာ၌ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ ခွဲခြားပုံချင်း မတူချေ။

ရူပက္ခန္ဓာ၌ စက္ခာယတနစသော အာယတန ၁၀-ပါးကို ဩဠာရိက၊ ဣတ္ထိန္ဒြေစသော ရုပ် ၁၆-ပါးကို သုခုမဟု ခွဲခြား ဝေဘန်တော်မူသည်။

နာမ်ခန္ဓာလေးပါး၌ ဩဠာရိက သုခုမ ခွဲခြားပုံကား—

| ဩဠာရိက | သုခုမ |
|---|---|
| (က) အကုသိုလ်၊ | ကုသိုလ်နှင့် အဗျာကတ၊ |
| (ခ) ဒုက္ခဝေဒနာ၊ | သုခဝေဒနာ ဥပေက္ခာဝေဒနာ၊ |
| (ဂ) ဒုက္ခဝေဒနာသမ္ပယုတ်၊ | သုခဝေဒနာသမ္ပယုတ်၊ ဥပေက္ခာဝေဒနာသမ္ပယုတ်၊ |

http://www.dhammadownload.com



| ဩဠာရိက | သုခုမ |
|---|---|
| (ဃ) သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ နာမ်ခန္ဓာ၊ | သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ နာမ်ခန္ဓာ၊ |
| (င) လောကီနာမ်ခန္ဓာ၊ | လောကုတ္တရာနာမ်ခန္ဓာ၊ |

ဟူ၍ ခွဲခြားထား၏။

ရူပက္ခန္ဓာကို ဟီန ပဏီတခွဲခြားရာ၌ အလိုရှိအပ် နှစ်သက်မြတ်နိုးလေးစားအပ်သော အာရုံ ငါးပါးသည် ပဏီတမည်၏။ ထိုမှဆန့်ကျင်ဘက် အာရုံငါးပါးသည် ဟီနမည်၏။

ဒူရေ သန္တိကေ ခွဲခြားရာ၌ သုခုမရုပ် ၁၆-ပါးသည် သိရန်ခက်၍ သိဘို့မနီးစပ် ဝေးကွာသဖြင့် ဒူရေရုပ်မည်၏။ ဩဠာရိကရုပ် ၁၂-ပါးသည် သိဘို့နီးစပ်သဖြင့် အသိလွယ်သဖြင့် သန္တိကေရုပ် မည်၏။

နာမ်ခန္ဓာလေးပါး၌ ဩဠာရိက နာမ်ခန္ဓာတို့သည် ဟီန မည်၏။ ဒူရေ မည်၏။ သုခုမနာမ် ခန္ဓာတို့သည် ပဏီတ မည်၏။ သန္တိကေ မည်၏။

အဘိဓမ္မာဘာဇနီယနည်း။ ။ခန္ဓာငါးပါးကို တိက် ဒုက်တို့၌ မူလမူလီ တလှည့်သွင်းကာ စက်လှည့် ဟောကြားတော်မူသည်။

ရူပက္ခန္ဓာကို ဧကက(တပါးစု)နည်းမှ ဒသက(၁၀-ပါးစု)နည်းတိုင်အောင် ဝေဘန် ဟောကြားတော်မူ၏။ ရူပက္ခန္ဓာ၌ ဓမ္မသင်္ဂဏီပါဠိတော် ရူပကဏ္ဍနှင့် အလုံးစုံ တူညီ၏။ ဧကက နည်းမှ ဒသကနည်းတိုင်အောင် ခွဲစိတ် ဝေဘန်တော်မူရာ ရုပ်ပေါင်း ၇၀၄-ပါးဖြစ်လေသည်။

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဟူသော ခန္ဓာလေးပါးကို ဝေဘန် တော်မူရာ၌—

၁။ ဒုက်ကို မူတည်၍ တိက်ကို မူလီသွင်းကာ စက်လှည့်ဟောကြားသော ဒုကမူလကဝါရ။

၂။ တိက်ကို မူတည်၍ ဒုက်ကို မူလီသွင်းကာ စက်လှည့်ဟောကြားသော တိကမူလကဝါရ။

၃။ တိက်နှင့် ဒုက်တို့ကို တစုံစီ တိုးပွါး၍ ဟောကြားသော ဥဘတောဝဍ္ဎိတက ဝါရ။

၄။ နောက်ဆုံးပိုင်းဖြစ်သော သတ္တဝိဓနည်းမှစ၍ ဗဟုဝိဓနည်းတိုင်အောင် ဟောကြား သော ဗဟုဝိဓ ဝါရဟူ၍ မဟာဝါရလေးပါး ရှိ၏။

**ဝေဒနာပေါင်း ၁၀၇၀၆-ပါး**

ဒုက မူလကဝါရ၌ ဝေဒနာရသင့်သော ဒုက် ၅၀-ကို မူတည်၍ ဝေဒနာရသင့်သော တိက် ၁၉-တိက်ကို တလှည့်စီ မူလီသွင်းဟောရာ နည်းပေါင်း (၅၀×၁၉)=၉၅၀ ဖြစ်၏။ တနည်းလျှင် ဧကကမှ ဒသကအထိ ဝေဒနာ ၅၅-ပါး ထပ်မံခွဲစိတ်ရာ ဝေဒနာပေါင်း ၉၅၀×၅၅=၅၂၂၅၀ ဖြစ်၏။

ထိုနည်းအတူ တိက မူလကဝါရ၌ တိက် ၁၉-တိက်ကို မူတည်၍ ဒုက် ၅၀-ကို မူလီသွင်းဟောရာ ဝေဒနာပေါင်း ၅၂၂၅၀-ပါး ဖြစ်၏။

http://www.dhammadownload.com



ဥဘတောဝဍ္ဎိတက ဝါရ၌ တိက် ၁၉-ခုနှင့် ဒုက် ၁၉-ခု တစုံစီထား၍ ဟောကြားရာ ၁၉-နည်း ဖြစ်၏။ တနည်းလျှင် ကေကမှ ဒသကအထိ ဝေဒနာ ၅၅-ပါး ထပ်မံခွဲစိတ်ရာ ဝေဒနာပေါင်း (၁၉×၅၅)=၁၀၄၅-ပါး ဖြစ်၏။

ဗဟုဝိဓ ဝါရ၌ သတ္တကနည်း၊ စတုဝီသတိ ဝိဓနည်း၊ တိံသ ဝိဓနည်း၊ ဗဟုဝိဓနည်းဟူ၍ လေးနည်းပြား၏။

သတ္တကနည်း၌ တိက် ၁၉-ပါးကို ဘုံလေးပါးတို့ဖြင့် ဝေဘန်၍ ၇-ပါးစီ ဟောရာ ဝေဒနာပေါင်း (၁၉×၇)=၁၃၃-ပါး ဖြစ်၏။

စတုဝီသတိဝိဓနည်း၌ တိက် ၁၉-ပါးကို ဖဿ ၆-ပါးဖြင့် ဝေဘန်၍ ၂၄-ပါးစီ ဟောရာ ဝေဒနာ ပေါင်း (၁၉×၂၄)=၄၅၆-ပါး ဖြစ်၏။

တိံသဝိဓနည်း၌ ဖဿ ၆-ပါးကို ဘုံလေးပါးဖြင့် ဝေဘန်၍ဟောရာ ဝေဒနာပေါင်း ၃၀- ဖြစ်၏။

ဗဟုဝိဓနည်း၌ တိက် ၁၉-ခုလုံးကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဘန် ဟောကြားရာ ၁၉-နည်း၌ တနည်းလျှင် ဝေဒနာ ၄၈-ပါးပြားရာ ဝေဒနာပေါင်း (၁၉×၄၈)=၉၁၂-ပါး ဖြစ်၏။

ထို့ကြောင့် ဗဟုဝိဓဝါရ၌ ဝေဒနာပေါင်း (၁၃၃+၄၅၆+၃၀+၉၁၂)=၁၅၃၁-ပါး ဖြစ်၏။

အဘိဓမ္မာဘာဇနီယနည်း၌ ဝေဒနာတို့ကို စုပေါင်းရေတွက်ပြရလျှင်—

| | | |
|---|---|---|
| (၁) | ဒုကမူလက ဝါရ၌ ဝေဒနာပေါင်း | ၅၂၂၅၀-ပါး |
| (၂) | တိကမူလက ဝါရ၌ ဝေဒနာပေါင်း | ၅၂၂၅၀-ပါး |
| (၃) | ဥဘတောဝဍ္ဎိတက ဝါရ၌ ဝေဒနာပေါင်း | ၁၀၄၅-ပါး |
| (၄) | ဗဟုဝိဓ ဝါရ၌ ဝေဒနာပေါင်း | ၁၅၃၁-ပါး |
| | | ၁၀၇၀၇၆-ဖြစ်၏။ |

သညာပေါင်း ၁၂၂၉၆၄-ပါး

သညာက္ခန္ဓာကို ဒုကမူလက ဝါရ၌ ဝေဘန်ရာ သညာရယင့်သော ဒုက် ၅၂-ခုကို မူတည်၍ တိက် ၂၁-ခုကို မူလိသွင်း၍ စက်လှည့်ဟောကြားတော်မူသည်။ တဖန် တိကမူလကနည်း၌ တိက် ၂၁-ခုကို မူတည်၍ ဒုက် ၅၂-ကို မူလိသွင်း၍ ဟောတော်မူသည်။ ဥဘတောဝဍ္ဎိတကနည်း၌ တိက် ၂၁-ခုနှင့် ဒုက် ၂၁-ခုကို တစုံစီပြု၍ ၂၁-နည်း ဟောတော်မူသည်။ ဗဟုဝိဓ ဝါရ၌ သတ္တက နည်း စတုဝီသတိဝိဓနည်း၊ တိံသဝိဓနည်း၊ ဗဟုဝိဓနည်းဟူ၍ ဝေဒနာက္ခန္ဓာနှင့် အလားတူ လေးနည်း ကွဲပြား၏။

ထို့ကြောင့် သညာအားလုံးကို စုပေါင်းရေတွက်လျှင်—

| | | | |
|---|---|---|---|
| ၁။ | ဒုကမူလကဝါရ၌ သညာပေါင်း | (၅၂×၂၁×၅၅) | =၆၀၀၆၀-ပါး |
| ၂။ | တိကမူလကဝါရ၌ ။ | ။ | =၆၀၀၆၀-ပါး |
| ၃။ | ဥဘတောဝဍ္ဎိတကဝါရ၌ ။ | (၂၁×၅၅)= | ၁၁၅၅-ပါး |

http://www.dhammadownload.com



၄။ ဗဟုဝိဓဝါရ၌—

| | | | | |
|---|---|---|---|---|
| (က) သတ္တကနည်း၌ သညာပေါင်း | | (၂၁×၇) | = | ၄၇-ပါး |
| (ခ) စတုဝီသတိဝိဓနည်း၌ | ။ | (၂၁×၂၄) | = | ၅၀၄-ပါး |
| (ဂ) တိံသဝိဓနည်း၌ | ။ | | = | ၃၀-ပါး |
| (ဃ) ဗဟုဝိဓနည်း၌ | ။ | (၂၁×၄၀) | = | ၁၀၀၀-ပါး |
| | | စုစုပေါင်း | | ၁၂၂၉၆၄-ပါး ဖြစ်၏။ |

သင်္ခါရက္ခန္ဓာပေါင်း ၁၉၂၂၆၄-ပါး

သင်္ခါရက္ခန္ဓာကို ဒုကမူလကဝါရ၌ ဝေဘန်ရာ သင်္ခါရက္ခန္ဓာ ရသင့်သော ဒုက်ပေါင်း ဂ၂-ခုကို မူတည်၍ သင်္ခါရက္ခန္ဓာရသင့်သော တိက် ၂၁-ခုကို မူလီသွင်း၍ ဟောတော်၏။ တိကမူလကဝါရ၌ တိက် ၂၁-ကို မူတည်၍ ဒုက် ဂ၂-ခုကို မူလီသွင်းကာ ဟောတော်မူ၏။ ဥဘတောဝဍ္ဎိတကဝါရ၌ တိက် ၂၁-ခုနှင့် ဒုက် ၂၁-ခုတို့ကို တစုံထား၍ ဟောတော်မူ၏။ ဗဟုဝိဓဝါရမှာ သညာက္ခန္ဓာနှင့် တူ၏။

ထို့ကြောင့် သင်္ခါရက္ခန္ဓာအားလုံးကို စုပေါင်းရေတွက်လျှင်—

| | | | | |
|---|---|---|---|---|
| ၁။ ဒုကမူလကဝါရ၌ | သင်္ခါရက္ခန္ဓာပေါင်း | (ဂ၂×၂၁×၅၅) | = | ၉၄၇၁၀-ပါး |
| ၂။ တိကမူလကဝါရ၌ | ။ | ။ | = | ၉၄၇၁၀-ပါး |
| ၃။ ဥဘတောဝဍ္ဎိတကဝါရ၌ | ။ | (၂၁×၅၅) | = | ၁၁၅၅-ပါး |

၄။ ဗဟုဝိဓဝါရ၌—

| | | | | |
|---|---|---|---|---|
| (က) သတ္တကနည်း၌ သင်္ခါရက္ခန္ဓာပေါင်း | | (၂၁×၇) | = | ၁၄၇-ပါး |
| (ခ) စတုဝီသတိဝိဓနည်း၌ | ။ | (၂၂×၂၄) | = | ၅၀၄-ပါး |
| (ဂ) တိံသဝိဓနည်း၌ | ။ | | | ၃၀-ပါး |
| (ဃ) ဗဟုဝိဓနည်း၌ | ။ | (၂၁×၄၀) | = | ၁၀၀၀-ပါး |
| | | စုစုပေါင်း | | ၁၉၂၂၆၄-ပါး ဖြစ်၏။ |

ဝိညာဏက္ခန္ဓာပေါင်း ၁၂၂၉၆၄-ပါး

ဝိညာဏက္ခန္ဓာ ၁၂၂၉၆၄-ပါးကို ခွဲခြားဝေဘန်ပုံသည် သညာက္ခန္ဓာနှင့် လုံးဝတူပြီ။

ပဥှာပုစ္ဆကနည်း

ခန္ဓာငါးပါးကို တိက်ပုဒ်ပေါင်း ၆၆၊ ဒုက်ပုဒ်ပေါင်း ၂၀၀-တို့၌ ထည့်သွင်း၍ အမေးအဖြေ ပြုလုပ်ဟောကြားတော်မူသည်၊ ထိုသို့ ထည့်သွင်းဟောကြားရာ၌ ထိုတိက်ဒုက်တို့အတွင်းသို့ မဝင်

http://www.dhammadownload.com



သော တရားများကို တိက်မှလွတ်သောတရား(တိက်မုက်)၊ ဒုက်မှလွတ်သောတရား(ဒုက်မုက်) ဟူ၍ ဟောတော်မူသည်။

ဤသို့လျှင် မြတ်စွာဘုရားသည် ဤခန္ဓဝိဘင်းကို သုတ္တန္တဘာဇနီယနည်း အဘိဓမ္မာဘာဇနီယ နည်း ပဉှာပုစ္ဆကနည်းဟူ၍ နည်းသုံးပါးတို့ဖြင့် ခွဲခြမ်းဝေဘန်၍ ဟောတော်မူသည်။

## ၂-အာယတနဝိဘင်း

အာယတနဝိဘင်း၌လည်း သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ ပဉှာပုစ္ဆကနည်း ဟူ၍ နည်းသုံးပါးတို့ဖြင့် ဝေဘန်ဟောကြားတော်မူသည်။

**သုတ္တန္တဘာဇနီယနည်း။** ။အာယတနဝိဘင်း၌ သုတ္တန္တဘာဇနီယနည်းကို အကျဉ်းချုပ်မျှ အနာဂတ် ပစ္စုပ္ပန် စသော ၁၁-ပါး အပြားအားဖြင့် ခွဲခြားဝေဘန် သော်လည်း အာယတနဝိဘင်း၌မူ ထိုကဲ့သို့ မဝေဘန်တော့ဘဲ အာယတန ၁၂-ပါး အမည် သရုပ်ကို ထုတ်ဖော်ရေတွက်ပြပြီးနောက် ထိုအာယတန ၁၂-ပါးကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ရေး သုံးချက်တင်၍ ရှုမြင်ပုံ အခြင်းအရာကိုသာ ပြတော်မူသည်။

**အဘိဓမ္မာဘာဇနီယနည်း။** ။အာယတနဝိဘင်း ၏အဘိဓမ္မာဘာဇနီယနည်းသည် ခန္ဓဝိဘင်း ၏အဘိဓမ္မာဘာဇနီယနည်းနှင့် အချို့အပိုင်း၌ တူညီ၍ အချို့အပိုင်း၌ မတူညီချေ၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဟူသော ဩဠာရိက အာယတန ၁၀-ပါးတို့ကို ဝေဘန်ဟောကြားရာ၌ ခန္ဓဝိဘင်း သုတ္တန္တဘာဇနီယနည်းနှင့် တူညီသည် ကို တွေ့ရ၏။ တပါးစု နှစ်ပါးစု စသည်ဖြင့် ဝေဘန်ဟောကြားခြင်း ပြုတော်မမူချေ။

မနာယတနကို ဝေဘန်ဟောကြားနည်းသည် ခန္ဓဝိဘင်း ဝိညာဏက္ခန္ဓာဟောနည်းနှင့် အလုံးစုံ တူညီသည်။

ဓမ္မာယတနကို ဟောရာ၌ စေတသိက်တရားများကို ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါ- ရက္ခန္ဓာဟူ၍ ခွဲခြားကာ ခန္ဓဝိဘင်းနှင့် ထပ်တူ ဟောတော်မူသည်။ ဓမ္မာယတန၌ အကျုံးဝင်သော သုခုမရုပ်တို့ကို ခန္ဓဝိဘင်း သုတ္တန္တဘာဇနီယနည်း သုခုမရုပ် ဟောကြားနည်းအတိုင်း ဟော တော်မူသည်။ ထို့ကြောင့် ခန္ဓဝိဘင်းဟောနည်းကို ရှင်းလင်းစွာ နားလည်လျှင် အာယတနဝိဘင်း ကို နားလည်ရန် လွယ်ပြီဟု ဆိုရပေမည်။

**ပဉှာပုစ္ဆကနည်း။** ။ခန္ဓဝိဘင်း ပဉှာပုစ္ဆကနည်းနှင့် ဟောပုံချင်း တူညီ၏၊ အာယတန ၁၂ ပါးကို တိက် ၂၂-တိက်၊တိက်ပုဒ်ပေါင်း ၆၆၊ ဒုက် ၁၀၀၊ ဒုက်ပုဒ်ပေါင်း ၂၀၀-တို့၌ ထည့်သွင်း၍ အမေးအဖြေ ပြုလုပ်ဟောကြားတော်မူသည်။ ထိုတိက် ဒုက်တို့၌ မဝင်သော တရား များကို တိက်မုက်၊ ဒုက်မုက်အဖြစ်ဟောတော်မူသည်။

## ၃-ဓာတုဝိဘင်း

ဓာတုဝိဘင်း၌ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ ပဉှာပုစ္ဆကနည်းဟူ၍ နည်း ၃-ပါးတို့ဖြင့် ဝေဘန်ဟောကြားတော်မူသည်။

http://www.dhammadownload.com



## သုတ္တန္တဘာဇနီယနည်း

ခန္ဓဝိဘင်း၌ သုတ္တန္တဘာဇနီယနည်းလာ ခန္ဓာငါးပါးနှင့် အဘိဓမ္မာဘာဇနီယနည်းလာ ခန္ဓာငါးပါးသည် တူညီကြ၍ အကျယ်ဝေဘန်ဟောကြားနည်းသာ ကွာခြားသည်။ အာယတနဝိဘင်း၌ သုတ္တန္တဘာဇနီယနည်းလာ အာယတန ၁၂-ပါးနှင့် အဘိဓမ္မာဘာဇနီယနည်းလာ အာယတန ၁၂-ပါးသည် တူညီကြ၍ အကျယ် ဝေဘန်ဟောကြားနည်းသာ ကွာခြားသည်။

ဓာတုဝိဘင်း၌မူကား သုတ္တန္တဘာဇနီယနည်းလာ ဓာတ် ၁၈-ပါးနှင့် အဘိဓမ္မာဘာဇနီယနည်းလာ ဓာတ် ၁၈-ပါးတို့ လုံးဝ မတူချေ။

အဘိဓမ္မာဘာဇနီယနည်း၌ စက္ခုဓာတ်စသော ဓာတ် ၁၈-ပါးကို ဟောတော်မူ၍ သုတ္တန္တ-ဘာဇနီယနည်း၌ ပထဝီစသော ဓာတ် ၆-ပါး၊ သုခဓာတ်စသော ဓာတ် ၆-ပါး၊ ကာမဓာတ်စသော ဓာတ် ၆-ပါးဟူ၍ သုံးစုခွဲခြားကာ အဘိဓမ္မာဘာဇနီယနည်းနှင့် မတူသော ဓာတ် ၁၈-ပါးကို ဟောတော်မူသည်။ အကြောင်းမူကား အဘိဓမ္မာဘာဇနီယနည်းလာ ဓာတ် ၁၈-ပါးသည် သုတ္တန္တဘာဇနီယနည်း၌ ဟောတော်မူသော ဓာတ် ၆-ပါးစီ၌ အသီး အသီး ပါဝင်ပြီး ဖြစ်သောကြောင့် အဘိဓမ္မာဘာဇနီယနည်းနှင့် မတူသော ဓာတ် ၁၈-ပါးကို ဟောကြားခြင်းဖြစ်သည်။

ပထမဓာတ် ၆-ပါး။ ။ရှေးဦးစွာ သုတ္တန္တ ဘာဇနီယ နည်း၌ ပထဝီ အာပေါ တေဇော ဝါယော အာကာသ ဝိညာဏ ဟူ၍ ဓာတ် ၆-ပါးကို ဝေဘန် ဟောကြားတော်မူသည်။ ရှေ့ဓာတ် ၅-ပါးကို အဇ္ဈတ္တိက ဗဟိဒ္ဓ (သက်ရှိ သက်မဲ့) နှစ်မျိုး ခွဲခြား ဝေဘန်တော်မူ၍ နောက်ဆုံးဖြစ်သော ဝိညာဏဓာတ်ကိုမူ ဒွါရခြောက်ပါး၏အစွမ်းဖြင့် ဝိညာဏ် ၆-ပါး ကွဲပြားပုံကို ဝေဘန် ဟောကြားတော်မူသည်။

ပထဝီဓာတ်ကို အဇ္ဈတ္တိက ဗဟိဒ္ဓ ခွဲပုံမှာ သတ္တဝါတို့၏ ခန္ဓာကိုယ်အတွင်း၌ရှိသော ဆံပင်အစ အစာဟောင်းအဆုံး ၁၉-ပါးသော ကောဋ္ဌာသတို့ကို အဇ္ဈတ္တိက ပထဝီဓာတ်ဟု အမည်တပ်တော်မူသည်။ သံ ကြေးနီ ကျောက်သား မြေသားစသော မာကြောသော သက်မဲ့ရုပ်တို့ကို ဗဟိဒ္ဓ ပထဝီဟု အမည်ပေးတော်မူ၏။

အာပေါဓာတ်ကို ဝေဘန်ရာ၌ သည်းခြေအစ ကျင်ငယ်အဆုံး အရည် သဘောရှိသော ကောဋ္ဌာသ ၁၂-ပါးကို အဇ္ဈတ္တိက အာပေါဓာတ်ဟု ပြတော်မူ၍ စေးကပ် ဖွဲ့စည်းတတ်သော သက်မဲ့ ရုပ်ဝတ္ထုတို့ကို ဗဟိဒ္ဓ အာပေါဓာတ်ဟု ပြတော်မူ၏။

ဤဓာတုဝိဘင်း သုတ္တန္တဘာဇနီယနည်း၌ ဟောတော်မူသော ကောဋ္ဌာသ (ခန္ဓာကိုယ် အစိတ်အပိုင်း) များတွင် "မတ္ထလုင်္ဂ"ဉဏှောက် မပါဝင်ပေ။ ထို့ကြောင့် အဇ္ဈတ္တိက ပထဝီဓာတ် ၁၉-ပါး၊ အဇ္ဈတ္တိက အာပေါဓာတ် ၁၂-ပါး စုစုပေါင်း ကောဋ္ဌာသ ၃၁-ပါးရှိသည်ကို တွေ့ရပေသည်။

ထိုနည်းအတူ ဒီဃနိကာယ် မဟာဝဂ်-မဟာသတိပဋ္ဌာနသုတ်နှင့် မဇ္ဈိမနိကာယ် မူလပဏ္ဏာသ မဟာသတိပဋ္ဌာနသုတ်တို့၌လည်း မတ္ထလုင်္ဂ(ဉဏှောက်)မပါဝင်ချေ။

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်နှင့်မိလိန္ဒပဉှာပါဠိတော်တို့၌သာ မတ္ထလုင်္ဂပုဒ်ကို တွေ့ရပေသည်။

ထို့ကြောင့် အဋ္ဌကထာဆရာကြီးတို့သုံးစွဲနေကျစကားလုံးဖြစ်သော ဒွတ္တိံသကမ္မဋ္ဌာန ၃၂-ကောဋ္ဌာသကမ္မဋ္ဌာန်းသည် ဤဝိဘင်းပါဠိတော်အရ ၃၁-ကောဋ္ဌာသ ကမ္မဋ္ဌာန်းသာ ဖြစ်နိုင်ပေမည်။

http://www.dhammadownload.com



ထိုမတ္တလုဂ်ပုဒ်ကို ဤဝိဘင်းပါဠိတော်၌မဟောသော်လည်း ထည့်သွင်းယူရမည်ဟု ဤအဋ္ဌကထာက ညွှန်ကြားထားသည်။ ထိုသို့ မတ္တလုဂ်ပုဒ်ကို ဤကျမ်း၌ မဟောခြင်းမှာ ဥဇ္ဈောက်သည်(အဋ္ဌိမိဉ္ဇ) ရိုးတွင်းချဉ်ဆီ၌ပါဝင်သောကြောင့် မဟောခြင်းဖြစ်သည်ဟု မူလဋီကာ၌ ရှင်းပြထားလေသည်။

တေဇောဓာတ်ကို ဝေဘန်ရာ၌ ဉသ္မာတေဇော၊ သန္တပ္ပနတေဇော၊ ဇီရဏတေဇော၊ ဒဟ-တေဇော၊ ပါစကတေဇောဟူ၍ သတ္တဝါတို့၏သန္တာန်၌ဖြစ်သော တေဇောကို အဇ္ဈတ္တိကတေဇောဟု ပြတော်မူသည်။ ထင်းမီးအပူ၊ နေပူ၊ မြက်ပုံ စပါးပုံတို့၏ အပူ စသော ပြင်ပအပူဓာတ်အားလုံးကို ဗဟိဒ္ဓတေဇောဟု ပြတော်မူသည်။

ဝါယောဓာတ်ကို ဝေဘန်ပြဆိုရာ၌ အထက်သို့ဆန်သော လေ၊ အောက်သို့စုန်သော လေ၊ ဝမ်းတွင်းလေ၊ အူတွင်းလေ၊ အင်္ဂါကြီးငယ်သို့ လျှောက်သောလေ၊ ထွက်သက်ဝင်သက်လေ စသော သတ္တဝါတို့သန္တာန်မှာဖြစ်သော လေတို့ကို အဇ္ဈတ္တိကလေဟု ပြတော်မူ၏။ အရပ်လေးမျက်နှာမှ တိုက်ခတ်သောလေမှစ၍ ငှက်တောင်ခတ်ခြင်း, ယပ်လေခတ်ခြင်း စသော ပယောဂ တစုံတခု ကြောင့်ဖြစ်သော ပြင်ပရှိ ထောက်ကန်ဓာတ်အားလုံးသည် ဗဟိဒ္ဓဝါယောဓာတ်မည်၏ဟု ပြတော်မူသည်။

အာကာသဓာတ်ကို ဝေဘန်ရာ၌ ခန္ဓာကိုယ်တွင်းရှိ အသား အသွေးတို့ဖြင့် မထိသော နားပေါက် နှာခေါင်းပေါက် ပါးစပ်ပေါက် ဝမ်းခေါင်း အူ စသော အပေါက် အကြား အခေါင်း အားလုံးကို အဇ္ဈတ္တိက အာကာသဓာတ်ဟု ပြတော်မူ၏။ ပထဝီစသော မဟာဘုတ်လေးပါးတို့ဖြင့် မထိမစပ်သော ပြင်ပရှိ အပေါက် အကြား အခေါင်း ဟင်းလင်းပြင်ကို ဗဟိဒ္ဓ အာကာသဓာတ်ဟု ပြတော်မူသည်။

**ဒုတိယဓာတ် ၆-ပါး။** ။သုခဓာတ်, ဒုက္ခဓာတ်, သောမနဿဓာတ်, ဒေါမနဿဓာတ်, ဥပေက္ခာဓာတ်, အဝိဇ္ဇာဓာတ်ဟူ၍ ဝေဒနာ ငါးမျိုးနှင့် မောဟတရားကို အခြေခံကျသော ဒုတိယဓာတ်ခြောက်ပါးအဖြစ် ထုတ်ပြတော်မူသည်။

**တတိယဓာတ် ၆-ပါး။** ။ကာမဓာတ်၊ ဗျာပါဒဓာတ်၊ ဝိဟိံသာဓာတ်၊ နေက္ခမ္မဓာတ်၊ အဗျာပါဒဓာတ်၊ အဝိဟိံသာဓာတ်ဟူ၍ အခြေခံဖြစ်သော တတိယဓာတ် ၆-ပါးကို ဟောတော်မူ၏။

အဝီစိငရဲကြီးမှ ပရနိမ္မိတဝသဝတ္တီနတ်ပြည်တိုင်အောင် ဤ အတွင်း၌ ရှိရှိသမျှ ခန္ဓာ၊ အာယတနတရားအားလုံးသည် ကာမဓာတ် မည်၏။

အာဃာတဝတ္ထု ၁၀-ပါးတို့ကြောင့်ဖြစ်သော စိတ်၏ ကြမ်းကြုတ်မှု ဒေါသ တရားသည် ဗျာပါဒဓာတ် မည်၏။

တပါးသော သတ္တဝါတို့ကို ရိုက်ပုတ် သတ်ဖြတ် ညှဉ်းဆဲခြင်းသည် ဝိဟိံသာဓာတ် မည်၏။

ထိုတွင် ကာမဓာတ်သည် သတ္တဝါသင်္ခါရ နှစ်မျိုးလုံးကို အာရုံပြု၍ ဖြစ်တတ်၏။ ဗျာပါဒဓာတ် ဝိဟိံသာဓာတ်တို့သည် သင်္ခါရတရားကို အာရုံပြု၍ဖြစ်လျှင် ကမ္မပထ မမြောက်။ သတ္တဝါကို အာရုံပြု၍ဖြစ်မှသာလျှင် ကမ္မပထမြောက်လေသည်။

http://www.dhammadownload.com



အလုံးစုံသော ကုသိုလ် တရားသည် အကုသိုလ်တရားတို့မှ ထွက်မြောက်တတ်သောကြောင့် နေက္ခမ္မဓာတ် မည်၏။ မေတ္တာသည် အဗျာပါဒဓာတ် မည်၏။ ကရုဏာသည် အဝိဟိံသာဓာတ် မည်၏။

ဤသို့လျှင် အဘိဓမ္မာ ဘာဇနီယနည်း ဓာတ် ၁၈-ပါးနှင့် မတူညီသော ဓာတ် ၁၈-ပါးကို ၆-ပါးစီ သုံးစုခွဲခြား၍ ဟောတော်မူသည်။

## အဘိဓမ္မာဘာဇနီယနည်း

အဘိဓမ္မာဘာဇနီယနည်း၌ ဒွါရ အာရုံ ဝိညာဏ် သုံးပွင့်ဆိုင် ဖြစ်ဟန်ကို ပြတော်မူသည်။ စက္ခုဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓာတ် စသဖြင့် ဒွါရခြောက်ပါး, အာရုံခြောက်ပါး, ဝိညာဏ် ခြောက်ပါးတို့၏ အစွမ်းဖြင့် ဓာတ် ၁၈-ပါးပြားပုံကို ပြတော်မူသည်။

ထိုဓာတ် ၁၈-ပါးတို့တွင် စက္ခု သောတ ဃာန ဇိဝှါ ကာယ၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဟူသော ဤရုပ်ဓာတ် ၁၀-ပါး ဟောနည်းသည် အာယတနဝိဘင်း သြဋ္ဌာရိက အာယတန ၁၀-ပါး ဟောနည်းနှင့် အလုံးစုံ တူ၏။

ပဉ္စဝိညာဏဓာတ်တို့သည် ပဉ္စဒွါရနှင့် ပဉ္စာရုံကို အစွဲပြု၍ ဖြစ်ပေါ်လာကြောင်း ပြတော်မူသည်။ ထိုသို့ ပြတော်မူရာ၌ ဒွါရရုပ်နှင့် အာရုံရုပ် နှစ်မျိုးကိုသာ အကြောင်းတရားဟု မစွဲလမ်းဘဲ ပဉ္စဝိညာဏ်၏ ရှေးကဖြစ်ချုပ်ခဲ့သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ အနန္တရ သတ္တိစသော ပစ္စယသတ္တိများ ကိုလည်း အကြောင်းတရားအဖြစ် ထည့်သွင်းယူရမည်ဖြစ်သည့်အပြင် ယှဉ်တွဲဖြစ်ပေါ်သော စေတသိက်တရားတို့၏ သဟဇာတစသော ပစ္စယသတ္တိများကိုလည်း အကြောင်းတရားအဖြစ် ထည့်သွင်းယူရဦးမည်ဟု ပြတော်မူလိုသော မြတ်စွာဘုရားသည်—

"စက္ခုဉ္စ ပဋိစ္စ ရူပေစ" စသည်ဖြင့် စသဒ္ဒါ နှစ်ချက် ထည့်စွက်၍ ဟောတော်မူသည်။ ဤ စ သဒ္ဒါနှစ်ချက်က ဝိညာဏ်စိတ်သည် ရုပ်အကြောင်းတရားသက်သက်ကြောင့် ဖြစ်ပေါ်သည်မဟုတ်၊ ရုပ်အကြောင်းတရား, နာမ်အကြောင်းတရား စုံလင်မှသာ ဖြစ်ပေါ်နိုင်ကြောင်းကို ညွှန်ပြပေသည်။

မနောဓာတ်ကို ဝေဘန်ဟောကြားရာ၌ ဝိညာဏ်ငါးပါး ချုပ်ပျက်ပြီးနောက် ဆက်လက်ဖြစ် ပေါ်သော သမ္ပဋိစ္ဆိုင်းနှစ်ခုနှင့် ဝိညာဏ်ငါးပါး၏ ရှေ့မှ ကြိုတင်ဖြစ်ပေါ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် တို့သည် မနောဓာတ်မည်ကြောင်း ဟောတော်မူသည်။

ဓမ္မဓာတ်ကို ဝေဘန်ဟောကြားရာ၌ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, သုခုမရုပ် နိဗ္ဗာန်ဟူ၍ ခွဲခြားပြီးလျှင် ဓမ္မာယတနအတိုင်း ဟောတော်မူသည်။

မနောဝိညာဏဓာတ်ကို ဝေဘန်ဟောကြားရာ၌ ပဉ္စဒွါရဝီထိ သမ္ပဋိစ္ဆိုင်း (မနောဓာတ်) နောက်ဆက်လက်ဖြစ်ပေါ်သော သန္တီရဏသည် မနောဝိညာဏဓာတ် မည်၏။ ထို မနောဝိညာဏ ဓာတ် ချုပ်ပြီးနောက် ဆက်လက်ဖြစ်ပေါ်သော ဝုဋ္ဌော ဇော တဒါရုံတို့သည် မနောဝိညာဏဓာတ် မည်၏။ မနောဒွါရဝီထိ၌ မနောဒွါရာဝဇ္ဇန်းနှင့်တကွ ဇော တဒါရုံ အားလုံးသည် မနောဝိညာဏ ဓာတ် မည်၏ဟု ဝီထိစိတ်ဖြစ်စဉ်အားဖြင့် ညွှန်ပြတော်မူ၏။

http://www.dhammadownload.com



## ပဉှာပုစ္ဆကနည်း

စက္ခုဓာတ်စသော ဓာတ် ၁၈-ပါးကို တိက် ၂၂-တိက်၊ တိက်ပုဒ်ပေါင်း-၆၆၊ ဒုက်-၁၀၀ ဒုက်ပုဒ်ပေါင်း ၂၀၀-တို့၌ ထည့်သွင်း၍ အမေးအဖြေ ပြုလုပ်ဟောကြားတော်မူ၏။ ထိုတိက်ဒုက်တို့၌ အကျုံးမဝင်သော တရားများကို တိက်မုတ် ဒုက်မုတ် အဖြစ် ဟောတော်မူသည်။

## ၄-သစ္စဝိဘင်း

သစ္စဝိဘင်း၌ သုတ္တန္တဘာဇနီယနည်း, အဘိဓမ္မာဘာဇနီယနည်း, ပဉှာပုစ္ဆကနည်း ဟူ၍ နည်း ၃-နည်းတို့ဖြင့် ဝေဘန်ဟောကြားတော်မူသည်။

## သုတ္တန္တဘာဇနီယနည်း

၁။ ဒုက္ခသစ္စာ

၂။ သမုဒယသစ္စာ

၃။ နိရောဓသစ္စာ

၄။ မဂ္ဂသစ္စာ

ဟူသော အရိယသစ္စာလေးပါးကို သုတ္တန်ပိဋကတ်ဟောနည်းအတိုင်း အကျယ်ဝေဘန်၍ ပြတော်မူသည်။

ဒုက္ခသစ္စာအရ—

၁။ ဇာတိ=ပဋိသန္ဓေ နေရခြင်း

၂။ ဇရာ=အိုမင်း ရင့်ယော်ခြင်း

၃။ မရဏ=သေဆုံးခြင်း

၄။ သောက=စိုးရိမ်ရခြင်း

၅။ ပရိဒေဝ=ငိုကြွေးမြည်တမ်းခြင်း

၆။ ဒုက္ခ=ကိုယ်၏ဆင်းရဲခြင်း

၇။ ဒေါမနဿ=စိတ်နှလုံး မသာယာခြင်း

၈။ ဥပါယာသ=ရှိုက်ကြီးတငင် ပူပန်ပင်ပန်းခြင်း

၉။ အပ္ပိယေဟိ သမ္ပယောဂ=မချစ်မနှစ်အပ်သည်တို့နှင့် ပေါင်းဖော်ရခြင်း

၁၀။ ပိယေဟိ ဝိပ္ပယောဂ=ချစ်နှစ်သက်အပ်သည်တို့နှင့် ကွေကွင်းရခြင်း

၁၁။ ဣစ္ဆိတာလာဘ=လိုရာကို မရခြင်း

ဟူ၍ ၁၁-မျိုး ခွဲခြားပြီးလျှင် ထိုဒုက္ခတရားအားလုံးကို အကျဉ်းချုပ်အားဖြင့် မှတ်သားရန် "ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ မည်၏"ဟူ၍ ပြတော်မူ၏။

http://www.dhammadownload.com



ထို ဒုက္ခ ၁၁-မျိုးတွင် အပ္ပိယသမ္ပယောဂဒုက္ခနှင့် ပိယဝိပ္ပယောဂဒုက္ခ အကြောင်းကို ဝိနည်း-ပိဋက သုတ္တန်ပိဋကတို့ထက် ပိုလွန်၍ ဤဝိဘင်းကျမ်း၌ အပ္ပိယ-အရ မချစ်အပ်သော ပုဂ္ဂိုလ်နှင့် တရား၊ပိယ-အရ ချစ်အပ်သော ပုဂ္ဂိုလ်နှင့်တရားဟူ၍ နှစ်မျိုးနှစ်စားခွဲခြားဝေဘန်ပြတော်မူသည်။

သမုဒယသစ္စာအရ–ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဟူသော တဏှာ ၃-မျိုးကိုရှင်း ထိုတဏှာတို့၏ဖြစ်ရာ ဌာနကိုလည်း အောက်ပါတရား ၆၀-အတိုင်း ဟောကြားထားပေသည်။

၁။ အဇ္ဈတ္တိကာယတန ၆–ပါး

၂။ ဝိညာဏ် ၆–ပါး

၃။ ဗာဟိရာယတန ၆–ပါး

၄။ ဖဿ ၆–ပါး

၅။ ဝေဒနာ ၆–ပါး

၆။ သညာ ၆–ပါး

၇။ စေတနာ ၆–ပါး

၈။ တဏှာ ၆–ပါး

၉။ ဝိတက် ၆–ပါး

၁၀။ ဝိစာရ ၆–ပါး

ဤ ၆၀-သော တရားတို့မှာ နှစ်သက်အပ်သောသဘော "ပိယရူပ်",သာယာအပ်သောသဘော "သာတရူပ်"တို့ ဖြစ်သည်ဟု ပြဆိုထားပေသည်။

နိရောဓသစ္စာကို ဝေဘန်ရာ၌ တဏှာ၏ ချုပ်ငြိမ်းရာဟု ပြဆိုတော်မူ၍ တဏှာဖြစ်ရာဌာန ၆၀ ရှိသကဲ့သို့ တဏှာချုပ်ရာဌာန ၆၀-ကို ဟောတော်မူ၏။

မဂ္ဂသစ္စာကို ဝေဘန်ဟောကြားရာ၌ မဂ္ဂင်ရှစ်ပါးကို—

သမ္မာဒိဋ္ဌိ=သစ္စာလေးချက်ကို သိမှု၊

သမ္မာသင်္ကပ္ပ=နေက္ခမ္မ၊အဗျာပါဒ၊အဝိဟိံသာဝိတက် ၃-မျိုး၊

သမ္မာဝါစာ=ဝစီဒုစ္စရိုက် ၄-ပါးမှ ရှောင်ကြဉ်မှု၊

သမ္မာကမ္မန္တ=ကာယဒုစ္စရိုက်သုံးပါးမှ ရှောင်ကြဉ်မှု၊

သမ္မာအာဇီဝ=ယုတ်မာသော အသက်မွေးခြင်းမှ ရှောင်ကြဉ်မှု၊

သမ္မာဝါယာမ=သမ္မပ္ပဓာန် လေးပါးနှင့် ပြည့်စုံမှု၊

သမ္မာသတိ=သတိပဋ္ဌာန် ၄-ပါးနှင့် ပြည့်စုံမှု၊

သမ္မာသမာဓိ=ပဉ္စမဈာန်စသော ဈာန်လေးပါးနှင့် ပြည့်စုံမှု၊

ဟူ၍ အကျယ်ဝေဘန်တော်မူသည်။

http://www.dhammadownload.com



## အဘိဓမ္မာဘာဇနီယနည်း

**အရိယသစ္စာနှင့် သာမညသစ္စာ။** ။အဘိဓမ္မာ ဘာဇနီယနည်း၌ သုတ္တန္တ ဘာဇနီယနည်းကဲ့သို့ အရိယသစ္စာနိ ဟု ဟောတော်မမူဘဲ အရိယပုဒ်ကို ဖြုတ်၍ သစ္စာနိဟူ၍သာ သာမညအားဖြင့် ဟောတော်မူသည်။ အကြောင်းမှာ သမုဒယသစ္စာကို ဝေဘန် ဟောကြားရာ၌ ပယ်သတ်အပ်သော တဏှာနှင့် တဏှာသမ္ပယုတ်တရားများကိုငှင်း၊ မပယ်သတ် သင့်သော ကုသိုလ်ဟိတ်သုံးပါးနှင့် လောကီကုသိုလ်တို့ကိုငှင်း သမုဒယသစ္စာအဖြစ်ဖြင့် ထည့်သွင်း ဟောကြားတော်မူလိုသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် အဘိဓမ္မာ ဘာဇနီယနည်း၌ စတ္တာရိ သစ္စာနိဟု အရိယသဒ္ဒါမပါဘဲ ဟောတော်မူခြင်း ဖြစ်ပေသည်။

သစ္စာလေးပါးကို ဝေဘန်ပြဆိုရာတွင်—

၁။ သမုဒယသစ္စာကို ဦးတည်၍ ဝေဘန်ခြင်း၊

၂။ မဂ္ဂသစ္စာကို ဦးတည်၍ ဝေဘန်ခြင်း၊

ဟူ၍ ၂-မျိုး ဝေဘန်တော်မူသည်။

**သမုဒယသစ္စာ။** ။ထိုတွင် ရှေးဦးစွာ သမုဒယသစ္စာကို မူတည်၍ သစ္စာ ၄-ပါးကို—

၁။ ပဌမကောဋ္ဌာသ၊

၂။ ဒုတိယကောဋ္ဌာသ၊

၃။ တတိယကောဋ္ဌာသ၊

၄။ စတုတ္ထကောဋ္ဌာသ၊

၅။ ပဉ္စမကောဋ္ဌာသ

ဟူ၍ ၅-နည်း ဝေဘန်တော်မူသည်။

**၁။ ပဌမကောဋ္ဌာသ=** တဏှာတခုတည်းကိုသာ သမုဒယသစ္စာအဖြစ်ဖြင့် ဟောတော်မူ၍ တဏှာမှ ကြွင်းသော ဥပါဒါနက္ခန္ဓာတို့ကို ဒုက္ခသစ္စာ၌ ထည့်သွင်း၍ ပြတော်မူသည်။

**၂။ ဒုတိယကောဋ္ဌာသ=** တဏှာအပါအဝင် ကိလေသာ ၁၀-ပါးလုံးကို သမုဒယသစ္စာဟု ပြတော်မူ၍ ကြွင်းသော ဥပါဒါနက္ခန္ဓာတို့ကို ဒုက္ခသစ္စာ၌ ထည့်သွင်း ပြတော်မူသည်။

**၃။ တတိယကောဋ္ဌာသ=** ကိလေသာ ၁၀-ပါး အပါအဝင် အကုသိုလ်စိတ် အကုသိုလ်စေတသိက် အားလုံးကို သမုဒယသစ္စာဟု ပြတော်မူ၍ ကြွင်းသော လောကီ ကုသိုလ် လောကီဝိပါက် ကြိယာ နာမက္ခန္ဓာနှင့် ရုပ်တရားတို့ကို ဒုက္ခသစ္စာ၌ ထည့်သွင်းဟော တော်မူသည်။

**၄။ စတုတ္ထကောဋ္ဌာသ=** ယခင် ဆိုခဲ့ပြီးအကုသိုလ်တရားတို့နှင့် အလောဘ အဒေါသ အမောဟ ဟူသော လောကီကုသိုလ် ဟိတ်တရားများကို သမုဒယသစ္စာ၌ ထည့်

http://www.dhammadownload.com



သွင်းဟောကြားတော်မူ၍ ကြွင်းသော လောကီကုသိုလ် ဝိပါက် ကြိယာများ၊ ထိုနှင့် ယှဉ်ဘက် စေတသိက်များ၊ ရုပ်တရားအားလုံးကို ဒုက္ခသစ္စာ၌ ထည့်သွင်း ဟောကြားတော်မူသည်။

၅။ **ပဉ္စမကောဋ္ဌာသ=** လောကီကုသိုလ်နှင့် အကုသိုလ်စိတ် စေတသိက်တရားအားလုံးကို သမုဒယသစ္စာ၌ ထည့်သွင်းပြတော်မူ၍ ကြွင်းသော လောကီဝိပါက် ကြိယာ စိတ် စေတသိက်များနှင့် တရားအားလုံးကို ဒုက္ခသစ္စာ၌ ထည့်သွင်း ဟောကြားတော်မူသည်။

**မဂ္ဂသစ္စာ။** ။မဂ္ဂသစ္စာကို ဦးတည်၍ ဟောကြားရာ၌—

၁။ အဋ္ဌင်္ဂိကဝါရ
၂။ ပဉ္စင်္ဂိကဝါရ
၃။ သဗ္ဗသင်္ဂါဟိကဝါရ

ဟူ၍ မဟာဝါရ ၃-ပါး အပြားအားဖြင့် ဟောကြားတော်မူသည်။

၁။ **အဋ္ဌင်္ဂိကဝါရ=** ဤဝါရ၌ မဂ္ဂသစ္စာထိုက်သော တရားများကို ရှစ်ပါးစလုံး အပြည့်အစုံ ဟောကြားတော်မူသည်။

၂။ **ပဉ္စင်္ဂိကဝါရ=** ဤဝါရ၌ သီလမဂ္ဂင်များ ဖြစ်ကြသော သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟူသော ဝိရတီမဂ္ဂင်သုံးပါးသည် မဂ်မရမီ ရှေးဦးစွာ သီလဝိသုဒ္ဓိအဆင့်ကပင် ပြည့်စုံခဲ့လေပြီ။ ထို့ကြောင့် မဂ်စိတ်ဖြစ်ပေါ်သော အခိုက်၌ ဤသီလမဂ္ဂင်သုံးပါး ပါဝင်ရန် မလို၊ ကျန် မဂ္ဂင် ၅-ပါးသာ ပါဝင်နိုင်သည်။ ထို့ကြောင့် မဂ္ဂသစ္စာအရ မဂ္ဂင် ၅-ပါးကိုသာ ဟောတော်မူခြင်းဖြစ်သည်။

၃။ **သဗ္ဗသင်္ဂါဟိကဝါရ=** ဤဝါရ၌ မဂ္ဂင်ဟူသည် ၈-ပါးဖြစ်စေ၊ ၅-ပါးဖြစ်စေ ယင်းတရားများသည် အခြားသော သမ္ပယုတ်တရားတို့ မပါဝင်ဘဲ သီးခြားခွဲ၍ မဖြစ်နိုင်။ ထို့ကြောင့် မဂ်စိတ်လေးပါးနှင့် မဂ္ဂင်ရှစ်ပါးကြဉ်သော ယှဉ်ဘက်စေတသိက် ၂၈-ပါးကို သိမ်းကျုံး၍ မဂ္ဂသစ္စာ၌ ထည့်သွင်းဟောတော်မူသည်။

## နည်းပေါင်း ၆၀၀၀၀ (ခြောက်သောင်း)

သစ္စဝိဘင်း၊ အဘိဓမ္မာဘာဇနီယနည်း၌ နည်းပေါင်း ၆၀၀၀၀-ရှိရာ ရေတွက်ပုံမှာ—

| | |
|---|---|
| သုဒ္ဓိကပဋိပဒါစသော ဝါရ ၅-ပါး | ၅ |
| စတုက္ကနည်း၊ပဉ္စကနည်း ၂-ပါးနှင့် မြှောက် | ၂× |
| နည်းပေါင်း | ၁၀ |
| ဈာနာဘိနိဝေသစသော အဘိနိဝေသ ၂၀-နှင့် မြှောက် | ၂၀× |
| သုဒ္ဓိကနည်း | ၂၀၀ |
| အဓိပတိ လေးပါးနှင့် မြှောက် | ၄× |
| သာဓိပတိနည်း | ၈၀၀ |
| သုဒ္ဓိကနည်း ၂၀၀-နှင့် ပေါင်း | ၂၀၀ |

http://www.dhammadownload.com



| | |
|---|---|
| သောတာပတ္တိမဂ်၌ နည်းပေါင်း | ၁၀၀၀ |
| မဂ်လေးပါးနှင့် မြှောက် | ၄× |
| ကောဋ္ဌာသတခု၌ နည်းပေါင်း | ၄၀၀၀ |
| ကောဋ္ဌာသ ၅-ပါးနှင့် မြှောက် | ၅× |
| | ၂၀၀၀၀ |
| အင်္ဂုတ္တိကစသော မဟာဝါရ ၃-ပါးနှင့် မြှောက် | ၃× |
| သစ္စဝိဘင်း၊ အဘိဓမ္မာဘာဇနီယနည်းပေါင်း | ၆၀၀၀၀ |

## ပဥှာပုစ္ဆကနည်း

သစ္စာလေးပါးတရားကို တိက် ၂၂-ပါး၊ ဒုက် ၁၀၀-တို့ဖြင့် ခွဲခြမ်းဝေဘန်ကာ အမေးအဖြေ ပြုလုပ် ဟောကြားတော်မူသည်၊ ထိုတိက်ဒုက်တို့၌ ထည့်သွင်းဝေဘန်ရာ၌ တိက်ဒုက်အတွင်းသို့ မဝင်သော သစ္စာများကို တိက်မုက် ဒုက်မုက်အဖြစ် ဟောတော်မူသည်။

## ၅-ဣန္ဒြိယဝိဘင်း

ဣန္ဒြိယဝိဘင်း၌ အဘိဓမ္မာဘာဇနီယနည်းနှင့် ပဥှာပုစ္ဆကနည်း ၂-မျိုးဖြင့်သာ ဝေဘန်တော်မူသည်။ သုတ္တန္တဘာဇနီယနည်းဖြင့် ဝေဘန်တော်မမူခဲ့ချေ။ အကြောင်းကား သုတ္တန္တပိဋကတ်၌ ဣန္ဒြေ ၂၂-ပါးကို အပြည့်အစုံ ဟောကြားတော်မမူခဲ့ချေ။ အချို့အချို့သော သုတ်တို့၌ ဣန္ဒြေ ၂-ပါး ၃-ပါး စသည်ဖြင့် တစိတ်တပိုင်း တကွဲတပြားစီ ဟောထားလေသည်။

ပုံစံပြရလျှင်–မဟာဝဂ္ဂသံယုတ်ပါဠိတော် ဣန္ဒြိယသံယုတ်တွင်—

**စက္ခုစသော အဇ္ဈတ္တိကဣန္ဒြေ ၆-ပါးတို့ကို အရဟန္တသုတ်(နှာ-၁၈၁)၌ ဟောတော်မူသည်။**

**သဒ္ဓိန္ဒြေစသော ဗောဓိပက္ခိယဣန္ဒြေ ၅-ငါးပါးတို့ကို ကေဗိဇိသုတ် (နှာ-၁၈၀)၌ ဟောတော်မူသည်။**

**အနညာတညဿာမိတိန္ဒြေစသော လောကုတ္တရာဣန္ဒြေ ၃-ပါးတို့ကို အညိန္ဒြိယသုတ် (နှာ-၁၈၀) ၌ ဟောတော်မူသည်။**

**ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ ဤ ၃-ပါးကို ဇီဝိတိန္ဒြိယသုတ်(နှာ-၁၇၉)၌ ဟောတော်မူသည်။**

ဤသို့ ဣန္ဒြေတို့ကို အကွဲကွဲအပြားပြား ဟောတော်မူသည်၊ ထို့ပြင် သုတ္တန်ပိဋကတ်၌ ဝေဒနိန္ဒြေ ၅-ပါးကိုသာ အကျယ်ဝေဘန်တော်မူ၍ အခြားသော ဣန္ဒြေတို့ကို အကျယ်ဝေဘန် ဟောကြားခြင်းပြုတော်မမူချေ၊ ထိုသို့ သုတ္တန်ပိဋကတ်၌ ဣန္ဒြေ ၂၂-ပါးကို အစီအစဉ်တကျ ဟောထားခြင်း **မရှိသောကြောင့် ဣန္ဒြိယဝိဘင်း၌ သုတ္တန္တဘာဇနီယနည်းကို မဟောခြင်း** ဖြစ်ပေသည်။

**အဘိဓမ္မာဘာဇနီယနည်း။** ။**အဘိဓမ္မာနည်းဖြင့် ဝေဘန်ရာ၌ စက္ခုန္ဒြေအစ မနိန္ဒြေအဆုံးရှိသော အဇ္ဈတ္တိကဣန္ဒြေ ၆-ပါးသည် အာယတနဝိဘင်း၌ အဇ္ဈတ္တိကအာယတန၆-ပါးကို ဝေဘန်ဟောကြားပုံနှင့် တူညီသည်။**

http://www.dhammadownload.com



ဣတ္ထိဘာဝရုပ်ကို ဣတ္ထိန္ဒြေဟု ဟောကြားတော်မူ၍ ပုမ္ဘာဝရုပ်ကို ပုရိသိန္ဒြေဟု ဟောတော်မူသည်။

ဇီဝိတိန္ဒြေကိုမူ ရုပ်ဇီဝိတ နာမ်ဇီဝိတ နှစ်ပါး ခွဲခြားဝေဘန်ပြတော်မူသည်။

သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေ ဟူသော ဝေဒနိန္ဒြေငါးပါး၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ ဟူသော ဗောဓိပက္ခိယဣန္ဒြေငါးပါး၊ အနညာ-တညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေ ဟူသော လောကုတ္တရာဣန္ဒြေ ၃-ပါး၊ ဤဣန္ဒြေ ၁၃-ပါးကို အဓိပ္ပါယ်ပေါ်လွင်ထင်ရှားအောင် ပရိယာယ် စကားလှယ်ပုဒ်များဖြင့် ဝေဘန်ပြတော်မူသည်။

**ပဉ္စာပုစ္ဆကနည်း။** ။ပဉ္စာပုစ္ဆကနည်းမှာ တိက်ဒုက်တို့ဖြင့် အမျိုးအစား ခွဲပြခြင်းသာ ဖြစ်၍ ခန္ဓဝိဘင်း စသည်နှင့်တူပြီ။

## ၆-ပဋိစ္စသမုပ္ပါဒဝိဘင်း

ပဋိစ္စသမုပ္ပါဒဝိဘင်း၌ သုတ္တန္တဘာဇနီယနည်းနှင့် အဘိဓမ္မာဘာဇနီယနည်း ၂-ပါးဖြင့် ဝေဘန်တော်မူသည်၊ ပဉ္စာပုစ္ဆကနည်းဖြင့် ဝေဘန်တော်မမူချေ။ အကြောင်းမှာ ပဋိစ္စသမုပ္ပါဒ်ကို ဟောရာ၌ မြတ်စွာဘုရားသည် အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တိ စသည်ဖြင့် ဝါကျပြုလုပ်၍ ဟောတော်မူသည်။ ခန္ဓဝိဘင်း၌ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော စသည်ဖြင့် တပုဒ်ချင်း သရုပ်ထုတ် ရေတွက်ပြသကဲ့သို့ အဝိဇ္ဇာ သင်္ခါရာ ဝိညာဏံ စသည်ဖြင့် တပုဒ်ချင်း သရုပ်ထုတ်၍ ရေတွက်ပြတော်မမူချေ၊ ထို့ကြောင့် ကတမေ ဓမ္မာ အဝိဇ္ဇာ=အဘယ်တရားတို့သည် အဝိဇ္ဇာမည်ကုန်သနည်း စသည်ဖြင့် အမေးအဖြေပြုလုပ်ရန် မဖြစ်နိုင်ချေ၊ ထိုသို့ အမေးအဖြေ မပြုလုပ်နိုင်သောကြောင့် ပဉ္စာပုစ္ဆကနည်းဖြင့် ဝေဘန်တော်မမူချေ။

**သုတ္တန္တဘာဇနီယနည်း။** ။သုတ္တန္တဘာဇနီယနည်း၌ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးကို တရားကိုယ် အရကောက်၍ အဓိပ္ပါယ်ဖွင့်ပြတော်မူသည်။

**အဘိဓမ္မာဘာဇနီယနည်း။** ။အဘိဓမ္မာဘာဇနီယနည်း၌ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးကို ပစ္စယစတုက္က ဟေတုစတုက္က သမ္ပယုတ္တစတုက္က အညမညစတုက္က ဟူ၍ နည်းလေးပါးတို့ဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကို အပြန်အလှန် စက်လှည့်ဟောကြားတော်မူသည်။

အဝိဇ္ဇာအရင်းခံကြောင့် အကုသိုလ်သင်္ခါရ၊ ကာမာဝစရကုသိုလ်သင်္ခါရ၊ ရူပါဝစရကုသိုလ် သင်္ခါရ၊ အရူပါဝစရကုသိုလ်သင်္ခါရတရားများ ဖြစ်ပေါ်ကြ၍ ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံကို ဝေဘန်၍ ပြတော်မူသည်။

## ၇-သတိပဋ္ဌာနဝိဘင်း

သတိပဋ္ဌာနဝိဘင်း၌ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ ပဉ္စာပုစ္ဆကနည်း၊ ဤ ၃-ပါးဖြင့် ဝေဘန်ဟောကြားတော်မူသည်။

သုတ္တန္တဘာဇနီယနည်း၌ ကာယာနုပဿနာသတိပဋ္ဌာန်ကို ကောဋ္ဌာသ ၃၁-ပါးဖြင့် ဝေဘန် ပြတော်မူသည်။

http://www.dhammadownload.com



ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို သုခ ဒုက္ခ ဥပေက္ခာဝေဒနာသုံးပါးဖြင့် ဝေဘန်တော်မူ၏။

စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ရာဂ ဒေါသ မောဟနှင့်ယှဉ်သောစိတ်၊ ရာဂ ဒေါသ မောဟ ကင်းသောစိတ်၊ လွတ်မြောက်သောစိတ်၊ မလွတ်မြောက်သောစိတ် စသည်ဖြင့် ခွဲခြမ်းဝေဘန် တော်မူသည်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာ ဟူသော နီဝရဏငါးပါး၊ သတိသမ္ဗောဇ္ဈင် စသော ဗောဇ္ဈင် ၇-ပါး တရားတို့ဖြင့် ဝေဘန်ဟောကြားတော် မူသည်။

အဘိဓမ္မာဘာဇနီယနည်း၌ လောကုတ္တရာမဂ်တရားနှင့်ယှဉ်သော သတိသည် သတိပဋ္ဌာန် မည်ကြောင်း ပြတော်မူ၍ နည်းပေါင်း ၈၀၀၀၀(ရှစ်သောင်း)ဖြင့် ဝေဘန်တော်မူသည်။

ပဉ္စာပုစ္ဆကနည်း၌ သတိပဋ္ဌာန်လေးပါးကို တိက်ဒုက်တို့၌ ထည့်သွင်း၍ အမေးအဖြေပြုလုပ် ဟောကြားတော်မူသည်။

## ၈-သမ္မပ္ပဓာနဝိဘင်း

သမ္မပ္ပဓာနဝိဘင်း၌ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ ပဉ္စာပုစ္ဆကနည်း၊ ဤ ၃-ပါးတို့ဖြင့် ဝေဘန်ဟောကြားတော်မူသည်။

သုတ္တန္တဘာဇနီယနည်း၌မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်အောင် အားထုတ်ခြင်း၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ အားထုတ်ခြင်း၊ မဖြစ်သေးသော ကုသိုလ်တရား တို့ကို ဖြစ်အောင်အားထုတ်ခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို မပျောက်မပျက် တည်တံ့ တိုးပွါးအောင် အားထုတ်ခြင်းဟူ၍ မှန်ကန်သော အားထုတ်မှု(သမ္မပ္ပဓာန်)လေးပါးကို သရုပ် အစိပ်ပွါယ်ထုတ်ပြ ဝေဘန်တော်မူသည်။

အဘိဓမ္မာဘာဇနီယနည်း၌ ဈာနာဘိနိဝေသ သုဒ္ဓိကပဋိပဒါ စသောနည်းများဖြင့် မြောက် ပွါး၍ နည်းပေါင်း ၂၀၀၀၀(နှစ်သောင်း)တို့ဖြင့် ဝေဘန် ဟောကြားတော်မူသည်။

ပဉ္စာပုစ္ဆကနည်း၌ သမ္မပ္ပဓာန်လေးပါးကို ကုသလတိက်စသော တိက် ၂၂-ပါး၊ ဟေတုဒုက် စသော ဒုက် ၁၀၀-တို့၌ ထည့်သွင်း၍ အမေးအဖြေပြုလုပ်ဝေဘန်တော်မူသည်။

## ၉-ဣဒ္ဓိပါဒဝိဘင်း

ဣဒ္ဓိပါဒဝိဘင်း၌ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ ပဉ္စာပုစ္ဆကနည်း၊ ဤ ၃-ပါးတို့ဖြင့် ဝေဘန်ဟောကြားတော်မူသည်။

သုတ္တန္တဘာဇနီယနည်း၌ ဣဒ္ဓိပါဒ်လေးပါး အစိပ်ပွါယ်ကို ရှင်းပြဝေဘန်တော်မူ၏၊ဣဒ္ဓိဆိုသည်မှာ ပြီးစီးခြင်း ပြည့်စုံခြင်း ရောက်ခြင်းကို ဆိုလိုသည်၊ ဣဒ္ဓိပါဒဆိုသည်မှာ ပြီးပြည့်စုံခြင်း၏ အခြေခံ အကြောင်းတရားများ ဖြစ်သည်၊ ထို့ကြောင့် အဓိပတိတပ်သော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသ ဤ တရားလေးပါးသည် ဣဒ္ဓိပါဒ်မည်ကြောင်း ရှင်းပြတော်မူသည်။

http://www.dhammadownload.com



အဘိဓမ္မာဘာဇနီယနည်း၌ လောကုတ္တရာဖြစ်သော ဣဒ္ဓိပါဒ်လေးပါးကို နည်းပေါင်း ၃၂၀၀၀ (သုံးသောင်းနှစ်ထောင်)တို့ဖြင့် ဝေဘန်ဟောကြားတော်မူ၏။

ပဉ္စာပုစ္ဆကနည်း၌ ဣဒ္ဓိပါဒ်လေးပါးကို တိက် ၂၂၊ ဒုက် ၁၀၀-တို့ဖြင့် အမေးအဖြေပြုလုပ် ဝေဘန်ဟောကြားတော်မူသည်။

## ၁၀-ဗောဇ္ဈင်္ဂဝိဘင်း

ဗောဇ္ဈင်္ဂဝိဘင်း၌ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ ပဉ္စာပုစ္ဆကနည်း၊ ဤနည်း ၃-ပါးတို့ဖြင့် ဝေဘန်ဟောကြားတော်မူသည်။

သုတ္တန္တဘာဇနီယနည်း၌ သတိသမ္ဗောဇ္ဈင်စသော ဗောဇ္ဈင် ၇-ပါးကို သရုပ်အဓိပ္ပါယ်နှင့်တကွ ဝေဘန်ဟောကြားတော်မူသည်။

အဘိဓမ္မာဘာဇနီယနည်း၌ မဂ်ကုသိုလ်လေးပါးကို နည်းပေါင်း ၃၂၀၀၀ (သုံးသောင်းနှစ်ထောင်)ဖြင့် ဝေဘန်တော်မူသည်။

ဖိုလ်လေးပါးကိုလည်း အလားတူ နည်းပေါင်း ၃-ဆပြု၍ ဝေဘန်ဟောကြားတော်မူ၏။

ပဉ္စာပုစ္ဆကနည်း၌ ဗောဇ္ဈင် ၇-ပါးကို တိက် ၂၂-ပါး၊ ဒုက် ၁၀၀-တို့ဖြင့် အမေး အဖြေ ပြုလုပ် ဟောကြားတော်မူသည်။

## ၁၁—မဂ္ဂင်္ဂဝိဘင်း

မဂ္ဂင်္ဂဝိဘင်း၌ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ ပဉ္စာပုစ္ဆကနည်း၊ ဤနည်း ၃-ပါးတို့ဖြင့် ဝေဘန်တော်မူသည်။

သုတ္တန္တဘာဇနီယနည်း၌ လောကီမဂ္ဂင် ရှစ်ပါးနှင့် လောကုတ္တရာ မဂ္ဂင် ရှစ်ပါး နှစ်မျိုးလုံးကို ဝေဘန်ဟောကြားတော်မူသည်။

အဘိဓမ္မာဘာဇနီယနည်း၌ လောကုတ္တရာမဂ်ကုသိုလ်ကို အဋ္ဌင်္ဂိကနည်း၊ ပဉ္စင်္ဂိကနည်းစသည်ဖြင့် နည်း ၂၀၀၀၀-တို့ဖြင့် ဝေဘန်တော်မူသည်။

ဖိုလ်လေးပါးကို ဝေဘန်ဟောကြားရာ၌ ထိုနည်းပေါင်း ၂၀၀၀၀ ၏ ၃-ဆတိုင်အောင် ရှိလေသည်။

ပဉ္စာပုစ္ဆကနည်း၌ မဂ္ဂင်တရားများကို တိက် ၂၂-ပါး၊ ဒုက် ၁၀၀-တို့ဖြင့် အမေးအဖြေပြုလုပ် ဝေဘန်တော်မူသည်။

## ၁၂—ဈာနဝိဘင်း

ဈာနဝိဘင်း၌ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ ပဉ္စာပုစ္ဆကနည်း၊ ဤနည်း ၃-ပါးတို့ဖြင့် ဝေဘန်တော်မူသည်။

သုတ္တန္တဘာဇနီယနည်း၌ ရူပဈာန်လေးပါး၊ အရူပဈာန်လေးပါးကို ရရှိအောင် အားထုတ်ပုံ လမ်းစဉ်ကို အကျယ် ပြဆိုထားလေသည်။ ဈာန်ရလိုသော ပုဂ္ဂိုလ်သည် ပါတိမောက္ခသံဝရသီလ၊

http://www.dhammadownload.com



အာဇီဝပါရိသုဒ္ဓိသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ ဟူသော သီလ လေးမျိုးကို စင်ကြယ်စေ၍ သတိ သမ္ပဇညတရားနှင့် ပြည့်စုံစေရမည်။ ထို့နောက် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ နီဝရဏတရားတို့ကို ပယ်ပုံ စသည်တို့ကို ရှင်းလင်း ဝေဘန်ပြတော်မူသည်။

အဘိဓမ္မာဘာဇနီယနည်း၌ ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟူသော ဈာန်လေးပါးကို ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်၊ လောကုတ္တရာကုသိုလ်၊ ရူပါဝစရ-ဝိပါက်၊ အရူပါဝစရဝိပါက်၊ လောကုတ္တရာဝိပါက်၊ အရူပကြိယာဟူ၍ ၇-နည်း ခွဲခြား ဟောတော်မူသည်။

ပဉ္စာပုစ္ဆကနည်း၌ ဈာန်လေးပါးကို တိက် ၂၂-ပါး၊ ဒုက် ၁၀၀-တို့ဖြင့် အမေးအဖြေ ပြုလုပ် ဝေဘန်ဟောကြားတော်မူသည်။

## ၁၃—အပ္ပမညာဝိဘင်း

အပ္ပမညာဝိဘင်း၌ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ ပဉ္စာပုစ္ဆကနည်း ဤနည်း ၃-ပါးတို့ဖြင့် ဝေဘန်တော်မူ၏။

သုတ္တန္တဘာဇနီယနည်း၌ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဟူသော အပ္ပမညာ လေးပါး ပွါးများအားထုတ်ပုံကို အစဉ်အတိုင်း ဖွင့်ဆို ရှင်းပြထားလေသည်။

အဘိဓမ္မာဘာဇနီယနည်း၌ အပ္ပမညာလေးပါးကို ဈာန်လေးပါးအပြားအားဖြင့်ရင်း၊ ရူပါ-ဝစရကုသိုလ် ဝိပါက် ကြိယာအားဖြင့်ရင်း ဝေဘန်ဟောကြားတော်မူသည်။

ပဉ္စာပုစ္ဆကနည်း၌ ထိုအပ္ပမညာလေးပါးကို တိက် ၂၂-ပါး ဒုက် ၁၀၀-တို့ဖြင့် အမေး အဖြေ ပြုလုပ်ဟောကြားတော်မူသည်။

## ၁၄—သိက္ခာပဒဝိဘင်း

သိက္ခာပဒဝိဘင်း၌ သုတ္တန္တဘာဇနီယနည်းဖြင့် မဝေဘန်ဘဲ အဘိဓမ္မာဘာဇနီယနည်း၊ ပဉ္စာပုစ္ဆကနည်း နှစ်ပါးတို့ဖြင့် ဝေဘန်တော်မူလေသည်။

ပါဏာတိပါတာ ဝေရမဏီစသော သိက္ခာပုဒ်ငါးပါးကို ကာမာဝစရကုသိုလ်စိတ် လေးပါးဖြင့် ဝေဘန်ကာ သိက္ခာပဒအရ ဝိရတိစေတသိက် စေတနာ သမ္ပယုတ်တရားများဖြစ်ကြောင်း ပြတော်မူသည်။

ထို့ပြင် ကာမ ရူပ အရူပ လောကုတ္တရာကုသိုလ်အားလုံးသည် ကျင့်အပ်သောကြောင့် သိက္ခာ မည်ကြောင်း ဟောတော်မူသည်။

ပဉ္စာပုစ္ဆကနည်း၌ ထိုသိက္ခာပုဒ်ငါးပါးကို တိက် ၂၂-ပါး၊ ဒုက် ၁၀၀-တို့ဖြင့် အမေးအဖြေ ပြုလုပ်ဟောကြားတော်မူသည်။

## ၁၅—ပဋိသမ္ဘိဒါဝိဘင်း

ပဋိသမ္ဘိဒါဝိဘင်း၌ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ ပဉ္စာပုစ္ဆကနည်း၊ ဤ နည်း ၃-ပါးတို့ဖြင့် ဝေဘန်ဟောကြားတော်မူ၏။

http://www.dhammadownload.com



သုတ္တန္တဘာဇနီယနည်း၌—

အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာန ပဋိသမ္ဘိဒါဟူသော ပဋိသမ္ဘိဒါ လေးပါးကို သာမည သိမ်းကျုံး ရေတွက် ဟောနည်း (သင်္ဂဟဝါရ)။

သစ္စာလေးပါးနည်း (သစ္စဝါရ)။

အကြောင်းကို မူတည်၍ပြသောနည်း (ဟေတုဝါရ)။

အကျိုးကို မူတည်၍ပြသောနည်း (ဓမ္မဝါရ)။

ပဋိစ္စသမုပ္ပါဒ်နည်း, ပါဠိတော်နှင့် အနက်ကို မူတည်၍ ဟောသောနည်း (ပရိယတ္တိနည်း)ဟူ၍ ခြောက်ပါးသောနည်းတို့ဖြင့် ဝေဘန် ဟောကြားတော်မူသည်။

အဘိဓမ္မာဘာဇနီယနည်း၌ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ စိတ် စေတသိက် ရုပ် နိဗ္ဗာန်တရားတို့ကို ပဋိသမ္ဘိဒါဉာဏ်လေးပါးဖြင့် ပိုင်းခြားသိပုံကို ဝေဘန် ဟောကြားတော်မူသည်။

အတ္ထပဋိသမ္ဘိဒါဉာဏ်သည် ကာမာဝစရကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး ကြိယာဉာဏ သမ္ပယုတ်စိတ် ၄-ပါး လောကုတ္တရာစိတ် ၈-ပါး ပေါင်း ၁၆-ပါးသောစိတ်တို့၌ ယှဉ်နိုင်ပုံကို ဟောတော်မူ၏။

ဓမ္မ နိရုတ္တိ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ် ၃-ပါးသည် ကာမာဝစရကုသိုလ် ကြိယာ ဉာဏ-သမ္ပယုတ်စိတ် ၈-ပါး၌သာ ယှဉ်နိုင်ကြောင်းကို ဟောတော်မူသည်။

ပဥှာပုစ္ဆကနည်း၌ ထိုပဋိသမ္ဘိဒါလေးပါးကို တိက် ၂၂၊ ဒုက် ၁၀၀-တို့ဖြင့် အမေး အဖြေ ပြုလုပ်၍ ဝေဘန် ဟောကြားတော်မူသည်။

## ၁၆—ဉာဏဝိဘင်း

ဉာဏဝိဘင်းမှစ၍ နောက်ဆုံး ဝိဘင်း ၃-ခု၌ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယ နည်း၊ ပဥှာပုစ္ဆကနည်းတို့ဖြင့် ဝေဘန်ခြင်း ပြုတော်မမူချေ။

ဧကက(တပါ.စု)နည်း၊ ဒုက(နှစ်ပါးစု)နည်း၊ တိက(သုံးပါးစု)နည်း၊ စတုက္က(လေးပါးစု) နည်း၊ ပဉ္စက(ငါးပါးစု)နည်း၊ ဆက္က(ခြောက်ပါးစု)နည်း၊ သတ္တက(ခုနစ်ပါးစု)နည်း၊ အဋ္ဌက (ရှစ်ပါးစု)နည်း၊ နဝက(ကိုးပါးစု)နည်း၊ ဒသက(ဆယ်ပါးစု)နည်းဟူ၍ ခေါင်းစဉ် မာတိကာ အားဖြင့် ဆယ်ပိုင်းခွဲခြားထားပြီးလျှင် ထိုခေါင်းစဉ် မာတိကာအတိုင်း နိဒ္ဒေသအကျယ် ညွှန်ပြ ချက်ကို ဝေဘန် ဟောကြားတော်မူသည်။

ဤဉာဏဝိဘင်း၌ ဉာဏ်ပညာတည်းဟူသော အကြောင်းတရားများနှင့် ဉာဏ်ပညာ အမျိုး အစားများကို အရေအတွက် တူရာတူရာ စုပေါင်း၍ ပြတော်မူသည်။

ပုံစံ။ ။ပဉ္စဝိညာဏ်စိတ်တို့သည် ဟိတ် မမည်ချေ၊ ဤသို့ ဟိတ်မမည်ဟု မှန်ကန်စွာသိခြင်းသည် ဉာဏ် မည်၏။ ယင်းဉာဏ်သည်ပင်လျှင် အမျိုးမျိုးသော စည်းစိမ်ချမ်းသာ ပြည့်စုံခြင်း တို့၏ တည်ရာဖြစ်သောကြောင့် ဉာဏဝတ္ထု မည်၏ဟု ဉာဏဝတ္ထုကို တပါးစု (ဧကကနည်း) ဖြင့် ဟောတော်မူသည်။

http://www.dhammadownload.com



ထိုအတူပင် တပါးစု(ဧကကနည်း)၌ ပဋ္ဌဝိညာဉ်သည် ဟိတ် မရှိ အဟေတုက စသည်ဖြင့် ဓမ္မသင်္ဂဏီ မာတိကာအတိုင်း ဟောတော်မူသည်။

ဒုက-မှ ဒသက-ထိအောင် ဤနည်းဖြင့် ဉာဏ, ဉာဏဝတ္ထု ခွဲခြားဝေဘန်ဟောတော်မူသည်။

## ၁၇-ခုဒ္ဒကဝတ္ထုဝိဘင်း

ခုဒ္ဒက၏အဓိပ္ပါယ်မှာ "သေးသိမ်သော, ယုတ်ညံ့သော"ဟူ၍ ဖြစ်သည်။

ခုဒ္ဒကဝတ္ထုဝိဘင်း၌ ဉာဏဝိဘင်းနှင့် အလားတူစွာ ဧကက ဒုက စသည်ဖြင့် ခေါင်းစဉ်မာတိကာ ဆယ်မျိုးခွဲခြား၍ ထိုခေါင်းစဉ်မာတိကာအတိုင်း နိဒ္ဒေသ အကျယ်ညွှန်ပြချက်ကို ဝေဘန်ဟော ကြားတော်မူသည်။

ဤခုဒ္ဒကဝတ္ထုဝိဘင်း၌ မာနတရား၊ မိစ္ဆာဝိတက်၊ မိစ္ဆာဒိဋ္ဌိ၊ အာသဝ၊ သြဃ၊ ယောဂ၊ ဂန္ထ၊ နီဝရဏ၊ သံယောဇဉ်၊ ကိလေသာ စသော ယုတ်ညံ့သေးသိမ်သော (ခုဒ္ဒက)တရားများ၊ ယုတ်ညံ့ သေးသိမ်ကြောင်းဖြစ်သော (ခုဒ္ဒကဝတ္ထု) တရားများကို အရေအတွက် တူရာ တူရာ စုပေါင်း၍ ဝေဘန်ဟောကြားတော်မူသည်။

## ၁၈ – ဓမ္မဟဒယဝိဘင်း

ဓမ္မဟဒယဝိဘင်း၌ သဗ္ဗသင်္ဂါဟိကဝါရ၊ ဥပ္ပတ္တာနုပ္ပတ္တိဝါရ၊ ပရိယာပန္နာပရိယာပန္နဝါရ၊ ဓမ္မဒဿနဝါရ၊ ဘူမန္တရ ဒဿနဝါရ၊ ဥပ္ပါဒကကမ္မ အာယုပ္ပမာဏဝါရ၊ အဘိညေယျာဒိဝါရ၊ သာရမ္မဏအနာရမ္မဏဝါရ၊ ဒိဋ္ဌသုတာဒိဒဿနဝါရ၊ တိကာဒိဒဿနဝါရ ဟူ၍ ဝါရ ၁၀-ပါးတို့ဖြင့် ဝေဘန်ဟောကြားတော်မူ၏။

သဗ္ဗသင်္ဂါဟိကဝါရ၌ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ ဣန္ဒြေ ၂၂-ပါး၊ ဟိတ် ၉-ပါး၊ အာဟာရ ၄-ပါး၊ ဖဿ ၇-ပါး၊ ဝေဒနာ ၇-ပါး၊ သညာ ၇-ပါး၊ စေတနာ ၇-ပါး၊ စိတ်ဝိညာဏ် ၇-ပါး၊ ဤ ၁၂-မျိုးသော တရားတို့ကို သရုပ်သင်္ချာထုတ်ပြ၍ ရေတွက် ဟောကြားတော်မူ၏။

ဥပ္ပတ္တာနုပ္ပတ္တိဝါရ၌ ထို ၁၂-မျိုးသော တရားတို့ကို ကာမဓာတ်၊ ရူပဓာတ်၊ အရူပဓာတ်၊ အပရိယာပန္န (လောကုတ္တရာ)ဟူသော ဓာတ်လေးပါးဖြင့် ခွဲခြားဝေဘန်တော်မူသည်။

ပရိယာပန္နာပရိယာပန္နဝါရ၌ ထို ၁၂-မျိုးသော တရားတို့ကို ကာမဓာတ် စသော ဓာတ် လေးပါး၌ အကျုံးဝင်ပုံ မဝင်ပုံတို့ကို ခွဲခြားပြတော်မူသည်။

ဓမ္မဒဿနဝါရ၌ ကာမ ရူပ အသညသတ် အရူပ ဟူသော လေးပါးသော ပဋိသန္ဓေအခိုက်၌ ရသင့် ဖြစ်သင့်သော ခန္ဓာ အာယတန ဓာတ် စသည်တို့ကို ဟောကြားတော်မူ၏။

ဘူမန္တရဒဿနဝါရ၌ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဟူသော ပရမတ္ထတရားလေးပါးကို ဘုံလေး ပါးဖြင့် ပိုင်းခြား၍ ဘုံလေးပါး၌ ထည့်သွင်းရေတွက်ပြတော်မူသည်။

http://www.dhammadownload.com

# [ ၃၂ ] အဘိဓမ္မာ ဝိဘင်းပါဠိတော် မြန်မာပြန်

ဥပ္ပါဒကကမ္မ အာယုပ္ပမာဏဝါရ၌ ဒါန သီလ ဥပေါသထကံကြောင့် လူချမ်းသာ ဘဝနှင့် နတ်ပြည် ၆-ထပ်၌ ဖြစ်ရပုံကိုငင်း၊ လူတို့၏သက်တမ်းမှစ၍ အသညသတ် ဗြဟ္မာတို့၏သက်တမ်း တိုင်အောင် သက်တမ်းများကို အတိအကျ ရေတွက်၍ရင်း ဟောကြားတော်မူသည်။

အဘိညေယျဝါဒိဝါရ၌ ခန္ဓာစသော ၁၂-မျိုးသော တရားတို့ကို အဘိညေယျ၊ ပရိညေယျ၊ ပဟာတဗ္ဗ၊ ဘာဝေတဗ္ဗ၊ သစ္ဆိကာတဗ္ဗအားဖြင့် ခွဲခြားဝေဘန်တော်မူသည်။

သာရမ္မဏ အနာရမ္မဏဝါရ၌ ခန္ဓာအာယတနစသော ၁၂-မျိုးသော တရားတို့ကို အာရုံပြုတတ် သော တရား၊ အာရုံမပြုတတ်သော တရားအားဖြင့် နှစ်မျိုးခွဲခြား၍ ဟောတော်မူသည်။

ဒိဋ္ဌသုတာဒိဒဿနဝါရ၌ ခန္ဓာစသော ၁၂-မျိုးသော တရားတို့ကို ဒိဋ္ဌ သုတ မုတ ဝိညာတ အားဖြင့် လေးမျိုးစီ ထပ်မံစိတ်ဖြာ၍ ဝေဘန်တော်မူသည်။

အဓိပ္ပါယ်မှာ—

ဒိဋ္ဌ=ဟူသည် မြင်အပ်သောတရား ဖြစ်သည်။ သုတ=ကြားအပ်သောတရား၊ မုတ=တွေ့အပ် သော တရား၊ ဝိညာတ=သိအပ်သောတရား ဖြစ်သည်။

ယင်း ၄-ပါးတို့ဖြင့် ခန္ဓာငါးပါးစသော တရား ၁၂-မျိုးကို ဝေဘန်ဟောကြားသည်။ ဟောပုံ မှာ ရူပက္ခန္ဓာသည် ဒိဋ္ဌလည်း ဖြစ်သည် (ရူပါရုံ)။ သုတလည်း ဖြစ်သည် (သဒ္ဒါရုံ)။ မုတလည်း ဖြစ်သည် (ဂန္ဓ-ရသ-ဖောဋ္ဌဗ္ဗအာရုံ ၃-ပါး)။ သိအပ်သော ဝိညာတလည်း ဖြစ်သည် (ကြွင်းရုပ် များ)ဟူ၍ ဝေဘန်ဟောကြားတော်မူသည်။

ကြွင်းခန္ဓာ ၄-ပါးနှင့် တရား ၁၁-မျိုးတို့ကို ဤ ၄-ပါးဖြင့် ဝေဘန်သည်ကို သိပါလေ။

တိကာဒိဒဿနဝါရ၌ ခန္ဓာစသော ၁၂-မျိုးသော တရားတို့ကို တိက် ဒုက် တို့ဖြင့် ဝေဘန် ဟောကြားတော်မူသည်။

**ဝိဘင်းကျမ်းပမာဏ။** ။ဤ ဝိဘင်းကျမ်းကြီးသည် ကျမ်းပမာဏအားဖြင့်—

သံဂါယနာတင် ထေရ်အရှင်တို့သည် သံဂါယနာတင်သော အခါ၌ ဂါထာပေါင်း ၂၅၀-ခန့် ရောက်လျှင် ၁-ဘာဏဝါရ တကြိမ်ရပ်နား၍ ရွတ်ဆိုကြရာ ဤ ဝိဘင်းကျမ်းကို အကြိမ်ပေါင်း ၃၅-ခါခန့် ရပ်နား၍ ရွတ်ရသောကြောင့် ၃၅-ဘာဏဝါရခန့်ရှိပြီး ဆဋ္ဌသင်္ဂါယနာမူ စာအုပ် စာမျက်နှာအားဖြင့် (၄၅၃) မျက်နှာ ရှိပေသည်။

ဤသို့လျှင် ဤဝိဘင်းကျမ်းကြီးသည်ကား—

မြတ်စွာဘုရား သာသနာတော်၌ လက္ခဏာတော်ကြီး သုံးဆဲ့နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ် ရောင်ခြည်တော် ၆-သွယ်တို့ဖြင့် ကြည်ညိုဖွယ်ရာ တင့်တယ်လှပ ရှုမဝအောင် သပ္ပါယ် တော်မူလှသည့် မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ကိုယ်တော်ပွါး တဆူကဲ့သို့ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းအား လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးကမ်းငှာဝေ လိုရာကို ယူစေဟူသေ သဘောကို ဆောင်လျက် ထင်ထင်ရှားရှား မားမားမတ်မတ် တည်တံ့တော်မူလျက် ရှိပေသည်

http://www.dhammadownload.com



## ၁-ဝိဘင်းမြန်မာပြန်ကျမ်းကြီး

**မျက်စိအဆုံး နားအရှုံး။** ။ရှေးမြန်မာ လူကြီးများ အစဉ်အဆက် ပြောဆို သုံးစွဲခဲ့ကြသည့် စကားပုံများတွင် "မျက်စိအဆုံး နားအရှုံး"ဟူသော စကားပုံတခု ရှိပေသည်။ ယင်းစကားပုံတွင် မျက်စိအဆုံးဟူသည်မှာ မျက်စိ ချို့ယွင်း ပျက်စီးလျှင် လူ့ဘဝ ပျက်သုဉ်း ကုန်ဆုံးသွားသည်ဟု ဆိုလိုသည်။

မှန်၏။ လောက၌ လူသားတဦးတယောက် ဖြစ်ပေါ်လာသောအခါ အရေးကြီးသော ကိုယ်အင်္ဂါ အစိတ်အပိုင်းအဖြစ် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်ဟူသော ရုပ်အင်္ဂါများ ပါရှိခဲ့၏။

ယင်းတို့တွင် အများအပြား ချို့ယွင်း ပျက်စီးတတ်ပြီး ခန္ဓာကိုယ်အတွက်နှင့် လူ့ဘဝအတွက် အရေးအကြီးဆုံး အင်္ဂါရုပ်များမှာ မျက်စိနှင့် နား ဖြစ်သည်။ ယင်း ၂-မျိုးတို့တွင် မျက်စိအင်္ဂါ အမိဝမ်းတွင်း ပဋိသန္ဓေမှ မပါခဲ့ဘဲ ချို့ယွင်းခဲ့လျှင်သော်၎င်း၊ အမိဝမ်းတွင်း ပဋိသန္ဓေအခါက ပါခဲ့သော်လည်း နောက်မှ ပျက်စီးခဲ့သော်ရင်း ထိုသူအဖို့ လူ့ဘဝ၌ ဘာတခုမျှ မည်မည်ရရ မပြုလုပ် မစွမ်းဆောင်နိုင်တော့ချေ။ သူ၏ဘဝသည် ပျက်သုဉ်း ကုန်ဆုံးသွားလေပြီ။ ထို့ကြောင့် မျက်စိအဆုံးဟု ဆိုခြင်းဖြစ်သည်။

နားအရှုံးဟူသည်မှာ နားချို့ယွင်းပျက်စီးသွားလျှင် လူ့ဘဝကား မဆုံးသေး၊ မသုဉ်းသေး။ သို့သော် သူ၏ လူ့ဘဝသည် ရှုံးနိမ့်သော ဘဝတခုဖြစ်သွားလေပြီဟု ဆိုလိုသည်။

မှန်၏။ နားသည် ဘဝတက်လမ်းအတွက် အလွန်အရေးကြီးသော အင်္ဂါရုပ်တခုဖြစ်၏။ လူ့ဘဝ လူ့အဆင့်အတန်းမှီရန် မျက်စိအရေးကြီးသကဲ့သို့ လူ့ဘဝ လူ့အဆင့်အတန်း တိုးတက်ရေး အတွက် နားသည် အလွန် အရေးကြီးပေသည်။ ပတ်ဝန်းကျင်ဆက်ဆံရေးတွင် အကောင်းအဆိုး ပြောဆိုသံကို ကြားဘို့ လို၏။ မိဘ ဆရာ သမားတို့ ပြောဆို ဆုံးမ သင်ကြားသည်ကို နာယူဘို့ လို၏။ ဘုရား ရဟန္တာ သာဝကတို့ တရားဓမ္မ ဟောပြသည်ကို နာယူရန် လို၏။ ပရတော ဃောသခေါ် သူတပါး ပြောဟောသံ မကြားရက အရိယာပုဂ္ဂိုလ် ၈-ယောက်တို့တွင် အစဆုံး ဖြစ်သည့် သောတာပန်ပုဂ္ဂိုလ်မျှ မဖြစ်နိုင်ချေ။ အထက် အရိယာပုဂ္ဂိုလ်ဘဝသို့ ကျော်လွှား တက်နိုင်မည်လည်း မဟုတ်ပေ။

လူ့ဘဝတက်လမ်းအတွက် ဤမျှအရေးကြီးလှသော နားအင်္ဂါသည် အမိဝမ်းတွင်းပဋိသန္ဓေမှ ချို့ယွင်းခဲ့သော်ရင်း၊ နောင်အခါမှ ပျက်စီးသွားခဲ့သော်ရင်း ထိုလူသားအဖို့ အရှုံးကြီး ရှုံးရ လေပြီ။ ထို့ကြောင့် နားအရှုံးဟု ဆိုခဲ့ခြင်းဖြစ်လေသည်။

အကယ်၍ လူသားတယောက်၌ မျက်စိနှင့်နား ၂-ပါးလုံး ချို့ယွင်းပျက်စီးပါမူ ထိုသူမှာ အဆုံး အရှုံး ၂-မျိုးလုံးနှင့် ကြုံတွေ့ရပေတော့မည်။

ဤရှေးမြန်မာစကားပုံနှင့် ဆက်စပ်၍ တွေးတော စဉ်းစားဖွယ်တရပ် ရှိသည်မှာ အထက်တွင် ဖော်ပြခဲ့သော ဂုဏ်ထူး ဝိသေသတို့နှင့် ပြည့်ဝ၍ တန်ဖိုးရှိလှသော ဝိဘင်းပါဠိတော်ကျမ်းကြီးကို ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က ထုတ်ဖော် ဟောကြား တော်မူခဲ့၏။ မြန်မာပြည်သို့ လွန်ခဲ့သော နှစ်ပေါင်း ၉၀၀-ကျော် ပုဂံခေတ် အနော်ရထာမင်း လက်ထက်က ရောက်လာခဲ့၏။

http://www.dhammadownload.com



သို့သော် မြန်မာစာနှင့် မြန်မာဘာသာစကားကိုသာ တတ်ကျွမ်းနားလည်ကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံသားတို့မှာ ပါဠိဘာသာဖြင့် တည်ရှိနေသည့် ဝိဘင်း ပါဠိတော်ကျမ်းကြီးကို တတ်သိ နားလည် သဘောပေါက်အောင် ကိုယ်ပိုင်မျက်စိဖြင့်လည်း မဖတ်ရှုနိုင်ကြချေ။ သူများ ဖတ်ပြ၍လည်း ကိုယ်ပိုင်နားဖြင့် နာယူပြီး သိနားလည်ရန် မစွမ်းနိုင်ကြချေ။

ဆဋ္ဌသင်္ဂါယနာစီမံကိန်းအရ ဗုဒ္ဓသာသနာအဖွဲ့မှ ပါဠိတော် မြန်မာပြန်ကျမ်းများ ထုတ်ဝေခဲ့ရာ သုတ္တန် ဝိနည်း ပိဋကတ် မြန်မာပြန်များ ပေါ်ထွက်နေပေပြီ။ အဘိဓမ္မာပိဋကမှ ဓမ္မသင်္ဂဏီ ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု မြန်မာပြန်များ ပေါ်ထွက်ခဲ့ပေပြီ။ ယမိုက်နှင့် ပဋ္ဌာန်း အတွက် အရကောက် မြန်မာပြန်များ ရှိနေပေပြီ။ မြန်မာစာနှင့် မြန်မာဘာသာစကားတတ်သူတို့ ကိုယ်ပိုင်မျက်စိဖြင့် ဖတ်၍ ကိုယ်ပိုင်နားဖြင့် နာယူနိုင်ကြပေပြီ။ ဤဝိဘင်းကျမ်း တကျမ်းသာလျှင် မြန်မာဘာသာ မပြန်ရသေးပဲ ကြွင်းကျန်နေပေသည်။

ဤဝိဘင်းကျမ်းကြီးနှင့် ပတ်သက်စပ်ဆိုင်လာလျှင် မျက်စိကန်းသူ နားပင်းသူများသာဖြစ်၍ နေပေတော့သည်။ မျက်စိအဆုံး နားအရှုံး ဖြစ်နေကြရပေတော့သည်။

ယင်းသို့သော ဆုံးရှုံးခြင်းမျိုးကား မြန်မာပြည် ဗုဒ္ဓသာသနာဝင်၌ မရှိကောင်း မဖြစ်ကောင်း ဟု နစ်နစ်နာနာ တွေးတောကြံဆ အစဉ်သတိရနေသော ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့ကြီးသည် ဗုဒ္ဓသာသနာအဖွဲ့ဝန်ထမ်း ပါဠိပညာရှင်များနှင့်ရင်း မန္တလေးမြို့ မစိုးရိမ်တိုက် အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းဆရာတော်အမှူးပြုသော ပဋိဝိသောဓက အဖွဲ့ဝင် ဆရာတော်များနှင့်ရင်း တိုင်ပင်စည်းဝေး ဆွေးနွေး၍ ကြိုးပမ်းအားထုတ် ရေးသားပြုစုခဲ့ရာ ယခုအခါ ဝိဘင်းပါဠိတော် မြန်မာပြန်ကျမ်းကြီး ခမ်းနားကြီးကျယ် ထယ်ဝါခံ့ညားစွာ ထွက်ပေါ်၍ လာခဲ့ပေပြီ။ မြန်မာစာနှင့် မြန်မာဘာသာစကားကိုသာ တတ်ကျွမ်းကြသည့် ပြည်ထောင်စုသား ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့သည် မျက်စိအဆုံး နားအရှုံး မဖြစ်ရတော့ဘဲ ကိုယ်ပိုင်မျက်စိ နားတို့ဖြင့် ဝိဘင်းမြန်မာပြန်ကျမ်းကြီးကို ဖတ်ရှုနားလည်နိုင်ကြပေပြီ ဖြစ်ပေသတည်း။

## ၂-ဝိဘင်းပါဠိတော် မြန်မာပြန်ကျမ်းကြီး၏ အရည်အသွေး

ဘာသာပြန်ကျမ်းဟူသည်မှာ မူရင်းကျမ်း၏ အရသာကို မပျက်စေပဲ သဘောအဓိပ္ပါယ် ပေါ်လွင်ထင်ရှားအောင် ပြန်ဆိုနိုင်မှသာ အောင်မြင်သော ဘာသာပြန်ကျမ်း ဖြစ်နိုင်သည်။ အောင်မြင်သော ဘာသာပြန်ကျမ်းမျိုးကို ဖတ်ရှုရမှလည်း လေ့လာသူတို့ အကျိုးရှိမည်ဖြစ်သည်။

ဤဝိဘင်း ပါဠိတော်မြန်မာပြန်ကျမ်းသည် မူရင်းဝိဘင်းပါဠိတော်ကျမ်းကြီး၏ အရသာကို မပျက်စေပဲ သဘောအဓိပ္ပါယ်ပေါ်အောင် ရေးသားပြန်ဆိုနိုင်သောကျမ်း ဖြစ်ပါသည် ဟူ၍ ဤနိဒါန်းမှ အမွှန်းတင်ဂုဏ်ဖော်၍ ကြော်ငြာနေရုံမျှဖြင့် ပြီးနိုင်မည်မဟုတ်ပေ။ စာရှုသူတို့ ကျမ်းရင်းကို လေ့လာဖတ်ရှုသောအခါမှသာ ဘယ်လိုကျမ်းမျိုးဖြစ်သည်ကို တိတိကျကျ ဆုံးဖြတ်ချက်ချနိုင်ကြပေမည်။

သို့ဖြစ်လင့်ကစား ဤနိဒါန်းကို ဖတ်ခြင်းဖြင့် ကျမ်းရင်း၏အရသာကို မြိန်နိုင်ကြစေခြင်းငှါ အနည်းအကျဉ်းမျှ ရှင်းလင်းထုတ်ပြပါဦးအံ့။

ဤဝိဘင်းပါဠိတော် မြန်မာပြန်ကျမ်းကြီး၌ မူရင်းဝိဘင်းပါဠိတော်၏ အဆီဩဇာ အရသာ မပျက်စေဘဲ သုတေသီတို့ဖတ်ရှုခံစားနိုင်ကြစေရန် အနက်မြန်မာပြန်ဆိုရာတွင်—

http://www.dhammadownload.com



(က) ဝေါဟာရတ္ထ = ခေါ်ဝေါ်သုံးစွဲရိုးစကားလုံးဖြင့် ပြန်ဆိုခြင်း

(ခ) သဒ္ဒတ္ထ = သဒ္ဒါအနက်ထွက်သည့်အတိုင်း ပြန်ဆိုခြင်း

(ဂ) အဓိပ္ပါယတ္ထ = ဆိုလိုရင်းအဓိပ္ပါယ်နက်ကို ဖော်ပြ၍ ပြန်ဆိုခြင်း

(ဃ) အဋ္ဌကထာသဘောဖြင့် ရှင်းပြခြင်း

(င) ဋီကာသဘောဖြင့် ရှင်းပြခြင်း

(စ) အရကောက်သဘောဖြင့် ရှင်းပြခြင်း

(ဆ) ဂန္ထန္တရ = ကျမ်းတပါးလာအဓိပ္ပါယ်ဖြင့် ရှင်းပြခြင်း

(ဇ) ဝိနိစ္ဆယ = အဆုံးအဖြတ်သွင်း၍ ရှင်းလင်းပြခြင်း

(ဈ) အဓိပ္ပါယ်ကို ဖော်ထုတ်ပြခြင်း

(ည) ပါဠိတိမ်မြုပ်သည်ကို ဖော်ထုတ်ပြခြင်း

ဟူသော ၁၀-ပါးသော အခြင်းအရာတို့ဖြင့် ရှင်းလင်းပြန်ဆို၍ထားပေသည်။ ပုံဝိသာဓက ထုတ်၍ ထင်ရှားအောင် ရေးပြပါအံ့။

**(က) ဝေါဟာရတ္ထဖြင့် ပြန်ဆိုခြင်း။** ။ဝေါဟာရတ္ထဖြင့် ပြန်ဆိုခြင်းဟူသည်မှာ ယခုမျက်မှောက်ခေတ် ပြောဆို သုံးစွဲနေသည့် စကားဖြင့် အနက်မြန်မာ ပြန်ဆိုခြင်းဖြစ်သည်။

ပုံစံ– ဤဝိဘင်းမြန်မာပြန်ကျမ်း စာမျက်နှာ ၁-ကို ရှုပါ။ ရူပက္ခန္ဓော ဟူသော ဝိဘင်းပါဠိ ကျမ်းရင်းစကားကို "ရုပ်အစု" ရူပက္ခန္ဓာဟု ပြန်ဆိုထားသည်ကို တွေ့နိုင်ပေသည်။

ဤ၌ ရူပ ဟူသော ပါဠိကို သဒ္ဒတ္ထအားဖြင့် ဖောက်ပြန်တတ်သည့်တရားဟု မပြန်ဆိုမူ၍ ရုပ်ဟု မြန်မာဝေါဟာရရှိတိုင်း ပြန်ဆိုထားသည်၊ ခန္ဓ ဟူသော ပါဠိကို ခဲစားအပ်သော တရားဟု သဒ္ဒတ္ထ မပြန်မူ၍ အစုဟု မြန်မာဝေါဟာရရှိတိုင်း ပြန်ဆိုထားသည်။

ဤသို့သော ဝေါဟာရတ္ထ မြန်မာပြန်နည်းကိုကား ဤ ဝိဘင်းမြန်မာပြန်ကျမ်း၌ အမာခံ ကိုယ်ထည်အဖြစ် အသုံးပြု ပြန်ဆိုထားပေသည်။

**(ခ) သဒ္ဒတ္ထဖြင့် ပြန်ဆိုခြင်း။** ။သဒ္ဒတ္ထပြန်ဆိုခြင်း ဟူသည်မှာ သဒ္ဒါပုဒ်တဂ္ဂ၌ ပါဝင်သော ဓာတ်ပစ္စည်းတို့၏ အနက်ကို ဖော်ထုတ်၍ မြန်မာပြန်ဆိုခြင်း ဖြစ်သည်။

ပုံစံ–စာမျက်နှာ(၁)"ဝိညာဏက္ခန္ဓော"ဟူသော မူရင်းပါဠိကို သိမှု(စိတ်)အစု ဝိညာဏက္ခန္ဓာ ဟု ပြန်ဆိုထားသည်။

ဤ၌ ဝိညာဏပါဠိကို ပြောဆိုသုံးစွဲရိုး ဝေါဟာရတ္ထအားဖြင့် ဝိညာဉ်ဟု မပြန်ပဲ ဝိညာဏပုဒ်ရှိ ဉာဓာတ်၏ ဝိဇာနန-သိခြင်းအနက်၊ ယု-ပစ္စည်း ကာရိယ အန-၏ 'မှု'ဟူသော ဘာဝတ္ထကို ယူလျက် (ဉာ+အန=သိ+မှု) သိမှု-ဟု သဒ္ဒတ္ထအားဖြင့် ပြန်ဆိုထားသည်။

http://www.dhammadownload.com



ဤသို့ စသည်ဖြင့် သဒ္ဒတ္ထမြန်မာပြန်နည်းကိုလည်း ဤဝိဘင်းမြန်မာပြန်ကျမ်း၌ များစွာ အသုံးပြု ပြန်ဆိုထားပါသည်။

(ဂ) အဓိပ္ပါယတ္ထဖြင့် ပြန်ဆိုခြင်း။ ။အဓိပ္ပါယတ္ထဖြင့် ပြန်ဆိုခြင်းဟူသည်မှာ ဖာရဌာနအား လျော်စွာ လိုအပ်သော မှတ်ယူသင့်သော အနက်ကို ဖော်ပြ ပြန်ဆိုခြင်း ဖြစ်သည်။

ပုံစံ–စာမျက်နှာ(၁) ဒူရေ ရူပံ ဟူသော ပါဠိတော်ကျမ်းရင်း စကားကို ဝေးသောရုပ် ဟူ၍သာ မပြန်မူ၍ ဝေးသော ရုပ်ဟူသည် ဤ၌ မိမိနှင့် ယူဇနာပေါင်း မိုင်ပေါင်း အများကြီး ဝေးကွာသော နေရာ၌ ရှိသည့်ရုပ်ကို မယူသင့်၊ စင်စစ်မှာ ဉာဏ်ဖြင့်သိရန် မလွယ် ခက်ခဲသော ရုပ်ဖြစ်သည်ကို သိစေရန်အတွက် ဝေးသော(အသိခက်သော)ဒူရေရုပ်-ဟု အဓိပ္ပါယ်ယတ္ထ ပြန်ဆို ထားသည်။

နီးသော( သိလွယ်သော )သန္တိကေရုပ်-ဟူသည်လည်း ထိုနည်းအတူပင် အဓိပ္ပါယတ္ထ ပြန်ဆို ထား၏၊ ဤဝိဘင်းမြန်မာပြန်ကျမ်း၌ ဤသို့သော အဓိပ္ပါယတ္ထ ပြန်ဆိုချက်များကိုလည်း အများပင် တွေ့ရပေမည်။

(ဃ) အဋ္ဌကထာသဘောဖြင့် ရှင်းပြခြင်း။ ။ပါဠိတော်၏ အနက်ကို မြန်မာပြန်ရာတွင် အချို့ သောနေရာ၌ ပါဠိတော်လာစကားမျှဖြင့် မသိနိုင်၊ အဋ္ဌကထာဖွင့်ပြချက် ထည့်စွက်ရှင်းပြမှ သိသာမည်ဖြစ်သည်၊ ယင်းသို့သော နေရာ၌ ဤ ဝိဘင်း ကျမ်းအဖွင့် သမ္မောဟဝိနောဒနီအဋ္ဌကထာလာ အဓိပ္ပါယ်ကို အောက်ခြေမှ မှတ်ချက်ပြ၍ ရှင်းလင်းရေးသားသည်။

ပုံစံ–စာမျက်နှာ(၄) ပါဠိတော်၌ ဟီန=ယုတ်ညံ့သောရုပ်၊ ပဏီတ=မြင့်မြတ်သော ရုပ်အရကို မည်သို့မျှ တိတိကျကျ ဟောပြထားခြင်း မရှိပေ၊ ထိုသို့ မဟောသောကြောင့် ဟီနရုပ် ပဏီတရုပ် ဟူသည် ဘယ်လိုရုပ်မျိုး ဇရကောက်ယူရမည်ကို သိရန် လိုအပ်နေပေရာ အဋ္ဌကထာ၌ ကေန္တမုချ အစစ်အမှန်အားဖြင့် အကုသိုလ်ကံကြောင့် ဖြစ်သောရုပ်သည် ယုတ်ညံ့သည်၊ ဘယ်အခါမှ မြင့်မြတ်ခြင်းမရှိ၊ ကုသိုလ်ကံကြောင့် ဖြစ်သောရုပ်သည် မြင့်မြတ်သည်၊ ဘယ်အခါမှ ယုတ်ညံ့ခြင်း မရှိ၊ ထို့ကြောင့် ကိန်းသေမြဲသော နည်းအားဖြင့် ကမ္မဇရုပ်များကိုသာ ဟီန ပဏီတအဖြစ် ပဓာန ထား၍ ခွဲပြသည်၊ ယင်းအဋ္ဌကထာလာအတိုင်း ဤဝိဘင်းမြန်မာပြန်၌ ဟီန ပဏီတ အရ ကမ္မဇရုပ် များကို ခွဲ၍ကောက်ပြသည်၊ သို့ကောက်ပြသော်လည်း အပဓာနအားဖြင့်ကား ဥတုဇ အာဟာရဇ စိတ္တဇရုပ်များကိုလည်း ဟီန ပဏီတ ခွဲနိုင်သေးသည်ဟူသော အဋ္ဌကထာပြဆိုချက်ကိုလည်း အောက်ခြေမှတ်ချက် ရေးသားရှင်းလင်းထားသည်ကို တွေ့နိုင်ပေသည်။

ဤကဲ့သို့သော အဘိဓမ္မာပိဋကဆိုင်ရာ အဋ္ဌကထာအဖွင့်သဘော အဓိပ္ပါယ်အယူအဆများ ကိုလည်း ဤဝိဘင်းမြန်မာပြန်ကျမ်း၌ လိုရာ လိုရာ ထည့်သွင်း၍ ရှင်းလင်း ဖော်ပြထားပေသည်။

(င) ဋီကာ သဘောဖြင့် ရှင်းပြခြင်း။ ။ဝိဘင်းပါဠိတော်၌ အချို့လိုအပ်သော အဓိပ္ပါယ် သဘောများကို အဋ္ဌကထာက မပြဆိုပဲ ဋီကာကျမှ ပြဆိုထားသည်ကို တွေ့ရသည်၊ ယင်းသို့သော နေရာတို့၌ ဋီကာလာ အဓိပ္ပါယ်သဘောကိုပင် ထည့်သွင်းဖော်ပြထားပေသည်။

http://www.dhammadownload.com



ပုံစံ–စာမျက်နှာ ၁၀၂-၌ ဝေဒနာက္ခန္ဓာကို တိက်ဖြင့် ဝေဘန်ရာ၌ မင်္ဂတရားကို အာရုံပြုနိုင်သည့် ဝေဒနာရှိ မရှိ လေ့လာသူတို့ ယုံမှားသံသယကင်းစေရန် မူလဋီကာလာ အဓိပ္ပါယ်ကို ထည့်သွင်း ရှင်းပြထားသည်ကို တွေ့ရပေမည်။

ဤသို့ ဝိဘင်းမြန်မာပြန်ကျမ်း၌ အဘိဓမ္မာသဘာဝ အဓိပ္ပါယ်များကို ဋီကာကျမ်းမှလည်း ယူငင် ထည့်သွင်း ပြထားပေသည်။

(စ) အရကောက်သဘောဖြင့် ရှင်းပြခြင်း။ ။အဘိဓမ္မာသဘာဝများကို ပြဆို ရေးသားရာ၌ တရားကိုယ် အရကောက်ကို သိရန် အရေးအကြီးဆုံးဖြစ်သည်။ အရကောက်ကို မသိလျှင် အဘိဓမ္မာသဘာဝကို ပိုင်နိုင်စွာ မည်သည့်နည်းနှင့်မျှ မသိနိုင်ချေ။ ထို့ကြောင့် ဤဝိဘင်းမြန်မာပြန်ကျမ်း၌ ထည့်သွင်းရာတွင် အရကောက်များကိုလည်း ထည့်သွင်းရေးသားထားပေသည်။

ပုံစံ–စာမျက်နှာ ၁၄-၌ အာသဝဟူသောပုဒ်ကို တဏှာ ဒိဋ္ဌိ မောဟဟု အရကောက် ပြထားသည်ကို တွေ့နိုင်ပေသည်။ စာမျက်နှာ ၂၄-ကိုရှုလျှင် ဥပါဒါန်ပုဒ်အရကို တဏှာ ဒိဋ္ဌိ ၂-ပါး ဖြစ်သည်ဟု ကောက်ပြထားသည်ကိုလည်း တွေ့နိုင်ပေသည်။

ဤသို့ ဝိဘင်းပါဠိတော်၏ လိုအပ်မည်ထင်သော ပုဒ်များကို အရကောက်ပြထားပေရာ ဤဝိဘင်းမြန်မာပြန်ကျမ်းသည် တနည်းအားဖြင့် ဝိဘင်းအရကောက်ကျမ်းကြီးဟုပင် ခေါ်ဆိုနိုင်ပေသည်။

(ဆ) ဂန္ထန္တရကျမ်းတပါးဖြင့် ရှင်းပြခြင်း။ ။ဝိဘင်းကျမ်းဆိုင်ရာ အဓိပ္ပါယ် အယူအဆများမှာ အဘိဓမ္မာပိဋက ပါဠိ အဋ္ဌကထာ ဋီကာလာ စကားတို့ဖြင့် ရှင်းသည်ထက် အခြား သုတ္တန်ဝိနည်း ပိဋကပါဠိတော် အဋ္ဌကထာ ဋီကာလာစကားတို့ဖြင့် ရှင်းပြမှ ပို၍ ထင်ရှားသိသာမည့်အရာ၌ ဂန္ထန္တရ အခြားကျမ်းများမှ အဓိပ္ပါယ် သဘောများကိုလည်း ထည့်သွင်း ရှင်းလင်း ရေးသားထားပေသည်။

ပုံစံ–စာမျက်နှာ ၃၀၃။ ကောင်းကင်၌ တိုက်ခတ်သည့် အလွန် ထက်မြက်သော ဝေရမ္ဘလေအကြောင်းကို နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်နှင့် ယင်းအဋ္ဌကထာတို့မှ ယူငင် ထည့်သွင်း ရှင်းလင်းဖော်ပြထားပေသည်။

ဤသို့ ဂန္ထန္တရ ကျမ်းတပါးလာ စကားတို့ဖြင့် ရှင်းလင်း ပြချက်များကိုလည်း ဤကျမ်း၌ များစွာ တွေ့နိုင်ပေသည်။

(ဇ) ဝိနိစ္ဆယ အဆုံးအဖြတ် ထည့်သွင်းပြခြင်း။ ။ဝိဘင်းပါဠိတော်ကို မြန်မာ ပြန်ဆိုရာဘင် အချို့သော နေရာတို့၌ ထင်မှားဖွယ်ရာများ တွေ့ရှိရသည်။ အချို့သောနေရာ၌ မှားယွင်းချက်များကို တွေ့ရသည်။ ယင်းတွေ့ရှိချက်များကိုလည်း တိတိကျကျ ဆုံးဖြတ်ချက်ချ၍ ရှင်းပြထားပေသည်။

ပုံစံ–စာမျက်နှာ ၅၉-၌ ပါဠိတော်တို့၌ အချို့နေရာတွင် ဥပါဒိဏ္ဏဟုရင်း၊ အချို့နေရာတွင် ဥပါဒိန္နဟုရင်း ၂-မျိုး တွေ့ထတ်ပေရာ လေ့လာသူတို့ သို့လော သို့လော တွေးတော ယုံမှားဖွယ်

http://www.dhammadownload.com



ဖြစ်နေသောကြောင့် ၂-ပုဒ်လုံးပင် ပါဠိစာလုံး ကွဲသော်လည်း အနက်တူဖြစ်၍ မှန်ကန်ကြောင်း ဆုံးဖြတ်ချက် ရေးသားထားပေသည်။

ထို့ပြင် ဤကျမ်း စာမျက်နှာ ၂၁၃-၌ ဝိဘင်းပါဠိတော် စာမျက်နှာ ၅၉-တွင်ရှိသည့် "စက္ခု-ဝိညာဏံ။ပ။ မနောဝိညာဏံ"ဟူသော ပါဠိအပိုဖြစ်ကြောင်း ဆုံးဖြတ်ချက်ချ၍ ပြထားသည်။

ဤသို့သော ဆုံးဖြတ်ချက် ဝိနိစ္ဆယများကိုလည်း ဤဝိဘင်း မြန်မာပြန်ကျမ်း၌ ရေးသား ဖော်ပြထားပေသည်။

(ဈ) အဓိပ္ပါယ်တိမ်မြုပ်သည်ကို ဖော်ထုတ်ပြခြင်း။ ။အချို့သော နေရာတို့၌ ပါဠိတော်၏ ဆိုလိုရင်း မပေါ်သကဲ့သို့ဖြစ်ကာ လေ့လာသူတို့ အသိခက်ဖွယ် တိမ်မြုပ်ချက်များ ရှိသည်။ ယင်းသို့ တိမ်မြုပ်နေသည့်အရာများကို ဖော်ထုတ် ပြဆိုထားပေသည်။

ပုံစံ–စာမျက်နှာ ၂၁၀။ တိ သဝိဓနည်းအရ ဝိညာဏက္ခန္ဓာပေါင်း မည်မျှရှိသည်ကို အလွယ် နှင့် သိနိုင်အောင် တွက်ချက် ပြဆိုထားသည်ကို တွေ့ရပေမည်။

ဤသို့သော ဖော်ထုတ်ပြဆိုချက်များကိုလည်း ဤကျမ်း၌ များစွာ တွေ့နိုင်ပေသည်။

(ည) ပါဠိတိမ်မြုပ်သည်ကို ဖော်ထုတ်ခြင်း။ ။ဝိဘင်းပါဠိတော် အချို့သော အရာ ဌာနတို့၌ အလွန် ဉာဏ်ထက်မြက်သော သင်္ဂါယနာတင် ထေရ်အရှင်တို့က လွယ်သည်ဟု ယူဆကာ အပြည့်အစုံမပြပဲ ပေယျာလထိုး၍ အကျဉ်းချုံးထား ပေသည်။

ပေယျာလ-ဟူသည်မှာ ပေယျ+အလ-ဟု ပုဒ်ခွဲရ၍ ပေယျ=သိခြင်းငှါ+အလ=စွမ်းနိုင်ပြီ= သိနိုင်ပြီ-ဟု အဓိပ္ပါယ်ရသောပုဒ် ဖြစ်သည်။ သိနိုင်လောက်ပြီထင်ရသည့် နေရာဌာနတို့၌ အပြည့် အစုံ မရေးမူ၍ "ပေယျာလ=အကျယ်သိနိုင်ပြီ"ဟု အမှာထိုးတတ်ပေသည်။

ယင်းပေယျာလသည် (၁) အစ၌ ထိုးသည့် အာဒိပေယျာလ၊ (၂) အလယ်၌ ထိုးသည့် မဇ္ဈေပေယျာလ၊ (၃) အဆုံး၌ ထိုးသည့် အန္တပေယျာလ၊ (၄) အလုံးစုံကို မြုပ်ရာ၌ ထိုးသည့် သဗ္ဗပေယျာလ ဟူ၍ ၄-မျိုးရှိသည်။

ယင်း ၄-မျိုးကို အစပေယျာလအတွက် (ပ) အမှတ်အသား၊ အလယ်ပေယျာလအတွက်(ယ) သို့မဟုတ်(ဃ)အမှတ်အသား၊ အဆုံးပေယျာလအတွက်(လ)အမှတ်အသား၊ အလုံးစုံ ပေယျာလ အတွက် (ပေ) သို့မဟုတ် (ပေယျာလ) အမှတ်အသား ထိုးကြောင်း သဒ္ဒတ္ထဘေဒစိန္တာ သဒ္ဒါငယ် ကျမ်းနှင့် ရှေးပညာရှိတို့ အမှတ်အသားပြုထားကြသည်၊ နောက်ဆုံး သဗ္ဗပေယျာလကား ယခု အခါ မတွေ့ရသလောက် ရှားပေသည်။

ယခုခေတ်၌မူ ပေယျာလ ၄-မျိုးလုံးကိုပင် အကျဉ်းချုံးသည့် နေရာတိုင်း၌(ပ)ဟုရင်း (ပေ) ဟုရင်း တမျိုးတည်း သုံးစွဲလျက် ရှိတော့သည်။

ယင်းသို့ ပေယျာလထိုး၍ ချန်တတ်သည်ကို ရှေးခေတ် မြန်မာလူကြီးများက စကားပုံ ပြုလုပ်ကာ 'ပေယျာလကန်၊ ဝက္ကွက်ချန်သည်'ဟု သုံးစွဲလေ့ရှိကြသည်။

http://www.dhammadownload.com



ကျောင်းနေခဲ့လျက် စာမတတ်သူကို တွေ့လျှင်လည်း "သည်ကောင် စာမတတ်ပါဘူး၊ ကျောင်းနေတုန်းက ပထိုး လထိုးနှင့် ပြီးခဲ့သည်"ဟုလည်း ပုံခိုင်းပြောဆိုကြသည်။

ယင်းပေယျာလ ၄-မျိုးကို ဤဝိဘင်းကျမ်းရင်းနှင့် မြန်မာပြည်ကျမ်းဌ် အသုံးပြုထားချက်များ ရှိပေရာ ပုံစံအဖြစ် အနည်းအကျဉ်းမျှ ထုတ်ဖော်ပြပါအံ့။

၁။ **အာဒိပေယျာလ။** ။ဤကျမ်း စာမျက်နှာ ၂၁၆-နှင့် ဝိဘင်းပါဠိတော်ကျမ်းရင်း စာမျက်နှာ ၅၉-စာပိုဒ်နံပါတ် ၁၅၁-ကိုရှုပါ၊ ဟေတုဒုက်မှစ၍ သရဏဒုက်အဆုံး အထိ ဒုက်ပေါင်း ၁၀၀-တို့ဖြင့် မေးရမည်ကို အစဖြစ်သော ဟေတုဒုက် စသည်ဖြင့် မမေးမူ၍ (ပ)(=ပေယျာလ)ထိုးခဲ့ပြီး အဆုံးသရဏဒုက်ဖြင့် မေးထားသည်ကို တွေ့နိုင်ပေသည်။

၂။ **မဇ္ဈေပေယျာလ။** ။ဤကျမ်း စာမျက်နှာ ၁၀၅-နှင့် ဝိဘင်းပါဠိတော် စာမျက်နှာ ၂၄ တို့ကို ရှုပါ၊ ကုသလတိက်မှ အဇ္ဈတ္တာရမ္မဏတိက်အထိ ဝေဒနာကို ဝေဘန်နိုင်သည့်တိက် ၁၉-ခုတို့ဖြင့် ဝေဘန်ပြရမည်ကို အစ ကုသလတိက် ဝိပါကတိက်တို့ဖြင့် ဝေဘန်ပြီးလျှင် အလယ်တိက် ၁၆-ခုကို(ပ)ထိုးချန်ကာ အဆုံး အဇ္ဈတ္တာရမ္မဏတိက်ဖြင့် ဝေဘန် ထားသည်သို့ တွေ့နိုင်ပေမည်။

၃။ **အန္တပေယျာလ။** ။ဤကျမ်း စာမျက်နှာ ၉၀-နှင့် ဝိဘင်းပါဠိတော် စာမျက်နှာ ၁၉၊ စာပိုဒ်နံပါတ် ၄၁-ကို ရှုပါ။ ဝိပါကတိက်ကို မူတည်၍ ဟေတုဒုက်မှစ၍ ဒုက် ၅၀-မူလီသွင်းရမည်ကို အစဆုံး ဟေတုဒုက်ကိုသာ မူလီသွင်းပြပြီးလျှင် ကြွင်းကျန်သမျှ ဒုက် ၄၉-ခုကို မူလီသွင်းမပြတော့ပဲ (ပ)ထိုးချန်ထားသည်ကို တွေ့ရပေမည်။

၄။ **သဗ္ဗပေယျာလ။** ။ဤကျမ်း စာမျက်နှာ ၁၀၅-နှင့် ဝိဘင်းပါဠိတော် စာမျက်နှာ ၂၄-ကို ရှုပါ။ ဝိပါကတိက်ဖြင့် သတ္တကနည်း ပြည့်စုံအောင် ဝေဘန်ရမည်ကို မဝေဘန်ပဲ(ပ)ထိုးထားသည်၊ ယင်း(ပ)သည် ဝိပါကတိက်အတွက် အကျန်ကိုထိုးသည့်(ပ)ဖြစ်၍ အန္တပေယျာလဖြစ်သည်၊ အခြား ဥပါဒိန္နတိက် သတ္တကနည်းမှ အဇ္ဈတ္တတိက် သတ္တကနည်းအထိ သတ္တကနည်း ၁၇-ပါးအတွက်မူ အစ အလယ် အဆုံး တခုမျှ မပြဆိုမူ၍ (ပ)ထိုးသောကြောင့် သဗ္ဗပေယျာလ မည်လေသည်။

ယင်းသို့ သင်္ဂါယနာတင်ထေရ်အရှင်တို့သည် သိနိုင်လောက်ပြီဟု ယူဆကာ ပေယျာလ ထိုး ထားခဲ့သော်လည်း အချို့သော နေရာတို့၌ သိနိုင်ရန် ခက်နေသည်ကို တွေ့ရသည်။ ယင်းသို့အသိ ခက်သော ပေယျာလ တိမ်မြုပ်နေသော ပါဠိများကို ဤဝိဘင်းမြန်မာပြန်ကျမ်း၌ မှတ်ချက် ထိုးကာ အပြည့်အစုံ ထည့်သွင်း ပြဆိုရေးသားထားပေသည်။

ပုံစံအဖြစ် ဤကျမ်း စာမျက်နှာ ၅၉-၌ ရှုပါ။ အမှတ် ၆–ဥပါဒိန္န သနိဒဿန စတုက္ကမှစ၍ အမှတ် ၂၁-မဟာဘူတ ဒူရေ စတုက္ကအထိ ပါဠိတော် စာမျက်နှာ ၆၆-၌ ပ-ထိုးမြုပ်ထားသည်ကို ဤ မြန်မာပြန်ကျမ်း၌ ဖော်ထုတ် ပြဆိုထားသည်ကို တွေ့နိုင်ပေသည်။

http://www.dhammadownload.com



## ၁-ဝိဘင်းအဖွင့် အဆက်အနွယ်ကျမ်းများ

သာသနာ၌ သက်တော်ထင်ရှား သမ္ဗုဒ္ဓမြတ်စွာဘုရား၏ ကိုယ်စားတော်အတူ ရပ်နေတော်မူသော ဤဝိဘင်းကျမ်းကြီးသည်ကား ဓမ္မဂမ္ဘီရစသော နက်နဲခြင်း ၄-သွယ်ဖြင့် ကျယ်ဝန်းနက်နဲသောကြောင့် နောင်လာနောက်သား လူအများ ပိုင်းခြားကုန်လုံ အစုံအလင် သိမြင်နားလည်ခြင်းငှါ ခက်ခဲလေသောကြောင့် ဝိဘင်းကျမ်းကြီး၏ အဓိပ္ပါယ်အနက်ကို အဆက်ဆက်သော ကျမ်းများဖြင့် ဖွင့်ဆိုရေးသားခဲ့ကြသည်။

**သမ္မောဟဝိနောဒနီအဋ္ဌကထာ။** ။အရှင်မဟာဗုဒ္ဓဃောသသည် ဝိဘင်းအဖွင့် သမ္မောဟ ဝိနောဒနီအမည်ရှိ အဋ္ဌကထာကျမ်းကြီးကို ပြုစုတော်မူသည်။

ယင်းသမ္မောဟဝိနောဒနီကျမ်းကြီးကား အဘိဓမ္မာသဘာဝ ပရမတ္ထတရား အမျိုးအစား အများအပြားဆုံး အနက်အဓိပ္ပါယ် အကျယ်ဝန်း အပြည့်စုံဆုံး ဝေဘန်သည့် ဝိဘင်းကျမ်းကို ဖွင့်ဆိုသည့် အဖွင့်အဋ္ဌကထာကျမ်းကြီး ဖြစ်သည်အားလျော်စွာ အဘိဓမ္မာသဘောမျိုးစုံတို့၏ အဓိပ္ပါယ် အယူအဆ အဆုံးအဖြတ် ဝတ္ထုသက်သေစသည်တို့ဖြင့် များပြားစုံလင် ပြည့်ဝလှပါပေသည်။

**အဋ္ဌကထာကျမ်းများကို အမည်ပေးပုံ။** ။အရှင်မဟာဗုဒ္ဓဃောသသည် ဤ အဘိဓမ္မာပိဋကမှ အခြားပိဋကနိကာယ်တို့၏အဋ္ဌကထာများကို နာမည်ပေးရာ၌ ပိဋကတခု နိကာယ်တခု၏ အဋ္ဌကထာတွဲများကို အမည်တခုတည်းဖြင့်သာ မှည့်ဆိုပေသည်။

**ဝိနည်းအဋ္ဌကထာကျမ်း အမည်ပေးပုံ။** ။ဝိနည်းပိဋက၌ ပါရာဇိက ပါစိတ် မဟာဝါ စူဠဝါ ပရိဝါဟု ၅-ကျမ်းရှိရာ အဋ္ဌကထာ ၅-ကျမ်းပင် ပြုသော်လည်း အမည်အမျိုးမျိုး မခွဲခြားမူ၍ "သမန္တပါသာဒိက"ဟူသော အမည်တခုသာ မှည့်ဆိုခဲ့သည်။

**သုတ္တန်အဋ္ဌကထာကျမ်း အမည်ပေးပုံ။** ။ထို့အတူပင် ဒီဃနိကာယ် ၃-ကျမ်း၏အဖွင့် အဋ္ဌကထာအမည်ကို သုမင်္ဂလဝိလာသိနီ၊ မဇ္ဈိမနိကာယ် ၃-ကျမ်း အဋ္ဌကထာကို ပပဉ္စသူဒနီ၊ သံယုတ္တနိကာယ် ၅-ကျမ်း အဋ္ဌကထာကို သာရတ္ထပ္ပကာသိနီ၊ အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း အဋ္ဌကထာကို မနောရထပူရဏီဟု ကျမ်းမည်မှည့် များစေကာမူ နိကာယ်တခု၏ အဋ္ဌကထာကို အမည်တခုသာ မှည့်ဆိုပညတ်ခဲ့သည်။

**အဘိဓမ္မာအဋ္ဌကထာကျမ်း အမည်ပေးပုံ။** ။အဘိဓမ္မာပိဋက၌မူကား ဓမ္မသင်္ဂဏီကျမ်း၏ အဖွင့် အဋ္ဌကထာကို အဋ္ဌသာလိနီဟု အမည် ပေးခဲ့ပြီး ဤဝိဘင်းကျမ်းအဖွင့် အဋ္ဌကထာကို သမ္မောဟဝိနောဒနီဟု အမည်သစ်တမျိုး ပေးခဲ့သည်။

ယင်းသို့ပေးခြင်းမှာ ဤအဋ္ဌကထာသည် ရှေး၌ဖြစ်သော အဋ္ဌသာလိနီအဋ္ဌကထာကို နောက်ယောင်ခံ၍ လိုက်သည့် အဋ္ဌကထာမျိုး မဟုတ်၊ ရှေးအဋ္ဌကထာထက် သာလွန်သော သို့မဟုတ် တနည်းတဖုံ ထူးခြားသော အဋ္ဌကထာဟု သိစေရန် အမည်သစ်တမျိုး ကမ္ပည်းထိုးသည်ဟု ယူဆရပေသည်။

http://www.dhammadownload.com



**သမ္မောဟဝိနောဒနီဟူသော** အမည်မှာ သမ္မောဟ=တွေဝေလေးလံ **အမှန်** မသိခြင်းကို၊ **ဝိနောဒနီ=ပယ်ဖျောက်လွင့်မှုတ်** နှုတ်ပစ်တတ်သောကျမ်းဟု အနက်အဓိပ္ပါယ် ရရှိပေသည်။

ဤအဋ္ဌကထာကျမ်း၏ အနွတ္ထသည် အမည်နှင့် ကိုက်ညီသည့်ကျမ်းတဆူ ဖြစ်ကြောင်းကို လေ့လာကြည့်က သိနိုင်ကြပေသည်။

**မူလဋီကာ။** ။ဝိဘင်းကျမ်းနှင့် ဆက်စပ်သည့် ဒုတိယအဖွင့်ကျမ်းကား ငယ်မည် အာနန္ဒာအမည်ရှိ၍ ရဟန်းဘွဲ့ "ဝနရတနတိဿမဟာသာမိ" အမည်တော်ရှိ အရှင်မြတ် ပြုစုသည့် မူလဋီကာကျမ်း ဖြစ်သည်။

မြန်မာပြည်၌ စာတတ်အကျော် ဆရာတော်ဦးဗုဓ်၏ ရဟန်းဘွဲ့မည်မှာ အရှင်စက္ကိန္ဒဖြစ်သော်လည်း ဘွဲ့အမည်ကို အခေါ်အဝေါ်နည်းပြီး ငယ်မည် ဦးပုပ် ဦးဗုဓ်ဟုသာ ခေါ်ကြသကဲ့သို့ ထိုမူလဋီကကျမ်းပြုဆရာကိုလည်း နှောင်းလူတို့သည် ရဟန်းဘွဲ့မည် အရှင်ဝနရတနတိဿမဟာသာမိဟု မသုံးစွဲမူ၍ ငယ်မည်ကို အရှင်တပ်၍ အရှင်အာနန္ဒာဟု ခေါ်ကြဟန် ရှိပေသည်။ ထို အရှင်၏ ဋီကာကား အဆိုအမိန့် ထိမိ၍ တိုတောင်းပြတ်သားလှပေသည်။

မူလဋီကာ၏ အမည်ရင်းမှာ 'လီနတ္ထပဒဝဏ္ဏနာ'ဖြစ်သော်လည်း နောက်ထပ်ဖွင့်ဆိုသည့် အနုဋီကာကို ထောက်၍ 'မူလဋီကာ'ဟု တွင်လျက်ရှိသည်။

**အနုဋီကာ။** ။အနုဋီကာသည် မူလဋီကာ၌ မရှင်းလင်းသည့် အချက်များ၊ ကြွင်းကျန်နေသည့် အချက်များကို ထပ်ဆင့်ဖွင့်သည့် ဋီကာ ဖြစ်သည်၊ သဘောအားဖြင့်ကား မူလဋီကာ၏ဖွင့်ရာ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ယင်း၏ဖွင့်ရာ ဝိဘင်းပါဠိတော်တို့ကိုလည်း အဆင့်ဆင့်ဖွင့်သည် မည်သောကြောင့် ဝိဘင်းပါဠိတော်၏ တတိယမြောက် အဖွင့်ကျမ်းဟုလည်း ဆိုသင့်ပေသည်။

ယင်းအနုဋီကာကို အရှင်ဓမ္မပါလ ပြုစုတော်မူသည်၊ အရှင်ဓမ္မပါလကား အရှင်ဗုဒ္ဓဃောသမှတပါး အဋ္ဌကထာကျမ်း အများဆုံးပြုသူဖြစ်သဖြင့် သာသနာ၌ ဒုတိယစွဲသည့် အဋ္ဌကထာဆရာကြီးဖြစ်သည်၊ ဋီကာကျမ်း အများဆုံးပြုသဖြင့် ပဌမတန်း ဋီကာဆရာကြီးလည်း ဖြစ်ပေသည်။

အရှင်မြတ်၏ ဋီကာများမှာ အသိုင်းအဝိုင်း အဖွဲ့အနွဲ့မပါ လိုရင်းကိုသာ တိကျသောအဓိပ္ပါယ် တိကျသော ဝါကျဖွဲ့ထုံး တိကျသော စကားလုံးများဖြင့် ရေးသားထားပေရာ တနည်းတဖုံအားဖြင့် လေ့လာသူတို့အား စွဲမက်နှစ်သက်မှုကို ပေးနိုင်ပေသည်၊ ဝိနည်းပိဋကအဋ္ဌကထာ၏ အဖွင့်ဋီကာကိုမူကား အရှင်မြတ်ဓမ္မပါလ ပြုစုတော်မမူချေ၊ သုတ္တန်ပိဋက အဋ္ဌကထာတို့၏ အဖွင့်ကိုမူ လီနတ္ထပကာသိနီ ဟူသော အမည်တမျိုးတည်းဖြင့် ရေးသားပြုစုတော်မူသည်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၏ အဖွင့်ဋီကာကိုမူ ပရမတ္ထမဉ္ဇူသာဟု အမည်ပေးခဲ့သည်၊ ယခုအခါ မဟာဋီကာဟုသာ အခေါ်များပေသည်။

ဤအဘိဓမ္မာပိဋကအရာ၌မူ အဘိဓမ္မာအဋ္ဌကထာတို့၏ အဖွင့်မူလဋီကာကြီးအဖြစ် မရေးရတော့ပဲ ရင်းမူလဋီကာအဖွင့် အနုဋီကာအဖြစ်ဖြင့်သာ ရေးသားစီရင်ရပေသည်၊ သို့သော် အမည်ကိုမူကား အခြားဋီကာများအတိုင်းပင် လီနတ္ထပကာသိနီဟုသာ မှည့်ဆိုတော်မူသည်။

http://www.dhammadownload.com

## [ ၄၂ ] အဘိဓမ္မာ ဝိဘင်းပါဠိတော် မြန်မာပြန်

အရှင်ဓမ္မပါလစီရင်သည့် ဋီကာပေါင်းမြောက်မြားစွာရှိသည့်အနက် ဤအဘိဓမ္မာဆိုင်ရာ အနုဋီကာကျမ်းများသည်သာလျှင် အရှင်ဓမ္မပါလ၏ သီလ သမာဓိ ပညာအဟုန် ကျေးဇူးဂုဏ်ကို ပေါ်လွင်အောင် ပြသနိုင်စွမ်း အရှိဆုံးဟု ဆိုသင့်ပေသည်။

သိသာရန် အမြွက်မျှ ဖော်ပြပါအံ့—

အရှင်မဟာဗုဒ္ဓဃောသသည် အဘိဓမ္မာအဋ္ဌကထာကို ပြုစုတော်မူသည်၊ အရှင်အာနန္ဒာသည် ယင်းအဋ္ဌကထာကို ဖွင့်သည့် မူလဋီကာကို ပြုစုတော်မူသည်၊ များသောအားဖြင့် အဖွင့်အဋ္ဌကထာ ဋီကာကျမ်းတို့၏ သဘောမှာ မိမိဖွင့်ပြရာ ပါဠိတော်အဋ္ဌကထာတို့၌ ရှိသည့် ခက်ခဲသော ပုဒ်ပါဌ် အနက် အဓိပ္ပါယ်တို့ကို လွယ်ကူစွာ သိနိုင်အောင် ဖွင့်ရသည်၊ အနက်အဓိပ္ပါယ် အဆိုအမိန့် ယိမ်းယိုင်အားပြော့လျှင် တည့်မတ်ခိုင်မာ အားရှိအောင် ထိန်းသိမ်းဖေးမ ပေးရသည်။

ဤအဘိဓမ္မာအဋ္ဌကထာကို ဖွင့်သည့် မူလဋီကာ၌မူကား အဋ္ဌကထာ၏ ယိမ်းယိုင်အားပြော့သည့်အချက်များကို တွေ့လျှင် သို့မဟုတ် မိမိသဘောနှင့်မကိုက်ညီသည့် အချက်များကို တွေ့လျှင် "ဒါမဟုတ်ဘူး ဒါမဟုတ်ဘူး" ဟူ၍ အသံမာမာ မျက်နှာထားတင်းတင်းဖြင့် ငြင်းခုံရေးသားချက်များ ရှိနေပေသည်၊ သာသနာဝင်တလျှောက်လုံး၌ အဋ္ဌကထာဝါဒ ဋီကာဝါဒ ၂-မျိုးကွဲကာ နောင်လာ နောက်သားတို့ အသိခက် အယူခက်ဖွယ် လိမ်ယှက်ရှုပ်ထွေးနေပေသည်။

ဤသို့သော အဋ္ဌကထာနှင့် မူလဋီကာတို့၏ မပြေမပြစ် အထစ်ထစ်ဖြစ်နေသော အရာတို့ကို အရှင်ဓမ္မပါလသည် ပြေလည်အောင် ရှင်းလင်းသုတ်သင်၍ ဆုံးဖြတ်ချက်မျိုး ပါဝင်သော အနုဋီကာကျမ်းကို စီရင်တော်မူသည်။

ဓမ္မသတ်ဥပဒေကျမ်း တတ်ကျွမ်းလှသည့် တရားသူကြီးသည် မျက်နှာကြီး လူရည်တတ် အမှုသည် ၂-ဦး၏ သိမ်မွေ့နက်နဲ ခက်ခဲသောအမှုကို အဂတိလေးပါး မလိုက်စားပဲ တရားလမ်းမှန်ရောက်အောင် ဓမ္မသတ်ဥပဒေစီရင်ထုံးများကို အထောက်အထား အကိုးအကားပြဆိုကာ စီရင်ဆုံးဖြတ်ဘိသကဲ့သို့ အရှင်ဓမ္မပါလသည်လည်း အဋ္ဌကထာနှင့် မူလဋီကာတို့၏ အယူအဆ ဝါဒကွဲပြားငြင်းခုံချက်များကို အာဂမယုတ္တိ သဘာဝယုတ္တိ အစုံပြ၍ မိမိ၏အနုဋီကာ၌ အဆုံးအဖြတ်ချခြင်း ဝါဒချင်းနှီးနှောပြခြင်းများကို ပြုထားတော်မူပေရာ အရှင်မြတ်၏ အဂတိ ၄-ပါးကင်း၍ သန့်ရှင်းဖြူစင်သော သီလဂုဏ်၊ တည်ကြည်ကြံ့ခိုင် မယိမ်းယိုင်သော သမာဓိဂုဏ်၊ ပါဠိတော်အရပ်ရပ် ပိဋကတ်၌ နှံ့စပ်ခြင်းပညာဂုဏ်များသည် အရှင်မြတ်ပြုစုသည့် အခြားသော ဋီကာများထက် ဤအနုဋီကာမှာမူ ပိုမိုပေါ်လွင်ထင်ရှားလျက် ရှိပေသည်။

**သမ္မောဟဝိနောဒနီ ယောဇနာကျမ်း။** ။ယောဇနာကျမ်းဟူသည်မှာ မိမိဖွင့်ပြလိုရာ ပါဠိဘာသာဖြင့် ရေးသည့် ကျမ်းများ၏ အနက်သဘောကို ပါဠိဘာသာဖြင့်ပင် အများအားဖြင့် ပုဒ်၏အနက်ဖော်ခြင်း, စပ်သင့်ယှဉ်သင့်သော ပုဒ်အချင်းချင်း ယှဉ်စပ်ပြခြင်းများဖြင့် ဖွင့်ဆိုသော ကျမ်းမျိုးဖြစ်သည်။

ဤသမ္မောဟဝိနောဒနီယောဇနာကျမ်းသည်လည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ၏ အနက်ကိုရင်း ယှဉ်စပ်ရမည့်ပုဒ်များကိုရင်း ညွှန်းပြကာ ပါဠိဘာသာဖြင့် ဖွင့်သော ကျမ်းဖြစ်ပေသည်။

ဤကျမ်းကို " ပလိပ်စားရွာအရှေ့ မြို့သစ်မြို့နေ အရှင်သိရိမင်္ဂလ ပြုစီရင်ပော်မူသည် " ဟု မိုင်းခိုင်းမြို့စား စီရင်သည့် ပိဋကတ်တော်သမိုင်း၌ ရေးသားပြဆိုထားပေသည်။

http://www.dhammadownload.com



ခရစ်နှစ် ၁၉၂၈-ခုနှစ်၊ သုဓမ္မဝတီတိုက်၌ ရိုက်နှိပ်သော သမ္မောဟဝိနောဒနီယောဇနာကျမ်း၏ နိဂုံး၌မူ—

"ဣတိ သကလဗျာကရဏာသင်္ဂစာရိနာ ဉာဏကိတ္တိနာမ ဒေယျေန သာဋ္ဌကထ တိပိဋကဓရေန အဘိနဝပုရဿ ပစ္ဆိမုတ္တရ ဒိသာဘာဂေ ပတိဋ္ဌိတေ ပနသာရာမေ ဝသန္တေန ထေရေန ကတာ ဝိဘင်္ဂဋ္ဌကထာယ အတ္ထယောဇနာ သမတ္တာ"

ဟု ပါဠိဘာသာဖြင့် ရေးထားသည်။ ယင်းကို အနက်ပြန်ဆိုရမူ—

ဤသို့ အလုံးစုံသော ဗျာကရဏ်းကျမ်းတို့၌ မငြိမတွယ် ဉာဏ်ဖြင့် ကျက်စားနိုင်သော အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို ဆောင်နိုင်သော မြို့သစ်မြို့ အနောက်မြောက်ထောင့်ရှိ ပိန္နဲပင်ကျောင်း၌ နေထိုင်သော ဉာဏကိတ္တိအမည်ရှိသော မထေရ် ပြုစီရင်အပ်သော ဝိဘင်းအဋ္ဌကထာ၏ အနက်ယောဇနာကျမ်း ပြီးပြီ—

ဟူ၍ မြန်မာပြန်ဆိုရပေသည်၊ ဤအဆိုနှစ်ရပ် ကွဲလွဲနေရာ တကယ့်အမှန်ကို သိနိုင်ရန်ကား ဆက်လက်၍ သုတေသနပြုရပေဦးမည်။

**ဝိဘင်းပါဠိတော်နိဿယ။** ။ပိဋကတ်တော်သမိုင်း၌ ဝိဘင်းပါဠိတော်နိဿယရှိကြောင်း ပြဆိုထားသော်လည်း ကျမ်းပြုပုဂ္ဂိုလ်ကို ဖော်ပြနိုင်ခြင်း မရှိပေ။

"မည်သည့်သက္ကရာဇ် မည်သည့်မင်းလက်ထက်တွင် မည်သည့်ဆရာ စီရင်ကြောင်း နိဂုံး၌ မဆို"

ဟု အမှာရေးထားပေသည်၊ ခရစ်နှစ် ၁၉၀၉-ခုနှစ်၌ သုဓမ္မဝတီပုံနှိပ်တိုက်၌ ရိုက်နှိပ်သော ဝိဘင်းပါဠိတော်နိဿယစာအုပ်တွင်မူ နိဂုံးဟူ၍ မပါရှိသော်လည်း စာအုပ်အတွင်းဖုံးနှင့် နိဒါန်းတို့၌ ရွှေဥမင်ဆရာတော်၏တပည့် အရှင်တပါးပြုစုကြောင်း ဖော်ပြထားသည်၊ ထို့ပြင် အရှင်သာရမ္မေမူနှင့် မိုးထိဆရာတော် အရှင်ဇာဂရမူဟု နိဿယ ၂-စောင်လည်း ရှိပေသည်။

**ဝိဘင်းအဋ္ဌကထာနိဿယ။** ။သမ္မောဟဝိနောဒနီအမည်ရှိ(ဝိဘင်းအဋ္ဌကထာနိဿယ)ကို နေရင်းဆရာတော် အရှင်အရိယာလင်္ကာရ ပြုစုတော်မူသည်။

**မူလဋီကာနိဿယ။** ။မူလဋီကာနိဿယစာရင်းကို ပိဋကတ်တော်သမိုင်း၌—

၁။ နန်းကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မမူ

၂။ ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒမူ

၃။ ဂူကြီးဆရာတော် အရှင်ပညာသီဟမူ

၄။ ခင်မကန်ဆရာတော် အရှင်မဏိဇောတမူ

ဟူ၍ မူ ၄-မျိုး ဖော်ပြထားသည်။ ၃-နံပါတ်မူ၌သာ ဤဝိဘင်း မူလဋီကာ၏ နိဿယပါဝင်သည်။ ကျန် ၃-မူမှာ ဒွါရကထာတွင်၌သာ ရှိသည်ဟုလည်း အထူး ဖော်ပြထားသည်။

**အနုဋီကာနိဿယ။** ။အနုဋီကာနိဿယကို ပင်းယခေတ် အရှင်မဟာအရိယဝံသ ပြုစုသည်။ မဟာနိဿယခေါ်သည်ဟု ပိဋကတ်တော်သမိုင်း၌ ပြဆိုသည်။

http://www.dhammadownload.com



**သမ္မောဟဝိနောဒနီဂဏ္ဌိ။** ။ဂဏ္ဌိဟူသည်မှာ အဋ္ဌကထာ ဋီကာကျမ်းများ၌ရှိသော ခဲရာ ခဲဆစ် အမျက် အဖုများကို ဖြေရှင်းပြသော ကျမ်းမျိုးဖြစ်သည်။ ဤ သမ္မောဟဝိနောဒနီအဋ္ဌကထာ၏ ဂဏ္ဌိကျမ်းကို အမရပူရခေတ် ရွှေတောင်ဆရာတော် စီရင်တော်မူသည်။

ဤသည်တို့ကား လက်လှမ်းမှီသမျှ တွေ့ရှိရသည့် ဝိဘင်းပါဠိတော်၏ အဆက် အနွယ် အဖွင့် ကျမ်းများ ဖြစ်ပေသည်။

ဤသို့ ထင်ပေါ် ကျော်ကြား၍ ကြီးမား များပြားလှစွာသော အဖွင့်သံဝဏ္ဏနာ ကျမ်းများဖြင့် ဝိုင်းဝန်းခြံရံကာ သာသနာတော်၌တည်ရှိနေသည့် ဝိဘင်းပါဠိတော်ကျမ်းကြီးသည်ကား—

နက္ခတ် ကြယ်ဘာရာအပေါင်း ခြံရံ ဝန်းရံလျက် ကောင်းကင်ယံ၌ တဝင်းဝင်း တလက် လက် ရောင်ခြည်ဟုန် သန်းယှက်ကာ ထွက်ပြူပေါ်ထွန်းနေသည့် လပြည့်ဝန်းကြီးကဲ့သို့ရင်း။

ကျွန်းကြီးလေးသွယ် ကျွန်းငယ်များစွာ သီတာ ၇-တန် တောင်စဉ်ရံလျက် စမွာယ် တင့်တင့် မြင့်မြင့်မားမား ဝင့်ကြွားစွာ တည်ရှိနေသည့် မြင်းမိုရ်တောင်ကြီးကဲ့သို့ရင်း။

ပဒေသရာဇ် ကေရာဇ်မင်းအပေါင်းတို့ခြံရံ၍ ညီလာခံဝင် ဗိုလ်ရှုသဘင် ခံလျက်ရှိသော စကြ-ဝတေး မန္ဓာတ်မင်းကြီးကဲ့သို့ရင်း။

အဂ္ဂသာဝက မဟာသာဝက ပကတိသာဝကဟူသော သာဝကအများ ညွတ်တွား ကော်ရော် ပူဇော်ဆည်းကပ် ဝန်းရံပတ်ကာ တင့်တယ်စွာ သီတင်းသုံးစံနေတော်မူသော သုံးလောကထိပ်တင် သဗ္ဗညုဘုရားရှင်ကဲ့သို့ရင်း။

အလွန်လျှင် ကြည်လင်လှစွာ သဒ္ဒါတရား ဖြစ်ပွါးစဘွယ် တင့်တယ်လှစွာ ထယ်ဝါခန့်ညား သောအသွင်ဖြင့် သာသနာ့ဂုဏ်ရောင်ကို ထွန်းပြောင် တောက်ပစေလျက်ရှိပေသတည်း။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဝိဘင္ဂဝါဒီဘုရားရှင်သည် ဝေဘန်ဉာဏ်အဟုန်ကို အစွမ်းကုန် ကွန့်မြူးကာ ဟောကြားတော်မူခဲ့ပေသည်။ ဤသို့လျှင် ဂုဏ်ထူးဝိသေသတို့နှင့် ပြည့်ဝစုံလင်သော အဘိဓမ္မာ ပိဋကအပါအဝင် ဝိဘင်းပါဠိတော်ကျမ်းကြီးကို ကျမ်းရင်းလာအတိုင်း အဓိပ္ပါယ် အနက် မပျက်မယွင်းစေမူ၍ ဘာသာပြန်ကျမ်းတို့၏ ကောင်းမြတ်သောအင်္ဂါရပ်နှင့် ညီညွတ်စေ လျက် အဓိကအားဖြင့် ၁၀-ချက်မျှသော ထူးခြားသောအချက်တို့နှင့် ပြည့်နှက်စုံလင်သည့် ဝိဘင်း ပါဠိတော် မြန်မာပြန်ကျမ်းကြီးကို ဗုဒ္ဓသာသနာအဖွဲ့ကြီးက ပြုပြင်စီရင်ရေးသားလိုက်ပေပြီ။

ယင်း ဝိဘင်းမြန်မာပြန်ကျမ်းကြီးကိုပင် ဗုဒ္ဓသာသနာအဖွဲ့ စာပုံနှိပ်တိုက်မှလည်း—

(၁) မရှုပ်ထွေးစေရန် လိုရင်းစကားရပ်များကို သင့်လျော်စွာ ပိုင်းဖြတ်ခြင်း၊

(၂) ခေါင်းစည်းကြီး ခေါင်းစည်းသေးများ တပ်ခြင်း၊

(၃) အကိုးအကား ကျမ်းညွှန်းများ ရှာဖွေထည့်ခြင်း၊

(၄) လိုအပ်ရာရာတို့၌ မျက်နှာမဲ့စာလုံး လက်သဲကွင်း ဒေါင့်ကွင်း ကော်မာ ဒက် စသည့် ကောင်းမြတ်သည့် အစီအစဉ် သင်္ကေတများ ထည့်သွင်းခြင်း၊

http://www.dhammadownload.com



(၅) အဘိဓမ္မာဝေါဟာရ အက္ခရာဝလိ ထည့်ခြင်း၊

(၆) အသေးစိတ် မာတိကာ ထည့်ခြင်း၊

(၇) မှတ်သားဖွယ် နိဒါန်းသွယ်ခြင်း—

စသော ကောင်းမြတ်သည့် ဂုဏ်အင်္ဂါတို့နှင့်အညီ ပုံနှိပ်ထုတ်ဝေလိုက်ပေပြီ။

ယင်းသို့ ကောင်းခြင်းအဖုံဖုံ ဂုဏ်ပေါင်းစုံတို့ဖြင့် ကုံလုံ ပြည့်လျှမ်းသည့် ဝိဘင်း မြန်မာပြန် ကျမ်းကြီးသည်—

ဝိဘင်္ဂပါဠိ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဝေဘန်ဉာဏ် တမ်းခွန်ကို အဆုံးစွန် မြင့်မောက်အောင် လှင့်ဆောက် စိုက်ထူတော်မူလျက် အဘိဓမ္မသဘာဝ ပရမတ္ထတရားများကို ဟောကြားတော်မူရာ ကျမ်းကြီးဖြစ်သည်အားလျော်စွာ ဤကျမ်းကြီး၏ အဓိပ္ပါယ်သဘောတရားများတို့ သေချာစေ့ငု ဖတ်ရှုလေ့လာ၍ အရာရာတိုင်း၌ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းသော အသိဉာဏ်ပညာ တိုးတက် ပွင့်လန်း ကြ၍ သူတော်ကောင်းတရား ပြန့်ပွါးအောင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

---

### ဝိဘင်းပါဠိတော် မြန်မာပြန်

### ပဋိဝိသောဓကနှင့် ဩဿာန သောဓေယျပတ္တပါဌကအဖွဲ့ဆရာတော်များ

၁။ ဦးဝိသုဒ္ဓါဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ပဌာန်းဆရာတော်၊ပါဠိနယ္ယူပဒေသကျောင်း၊ မစိုးရိမ် ကျောင်းတိုက်၊ မန္တလေးမြို့။

၂။ ဦးဉာဏာဘိဝံသ၊ ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ ဆရာတော်၊ ဝိနယနယ္ယူပဒေသ ကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေးမြို့။

၃။ ဦးသိရိန္ဒာဘိဝံသ၊ ပရိယတ္တိသာသနဟိတ (သကျသီဟ) ဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိ ယနှင့် အစိုးရ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။

၄။ ဦးနာယကာဘိဝံသ၊ ပရိယတ္တိသာသနဟိတ (သကျသီဟ) ဓမ္မာစရိယနှင့် အစိုးရသာသန ဓဇသိရီပဝရဓမ္မာစရိယ၊ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။

http://www.dhammadownload.com

http://www.dhammadownload.com

### အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ခန္ဓဝိဘင်္ဂ

## (ခန္ဓာတို့ကို ဝေဖန်ဟောကြားသည့် ခန္ဓဝိဘင်းအခဏ်း)

### ၁-သုတ္တန္တဘာဇနီယ

### (သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော သုတ္တန္တဘာဇနီယနည်း)

**ခန္ဓာငါးပါး** ၁။ ခန္ဓာငါးပါးတို့ကား—

ရုပ်အစု 'ရူပက္ခန္ဓာ'၊ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု(စိတ်)အစု 'ဝိညာဏက္ခန္ဓာ'တို့တည်း။

### ၁-ရူပက္ခန္ဓ (ရုပ်အစု)

**ရူပက္ခန္ဓာ(ရုပ် ၁၁-မျိုး)** ၂။ ထို(ခန္ဓာငါးပါးတို့)တွင် အဘယ်သည် ရုပ်အစု 'ရူပက္ခန္ဓာ'မည်သနည်း။

ဖြစ်ပြီး 'အတီတ'ရုပ်၊ ဖြစ်လတ္တံ့ 'အနာဂတ'ရုပ်၊ ဖြစ်ဆဲ 'ပစ္စုပ္ပန္န'ရုပ်၊ အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တ'ရုပ်၊ အပသန္တာန်၌ဖြစ်သော 'ဗဟိဒ္ဓ'ရုပ်၊ ကြမ်းတမ်းသော 'ဩဠာရိက'ရုပ်၊ နူးညံ့သိမ်မွေ့သော 'သုခုမ'ရုပ်၊ ယုတ်ညံ့သော 'ဟီန'ရုပ်၊ မြင့်မြတ်သော 'ပဏီတ'ရုပ်၊ ဝေးသော(အသိခက်သော)'ဒူရေ'ရုပ်၊ နီးသော(သိလွယ်သော)'သန္တိကေ'ရုပ်တည်းဟူသော အလုံးစုံသောအကြင်ရုပ်သည် ရှိ၏။ ထို(အားလုံးသော ရုပ် ၁၁-မျိုးတို့)ကို တပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤသဘောကို ရုပ်အစု 'ရူပက္ခန္ဓာ'ဟု ဆိုအပ်၏။

**အဘိ မြန် ၂-၁—၀-၄-၀-၁-၀**

http://www.dhammadownload.com



(၁) အတိတ်ရုပ် ၃။ ထို (၁၁-မျိုးသောရုပ်တို့) တွင် အဘယ်ရုပ်သည် ဖြစ်ပြီးရုပ် 'အတိတ်ရုပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ'ရုပ်ဟု ဆိုအပ်သော အကြင် ရုပ်သည် လွန်ပြီး ဖြစ်၏ (အတီတံ)၊ ချုပ်ပြီးဖြစ်၏ (နိရုဒ္ဓံ)၊ ကင်းပြီးဖြစ်၏ (ဝိဂတံ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်၏ (ဝိပရိဏတံ)၊ ချုပ်ခြင်းသို့ ရောက်ပြီး ဖြစ်၏ (အတ္ထင်္ဂတံ)၊ အလွန် ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏(အဗ္ဘတ္ထင်္ဂတံ)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်၏ (ဥပ္ပဇ္ဇိတွာ ဝိဂတံ)၊ လွန်ပြီးဖြစ်၏ (အတီတံ)၊ လွန်ပြီးသော အတိတ်တရား အစုအဘို့ဖြင့် ရေတွက်အပ်၏ (အတီတံသေန သင်္ဂဟိတံ)။ ဤ(ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို ဖြစ်ပြီးရုပ် 'အတိတ်ရုပ်'ဟု ဆိုအပ်၏။

(၂) အနာဂတ်ရုပ်။ ။ထို(၁၁-မျိုးသောရုပ်တို့) တွင် အဘယ်ရုပ်သည် ဖြစ်လတ္တံ့ရုပ် 'အနာဂတ်ရုပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ'ရုပ်ဟု ဆိုအပ်သော အကြင်ရုပ်သည် မဖြစ်ပေါ်သေး (အဇာတံ)၊ မထင်ရှားသေး (ထင်ရှားမရှိသေး) (အဘူတံ)၊ ကောင်းစွာ မဖြစ်မရှိသေး (လုံးဝ မဖြစ်မရှိသေး) (အသဉ္ဇာတံ)၊ မဖြစ်သေး (အနိဗ္ဗတ္တံ)၊ အသစ်မဖြစ်သေး(အနဘိနိဗ္ဗတ္တံ)၊ ထင်ရှားမဖြစ်သေး(အပါတုဘူတံ)၊ မဖြစ်ပေါ်သေး(အနုပ္ပန္နံ)၊ ကောင်းစွာ မဖြစ်ပေါ်သေး(လုံးဝမဖြစ်ပေါ်သေး) (အသမုပ္ပန္နံ)၊ မပေါ်ပေါက်သေး(အနုဋ္ဌိတံ)၊ ကောင်းစွာ မပေါ်ပေါက်သေး (လုံးဝ မပေါ်ပေါက်သေး) (အသမုဋ္ဌိတံ)၊ မရောက်လာသေး (အနာဂတံ)၊ မရောက်လာသေးသော အနာဂတ်တရား အစုအဘို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ဂဟိတံ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း)ကို ဖြစ်လတ္တံ့ရုပ် 'အနာဂတ်ရုပ်' ဟု ဆိုအပ်၏။

(၃) ပစ္စုပ္ပန်ရုပ်။ ။ထို (၁၁-မျိုးသောရုပ်တို့) တွင် အဘယ်ရုပ်သည် ဖြစ်ဆဲရုပ် 'ပစ္စုပ္ပန်ရုပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ'ရုပ် ဟု ဆိုအပ်သော အကြင်ရုပ်သည် ဖြစ်ဆဲဖြစ်၏(ဇာတံ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏(ဘူတံ)၊ ကောင်းစွာ ဖြစ်ရှိဆဲဖြစ်၏ (သဉ္ဇာတံ)၊ ဖြစ်ဆဲဖြစ်၏(နိဗ္ဗတ္တံ)၊ အသစ်ဖြစ်ဆဲဖြစ်၏ (အဘိနိဗ္ဗတ္တံ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ပါတုဘူတံ)၊ ဖြစ်ပေါ်ဆဲဖြစ်၏(ဥပ္ပန္နံ)၊ ကောင်းစွာဖြစ်ပေါ်ဆဲဖြစ်၏(သမုပ္ပန္နံ)၊ ပေါ်ပေါက်ဆဲ ဖြစ်၏ (ဥဋ္ဌိတံ)၊ ကောင်းစွာပေါ်ပေါက်ဆဲဖြစ်၏ (သမုဋ္ဌိတံ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်၏ (ပစ္စုပ္ပန္နံ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်တရား အစုအဘို့ဖြင့် ရေတွက်အပ်၏ (ပစ္စုပ္ပန္နံသေန သင်္ဂဟိတံ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း)ကို ဖြစ်ဆဲရုပ် 'ပစ္စုပ္ပန်ရုပ်' ဟု ဆိုအပ်၏။

(၄) အဇ္ဈတ္တရုပ် ၄။ ထို (ရုပ် ၁၁-မျိုးတို့) တွင် အဘယ်ရုပ်သည် အတွင်းသန္တာန်၌ ဖြစ်သော ရုပ် 'အဇ္ဈတ္တရုပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ'ရုပ် ဟု ဆိုအပ်သော အကြင်ရုပ်သည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ဖြစ်၏ (အဇ္ဈတ္တံ)၊ ကိုယ်ကိုစွဲ၍ဖြစ်၏

http://www.dhammadownload.com



(ပစ္စတ္တံ)၊ မိမိကိုယ်ပိုင်ဥစ္စာဖြစ်၏ (နိယကံ)၊ အသီးအခြားပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်၏ (ပါဋိပုဂ္ဂလိကံ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ) [၁]။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း)ကို အတွင်းသန္တာန်၌ဖြစ်သောရုပ် 'အဇ္ဈတ္တရုပ်'ဟု ဆိုအပ်၏။

(၅) ဗဟိဒ္ဓရုပ်။ ။ထို (ရုပ် ၁၁-မျိုးတို့) တွင် အဘယ်ရုပ်သည် အပသန္တာန်၌ဖြစ်သောရုပ် 'ဗဟိဒ္ဓရုပ်'မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ'ရုပ် ဟုဆိုအပ်သော အကြင်ရုပ်သည် ထိုထိုတပါးသော သတ္တဝါ,တပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းအဇ္ဈတ္တသန္တာန်၌ဖြစ်၏ (ပရပုဂ္ဂလ အဇ္ဈတ္တံ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ကိုစွဲ၍ ဖြစ်၏ (ပစ္စတ္တံ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာဖြစ်၏ (နိယကံ)၊ (တပါးသောပုဂ္ဂိုလ်တို့၏) အသီးအခြားပုဂ္ဂိုလ်ပိုင် ဥစ္စာဖြစ်၏(ပါဋိပုဂ္ဂလိကံ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ဖြစ်၏(တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို အပသန္တာန်၌ဖြစ်သော ရုပ် 'ဗဟိဒ္ဓရုပ်'ဟု ဆိုအပ်၏။

(၆) ကြမ်းတမ်းသော ဩဠာရိက ရုပ် ၅။ ထို(ရုပ် ၁၁-မျိုးတို့)တွင် အဘယ်ရုပ်သည် ကြမ်းတမ်းသော ရုပ် 'ဩဠာရိကရုပ်' မည်သနည်း။

မြင်သိစိတ် စက္ခုဝိညာဏ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတနရုပ်'၊ ကြားသိစိတ် သောတဝိညာဏ်ဖြစ်ရာ နားအကြည် 'သောတာယတနရုပ်'၊ နံသိစိတ် ဃာနဝိညာဏ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတနရုပ်'၊ လျက်သိစိတ် ဇိဝှါဝိညာဏ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတနရုပ်'၊ ထိသိစိတ် ကာယဝိညာဏ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတနရုပ်'။

မြင်သိစိတ် စက္ခုဝိညာဏ်ဖြစ်ကြောင်း အဆင်း 'ရူပါယတနရုပ်'၊ ကြားသိစိတ် သောတဝိညာဏ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတနရုပ်'၊ နံသိစိတ် ဃာနဝိညာဏ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတနရုပ်'၊ လျက်သိစိတ် ဇိဝှါဝိညာဏ်ဖြစ်ကြောင်း အရသာ 'ရသာယတနရုပ်'၊ ထိသိစိတ် ကာယဝိညာဏ်ဖြစ်ကြောင်း တွေ့ထိမှု 'ဖောဋ္ဌဗ္ဗာယတနရုပ်'သည် ရှိ၏။ ဤ(ဆိုခဲ့ပြီးသော ရုပ် ၁၂-ပါးတို့) ကို ကြမ်းတမ်းသောရုပ် 'ဩဠာရိကရုပ်'ဟု ဆိုအပ်၏။

(၇) နူးညံ့သိမ်မွေ့သော သုခုမရုပ်။ ။ထို(ရုပ် ၁၁-မျိုးတို့)တွင် အဘယ်ရုပ်သည် နူးညံ့သိမ်မွေ့သော ရုပ် 'သုခုမရုပ်' မည်သနည်း။

မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေရုပ်'၊ ယောကျ်ား(အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေရုပ်'၊ အသက်ရှင်ကြောင်း၌ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေရုပ်'၊ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သော ကိုယ်အမူအရာ 'ကာယဝိညတ်ရုပ်'၊ (မိမိ၏အလိုဆန္ဒကို) သိစေတတ်သော နှုတ်မြွက်မှု အမူအရာ 'ဝစီဝိညတ်ရုပ်'၊ မရေးခြစ်အပ်သော (ရုပ်တခုနှင့် တခုကို ပိုင်းခြားသော ဟင်းလင်း)သဘော 'အာကာသဓာတုရုပ်'၊ (နိပ္ဖန္န)ရုပ်၏ ပေါ့ပါးမှု 'လဟုတာ

---

[၁] ဤနေရာ၌ ရုပ်အားလုံးသည်ပင် 'ဥပါဒိန္န'ဖြစ်သည်ဟု ဆိုလိုသည်၊ ထို့ကြောင့် 'ဥပါဒိန္န'ပုဒ်၏အနက်ကို 'ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏'ဟု မြန်မာပြန်ဆိုရမည်ဖြစ်သည်၊ ဥပါဒိန္နတ္တိက် အဖွင့်၌ 'ဥပါဒိန္န'ပုဒ်၏ အဓိပ္ပါယ်ကို 'ကမ္မဇ'ဟု ဖွင့်သည်၊ တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် တရားအားလုံးကိုလည်း 'ဥပါဒိန္န'ဟု ခေါ်သည်ဟု ဖွင့်ပြသေးသည်။ (စာပိုဒ် ၁၀၅၀၊ အဋ္ဌသာလိနီ၊ မူလဋီကာ)။

http://www.dhammadownload.com



ရုပ်'၊ (နိပ္ဖန္န)ရုပ်၏ နူးညံ့မှု 'မုဒုတာရုပ်'၊ (နိပ္ဖန္န)ရုပ်၏ အလုပ်၌ ခံမှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ကမ္မညတာရုပ်'၊ (နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ 'ဥပစယရုပ်'၊ (နိပ္ဖန္န)ရုပ်၏ ကြီးပွါးဆဲအစဉ် 'သန္တတိရုပ်'၊ (နိပ္ဖန္န)ရုပ်၏ ယိုယွင်းရင့်ရော်လျော့ပါးမှု 'ဇရတာရုပ်'၊ (နိပ္ဖန္န)ရုပ်၏ ချုပ်ပျက်၍ မမြဲမှု (ပျောက်ပျက်ချုပ်ဆုံးမှု) 'အနိစ္စတာရုပ်'၊ ဖွဲ့စည်းမှုသဘော 'အာပေါရုပ်'၊ (မနောဓာတ် မနောဝိညာဏဓာတ်တို့၏ တည်ရာ ဆောင်ထားတတ်သော သဘော 'ဟဒယဝတ္ထုရုပ်')၊ အလုတ်အလွေးပြုအပ်သော အစားအစာ 'ကဗဠီကာရအာဟာရရုပ်'သည် ရှိ၏။ ဤ (ဆိုခဲ့ပြီးသောရုပ်အပေါင်း)ကို နူးညံ့သိမ်မွေ့သောရုပ် 'သုခုမရုပ်' ဟု ဆိုအပ်၏။

(ဂ) ဟီနရုပ် ၆။ ထို (ရုပ် ၁၁-မျိုးတို့)တွင် အဘယ်ရုပ်သည် ယုတ်ညံ့သောရုပ် 'ဟီနရုပ်' မည်သနည်း။

အဆင်း 'ရူပ'၊ အသံ 'သဒ္ဒ'၊ အနံ့ 'ဂန္ဓ'၊ အရသာ 'ရသ'၊ တွေ့ထိမှု (အတွေ့) 'ဖောဋ္ဌဗ္ဗ'ဟု ဆိုအပ်သော အကြင် ရုပ်ကို ထိုထိုသတ္တဝါတို့သည် မထိမဲ့မြင်အားဖြင့် သိအပ်၏ (ဥညာတံ)၊ ရွတ်ချသောအားဖြင့် သိအပ်၏ (အဝညာတံ)၊ ပစ်ပယ်အပ်၏၊ စက်ဆုပ်အပ်၏ (ဟီဠိတံ)၊ နှိပ်စက်အပ်၏ (နှိပ်ချကဲ့ရဲ့အပ်၏) (ပရိဘူတံ)၊ အလေးမပြုအပ် (အရိုအသေမပြုအပ်) (အစိတ္တီကတံ)၊ ယုတ်ညံ့၏ (ဟီနံ)၊ ယုတ်ညံ့၏ဟု သိအပ်၏ (ဟီနမတံ)၊ ယုတ်ညံ့၏ဟု သမုတ်အပ်၏ (ဟီနသမ္မတံ)၊ မလိုချင်အပ်(အနိဋ္ဌံ)၊ မနှစ်သက်အပ် (အကန္တံ)၊ စိတ်နှလုံး၌ မသက်ဝင်အပ် (မနှစ်လိုအပ်) (အမနာပံ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို ယုတ်ညံ့သော ရုပ် 'ဟီနရုပ်' ဟု ဆိုအပ်၏ (အကုသိုလ်ကမ္မဇရုပ်)[၁]။

(ဃ) ပဏီတရုပ်။ ။ထို(ရုပ် ၁၁-မျိုးတို့) တွင် အဘယ်ရုပ်သည် မြင့်မြတ်သောရုပ် 'ပဏီတရုပ်' မည်သနည်း။

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ ဟု ဆိုအပ်သော အကြင်ရုပ်ကို ထိုထိုသတ္တဝါတို့သည် မထိမဲ့မြင်အားဖြင့် မသိအပ် (မထိမဲ့မြင်ပြုအပ်သော ရုပ်မဟုတ်ဟု စိတ်၌ သိအပ်၏) (အနုညာတံ)၊ ရွတ်ချသောအားဖြင့် မသိအပ် (ရွတ်ချအပ်သော ရုပ်မဟုတ်ဟု စိတ်၌ သိအပ်၏) (အနဝညာတံ)၊ မပစ်ပယ်အပ်၊ မစက်ဆုပ်အပ် (အဟီဠိတံ)၊ မနှိပ်စက်အပ် (မနှိပ်ချ မကဲ့ရဲ့အပ်) (အပရိဘူတံ)၊ အလေးပြုအပ်၏ (ရိုသေအပ်၏) ( စိတ္တီကတံ )၊ မြင့်မြတ်၏ (ပဏီတံ)၊ မြင့်မြတ်၏ဟု သိအပ်၏ (ပဏီတမတံ)၊ မြင့်မြတ်၏ဟု သမုတ်အပ်၏(ပဏီတသမ္မတံ)၊ လိုချင်အပ်၏ (ဣဋ္ဌံ)၊ နှစ်သက်အပ်၏ (ကန္တံ)၊ စိတ်နှလုံး၌ သက်ဝင်၏ (နှစ်လိုဖွယ်ဖြစ်၏) (မနာပံ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို မြင့်မြတ်သောရုပ် 'ပဏီတရုပ်' ဟု ဆိုအပ်၏ (ကုသိုလ်ကမ္မဇရုပ်)[၂]။

တနည်းကား၊ ထိုထိုရုပ်ကို စွဲ၍ စွဲ၍ ထောက်ဆ၍ ထောက်ဆ၍ (ရုပ်တခုနှင့်တခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ယုတ်ညံ့သောရုပ် 'ဟီနရုပ်' နှင့် မြင့်မြတ်သောရုပ် 'ပဏီတရုပ်' ကို မှတ်အပ်၏[၃]။

---

၁၊ ၂၊ ၃။ ဤနေရာ၌ အကုသိုလ်ကံကြောင့် ဖြစ်သော ကမ္မဇရုပ်ကို 'ဟီနရုပ်' ဟုရင်း၊ ကုသိုလ်ကံကြောင့် ဖြစ်သော ကမ္မဇရုပ်ကို 'ပဏီတရုပ်' ဟုရင်း အရကောက်အားဖြင့် ဦးစားပေး၍ ပြထားခြင်းမှာ ပဓာနနည်းအားဖြင့်သာ ပြခြင်းဖြစ်သည်၊ စင်စစ်မှာ အားလုံးသော စတုဇရုပ် များကိုပင် ယူနိုင်သည်ဟု ဆိုထားသည် (သမ္မောဟဝိနောဒနီ စာမျက်နှာ ၉)။

http://www.dhammadownload.com



(၁၀) ဒူရေရုပ် ၇။ ထို(ရုပ် ၁၁-မျိုးတို့)တွင် အဘယ်ရုပ်သည် ဝေးသောရုပ် (အသိခက်သော ရုပ်) 'ဒူရေရုပ်' မည်သနည်း။

ဣတ္ထိန္ဒြေရုပ်။ပ။ ကဗဠီကာရအာဟာရရုပ်တို့တည်း (သုခုမရုပ် ၁၆-ပါး)။

ထို့ပြင်လည်း အကြင်ရုပ်သည် မနီးရာ၌ ရှိ၏(အနာသန္နေ)၊ မကပ်ရာ၌ ရှိ၏(အနုပကဋ္ဌေ)၊ ဝေးရာ၌ ရှိ၏(ဒူရေ)၊ အနီးမဟုတ်ရာ၌ရှိ၏ (အသန္တိကေ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း)ကို ဝေးသောရုပ် 'ဒူရေရုပ်'ဟု ဆိုအပ်၏။

(၁၁) သန္တိကေရုပ်။ ။ထို (ရုပ် ၁၁-မျိုးတို့) တွင် အဘယ်ရုပ်သည် နီးသောရုပ် (သိလွယ်သော ရုပ်) 'သန္တိကေရုပ်' မည်သနည်း။

စက္ခာယတနရုပ်။ပ။ဖောဋ္ဌဗ္ဗာယတနရုပ်တို့ဘည်း (ဩဠာရိကရုပ် ၁၂-ပါး)။

ထို့ပြင်လည်း အကြင်ရုပ်သည် နီးရာ၌ ရှိ၏(အာသန္နေ)၊ ကပ်ရာ၌ ရှိ၏(ဥပကဋ္ဌေ)၊ မဝေးရာ၌ ရှိ၏ (အဝိဒူရေ)၊ အနီး၌ရှိ၏ (သန္တိကေ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း)ကို နီးသောရုပ် 'သန္တိကေရုပ်'ဟု ဆိုအပ်၏။

တနည်းကား၊ ထိုထိုရုပ်ကို စွဲ၍စွဲ၍ ထောက်ဆ၍ ထောက်ဆ၍ (ရုပ်တခုနှင့်တခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ဝေးသောရုပ် 'ဒူရေရုပ်'နှင့် နီးသောရုပ် 'သန္တိကေရုပ်'ကို မှတ်အပ်၏။

## ၂-ဝေဒနာက္ခန္ဓ(ခံစားမှုအစု)

**ဝေဒနာက္ခန္ဓာ(ဝေဒနာ ၁၁-မျိုး)** ၈။ ထို(ခန္ဓာငါးပါးတို့) တွင် အဘယ်သည် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'မည်သနည်း။

ဖြစ်ပြီး ခံစားမှု 'အတီတ်ဝေဒနာ'၊ ဖြစ်လတ္တံ့ ခံစားမှု 'အနာဂတ်ဝေဒနာ'၊ ဖြစ်ဆဲခံစားမှု 'ပစ္စုပ္ပန်ဝေဒနာ'၊ အတွင်းသန္တာန်၌ ဖြစ်သော ခံစားမှု'အဇ္ဈတ္တဝေဒနာ'၊အပသန္တာန်၌ ဖြစ်သော ခံစားမှု 'ဗဟိဒ္ဓဝေဒနာ'၊ ကြမ်းတမ်းသော ခံစားမှု 'ဩဠာရိကဝေဒနာ'၊ နူးညံ့သိမ်မွေ့သော ခံစားမှု 'သုခုမဝေဒနာ'၊ ယုတ်ညံ့သော ခံစားမှု 'ဟီနဝေဒနာ'၊ မြင့်မြတ်သော ခံစားမှု 'ပဏီတဝေဒနာ'၊ ဝေးသော ခံစားမှု 'ဒူရေဝေဒနာ'၊ နီးသော ခံစားမှု 'သန္တိကေဝေဒနာ'တည်းဟူသော အလုံးစုံသော အကြင် ခံစားမှု ဝေဒနာသည် ရှိ၏။ ထို (အားလုံးသောခံစားမှု 'ဝေဒနာ' ၁၁-မျိုးတို့) ကို တပေါင်းကည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤသဘောကို ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ဟု ဆိုအပ်၏။

(၁) **အတီတ်ဝေဒနာ** ၉။ ထို(ဝေဒနာ ၁၁-မျိုးတို့)တွင် အဘယ်ခံစားမှု'ဝေဒနာ'သည် ဖြစ်ပြီး ခံစားမှု 'အတီတ်ဝေဒနာ'မည်သနည်း။

ချမ်းသာခံစားမှု 'သုခဝေဒနာ'၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'၊ ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု (အလယ် အလတ် ခံစားမှု) 'အဒုက္ခမသုခဝေဒနာ'ဟု ဆိုအပ်သော အကြင်ခံစားမှု ဝေဒနာသည် လွန်ပြီးဖြစ်၏(အတီတာ)၊ချုပ်ပြီးဖြစ်၏(နိရုဒ္ဓါ)၊ ကင်းပြီးဖြစ်၏(ဝိဂတာ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်၏ (ဝိပရိဏတာ)၊ ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အတ္ထင်္ဂတာ)၊ အလွန်

http://www.dhammadownload.com



ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏(အတ္ထင်္ဂတာ)၊ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်၏(ဥပ္ပဇ္ဇိတွာ ဝိဂတာ)၊ လွန်ပြီးဖြစ်၏(အတီတာ)၊ လွန်ပြီးသော အတိတ်တရား အစုအဘို့ဖြင့် ရေတွက်အပ်၏ (အတီတံ-သေန သင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော ခံစားမှု 'ဝေဒနာ'အပေါင်း)ကို ဖြစ်ပြီးခံစားမှု 'အတိတ် ဝေဒနာ'ဟု ဆိုအပ်၏။ (ပဒ အမှတ် ၃-၅။)

(၂) အနာဂတ်ဝေဒနာ။ ။ထို (ဝေဒနာ ၁၁-မျိုးတို့)တွင် အဘယ်ခံစားမှု 'ဝေဒနာ'သည် ဖြစ်လတ္တံ့ ခံစားမှု 'အနာဂတ်ဝေဒနာ'မည်သနည်း။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာ ဟု ဆိုအပ်သော အကြင် ဝေဒနာသည် မဖြစ်သေး(အဇာတာ)၊ မထင်ရှားသေး(အဘူတာ)၊ ကောင်းစွာ မဖြစ်မရှိသေး (အသဉ္ဇာတာ)၊ မဖြစ်သေး (အနိဗ္ဗတ္တာ)၊ အသစ်မဖြစ်သေး (အနဘိနိဗ္ဗတ္တာ)၊ ထင်ရှားမဖြစ်သေး (အပါတု-ဘူတာ)၊ မဖြစ်ပေါ်သေး(အနုပ္ပန္နာ)၊ ကောင်းစွာ မဖြစ်ပေါ်သေး(အသမုပ္ပန္နာ)၊ မပေါ်ပေါက်သေး (အနုဋ္ဌိတာ)၊ ကောင်းစွာ မပေါ်ပေါက်သေး (အသမုဋ္ဌိတာ)၊ မရောက်လာသေး(အနာ-ဂတာ)၊ မရောက်လာသေးသော အနာဂတ်တရားအစုအဘို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော ခံစားမှု'ဝေဒနာ'အပေါင်း)ကို ဖြစ်လတ္တံ့ ခံစားမှု 'အနာဂတ် ဝေဒနာ'ဟု ဆိုအပ်၏။

(၃) ပစ္စုပ္ပန်ဝေဒနာ။ ။ထို (ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ်ခံစားမှု 'ဝေဒနာ'သည် ဖြစ်ဆဲ ခံစားမှု'ပစ္စုပ္ပန်ဝေဒနာ'မည်သနည်း။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာ ဟု ဆိုအပ်သော အကြင်ခံစားမှု 'ဝေဒနာ' သည် ဖြစ်ဆဲ ဖြစ်၏(ဇာတာ)၊ ထင်ရှားဖြစ်ဆဲ ဖြစ်၏(ဘူတာ)၊ ကောင်းစွာ ဖြစ်ရှိဆဲ ဖြစ်၏ (သဉ္ဇာတာ)၊ ဖြစ်ဆဲ ဖြစ်၏(နိဗ္ဗတ္တာ)၊ အသစ်ဖြစ်ဆဲ ဖြစ်၏(အဘိနိဗ္ဗတ္တာ)၊ ထင်ရှားဖြစ်ဆဲ ဖြစ်၏(ပါတုဘူတာ)၊ ဖြစ်ပေါ်ဆဲ ဖြစ်၏(ဥပ္ပန္နာ)၊ ကောင်းစွာ ဖြစ်ပေါ်ဆဲ ဖြစ်၏(သမုပ္ပန္နာ) ပေါ်ပေါက်ဆဲဖြစ်၏(ဥဋ္ဌိတာ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲဖြစ်၏(သမုဋ္ဌိတာ)၊ ယခုဖြစ်ပေါ်ဆဲ ဖြစ်၏(ပစ္စုပ္ပန္နာ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်တရားအစုအဘို့ဖြင့် ရေတွက်အပ်၏ (ပစ္စုပ္ပန္နံ-သေန သင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော ခံစားမှု'ဝေဒနာ'အပေါင်း)ကို ဖြစ်ဆဲ ခံစားမှု 'ပစ္စုပ္ပန်-ဝေဒနာ'ဟု ဆိုအပ်၏။ (ရုပ်ပစ္စုပ္ပန်-ပဒ ၃-ကြည့်။)

(၄) အဇ္ဈတ္တဝေဒနာ ၁၀။ ထို( ဝေဒနာ ၁၁-မျိုးတို့ )တွင် အဘယ် ဝေဒနာသည် အတွင်းသန္တာန်၌ဖြစ်သော ခံစားမှု 'အဇ္ဈတ္တဝေဒနာ'မည်သနည်း။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခ မသုခဝေဒနာ ဟု ဆိုအပ်သော အကြင်ဝေဒနာသည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်၏(အဇ္ဈတ္တံ)၊ ကိုယ်ကိုစွဲ၍ ဖြစ်၏(ပစ္စတ္တံ)၊ မိမိကိုယ်ပိုင် ဥစ္စာဖြစ်၏(နိယကာ)၊ အသီးအခြားပုဂ္ဂိုလ်ပိုင် ဥစ္စာဖြစ်၏(ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏အာရုံ ဖြစ်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော ခံစားမှု'ဝေဒနာ'အပေါင်း) ကို အတွင်းသန္တာန်၌ဖြစ်သော ခံစားမှု 'အဇ္ဈတ္တဝေဒနာ'ဟု ဆိုအပ်၏။ (ပဒအမှတ် ၄-ကြည့်။)

(၅) ဗဟိဒ္ဓဝေဒနာ။ ။ထို (ဝေဒနာ ၁၁-မျိုးတို့)တွင် အဘယ် ဝေဒနာသည် အပသန္တာန်၌ဖြစ်သော ခံစားမှု 'ဗဟိဒ္ဓဝေဒနာ'မည်သနည်း။

http://www.dhammadownload.com



သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခ မသုခဝေဒနာ ဟု ဆိုအပ်သော အကြင်ဝေဒနာသည် ထိုထိုတပါးသော သတ္တဝါ၊ တပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (ပရပုဂ္ဂလအဇ္ဈတ္တ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ကိုစွဲ၍ ဖြစ်၏(ပစ္စတ္တ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏)ကိုယ်ပိုင်ဥစ္စာ ဖြစ်၏(နိယကာ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏)အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်၏(ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံ ဖြစ်၏) (ဥပါဒိန္နာ)။ ဤ(ဆိုခဲ့ပြီးသော ခံစားမှု 'ဝေဒနာ'အပေါင်း)ကို အပသန္တာန်၌ ဖြစ်သော ခံစားမှု 'ဗဟိဒ္ဓဝေဒနာ'ဟု ဆိုအပ်၏။

(ဖ) (၇) ဩဠာရိကဝေဒနာနှင့် သုခုမဝေဒနာ ၁၁။ ထို (ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ် ဝေဒနာသည်ကြမ်းတမ်းသော ခံစားမှု'ဩဠာရိကဝေဒနာ'နှင့် နူးညံ့သိမ်မွေ့သောခံစားမှု'သုခုမဝေဒနာ'မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကိုပေးတတ်သော ခံစားမှု အကုသိုလ်ဝေဒနာ'သည် ကြမ်းတမ်း၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကိုပေးတတ်သောခံစားမှု 'ကုသိုလ်ဝေဒနာ' နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ခံစားမှု'အဗျာကတဝေဒနာ'သည် နူးညံ့ သိမ်မွေ့၏၊ (တနည်းကား) ကုသိုလ်ဝေဒနာနှင့် အကုသိုလ်ဝေဒနာသည် ကြမ်းတမ်း၏၊ အဗျာကတဝေဒနာသည် နူးညံ့သိမ်မွေ့၏။

ဒုက္ခဝေဒနာသည် ကြမ်းတမ်း၏၊ သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာသည် နူးညံ့သိမ်မွေ့၏၊ (တနည်းကား)သုခဝေဒနာ, ဒုက္ခဝေဒနာသည် ကြမ်းတမ်း၏၊ အဒုက္ခမသုခဝေဒနာသည် နူးညံ့ သိမ်မွေ့၏။

သမာပတ်မဝင်စားသူ၏ ဝေဒနာသည် ကြမ်းတမ်း၏၊ သမာပတ်ဝင်စားသူ၏ ဝေဒနာသည် နူးညံ့သိမ်မွေ့၏။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွါးနေတတ်၍ မူးယစ် ဝိုက်မဲစေတတ်သည့် 'အာသဝ'၏ (တဏှာ,ဒိဋ္ဌိ,မောဟတို့၏) အာရုံဖြစ်သော ဝေဒနာသည် ကြမ်းတမ်း၏၊ အာသဝ၏ အာရုံမဟုတ်သော ဝေဒနာသည် နူးညံ့ သိမ်မွေ့၏။

တနည်းကား၊ ထိုထိုဝေဒနာကိုထောက်ဆ၍ ထောက်ဆ၍(ဝေဒနာတခုနှင့်တခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ကြမ်းတမ်းသောခံစားမှု 'ဩဠာရိကဝေဒနာ'နှင့် နူးညံ့ သိမ်မွေ့သော ခံစားမှု'သုခုမ ဝေဒနာ'ကို မှတ်အပ်၏။

(ဂ) (၉) ဟီနဝေဒနာနှင့် ပဏီတဝေဒနာ ၁၂။ ထို (ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ် ဝေဒနာသည် ယုတ်ညံ့သော ခံစားမှု 'ဟီနဝေဒနာ'နှင့် မြင့်မြတ်သော ခံစားမှု 'ပဏီတဝေဒနာ' မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ခံစားမှု 'အကုသိုလ်ဝေဒနာ' သည် ယုတ်ညံ့၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ခံစားမှု 'ကုသိုလ် ဝေဒနာ' နှင့် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော ခံစားမှု 'အဗျာကတဝေဒနာ'သည် မြင့်မြတ်၏၊ (တနည်းကား) ကုသိုလ်ဝေဒနာ, အကုသိုလ်ဝေဒနာသည် ယုတ်ညံ့၏၊ အဗျာကတ-ဝေဒနာသည် မြင့်မြတ်၏။

http://www.dhammadownload.com



ဒုက္ခဝေဒနာသည် ယုတ်ညံ့၏၊ သုခဝေဒနာ, အဒုက္ခမသုခဝေဒနာသည် မြင့်မြတ်၏၊ (တနည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာသည် ယုတ်ညံ့၏၊အဒုက္ခမသုခဝေဒနာသည် မြင့်မြတ်၏။

သမာပတ်မဝင်စားသူ၏ ဝေဒနာသည် ယုတ်ညံ့၏၊ သမာပတ် ဝင်စားသူ၏ ဝေဒနာသည် မြင့်မြတ်၏။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မှုးယစ် မိုက်မဲစေတတ်သည့် 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ,မောဟတို့၏)အာရုံဖြစ်သော ဝေဒနာသည် ယုတ်ညံ့၏၊ အာသဝ၏အာရုံမဟုတ်သော ဝေဒနာသည် မြင့်မြတ်၏။

တနည်းကား၊ ထိုထိုဝေဒနာကို ထောက်ဆ၍ ထောက်ဆ၍ (ဝေဒနာတခုနှင့်တခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ယုတ်ညံ့သောခံစားမှု'ဟီနဝေဒနာ'နှင့် မြင့်မြတ်သောခံစားမှု'ပဏီတဝေဒနာ'ကို မှတ်အပ်၏။

(၁၀) ဒူရေဝေဒနာ ၁၃။ ထို(ဝေဒနာ ၁၁-မျိုးတို့)တွင် အဘယ် ဝေဒနာသည် ဝေးသော ခံစားမှု'ဒူရေဝေဒနာ' မည်သနည်း။

အကုသိုလ်ဝေဒနာသည် ကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာတို့မှ ဝေး၏၊ ကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာတို့သည် အကုသိုလ်ဝေဒနာမှ ဝေးကုန်၏။

ကုသိုလ်ဝေဒနာသည် အကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာတို့မှ ဝေး၏၊ အကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာတို့သည် ကုသိုလ်ဝေဒနာမှ ဝေးကုန်၏။

အဗျာကတဝေဒနာသည် ကုသိုလ်ဝေဒနာနှင့် အကုသိုလ်ဝေဒနာတို့မှ ဝေး၏၊ ကုသိုလ်ဝေဒနာနှင့် အကုသိုလ်ဝေဒနာတို့သည် အဗျာကတဝေဒနာမှ ဝေးကုန်၏။

ဒုက္ခဝေဒနာသည် သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့မှ ဝေး၏၊ သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့သည် ဒုက္ခဝေဒနာမှ ဝေးကုန်၏။

သုခဝေဒနာသည် ဒုက္ခဝေဒနာနှင့် အဒုက္ခ မသုခဝေဒနာတို့မှ ဝေး၏၊ ဒုက္ခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့သည် သုခဝေဒနာမှ ဝေးကုန်၏။

အဒုက္ခ မသုခဝေဒနာသည် သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့မှ ဝေး၏၊ သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့သည် အဒုက္ခ မသုခဝေဒနာမှ ဝေးကုန်၏။

သမာပတ် မဝင်စားသူ၏ ဝေဒနာသည် သမာပတ် ဝင်စားသူ၏ ဝေဒနာမှ ဝေး၏၊ သမာပတ် ဝင်စားသူ၏ ဝေဒနာသည် သမာပတ် မဝင်စားသူ၏ ဝေဒနာမှ ဝေး၏။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွါးနေတတ်၍ မှုးယစ် မိုက်မဲစေတတ်သည့် 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏)အာရုံဖြစ်သော ဝေဒနာသည် အာသဝ၏ အာရုံမဟုတ်သော ဝေဒနာမှ ဝေး၏၊ အာသဝ၏အာရုံမဟုတ်သော ဝေဒနာသည် အာသဝ၏အာရုံဖြစ်သော ဝေဒနာမှ ဝေး၏။ ဤ(ဆိုခဲ့ပြီးသော ဝေဒနာအပေါင်း)ကို ဝေးသောခံစားမှု'ဒူရေဝေဒနာ'ဟု ဆိုအပ်၏။

http://www.dhammadownload.com



(၁၁) သန္တိကေဝေဒနာ။ ။ထို(ဝေဒနာ ၁၁-မျိုးတို့)တွင် အဘယ် ဝေဒနာသည် နီးသောခံစားမှု 'သန္တိကေဝေဒနာ' မည်သနည်း။

အကုသိုလ်ဝေဒနာသည် အကုသိုလ်ဝေဒနာနှင့် နီး၏၊ ကုသိုလ်ဝေဒနာသည် ကုသိုလ်ဝေဒနာနှင့် နီး၏၊ အဗျာကတဝေဒနာသည် အဗျာကတဝေဒနာနှင့် နီး၏။

ဒုက္ခဝေဒနာသည် ဒုက္ခဝေဒနာနှင့် နီး၏၊ သုခဝေဒနာသည် သုခဝေဒနာနှင့် နီး၏၊ အဒုက္ခမသုခဝေဒနာသည် အဒုက္ခ မသုခဝေဒနာနှင့် နီး၏။

သမာပတ်မဝင်စားသူ၏ဝေဒနာသည် သမာပတ်မဝင်စားသူ၏ဝေဒနာနှင့် နီး၏၊ သမာပတ်ဝင်စားသူ၏ဝေဒနာသည် သမာပတ်ဝင်စားသူ၏ဝေဒနာနှင့် နီး၏။

အာသဝ၏အာရုံဖြစ်သော ဝေဒနာသည် အာသဝ၏အာရုံဖြစ်သော ဝေဒနာနှင့် နီး၏၊ အာသဝ၏အာရုံမဟုတ်သော ဝေဒနာသည် အာသဝ၏ အာရုံမဟုတ်သော ဝေဒနာနှင့် နီး၏။ ဤ(ဆိုခဲ့ပြီးသော ဝေဒနာအပေါင်း)ကို နီးသောခံစားမှု 'သန္တိကေဝေဒနာ'ဟု ဆိုအပ်၏။

တနည်းကား၊ ထိုထိုဝေဒနာကို ထောက်ဆ၍ ထောက်ဆ၍ (ဝေဒနာတခုနှင့်တခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ဝေးသောခံစားမှု 'ဒူရေဝေဒနာ'နှင့် နီးသောခံစားမှု 'သန္တိကေဝေဒနာ'ကို မှတ်အပ်၏။

## ၃-သညာက္ခန္ဓ (မှတ်သားမှုအစု)

**သညာက္ခန္ဓာ(သညာ ၁၁-မျိုး)** ၁၄။ ထို(ခန္ဓာငါးပါးတို့)တွင် အဘယ်သည် မှတ်သားမှုအစု 'သညာက္ခန္ဓာ' မည်သနည်း။

ဖြစ်ပြီး မှတ်သားမှု 'အတီတ်သညာ'၊ ဖြစ်လတ္တံ့ မှတ်သားမှု 'အနာဂတ်သညာ'၊ ဖြစ်ဆဲ မှတ်သားမှု 'ပစ္စုပ္ပန်သညာ'၊ အတွင်းသန္တာန်၌ ဖြစ်သော မှတ်သားမှု 'အဇ္ဈတ္တသညာ'၊ အပသန္တာန်၌ ဖြစ်သော မှတ်သားမှု 'ဗဟိဒ္ဓသညာ'၊ ကြမ်းတမ်းသော မှတ်သားမှု 'ဩဠာရိကသညာ'၊ နူးညံ့သိမ်မွေ့သော မှတ်သားမှု 'သုခုမသညာ'၊ ယုတ်ညံ့သော မှတ်သားမှု 'ဟီနသညာ'၊ မြင့်မြတ်သော မှတ်သားမှု 'ပဏီတသညာ'၊ ဝေးသော မှတ်သားမှု 'ဒူရေသညာ'၊ နီးသော မှတ်သားမှု 'သန္တိကေသညာ'တည်းဟူသော အလုံးစုံသော အကြင်မှတ်သားမှုသညာသည် ရှိ၏။ ထို(အားလုံးသော သညာ ၁၁-မျိုးတို့)ကို တပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤသဘောကို မှတ်သားမှုအစု 'သညာက္ခန္ဓာ'ဟု ဆိုအပ်၏။

(၁) အတီတ်သညာ ၁၅။ ထို (သညာ ၁၁-မျိုးတို့) တွင် အဘယ်သညာသည် ဖြစ်ပြီး မှတ်သားမှု 'အတီတ်သညာ' မည်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' (မြင်သိစိတ် 'စက္ခုဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော မှတ်သားမှု

http://www.dhammadownload.com



'သညာ') (မျက်စိအတွေ့ကြောင့် ဖြစ်သော သညာ) (စက္ခုသမ္ဖဿဇာသညာ)[၁]၊ နား အကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' (ကြားသိစိတ် 'သောတဝိညာဉ်'၌ ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော မှတ်သားမှု'သညာ' (နားအတွေ့ ကြောင့်ဖြစ်သောသညာ) (သောတသမ္ဖဿဇာ သညာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု'သညာ' (နံသိစိတ် 'ဃာနဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော . မှတ်သားမှုသညာ) (နှာခေါင်း အတွေ့ကြောင့် ဖြစ်သော သညာ) (ဃာနသမ္ဖဿဇာ သညာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု'သညာ' (လျက်သိစိတ် 'ဇိဝှါဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ')(လျှာ အတွေ့ကြောင့်ဖြစ်သော သညာ) (ဇိဝှါသမ္ဖဿဇာ သညာ)၊ ကိုယ် အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော မှတ်သားမှု'သညာ'(ထိသိစိတ်'ကာယဝိညာဉ်'၌ရှိသော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (ကိုယ်အတွေ့ကြောင့်ဖြစ်သော သညာ) (ကာယသမ္ဖဿဇာ သညာ)၊ စိတ်နှင့်ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု 'သညာ'(ကြံသိစိတ် 'မနောဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ')(မနောသမ္ဖဿဇာ သညာ)ဟု ဆိုအပ်သော အကြင်သညာသည် လွန်ပြီးဖြစ်၏ (အတီတာ)၊ ချုပ်ပြီးဖြစ်၏ (နိရုဒ္ဓါ)၊ ကင်းပြီးဖြစ်၏ (ဝိဂတာ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်၏ (ဝိပရိဏတာ)၊ ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အတ္ထင်္ဂတာ)၊ အလွန်ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အဗ္ဘတ္ထင်္ဂတာ)၊ ဖြစ်ပြီး၍ကင်းပျောက်ပြီးဖြစ်၏ (ဥပ္ပဇ္ဇိတွာ ဝိဂတာ)၊ လွန်ပြီးဖြစ်၏ (အတီတာ)၊ လွန်ပြီးသော အတိတ်တရားအစုအဘို့ဖြင့် ရေတွက်အပ်၏ (အတီတံသေန သင်္ဂဟိတာ)။ ဤ(ဆိုခဲ့ပြီးသော မှတ်သားမှု'သညာ'အပေါင်း)ကို ဖြစ်ပြီးမှတ်သားမှု 'အတိတ်သညာ' ဟု ဆိုအပ်၏။

(၂) အနာဂတ်သညာ။ ။ထို (သညာ ၁၁-မျိုးတို့) တွင် အဘယ် သညာသည် ဖြစ်လတ္တံ့ မှတ်သားမှု 'အနာဂတ်သညာ' မည်သနည်း။

မျက်စိ အကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မျက်စိ အတွေ့ကြောင့် ဖြစ်သော သညာ) (စက္ခုသမ္ဖဿဇာသညာ)၊ နား အကြည် သောတပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နားအတွေ့ကြောင့် ဖြစ်သော သညာ)

---

၁၊ 'စက္ခုသမ္ဖဿ'ကို သုတ္တန်နည်း, အဘိဓမ္မာနည်း, ကိုက်ရိုက်နည်းတို့ဖြင့် အောက်ပါအတိုင်း မြန်မာဘာသာ ပြန်ဆိုထားပါသည်။ ထိုပြန်ပုံပြန်နည်းတို့ကို အချို့နေရာ၌ အားလုံးကို ဖော်ပြထားပါသည်၊ အချို့နေရာ၌မူ အချို့ကိုသာ ဖော်ပြထားပါသည်။

(က) မျက်စိအကြည်'စက္ခုပသာဒ'နှင့်အဆင်း'ရူပါရုံ'တို့တွေ့ထိမှု

(ခ) မြင်သိစိတ် 'စက္ခုဝိညာဉ်'၌ ရှိသော တွေ့ထိမှု 'ဖဿ'၊ မြင်သိစိတ် 'စက္ခုဝိညာဉ်'နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'

(ဂ) မျက်စိအတွေ့'စက္ခုသမ္ဖဿ'

(ဃ) စက္ခုပသာဒ၌မှီသော'ဖဿ'(အချို့ရှေးပညာရှိကြီးများ ပြန်ဆိုနည်း)

(င) 'စက္ခုသမ္ဖဿဇာသညာ'ကို မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း'ရူပါရုံ'တို့တွေ့ထိမှုကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' ဟု စသည်ဖြင့် ပြန်ဆိုထားသည်။

သောတသမ္ဖဿ, ဃာနသမ္ဖဿ, စသည်တို့၏ပြန်မာပြန်များကိုလည်း ဤနည်းအတိုင်းပင်ပြန်ဆိုထားပါသည်။

http://www.dhammadownload.com



(သောတသမ္ဖဿဇာသညာ)၊ နှာခေါင်း အကြည် ဃာနပသာဒနှင့် အနံ့ ဂန္ဓာရုံတို့တွေ့ထိမှုကြောင့် ဖြစ်သောသညာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော သညာ) (ဃာနသမ္ဖဿဇာသညာ)၊ လျှာ အကြည် ဇိဝှါပသာဒနှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (လျှာအတွေ့ ကြောင့် ဖြစ်သောသညာ) (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ် အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောသညာ (ကိုယ်အတွေ့ကြောင့်ဖြစ်သောသညာ) (ကာယ-သမ္ဖဿဇာသညာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မနောသမ္ဖဿဇာ သညာ)ဟု ဆိုအပ်သော အကြင်သညာသည် မဖြစ်သေး (အဇာတာ)၊ မထင်ရှားသေး (အဘူ-တာ)၊ ကောင်းစွာ မဖြစ်ရှိသေး (အသဉ္ဇာတာ)၊ မဖြစ်သေး (အနိဗ္ဗတ္တာ)၊ အသစ်မဖြစ်သေး (အနဘိနိဗ္ဗတ္တာ)၊ ထင်ရှားမဖြစ်သေး (အပါတုဘူတာ)၊ မဖြစ်ပေါ်သေး (အနုပ္ပန္နာ)၊ ကောင်းစွာ မဖြစ်ပေါ်သေး (အသမုပ္ပန္နာ)၊ မပေါ်ပေါက်သေး(အနုဋ္ဌိတာ)၊ ကောင်းစွာ မပေါ်ပေါက်သေး (အသမုဋ္ဌိတာ)၊ မရောက်လာသေး (အနာဂတာ)၊ မရောက်လာသေးသော အနာဂတ်တရားအစု အဘို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော မှတ်သားမှု 'သညာ' အပေါင်း)ကို ဖြစ်လတ္တံ့ မှတ်သားမှု 'အနာဂတ်သညာ'ဟု ဆိုအပ်၏။

(၃) ပစ္စုပ္ပန်သညာ။ ။ထို(သညာ ၁၁-မျိုးတို့)တွင် အဘယ် သညာသည် ဖြစ်ဆဲမှတ်သားမှု 'ပစ္စုပ္ပန်သညာ'မည်သနည်း။

မျက်စိ အကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မျက်စိ အတွေ့ကြောင့်ဖြစ်သော သညာ) (စက္ခုသမ္ဖဿဇာသညာ)၊ နား အကြည် သောတပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သောသညာ (နားအတွေ့ကြောင့်ဖြစ်သော သညာ) (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်း အကြည် ဃာနပသာဒနှင့် အနံ့ ဂန္ဓာရုံတို့ တွေ့ထိမှု ကြောင့်ဖြစ်သော သညာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော သညာ) (ဃာနသမ္ဖဿဇာသညာ)၊ လျှာ အကြည် ဇိဝှါပသာဒနှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (လျှာအတွေ့ ကြောင့်ဖြစ်သော သညာ) (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ် အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ(ကိုယ်အတွေ့ကြောင့်ဖြစ်သော သညာ) (ကာယ-သမ္ဖဿဇာသညာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော သညာ (မနောသမ္ဖဿဇာ သညာ)ဟု ဆိုအပ်သော အကြင်သညာသည် ဖြစ်ဆဲဖြစ်၏ (ဇာတာ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ဘူတာ)၊ ကောင်းစွာ ဖြစ်ရှိဆဲဖြစ်၏ (သဉ္ဇာတာ)၊ ဖြစ်ဆဲဖြစ်၏ (နိဗ္ဗတ္တာ)၊ အသစ်ဖြစ်ဆဲ ဖြစ်၏ (အဘိနိဗ္ဗတ္တာ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ပါတုဘူတာ)၊ ဖြစ်ပေါ်ဆဲဖြစ်၏(ဥပ္ပန္နာ)၊ ကောင်း စွာ ဖြစ်ပေါ်ဆဲဖြစ်၏(သမုပ္ပန္နာ)၊ ပေါ်ပေါက်ဆဲဖြစ်၏ (ဥဋ္ဌိတာ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲ ဖြစ်၏ (သမုဋ္ဌိတာ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်၏ (ပစ္စုပ္ပန္နာ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန် တရားအစုအဘို့ဖြင့် ရေတွက်အပ်၏ (ပစ္စုပ္ပန္နံသေန သင်္ဂဟိတာ)။ ဤ(ဆိုခဲ့ပြီးသော သညာ အပေါင်း)ကို ဖြစ်ဆဲမှတ်သားမှု 'ပစ္စုပ္ပန်သညာ'ဟု ဆိုအပ်၏။

(၄) အဇ္ဈတ္တသညာ ၁၆။ ထို(သညာ ၁၁-မျိုးတို့)တွင် အဘယ် သညာသည် အတွင်းသန္တာန်၌ ဖြစ်သော မှတ်သားမှု 'အဇ္ဈတ္တသညာ'မည်သနည်း။

မျက်စိ အကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မြင်သိစိတ် 'စက္ခုဝိညာဉ်'၌ ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ')

http://www.dhammadownload.com



(စက္ခုသမ္ဖဿဇာ သညာ)၊ နား အကြည် သောတပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (ကြားသိစိတ် 'သောတဝိညာဉ်'၌ ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (သောတသမ္ဖဿဇာ သညာ)၊ နှာခေါင်း အကြည် ဃာနပသာဒနှင့် အနံ့ ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နံသိစိတ် 'ဃာနဝိညာဉ်'၌ ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု သညာ) (ဃာနသမ္ဖဿဇာ သညာ)၊ လျှာ အကြည် ဇိဝှါပသာဒနှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (လျက်သိစိတ် 'ဇိဝှါဝိညာဉ်'၌ရှိသော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှု'သညာ') (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အကြည်ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (ထိသိစိတ် 'ကာယဝိညာဉ်'၌ ရှိသောတွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (ကာယသမ္ဖဿဇာ သညာ)၊ စိတ်နှင့်ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (ကြံသိစိတ်'မနောဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု'သညာ')(မနောသမ္ဖဿဇာသညာ)ဟု ဆိုအပ်သော အကြင်သညာသည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (အဇ္ဈတ္တံ)၊ကိုယ်ကို စွဲ၍ဖြစ်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင် ဥစ္စာဖြစ်၏ (နိယကာ)၊ အသီးအခြား ပုဂ္ဂိုလ်ပိုင် ဥစ္စာဖြစ်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော သညာအပေါင်း)ကို အတွင်းသန္တာန်၌ဖြစ်သော မှတ်သားမှု 'အဇ္ဈတ္တသညာ'ဟု ဆိုအပ်၏။

(၅) ဗဟိဒ္ဓသညာ။ ။ထို(သညာ ၁၁-မျိုးတို့)တွင် အဘယ် သညာသည် အပသန္တာန်၌ဖြစ်သော မှတ်သားမှု'ဗဟိဒ္ဓသညာ'မည်သနည်း။

မျက်စိ အကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မျက်စိ အတွေ့ကြောင့်ဖြစ်သော သညာ) (စက္ခုသမ္ဖဿဇာ သညာ)၊ နား အကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နားအတွေ့ကြောင့် ဖြစ်သော သညာ) (သောတသမ္ဖဿဇာ သညာ)၊ နှာခေါင်း အကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှု ကြောင့်ဖြစ်သော သညာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော သညာ) (ဃာနသမ္ဖဿဇာ သညာ)၊ လျှာ အကြည် ဇိဝှါပသာဒနှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (လျှာ အတွေ့ကြောင့်ဖြစ်သော သညာ) (ဇိဝှါသမ္ဖဿဇာ သညာ)၊ ကိုယ် အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော သညာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော သညာ) (ကာယသမ္ဖဿဇာ သညာ)၊ စိတ် နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော သညာ (မနော-သမ္ဖဿဇာ သညာ)ဟု ဆိုအပ်သော အကြင်သညာသည် တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (ပရပုဂ္ဂလအဇ္ဈတ္တံ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ကို စွဲ၍ဖြစ်၏ (ပစ္စတ္တံ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာဖြစ်၏ (နိယကာ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏) အသီးအခြားပုဂ္ဂိုလ်ပိုင် ဥစ္စာဖြစ်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကိုစွဲကပ်၍ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော သညာအပေါင်း)ကို အပသန္တာန်၌ဖြစ်သော မှတ်သားမှု 'ဗဟိဒ္ဓသညာ'ဟု ဆိုအပ်၏။

(၆) (၇) ဩဠာရိကသညာနှင့် သုခုမသညာ ၁၇။ ထို(သညာ ၁၁-မျိုးတို့)တွင် အဘယ် သညာသည် ကြမ်းတမ်းသော မှတ်သားမှု'ဩဠာရိကသညာ'နှင့် နူးညံ့သိမ်မွေ့သော မှတ်သားမှု'သုခုမသညာ' မည်သနည်း။

http://www.dhammadownload.com



(ပဋိဃဒွါရ၌) ထိခိုက်ခြင်းကြောင့်ဖြစ်သော သညာ[၁]သည် ကြမ်းတမ်းသော မှတ်သားမှု 'ဩဠာရိကသညာ'မည်၏၊ (မနောဒွါရ၌) ထိခိုက်ခြင်းကြောင့်ဖြစ်သော သညာ[၂]သည် နူးညံ့သိမ်မွေ့သော မှတ်သားမှု'သုခုမသညာ'မည်၏။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော မှတ်သားမှု'အကုသိုလ်သညာ' သည် ကြမ်းတမ်း၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော မှတ်သားမှု'ကုသိုလ်သညာ'နှင့် ကုသိုလ် အကုသိုလ်ဟု မဟောအပ်သော မှတ်သားမှု 'အဗျာကတသညာ'သည် နူးညံ့သိမ်မွေ့၏၊ (တနည်းကား) ကုသိုလ်သညာနှင့် အကုသိုလ်သညာသည် ကြမ်းတမ်း၏၊ အဗျာကတသညာသည် နူးညံ့သိမ်မွေ့၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာသည် ကြမ်းတမ်း၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော သညာသည် နူးညံ့သိမ်မွေ့၏၊ (တနည်းကား) သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သညာသည် ကြမ်းတမ်း၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သညာသည် နူးညံ့သိမ်မွေ့၏။

သမာပတ် မဝင်စားသူ၏ သညာသည် ကြမ်းတမ်း၏၊ သမာပတ် ဝင်စားသူ၏ သညာသည် နူးညံ့သိမ်မွေ့၏။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မှုးယစ် မိုက်မဲစေတတ်သည့် 'အာသဝ'၏ (တဏှာ၊ ဒိဋ္ဌိ၊ မောဟတို့၏) အာရုံဖြစ်သော သညာသည် ကြမ်းတမ်း၏၊ အာသဝ၏ အာရုံမဟုတ်သော သညာသည် နူးညံ့သိမ်မွေ့၏။

တနည်းကား၊ ထိုထိုသညာကို ထောက်ဆ၍ ထောက်ဆ၍ (သညာတခုနှင့်တခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ကြမ်းတမ်းသော မှတ်သားမှု 'ဩဠာရိကသညာ'နှင့် နူးညံ့သိမ်မွေ့သော မှတ်သားမှု 'သုခုမသညာ'ကို မှတ်အပ်၏။

**(ဂ) (ဇ) ဟီနသညာနှင့် ပဏီတသညာ** ၁၈။ ထို(သညာ ၁၁-မျိုးတို့)တွင် အဘယ်သညာသည် ယုတ်ညံ့သော မှတ်သားမှု 'ဟီန-သညာ'နှင့် မြင့်မြတ်သော မှတ်သားမှု 'ပဏီတသညာ'မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော 'အကုသိုလ်သညာ'သည် ယုတ်ညံ့၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော 'ကုသိုလ်သညာ'နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတသညာ'သည် မြင့်မြတ်၏၊ (တနည်းကား) ကုသိုလ်သညာနှင့် အကုသိုလ်သညာသည် ယုတ်ညံ့၏၊ အဗျာကတသညာသည် မြင့်မြတ်၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာသည် ယုတ်ညံ့၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာသည် မြင့်မြတ်၏၊ (တနည်းကား) သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သညာသည် ယုတ်ညံ့၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သညာသည် မြင့်မြတ်၏။

---

၁။ ပဋိဃသမ္ဖဿဇာသညာ=ပဋိဃဒွါရိကသညာ=ဩဠာရိကသညာ။

၂။ အဓိဝစနသမ္ဖဿဇာသညာ=မနောဒွါရိကသညာ=သုခုမသညာ (သမ္မော-ဋ္ဌ၊ နှာ-၁၈)

http://www.dhammadownload.com



သမာပတ် မဝင်စားသူ၏ သညာသည် ယုတ်ညံ့၏၊ သမာပတ်ဝင်စားသူ၏ သညာသည် မြင့်မြတ်၏။

အာသဝ၏ အာရုံဖြစ်သော သညာသည် ယုတ်ညံ့၏၊ အာသဝ၏ အာရုံမဟုတ်သော သညာသည် မြင့်မြတ်၏။

တနည်းကား၊ ထိုထိုသညာကို ထောက်ဆ၍ ထောက်ဆ၍ (သညာတခုနှင့်တခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ယုတ်ညံ့သော မှတ်သားမှု 'ဟီနသညာ'နှင့် မြင့်မြတ်သော မှတ်သားမှု 'ပဏီတသညာ'ကို မှတ်အပ်၏။

(၁၀) ဒူရေသညာ ၁၉။ ထို(သညာ ၁၁-မျိုးတို့)တွင် အဘယ်သညာသည် ဝေးသော မှတ်သားမှု 'ဒူရေသညာ'မည်သနည်း။

အကုသိုလ်သညာသည် ကုသိုလ်သညာနှင့် အဗျာကတသညာတို့မှ ဝေး၏၊ ကုသိုလ်သညာနှင့် အဗျာကတသညာတို့သည် အကုသိုလ်သညာမှ ဝေးကုန်၏။

ကုသိုလ်သညာသည် အကုသိုလ်သညာနှင့် အဗျာကတသညာတို့မှ ဝေး၏၊ အကုသိုလ်သညာနှင့် အဗျာကတသညာတို့သည် ကုသိုလ်သညာမှ ဝေးကုန်၏။

အဗျာကတသညာသည် ကုသိုလ်သညာနှင့် အကုသိုလ်သညာတို့မှ ဝေး၏၊ ကုသိုလ်သညာနှင့် အကုသိုလ်သညာတို့သည် အဗျာကတသညာမှ ဝေးကုန်၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာသည် သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာတို့မှ ဝေး၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာတို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာမှ ဝေးကုန်၏။

သုခဝေဒနာနှင့် ယှဉ်သော သညာသည် ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာတို့မှ ဝေး၏၊ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာတို့သည် သုခဝေဒနာနှင့် ယှဉ်သော သညာမှ ဝေးကုန်၏။

အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သညာသည် သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သညာတို့မှ ဝေး၏၊ သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သညာတို့သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သညာမှ ဝေးကုန်၏။

သမာပတ် မဝင်စားသူ၏ သညာသည် သမာပတ် ဝင်စားသူ၏ သညာမှ ဝေး၏၊ သမာပတ်ဝင်စားသူ၏ သညာသည် သမာပတ် မဝင်စားသူ၏ သညာမှ ဝေး၏။

အာသဝ၏(တဏှာ,ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာသည် အာသဝ၏ အာရုံမဟုတ်သောသညာမှ ဝေး၏၊ အာသဝ၏ အာရုံမဟုတ်သော သညာသည် အာသဝ၏ အာရုံဖြစ်သော သညာမှ ဝေး၏။ ဤ (ဆိုခဲ့ပြီးသော သညာအပေါင်း)ကို ဝေးသော မှတ်သားမှု 'ဒူရေသညာ'ဟု ဆိုအပ်၏။

http://www.dhammadownload.com



**(၁၁) သန္တိကေသညာ။** ။ထို (သညာ ၁၁-မျိုးတို့) တွင် အဘယ် သညာသည် နီးသော မှတ်သားမှု 'သန္တိကေသညာ' မည်သနည်း။

အကုသိုလ်သညာသည် အကုသိုလ်သညာနှင့် နီး၏၊ ကုသိုလ်သညာသည် ကုသိုလ်သညာနှင့် နီး၏၊ အဗျာကတသညာသည် အဗျာကတသညာနှင့် နီး၏။

ဒုက္ခဝေဒနာနှင့်ယှဉ်သော သညာသည် ဒုက္ခဝေဒနာနှင့်ယှဉ်သော သညာနှင့် နီး၏၊ သုခဝေဒနာနှင့်ယှဉ်သော သညာသည် သုခဝေဒနာနှင့် ယှဉ်သော သညာနှင့် နီး၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သညာသည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သညာနှင့် နီး၏။

သမာပတ်မဝင်စားသူ၏ သညာသည် သမာပတ်မဝင်စားသူ၏ သညာနှင့် နီး၏၊ သမာပတ်ဝင်စားသူ၏ သညာသည် သမာပတ်ဝင်စားသူ၏ သညာနှင့် နီး၏။

အာသဝ၏ အာရုံဖြစ်သောသညာသည် အာသဝ၏ အာရုံဖြစ်သောသညာနှင့် နီး၏၊ အာသဝ၏ အာရုံမဟုတ်သောသညာသည် အာသဝ၏ အာရုံမဟုတ်သောသညာနှင့် နီး၏။ ဤ (ဆိုခဲ့ပြီးသော သညာအပေါင်း) ကို နီးသော မှတ်သားမှု 'သန္တိကေသညာ' ဟု ဆိုအပ်၏။

တနည်းကား၊ ထိုထိုသညာကို ထောက်ဆ၍ ထောက်ဆ၍ (သညာ တခုနှင့်တခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ဝေးသောသညာ 'ဒူရေသညာ' နှင့် နီးသောသညာ 'သန္တိကေသညာ' ကို မှတ်အပ်၏။

## ၄-သင်္ခါရက္ခန္ဓ (ပြုပြင်စီရင်မှုအစု)

**သင်္ခါရက္ခန္ဓာ (သင်္ခါရ ၁၁-မျိုး)** ၂၀။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ' မည်သနည်း။

ဖြစ်ပြီးပြုပြင်စီရင်မှု 'အတိတ်သင်္ခါရ'၊ ဖြစ်လတ္တံ့ ပြုပြင်စီရင်မှု 'အနာဂတ်သင်္ခါရ'၊ ဖြစ်ဆဲ ပြုပြင်စီရင်မှု 'ပစ္စုပ္ပန်သင်္ခါရ'၊ အတွင်းသန္တာန်၌ ဖြစ်သော ပြုပြင်စီရင်မှု 'အဇ္ဈတ္တသင်္ခါရ'၊ အပသန္တာန်၌ ဖြစ်သော ပြုပြင်စီရင်မှု 'ဗဟိဒ္ဓသင်္ခါရ'၊ ကြမ်းတမ်းသော ပြုပြင်စီရင်မှု 'ဩဠာရိကသင်္ခါရ'၊ နူးညံ့သိမ်မွေ့သော ပြုပြင်စီရင်မှု 'သုခုမသင်္ခါရ'၊ ယုတ်ညံ့သော ပြုပြင်စီရင်မှု 'ဟီနသင်္ခါရ'၊ မြင့်မြတ်သော ပြုပြင်စီရင်မှု 'ပဏီတသင်္ခါရ'၊ ဝေးသော ပြုပြင်စီရင်မှု 'ဒူရေသင်္ခါရ'၊ နီးသောပြုပြင်စီရင်မှု 'သန္တိကေသင်္ခါရ' တည်းဟူသော အလုံးစုံသော ပြုပြင်စီရင်မှု 'သင်္ခါရ' တို့သည် ရှိကုန်၏။ ထို (အားလုံးသော ပြုပြင်စီရင်မှု 'သင်္ခါရ' ၁၁-မျိုးတို့) ကို တပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ပြသော ဤ သဘောကို ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟု ဆိုအပ်၏။

**(၁) အတိတ်သင်္ခါရ** ၂၁။ ထို (ပြုပြင်စီရင်မှု 'သင်္ခါရ' ၁၁-မျိုးတို့) တွင် အဘယ် သင်္ခါရတို့သည် ဖြစ်ပြီးသော ပြုပြင်စီရင်မှု 'အတိတ်သင်္ခါရ' တို့ မည်ကုန်သနည်း။

မျက်စိ အကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာ စေတနာ)[၁]၊ နား အကြည် သောတပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့် ဖြစ်သော စေတနာ) (သောတသမ္ဖဿဇာ စေတနာ)၊ နှာခေါင်း အကြည် ဃာနပသာဒနှင့်

---

၁။ အထူးသတိပြုရန်— 'သင်္ခါရ' ပုဒ်အရ ပဓာနနည်းအားဖြင့် 'စေတနာ' ကို ပြဆိုထားသည်။ (သမ္မောနှာ-၁၉)

http://www.dhammadownload.com



အနံ့ ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နှာအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဃာနသမ္ဖဿဇာ စေတနာ)၊ လျှာ အကြည် ဇိဝှါပသာဒနှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ(လျှာအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဇိဝှါသမ္ဖဿဇာ စေတနာ)၊ ကိုယ် အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာ စေတနာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာ စေတနာ) ဟု ဆိုအပ်သော အကြင်ပြုပြင်စီရင်မှု 'သင်္ခါရ'တို့သည် လွန်ပြီး ဖြစ်ကုန်၏ (အတီတာ)၊ ချုပ်ပြီးဖြစ်ကုန်၏ (နိရုဒ္ဓါ)၊ ကင်းပြီးဖြစ်ကုန်၏ (ဝိဂတာ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်ကုန်၏ (ဝိပရိဏတာ)၊ ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်ကုန်၏ (အတ္ထင်္ဂတာ)၊ အလွန်ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်ကုန်၏ (အဗ္ဘတ္ထင်္ဂတာ)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်ကုန်၏ (ဥပ္ပဇ္ဇိတွာ ဝိဂတာ)၊ လွန်ပြီးဖြစ်ကုန်၏ (အတီတာ)၊ လွန်ပြီးသော အတိတ်တရား အစုအဘို့ဖြင့် ရေတွက်အပ်ကုန်၏ (အတီတံသေန သင်္ဂဟိတာ)။ ဤ(ဆိုခဲ့ပြီးသော သင်္ခါရ)တို့ကို ဖြစ်ပြီးသောပြုပြင်စီရင်မှု 'အတိတ်သင်္ခါရ' တို့ဟု ဆိုအပ်ကုန်၏။

(၂) အနာဂတ်သင်္ခါရ။ ။ထို(သင်္ခါရ ၁၁ မျိုးတို့)တွင် အဘယ် သင်္ခါရတို့သည်ဖြစ်လတ္တံ့သော ပြုပြင်စီရင်မှု'အနာဂတ်သင်္ခါရ'တို့ မည်ကုန်သနည်း။

မျက်စိ အကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နားအကြည် သောတပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့်ဖြစ်သော စေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်း အကြည် ဃာနပသာဒနှင့် အနံ့ ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သောစေတနာ) (ဃာန-သမ္ဖဿဇာစေတနာ)၊ လျှာ အကြည် ဇိဝှါပသာဒနှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့်ဖြစ်သောစေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့် ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာစေတနာ)၊ စိတ် နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ(မနောသမ္ဖဿဇာစေတနာ) ဟု ဆိုအပ်သော အကြင်ပြုပြင်စီရင်မှု 'သင်္ခါရ'တို့သည် မဖြစ်ကုန်သေး (အဇာတာ)၊ မထင်ရှားကုန်သေး (အဘူတာ)၊ ကောင်းစွာမဖြစ်ရှိသေး (အသဉ္ဇာတာ)၊ မဖြစ်ကုန်သေး (အနိဗ္ဗတ္တာ)၊ အသစ်မဖြစ်ကုန်သေး (အနဘိနိဗ္ဗတ္တာ)၊ ထင်ရှားမဖြစ်ကုန်သေး (အပါတုဘူတာ)၊ မဖြစ်ပေါ်ကုန်သေး (အနုပ္ပန္နာ)၊ ကောင်းစွာမဖြစ်ပေါ် ကုန်သေး(အသမုပ္ပန္နာ)၊ မပေါ်ပေါက်ကုန်သေး (အနုဋ္ဌိတာ)၊ ကောင်းစွာမပေါ်ပေါက်ကုန်သေး (အသမုဋ္ဌိတာ)၊ မရောက်လာကုန်သေး (အနာဂတာ)၊ မရောက်လာကုန်သေးသော အနာဂတ်တရားအစုအဘို့ဖြင့် ရေတွက်အပ်ကုန်၏(အနာဂတံသေန သင်္ဂဟိတာ)။ ဤ(ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သင်္ခါရ')တို့ကို ဖြစ်လတ္တံ့သော ပြုပြင်စီရင်မှု'အနာဂတ်သင်္ခါရ'တို့ဟု ဆိုအပ်ကုန်၏။

(၃) ပစ္စုပ္ပန်သင်္ခါရ။ ။ထို (သင်္ခါရ ၁၁-မျိုးတို့)တွင် အဘယ် သင်္ခါရတို့သည် ဖြစ်ဆဲဖြစ်သော ပြုပြင်စီရင်မှု 'ပစ္စုပ္ပန်သင်္ခါရ'တို့ မည်ကုန်သနည်း။

မျက်စိ အကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မျက်စိအတွေ့ကြောင့်ဖြစ်သောစေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နား အကြည် သောတ

http://www.dhammadownload.com



ပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော စေတနာ (နားအတွေ့ကြောင့် ဖြစ်သော စေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်း အကြည် ဃာနပသာဒနှင့် အနံ့ ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော စေတနာ (နှာခေါင်းအတွေ့ကြောင့် ဖြစ်သောစေတနာ) (ဃာန သမ္ဖဿဇာစေတနာ)၊ လျှာ အကြည် ဇိဝှါပသာဒနှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သောစေတနာ (လျှာအတွေ့ကြောင့် ဖြစ်သောစေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ် အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာစေတနာ)၊ စိတ် နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သောစေတနာ (မနောသမ္ဖဿဇာစေတနာ) ဟု ဆိုအပ်သော အကြင် ပြုပြင်စီရင်မှု 'သင်္ခါရ'တို့သည် ဖြစ်ဆဲဖြစ်ကုန်၏(ဇာတာ)၊ ထင်ရှားဖြစ်ဆဲဖြစ်ကုန်၏ (ဘူတာ)၊ ကောင်းစွာဖြစ်ရှိဆဲ ဖြစ်ကုန်၏ (သဉ္ဇာတာ)၊ ဖြစ်ဆဲဖြစ်ကုန်၏(နိဗ္ဗတ္တာ)၊ အသစ်ဖြစ်ဆဲဖြစ်ကုန်၏ (အဘိနိဗ္ဗတ္တာ)၊ ထင်ရှားဖြစ်ဆဲ ဖြစ်ကုန်၏ (ပါတုဘူတာ)၊ ဖြစ်ပေါ်ဆဲဖြစ်ကုန်၏ (ဥပ္ပန္နာ)၊ ကောင်းစွာဖြစ်ပေါ်ဆဲဖြစ်ကုန်၏ (သမုပ္ပန္နာ)၊ ပေါ်ပေါက်ဆဲဖြစ်ကုန်၏ (ဥဋ္ဌိတာ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲဖြစ်ကုန်၏ (သမုဋ္ဌိတာ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်ကုန်၏ (ပစ္စုပ္ပန္နာ)၊ ယခုဖြစ်ပေါ်ဆဲ ဖြစ်သော ပစ္စုပ္ပန်တရားအစုအဘို့ဖြင့် ရေတွက်အပ်ကုန်၏ (ပစ္စုပ္ပန္နံသေန သင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သင်္ခါရ') တို့ကို ဖြစ်ဆဲဖြစ်သော ပြုပြင်စီရင်မှု 'ပစ္စုပ္ပန်သင်္ခါရ' တို့ဟု ဆိုအပ်ကုန်၏။

(၄) **အဇ္ဈတ္တသင်္ခါရ** ၂၂။ ထို(သင်္ခါရ ၁၁-မျိုးတို့)တွင် အဘယ် သင်္ခါရတို့သည် အတွင်းသန္တာန်၌ ဖြစ်သော ပြုပြင်စီရင်မှု 'အဇ္ဈတ္တသင်္ခါရ'တို့ မည်ကုန်သနည်း။

မျက်စိ အကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ(မျက်စိ အတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နား အကြည် သောတပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သောစေတနာ (နားအတွေ့ကြောင့် ဖြစ်သောစေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်း အကြည်ဃာနပသာဒနှင့် အနံ့ ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (နှာခေါင်း အတွေ့ကြောင့် ဖြစ်သော စေတနာ) (ဃာန သမ္ဖဿဇာစေတနာ)၊ လျှာ အကြည် ဇိဝှါပသာဒ နှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့်ဖြစ်သောစေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ် အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော စေတနာ(ကိုယ်အတွေ့ကြောင့် ဖြစ်သောစေတနာ) (ကာယသမ္ဖဿဇာစေတနာ)၊ စိတ် နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)ဟု ဆိုအပ်သော အကြင် ပြုပြင်စီရင်မှု 'သင်္ခါရ'တို့သည် ထိထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်ကုန်၏ (အဇ္ဈတ္တံ)၊ ကိုယ်ကို စွဲ၍ဖြစ်ကုန်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင်ဥစ္စာဖြစ်ကုန်၏(နိယကာ)၊ အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်ကုန်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်ကုန်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်ကုန်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သင်္ခါရ')တို့ကို အတွင်းသန္တာန်၌ဖြစ်သော ပြုပြင်စီရင်မှု 'အဇ္ဈတ္တသင်္ခါရ' တို့ဟု ဆိုအပ်ကုန်၏။

(၅) ဗဟိဒ္ဓသင်္ခါရ။ ။ထို(သင်္ခါရ ၁၁-မျိုးတို့) တွင် အဘယ် သင်္ခါရတို့သည် အပသန္တာန်၌ဖြစ်သော ပြုပြင်စီရင်မှု 'ဗဟိဒ္ဓသင်္ခါရ'တို့ မည်ကုန်သနည်း။

http://www.dhammadownload.com



မျက်စိ အကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မျက်စိအတွေ့ကြောင့် ဖြစ်သောစေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နား အကြည် သောတပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သောစေတနာ (နားအတွေ့ကြောင့်ဖြစ်သောစေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်း အကြည် ဃာနပသာဒနှင့် အနံ့ ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (နှာခေါင်းအတွေ့ကြောင့် ဖြစ်သောစေတနာ)(ဃာနသမ္ဖဿဇာစေတနာ)၊ လျှာ အကြည် ဇိဝှါပသာဒနှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (လျှာအတွေ့ကြောင့်ဖြစ်သောစေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်-အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (ကိုယ်အတွေ့ကြောင့် ဖြစ်သောစေတနာ) (ကာယသမ္ဖဿဇာစေတနာ)၊ စိတ် နှင့်ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)ဟု ဆိုအပ်သော အကြင်ပြုပြင်စီရင်မှု 'သင်္ခါရ' တို့သည် တပါးသော သတ္တဝါ၊ တပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်ကုန်၏ (ပရပုဂ္ဂလအဇ္ဈတ္တံ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ကို စွဲ၍ ဖြစ်ကုန်၏ (ပစ္စတ္တံ)၊ (တပါးသောပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဉစ္စာ ဖြစ်ကုန်၏ (နိယကာ)၊ (တပါးသောပုဂ္ဂိုလ်တို့၏) အသီးအခြား ပုဂ္ဂိုလ်ပိုင်ဉစ္စာဖြစ်ကုန်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ဖြစ်ကုန်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်ကုန်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သင်္ခါရ') တို့ကို အပသန္တာန်၌ဖြစ်သော ပြုပြင်စီရင်မှု 'ဗဟိဒ္ဓသင်္ခါရ'တို့ဟု ဆိုအပ်ကုန်၏။

**(၆) (၇) ဩဠာရိကသင်္ခါရနှင့် သုခုမသင်္ခါရ**

၂၃။ ထို(သင်္ခါရ ၁၁-မျိုးတို့)တွင် အဘယ် သင်္ခါရ[၁] တို့သည် ကြမ်းတမ်းသော ပြုပြင်စီရင်မှု 'ဩဠာရိကသင်္ခါရ' နှင့် နူးညံ့သိမ်မွေ့သော ပြုပြင်စီရင်မှု 'သုခုမသင်္ခါရ'တို့မည်ကုန်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ပြုပြင်စီရင်မှု 'အကုသိုလ်သင်္ခါရ'တို့သည် ကြမ်းတမ်းကုန်၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကိုပေးတတ်သော ပြုပြင်စီရင်မှု 'ကုသိုလ်သင်္ခါရ' နှင့် ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတသင်္ခါရ' တို့သည် နူးညံ့သိမ်မွေ့ကုန်၏၊ (တနည်းကား) ကုသိုလ်သင်္ခါရနှင့် အကုသိုလ်သင်္ခါရတို့သည် ကြမ်းတမ်းကုန်၏၊ အဗျာကတသင်္ခါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် ကြမ်းတမ်းကုန်၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏၊ (တနည်းကား) သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့သည် ကြမ်းတမ်းကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏။

သမာပတ် မဝင်စားသူ၏ သင်္ခါရတို့သည် ကြမ်းတမ်းကုန်၏၊ သမာပတ်ဝင်စားသူ၏ သင်္ခါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရတို့သည် ကြမ်းတမ်းကုန်၏၊ အာသဝ၏ အာရုံ မဟုတ်သော သင်္ခါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏။

---

၁။ အထူးသတိပြုရန် — 'သင်္ခါရ' ပုဒ်အရ ပဓာနနည်းအားဖြင့် 'စေတနာ' ကို ပြဆိုထားသည်။ (ဝိဘင်း အပိုဒ် ၂၁၊ ၂၂)

http://www.dhammadownload.com



တနည်းကား၊ ထိုထိုသင်္ခါရတို့ကို ထောက်ဆ၍ ထောက်ဆ၍ (သင်္ခါရတခုနှင့် တခုကို နှိုင်းရှည့် ထောက်ဆခြင်းအားဖြင့်) ကြမ်းတမ်းသော ပြုပြင်စီရင်မှု 'ဩဠာရိကသင်္ခါရ'နှင့် နူးညံ့သိမ်မွေ့သော ပြုပြင်စီရင်မှု 'သုခုမသင်္ခါရ'တို့ကို မှတ်အပ်ကုန်၏။

**(၈) (၉) ဟီနသင်္ခါရနှင့် ပဏီတသင်္ခါရ** ၂၄။ ထို (သင်္ခါရ ၁၁-မျိုးတို့)တွင် အဘယ် သင်္ခါရတို့သည် ယုတ်ညံ့သော ပြုပြင်စီရင်မှု 'ဟီနသင်္ခါရ'နှင့် မြင့်မြတ်သော ပြုပြင်စီရင်မှု 'ပဏီတသင်္ခါရ'တို့ မည်ကုန်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကိုပေးတတ်သော ပြုပြင်စီရင်မှု 'အကုသိုလ်သင်္ခါရ' တို့သည် ယုတ်ညံ့ကုန်၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ပြုပြင်စီရင်မှု 'ကုသိုလ်သင်္ခါရ'နှင့် ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သည့် ပြုပြင်စီရင်မှု'အဗျာကတသင်္ခါရ' တို့သည် မြင့်မြတ်ကုန်၏၊ ကုသိုလ်သင်္ခါရနှင့် အကုသိုလ်သင်္ခါရတို့သည် ယုတ်ညံ့ကုန်၏၊ အဗျာကတသင်္ခါရတို့သည် မြင့်မြတ်ကုန်၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် ယုတ်ညံ့ကုန်၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာ တို့နှင့် ယှဉ်သော သင်္ခါရတို့သည် မြင့်မြတ်ကုန်၏၊ (တနည်းကား) သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့သည် ယုတ်ညံ့ကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့သည် မြင့်မြတ်ကုန်၏။

သမာပတ်မဝင်စားသူ၏ သင်္ခါရတို့သည် ယုတ်ညံ့ကုန်၏၊ သမာပတ်ဝင်စားသူ၏ သင်္ခါရတို့သည် မြင့်မြတ်ကုန်၏။

အာသဝ၏ (တဏှာ၊ ဒိဋ္ဌိ၊ မောဟတို့၏) အာရုံဖြစ်သော သင်္ခါရတို့သည် ယုတ်ညံ့ကုန်၏၊ အာသဝ၏ အာရုံမဟုတ်သော သင်္ခါရတို့သည် မြင့်မြတ်ကုန်၏။

တနည်းကား၊ ထိုထိုသင်္ခါရတို့ကို ထောက်ဆ၍ ထောက်ဆ၍ (သင်္ခါရတခုနှင့်တခုကို နှိုင်းရှည့် ထောက်ဆခြင်းအားဖြင့်) ယုတ်ညံ့သော 'ဟီနသင်္ခါရ'နှင့် မြင့်မြတ်သော 'ပဏီတသင်္ခါရ'တို့ကို မှတ်အပ်ကုန်၏။

**(၁၀) ဒူရေသင်္ခါရ** ၂၅။ ထို(သင်္ခါရ ၁၁-မျိုးတို့)တွင် အဘယ်သင်္ခါရတို့သည် ဝေးသော (အသိခက်သော) ပြုပြင်စီရင်မှု 'ဒူရေသင်္ခါရ'တို့ မည်ကုန်သနည်း။

အကုသိုလ်သင်္ခါရတို့သည် ကုသိုလ်သင်္ခါရနှင့် အဗျာကတသင်္ခါရတို့မှ ဝေးကုန်၏၊ ကုသိုလ်သင်္ခါရနှင့် အဗျာကတသင်္ခါရတို့သည် အကုသိုလ်သင်္ခါရတို့မှ ဝေးကုန်၏။

ကုသိုလ်သင်္ခါရတို့သည် အကုသိုလ်သင်္ခါရနှင့် အဗျာကတသင်္ခါရတို့မှ ဝေးကုန်၏၊ အကုသိုလ်သင်္ခါရနှင့် အဗျာကတသင်္ခါရတို့သည် ကုသိုလ်သင်္ခါရတို့မှ ဝေးကုန်၏။

အဗျာကတသင်္ခါရတို့သည် ကုသိုလ်သင်္ခါရနှင့် အကုသိုလ်သင်္ခါရတို့မှ ဝေးကုန်၏၊ ကုသိုလ်သင်္ခါရနှင့် အကုသိုလ်သင်္ခါရတို့သည် အဗျာကတသင်္ခါရတို့မှ ဝေးကုန်၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏။

http://www.dhammadownload.com



သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏၊ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏။

အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏၊ သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏။

သမာပတ် မဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ်ဝင်စားသူ၏ သင်္ခါရတို့မှ ဝေးကုန်၏၊ သမာပတ်ဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ် မဝင်စားသူ၏ သင်္ခါရတို့မှ ဝေးကုန်၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရတို့သည် အာသဝ၏ အာရုံ မဟုတ်သော သင်္ခါရတို့မှ ဝေးကုန်၏၊ အာသဝ၏ အာရုံမဟုတ်သော သင်္ခါရတို့သည် အာသဝ၏ အာရုံဖြစ်သော သင်္ခါရတို့မှ ဝေးကုန်၏။ ဤ (ဆိုခဲ့ပြီးသော သင်္ခါရ) တို့ကို ဝေးသော ပြုပြင်စီရင်မှု 'ဒူရေသင်္ခါရ'တို့ဟု ဆိုအပ်ကုန်၏။

(၁၁) သန္တိကေသင်္ခါရ။ ။ထို (သင်္ခါရ ၁၁-မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည် နီးသော ပြုပြင်စီရင်မှု 'သန္တိကေသင်္ခါရ'တို့ မည်ကုန်သနည်း။

အကုသိုလ်သင်္ခါရတို့သည် အကုသိုလ်သင်္ခါရတို့နှင့် နီးကုန်၏၊ ကုသိုလ်သင်္ခါရတို့သည် ကုသိုလ် သင်္ခါရတို့နှင့် နီးကုန်၏၊ အဗျာကတသင်္ခါရတို့သည် အဗျာကတသင်္ခါရတို့နှင့် နီးကုန်၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သောသင်္ခါရတို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်သောသင်္ခါရတို့နှင့် နီးကုန်၏၊ သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့နှင့် နီးကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သောသင်္ခါရတို့သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့နှင့် နီးကုန်၏။

သမာပတ်မဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ်မဝင်စားသူ၏ သင်္ခါရတို့နှင့် နီးကုန်၏၊ သမာပတ်ဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ်ဝင်စားသူ၏ သင်္ခါရတို့နှင့် နီးကုန်၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရတို့သည် အာသဝ၏အာရုံဖြစ်သော သင်္ခါရတို့နှင့် နီးကုန်၏၊ အာသဝ၏အာရုံမဟုတ်သောသင်္ခါရတို့သည် အာသဝ၏အာရုံမဟုတ်သောသင်္ခါရတို့နှင့် နီးကုန်၏။ ဤ (ဆိုခဲ့ပြီးသော သင်္ခါရ) တို့ကို နီးသော ပြုပြင်စီရင်မှု 'သန္တိကေသင်္ခါရ'တို့ဟု ဆိုအပ်ကုန်၏။

တနည်းကား၊ ထိုထိုသင်္ခါရတို့ကို ထောက်ဆ၍ ထောက်ဆ၍ (သင်္ခါရတခုနှင့်တခုကို နှိုင်းရှည့် ထောက်ဆခြင်းအားဖြင့်) ဝေးသောပြုပြင်စီရင်မှု 'ဒူရေသင်္ခါရ'နှင့် နီးသောပြုပြင်စီရင်မှု 'သန္တိကေ-သင်္ခါရ'တို့ကို မှတ်အပ်ကုန်၏။

## ၅-ဝိညာဏက္ခန္ဓ (သိမှုအစု)

ဝိညာဏက္ခန္ဓာ (ဝိညာဏ် ၁၁-မျိုး) ၂၆။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် သိမှုအစု 'ဝိညာဏက္ခန္ဓာ'မည်သနည်း။

http://www.dhammadownload.com



ဖြစ်ပြီးသောသိမှု 'အတိတ်ဝိညာဏ်'၊ ဖြစ်လတ္တံ့သောသိမှု 'အနာဂတ်ဝိညာဏ်'၊ ဖြစ်ဆဲဖြစ်သောသိမှု'ပစ္စုပ္ပန်ဝိညာဏ်'၊ အတွင်းသန္တာန်၌ ဖြစ်သောသိမှု'အဇ္ဈတ္တဝိညာဏ်'၊ အပသန္တာန်၌ဖြစ်သောသိမှု'ဗဟိဒ္ဓဝိညာဏ်'၊ ကြမ်းတမ်းသောသိမှု'ဩဠာရိကဝိညာဏ်'၊ နူးညံ့သိမ်မွေ့သောသိမှု'သုခုမဝိညာဏ်'၊ယုတ်ညံ့သောသိမှု'ဟီနဝိညာဏ်'၊ မွင့်မြတ်သောသိမှု'ပဏီတဝိညာဏ်'၊ ဝေးသောသိမှု'ဒူရေဝိညာဏ်'၊ နီးသောသိမှု'သန္တိကေဝိညာဏ်'တည်းဟူသော အလုံးစုံသော ဝိညာဏ်သည်ရှိ၏။ ထို(အားလုံးသော သိမှု'ဝိညာဏ်' ၁၁-မျိုးဘို့)ကို တပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ပြသော ဤသဘောကို သိမှုအစု'ဝိညာဏက္ခန္ဓာ'ဟု ဆိုအပ်၏။

(၁) **အတိတ်ဝိညာဏ်** ၂၇။ ထို(ဝိညာဏ် ၁၁-မျိုးတို့)တွင် အဘယ် ဝိညာဏ်သည် ဖြစ်ပြီးသိမှု 'အတိတ်ဝိညာဏ်'မည်သနည်း။

မြင်သိစိတ်'စက္ခုဝိညာဏ်'၊ ကြားသိစိတ်'သောတဝိညာဏ်'၊ နံသိစိတ်'ဃာနဝိညာဏ်'၊ လျက်သိစိတ်'ဇိဝှါဝိညာဏ်'၊ ထိသိစိတ်'ကာယဝိညာဏ်'၊ ကြံသိစိတ်'မနောဝိညာဏ်'ဟုဆိုအပ်သော အကြင်ဝိညာဏ်သည် လွန်ပြီးဖြစ်၏(အတီတံ)၊ ချုပ်ပြီးဖြစ်၏(နိရုဒ္ဓံ)၊ ကင်းပြီးဖြစ်၏(ဝိဂတံ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်၏ (ဝိပရိဏတံ)၊ ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အတ္ထင်္ဂတံ)၊ အလွန်ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏(အဗ္ဘတ္ထင်္ဂတံ)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်၏(ဥပ္ပဇ္ဇိတွာ ဝိဂတံ)၊ လွန်ပြီးဖြစ်၏(အတီတံ)၊ လွန်ပြီးသော အတိတ် တရားအစုအဘို့ဖြင့် ရေတွက်အပ်၏ (အတီတံသေန သင်္ဂဟိတံ)။ ဤ(ဆိုခဲ့ပြီးသောဝိညာဏ်အပေါင်း)ကို ဖြစ်ပြီးသောသိမှု'အတိတ်ဝိညာဏ်'ဟု ဆိုအပ်၏။

(၂) **အနာဂတ်ဝိညာဏ်။** ။ထို(ဝိညာဏ် ၁၁-မျိုးတို့)တွင် အဘယ်ဝိညာဏ်သည် ဖြစ်လတ္တံ့သော သိမှု 'အနာဂတ်ဝိညာဏ်'မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင်ဝိညာဏ်သည် မဖြစ်ပေါ်သေး(အဇာတံ)၊ မထင်ရှားသေး(အဘူတံ)၊ ကောင်းစွာ မဖြစ်ရှိသေး(အသဉ္ဇာတံ)၊ မဖြစ်သေး(အနိဗ္ဗတ္တံ)၊ အသစ်မဖြစ်သေး(အနဘိနိဗ္ဗတ္တံ)၊ ထင်ရှားမဖြစ်သေး(အပါတုဘူတံ)၊ မဖြစ်ပေါ်သေး(အနုပ္ပန္နံ)၊ ကောင်းစွာမဖြစ်ပေါ်သေး(အသမုပ္ပန္နံ)၊ မပေါ်ပေါက်သေး(အနုဋ္ဌိတံ)၊ ကောင်းစွာ မပေါ်ပေါက်သေး(အသမုဋ္ဌိတံ)၊ မရောက်လာသေး(အနာဂတံ)၊ မရောက်လာသေးသော အနာဂတ် တရားအစုအဘို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ဂဟိတံ)။ ဤ(ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း)ကို ဖြစ်လတ္တံ့သောသိမှု'အနာဂတ်ဝိညာဏ်'ဟု ဆိုအပ်၏။

(၃) **ပစ္စုပ္ပန်ဝိညာဏ်။** ။ထို (ဝိညာဏ် ၁၁-မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် ဖြစ်ဆဲဖြစ်သော သိမှု 'ပစ္စုပ္ပန်ဝိညာဏ်'မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင်ဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏ (ဇာတံ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏(ဘူတံ)၊ ကောင်းစွာ ဖြစ်ရှိဆဲ ဖြစ်၏(သဉ္ဇာတံ)၊ ဖြစ်ဆဲဖြစ်၏(နိဗ္ဗတ္တံ)၊ အသစ်ဖြစ်ဆဲ ဖြစ်၏(အဘိနိဗ္ဗတ္တံ)၊ထင်ရှားဖြစ်ဆဲဖြစ်၏(ပါတုဘူတံ)၊ဖြစ်ပေါ်ဆဲဖြစ်၏(ဥပ္ပန္နံ)၊ကောင်းစွာ ဖြစ်ပေါ်ဆဲဖြစ်၏(သမုပ္ပန္နံ)၊ ပေါ်ပေါက်ဆဲဖြစ်၏(ဥဋ္ဌိတံ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲဖြစ်၏ (သမုဋ္ဌိတံ)၊ ယခု

http://www.dhammadownload.com



**ဖြစ်ပေါ်ဆဲဖြစ်၏** (ပစ္စုပ္ပန္နံ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်တရား အစုအဘို့ဖြင့် ရေတွက်**အပ်၏** (ပစ္စုပ္ပန္နံသေန သင်္ဂဟိတံ)။ ဤ(ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း)ကို ဖြစ်ဆဲဖြစ်သော သိမှု 'ပစ္စုပ္ပန်ဝိညာဏ်' ဟု ဆိုအပ်၏။

(၄) အဇ္ဈတ္တဝိညာဏ် ၂၀။ ထို(ဝိညာဏ် ၁၁-မျိုးတို့)တွင် အဘယ်ဝိညာဏ်သည် အတွင်းသန္တာန်၌ဖြစ်သော သိမှု 'အဇ္ဈတ္တဝိညာဏ်' မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင်ဝိညာဏ်သည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (အဇ္ဈတ္တံ)၊ ကိုယ်ကို စွဲ၍ဖြစ်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင် ဥစ္စာဖြစ်၏ (နိယကံ)၊ အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်၏ (ပါဋိပုဂ္ဂလိကံ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ)။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို အတွင်းသန္တာန်၌ ဖြစ်သော သိမှု 'အဇ္ဈတ္တဝိညာဏ်' ဟု ဆိုအပ်၏။

(၅) ဗဟိဒ္ဓဝိညာဏ်။ ။ထို (ဝိညာဏ် ၁၁-မျိုးတို့)တွင် အဘယ်ဝိညာဏ်သည် အပသန္တာန်၌ဖြစ်သောသိမှု 'ဗဟိဒ္ဓဝိညာဏ်' မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင်ဝိညာဏ်သည် တပါးသောသတ္တဝါ၊ တပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ဖြစ်၏ (ပရပုဂ္ဂလအဇ္ဈတ္တံ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏)ကိုယ်ကို စွဲ၍ဖြစ်၏ (ပစ္စတ္တံ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာဖြစ်၏ (နိယကံ)၊ (တပါးသော ပုဂ္ဂိုလ်တို့၏) အသီးအခြား ပုဂ္ဂိုလ်ပိုင် ဥစ္စာဖြစ်၏ (ပါဋိပုဂ္ဂလိကံ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ)။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို အပသန္တာန်၌ဖြစ်သော သိမှု 'ဗဟိဒ္ဓဝိညာဏ်' ဟု ဆိုအပ်၏။

(၆) (၇) ဩဠာရိကဝိညာဏ်နှင့် သုခုမဝိညာဏ် ၂၉။ ထို(ဝိညာဏ် ၁၁-မျိုးတို့)တွင် အဘယ်ဝိညာဏ်သည် ကြမ်းတမ်းသော သိမှု 'ဩဠာရိကဝိညာဏ်' နှင့် နူးညံ့သိမ်မွေ့သော သိမှု 'သုခုမဝိညာဏ်' မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော သိမှု 'အကုသိုလ်ဝိညာဏ်' သည် ကြမ်းတမ်း၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော သိမှု 'ကုသိုလ်ဝိညာဏ်' နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော သိမှု 'အဗျာကတဝိညာဏ်' တို့သည် နူးညံ့သိမ်မွေ့ကုန်၏၊ (တနည်းကား) ကုသိုလ်ဝိညာဏ် အကုသိုလ်ဝိညာဏ်တို့သည် ကြမ်းတမ်းကုန်၏၊ အဗျာကတဝိညာဏ်သည် နူးညံ့သိမ်မွေ့၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် ကြမ်းတမ်း၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် နူးညံ့သိမ်မွေ့ကုန်၏၊ (တနည်းကား) သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့်ယှဉ်သော ဝိညာဏ်တို့သည် ကြမ်းတမ်းကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် နူးညံ့သိမ်မွေ့၏။

သမာပတ်မဝင်စားသူ၏ ဝိညာဏ်သည် ကြမ်းတမ်း၏၊ သမာပတ်ဝင်စားသူ၏ ဝိညာဏ်သည် နူးညံ့သိမ်မွေ့၏၊

http://www.dhammadownload.com



အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏ်သည် ကြမ်းတမ်း၏၊ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်သည် နူးညံ့သိမ်မွေ့၏။

တနည်းကား၊ ထိုထိုဝိညာဏ်ကို ထောက်ဆ၍ ထောက်ဆ၍ (ဝိညာဏ် တခုနှင့် တခုကို နှိုင်းရှည့် ထောက်ဆခြင်းအားဖြင့်) ကြမ်းတမ်းသော သိမ္မ 'ဩဠာရိကဝိညာဏ်'နှင့် နူးညံ့သိမ်မွေ့သော သိမ္မ 'သုခုမဝိညာဏ်'ကို မှတ်အပ်၏။

(၈) (၉) ဟီနဝိညာဏ်နှင့် ပဏီတဝိညာဏ်　၃၀။ ထို (ဝိညာဏ် ၁၁-မျိုးတို့)တွင် အဘယ် ဝိညာဏ်သည် ယုတ်ညံ့သော သိမ္မ 'ဟီန ဝိညာဏ်'နှင့် မြင့်မြတ်သော သိမ္မ 'ပဏီတဝိညာဏ်'မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော သိမ္မ 'အကုသိုလ်ဝိညာဏ်'သည် ယုတ်ညံ့၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော သိမ္မ 'ကုသိုလ်ဝိညာဏ်'နှင့် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော သိမ္မ 'အဗျာကတဝိညာဏ်'တို့သည် မြင့်မြတ်ကုန်၏၊ (တနည်းကား) ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့သည် ယုတ်ညံ့ကုန်၏၊ အဗျာကတဝိညာဏ်သည် မြင့်မြတ်၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် ယုတ်ညံ့၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် မြင့်မြတ်ကုန်၏၊ (တနည်းကား) သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် ယုတ်ညံ့ကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည် မြင့်မြတ်၏။

သမာပတ်မဝင်စားသူ၏ ဝိညာဏ်သည် ယုတ်ညံ့၏၊ သမာပတ်ဝင်စားသူ၏ ဝိညာဏ်သည် မြင့်မြတ်၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏ်သည် ယုတ်ညံ့၏၊ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်သည် မြင့်မြတ်၏။

တနည်းကား၊ ထိုထိုဝိညာဏ်ကို ထောက်ဆ၍ ထောက်ဆ၍ (ဝိညာဏ်တခုနှင့် တခုကို နှိုင်းရှည့် ထောက်ဆခြင်းအားဖြင့်) ယုတ်ညံ့သော သိမ္မ 'ဟီနဝိညာဏ်' နှင့် မြင့်မြတ်သော သိမ္မ 'ပဏီတ ဝိညာဏ်' ကို မှတ်အပ်၏။

(၁၀) ဒူရေဝိညာဏ်　၃၁။ ထို (ဝိညာဏ် ၁၁-မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် ဝေးသော သိမ္မ 'ဒူရေဝိညာဏ်' မည်သနည်း။

အကုသိုလ် ဝိညာဏ်သည် ကုသိုလ်ဝိညာဏ်နှင့် အဗျာကတ ဝိညာဏ်တို့မှ ဝေး၏၊ ကုသိုလ် ဝိညာဏ်နှင့် အဗျာကတဝိညာဏ်တို့သည် အကုသိုလ်ဝိညာဏ်မှ ဝေးကုန်၏။

ကုသိုလ်ဝိညာဏ်သည် အကုသိုလ်ဝိညာဏ်နှင့် အဗျာကတ ဝိညာဏ်တို့မှ ဝေး၏၊ အကုသိုလ် ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့သည် ကုသိုလ်ဝိညာဏ်မှ ဝေးကုန်၏။

အဗျာကတဝိညာဏ်သည် ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့မှ ဝေး၏၊ ကုသိုလ် ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့သည် အဗျာကတဝိညာဏ်မှ ဝေးကုန်၏။

http://www.dhammadownload.com



ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့မှ ဝေး၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်မှ ဝေးကုန်၏။

သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့မှ ဝေး၏၊ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်မှ ဝေးကုန်၏။

အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့မှ ဝေး၏၊ သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်မှ ဝေးကုန်၏။

သမာပတ် မဝင်စားသူ၏ ဝိညာဏ်သည် သမာပတ် ဝင်စားသူ၏ ဝိညာဏ်မှ ဝေး၏၊ သမာပတ် ဝင်စားသူ၏ ဝိညာဏ်သည် သမာပတ် မဝင်စားသူ၏ ဝိညာဏ်မှ ဝေး၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏ်သည် အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်မှ ဝေး၏၊ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်သည် အာသဝ၏ အာရုံဖြစ်သော ဝိညာဏ်မှ ဝေး၏။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း)ကို ဝေးသော သိမ္မ 'ဒူရေဝိညာဏ်'ဟု ဆိုအပ်၏။

(၁၁) သန္တိကေဝိညာဏ်။ ။ထို(ဝိညာဏ် ၁၁-မျိုးတို့)တွင် အဘယ်ဝိညာဏ်သည် နီးသော သိမ္မ 'သန္တိကေဝိညာဏ်' မည်သနည်း။

အကုသိုလ် ဝိညာဏ်သည် အကုသိုလ်ဝိညာဏ်နှင့် နီး၏၊ ကုသိုလ် ဝိညာဏ်သည် ကုသိုလ် ဝိညာဏ်နှင့် နီး၏၊ အဗျာကတဝိညာဏ်သည် အဗျာကတဝိညာဏ်နှင့် နီး၏။

သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်နှင့် နီး၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်နှင့် နီး၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်နှင့် နီး၏။

သမာပတ်မဝင်စားသူ၏ ဝိညာဏ်သည် သမာပတ် မဝင်စားသူ၏ ဝိညာဏ်နှင့် နီး၏၊ သမာပတ် ဝင်စားသူ၏ ဝိညာဏ်သည် သမာပတ်ဝင်စားသူ၏ ဝိညာဏ်နှင့်နီး၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏ်သည် အာသဝ၏ အာရုံဖြစ်သော ဝိညာဏ်နှင့် နီး၏၊ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်သည် အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်နှင့် နီး၏။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း)ကို နီးသောသိမ္မ 'သန္တိကေဝိညာဏ်' ဟု ဆိုအပ်၏။

တနည်းကား၊ ထိုထို ဝိညာဏ်ကို ထောက်ဆ၍ ထောက်ဆ၍(ဝိညာဏ် တခုနှင့်တခုကို နှိုင်းရှည့် ထောက်ဆခြင်းအားဖြင့်) ဝေးသော သိမ္မ 'ဒူရေဝိညာဏ်'နှင့် နီးသောသိမ္မ 'သန္တိကေဝိညာဏ်'ကို မှတ်အပ်၏။

ခန္ဓာတို့ကို သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော သုတ္တန္တဘာဇနီယနည်း ပြီး၏။

http://www.dhammadownload.com



## ၂-အဘိဓမ္မဘာဇနီယ

(အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားအပ်သော အဘိဓမ္မဘာဇနီယနည်း)

**ခန္ဓာငါးပါး** ၃၂။ ခန္ဓာငါးပါးတို့ကား—

ရုပ်အစု 'ရူပက္ခန္ဓာ'၊ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ သိမှုအစု 'ဝိညာဏက္ခန္ဓာ'တို့တည်း။

### ၁-ရူပက္ခန္ဓ

### ကေကနည်း ၄၃-ပါး

(တပါးစီပြားသော နည်းအားဖြင့် ဟောကြားအပ်သော ကေကနည်း ၄၃-ပါး)

**ကေကနည်း ၄၃-ပါး** ၃၃။ ထို(ခန္ဓာငါးပါးတို့)တွင် အဘယ်သည် ရုပ်အစု 'ရူပက္ခန္ဓာ'မည်သနည်း။

တပါးစီပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ၄၃-ပါး ဖြစ်၏။

ရုပ်အားလုံးသည်[၁]—

(၁) အကြောင်းရင်းဟိတ်မမည်(န ဟေတု)။

(၂) အကြောင်းရင်းဟိတ်မရှိ (ဟိတ်နှင့် မယှဉ်) (အဟေတုက)။

(၃) အကြောင်းရင်းဟိတ်နှင့် မယှဉ် မရောနှော (ဟေတုဝိပ္ပယုတ္တ)။

(၄) (ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော) အကြောင်းတရားတို့နှင့်တကွ(အကြောင်းတရားတို့ကြောင့်)ဖြစ်၏(သပ္ပစ္စယ)။

(၅) (ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားတို့သည်) ပြုပြင်စီရင်အပ်၏(သင်္ခတ)။

(၆) ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်၏ (ရူပ)။

(၇) ဖြစ်တတ် ပျက်တတ်သော လောက၌ အကျုံးဝင်၏ (လောကိယ)။

(၈) (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ် မူးယစ်မိုက်မဲစေတတ်သော အာသဝေါတရားတို့၏(လောဘ, ဒိဋ္ဌိ, မောဟ တို့၏) အာရုံဖြစ်၏ (သာသဝ)။

(၉) သံယောဇဉ်တို့၏ အစီးအပွါး (သံယောဇဉ်တို့၏ အာရုံ)ဖြစ်၏ (သံယောဇနိယ)။

(၁၀) (ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့မှု 'ဂန္ထ'၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်၏ (ဂန္ထနိယ)။

(၁၁) (ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေမှု 'ဩဃ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်၏ (ဩဃနိယ)။

---

၁။ ဓမ္မသင်္ဂဏီ မြန်မာပြန် ပဒ-၅၈၄၊ နှာ ၂၂၅-၂၂၇။

http://www.dhammadownload.com



(၁၂) (ဝဋ်ဆင်းရဲ၌) ယှဉ်စေမှု 'ယောဂ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်၏ (ယောဂနိယ)။

(၁၃) ချွန် မင်္ဂ ဖိုလ်တို့ကို ပိတ်ပင်မှု 'နီဝရဏ'တို့၏ အာရုံဖြစ်၏(နီဝရဏိယ)။

(၁၄) (မမြဲသည်ကို မြဲ၏ဟု စသည်ဖြင့်) မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'၏ (ဒိဋ္ဌိတို့၏) အာရုံဖြစ်၏ (ပရာမဋ္ဌ)။

(၁၅) ပြင်းစွာ စွဲလမ်းမှု 'ဉပါဒါန်'၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်၏ (လောကီတရား) (ဉပါဒါနိယ)။

(၁၆) ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သည့် 'ကိလေသာ'တို့၏ အာရုံဖြစ်၏ (သံကိလေသိက)။

(၁၇) ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောကြားအပ်(အဗျာကတ)။

(၁၈) အာရုံပြုခြင်းမရှိ (အာရုံကို ယူနိုင်သော သဘောမရှိ) (အနာရမ္မဏ)။

(၁၉) စိတ်၌ မယှဉ် (အစေတသိက)။

(၂၀) စိတ်နှင့် မယှဉ် (မပေါင်း မစပ် မရောနှော) (စိတ္တဝိပ္ပယုတ္တ)။

(၂၁) အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘော(အကျိုးဝိပါက်ကိုဖြစ်စေတတ်သောသဘော)ရှိသည်လည်းမဟုတ် (နေဝ ဝိပါက န ဝိပါကဓမ္မဓမ္မ)။

(၂၂) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တရားတို့သည် မပူပန်စေအပ် မနှိပ်စက်အပ်ကုန်သည်ဖြစ်၍ (ကိလေသာနှင့်မယှဉ်မူ၍) ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတရားတို့ကို ရခြင်းငှါသော ထိုက်တန်၏ (ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာဖြစ်၏) (အသံကိလိဋ္ဌ သံကိလေသိက)။

(၂၃) ကြံစည်မှု 'ဝိတက်'နှင့်လည်းတကွ သုံးသပ်မှု 'ဝိစာရ'နှင့်လည်း တကွဖြစ်သည် မဟုတ် (ဝိတက်, ဝိစာရတို့နှင့် မယှဉ်) (န သဝိတက္က သဝိစာရ)။

(၂၄) ကြံစည်မှု'ဝိတက်' မရှိမူ၍ သုံးသပ်မှု'ဝိစာရ'မျှသာ ရှိသော တရားမဟုတ် (န အဝိတက္က ဝိစာရမတ္တ)။

(၂၅) ကြံစည်မှု 'ဝိတက်'လည်း မရှိမူ၍ သုံးသပ်မှု 'ဝိစာရ'လည်း မရှိ (အဝိတက္က အဝိစာရ)။

(၂၆) နှစ်သက်မှု 'ပီတိ'နှင့်တကွ ဖြစ်သည်မဟုတ် (ပီတိနှင့် မယှဉ်) (န ပီတိသဟဂတ)။

(၂၇) ချမ်းသာမှု'သုခ'နှင့်တကွ ဖြစ်သည်မဟုတ်(သုခဝေဒနာနှင့် မယှဉ်)(န သုခသဟဂတ)။

(၂၈) လျစ်လျူရှုမှု 'ဉပေက္ခာ'နှင့်တကွ ဖြစ်သည်မဟုတ်(ဉပေက္ခာနှင့် မယှဉ်) (န ဉပေက္ခာသဟဂတ)။

(၂၉) (နိဗ္ဗာန်ကို ရှေးဦးစွာမြင်သဖြင့် 'ဒဿန'မည်သော)သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ (သောတာပတ္တိမဂ် မြင်ပြီးဖြစ်သော နိဗ္ဗာန်ကို တဖန် ထပ်၍

http://www.dhammadownload.com



မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်(နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗ)။

(၃၀) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်(သောတာပတ္တိမဂ် ပယ်အပ်သော ဟိတ်တို့နှင့်လည်း မယှဉ်မူ၍ အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်တို့နှင့် လည်း မယှဉ်ချေ) (နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုက)။

(၃၁) ပဋိသန္ဓေစုတိသို့ ရောက်ကြောင်းလည်းမဟုတ်မူ၍(ပဋိသန္ဓေကို ဖြစ်စေနိုင်သော တရားလည်း မဟုတ်, စုတိကို ဖြစ်စေနိုင်သော တရားလည်း မဟုတ်မူ၍) နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ် (နေဝ အာစယဂါမိ န အပစယဂါမိ)။

(၃၂) (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် ခုနစ်ယောက် (မဂ်ပုဂ္ဂိုလ်၄-ယောက်, အောက်ဖိုလ် ၃-ယောက်) တို့၏ ဥစ္စာလည်း မဟုတ်မူ၍ (အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်သော) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ)ပုဂ္ဂိုလ်၏ ဥစ္စာလည်း မဟုတ် (နေဝ သေက္ခ နာသေက္ခ)။

(၃၃) နည်းပါးသော အာနုဘော် ရှိ၏(ကာမတရားဖြစ်၏) (ပရိတ္တ)။

(၃၄) ကာမဘုံ၌ သက်ဝင်၍ဖြစ်၏(ကာမတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်၏) (ကာမာ-ဝစရ)။

(၃၅) ရူပဘုံ၌ သက်ဝင်၍ မဖြစ် (ရူပတဏှာ၏ ကျင်လည် ကျက်စားရာ မဟုတ်) (န ရူပါ-ဝစရ)။

(၃၆) အရူပဘုံ၌ သက်ဝင်၍ မဖြစ် (အရူပတဏှာ၏ ကျင်လည် ကျက်စားရာ မဟုတ်) (န အရူပါဝစရ)။

(၃၇) ဝဋ်ဆင်းရဲ၌ အကျုံးဝင်၏(ပရိယာပန္န)။

(၃၈) ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သည့် 'အပရိယာပန္န' တရားမဟုတ် (လောကုတ္တရာတရား မဟုတ်) (နော အပရိယာပန္န)။

(၃၉) စုတိ၏ အခြားမဲ့၌ အကျိုးပေး မြဲသော တရားလည်း မဟုတ်မူ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော တရားလည်း မဟုတ်(အနိယတ)။

(၄၀) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်(အနိယျာနိက)။

(၄၁) ဝိညာဉ်ခြောက်ပါးတို့ဖြင့် သိအပ်သည့် ဖြစ်ဆဲ ဖြစ်သော တရားဖြစ်၏ (ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျံ)။

(၄၂) (ဖြစ်ပြီးသည့်နောက် တည်တံ့ မနေခြင်းကြောင့်)မမြဲ(အနိစ္စ)။

(၄၃) အိုမှု, ရင့်ရော်ဆွေးမြေ့မှု'ဇရာ'သည် လွှမ်းမိုးနှိပ်စက်အပ်၏ (ဇရာဘိဘူတ)။

ဤသို့ တပါးစီပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ၄၃-ပါး ဖြစ်၏။

**တပါးစီပြားသောနည်းအားဖြင့် ဟောကြားအပ်သော ဧကကနည်း ၄၃-ပါး ပြီး၏။**

http://www.dhammadownload.com



## ဒုကနည်း ၁၀၄-ပါး

(နှစ်ပါးစီပြားသောနည်းအားဖြင့် ဟောကြားအပ်သော ဒုကနည်း ၁၀၄-ပါး)

ဒုကနည်း ၁၀၄-ပါး [၁]။ ။နှစ်ပါးစီပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ၁၀၄-ပါး ဖြစ်၏။

### ပကိဏ္ဏကဒုကနည်း ၁၄-ပါး

၁(က)။ ။(မဟာဘုတ်ကို) မှီ၍ဖြစ်သောရုပ်သည် ရှိ၏ (ဥပါဒါရုပ် ၂၄-ပါး)။

(ခ)။ ။(ဥပါဒါရုပ် မှီသကဲ့သို့ မဟာဘုတ်ကို) မမှီမူ၍ ဖြစ်သော ရုပ်သည် ရှိ၏ (နောဥပါဒါရုပ်) (မဟာဘုတ်လေးပါး)။

၂(က)။ ။အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့်ကံသည်) အကျိုး၏အဖြစ်ဖြင့် စွဲယူအပ်သော ရုပ်သည် ရှိ၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် ဖြစ်သောရုပ်) (ဥပါဒိန္နရုပ်) (ကမ္မဇရုပ်)။

(ခ)။ ။အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်သောရုပ်သည် ရှိ၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်) (အနုပါဒိန္နရုပ်)။

၃(က)။ ။အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း စွဲယူအပ်သည်ဖြစ်၍ ဥပါဒါန်[၂]တို့၏ အစီးအပွါး(အာရုံ)လည်း ဖြစ်သော ရုပ်သည် ရှိ၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်းဖြစ်၍ ဥပါဒါန်၏ အာရုံလည်းဖြစ်သောရုပ်) (ဥပါဒိန္နုပါဒါနိယရုပ်) (ကမ္မဇရုပ်)။

(ခ)။ ။အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မစွဲယူအပ်ကုန်မူ၍ လွန်စွာ စွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အာရုံသာ ဖြစ်သောရုပ်သည် ရှိ၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍ ဥပါဒါန်၏ အာရုံသာဖြစ်သော စိတ္တဇရုပ်, ဥတုဇရုပ်နှင့် အာဟာရဇရုပ်များ) (အနုပါဒိဏ္ဏုပါဒါနိယရုပ်)။

၄(က)။ ။မြင်ခြင်းနှင့်တကွဖြစ်သော (မြင်အပ်သောသဘောရှိသော) ရုပ်သည် ရှိ၏ (သနိဒဿနရုပ်) (မြင်အပ်သော ရူပါရုံ)။

(ခ)။ ။မြင်ခြင်းနှင့်တကွမဖြစ်သော (မြင်အပ်သောသဘောမရှိသော) ရုပ်သည် ရှိ၏ (အနိဒဿနရုပ်) (ရူပါရုံမှတပါး အခြားသောရုပ်များ)။

၅(က)။ ။ထိပါး (တိုက်ခိုက်) ခြင်းနှင့်တကွဖြစ်သော (ထိပါးတတ်သောသဘောရှိသော) ရုပ်သည် ရှိ၏ (သပ္ပဋိဃရုပ်) (ဩဠာရိကရုပ်)။

---

၁။ ဓမ္မသင်္ဂဏီ ပဒ ၅၀၄၊ နှာ ၂၂၇-၂၃၃။

၂။ ဥပါဒါန်၏တရားကိုယ်မှာ တဏှာ ဒိဋ္ဌိ ၂-ပါး ဖြစ်သည်။

http://www.dhammadownload.com



(ခ)။ ။ထိပါး (တိုက်ခိုက်) ခြင်းနှင့်တကွမဖြစ်သော (ထိပါးတတ်သောသဘောမရှိသော) ရုပ်သည် ရှိ၏ (အပ္ပဋိဃရုပ်) (သုခုမရုပ်)။

၆ (က)။ ။(ဆိုင်ရာကိစ္စ၌) အစိုးရသောရုပ်သည် ရှိ၏ (ဣန္ဒြိယရုပ်)။

(ခ)။ ။(ဆိုင်ရာကိစ္စ၌) အစိုးရသည် မဟုတ်သော (အစိုးမရသော) ရုပ်သည် ရှိ၏ (န ဣန္ဒြိယရုပ်)။

၇ (က)။ ။ကြီးကျယ်ထင်ရှားသော ရုပ်သည် ရှိ၏ (မဟာဘူတရုပ်)။

(ခ)။ ။ကြီးကျယ်ထင်ရှားသည် မဟုတ်သော ရုပ်သည် ရှိ၏ (န မဟာဘူတရုပ်) (ဥပါဒါရုပ်)။

၈ (က)။ ။(မိမိ၏အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာဖြစ်သောရုပ်သည် ရှိ၏ (ဝိညတ္တိရုပ်)။

(ခ)။ ။(မိမိ၏အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာမဟုတ်သော ရုပ်သည် ရှိ၏ (န ဝိညတ္တိရုပ်) (ဝိညတ်ရုပ်မှ တပါးသောရုပ်များ)။

၉ (က)။ ။စိတ်လျှင်ဖြစ်ကြောင်းရှိသော (စိတ်ကြောင့်ဖြစ်သော) ရုပ်သည် ရှိ၏ (စိတ္တသမုဋ္ဌာနရုပ်) (စိတ္တဇရုပ်)။

(ခ)။ ။စိတ်လျှင်ဖြစ်ကြောင်းမရှိသော (စိတ်ကြောင့်မဖြစ်သော) ရုပ်သည် ရှိ၏ (န စိတ္တသမုဋ္ဌာနရုပ်) (ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်များ)။

၁၀ (က)။ ။စိတ်နှင့်တကွ ဖြစ်သော (စိတ်နှင့်အတူဖြစ်, အတူပျက်သော) ရုပ်သည် ရှိ၏ (စိတ္တသဟဘုရုပ်) (စိတ်နှင့်အတူဖြစ်, အတူပျက်သော ဝိညတ်ရုပ်နှစ်ခု)။

(ခ)။ ။စိတ်နှင့်တကွ ဖြစ်သည်မဟုတ်သော (စိတ်နှင့်တကွမဖြစ်သော) ရုပ်သည် ရှိ၏ (န စိတ္တသဟဘုရုပ်) (ဝိညတ်ရုပ်မှ တပါးသောရုပ်များ)။

၁၁ (က)။ ။စိတ်သို့ အစဉ်လိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက်သော) ရုပ်သည် ရှိ၏ (စိတ္တာနုပရိဝတ္တိရုပ်) (စိတ်နှင့်အတူဖြစ်, အတူပျက်သော ဝိညတ်ရုပ်နှစ်ခု)။

(ခ)။ ။စိတ်သို့ အစဉ်လိုက်သည် မဟုတ် (စိတ်သို့ အစဉ်မလိုက်) သော ရုပ်သည် ရှိ၏ (န စိတ္တာနုပရိဝတ္တိရုပ်) (ဝိညတ်ရုပ်မှ တပါးသောရုပ်များ)။

၁၂ (က)။ ။အတွင်းသန္တာန်၌ဖြစ်သောရုပ်သည် ရှိ၏ (အဇ္ဈတ္တိကရုပ်) (ပသာဒရုပ်ငါးခု)[၁]။

---

၁။ အဇ္ဈတ္တိကဟူ၍ အမည်ပေးသားခြင်းသည် ကိုယ်ခန္ဓာ၏ အတွင်းသန္တာန်၌ဖြစ်သော အကြောင်းတခုတည်းကြောင့်သာ ပေးထားခြင်းမဟုတ်၊ စင်စစ်မူကား (ကုသိုလ်အကုသိုလ်ကိုဖြစ်စေနိုင်သည့်) ထူးခြားသောကိစ္စသတ္တိများရှိ၍ ကိုယ်ခန္ဓာအား အလွန်အကျိုးအထူးပင် ကျေးဇူးများသောကြောင့် အဇ္ဈတ္တိကဟူ၍ အမည်ပေးထားခြင်းဖြစ်သည်၊ ထို့ကြောင့် ပသာဒရုပ်ငါးခုသည်သာ အဇ္ဈတ္တိကဟူသောအမည်ကို ရ၍ ကျန်သောဘာဝရုပ် ဇီဝိတရုပ်စသော ရုပ်များသည် အတွင်းသန္တာန်၌ ဖြစ်ကြသော်လည်း အဇ္ဈတ္တိကဟူသောအမည်ကို မရကြချေ၊ ပသာဒရုပ်ငါးခုမှာ အတွင်းအကျဆုံးရုပ်များဟုဆိုလိုသည်။

http://www.dhammadownload.com



(ခ)။ ။အပသန္တာနန်၌ဖြစ်သောရုပ်သည် ရှိ၏ (ဗာဟိရရုပ်) (ပသာဒရုပ်မှ တပါးသော ရုပ်များ)။

၁၃ (က)။ ။ကြမ်းတမ်းသောရုပ်သည် ရှိ၏(ဩဠာရိကရုပ်) (ဩဠာရိကရုပ်တဆယ့်နှစ်ခု)။

(ခ)။ ။သိမ်မွေ့သောရုပ်သည် ရှိ၏ (သုခုမရုပ်) (သုခုမရုပ် ၁၆-ပါး)။

၁၄ (က)။ ။ဝေးသော (အသိခက်သော) ရုပ်သည် ရှိ၏(ဒူရေရုပ်) (သုခုမရုပ်များ)။

(ခ)။ ။နီးကပ်သော (သိလွယ်သော) ရုပ်သည် ရှိ၏ (သန္တိကေရုပ်) (ဩဠာရိက ရုပ်များ)။

ပကိဏ္ဏကဒုကနည်း ၁၄-ပါး ပြီး၏။

---

## ဝတ္ထု[1]ဒုကနည်း ၂၅-ပါး[2]

၁ (က)။ ။မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ မှီရာတည်ရာရုပ်သည် ရှိ၏ (စက္ခုသမ္ဖဿဿ ဝတ္ထု) (စက္ခုပသာဒ)။

(ခ)။ ။မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ မှီရာတည်ရာ မဟုတ်သောရုပ်သည် ရှိ၏ (စက္ခုသမ္ဖဿဿ န ဝတ္ထု) (စက္ခုပသာဒမှ တပါးသောရုပ်များ)။

၂-၄(က)။ ။မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။

၅ (က)။ ။မြင်သိစိတ်၏ မှီရာ တည်ရာရုပ်သည် ရှိ၏ (စက္ခုဝိညာဏဿ ဝတ္ထု) (စက္ခုပသာဒ)။

(ခ)။ ။မြင်သိစိတ်၏ မှီရာတည်ရာ မဟုတ်သောရုပ်သည် ရှိ၏ (စက္ခုဝိညာဏဿ န ဝတ္ထု) (စက္ခုပသာဒမှ တပါးသော ရုပ်များ)။

၆-၂၀(က)။ ။ကြားသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏။ပ။ နံသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏။ပ။ လျက်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏။ပ။ (သောတဝတ္ထုနည်း ၅-ပါး၊ ဃာနဝတ္ထုနည်း ၅-ပါး၊ ဇိဝှါဝတ္ထုနည်း ၅-ပါး တို့ကို ပေယျာလချန်ထားသည်)။

၆-၂၀(ခ)။ ။ပေယျာလ

---

၁။ တည်ရာ မှီရာ၊ မြေပမာ၊ လွန်စွာကျေးဇူးထုတ် [ လယ်တီပရမတ္ထသံခိပ် ]

၂။ ဝတ္ထုဒုကနည်းမှစ၍ သုခုမရူပဒုကနည်း ၁၁-ပါးအထိ (ဒုကနည်း ၆-မျိုးတို့ကို) ဝိဘင်းပါဠိတော်၌ ပေယျာလချန်ထားသည်၊ ဘိုရာတွင် ဝိဘင်းမြန်မာပြန်ကျမ်းကိုလေ့လာသူများအတွက် ပြည့်စုံစေရန် ဒုကနည်းအားလုံးတို့ကို ထည့်သွင်းဖော်ပြလိုက်ပါသည်။ (ဓမ္မသင်္ဂဏီ မြန်မာပြန် စာပိုဒ်-၅၈၄၊ နှာ ၂၂၉-၂၃၃-ရှုပါ)

http://www.dhammadownload.com



၂၁(က)။ ။ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ မှီရာတည်ရာရုပ်သည် ရှိ၏ (ကာယ-သမ္ဖဿဿ ဝတ္ထု) (ကာယပသာဒရုပ်)။

(ခ)။ ။ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏ မှီရာတည်ရာ မဟုတ်သော ရုပ်သည် ရှိ၏ (ကာယသမ္ဖဿဿ န ဝတ္ထု) (ကာယပသာဒရုပ်မှ တပါးသော ရုပ်များ)။

၂၂-၂၄(က)။ ။ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု)'စေတနာ'၏။ပ။ (ကျန်ကာယဝတ္ထုနည်း ၃-ပါးကို ပေယျာလ ချန်ထားသည်)။

၂၅(က)။ ။ထိသိစိတ်၏ မှီရာတည်ရာ ရုပ်သည် ရှိ၏ (ကာယဝိညာဏဿ ဝတ္ထု) (ကာယပသာဒရုပ်)။

(ခ)။ ။ထိသိစိတ်၏ မှီရာတည်ရာ မဟုတ်သောရုပ်သည် ရှိ၏ (ကာယဝိညာဏဿ န ဝတ္ထု) (ကာယပသာဒရုပ်မှ တပါးသောရုပ်များ)။

ဝတ္ထုဒုကနည်း ၂၅-ပါး ပြီး၏။

---

## အာရမ္မဏ[1]ဒုကနည်း ၂၅-ပါး

၁(က)။ ။မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ အာရုံဖြစ်သောရုပ်သည် ရှိ၏(စက္ခု-သမ္ဖဿဿ အာရမ္မဏ) (ရူပါရုံ)။

(ခ)။ ။မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ အာရုံမဟုတ်သောရုပ်သည် ရှိ၏ (စက္ခုသမ္ဖဿဿ နာရမ္မဏ) (ရူပါရုံမှတပါးသော ရုပ်များ)။

၂-၄(က)။ ။မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ'၏။ပ။ မှတ်သားမှု'သညာ'၏။ပ။ စေ့ဆော်မှု(နှိုးဆော်မှု) 'စေတနာ'၏။ပ။

၅(က)။ ။မြင်သိစိတ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ (စက္ခုဝိညာဏဿ အာရမ္မဏ) (ရူပါရုံ)။

(ခ)။ ။မြင်သိစိတ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ (စက္ခုဝိညာဏဿ နာရမ္မဏ) (ရူပါရုံမှ တပါးသောရုပ်များ)။

၆-၂၀(က)။ ။ကြားသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ နံသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏။ပ။ လျက်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ (သဒ္ဒါရုံနည်း ၅-ပါး၊ ရသာရုံနည်း ၅-ပါး၊ ဂန္ဓာရုံနည်း ၅-ပါးတို့ကို ပေယျာလ ချန်ထားခဲ့သည်)။

၆-၂၀(ခ)။ ။ပေယျာလ

---

[1] ၁။ 'ဆွဲကိုင်,မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ် ခေါ်အာရုံ' [ လယ်တီပရမတ္ထသံခိပ် ]။

http://www.dhammadownload.com



၂၁(က)။ ။ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ (ကာယသမ္ဖဿဿ အာရမ္မဏ) (ဖောဋ္ဌဗ္ဗာရုံ)။

၂၁(ခ)။ ။ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု'ဖဿ'၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ (ကာယသမ္ဖဿဿ နာရမ္မဏ) (ဖောဋ္ဌဗ္ဗာရုံမှ တပါးသောရုပ်များ)။

၂၂-၂၄(က)။ ။ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု'ဝေဒနာ၏' ၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။ (ကျန်ဖောဋ္ဌဗ္ဗာရုံ ၃-နည်း-ပေယျာလ)

၂၅ (က)။ ။ထိသိစိတ်၏ အာရုံဖြစ်သောရုပ်သည် ရှိ၏ (ကာယဝိညာဏဿ အာရမ္မဏ) (ဖောဋ္ဌဗ္ဗာရုံ)။

(ခ)။ ။ထိသိစိတ်၏ အာရုံမဟုတ်သောရုပ်သည် ရှိ၏ (ကာယဝိညာဏဿ နာရမ္မဏ) (ဖောဋ္ဌဗ္ဗာရုံမှတပါးသောရုပ်များ)။

အာရမ္မဏဒုကနည်း ၂၅-ပါး ပြီး၏။

---

**အာယတန ဒုကနည်း ၁၀-ပါး**

၁ (က)။ ။မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည်ရုပ်'စက္ခာယတန'သည် ရှိ၏(စက္ခုပသာဒ)။

(ခ)။ ။မြင်သိစိတ်ဖြစ်ရာ မျက်စိ အကြည် မဟုတ်သောရုပ် 'န စက္ခာယတန'သည် ရှိ၏ (စက္ခုပသာဒမှ တပါးသောရုပ်များ)။

၂ (က-ခ)။ ။ကြားသိစိတ်ဖြစ်ရာ နား အကြည်ရုပ် 'သောတာယတန'သည် ရှိ၏ (သောတပသာဒ)။ပ။ (န သောတာယတန)။

၃ (က-ခ)။ ။နံသိစိတ်ဖြစ်ရာ နှာခေါင်း အကြည်ရုပ် 'ဃာနာယတန'သည် ရှိ၏ (ဃာနပသာဒ)။ပ။ (န ဃာနာယတန)။

၄ (က-ခ)။ ။လျက်သိစိတ်ဖြစ်ရာ လျှာအကြည်ရုပ် 'ဇိဝှါယတန'သည် ရှိ၏ (ဇိဝှါပသာဒ) ။ပ။(န ဇိဝှါယတန)။

၅ (က)။ ။ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည်ရုပ် 'ကာယာယတန' သည် ရှိ၏ (ကာယပသာဒ)။

(ခ) ။ ။ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည်မဟုတ်သောရုပ် 'န ကာယာယတန' သည် ရှိ၏ (ကာယပသာဒမှ တပါးသောရုပ်များ)။

၆ (က)။ ။မြင်သိစိတ်ဖြစ်ကြောင်း အဆင်းရုပ် 'ရူပါယတန'သည် ရှိ၏ (ရူပါရုံ)။

(ခ)။ ။မြင်သိစိတ်ဖြစ်ကြောင်း အဆင်း မဟုတ်သောရုပ် 'န ရူပါယတန'သည် ရှိ၏ (ရူပါရုံမှ တပါးသော ရုပ်များ)။

၇ (က-ခ)။ ။ကြားသိစိတ်ဖြစ်ကြောင်း အသံရုပ် 'သဒ္ဒါယတန'သည် ရှိ၏ (သဒ္ဒါရုံ)။ပ။

http://www.dhammadownload.com



၈ (က-ခ)။ ။နံ့သိစိတ်ဖြစ်ကြောင်း အနံ့ရုပ် 'ဂန္ဓာယတန'သည် ရှိ၏ (ဂန္ဓာရုံ)။ပ။

၉ (က-ခ)။ ။လျက်သိစိတ်ဖြစ်ကြောင်း အရသာရုပ် 'ရသာယတန'သည် ရှိ၏(ရသာရုံ)။ပ။

၁၀ (က)။ ။ထိသိစိက်ဖြစ်ကြောင်း အတွေ့ရုပ် 'ဖောဋ္ဌဗ္ဗာယတန သည် ရှိ၏ (ဖောဋ္ဌဗ္ဗာရုံ)။

(ခ)။ ။ထိသိစိတ်ဖြစ်ကြောင်း အတွေ့ရုပ် မဟုတ်သောရုပ် 'န ဖောဋ္ဌဗ္ဗာယတန'သည် ရှိ၏ (ဖောဋ္ဌဗ္ဗာရုံမှ တပါးသောရုပ်များ)။

အာယတန ဒုကနည်း ၁၀-ပါး ပြီး၏။

---

ဓာတု[1]ဒုကနည်း ၁၀-ပါး

၁ (က)။ ။မြင်မှုသဘာဝရုပ်သည် ရှိ၏ (စက္ခုဓာတု) (မြင်တတ်သော သဘောရှိသော မျက်စိအကြည် 'စက္ခုပသာဒ'ရုပ်)။

(ခ)။ ။မြင်မှုသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (န စက္ခုဓာတု) (စက္ခုပသာဒမှ တပါး အခြားသော ရုပ်များ)။

၂ (က-ခ)။ ။ကြားမှုသဘာဝရုပ်သည် ရှိ၏ (သောတဓာတု) (ကြားတတ်သောသဘော ရှိသော နားအကြည် 'သောတပသာဒ' ရုပ်)။ပ။

၃ (က-ခ)။ ။နံမှုသဘာဝရုပ်သည် ရှိ၏ (ဃာနဓာတု) (နံတတ်သော သဘောရှိသော နှာခေါင်းအကြည် 'ဃာနပသာဒ' ရုပ်)။ပ။

၄ (က-ခ)။ ။လျက်မှုသဘာဝ ရုပ်သည် ရှိ၏ (ဇိဝှါဓာတု) (လျက်တတ်သောသဘောရှိသော လျှာအကြည် 'ဇိဝှါပသာဒ' ရုပ်) ။ပ။

၅ (က)။ ။ထိမှုသဘာဝရုပ်သည် ရှိ၏ (ကာယဓာတု) (ထိခိုက်တတ်သော သဘောရှိသော ကိုယ်အကြည် 'ကာယပသာဒ' ရုပ်)။

(ခ)။ ။ထိမှုသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (န ကာယဓာတု) (ကာယပသာဒမှ တပါး အခြားသော ရုပ်များ)။

၆ (က)။ ။အဆင်းသဘာဝရုပ်သည် ရှိ၏ (ရူပဓာတု) (ရူပါရုံ)။

(ခ)။ ။အဆင်းသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (န ရူပဓာတု) (ရူပါရုံမှ တပါးသောရုပ်များ)။

၇ (က ခ)။ ။အသံသဘာဝရုပ်သည် ရှိ၏ (သဒ္ဒဓာတု) (သဒ္ဒါရုံ)။ပ။

၈ (က-ခ)။ ။အနံ့သဘာဝရုပ်သည် ရှိ၏ (ဂန္ဓဓာတု) (ဂန္ဓာရုံ)။ပ။

၉ (က-ခ)။ ။အရသာသဘာဝရုပ်သည် ရှိ၏ (ရသဓာတု) (ရသာရုံ)။ပ။

---

၁။ 'သတ္တ, ဇီဝ၊ ကင်းစင်ပ၊ ဘာဝ တထ်ကိုင်းဖြစ်' [လယ်တီ ပရမတ္ထသံခိပ်]။

http://www.dhammadownload.com



၁၀ (က)။ ။အတွေ့သဘာဝရုပ်သည် ရှိ၏ (ဖောဋ္ဌဗ္ဗဓာတု) (ဖောဋ္ဌဗ္ဗာရုံ)။

(ခ)။ ။အတွေ့သဘောမဟုတ်သော ရုပ်သည် ရှိ၏ (နဖောဋ္ဌဗ္ဗဓာတု) (ဖောဋ္ဌဗ္ဗာရုံမှ တပါးသောရုပ်များ)။

ဓာတုဒုကနည်း ၁၀-ပါး ပြီး၏။

---

ဣန္ဒြိယ[၂]ဒုကနည်း ၈-ပါး

၁ (က)။ ။မြင်ခြင်း၌ အစိုးရမှု (ရှိသော) မျက်စိအကြည် ရုပ်သည် ရှိ၏ (စက္ခုန္ဒြိယ) (စက္ခုပသာဒ)။

(ခ)။ ။မြင်ခြင်း၌ အစိုးရမှု (ရှိသော) မျက်စိအကြည်မဟုတ်သော ရုပ်သည် ရှိ၏ (နစက္ခုန္ဒြိယ) (စက္ခုပသာဒမှ တပါးသော ရုပ်များ)။

၂ (က-ခ)။ ။ကြားခြင်း၌ အစိုးရမှု (ရှိသော) နားအကြည်ရုပ်သည် ရှိ၏ (သောတိန္ဒြိယ) (သောတပသာဒ)။ပ။

၃ (က-ခ)။ ။နံခြင်း၌ အစိုးရမှု (ရှိသော) နှာခေါင်းအကြည်ရုပ်သည် ရှိ၏ (ဃာနိန္ဒြိယ) (ဃာနပသာဒ)။ပ။

၄ (က-ခ)။ ။လျက်ခြင်း၌ အစိုးရမှု (ရှိသော) လျှာအကြည်ရုပ်သည် ရှိ၏ (ဇိဝှိန္ဒြိယ) (ဇိဝှါပသာဒ)။ပ။

၅ (က)။ ။ထိခြင်း၌ အစိုးရမှု (ရှိသော) ကိုယ်အကြည်ရုပ်သည် ရှိ၏ (ကာယိန္ဒြိယ) (ကာယပသာဒ)။

(ခ)။ ။ထိခြင်း၌ အစိုးရမှု (ရှိသော) ကိုယ်အကြည်မဟုတ်သော ရုပ်သည် ရှိ၏ (နကာယိန္ဒြိယ) (ကာယပသာဒမှ တပါးသော ရုပ်များ)။

၆ (က)။ ။မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု (ရှိသော) ရုပ်သည် ရှိ၏ (ဣတ္ထိန္ဒြိယ) (ဣတ္ထိဘာဝရုပ်)။

(ခ)။ ။မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှုမဟုတ်သော ရုပ်သည် ရှိ၏(နဣတ္ထိန္ဒြိယ) (ဣတ္ထိဘာဝရုပ်မှ တပါးသော ရုပ်များ)။

၇ (က)။ ။ယောကျ်ား(အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု (ရှိသော) ရုပ်သည် ရှိ၏ (ပုရိသိန္ဒြိယ) (ပုရိသဘာဝရုပ်)။

(ခ)။ ။ယောကျ်ား(အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု မဟုတ်သော ရုပ်သည် ရှိ၏ (နပုရိသိန္ဒြိယ) (ပုမ္ဘာဝရုပ်မှ တပါးသော ရုပ်များ)။

---

၂။ 'ဆိုင်ရာဌာန၊ စိုးပိုင်ကြ၊ ကိစ္စကိုယ်စီစီ' [လယ်တီ ပရမတ္ထသံခိပ်]။

http://www.dhammadownload.com



၈ (က)။ ။အစိုးတရစောင့်ရှောက်မှု(ရှိသော)ရုပ်သည် ရှိ၏(ဇီဝိတိန္ဒြိယ) (ဇီဝိတရုပ်)။

(ခ)။ ။အစိုးတရစောင့်ရှောက်မှု မဟုတ်သော ရုပ်သည် ရှိ၏ (န ဇီဝိတိန္ဒြိယ)(ဇီဝိတရုပ်မှ တပါးသော ရုပ်များ)။

တိကဒုကနည်း ၈-ပါး ပြီး၏။

---

သုခုမရူပဒုကနည်း ၁၂-ပါး

၁ (က)။ ။(မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာဖြစ်သောရုပ်သည် ရှိ၏ (ကာယဝိညတ္တိ) (ကာယဝိညတ်ရုပ်)။

(ခ)။ ။(မိမိ၏ အလိုဆန္ဒကို)သိစေတတ်သည့် ကိုယ်အမူအရာ မဟုတ်သော ရုပ်သည် ရှိ၏ (န ကာယဝိညတ္တိ) (ကာယဝိညတ်မှ တပါးသော ရုပ်များ)။

၂ (က)။ ။(မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာဖြစ်သောရုပ်သည် ရှိ၏ (ဝစီဝိညတ္တိ) (ဝစီဝိညတ်ရုပ်)။

(ခ)။ ။(မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ မဟုတ်သော ရုပ်သည် ရှိ၏ (န ဝစီဝိညတ္တိ) (ဝစီဝိညတ်မှ တပါးသော ရုပ်များ)။

၃ (က)။ ။မရေးခြစ်အပ်သော(ရုပ်တခုနှင့် တခုကို ပိုင်းခြားသော ဟင်းလင်း) သဘာဝရုပ်သည် ရှိ၏ (အာကာသဓာတု) (ပရိစ္ဆေဒရုပ်)။

(ခ)။ ။မရေးခြစ်အပ်သော (ရုပ်တခုနှင့် တခုကို ပိုင်းခြားသော ဟင်းလင်း) သဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (န အာကာသဓာတု) (ပရိစ္ဆေဒရုပ်မှ တပါးသော ရုပ်များ)။

၄ (က)။ ။ဖွဲ့စည်းမှု သဘာဝရုပ်သည် ရှိ၏ (အာပေါဓာတု)။

(ခ)။ ။ဖွဲ့စည်းမှု သဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (န အာပေါဓာတု) (အာပေါဓာတ်မှ တပါးသော ရုပ်များ)။

၅ (က)။ ။(နိပ္ဖန္န)ရုပ်၏ ပေါ့ပါးမှု သဘော ရုပ်သည် ရှိ၏ (ရူပဿ လဟုတာ)။

(ခ)။ ။(နိပ္ဖန္န)ရုပ်၏ ပေါ့ပါးမှု သဘော မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ န လဟုတာ) (ရူပဿ လဟုတာရုပ်မှ တပါးသော ရုပ်များ)။

၆ (က)။ ။(နိပ္ဖန္န) ရုပ်၏ နူးညံ့မှုသဘော ရုပ်သည် ရှိ၏ (ရူပဿ မုဒုတာ)။

(ခ)။ ။(နိပ္ဖန္န) ရုပ်၏ နူးညံ့မှုသဘောမဟုတ်သောရုပ်သည် ရှိ၏ (ရူပဿ န မုဒုတာ) (ရူပဿ မုဒုတာရုပ်မှ တပါးသောရုပ်များ)။

၇ (က)။ ။(နိပ္ဖန္န) ရုပ်၏ အလုပ်၌ခံ့မှုသဘော (အမှုကိစ္စတို့၌ ပြီးမြောက်အောင် ယှဉ်လျော်ဆောင်ရွက်နိုင်မှုသဘော) ရုပ်သည် ရှိ၏ (ရူပဿ ကမ္မညတာ)။

http://www.dhammadownload.com



(ခ)။ ။(နိပ္ဖန္န) ရုပ်၏ အလုပ်ခံနိုင်မှုသဘော (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှုသဘော)မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ န ကမ္မညတာ) (ရူပဿ ကမ္မညတာရုပ်မှ တပါးသောရုပ်များ)။

၈ (က)။ ။(နိပ္ဖန္န)ရုပ်၏ ဖြစ်ပေါ်လာစ ရုပ်သည် ရှိ၏ (ရူပဿ ဥပစယ)။

(ခ)။ ။(နိပ္ဖန္န) ရုပ်၏ ဖြစ်ပေါ်လာစ မဟုတ်သောရုပ်သည် ရှိ၏ (ရူပဿ န ဥပစယ) (ဥပစယရုပ်မှ တပါးသောရုပ်များ)။

၉ (က)။ ။(နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ်ရုပ်သည် ရှိ၏ (ရူပဿ သန္တတိ)။

(ခ)။ ။(နိပ္ဖန္န) ရုပ်၏ ကြီးပွါးဆဲအစဉ်မဟုတ်သောရုပ်သည် ရှိ၏ (ရူပဿ န သန္တတိ) (သန္တတိရုပ်မှ တပါးသောရုပ်များ)။

၁၀ (က)။ ။(နိပ္ဖန္န) ရုပ်၏ ယိုယွင်းရင့်ရော်လျော့ပါးမှုသဘော ရုပ်သည် ရှိ၏ (ရူပဿ ဇရတာ)။

(ခ)။ ။(နိပ္ဖန္န)ရုပ်၏ ယိုယွင်းရင့်ရော်လျော့ပါးမှုသဘော မဟုတ်သောရုပ်သည် ရှိ၏ (ရူပဿ န ဇရတာ) (ဇရတာရုပ်မှ တပါးသောရုပ်များ)။

၁၁ (က)။ ။(နိပ္ဖန္န)ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု (ပျောက်ပျက်ချုပ်ဆုံးမှု)သဘောရုပ်သည် ရှိ၏ (ရူပဿ အနိစ္စတာ)။

(ခ)။ ။(နိပ္ဖန္န) ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု (ပျောက်ပျက်ချုပ်ဆုံးမှု)သဘော မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ န အနိစ္စတာ) (အနိစ္စတာ ရုပ်မှ တပါးသော သောရုပ်များ)[၁]။

၁၂ (က)။ ။အလုတ်အလွေးပြုအပ်သော အစာအာဟာရ ရုပ်သည် ရှိ၏ (ကဗဠီကာရ အာဟာရ)။

(ခ)။ ။အလုတ်အလွေးပြုအပ်သော အစာအာဟာရ မဟုတ်သောရုပ်သည် ရှိ၏ (န ကဗဠီကာရအာဟာရ) (အာဟာရရုပ်မှ တပါးသောရုပ်များ)။

ဤသို့ နှစ်ဘို့ (နှစ်စု) အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

သုခမရှုပဒုကနည်း ၁၂-ပါး ပြီး၏။

နှစ်ပါးစီပြားသောနည်းအားဖြင့် ဟောကြားအပ်သော ဒုကနည်း ၁၀၄-ပါး ပြီး၏။

---

[၁] ဝတ္ထုဒုကနည်းမှစ၍ သုခုမဒုကနည်း နံပါတ် ၁၁-အထိ ဒုကနည်း ၆-မျိုးကို ဝိဘင်းပါဠိတော်တွင် ပေယျာလချန်ထားခဲ့သည်။ ယခုမြန်မာပြန်တွင် လေ့လာသူ သူတော်သီတို့အတွက် ဖော်ထုတ်ရေးသားထားသည်။

သုခုမရုပ် ၁၆-ပါး (သော၁၄) ဆိုရိုးဆိုစဉ်မှာ—"အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ (ရူပဿ) လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ သန္တတိ, ဇရတာ, အနိစ္စတာ" ဟုဖြစ်သည်။

http://www.dhammadownload.com



တတ်သော 'ဥပါဒါန်' တရား[၁]တို့၏ အာရုံဖြစ်သောရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက ဥပါဒိန္နုပါဒါနိယရုပ်-ကမ္မဇပသာဒရုပ်)။

(ခ)။ ။အကြင်အပသန္တာန်၌ ဖြစ်သော'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်းဖြစ်၍) (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံဖြစ်သောရုပ်လည်း ရှိ၏ (ပသာဒရုပ်မှ တပါးသော ဗာဟိရဥပါဒိန္နုပါဒါနိယ ကမ္မဇရုပ်များ)။

(ဂ)။ ။တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့်ကံကြောင့် မဖြစ်မူ၍) (ကမ္မဇရုပ် မဟုတ်မူ၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံသာဖြစ်သောရုပ်လည်း ရှိ၏ (ကမ္မဇရုပ် မဟုတ်သော ဗာဟိရ အနုပါဒိန္နုပါဒါနိယ-စိတ္တဇ,ဥတုဇ,အာဟာရဇရုပ်များ)[၂]။

(အဇ္ဈတ္တိက အနိဒဿနတိက်)

၄ (က)။ ။အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုအတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် မမြင်အပ်သော (မြင်အပ်သော သဘောမရှိသော)'အနိဒဿန'ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက အနိဒဿနရုပ်) (အတွင်းသန္တာန်၌ ဖြစ်၍ မမြင်အပ်သော ပသာဒရုပ်များ)။

(ခ)။ ။အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်အပ်သော သဘောရှိသော 'သနိဒဿန' ရုပ်လည်း ရှိ၏၊ (ဗာဟိရ သနိဒဿနရုပ်) (အပသန္တာန်၌ ဖြစ်၍ မြင်အပ်သော ရူပါရုံ)။

(ဂ)။ ။မမြင်အပ်သော (မြင်အပ်သော သဘောမရှိသော) 'အနိဒဿန' ရုပ်လည်း ရှိ၏ (ဗာဟိရ အနိဒဿနရုပ်) (ရူပါရုံမှ တပါးသော အပသန္တာန်၌ ဖြစ်၍ မမြင်အပ်သော 'ဗာဟိရ'ရုပ်များ)။

(အဇ္ဈတ္တိက သပ္ပဋိဃတိက်)

၅ (က)။ ။အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါး(တိုက်ခိုက်)ခြင်းနှင့် တကွဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက သပ္ပဋိဃရုပ်) (အတွင်းသန္တာန်၌ ဖြစ်၍ ထိပါးတတ်သော သပ္ပဋိဃရုပ်-ပသာဒရုပ် ၅-ပါး)။

---

၁။ ဥပါဒါန်၏ တရားကိုယ်မှာတဏှာဒိဋ္ဌိတို့ ဖြစ်သည်။

၂။ ဝိဘင်းပါဠိတော်၌ ပကိဏ္ဏကတိကနည်း ၃-နည်းနှင့် သုခမတိကနည်း နောက်ဆုံးနည်း ၁-နည်းသာ ဖော်ပြထားသည်၊ ပကိဏ္ဏကတိကနည်း အမှတ် ၄-မှစ၍ သုခုမတိကနည်း အမှတ် ၁၁-အထိ ပေယျာလ ချန်ထားခဲ့သည်၊ လေ့လာသူ သူတေသီတို့ အကျိုးငှါ ဤမြန်မာပြန်၌ ထည့်သွင်း ဖော်ပြလိုက်ပါသည်။

ပေယျာလချန်ထားခဲ့သော နည်းများမှာ ပကိဏ္ဏကတိက ၁၀-နည်း၊ ဝတ္ထုတိက ၂၅-နည်း၊ အာရမ္မဏတိက ၂၅-နည်း၊ အာယတနတိက ၁၀-နည်း၊ ဓာတုတိက ၁၀-နည်း၊ ဣန္ဒြိယတိက ၈-နည်း၊ သုခုမတိက ၁၁-နည်းတို့ ဖြစ်သည်။

http://www.dhammadownload.com



## တိကနည်း ၁၀၃-ပါး

(သုံးပါးစီပြားသောနည်းအားဖြင့် ဟောကြားသော တိကနည်း၁၀၃-ပါး)

တိကနည်း ၁၀၃-ပါး။ ။သုံးပါးစီပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် (၁၀၃-ပါး)ဖြစ်၏။

### ပကိဏ္ဏကတိကနည်း ၁၃-ပါး

(အဇ္ဈတ္တိက ဥပါဒါတိက်)

၁ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မှီတတ်သော 'ဥပါဒါ' ရုပ်သာဖြစ်၏ (အဇ္ဈတ္တိကဥပါဒါရုပ်ဖြစ်သော ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မှီတတ်သော 'ဥပါဒါ' ရုပ်လည်း ရှိ၏ (ပသာဒရုပ်မှ တပါးသော ဗာဟိရဥပါဒါရုပ် ဖြစ်သော ဥပါဒါရုပ်များ)။

(ဂ)။ ။မမှီတတ်သော 'နောဥပါဒါ' ရုပ်လည်း ရှိ၏ (မဟာဘုတ်လေးပါး)။

(အဇ္ဈတ္တိက ဥပါဒိန္နတိက်)

၂ (က)။ ။အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာ-ဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) 'ဥပါဒိန္န' ရုပ်(ကမ္မဇရုပ်)သာဖြစ်၏ (အတွင်း သန္တာန်၌လည်း ဖြစ်၍ တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်သော အဇ္ဈတ္တိကဥပါဒိန္နရုပ်-ကမ္မဇပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သည့် ကံ၏အကျိုးဖြစ်သော) 'ဥပါဒိန္န' ရုပ်လည်း ရှိ၏ (အပသန္တာန်၌လည်း ဖြစ်၍ ကံကြောင့်လည်းဖြစ်သော ပသာဒရုပ်မှတပါး အခြားသော ဗာဟိရဥပါဒိန္န ရုပ်-ဗာဟိရကမ္မဇရုပ်များ)။

(ဂ)။ ။တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်မယူအပ်သော(တဏှာဒိဋ္ဌိ တို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) 'အနုပါဒိန္န' ရုပ် (ကမ္မဇမဟုတ်သော ရုပ်)လည်း ရှိ၏ (ကမ္မဇရုပ် မဟုတ်သော စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်များ)။

(အဇ္ဈတ္တိက ဥပါဒိန္နုပါဒါနိယတိက်)

၃ (က)။ ။အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ (ထိုရုပ်သည် တဏှာ ဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍ တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) (ကမ္မဇရုပ်လည်း ဖြစ်၍) လွန်စွာစွဲသိမ်း

http://www.dhammadownload.com



(ခ)။ ။အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့် တကွဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ဗာဟိရသပ္ပဋိဃရုပ်) (ပသာဒရုပ်မှ တပါးသော အပသန္တာန်၌ ဖြစ်၍ ထိပါးတတ်သော ဩဠာရိကရုပ် ၇-ပါး=အာရုံငါးပါး)။

(ဂ)။ ။ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့် တကွမဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ'ရုပ်လည်း ရှိ၏ (ဗာဟိရ အပ္ပဋိဃရုပ်) (ထိခိုက်၍ မရသော နူးညံ့သိမ်မွေ့သည့် သုခုမရုပ်)။

(အဇ္ဈတ္တိက ဣန္ဒြိယတိက်)

၆ (က)။ ။အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိဆိုင်ရာကိစ္စ၌)အစိုးရသော 'ဣန္ဒြိယ'ရုပ်သာ ဖြစ်၏(အဇ္ဈတ္တိက ဣန္ဒြိယရုပ်) (အတွင်းသန္တာန်၌ ဖြစ်၍ မိမိဆိုင်ရာကိစ္စ၌ အစိုးရသော ဣန္ဒြေထိုက်သော ပသာဒရုပ် ၅-ပါး)။

(ခ)။ ။အကြင်အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိဆိုင်ရာကိစ္စ၌) အစိုးရသော 'ဣန္ဒြိယ' ရုပ်လည်း ရှိ၏ (ဗာဟိရ ဣန္ဒြိယရုပ်) (အပသန္တာန်၌ဖြစ်၍ မိမိဆိုင်ရာကိစ္စ၌ အစိုးရသော ဘာဝရုပ်,ဇီဝိတရုပ်)။

(ဂ)။ ။(မိမိဆိုင်ရာကိစ္စ၌) အစိုးရသည်မဟုတ်သော (အစိုးမရသော) 'န ဣန္ဒြိယရုပ်' လည်း ရှိ၏ (ဗာဟိရ န ဣန္ဒြိယရုပ်) (ပသာဒရုပ်ငါးခု၊ ဘာဝရုပ်နှစ်ခု၊ ဇီဝိတရုပ်ဟူသော ဣန္ဒြိယရုပ် ရှစ်ခုမှ တပါးအခြားသော န ဣန္ဒြိယရုပ်များ)။

(အဇ္ဈတ္တိက န မဟာဘူတတိက်)

၇ (က)။ ။အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မဟာဘုတ် မဟုတ်သော ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက န မဟာဘူတရုပ်) (အတွင်းသန္တာန်၌ဖြစ်၍ မဟာဘုတ် မဟုတ်သော ပသာဒရုပ်ငါးပါး)။

(ခ)။ ။အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မဟာဘုတ်ရုပ်လည်း ရှိ၏ (ဗာဟိရ မဟာဘူတရုပ်) (အပသန္တာန်၌ ဖြစ်သော မဟာဘုတ် ၄-ပါး)။

(ဂ)။ ။မဟာဘုတ် မဟုတ်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န မဟာဘူတရုပ်) (အပသန္တာန်၌ ဖြစ်၍ မဟာဘုတ် မဟုတ်သော ဥပါဒါရုပ်များ)။

(အဇ္ဈတ္တိက န ဝိညတ္တိတိက်)

၈ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာ မဟုတ်သော 'န ဝိညတ္တိ'ရုပ် သာဖြစ်၏ (အဇ္ဈတ္တိက န ဝိညတ္တိရုပ်) (အတွင်းသန္တာန်၌ဖြစ်၍ မိမိ၏ အလို ဆန္ဒကို သိကြောင်းမဟုတ်သော ပသာဒရုပ ၅-ခု)

http://www.dhammadownload.com



(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာဖြစ်သော 'ဝိညတ္တိ' ရုပ်လည်း ရှိ၏ (ဗာဟိရ ဝိညတ္တိရုပ်) (အပသန္တာန်၌ ဖြစ်၍ မိမိ၏ အလိုဆန္ဒကို သိကြောင်း ဖြစ်သော ဝိညတ္တိရုပ် ၂-ခု)။

(ဂ)။ ။(မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့်အမူအရာ မဟုတ်သော 'န ဝိညတ္တိ' ရုပ်လည်း ရှိ၏(ဗာဟိရ န ဝိညတ္တိရုပ်) (ဝိညတ်ရုပ်မှ တပါးသော အပသန္တာန်၌ ဖြစ်၍ မိမိ၏ အလိုဆန္ဒကို သိစေတတ်သည့် အမူအရာမဟုတ်သော ဗာဟိရ ရုပ်များ)။

(အဇ္ဈတ္တိက န စိတ္တသမုဋ္ဌာနတိက်)

၉ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်ကြောင့် မဖြစ်သောရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက န စိတ္တသမုဋ္ဌာနရုပ်) (အတွင်းသန္တာန်၌သာ ဖြစ်၍ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ် မဟုတ်သော ပသာဒရုပ် ၅-ခု)။

(ခ)။ ။အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်ကြောင့်ဖြစ်သော ရုပ်လည်း ရှိ၏ (ဗာဟိရ စိတ္တသမုဋ္ဌာနရုပ်) (အပသန္တာန်၌လည်း ဖြစ်၍ စိတ်ကြောင့်လည်းဖြစ်သော စိတ္တဇရုပ်)။

(ဂ)။ ။စိတ်ကြောင့် ဖြစ်သည် မဟုတ်သော (စိတ်ကြောင့် မဖြစ်သော) ရုပ်လည်း ရှိ၏ (ဗာဟိရ န စိတ္တသမုဋ္ဌာနရုပ်) (ပသာဒရုပ်မှ တပါးသော အပသန္တာန်၌ ဖြစ်၍ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်မဟုတ်သော ကမ္မဇ, ဥတုဇ, အာဟာရဇ ရုပ်များ)။

(အဇ္ဈတ္တိက န စိတ္တသဟဘုတိက်)

၁၀ (က)။ ။အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်နှင့်တကွဖြစ်သည် မဟုတ်သော (စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော) 'န စိတ္တသဟဘု' ရုပ်သာဖြစ်၏ (အဇ္ဈတ္တိက န စိတ္တသဟဘုရုပ်) (အတွင်းသန္တာန်၌သာ ဖြစ်၍ စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော ပသာဒရုပ် ၅-ခု)။

(ခ)။ ။အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်နှင့် တကွ ဖြစ်သော (စိတ်နှင့် အတူဖြစ်, အတူပျက်သော) 'စိတ္တသဟဘု' ရုပ်လည်း ရှိ၏ (ဗာဟိရ စိတ္တသဟဘုရုပ်) (အပသန္တာန်၌ ဖြစ်၍ စိတ်နှင့် အတူဖြစ်, အတူပျက် ဖြစ်သော ဝိညတ္တိရုပ် ၂-ခု)။

(ဂ)။ ။စိတ်နှင့်တကွဖြစ်သည်မဟုတ်သော (စိတ်နှင့်အတူဖြစ်, အတူပျက် မဟုတ်သော) 'န စိတ္တသဟဘု' ရုပ်လည်း ရှိ၏ (ဗာဟိရ န စိတ္တသဟဘုရုပ်) (ဝိညတ်ရုပ်မှ တပါးသော စိတ်နှင့် အတူဖြစ်, အတူပျက်မဟုတ်သော ဗာဟိရ ရုပ်များ)။

http://www.dhammadownload.com



(အဇ္ဈတ္တိက န စိတ္တာနုပရိဝတ္တိတိက်)

၁၁ (က)။ ။အကြောင်းအတွင်း သန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်သို့ အစဉ်လိုက်သည် မဟုတ်သော (စိတ်နှင့် အတူဖြစ်, အတူပျက်မဟုတ်သော) 'န စိတ္တာနုပရိဝတ္တိ' ရုပ်သာဖြစ်၏ (အဇ္ဈတ္တိက န စိတ္တာနုပရိဝတ္တိရုပ်) (အတွင်းသန္တာန်၌ဖြစ်၍ စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်သော ပသာဒ ရုပ် ၅-ခု)။

(ခ)။ ။အကြောင်းအပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်သို့ အစဉ်လိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက်ဖြစ်သော) 'စိတ္တာနုပရိဝတ္တိ' ရုပ်လည်း ရှိ၏ (ဗာဟိရစိတ္တာနုပရိဝတ္တိရုပ်) (အပသန္တာန်၌ ဖြစ်၍ စိတ်နှင့် အတူဖြစ်, အတူပျက် ဖြစ်သော ဝိညတ္တိရုပ် ၂-ခု)။

(ဂ)။ ။စိတ်သို့ အစဉ်လိုက်သည်မဟုတ်သော (စိတ်နှင့် အတူဖြစ်, အတူပျက်မဟုတ် သော) ရုပ်လည်း ရှိ၏ (ဗာဟိရ န စိတ္တာနုပရိဝတ္တိရုပ်) (စိတ်နှင့် အတူဖြစ်, အတူပျက် ဖြစ်သော ဝိညတ်ရုပ်မှ တပါး အခြားသော ဗာဟိရရုပ်များ)။

(အဇ္ဈတ္တိက ဩဠာရိကတိက်)

၁၂ (က)။ ။အကြောင်းအတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်သာဖြစ်၏ (အဇ္ဈတ္တိက ဩဠာရိကရုပ်) (အတွင်းသန္တာန်၌ ဖြစ်သော ကြမ်းတမ်းသော ပသာဒရုပ် ၅-ခု)။

(ခ)။ ။အကြောင်းအပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်း သော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (ဗာဟိရဩဠာရိကရုပ်) (အပသန္တာန်၌ ဖြစ်၍ ကြမ်းတမ်းသော ပသာဒရုပ်မှ တပါးသောဩဠာရိကရုပ် ခုနစ်ခု=အာရုံ ငါးပါး)။

(ဂ)။ ။သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (ဗာဟိရ သုခုမရုပ်) (သိမ်မွေ့သော အာပေါ စသော သုခုမ ရုပ် ၁၆-ပါး)။

(အဇ္ဈတ္တိက သန္တိကေတိက်)

၁၃ (က)။ ။အကြောင်းအတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် နီးကပ် (သိလွယ်)သော 'သန္တိကေ' ရုပ်သာဖြစ်၏ (အဇ္ဈတ္တိက သန္တိကေရုပ်) (အတွင်းသန္တာန်၌ဖြစ်၍ နီးကပ်သော(သိလွယ်သော)ပသာဒရုပ် ၅-ခု)။

(ခ)။ ။အကြောင်းအပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဝေးကွာ သော(အသိခက်သော)'ဒူရေ'ရုပ်လည်း ရှိ၏(ဗာဟိရ ဒူရေရုပ်)(အပသန္တာန်၌ ဖြစ်၍ ဝေးကွာသော (အသိခက်သော) အာပေါ စသော ဒူရေရုပ်= သုခုမ ရုပ်များ)။

http://www.dhammadownload.com



(ဂ)။ ။နီးကပ်သော (သိလွယ်သော) 'သန္တိကေ'ရုပ်လည်း ရှိ၏ (ဗာဟိရ သန္တိကေရုပ်) (နီးကပ်သော သိလွယ်သော ပသာဒရုပ်မှ တပါးသော 'သန္တိကေ'ရုပ်=သြဠာရိကရုပ် ခုနစ်ခု)။

ပကိဏ္ဏကတိကနည်း ၁၃-ပါး ပြီး၏။

---

## ဝတ္ထုတိကနည်း ၂၅-ပါး[၁]

(ဗာဟိရ စက္ခုသမ္ဖဿဇ န ဝတ္ထုတိက်)

၁ (က)။ ။အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ မဟုတ်သော'န ဝတ္ထု'ရုပ် ဖြစ်၏ (ဗာဟိရ စက္ခုသမ္ဖဿဇ န ဝတ္ထုရုပ်) (ဝိသယရုပ်, သုခုမရုပ် ဟူသော ဗာဟိရရုပ်များ)။

(ခ)။ ။အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ ဖြစ်သော 'ဝတ္ထု'ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုသမ္ဖဿဇ ဝတ္ထုရုပ်) (စက္ခုပသာဒ)။

(ဂ)။ ။မြင်သိစိတ်(စက္ခုဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာမဟုတ်သော 'န ဝတ္ထု'ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုသမ္ဖဿဇ န ဝတ္ထုရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယ ပသာဒရုပ် ၄-ခု)။

(ဗာဟိရ စက္ခုသမ္ဖဿဇာ ဝေဒနာယ န ဝတ္ထုတိက် စသည်)

၂ (က-ခ-ဂ)-၄(က-ခ-ဂ)။ ။အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ်(စက္ခုဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။

(ဗာဟိရ စက္ခုဝိညာဏဿ န ဝတ္ထုတိက်)

၅ (က)။ ။(အကြင်အပသန္တာန်၌ ဖြစ်သော ဗာဟိရရုပ်သည် ရှိ၏၊ ထိုရုပ်သည်) မြင်သိစိတ် 'စက္ခုဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သောရုပ် ဖြစ်၏ (ဗာဟိရ စက္ခုဝိညာဏဿ န ဝတ္ထုရုပ်) (ပသာဒရုပ်မှ တပါးသော ရုပ်များ)။

(ခ)။ ။အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် 'စက္ခုဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု'ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုဝိညာဏဿ ဝတ္ထုရုပ်) (စက္ခုပသာဒ)။

---

[၁]။ ဤနည်း၌ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဉ် တည်းဟူသော ဖဿပဉ္စမကကို မူလီသွင်း၍ ဟောထားသည်။

http://www.dhammadownload.com



( ဂ )။ ။မြင်သိစိတ် 'စက္ခုဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုဝိညာဏသ န ဝတ္ထုရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယ ပသာဒ ရုပ် ၄-ခု)။

(ဗာဟိရ သောတသမ္ဖဿဿ န ဝတ္ထုတိက် စသည်)

၆ (က-ခ-ဂ)-၂၀(က-ခ-ဂ)။ ။အကြောင်းအပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားသိစိတ်(သောတဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ နံသိစိတ် (ဃာနဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ လျက်သိစိတ် (ဇိဝှါဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။

(ဗာဟိရ ကာယသမ္ဖဿဿ န ဝတ္ထုတိက်)

၂၁ ( က )။ ။(အကြောင်းအပသန္တာန်၌ ဖြစ်သော ဗာဟိရရုပ်သည် ရှိ၏၊ ထိုရုပ်သည်)ထိသိစိတ် (ကာယဝိညာဏ်)နှင့်ယှဉ်သောတွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သောရုပ် ဖြစ်၏ (ဗာဟိရ ကာယသမ္ဖဿဿ န ဝတ္ထုရုပ်) (ပသာဒရုပ် ငါးခုမှ တပါးသောရုပ်များ)။

( ခ )။ ။အကြောင်းအတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ 'ဝတ္ထု'ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယသမ္ဖဿဿ ဝတ္ထုရုပ်) (ကာယပသာဒ)။

( ဂ )။ ။ထိသိစိတ် (ကာယဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယသမ္ဖဿဿ န ဝတ္ထုရုပ်) (စက္ခု, သောတ, ဃာန, ဇိဝှါ ပသာဒရုပ် ၄-ခု)။

(ဗာဟိရ ကာယသမ္ဖဿဇာ ဝေဒနာယ န ဝတ္ထုတိက် စသည်)

၂၂ (က-ခ-ဂ)-၂၄(က-ခ-ဂ)။ ။အကြောင်းအပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။

(ဗာဟိရ ကာယဝိညာဏဿ န ဝတ္ထုတိက်)

၂၅ ( က )။ ။(အကြောင်းအပသန္တာန်၌ဖြစ်သော ဗာဟိရရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိသိစိတ် 'ကာယဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သော ရုပ်ဖြစ်၏ (ဗာဟိရ ကာယဝိညာဏဿ န ဝတ္ထုရုပ်) (ပသာဒရုပ်မှ တပါးသောရုပ်များ)။

( ခ )။ ။အကြောင်းအတွင်းသန္တာန်၌ဖြစ်သော'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ်'ကာယဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု' ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယဝိညာဏဿ ဝတ္ထုရုပ်) (ကာယပသာဒ)။

http://www.dhammadownload.com



(ဂ)။ ။ထိုသိစိတ် 'ကာယဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု' မဟုတ်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယဝိညာဏာသြ န ဝတ္ထုရုပ်) (စက္ခု, သောတ, ဃာန, ဇိဝှါပသာဒ ရုပ် ၄-ခု)။

ဝတ္ထုတိကနည်း ၂၅-ပါး ပြီး၏။

---

## အာရမ္မဏတိကနည်း ၂၅-ပါး[၁]

(အဇ္ဈတ္တိကစက္ခုသမ္ဖဿဿ နာရမ္မဏတိက်)

၁(က)။ ။အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ်(စက္ခုဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏ အာရုံမဟုတ်သော 'နာရမ္မဏ' ရုပ်ဖြစ်၏(အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ နာရမ္မဏရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ)။ ။အကြင်အပသန္တာန်၌ဖြစ်သော'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏အာရုံဖြစ်သော'အာရမ္မဏ'ရုပ်လည်း ရှိ၏၊ (ဗာဟိရ စက္ခုသမ္ဖဿဿ အာရမ္မဏရုပ်) (ရူပါရုံ)။

(ဂ)။ ။မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်လည်း ရှိ၏(ဗာဟိရ စက္ခုသမ္ဖဿဿ နာရမ္မဏရုပ်) (ရူပါရုံမှ တပါးသော ဗာဟိရရုပ်များ)။

(စက္ခုသမ္ဖဿဇာ ဝေဒနာယ နာရမ္မဏတိက်စသည်)

၂(က-ခ-ဂ)-၄(က-ခ-ဂ)။ ။အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ်(စက္ခုဝိညာဏ်)နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။

(အဇ္ဈတ္တိက စက္ခုဝိညာဏဿ နာရမ္မဏတိက်)

၅(က)။ ။(အကြင်အတွင်းသန္တာန်၌ဖြစ်သော အဇ္ဈတ္တိကရုပ်သည် ရှိ၏၊ ထိုရုပ်သည်) မြင်သိစိတ်'စက္ခုဝိညာဏ်'၏ အာရုံမဟုတ်သော 'နာရမ္မဏ' ရုပ်ဖြစ်၏ (အဇ္ဈတ္တိက စက္ခုဝိညာဏဿ နာရမ္မဏရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ)။ ။အကြင်အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထို ရုပ်သည် မြင်သိစိတ် 'စက္ခုဝိညာဏ်'၏ အာရုံဖြစ်သော'အာရမ္မဏ'ရုပ်လည်း ရှိ၏ (ဗာဟိရ စက္ခုဝိညာဏဿ အာရမ္မဏရုပ်) (ရူပါရုံ)။

---

၁။ ဤနည်း၌ အဇ္ဈတ္တိကနှင့် ဗာဟိရ ၂-ပါးတို့ကို မှီထား၍ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ် တည်းဟူသော ဖဿပဉ္စမကကို မူလီသွင်းပြီးလျှင် ဟောထားသည်။

http://www.dhammadownload.com



(ဂ)။ ။မြင်သိစိတ်'စက္ခုဝိညာဏ်'၏အာရုံမဟုတ်သော'နာရမ္မဏ'ရုပ်လည်းရှိ၏၊ (ဗာဟိရ စက္ခုဝိညာဏာသာ နာရမ္မဏရုပ်) (ရူပါရုံမှတပါးသော ဗာဟိရရုပ်များ)။

(အဇ္ဈတ္တိက သောတသမ္ဖဿဇာ နာရမ္မဏတိက်စသည်)

၆(က-ခ-ဂ)-၂၀(က-ခ-ဂ)။ ။အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထို ရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'သောတ-သမ္ဖဿ'၏။ ပ။ နံသိစိတ် (ဃာနဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဃာန-သမ္ဖဿ'၏ ။ ပ ။ လျက်သိစိတ် (ဇိဝှါဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဇိဝှါ-သမ္ဖဿ'၏ ။ ပ ။

(အဇ္ဈတ္တိက ကာယသမ္ဖဿဇာ နာရမ္မဏတိက်)

၂၁(က)။ ။(အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိသိစိတ် (ကာယဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ကာယသမ္ဖဿ'၏ အာရုံ မဟုတ်သော 'နာရမ္မဏ'ရုပ်ဖြစ်၏ (အဇ္ဈတ္တိက ကာယသမ္ဖဿသ နာရမ္မဏရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ)။ ။အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု'ကာယသမ္ဖဿ' ၏ အာရုံ ဖြစ်သော 'အာရမ္မဏ'ရုပ်လည်း ရှိ၏ (ဗာဟိရကာယသမ္ဖဿဇာ အာရမ္မဏရုပ်) (ဖောဋ္ဌဗ္ဗာရုံ)။

(ဂ)။ ။ထိသိစိတ် (ကာယဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'၏ အာရုံ မဟုတ်သော 'နာရမ္မဏ'ရုပ်လည်း ရှိ၏(ဗာဟိရ ကာယသမ္ဖဿဇာ နာရမ္မဏရုပ်)(ဖောဋ္ဌဗ္ဗာရုံမှ တပါးသော ဗာဟိရရုပ်များ)။

(အဇ္ဈတ္တိက ကာယသမ္ဖဿဇာ ဝေဒနာဃ နာရမ္မဏတိက် စသည်)

၂၂(က-ခ-ဂ)-၂၄(က-ခ-ဂ)။ ။အကြင်အတွင်းသန္တာန်၌ဖြစ်သော'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထို ရုပ်သည် ထိသိစိတ်(ကာယဝိညာဏ်)နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ် သော ခံစားမှု'ဝေဒနာ'၏။ပ။ မှတ်သားမှု'သညာ'၏။ပ။စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။

(အဇ္ဈတ္တိက ကာယဝိညာဏာသာ နာရမ္မဏတိက်)

၂၅ (က)။ ။(အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိသိစိတ် 'ကာယဝိညာဏ်'၏ အာရုံမဟုတ်သော'နာရမ္မဏ'ရုပ်ဖြစ်၏ (အဇ္ဈတ္တိက ကာယဝိညာဏာသာ နာရမ္မဏရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ)။ ။အကြင်အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် 'ကာယဝိညာဏ်'၏ အာရုံဖြစ်သော 'အာရမ္မဏ'ရုပ်လည်း ရှိ၏ (ဗာဟိရကာယ-ဝိညာဏာသာ အာရမ္မဏရုပ်) (ဖောဋ္ဌဗ္ဗာရုံ)။

http://www.dhammadownload.com



(ဂ)။ ။ထိသိစိတ်'ကာယဝိညာဏ်'၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်လည်း ရှိ၏(ဗာဟိရ ကာယဝိညာဏသာ နာရမ္မဏရုပ်) (ဖောဋ္ဌဗ္ဗာရုံမှတပါးသော ဗာဟိရရုပ်များ)။

အာရမ္မဏတိကနည်း ၂၅-ပါး ပြီး၏။

---

## အာယတနတိကနည်း ၁၀-ပါး

(ဗာဟိရ န စက္ခာယတနတိက်)

၁(က)။ ။အကြင်အပသန္တာနိဒ္ဒေ်ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ န စက္ခာယတနရုပ်) (အပသန္တာနိဒ္ဒေ်ဖြစ်၍ စက္ခာယတနမမည်သော ဗာဟိရရုပ်များ) (စက္ခုပသာဒမှတပါး အခြားသော ဗာဟိရရုပ်များ)။

(ခ)။ ။အကြင်အတွင်းသန္တာနိဒ္ဒေ်ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ်(စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခာယတနရုပ်) (စက္ခုပသာဒ)။

(ဂ)။ ။မြင်သိစိတ် (စက္ခုဝိညာဏ်)ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မမည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက န စက္ခာယတနရုပ်) (သောတ,ဃာန,ဇိဝှါ,ကာယ ပသာဒရုပ် ၄-ပါး)။

(ဗာဟိရ န သောတာယတနတိက်)

၂(က-ခ-ဂ)။ ။အကြင်အပသန္တာနိဒ္ဒေ်ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်)ဖြစ်ရာ နားအကြည် 'သောတာယတန' မမည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ န ဃာနာယတနတိက်)

၃(က-ခ-ဂ)။ ။နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'မမည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ န ဇိဝှါယတနတိက်)

၄(က-ခ-ဂ)။ ။လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြစ်ရာ လျှာအကြည်'ဇိဝှါယတန' မမည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ န ကာယာယတနတိက်)

၅(က)။ ။(အကြင်အပသန္တာနိဒ္ဒေ်ဖြစ်သော ဗာဟိရရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ န ကာယာယတနရုပ်) (ကာယပသာဒမှ တပါး အခြားသော ဗာဟိရ ရုပ်များ)။

http://www.dhammadownload.com



( ခ )။ ။အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိကကာယာယတနရုပ်) (ကာယပသာဒ)။

( ဂ )။ ။ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' မမည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက န ကာယာယတနရုပ်) (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ ပသာဒရုပ် ၄-ပါး)။

(အဇ္ဈတ္တိက န ရူပါယတနတိက်)

၆ ( က )။ ။အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည်မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပါယတနရုပ်) (ပသာဒရုပ် ၅-ခု)။

( ခ )။ ။အကြင်အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုအပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပါယတနရုပ်) (ရူပါရုံ)။

( ဂ )။ ။မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပါယတနရုပ်) (ရူပါရုံမှတပါးသော ဗာဟိရ ရုပ်များ)။

(အဇ္ဈတ္တိက န သဒ္ဒါယတနတိက်)

၇ (က-ခ-ဂ)။ ။အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်)ဖြစ်ကြောင်း အသံ'သဒ္ဒါယတန'မမည်သော ရုပ်ဖြစ်၏။ပ။

(အဇ္ဈတ္တိက န သဒ္ဒါယတနတိက်)

၈ (က-ခ-ဂ)။ ။နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'မမည်သော ရုပ်ဖြစ်၏။ပ။

(အဇ္ဈတ္တိက န သဒ္ဒါယတနတိက်)၊

၉ (က-ခ-ဂ)။ ။လျက်သိစိတ် (ဇိဝှါဝိညာဏ်)ဖြစ်ကြောင်း အရသာ'ရသာယတန'မမည်သော ရုပ်ဖြစ်၏။ပ။

(အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗာယတနတိက်)

၁၀ ( က )။ ။(အကြင်အတွင်းသန္တာန်၌ ဖြစ်သော အဇ္ဈတ္တိကရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိသိစိတ် (ကာယဝိညာဏ်)ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗာယတနရုပ်) (ပသာဒရုပ် ၅-ခု)။

http://www.dhammadownload.com



(ခ)။ ။အကြောင်းအပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မည်သော ရုပ်လည်းရှိ၏ (ဗာဟိရ ဖောဋ္ဌဗ္ဗာယတနရုပ်) (ဖောဋ္ဌဗ္ဗာရုံ)။

(ဂ)။ ။ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ဖောဋ္ဌဗ္ဗာယတနရုပ်) (ဖောဋ္ဌဗ္ဗာရုံမှ တပါးသော ဗာဟိရ ရုပ်များ)။

အာယတနတိကနည်း ၁၀-ပါး ပြီး၏။

---

## ဓာတုတိကနည်း ၁၀-ပါး

(ဗာဟိရ န စက္ခုဓာတုတိက်)

၁ (က)။ ။အကြောင်းအပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှုသဘော (မြင်တတ်သော မျက်စိအကြည်ဓာတ်) 'စက္ခုဓာတု' မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ န စက္ခုဓာတုရုပ်) (စက္ခုပသာဒရုပ်မှ တပါးသောရုပ်များ)။

(ခ)။ ။အကြောင်းအတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှုသဘော (မြင်တတ်သော မျက်စိအကြည်ဓာတ်) 'စက္ခုဓာတု' မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုဓာတုရုပ်) (စက္ခုပသာဒ)။

(ဂ)။ ။မြင်မှုသဘော (မြင်တတ်သော မျက်စိအကြည်ဓာတ်) 'စက္ခုဓာတု' မမည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက န စက္ခုဓာတုရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယပသာဒရုပ် ၄-ပါး)။

(ဗာဟိရ န သောတဓာတုတိက်)

၂ (က-ခ-ဂ)။ ။အကြောင်းအပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားမှုသဘော (ကြားတတ်သော နားအကြည်ဓာတ်) 'သောတဓာတု' မမည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ န ဃာနဓာတုတိက်)

၃ (က-ခ-ဂ)။ ။နံမှုသဘော (နံတတ်သော နှာခေါင်းအကြည်ဓာတ်) 'ဃာနဓာတု' မမည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ န ဇိဝှါဓာတုတိက်)

၄ (က-ခ-ဂ)။ ။လျက်မှုသဘော (လျက်တတ်သော လျှာအကြည်ဓာတ်) 'ဇိဝှါဓာတု' မမည်သော ရုပ်ဖြစ်၏။ပ။

http://www.dhammadownload.com



(ဗာဟိရ န ကာယဓာတုတိက်)

၅ (က)။ ။(အကြင်အပသန္တာန်၌ဖြစ်သော ဗာဟိရရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိမှုသဘော (ထိတွေ့တတ်သော ကိုယ်အကြည်ဓာတ်) 'ကာယဓာတု' မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ န ကာယဓာတုရုပ်) (ပသာဒရုပ်မှ တပါးသောရုပ်များ)။

(ခ)။ ။အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိမှုသဘော (ထိတွေ့တတ်သော ကိုယ်အကြည်ဓာတ်) 'ကာယဓာတု' မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယဓာတုရုပ်) (ကာယပသာဒ)။

(ဂ)။ ။ထိမှုသဘော (ထိတွေ့တတ်သော ကိုယ်အကြည်ဓာတ်) 'ကာယဓာတု' မမည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက န ကာယဓာတုရုပ်) (စက္ခု, သောတ, ဃာန, ဇိဝှါပသာဒရုပ် ၄-ပါး)။

(အဇ္ဈတ္တိက န ရူပဓာတုတိက်)

၆ (က)။ ။အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အဆင်းသဘော 'ရူပဓာတု' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပဓာတု) (ပသာဒရုပ် ၅-ခု)။

(ခ)။ ။အကြင်အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အဆင်းသဘော 'ရူပဓာတု' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဓာတုရုပ်) (ရူပါရုံ)။

(ဂ)။ ။အဆင်းသဘော 'ရူပဓာတု' မမည်သောရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဓာတုရုပ်) (ရူပါရုံမှ တပါးသော ဗာဟိရ ရုပ်များ)။

(အဇ္ဈတ္တိက န သဒ္ဒဓာတုတိက်)

၇ (က-ခ-ဂ)။ ။အကြင်အတွင်း သန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အသံသဘော 'သဒ္ဒဓာတု' မမည်သော ရုပ်ဖြစ်၏။ပ။

(အဇ္ဈတ္တိက န ဂန္ဓဓာတုတိက်)

၈ (က-ခ-ဂ)။ ။အနံ့သဘော 'ဂန္ဓဓာတု' မမည်သော ရုပ်ဖြစ်၏။ပ။

(အဇ္ဈတ္တိက န ရသဓာတုတိက်)

၉ (က-ခ-ဂ)။ ။အရသာသဘော 'ရသဓာတု' မမည်သောရုပ်ဖြစ်၏။ပ။

http://www.dhammadownload.com



(အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗဓာတုတိက်)

၁၀ (က)။ ။(အကြင်အတွင်း သန္တာန်၌ ဖြစ်သော အဇ္ဈတ္တိက ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) အတွေ့သဘော (ထိတွေ့ အပ်သော သဘော) 'ဖောဋ္ဌဗ္ဗဓာတု' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗဓာတုရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ)။ ။အကြင်အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အတွေ့သဘော (ထိတွေ့အပ်ခြင်းသဘော) 'ဖောဋ္ဌဗ္ဗဓာတု' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ဖောဋ္ဌဗ္ဗဓာတုရုပ်) (ဖောဋ္ဌဗ္ဗာရုံ)။

(ဂ)။ ။အတွေ့သဘော (ထိတွေ့အပ်သော သဘော) 'ဖောဋ္ဌဗ္ဗဓာတု' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ဖောဋ္ဌဗ္ဗဓာတုရုပ်) (ဖောဋ္ဌဗ္ဗာရုံမှ တပါးသော ဗာဟိရ ရုပ်များ)။

ဒုကတိကနည်း ၁၀-ပါး ပြီး၏။

---

## ဗဟုန္ဒြိယတိကနည်း ဂ-ပါး[၁]

(ဗာဟိရ န စက္ခုန္ဒြိယတိက်)

၁ (က)။ ။အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိ အကြည် 'စက္ခုန္ဒြေ' မမည်သောရုပ်ဖြစ်၏ (ဗာဟိရ န စက္ခုန္ဒြိယရုပ်) (ပသာဒရုပ်မှ တပါးသော ဗာဟိရရုပ်များ)။

(ခ)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုန္ဒြိယရုပ်) (စက္ခုပသာဒ)။

(ဂ)။ ။မြင်မှု၌ အစိုးရသောမျက်စိအကြည် 'စက္ခုန္ဒြေ'မမည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက န စက္ခုန္ဒြိယရုပ်)(သောတ,ဃာန,ဇိဝှါ,ကာယပသာဒရုပ် ၄-ပါး)။

(ဗာဟိရ န သောတိန္ဒြိယတိက်စသည်)

၂ (က-ခ ဂ)-၄ (က-ခ-ဂ)။ ။အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ' မမည်သော ရုပ်ဖြစ်၏။ပ။ နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ' မမည်သော ရုပ်ဖြစ်၏။ပ။ လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ' မမည်သော ရုပ်ဖြစ်၏။ပ။

---

၁။ ဤနည်း၌ အဇ္ဈတ္တိကနှင့် ဗာဟိရ ၂-ပါးတို့ကိုမူထား၍ ရုပ်ဣန္ဒြေ ဂ-ပါးတို့ကို မူလိသွင်းပြီးလျှင် ဟော ထားသည်။

(ဗာဟိရ န ကာယိန္ဒြိယတိက်)

၅ (က)။ ။(အကြောင်းအပသန္တာန်၌ ဖြစ်သော ဗာဟိရရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'မမည်သောရုပ်လည်း ဖြစ်၏(ဗာဟိရ န ကာယိန္ဒြိယရုပ်) (ပသာဒရုပ်မှတပါးသော ဗာဟိရရုပ်များ)။

(ခ)။ ။အကြောင်း အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ' မည်သောရုပ်လည်း ရှိ၏။ (အဇ္ဈတ္တိက ကာယိန္ဒြိယရုပ်) (ကာယပသာဒ)။

(ဂ)။ ။ထိမှု၌ အစိုးရသောကိုယ်အကြည် 'ကာယိန္ဒြေ' မမည်သောရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက နကာယိန္ဒြိယရုပ်)(စက္ခု,သောတ,ဃာန,ဇိဝှါပသာဒရုပ်၄-ပါး)။

(အဇ္ဈတ္တိက န ဣတ္ထိန္ဒြိယတိက်)

၆ (က)။ ။အကြောင်း အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' မမည်သောရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ဣတ္ထိန္ဒြိယရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ)။ ။အကြောင်း အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မိန်းမ (အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'မည်သောရုပ်လည်း ရှိ၏ (ဗာဟိရ ဣတ္ထိန္ဒြိယရုပ်) (ဣတ္ထိဘာဝရုပ်)။

(ဂ)။ ။မိန်းမ(အမ)ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' မမည်သောရုပ်လည်း ရှိ၏ (ဗာဟိရ န ဣတ္ထိန္ဒြိယရုပ်) (ဣတ္ထိဘာဝရုပ်မှတပါးသော ဗာဟိရရုပ်များ)။

(အဇ္ဈတ္တိက န ပုရိသိန္ဒြိယတိက်)

၇ (က)။ ။အကြောင်း အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ယောကျ်ား (အထီး,အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'မမည်သောရုပ် ဖြစ်၏ (အဇ္ဈတ္တိက န ပုရိသိန္ဒြိယရုပ်) (ပသာဒရုပ်ငါးခု)။

(ခ)။ ။အကြောင်းအပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ယောကျ်ား (အထီး,အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ပုရိသိန္ဒြိယရုပ်) (ပုမ္ဘာဝရုပ်)။

(ဂ)။ ။ယောကျ်ား(အထီး,အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ' မမည်သောရုပ်လည်း ရှိ၏ (ဗာဟိရ န ပုရိသိန္ဒြိယရုပ်)(ပုရိသဘာဝရုပ်မှတပါးသော ဗာဟိရရုပ်များ)။

(အဇ္ဈတ္တိက န ဇီဝိတိန္ဒြိယတိက်)

၈ (က)။ ။အကြောင်း အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အသက်ရှင်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'မမည်သောရုပ် ဖြစ်၏ (အဇ္ဈတ္တိက န ဇီဝိတိန္ဒြိယရုပ်) (ပသာဒရုပ် ငါးခု)။

http://www.dhammadownload.com



(ခ)။ ။အကြင်အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အသက်ရှင်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' မည်သောရုပ်လည်း ရှိ၏ (ဗာဟိရ ဇီဝိတိန္ဒြိယရုပ်) (ဇီဝိတရုပ်)။

(ဂ)။ ။အသက်ရှင်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ဇီဝိတိန္ဒြိယရုပ်) (ဇီဝိတရုပ်မှ တပါးသော ဗာဟိရရုပ်များ)။

ဣန္ဒြိယတိကနည်း ဂ-ပါး ပြီး၏။

---

## သုခုမတိကနည်း ၁၂-ပါး[1]

### (အဇ္ဈတ္တိက န ကာယဝိညတ္တိတိက်)

၁ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာ 'ကာယဝိညတ်' မမည်သောရုပ် ဖြစ်၏ (အဇ္ဈတ္တိက န ကာယဝိညတ္တိရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာ 'ကာယဝိညတ်'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ကာယဝိညတ္တိရုပ်) (ကာယဝိညတ်)။

(ဂ)။ ။(မိမိ၏အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာ 'ကာယဝိညတ်' မမည်သောရုပ်လည်း ရှိ၏ (ဗာဟိရ န ကာယဝိညတ္တိရုပ်) (ကာယဝိညတ်မှ တပါးသော ဗာဟိရရုပ်များ)။

### (အဇ္ဈတ္တိက န ဝစီဝိညတ္တိတိက်)

၂ (က)။ ။အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ'ဝစီဝိညတ်'မမည်သော ရုပ်ဖြစ်၏(အဇ္ဈတ္တိက န ဝစီဝိညတ္တိရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ 'ဝစီဝိညတ်'မည်သော ရုပ်လည်း ရှိ၏(ဗာဟိရ ဝစီဝိညတ္တိရုပ်) (ဝစီဝိညတ်)။

(ဂ)။ ။(မိမိ၏ အလိုဆန္ဒကို)သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ 'ဝစီဝိညတ်'မမည်သော ရုပ်လည်း ရှိ၏(ဗာဟိရ န ဝစီဝိညတ္တိရုပ်) (ဝစီဝိညတ်မှ တပါးသော ဗာဟိရရုပ်များ)။

---

၁။ ဤနည်း၌ အဇ္ဈတ္တိကနှင့်ဗာဟိရ ၂-ပါးတို့ကို မှီတည်၍ ဣန္ဒြေမဆိုက်သော အာပေါ်, ဝိကာရရုပ် ၅-ပါး, အာကာသရုပ်, အာဟာရရုပ်, လက္ခဏရုပ် ၄-ပါး တည်းဟူသော သုခုမရုပ် ၁၂-ပါးတို့ကို မူလီသွင်းပြီးလျှင် ဟောကြားသည်။

ပကိဏ္ဏကတိကနည်း အမှတ် ၄-မှ သုခုမတိကနည်း အမှတ် ၁၁-အထိ ဝိဘင်းပါဠိတော်၌ ပေယျာလ ချန်ထား ခဲ့သည်။ (နှာ ၃ဂ-အောက်ခြေမှတ်ချက် ပြန်ကြည့်ပါ။)

http://www.dhammadownload.com



(အဇ္ဈတ္တိက န အာကာသဓာတုတိက်)

၃ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မရေးခြစ်အပ်သော သဘော(ရုပ်တခုနှင့် တခုကို ပိုင်းခြားမှု ဟင်းလင်းသဘော) 'အာကာသဓာတ်'မမည်သော ရုပ်ဖြစ်၏(အဇ္ဈတ္တိက န အာကာသ ဓာတုရုပ်)(ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မရေးခြစ်အပ်သော သဘော(ရုပ်တခုနှင့် တခုကို ပိုင်းခြားမှု ဟင်းလင်းသဘော) 'အာကာသဓာတ်'မည်သော ရုပ်လည်း ရှိ၏(ဗာဟိရ အာကာသဓာတုရုပ်)(ပရိစ္ဆေဒရုပ်)။

(ဂ)။ ။မရေးခြစ်အပ်သော သဘော(ရုပ်တခုနှင့် တခုကို ပိုင်းခြားမှု ဟင်းလင်းသဘော) 'အာကာသဓာတ်'မမည်သော ရုပ်လည်း ရှိ၏(ဗာဟိရ န အာကာသ ဓာတုရုပ်) (ပရိစ္ဆေဒရုပ်မှ တပါးသော ဗာဟိရရုပ်များ)။

(အဇ္ဈတ္တိက န အာပေါဓာတုတိက်)

၄ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဖွဲ့စည်းမှု (ရေဟူသော) သဘော 'အာပေါဓာတ်'မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န အာပေါဓာတုရုပ်)(ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဖွဲ့စည်းမှု (ရေဟူသော) သဘော 'အာပေါဓာတ်'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ အာပေါဓာတုရုပ်) (အာပေါဓာတ်)။

(ဂ)။ ။ဖွဲ့စည်းမှု(ရေဟူသော) သဘော 'အာပေါဓာတ်'မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န အာပေါဓာတုရုပ်)(အာပေါဓာတ်မှ တပါးသော ဗာဟိရရုပ်များ)။

(အဇ္ဈတ္တိက န ရူပဿ လဟုတာတိက်)

၅ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'မမည်သောရုပ် ဖြစ်၏ (အဇ္ဈတ္တိက န ရူပဿ လဟုတာရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'မည်သော ရုပ်လည်း ရှိ၏(ဗာဟိရ ရူပဿ လဟုတာရုပ်)(ရူပဿ လဟုတာ)။

(ဂ)။ ။ရုပ်၏ လျင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ'မမည်သော ရုပ်လည်း ရှိ၏(ဗာဟိရ န ရူပဿ လဟုတာရုပ်) (ရူပဿ လဟုတာမှ တပါးသော ဗာဟိရရုပ်များ)။

http://www.dhammadownload.com



(အဇ္ဈတ္တိက နှ ရူပဿ မုဒုတာတိက်)

၆ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'မမည်သောရုပ် ဖြစ်၏(အဇ္ဈတ္တိက နှ ရူပဿ မုဒုတာရုပ်)(ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'မည်သော ရုပ်လည်း ရှိ၏(ဗာဟိရ ရူပဿ မုဒုတာရုပ်)(မုဒုတာရုပ်)။

(ဂ)။ ။ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ'မမည်သော ရုပ်လည်း ရှိ၏(ဗာဟိရ နှ ရူပဿ မုဒုတာရုပ်)(မုဒုတာရုပ်မှ တပါးသော ဗာဟိရရုပ်များ)။

(အဇ္ဈတ္တိက နှ ရူပဿ ကမ္မညတာတိက်)

၇ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ ခံ့မှု(အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'မမည်သောရုပ် ဖြစ်၏ (အဇ္ဈတ္တိက နှ ရူပဿ ကမ္မညတာရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ ခံ့မှု(အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ'မည်သော ရုပ်လည်း ရှိ၏ ( ဗာဟိရ ရူပဿ ကမ္မညတာရုပ် ) (ကမ္မညတာရုပ်)။

(ဂ)။ ။ရုပ်၏ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ' မမည်သောရုပ်လည်း ရှိ၏ (ဗာဟိရ နှ ရူပဿ ကမ္မညတာရုပ်) (ကမ္မညတာ ရုပ်မှ တပါးသော ဗာဟိရရုပ်များ)။

(အဇ္ဈတ္တိက နှ ရူပဿ ဥပစယတိက်)

၈ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဖြစ်စရုပ် (ဦးစွာအစ ဖြစ်ပေါ်သောရုပ်) 'ရူပဿ ဥပစယ'မမည်သောရုပ် ဖြစ်၏၊ (အဇ္ဈတ္တိက နှ ရူပဿ ဥပစယရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဖြစ်စရုပ် (ဦးစွာအစ ဖြစ်ပေါ်သောရုပ်) 'ရူပဿ ဥပစယ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဿ ဥပစယရုပ်) (ဥပစယရုပ်)။

(ဂ)။ ။ဖြစ်စရုပ် (ဦးစွာအစဖြစ်ပေါ်သောရုပ်)'ရူပဿ ဥပစယ' မမည်သောရုပ်လည်း ရှိ၏ (ဗာဟိရ နှ ရူပဿ ဥပစယရုပ်) (ရူပဿ ဥပစယမှ တပါးသော ဗာဟိရ ရုပ်များ)။

http://www.dhammadownload.com



(အဇ္ဈတ္တိက န ရူပဿ သန္တတိတိက်)

၉ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပဿ သန္တတိရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဿ သန္တတိရုပ်) (သန္တတိရုပ်)။

(ဂ)။ ။ရုပ်၏ ကြီးပွါးဆဲအစဉ် 'ရူပဿ သန္တတိ' မမည်သောရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဿ သန္တတိရုပ်) (ရူပဿ သန္တတိမှ တပါးသော ဗာဟိရရုပ်များ)။

(အဇ္ဈတ္တိက န ရူပဿ ဇရတာတိက်)

၁၀ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပဿ ဇရတာရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ အိုမှု,ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဿ ဇရတာရုပ်) (ဇရတာရုပ်)။

(ဂ)။ ။ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ'မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဿ ဇရတာရုပ်) (ရူပဿ ဇရတာမှ တပါးသော ဗာဟိရ ရုပ်များ)။

(အဇ္ဈတ္တိက န ရူပဿ အနိစ္စတာတိက်)

၁၁ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု 'ရူပဿ အနိစ္စတာ' မမည်သောရုပ် ဖြစ်၏ (အဇ္ဈတ္တိက န ရူပဿ အနိစ္စတာရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု 'ရူပဿ အနိစ္စတာ' မည်သောရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဿ အနိစ္စတာရုပ်) (အနိစ္စတာရုပ်)။

(ဂ)။ ။ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု 'ရူပဿ အနိစ္စတာ' မမည်သောရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဿ အနိစ္စတာရုပ်) (ရူပဿ အနိစ္စတာမှ တပါးသော ဗာဟိရ ရုပ်များ)[၁]။

---

၁။ ပကိဏ္ဏကတိကနည်း အမှတ် ၄-မှစ၍ သုခုမတိကနည်း အမှတ် ၁၁-အထိ ဝိဘင်းပါဠိတော်၌ ပေယျာလချန်ထားခဲ့သည်ကို ဤမြန်မာပြန်၌ သုတေသီတို့အကျိုးငှါ ဆက်သွင်းဖော်ပြလိုက်ပါသည်။ (နှာ ၃၇-အောက်ခြေ မှတ်ချက်ကြည့်ပါ)။

http://www.dhammadownload.com



(အဇ္ဈတ္တိက နှ ကဗဠီကာရအာဟာရတိက်)

၁၂ (က)။ ။အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အလုတ်အလွေးပြုအပ်သော အစားအစာ 'ကဗဠီကာရ အာဟာရ' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက နှ ကဗဠီကာရ အာဟာရရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အလုတ်အလွေးပြုအပ်သော အစားအစာ 'ကဗဠီကာရ အာဟာရ' မည်သော ရုပ်လည်း ရှိ၏(ဗာဟိရကဗဠီကာရ အာဟာရရုပ်) (ကဗဠီကာရ အာဟာရရုပ်)။

(ဂ)။ ။အလုတ်အလွေး ပြုအပ်သော အစားအစာ 'ကဗဠီကာရ အာဟာရ' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ နှ ကဗဠီကာရ အာဟာရရုပ်) (ကဗဠီကာရ အာဟာရမှ တပါးသော ဗာဟိရရုပ်များ)။

သုဒုမတိကနည်း ၁၂-ပါး ပြီး၏။

ဤသို့ သုံးပါးစီပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် (၁၀၃-ပါး) ဖြစ်၏။


၁။ ပကိဏ္ဏကတိကနည်း ၁၃-ပါး

၂။ ဝတ္ထုတိကနည်း ၂၅-ပါး

၃။ အာရမ္မဏတိကနည်း ၂၅-ပါး

၄။ အာယတနတိကနည်း ၁၀-ပါး

၅။ ဓာတုတိကနည်း ၁၀-ပါး

၆။ ဣန္ဒြိယတိကနည်း ၈-ပါး

၇။ သုခုမတိကနည်း ၁၂-ပါး


တိကနည်း ၁၀၃-ပါး ပြီး၏။

---

စတုက္ကနည်း ၂၂-ပါး

(လေးပါးစီပြားသော နည်းအားဖြင့် ဟောကြားသော စတုက္ကနည်း ၂၂-ပါး)

လေးပါးစီပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် (၂၂-ပါး) ဖြစ်၏။

(ဥပါဒါ ဥပါဒိန္နစတုက္က)

(က)။ ။အကြင်မှီတတ်သော'ဥပါဒါ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သောကံသည်) အကျိုး၏ အဖြစ်ဖြင့်

http://www.dhammadownload.com



ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) 'ဥပါဒိန္န'ရုပ် (ကမ္မဇရုပ်)လည်း ရှိ၏ (ဥပါဒါ ဥပါဒိန္နရုပ်) (ကမ္မဇ ဥပါဒါရုပ်)။

(ခ)။ ။တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်မဖြစ်သော) 'အနုပါဒိန္န'ရုပ် (ကမ္မဇ ရုပ် မဟုတ်သောရုပ်) လည်း ရှိ၏ (ဥပါဒါ အနုပါဒိန္နရုပ်) (စိတ္တဇ,ဥတုဇ, အာဟာရဇ ဥပါဒါရုပ်)။

(ဂ)။ ။မဟာဘုတ်ကို မမှီတတ်သော အကြင်'နောဥပါဒါ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော(တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံ၏အကျိုးဖြစ်သော) 'ဥပါဒိန္နရုပ်' (ကမ္မဇရုပ်)လည်း ရှိ၏ (နောဥပါဒါ ဥပါဒိန္နရုပ်) (ကမ္မဇ မဟာဘုတ်ရုပ်)။

(ဃ)။ ။တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်မဖြစ်သော) 'အနုပါဒိန္န'ရုပ် (ကမ္မဇ ရုပ်မဟုတ်သောရုပ်)လည်း ရှိ၏ (နောဥပါဒါ အနုပါဒိန္နရုပ်) (တိဇ မဟာဘုတ် ရုပ်)။

(ဥပါဒါ ဥပါဒိန္နုပါဒါနိယ စတုက္က)

၂ (က)။ ။အကြင်မှီတတ်သော'ဥပါဒါ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်းဖြစ်၍) (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာ စွဲလမ်း တတ်သော 'ဥပါဒါန်'တရားတို့၏ အာရုံလည်းဖြစ်သော 'ဥပါဒိန္နုပါဒါနိယ' ရုပ်လည်း ရှိ၏ (ဥပါဒါ ဥပါဒိန္နုပါဒါနိယရုပ်) (ကမ္မဇ ဥပါဒါရုပ်)။

(ခ)။ ။တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍(တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်မဖြစ်မူ၍) (ကမ္မဇရုပ် မဟုတ်မူ၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အာရုံသာဖြစ်သော'အနုပါဒိန္နုပါဒါနိယ' ရုပ်လည်း ရှိ၏ (ဥပါဒါ အနုပါဒိန္နုပါဒါနိယရုပ်) (တိဇ ဥပါဒါရုပ်)။

(ဂ)။ ။အကြင် မမှီတတ်သော 'နောဥပါဒါ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်းဖြစ်၍) (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာစွဲလမ်း တတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံလည်းဖြစ်သော 'ဥပါဒိန္နုပါဒါနိယ' ရုပ် လည်း ရှိ၏ (နောဥပါဒါ ဥပါဒိန္နုပါဒါနိယရုပ်) (ကမ္မဇ မဟာဘူတရုပ်)။

(ဃ)။ ။တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့်ကံကြောင့် မဖြစ်မူ၍) 'ဥပါဒါန်' တရားတို့၏ အာရုံ သာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ်လည်း ရှိ၏ (နောဥပါဒါ အနုပါဒိန္နု- ပါဒါနိယရုပ်) (တိဇ မဟာဘုတ်ရုပ်)။

http://www.dhammadownload.com



(ဥပါဒါ သပ္ပဋိဃစတုက္က)

၃ (က)။ ။အကြောင် မှီတတ်သော 'ဥပါဒါ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့် တကွ ဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ဥပါဒါ သပ္ပဋိဃရုပ်) (သြဠာရိက ဥပါဒါရုပ်) (ပသာဒရုပ် ၅-ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ,ရသ အာရုံ ၄-ပါး)။

(ခ)။ ။ထိပါးခြင်းနှင့် တကွမဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ'ရုပ်လည်း ရှိ၏ (ဥပါဒါ အပ္ပဋိဃရုပ်) (သုခုမ ဥပါဒါရုပ်) (အာပေါကြဉ်သော သုခုမရုပ် ၁၅-ပါး)။

(ဂ)။ ။အကြောင်မမှီတတ်သော 'နော ဥပါဒါ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့် တကွဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (နော ဥပါဒါ သပ္ပဋိဃရုပ်) (သြဠာရိက မဟာဘုတ်ရုပ်) (ပထဝီ, တေဇော, ဝါယော၊ ဖောဋ္ဌဗ္ဗာရုံ)။

(ဃ)။ ။ထိပါးခြင်းနှင့် တကွမဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (နော ဥပါဒါ အပ္ပဋိဃရုပ်)(သုခုမမဟာဘုတ်ရုပ်)(အာပေါရုပ်)။

(ဥပါဒါ သြဠာရိကစတုက္က)

၄ (က)။ ။အကြောင်မှီတတ်သော 'ဥပါဒါ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက'ရုပ်လည်း ရှိ၏ (ဥပါဒါ သြဠာရိကရုပ်) (ပသာဒရုပ် ၅-ပါး၊ ဖောဋ္ဌဗ္ဗကြဉ်သော ဂေါစရရုပ် ၄-ပါး)။

(ခ)။ ။သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (ဥပါဒါ သုခုမရုပ်) (အာပေါကြဉ်သော သုခုမရုပ် ၁၅-ပါး)။

(ဂ)။ ။အကြောင်မမှီတတ်သော 'နော ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက'ရုပ်လည်း ရှိ၏ (နော ဥပါဒါ သြဠာရိကရုပ်) (သြဠာရိက မဟာဘုတ်ရုပ်) (ပထဝီ,တေဇော,ဝါယော)။

(ဃ)။ ။သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (နော ဥပါဒါ သုခုမရုပ်)(သုခုမ မဟာဘုတ်ရုပ်) (အာပေါရုပ်)။

(ဥပါဒါ ဒူရေစတုက္က)

၅ (က)။ ။အကြောင်မှီတတ်သော 'ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဝေးသော (အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏ (ဥပါဒါ ဒူရေရုပ်) (သုခုမ ဥပါဒါရုပ်) (အာပေါကြဉ်သော သုခုမရုပ် ၁၅-ပါး)။

(ခ)။ ။နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (ဥပါဒါ သန္တိကေရုပ်) (သြဠာရိက ဥပါဒါရုပ်) (ပသာဒရုပ် ၅-ပါး၊ ဖောဋ္ဌဗ္ဗကြဉ်သော ဂေါစရရုပ် ၄-ပါး)။

http://www.dhammadownload.com



(ဂ)။ ။အကြောင် မမှီတတ်သော 'နော ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဝေးသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (နော ဥပါဒါ ဒူရေရုပ်) (သုခုမမဟာဘုတ်ရုပ်) (အာပေါရုပ်)။

(ဃ)။ ။နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (နော ဥပါဒါ သန္တိကေရုပ်) (ဩဠာရိက မဟာဘုတ်ရုပ်) (ပထဝီ, တေဇော, ဝါယော)။

(ဥပါဒိန္နာ သနိဒဿနစတုက္က)[၁]

၆ (က)။ ။အကြောင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သောကံသည်) အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) 'ဥပါဒိန္န' ရုပ်(ကမ္မဇရုပ်)သည် ရှိ၏၊ ထိုရုပ်သည် မြင်ခြင်းနှင့် တကွ ဖြစ်သော (မြင်အပ်သော) 'သနိဒဿန' ရုပ်လည်း ရှိ၏ (ဥပါဒိန္န သနိဒဿနရုပ်)[၂] (ရူပါရုံဟူသော မြင်အပ်သည့် ကမ္မဇရုပ်)။

(ခ)။ ။မြင်ခြင်းနှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန' ရုပ်လည်း ရှိ၏ (ဥပါဒိန္န အနိဒဿနရုပ်) (မမြင်အပ်သော ကမ္မဇရုပ်များ)။

(ဂ)။ ။အကြောင် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သော(တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) 'အနုပါဒိန္န' ရုပ်(ကမ္မဇရုပ်မဟုတ်သောရုပ်)သည် ရှိ၏၊ ထိုရုပ်သည် မြင်ခြင်းနှင့် တကွ ဖြစ်သော (မြင်အပ်သော) 'သနိဒဿန' ရုပ်လည်း ရှိ၏ (အနုပါဒိန္န သနိဒဿနရုပ်) (သနိဒဿန တိဇရူပါရုံ)။

(ဃ)။ ။မြင်ခြင်းနှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန' ရုပ်လည်း ရှိ၏ (အနုပါဒိန္န အနိဒဿနရုပ်) (အနိဒဿန တိဇရုပ်)။

(ဥပါဒိန္န သပ္ပဋိဃစတုက္က)

၇ (က)။ ။အကြောင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သောကံသည်) အကျိုး၏ အဖြစ်ဖြင့်ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံ၏ အကျိုးဖြစ်သော) 'ဥပါဒိန္န' ရုပ် (ကမ္မဇရုပ်) သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့် တကွ ဖြစ်သော(ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ဥပါဒိန္န သပ္ပဋိဃရုပ်) (ကမ္မဇ ဩဠာရိကရုပ်)။

(ခ)။ ။ထိပါးခြင်းနှင့် တကွ မဖြစ်သော(ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ဥပါဒိန္န အပ္ပဋိဃရုပ်) (ကမ္မဇ သုခုမရုပ်)။

---

၁။ အမှတ်နံပါတ် ၆-မှ ၂၁-အထိ ဝိဘင်း ပါဠိတော်၌ ပေယျာလချန်ခဲ့သည်၊ ယခုမြန်မာပြန်၌ လေ့လာသူ သူတော်သိတို့အကျိုးငှါ ထည့်သွင်းဖော်ပြလိုက်ပါသည်။

၂။ 'ဥပါဒိဏ္ဏ'-'ဥပါဒိန္န' ဟု ၂-မျိုးလုံးပင် ရေးနိုင်သည်။

http://www.dhammadownload.com



(ဂ)။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သော တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော 'အနုပါဒိန္န' ရုပ်(ကမ္မဇရုပ်မဟုတ်သောရုပ်)သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့် တကွ ဖြစ်သော (ထိပါးတတ်သော)'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (အနုပါဒိန္န သပ္ပဋိဃ ရုပ်) (ရူပ, သဒ္ဒ, ဂန္ဓ, ရသ,ဖောဋ္ဌဗ္ဗရုပ်)။

(ဃ)။ ။ထိပါးခြင်းနှင့် တကွ မဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (အနုပါဒိန္န အပ္ပဋိဃရုပ်) (တိဇ သုခုမရုပ်)။

(ဉပါဒိန္န မဟာဘူတစတုက္က)

ဂ (က)။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သောကံသည်) အကျိုး၏ အဖြစ်ဖြင့်ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) 'ဉပါဒိန္န'ရုပ် (ကမ္မဇရုပ်)သည် ရှိ၏၊ ထိုရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' ရုပ်လည်း ရှိ၏ (ဉပါဒိဏ္ဏ မဟာဘုတ်ရုပ်) (ကမ္မဇ မဟာဘုတ်ရုပ်)။

(ခ)။ ။ကြီးကျယ်ထင်ရှားသည် မဟုတ်သော (န မဟာဘူတ) ရုပ်လည်း ရှိ၏(ဉပါဒိန္န န မဟာဘူတရုပ်) (ကမ္မဇ ဉပါဒါရုပ်)။

(ဂ)။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သော(တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်မဖြစ်သော) 'အနုပါဒိန္န' ရုပ်(ကမ္မဇရုပ်မဟုတ်သောရုပ်)သည် ရှိ၏၊ ထိုရုပ်သည် ကြီးကျယ်ထင်ရှားသော'မဟာဘုတ်' ရုပ်လည်း ရှိ၏ (အနုပါဒိန္န မဟာဘူတရုပ်) (ကမ္မဇရုပ်မဟုတ်သော တိဇ မဟာဘုတ်ရုပ်)။

(ဃ)။ ။ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ' ရုပ်လည်း ရှိ၏ (အနုပါဒိန္န န မဟာဘူတရုပ်) (ကမ္မဇရုပ်မဟုတ်သော တိဇ ဉပါဒါရုပ်)။

(ဉပါဒိန္န ဩဠာရိကစတုက္က)

၉ (က)။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သောကံသည်)အကျိုး၏ အဖြင့်ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) 'ဉပါဒိန္န'ရုပ် (ကမ္မဇရုပ်) သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက'ရုပ်လည်း ရှိ၏၊(ဉပါဒိန္န ဩဠာရိကရုပ်)(ကမ္မဇ ဩဠာရိကရုပ်)။

(ခ)။ ။သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (ဉပါဒိန္န သုခုမရုပ်) (ကမ္မဇ သုခုမရုပ်)။

(ဂ)။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ဖြစ်ဖြင့် မယူအပ်သော(တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) 'အနုပါဒိန္န'ရုပ်

http://www.dhammadownload.com



(ကမ္မဇရုပ်မဟုတ်သောရုပ်)သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက'ရုပ်လည်း ရှိ၏ (အနုပါဒိန္န ဩဠာရိကရုပ်) (ကမ္မဇရုပ်မဟုတ်သော တိဇ ဩဠာရိကရုပ်)။

(ဃ)။ ။သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏(အနုပါဒိန္န သုခုမရုပ်) (တိဇ သုခုမရုပ်)။

(ဥပါဒိန္န ဒူရေစတုက္က)

၁၀ (က)။ ။အကြင်တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် ဖြစ်သော) 'ဥပါဒိန္န'ရုပ် (ကမ္မဇရုပ်)သည် ရှိ၏၊ ထိုရုပ်သည် ဝေးကွာသော(အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏(ဥပါဒိန္န ဒူရေရုပ်) (ကမ္မဇ သုခုမရုပ်)။

(ခ)။ ။နီးကပ်သော(သိလွယ်သော)'သန္တိကေ'ရုပ်လည်း ရှိ၏ (ဥပါဒိန္န သန္တိကေရုပ်) (ကမ္မဇ ဩဠာရိကရုပ်)။

(ဂ)။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) 'အနုပါဒိန္န' ရုပ်(ကမ္မဇရုပ်မဟုတ်သောရုပ်)သည် ရှိ၏၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏(အနုပါဒိန္န ဒူရေရုပ်)(တိဇ သုခုမရုပ်)။

(ဃ)။ ။နီးကပ်သော(သိလွယ်သော)'သန္တိကေ'ရုပ်လည်း ရှိ၏(အနုပါဒိန္န သန္တိကေရုပ်) (ကမ္မဇရုပ်မဟုတ်သော တိဇဩဠာရိကရုပ်)။

(ဥပါဒိန္နုပါဒါနိယ သနိဒဿနစတုက္က)

၁၁ (က)။ ။အကြင်တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် ဖြစ်၍) (ကမ္မဇရုပ်ဖြစ်၍)လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်'တရား(တဏှာ, ဒိဋ္ဌိ)တို့၏ အာရုံလည်း ဖြစ်သော 'ဥပါဒိန္နုပါဒါနိယ'ရုပ်လည်း ရှိ၏၊ ထိုရုပ်သည် မြင်ခြင်းနှင့် တကွ ဖြစ်သော (မြင်အပ်သော) 'သနိဒဿန'ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ သနိဒဿန ရုပ်)(ကမ္မဇ ရူပါရုံ)။

(ခ)။ ။မြင်ခြင်းနှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန'ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ အနိဒဿနရုပ်)(ရူပါရုံမှ တပါးသော ကမ္မဇရုပ်များ)။

(ဂ)။ ။အကြင် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) (ကမ္မဇရုပ်မဟုတ်မူ၍)လွန်စွာ စွဲလမ်း တတ်သော 'ဥပါဒါန်'တရားတို့၏ အာရုံသာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်ခြင်းနှင့် တကွ ဖြစ်သော

http://www.dhammadownload.com



(မြင်အပ်သော) 'သနိဒဿန'ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ သနိဒဿနရုပ်) (ကမ္မဇ မဟုတ်သော တိဇရူပါရုံ)။

(ဃ)။ ။မြင်ခြင်းနှင့် တကွ မဖြစ်သော(မမြင်အပ်သော) 'အနိဒဿန'ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ အနိဒဿနရုပ်)(ရူပါရုံမှ တပါးသော တိဇရုပ်များ)။

(ဥပါဒိန္နုပါဒါနိယ သပ္ပဋိဃစတုက္က)

၁၂ (က)။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) (ကမ္မဇရုပ်လည်း ဖြစ်၍)လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အာရုံလည်း ဖြစ်သော 'ဥပါဒိန္နုပါဒါနိယ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့် တကွ ဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ'ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ သပ္ပဋိဃရုပ်)(ကမ္မဇ ဩဠာရိကရုပ်)။

(ခ)။ ။ထိပါးခြင်းနှင့် တကွ မဖြစ်သော(ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ'ရုပ်လည်း ရှိ၏(ဥပါဒိန္နုပါဒါနိယ အပ္ပဋိဃရုပ်)(ကမ္မဇ သုခုမရုပ်)။

(ဂ)။ ။အကြင် တဏှာဒိဋ္ဌိတို့ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) (ကမ္မဇရုပ် မဟုတ်မူ၍)လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အာရုံသာ ဖြစ်သော 'အနုပါဒိန္နုပါဒါနိယ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့် တကွ ဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ'ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ သပ္ပဋိဃရုပ်)(တိဇ ဩဠာရိကရုပ်)။

(ဃ)။ ။ထိပါးခြင်းနှင့် တကွ မဖြစ်သော(ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ'ရုပ်လည်း ရှိ၏(အနုပါဒိန္နုပါဒါနိယ အပ္ပဋိဃရုပ်) (တိဇ သုခုမရုပ်)။

(ဥပါဒိန္နုပါဒါနိယ မဟာဘူတစတုက္က)

၁၃ (က)။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍(တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် ဖြစ်၍) (ကမ္မဇရုပ်လည်း ဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အာရုံလည်းဖြစ်သော 'ဥပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘူတ' ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ မဟာဘူတရုပ်)၊ (ကမ္မဇ မဟာဘုတ်ရုပ်)။

(ခ)။ ။ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ' ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ န မဟာဘူတရုပ်) (ကမ္မဇ ဥပါဒါရုပ်)။

(ဂ)။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) (ကမ္မဇရုပ်

http://www.dhammadownload.com



မဟုတ်မူ၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံသာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘူတ' ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ မဟာဘူတရုပ်) (တိက မဟာဘုတ်ရုပ်)

( ဃ )။ ။ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ' ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ န မဟာဘူတရုပ်) (တိက ဥပါဒါရုပ်)။

(ဥပါဒိန္နုပါဒါနိယ သြဠာရိကစတုက္က)

၁၄ ( က )။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် လည်းဖြစ်၍) (ကမ္မဇ ရုပ်လည်းဖြစ်၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်' တရား (တဏှာ,ဒိဋ္ဌိ) တို့၏ အာရုံလည်းဖြစ်သော 'ဥပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက'ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ သြဠာရိက ရုပ်) (ကမ္မဇ သြဠာရိကရုပ်)။

( ခ )။ ။သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ သုခုမရုပ်) (ကမ္မဇ သုခုမရုပ်)။

( ဂ )။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) (ကမ္မဇရုပ် မဟုတ်မူ၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံသာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက' ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ သြဠာရိကရုပ်) (တိက သြဠာရိကရုပ်)။

( ဃ )။ ။သိမ်မွေ့သော'သုခုမ'ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ သုခုမရုပ်) (တိက သုခုမရုပ်)။

(ဥပါဒိန္နုပါဒါနိယ ဒူရေစတုက္က)

၁၅ ( က )။ ။အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်းဖြစ်၍) (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာ စွဲလမ်းတတ်သော'ဥပါဒါန်'တရားတို့၏ အာရုံလည်းဖြစ်သော'ဥပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထို (ဥပါဒိန္နုပါဒါနိယ) ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ ဒူရေရုပ်) (ကမ္မဇ သုခုမရုပ်)။

( ခ )။ ။နီးကပ်သော(သိလွယ်သော) 'သန္တိကေ'ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ သန္တိကေရုပ်) (ကမ္မဇ သြဠာရိကရုပ်)။

http://www.dhammadownload.com



(ဂ)။ ။အကြင် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောက်သည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မှု၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မှု၍) (ကမ္မဇရုပ်မဟုတ်မူ၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံသာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထို (အနုပါဒိန္နုပါဒါနိယ) ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏ (အနုပါဒိဏ္ဏုပါဒါနိယ ဒူရေရုပ်) (တိဇ သုခုမရုပ်)။

(ဃ)။ ။နီးကပ်သော(သိလွယ်သော) 'သန္တိကေ'ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ သန္တိကေရုပ်) (တိဇ ဩဠာရိကရုပ်)။

(သပ္ပဋိဃ ဣန္ဒြိယစတုက္က)

၁၆ (က)။ ။အကြင် ထိပါးခြင်းနှင့် တကွဖြစ်သော (ထိပါးတတ်သော သဘော ရှိသော) 'သပ္ပဋိဃ'ရုပ်သည် ရှိ၏၊ ထို(သပ္ပဋိဃ)ရုပ်သည် (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ'မည်သော ရုပ်လည်း ရှိ၏ (သပ္ပဋိဃ ဣန္ဒြိယရုပ်) (ဣန္ဒြိယ ဩဠာရိက ရုပ်) (ပသာဒရုပ် ၅-ပါး)။

(ခ)။ ။(မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ' မမည်သော 'န ဣန္ဒြိယ'ရုပ်လည်း ရှိ၏ (သပ္ပဋိဃ န ဣန္ဒြိယရုပ်) (အနိန္ဒြိယ ဩဠာရိကရုပ်) (ဝိသယရုပ် ၇-ပါး)။

(ဂ)။ ။အကြင် ထိပါးခြင်းနှင့် တကွမဖြစ်သော (ထိပါးတတ်သောသဘောမရှိသော) 'အပ္ပဋိဃ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ ဆိုင်ရာ ကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (အပ္ပဋိဃ ဣန္ဒြိယရုပ်) (ဣန္ဒြိယ သုခုမရုပ်) (ဘာဝ ရုပ် ၂-ပါးနှင့် ဇီဝိတိန္ဒြေရုပ်)။

(ဃ)။ ။အစိုးရမှု'ဣန္ဒြေ'မမည်သော 'န ဣန္ဒြိယ'ရုပ်လည်း ရှိ၏ (အပ္ပဋိဃ န ဣန္ဒြိယရုပ်) (အနိန္ဒြိယ သုခုမရုပ်)။

(သပ္ပဋိဃ မဟာဘူတစတုက္က)

၁၇ (က)။ ။အကြင် ထိပါးခြင်းနှင့် တကွ ဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ'ရုပ်သည် ရှိ၏၊ ထို(သပ္ပဋိဃ)ရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'ရုပ်လည်း ရှိ၏ (သပ္ပဋိဃ မဟာဘူတရုပ်) (မဟာဘူတ ဩဠာ-ရိကရုပ်) (ပထဝီ, တေဇော, ဝါယော)။

(ခ)။ ။ကြီးကျယ် ထင်ရှားသည်မဟုတ်သော 'န မဟာဘူတ' ရုပ်လည်း ရှိ၏(သပ္ပဋိဃ န မဟာဘူတရုပ်) (ဥပါဒါ ဩဠာရိကရုပ် ၉-ပါး) (ပသာဒရုပ် ၅-ပါး၊ ရူပ, သဒ္ဒ,ဂန္ဓ,ရသအာရုံ ၄-ပါး)။

(ဂ)။ ။အကြင် ထိပါးခြင်းနှင့် တကွမဖြစ်သော (ထိပါးတတ်သောသဘောမရှိသော) 'အပ္ပဋိဃ'ရုပ်သည် ရှိ၏၊ ထို (အပ္ပဋိဃ) ရုပ်သည် ကြီးကျယ် ထင်ရှားသော

http://www.dhammadownload.com



'မဟာဘူတ'ရုပ်လည်း ရှိ၏ (အပ္ပဋိဃ မဟာဘူတရုပ်) (မဟာဘူတ သုခုမရုပ်) (အာပေါဓာတ်)။

(ဃ)။ ။ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ'ရုပ်လည်း ရှိ၏ (အပ္ပဋိဃ န မဟာဘူတရုပ်) (ဥပါဒါ သုခုမရုပ်)။

(ဣန္ဒြိယ သြဠာရိကစတုက္က)

၁၈ (က)။ ။အကြင် (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ'မည်သောရုပ်သည် ရှိ၏၊ ထို အစိုးရမှု 'ဣန္ဒြေ'မည်သောရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက'ရုပ်လည်း ရှိ၏ (ဣန္ဒြိယ သြဠာရိကရုပ်) (ပသာဒရုပ် ၅-ပါး)။

(ခ)။ ။သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (ဣန္ဒြိယ သုခုမရုပ်) (ဘာဝရုပ် ၂-ပါး၊ ဇီဝိတိန္ဒြေရုပ်)။

(ဂ)။ ။အကြင် (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ' မမည်သောရုပ်သည် ရှိ၏၊ ထို အစိုးရမှု 'ဣန္ဒြေ'မမည်သောရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက'ရုပ်လည်း ရှိ၏ (အနိန္ဒြိယ သြဠာရိကရုပ်) (အာရုံငါးပါး=ဂေါစရရုပ် ၇-ပါး)။

(ဃ)။ ။သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (အနိန္ဒြိယ သုခုမရုပ်)။

(ဣန္ဒြိယ ဒူရေစတုက္က)

၁၉ (က)။ ။အကြင် (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ'မည်သောရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏ (ဣန္ဒြိယ ဒူရေရုပ်) (ဣန္ဒြိယ သုခုမရုပ်) (ဘာဝရုပ် ၂-ပါး၊ ဇီဝိတိန္ဒြေရုပ်)။

(ခ)။ ။နီးကပ်သော (သိလွယ်သော) 'သန္တိကေ'ရုပ်လည်း ရှိ၏ (ဣန္ဒြိယ သန္တိကေရုပ်) (ဣန္ဒြိယ သြဠာရိကရုပ်) (ပသာဒရုပ် ၅-ပါး)။

(ဂ)။ ။အကြင် (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ'မမည်သောရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏ (န ဣန္ဒြိယ ဒူရေရုပ်) (အနိန္ဒြိယ သုခုမရုပ်)။

(ဃ)။ ။နီးကပ်သော (သိလွယ်သော) 'သန္တိကေရုပ်'လည်း ရှိ၏ (န ဣန္ဒြိယသန္တိကေရုပ်) (အနိန္ဒြိယ သြဠာရိကရုပ်) (ဂေါစရရုပ် ၇-ပါး)။

(မဟာဘူတ သြဠာရိကစတုက္က)

၂၀ (က)။ ။အကြင်ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက' ရုပ်လည်း ရှိ၏ (မဟာဘူတ သြဠာရိကရုပ်) (ပထဝီ၊ တေဇော၊ ဝါယော)။

(ခ)။ ။သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (မဟာဘူတ သုခုမရုပ်) (အာပေါဓာတ်)။

http://www.dhammadownload.com



(ဂ)။ ။အကြင် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'မမည်သောရုပ်သည် ရှိ၏၊ ထို ရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက'ရုပ်လည်း ရှိ၏ (န မဟာဘူတ ဩဠာရိကရုပ်) (ဥပါဒါ ဩဠာရိကရုပ်) (ပသာဒရုပ် ၅-ပါး၊ ဖောဋ္ဌဗ္ဗကြဉ်သော ဂေါစရရုပ် ၄-ပါး)။

(ဃ)။ ။သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (န မဟာဘူတ သုခုမရုပ်) (ဥပါဒါ-သုခုမရုပ်)။

(မဟာဘူတ ဒူရေစတုက္က)

၂၁ (က)။ ။အကြင်ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'ရုပ်သည် ရှိ၏၊ ထိုမဟာဘုတ် ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏(မဟာဘူတ ဒူရေရုပ်)(မဟာဘူတ သုခုမရုပ်)(အာပေါဓာတ်)။

(ခ)။ ။နီးကပ်သော(သိလွယ်သော) 'သန္တိကေ'ရုပ်လည်း ရှိ၏(မဟာဘူတ သန္တိကေ ရုပ်) (မဟာဘူတ ဩဠာရိကရုပ်)(ပထဝီ, တေဇော, ဝါယော)။

(ဂ)။ ။အကြင်ကြီးကျယ်ထင်ရှားသည်မဟုတ်သော 'န မဟာဘူတ'ရုပ်သည် ရှိ၏၊ ထို(န မဟာဘူတ)ရုပ်သည် ဝေးကွာသော (အသိခက်သော)'ဒူရေ'ရုပ်လည်း ရှိ၏ (န မဟာဘူတ ဒူရေရုပ်) (ဥပါဒါ သုခုမရုပ်)။

(ဃ)။ ။နီးကပ်သော (သိလွယ်သော) 'သန္တိကေ'ရုပ်လည်း ရှိ၏ (န မဟာဘူတ သန္တိကေရုပ်)(ဥပါဒါ ဩဠာရိကရုပ်)[၁]။

(ဒိဋ္ဌာဒိ စတုက္က)

၂၂ (က)။ ။မြင်အပ်သော 'ဒိဋ္ဌ'ရုပ်သည် ရှိ၏ (ရူပါရုံ)။

(ခ)။ ။ကြားအပ်သော 'သုတ'ရုပ်သည် ရှိ၏(သဒ္ဒါရုံ)။

(ဂ)။ ။(ဃာန, ဇိဝှါ, ကာယပသာဒတို့ဖြင့်) တွေ့ထိ၍ သိအပ်သော 'မုတ'ရုပ်သည် ရှိ၏ (သမ္ပတ္တရုပ်များဖြစ်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ)[၂]။

(ဃ)။ ။(စိတ်ဖြင့်) သိအပ်သော 'ဝိညာတ'ရုပ်သည် ရှိ၏ (ရုပ်အားလုံး)။

ဤသို့ လေးပါးစီပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် (၂၂-ပါး) ဖြစ်၏။

စတုက္ကနည်း ၂၂-ပါး ပြီး၏။

---

၁။ စတုက္ကနည်း အမှတ် ၆-မှ ၂၁-အထိ ဝိဘင်းပါဠိတော်၌ ပေယျာလချန်ထားခဲ့သည်။ လေ့လာသူ သူတော်သီတို့အကျိုးငှါ ဤမြန်မာပြန်၌ ထုတ်ဖော်ရေးသားလိုက်သည်။

၂။ အဋ္ဌသာလိနီ၊ န၁-၃၇၃၊ မဟာနိဒ္ဒေသအဋ္ဌကထာ-နှ၁-၃၇။

http://www.dhammadownload.com



## ငါးပါးပြားသော နည်းအားဖြင့် ဟောကြားသော 'ပဉ္စက'နည်း

ငါးပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

၁-(၁)။ ။မြေဟူသော ခက်မာမှုသဘော 'ပထဝီဓာတ်'သည် ရှိ၏။

(၂)။ ။ရေဟူသော ဖွဲ့စည်းမှုသဘော 'အာပေါဓာတ်'သည် ရှိ၏။

(၃)။ ။မီးဟူသော ပူလောင်ရင့်ကျက်စေမှုသဘော 'တေဇောဓာတ်'သည် ရှိ၏။

(၄)။ ။လေဟူသော ထောက်ကန်လှုပ်ရှားမှုသဘော 'ဝါယောဓာတ်'သည် ရှိ၏။

(၅)။ ။ယင်းသဘာဝ'ဓာတ်'လေးပါးကို မှီတတ်သော 'ဥပါဒါ'ရုပ်သည် ရှိ၏။

ဤသို့ ငါးပါးပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

ပဉ္စကနည်း ပြီး၏။

---

## ခြောက်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'ဆက္က'နည်း

ခြောက်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

၁-(၁)။ ။စက္ခုဝိညာဏ်ဖြင့် သိအပ်သော 'စက္ခုဝိညေယျ'ရုပ်သည် ရှိ၏ (ရူပါရုံ)။

(၂)။ ။သောတဝိညာဏ်ဖြင့် သိအပ်သော 'သောတဝိညေယျ'ရုပ်သည် ရှိ၏ (သဒ္ဒါရုံ)။

(၃)။ ။ဃာနဝိညာဏ်ဖြင့် သိအပ်သော'ဃာနဝိညေယျ'ရုပ်သည် ရှိ၏ (ဂန္ဓာရုံ)။

(၄)။ ။ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ'ရုပ်သည် ရှိ၏ (ရသာရုံ)။

(၅)။ ။ကာယဝိညာဏ်ဖြင့် သိအပ်သော 'ကာယဝိညေယျ'ရုပ်သည် ရှိ၏(ဖောဋ္ဌဗ္ဗာရုံ)။

(၆)။ ။မနောဝိညာဏ်ဖြင့် သိအပ်သော'မနောဝိညေယျ'ရုပ်သည် ရှိ၏ (ရုပ်အားလုံး)။

ဤသို့ ခြောက်ပါးပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

ဆက္ကနည်း ပြီး၏။

---

## ခုနစ်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'သတ္တက'နည်း

ခုနစ်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

၁-(၁)။ ။စက္ခုဝိညာဏ်ဖြင့် သိအပ်သော 'စက္ခုဝိညေယျ'ရုပ်သည် ရှိ၏ (ရူပါရုံ)။

(၂)။ ။သောတဝိညာဏ်ဖြင့် သိအပ်သော 'သောတဝိညေယျ'ရုပ်သည် ရှိ၏ (သဒ္ဒါရုံ)။

http://www.dhammadownload.com



(၃)။ ။ဃာနဝိညာဏ်ဖြင့် သိအပ်သော 'ဃာနဝိညေယျ'ရုပ်သည် ရှိ၏ (ဂန္ဓာရုံ)။

(၄)။ ။ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ'ရုပ်သည် ရှိ၏ (ရသာရုံ)။

(၅)။ ။ကာယဝိညာဏ်ဖြင့် သိအပ်သော 'ကာယဝိညေယျ'ရုပ်သည် ရှိ၏(ဖောဋ္ဌဗ္ဗာရုံ)။

(၆)။ ။(ပဉ္စာရုံကို)သိကာမျှသဘောဖြစ်သည့်'မနောဓာတ်'(ပဉ္စဒွါရာဝဇ္ဇန်း၊သမ္ပဋိစ္ဆိုန်း ဒွေ)ဖြင့် သိအပ်သော 'မနောဓာတုဝိညေယျ' ရုပ်သည် ရှိ၏ (မနောဓာတုဝိညေယျရုပ်) (ရူပါရုံစသော အာရုံငါးပါး)။

(၇)။ ။(အာရုံခြောက်ပါးလုံးကို) အထူးသိမှုသဘောဖြစ်သည့် 'မနောဝိညာဏဓာတ်' ဖြင့် သိအပ်သော 'မနောဝိညာဏဓာတုဝိညေယျ'ရုပ်သည် ရှိ၏(ရုပ်အားလုံး)။

ဤသို့ ခုနစ်ပါးပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

သတ္တကနည်း ပြီး၏။

---

## ရှစ်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'အဋ္ဌက'နည်း

ရှစ်ပါးပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

၁-(၁)။ ။စက္ခုဝိညာဏ်ဖြင့်သိအပ်သော 'စက္ခုဝိညေယျ'ရုပ်သည် ရှိ၏ (ရူပါရုံ)။

(၂)။ ။သောတဝိညာဏ်ဖြင့်သိအပ်သော 'သောတဝိညေယျ'ရုပ်သည် ရှိ၏ (သဒ္ဒါရုံ)။

(၃)။ ။ဃာနဝိညာဏ်ဖြင့်သိအပ်သော 'ဃာနဝိညေယျ'ရုပ်သည် ရှိ၏ (ဂန္ဓာရုံ)။

(၄)။ ။ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ'ရုပ်သည် ရှိ၏ (ရသာရုံ)။

(၅)။ ။ကာယဝိညာဏ်ဖြင့် သိအပ်သော ချမ်းသာသောအတွေ့ရှိသည့် 'ကာယဝိညေယျ-သုခသမ္ဖဿ'ရုပ်သည် ရှိ၏ (နှစ်လိုဖွယ်သော ဖောဋ္ဌဗ္ဗာရုံ)။

(၆)။ ။ကာယဝိညာဏ်ဖြင့် သိအပ်သော ဆင်းရဲသောအတွေ့ရှိသည့် 'ကာယဝိညေယျ-ဒုက္ခသမ္ဖဿ'ရုပ်သည် ရှိ၏ (မနှစ်လိုဖွယ်သော ဖောဋ္ဌဗ္ဗာရုံ)။

(၇)။ ။(ပဉ္စာရုံကို) သိကာမျှ သဘော'မနောဓာတ်'ဖြင့် သိအပ်သော 'မနောဓာတု-ဝိညေယျ'ရုပ်သည် ရှိ၏ (ရူပါရုံစသော အာရုံငါးပါး)။

(၈)။ ။(အာရုံခြောက်ပါးလုံးကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'ဖြင့် သိအပ်သော 'မနောဝိညာဏဓာတုဝိညေယျ'ရုပ်သည် ရှိ၏ (ရုပ်အားလုံး)။

ဤသို့ ရှစ်ပါးပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

အဋ္ဌကနည်း ပြီး၏။

http://www.dhammadownload.com



## ကိုးပါးပြားသော နည်းအားဖြင့် ဟောကြားသော 'နဝက' နည်း

ကိုးပါးပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

(၁)။ ။မြင်မှု၌အစိုးရသော မျက်စိအကြည်'စက္ခုန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (စက္ခုပသာဒ)။

(၂)။ ။ကြားမှု၌အစိုးရသော နားအကြည်'သောတိန္ဒြေ'မည်သောရုပ်သည် ရှိ၏(သောတပသာဒ)။

(၃)။ ။နံမှု၌အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ'မည်သော ရုပ်သည် ရှိ၏ (ဃာနပသာဒ)။

(၄)။ ။လျက်မှု၌အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ'မည်သောရုပ်သည် ရှိ၏ (ဇိဝှါပသာဒ)။

(၅)။ ။ထိမှု၌အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'မည်သောရုပ်သည် ရှိ၏ (ကာယပသာဒ)။

(၆)။ ။မိန်းမ(အမ)ဖြစ်ကြောင်း၌အစိုးရမှု 'ဣတ္ထိန္ဒြေ'မည်သောရုပ်သည် ရှိ၏ (ဣတ္ထိဘာဝရုပ်)။

(၇)။ ။ယောကျ်ား(အထီး အဖို)ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'မည်သောရုပ်သည် ရှိ၏ (ပုမ္ဘာဝရုပ်)။

(၈)။ ။အသက်ရှင်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'မည်သောရုပ်သည် ရှိ၏ (ဇီဝိတရုပ်)။

(၉)။ ။အကြင်ဣန္ဒြေ မမည်သောရုပ်သည် ရှိ၏ (ဣန္ဒြိယရုပ်ရှစ်ခုမှ တပါး အခြားသောရုပ်များ)။

ဤသို့ ကိုးပါးပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

နဝကနည်း ပြီး၏။

---

## ဆယ်ပါးပြားသောနည်းအားဖြင့် ဟောကြားသော 'ဒသက'နည်း

ဆယ်ပါးပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

(၁)။ ။မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (စက္ခုပသာဒ)။

(၂)။ ။ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ' မည်သောရုပ်သည် ရှိ၏ (သောတပသာဒ)။

http://www.dhammadownload.com



(၃)။ ။နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဃာနပသာဒ)။

(၄)။ ။လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဇိဝှါပသာဒ)။

(၅)။ ။ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ကာယပသာဒ)။

(၆)။ ။မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဣတ္ထိဘာဝရုပ်)။

(၇)။ ။ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ပုရိသဘာဝရုပ်)။

(၈)။ ။အသက်ရှင်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဇီဝိတရုပ်)။

(၉)။ ။ဣန္ဒြေမမည်သော, ထိပါးခြင်းနှင့် တကွဖြစ်သော (ထိပါးတတ်သောသဘော ရှိသော) 'သပ္ပဋိဃ' ရုပ်သည် ရှိ၏(န ဣန္ဒြိယ သပ္ပဋိဃရုပ်)(ဝိသယရုပ် ခုနစ်ခု)။

(၁၀)။ ။ဣန္ဒြေမမည်သော, ထိပါးခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သောသဘော မရှိသော) 'အပ္ပဋိဃ' ရုပ်သည် ရှိ၏ (န ဣန္ဒြိယ အပ္ပဋိဃရုပ်) (ဘာဝရုပ်,ဇီဝိတရုပ်တို့မှတပါး အခြားသော သုခုမရုပ်များ)။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

ဒသကနည်း ပြီး၏။

---

## တဆယ့်တပါးပြားသော နည်းအားဖြင့် ဟောကြားသော 'ဧကာဒသက'နည်း

တဆယ့်တပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

(၁)။ ။မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မည်သော ရုပ်သည် ရှိ၏ (စက္ခုပသာဒ)။

(၂)။ ။ကြားသိစိတ်ဖြစ်ရာ နား အကြည် 'သောတာယတန' မည်သောရုပ်သည် ရှိ၏ (သောတပသာဒ)။

(၃)။ ။နံသိစိတ်ဖြစ်ရာ နှာခေါင်း အကြည် 'ဃာနာယတန' မည်သော ရုပ်သည် ရှိ၏ (ဃာနပသာဒ)။

(၄)။ ။လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' မည်သော ရုပ်သည် ရှိ၏ (ဇိဝှါပသာဒ)။

http://www.dhammadownload.com



(၅)။ ။ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' မည်သောရုပ်သည် ရှိ၏ (ကာယပသာဒ)။

(၆)။ ။မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မည်သော ရုပ်သည် ရှိ၏ (ရူပါရုံ)။

(၇)။ ။ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' မည်သော ရုပ်သည် ရှိ၏ (သဒ္ဒါရုံ)။

(၈)။ ။နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' မည်သောရုပ်သည် ရှိ၏ (ဂန္ဓာရုံ)။

(၉)။ ။လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန' မည်သော ရုပ်သည် ရှိ၏ (ရသာရုံ)။

(၁၀)။ ။ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မည်သော ရုပ်သည် ရှိ၏ (ဖောဋ္ဌဗ္ဗာရုံ)။

(၁၁)။ ။ဓမ္မာယတန၌ အကျုံးဝင်သော မြင်အပ်သောသဘောလည်း မရှိမူ၍ (မမြင်အပ်မူ၍) ထိပါးတတ်သော သဘောလည်း မရှိသော 'အနိဒဿန အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (အနိဒဿန အပ္ပဋိဃဖြစ်သော သုခုမရုပ်)။

ဤသို့ တဆယ့်တပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

ဧကာဒသကနည်း ပြီး၏။

ဤဆိုခဲ့ပြီးသော ရုပ်အားလုံးကို ရူပက္ခန္ဓာ ဟူ၍ ဆိုအပ်၏။

| | | | | | |
|---|---|---|---|---|---|
| ၁-ဧကကနည်း | ၄၃-ပါး | .... | .... | .... | ရုပ် ၄၃-ပါး |
| ၂-ဒုကနည်း | ၁၀၄-ပါး | .... | .... | .... | ရုပ် ၂၀၈-ပါး |
| ၃-တိကနည်း | ၁၀၃-ပါး | .... | .... | .... | ရုပ် ၃၀၉-ပါး |
| ၄-စတုက္ကနည်း | ၂၂-ပါး | .... | .... | .... | ရုပ် ၈၈-ပါး |
| ၅-ပဉ္စကနည်း | ၁-ပါး | .... | .... | .... | ရုပ် ၅-ပါး |
| ၆-ဆက္ကနည်း | ၁-ပါး | .... | .... | .... | ရုပ် ၆-ပါး |
| ၇-သတ္တကနည်း | ၁-ပါး | .... | .... | .... | ရုပ် ၇-ပါး |
| ၈-အဋ္ဌကနည်း | ၁-ပါး | .... | .... | .... | ရုပ် ၈-ပါး |
| ၉-နဝကနည်း | ၁-ပါး | .... | .... | .... | ရုပ် ၉-ပါး |
| ၁၀-ဒသကနည်း | ၁-ပါး | .... | .... | .... | ရုပ် ၁၀-ပါး |
| ၁၁-ဧကာဒသကနည်း | ၁-ပါး | .... | .... | .... | ရုပ် ၁၁-ပါး |
| | နည်း-၂၇၉-ပါး | | | | ရုပ်-၇၀၄-ပါး |

(ဤနည်းပေါင်း ၂၇၉-နည်းတို့ဖြင့် ပြဆိုခဲ့ပြီးသော ၇၀၄-ပါးသော ရုပ်တို့ကို ရူပက္ခန္ဓာဟု ဆိုအပ်၏)။

(ရူပက္ခန္ဓာကို အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ'နည်း ပြီး၏)။

http://www.dhammadownload.com



## ၂-ဝေဒနာက္ခန္ဓ (ခံစားမှုအစု)

### ဒုကမူလကနည်း

### ဒုကမူ-တိကမူလီ

(ဒုက်၅၀-ကို မူထားပြီးလျှင် တိက် ၁၉-ခုကို မူလီသွင်း၍ ဟောသော ဒုကမူလကနည်း ၉၅၀ )[၁]

(၁-ဟေတုဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၁-သဟေတုက ဒုကမူ-တိကမူလီ ၁၉-နည်း[၂]

၃၄။ ထို(ခန္ဓာငါးပါးတို့)တွင် အဘယ်သည် ဝေဒနာက္ခန္ဓာ မည်သနည်း။

(၁) သဟေတုကဒုက်ကို မူထားပြီးလျှင် ကုသလတိက်ကို မူလီသွင်း၍ ဟောသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-ကုသလတိကမူလီ ၁၀-နည်း)[၃]

**ဧကကနည်း။** ။တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။တွေ့ထိမှု 'ဖဿ' နှင့်ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' တည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။သဟိတ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဟိတ် ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏။

**စတုက္ကနည်း။** ။လေးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော(ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော ) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော ) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

---

၁။ အရကောက်အားဖြင့် ဝေဒနာရကောင်းသော ဒုက် ၅၀-ကို မူတည်ပြီးလျှင် ဝေဒနာရကောင်းသော တိက် ၁၉-တိက်တို့ကို မူလီသွင်းသော် နည်းပေါင်း (၅၀×၁၉)=၉၅၀ ဖြစ်သည်။ အကယ်၍ အစိတ် အစိတ် ရေတွက်ပါမူ ဝေဒနာက္ခန္ဓာပေါင်း (၉၅၀×၅၅)=၅၂၂၅၀-ဖြစ်သည်၊ စင်စစ် ရသမျှ ရေတွက်ပါမူ များလှ၏။

ဝေဒနာမရအပ်သော တိက်များမှာ ဝေဒနာတိက်, ပီတိတိက်နှင့် သနိဒဿနတိက်များဖြစ်သည်။

၂။ 'သဟေတုကဒုက်ကို မူတည်၍ တိက် ၁၉-ခုကို မူလီသွင်းပြီးလျှင် ဟောသော ၁၉-နည်း'ဖြစ်သည်။ အကျဉ်းအားဖြင့် "သဟေတုက ဒုကမူ-တိကမူလီ ၁၉-နည်း"ဟု ခေါင်းစဉ်ရေးထားခြင်း ဖြစ်သည်။ ထိုနည်း ၁၉-နည်း၌ တနည်းလျှင် ထပ်မံ၍နည်း ၁၀-နည်းဖြင့် အသေးစိတ်ဝေဖန် ဟောကြားပြန်သည်။ကျန် ဒုက် ၄၉-ခု ကိုလည်း ဤနည်းအတိုင်း ထားသည်။

၃။ ဤနည်း ၁၀-နည်း၌ အသေးစိတ်ရေတွက်လျှင် ဝေဒနာက္ခန္ဓာ ၅၅-ပါးရှိသည်။

http://www.dhammadownload.com



ပဉ္စကနည်း။ ။ငါးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကိုယ်ချမ်းသာမှု၌ အစိုးတရခံစားခြင်း 'သုခိန္ဒြေ'သည် ရှိ၏၊ ကိုယ်ဆင်းရဲမှု၌ အစိုးတရခံစားခြင်း 'ဒုက္ခိန္ဒြေ'သည် ရှိ၏၊ စိတ်ချမ်းသာမှု၌ အစိုးတရခံစားခြင်း 'သောမနဿိန္ဒြေ'သည် ရှိ၏၊ စိတ်မချမ်းသာမှု၌ အစိုးတရခံစားခြင်း 'ဒေါမနဿိန္ဒြေ'သည် ရှိ၏၊ လျစ်လျူရှုမှု၌ အစိုးတရခံစားခြင်း 'ဥပေက္ခိန္ဒြေ'သည် ရှိ၏။ ။ဤသို့ ငါးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ငါးပါးဖြစ်၏။

ဆက္ကနည်း။ ။ခြောက်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။မြင်သိစိတ် စက္ခုဝိညာဉ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' (မျက်စိအကြည်'စက္ခုပသာဒ'နှင့် အဆင်း'ရူပါရုံ'တို့ တွေ့ထိမှုကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ') (မျက်စိအတွေ့ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ') (စက္ခုသမ္ဖဿဇာဝေဒနာ[၁])၊ ကြားသိစိတ် သောတဝိညာဉ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' (နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့ တွေ့ထိမှုကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ') (နားအတွေ့ကြောင့်ဖြစ်သောခံစားမှု'ဝေဒနာ') (သောတသမ္ဖဿဇာဝေဒနာ)၊ နံသိစိတ် ဃာနဝိညာဉ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' (နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ထိမှုကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ') (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (ဃာနသမ္ဖဿဇာ ဝေဒနာ)၊ လျက်သိစိတ် ဇိဝှါဝိညာဉ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့ တွေ့ထိမှုကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (လျှာအတွေ့ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ') (ဇိဝှါသမ္ဖဿဇာ ဝေဒနာ)၊ ထိသိစိတ်ကာယဝိညာဉ်နှင့်ယှဉ်သောတွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ထိမှုကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ')(ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ')(ကာယသမ္ဖဿဇာ-ဝေဒနာ)၊ ကြံသိစိတ် မနောဝိညာဉ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှု 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (မနောသမ္ဖဿဇာဝေဒနာ) သည် ရှိ၏။ ။ဤသို့ ခြောက်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ခြောက်ပါးဖြစ်၏။

သတ္တကနည်း။ ။ခုနစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။စက္ခုဝိညာဉ်နှင့် ယှဉ်သော ဖဿကြောင့် ဖြစ်သော ဝေဒနာ ( စက္ခုသမ္ဖဿဇာ ဝေဒနာ )၊ သောတဝိညာဉ် နှင့် ယှဉ်သော ဖဿကြောင့် ဖြစ်သော ဝေဒနာ ( သောတသမ္ဖဿဇာဝေဒနာ )၊ ဃာနဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (ဃာနသမ္ဖဿဇာဝေဒနာ)၊ ဇိဝှါဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့် ဖြစ်သော ဝေဒနာ (ဇိဝှါသမ္ဖဿဇာဝေဒနာ)၊ ကာယဝိညာဉ်နှင့် ယှဉ်သော ဖဿကြောင့် ဖြစ်သော ဝေဒနာ (ကာယသမ္ဖဿဇာဝေဒနာ )၊ မနောဓာတ်နှင့် ယှဉ်သော ဖဿကြောင့် ဖြစ်သော ဝေဒနာ (မနောဓာတုသမ္ဖဿဇာဝေဒနာ )၊ မနောဝိညာဏဓာတ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (မနောဝိညာဏဓာတုသမ္ဖဿဇာဝေဒနာ) သည် ရှိ၏။ ။ဤသို့ ခုနစ်ပါးပြားသောနည်း အားဖြင့် ဝေဒနာက္ခန္ဓာသည် ခုနစ်ပါးဖြစ်၏။

---

၁။ စာမျက်နှာ ၁၀-၏ အောက်ခြေမှတ်ချက်ကို ပြန်ကြည့်ပါ။

http://www.dhammadownload.com



**အဋ္ဌကနည်း။** ။ရှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။စက္ခုဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ သောတဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ ဃာနဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ ဇိဝှါဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ ကာယဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော သုခဝေဒနာ၊ ကာယဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဒုက္ခဝေဒနာ၊ မနောဓာတ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ မနောဝိညာဏဓာတ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။ ။ဤသို့ ရှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ရှစ်ပါးဖြစ်၏။

**နဝကနည်း။** ။ကိုးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။မြင်သိစိတ် စက္ခုဝိညာဉ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ'(မျက်စိအကြည် 'စက္ခုပသာဒနှင့်' အဆင်း 'ရူပါရုံ'တို့ တွေ့ထိမှု 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော ဝေဒနာ) (မျက်စိအတွေ့ကြောင့်ဖြစ်သောခံစားမှု'ဝေဒနာ')(စက္ခုသမ္ဖဿဇာဝေဒနာ)၊ ကြားသိစိတ်သောတဝိညာဉ်နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ' (နားအကြည် 'သောတပသာဒ'နှင့် အသံ'သဒ္ဒါရုံ'တို့ တွေ့ထိမှု 'သောတသမ္ဖဿ'ကြောင့် ဖြစ်သောဝေဒနာ) (နားအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (သောတသမ္ဖဿဇာဝေဒနာ)၊ နံသိစိတ် ဃာနဝိညာဉ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ထိမှု 'ဃာနသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ) (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (ဃာနသမ္ဖဿဇာဝေဒနာ)၊ လျက်သိစိတ် ဇိဝှါဝိညာဉ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့ တွေ့ထိမှု 'ဇိဝှါသမ္ဖဿ'ကြောင့် ဖြစ်သော ဝေဒနာ) (လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (ဇိဝှါသမ္ဖဿဇာဝေဒနာ)၊ ထိသိစိတ် ကာယဝိညာဉ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့တွေ့ထိမှု 'ကာယသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ) (ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (ကာယသမ္ဖဿဇာ ဝေဒနာ)၊ ပဉ္စာရုံကို သိကာမျှ သဘော 'မနောဓာတ်'နှင့်ယှဉ်သော တွေ့ထိမှု'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းစိတ်တို့နှင့် ပဉ္စာရုံတို့ တွေ့ထိမှု 'မနောဓာတုသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ) (မနောဓာတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (မနောဓာတုသမ္ဖဿဇာဝေဒနာ)၊ အာရုံကို အထူးသိမှုသဘော မနောဝိညာဏဓာတ်နှင့် ယှဉ်သောတွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော (စိတ်နှင့် ပဉ္စာရုံ ဓမ္မာရုံတို့ တွေ့ထိမှု 'မနောဝိညာဏဓာတုသမ္ဖဿ'ကြောင့်ဖြစ်သော) (မနောဝိညာဏဓာတ်အတွေ့ကြောင့် ဖြစ်သော) ကုသိုလ်ဝေဒနာ, အကုသိုလ်ဝေဒနာ, အဗျာကတဝေဒနာသည် ရှိ၏။ ။ဤသို့ ကိုးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ကိုးပါးဖြစ်၏။

**ဒသကနည်း။** ။ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။စက္ခုဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော ဝေဒနာ)(စက္ခုသမ္ဖဿဇာဝေဒနာ)၊ သောတဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (နားအတွေ့ကြောင့်ဖြစ်သောဝေဒနာ) (သောတသမ္ဖဿဇာဝေဒနာ)၊ ဃာနဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ဝေဒနာ) (ဃာနသမ္ဖဿဇာ

http://www.dhammadownload.com



ဝေဒနာ)၊ ဇိဝှါဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (လျှာအတွေ့ကြောင့်ဖြစ်သော ဝေဒနာ) (ဇိဝှါသမ္ဖဿဇာဝေဒနာ)၊ ကာယဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော (ကိုယ်အတွေ့ကြောင့် ဖြစ်သော) သုခဝေဒနာနှင့် ဒုက္ခဝေဒနာ၊ မနောဓာတ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (မနောဓာတ်းအတွေ့ကြောင့်ဖြစ်သော ဝေဒနာ)၊ မနောဝိညာဏဓာတ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော (မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော) ကုသိုလ်ဝေဒနာ, အကုသိုလ်ဝေဒနာ, အဗျာကတဝေဒနာသည် ရှိ၏။ ။ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဆယ်ပါးဖြစ်၏။

(သဟေတုကဒုက်ကို မှုတည်၍ ကုသလတိက်ကို မှုလိသွင်းပြီးလျှင်
ဟောသောနည်း ၁၀-ပါး ပြီး၏)။

---

## (၂) သဟေတုကဒုက်ကို မှုတည်ပြီးလျှင် ဝိပါကတိက်ကို မှုလိသွင်း၍ ဟောသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ - ဝိပါကတိကမူလိ ၁၀-နည်း)

**ဧကကနည်း** ၇၅။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း**။ ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း**။ ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(ဝိပါက်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော တရားဖြစ်သော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏(ကုသိုလ်, အကုသိုလ်စိတ်တို့၌ရှိသော ဝေဒနာ)၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော တရားလည်းမဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်၌ရှိသောဝေဒနာ)။ပ။

## (၃) သဟေတုကဒုက်ကို မှုတည်ပြီးလျှင် ဥပါဒိန္နတိက်ကို မှုလိသွင်းသောနည်း ၁၀-ပါး

( သဟေတုကဒုကမူ-ဥပါဒိန္နတိကမူလိ ၁၀-နည်း )

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်းဖြစ်၍) ဥပါဒါန်တို့၏အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သော ကံကြောင့်မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(လောကီကုသိုလ်, အကုသိုလ်, ကြိယာ စိတ်တို့နှင့်

http://www.dhammadownload.com



ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဉပါဒါန်တို့၏အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(လောကုတ္တရာစိတ်နှင့်ယှဉ်သော ဝေဒနာ)။ပ။

## (၄) သဟေတုကဒုက်ကို မူတည်ပြီးလျှင် သံကိလိဋ္ဌတိက်ကို မူလိသွင်းသောနည်း ၁၀-ပါး

( သဟေတုကဒုကမူ-သံကိလိဋ္ဌတိကမူလိ ၁၀-နည်း )

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သောဝေဒနာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့်မယှဉ်မူ၍) ကိလေသာတို့၏အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ် ဝိပါက် ကြိယာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့်ယှဉ်သော ဝေဒနာ)။ပ။

## (၅) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဝိတက်တိက်ကို မူလိသွင်းသောနည်း ၁၀-ပါး

( သဟေတုကဒုကမူ-ဝိတက္ကတိကမူလိ ၁၀-နည်း )

ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏(သဝိတက္ကစိတ် ၅၅-ပါးတို့နှင့်ယှဉ်သော ဝေဒနာ)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိတက်နှင့်မယှဉ်မူ၍ ဝိစာရနှင့်သာယှဉ်သော ဝေဒနာ) (ဒုတိယဈာန်စိတ် ၁၁-ပါး၌ရှိသော ဝေဒနာ)၊ ဝိတက်လည်းမရှိမူ၍ ဝိစာရလည်းမရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏(ဝိတက် ဝိစာရတို့နှင့်မယှဉ်သော ဝေဒနာ) (ဒွေးပဉ္စဝိညာဉ်နှင့် တတိယ, စတုတ္ထ, ပဉ္စမဈာန်စိတ်-ထို၅၅-ပါး၌ရှိသော ဝေဒနာ)။ပ။

## (၆) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဒဿနတိက်ကို မူလိသွင်းသောနည်း ၁၀-ပါး

( သဟေတုကဒုကမူ ဒဿနတိကမူလိ ၁၀-နည်း )

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်တို့၌ ရှိသောဝေဒနာ)၊ သောတာပတ္တိမဂ် မြင်ပြီးသည့်နိဗ္ဗာန်ကို တဖန်ထပ်၍မြင်သဖြင့် 'ဘာဝနာ'မည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောအကုသိုလ်စိတ်တို့၌ ရှိသော ဝေဒနာ)၊သောတာပတ္တိမဂ် ပယ်အပ်သည်လည်း မဟုတ်မူ၍အထက်မဂ်သုံးပါးတို့သည်ပယ်အပ်သည်လည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(ကုသိုလ်,ဝိပါက်,ကြိယာစိတ်တို့၌ရှိသောဝေဒနာ)။ပ။

http://www.dhammadownload.com



## (၇) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဒဿနဟေတုတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

( သဟေတုကဒုကမူ-ဒဿနဟေတုတိကမူလိ ၁၀-နည်း )

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည့် ဝေဒနာက္ခန္ဓာသည် ရှိ၏(ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်တို့၌ရှိသော ဝေဒနာ, အပါယ်သို့ လားစေတတ်သည့် အကုသိုလ်စိတ်တို့၌ ရှိသောဝေဒနာ)၊ သောတာပတ္တိမဂ် မြင်ပြီးသည့်နိဗ္ဗာန်ကို တဖန်ထပ်၍မြင်သဖြင့် 'ဘာဝနာ'မည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သောဟိတ်ရှိသည့် ဝေဒနာက္ခန္ဓာသည် ရှိ၏(ကြွင်းသောအကုသိုလ်စိတ်တို့၌ရှိသော ဝေဒနာ)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်းမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

## (၈) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အာစယဂါမိတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

( သဟေတုကဒုကမူ-အာစယဂါမိတိကမူလိ ၁၀-နည်း )

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော 'အာစယဂါမိ'ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ် အကုသိုလ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော 'အပစယဂါမိ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါးနှင့်ယှဉ်သော ဝေဒနာ)၊ စုတိပဋိသန္ဓေသို့ရောက်ကြောင်းလည်းမဟုတ်မူ၍ နိဗ္ဗာန်သို့ရောက်ကြောင်းလည်းမဟုပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်တို့နှင့်ယှဉ်သောဝေဒနာ)။ပ။

## (၉) သဟေတုကဒုက်ကို မူတည်ပြီးလျှင် သေက္ခတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

( သဟေတုကဒုကမူ-သေက္ခတိကမူလိ ၁၀-နည်း )

(အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ် (မဂ်ပုဂ္ဂိုလ် ၄-ပါးနှင့် အောက်ဖိုလ် ၃-ပါး ခုနစ်ယောက်) တို့၏ ဥစ္စာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး, အောက်ဖိုလ်သုံးပါးတို့နှင့် ယှဉ်သောဝေဒနာ)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး'အသေက္ခ'ပုဂ္ဂိုလ် (ရဟန္တာ) တို့၏ ဥစ္စာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ အသေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သောဝေဒနာ)။ပ။

## (၁၀) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ပရိတ္တတိက်ကို မူလီသွင်းသော နည်း ၁၀-ပါး

( သဟေတုကဒုကမူ-ပရိတ္တတိကမူလိ ၁၀-နည်း )

နည်းပါးသော အာနုဘော်ရှိသည့် 'ပရိတ္တ'မည်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကာမစိတ်နှင့် ယှဉ်သော ဝေဒနာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂတ'မည်သော ဝေဒနာက္ခန္ဓာ

http://www.dhammadownload.com



သည် ရှိ၏ (မဟဂ္ဂုတ်စိတ်နှင့်ယှဉ်သော ဝေဒနာ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သည့် (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သောဝေဒနာ)။ပ။

## (၁၁) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ပရိတ္တာရမ္မဏတိက်ကို မူလိသွင်းသောနည်း ၁၀-ပါး

( သဟေတုကဒုကမူ-ပရိတ္တာရမ္မဏတိကမူလိ ၁၀-နည်း )

ပရိတ္တတရား (ကာမတရား)ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား(လောကုတ္တရာတရား)ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၁၂) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဟီနတိက်ကို မူလိသွင်းသောနည်း ၁၀-ပါး

( သဟေတုကဒုကမူ ဟီနတိကမူလိ ၁၀-နည်း )

ယုတ်ညံ့သော 'ဟီန'ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့်ယှဉ်သော ဝေဒနာ)၊အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ် ဝိပါက် ကြိယာစိတ်တို့နှင့် ယှဉ်သောဝေဒနာ)၊ မြင့်မြတ်သော 'ပဏီတ'ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော ဝေဒနာ)။ပ။

## (၁၃) သဟေတုကဒုက်ကို မူတည်ပြီးလျှင် မိစ္ဆတ္တတိက်ကို မူလိသွင်းသောနည်း ၁၀-ပါး

( သဟေတုကဒုကမူ-မိစ္ဆတ္တတိကမူလိ ၁၀-နည်း )

ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' ဝေဒနာက္ခန္ဓာသည်ရှိ၏(နိယတမိစ္ဆာဒိဋ္ဌိကံ ကိုကျူးလွန်သည့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့်ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ရှိသော ဝေဒနာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်နှင့်ယှဉ်သော ဝေဒနာ)၊ (နှစ်ပါးသော အခြင်းအရာတို့ဖြင့်) အကျိုးပေးမမြဲသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့နှင့်ယှဉ်သော ဝေဒနာ)။ပ။

## (၁၄) သဟေတုကဒုက်ကို မူတည်ပြီးလျှင် မဂ္ဂါရမ္မဏတိက်ကို မူလိသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-မဂ္ဂါရမ္မဏတိကမူလိ ၁၀-နည်း)

မဂ်ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့်ယှဉ်သော ဝေဒနာ)၊ မဂ်မည်သော အကြောင်းရင်းဟိတ် ရှိသော (သမ္မာဒိဋ္ဌိမည်သော ပညာစေတသိက်တည်းဟူသော အမောဟဟိတ်နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမည်သော အမောဟ=ပညာနှင့်ယှဉ်သည့်

http://www.dhammadownload.com



မဂ်စိတ္တုပ္ပါဒ်၌ရှိသောဝေဒနာ)၊ မဂ်မည်သော အကြီးအမူး (ဝီမံသာဓိပတိဖြစ်သော သမ္မာဒိဋ္ဌိ=အမောဟ=ပညာ, ဝီရိယာဓိပတိဖြစ်သော သမ္မာဝါယာမ=ဝီရိယ)ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝီမံသာဓိပတိ ဖြစ်သော သမ္မာဒိဋ္ဌိ=အမောဟ=ပညာ,ဝီရိယာဓိပတိဖြစ်သော သမ္မာဝါယာမ မဂ္ဂင်=ဝီရိယတို့နှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာ)။ပ။

## (၁၅) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဥပ္ပန္နတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-ဥပ္ပန္နတိကမူလိ ၁၀-နည်း)

ဥပါဒ် ဋ္ဌီ ဘင် ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော (ဖြစ်ဆဲ) ပစ္စုပ္ပန်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော အနာဂတ်ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဖြစ်လတ္တံ့သော ကုသိုလ် အကုသိုလ် ကြိယာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ မချွတ် ကေန် ဖြစ်လတ္တံ့သော အနာဂတ်ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်နှင့်ယှဉ်သော ဝေဒနာ)။ပ။

## (၁၆) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အတီတတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-အတီတတိကမူလိ ၁၀-နည်း)

ဖြစ်ပြီးသော အတိတ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော အနာဂတ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၁၇) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အတီတာရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-အတီတာရမ္မဏတိကမူလိ ၁၀-နည်း)

ဖြစ်ပြီးသည့် အတိတ်တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော အနာဂတ်တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲ ပစ္စုပ္ပန်တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၁၈) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အဇ္ဈတ္တတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-အဇ္ဈတ္တတိကမူလိ ၁၀-နည်း)

အတွင်း'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တ ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



## (၁၉) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အဇ္ဈတ္တာရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း)

အတွင်း သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည်ရှိ၏၊ အပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(သဟေတုကဒုကမူလကနည်း ၁၉-နည်း ပြီး၏၊ ဤနည်း၌ အသေးစိတ်အားဖြင့် ဝေဒနာသည် (၁၉×၅၅)=၁၀၄၅-ပါး ဖြစ်၏)။

## ၂-ဟေတုသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း[၁]

ကေကနည်း ၃၆။ တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်နှင့်ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃-နဟေတု သဟေတုကဒုကမူ-တိကမူလီ ၁၉-နည်း

ဟိတ်မမည်မူ၍ ဟိတ်သာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၂-စူဠန္တရဒုကမှ ဒုက် ၂၃)

## ၄-လောကိယဒုကမူ-တိကမူလီ ၁၉-နည်း

လောက၌ အကျုံးဝင်သော 'လောကီ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၅-ကေနစိဝိညေယျဒုကမူ-တိကမူလီ ၁၉-နည်း

တစုံတခုသောစိတ်သည် သိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ တစုံတခုသောစိတ်သည် မသိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

---

၁-'တိကမူလီ ၁၉-နည်း' ဟူသည်မှာ တိက် ၁၉-ခုကို မူလီသွင်း၍ ဟောထားသည်ဟု ဆိုလိုသည်။ အသေးစိတ်အားဖြင့် ဤနည်း တနည်း တနည်း၌ ဝေဒနာသပင်း ၅၅-ပါးစီ ရှိ၏၊ ၁၉-နည်း၌မူ (၁၉×၅၅)=၁၀၄၅-ပါး ဖြစ်၏။

http://www.dhammadownload.com



(၃-အာယတနဂေါစ္ဆကမှ ဒုက်၃-ခု)

### ၆-သာသဝဒုကမူ-တိကမူလိ ၁၉-နည်း

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ် မိုက်မဲစေတတ်သော 'အာသဝ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၇-အာသဝသမ္ပယုတ္တဒုကမူ-တိကမူလိ ၁၉-နည်း

အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၈-အာသဝဝိပ္ပယုတ္တ သာသဝဒုကမူ-တိကမူလိ ၁၉-နည်း

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝ နှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၄-သညောဇနဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၉-သံယောဇနိယဒုကမူ-တိကမူလိ ၁၉-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နှောင်ဖွဲ့တတ်သော သဘော 'သံယောဇဉ်'၏ အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၁၀-သံယောဇနသမ္ပယုတ္တဒုကမူ-တိကမူလိ ၁၉-နည်း

သံယောဇဉ်နှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့် မယှဉ်သော ဝေဒနာက္ခန္ဓာ သည် ရှိ၏။ပ။

### ၁၁-သံယောဇနဝိပ္ပယုတ္တ သံယောဇနိယဒုကမူ-တိကမူလိ ၁၉-နည်း

သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၅-ဂန္ထဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၁၂-ဂန္ထနိယဒုကမူ-တိကမူလိ ၁၉-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့ခြင်းသဘော 'ဂန္ထ'၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၁၃-ဂန္ထသမ္ပယုတ္တဒုကမူ-တိကမူလိ ၁၉-နည်း

ဂန္ထနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



၁၄-ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုကမူ-တိကမူလီ ၁၉-နည်း

ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၆-ဩဃဂေါစ္ဆကမှ ဒုက် ၃-ခု)

၁၅-ဩဃနိယဒုကမူ-တိကမူလီ ၁၉-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌)နစ်မြုပ်စေတတ်သော သဘော 'ဩဃ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဩဃ၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

၁၆-ဩဃသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

ဩဃနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ဩဃနှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

၁၇-ဩဃဝိပ္ပယုတ္တ ဩဃနိယဒုကမူ-တိကမူလီ ၁၉-နည်း

ဩဃနှင့်မယှဉ်မူ၍ ဩဃ၏အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၇-ယောဂဂေါစ္ဆကမှ ဒုက် ၃-ခု)

၁၈-ယောဂနိယဒုကမူ-တိကမူလီ ၁၉-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သောသဘော 'ယောဂ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ယောဂ၏အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

၁၉-ယောဂသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

ယောဂနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

၂၀-ယောဂဝိပ္ပယုတ္တ ယောဂနိယဒုကမူ-တိကမူလီ ၁၉-နည်း

ယောဂနှင့်မယှဉ်မူ၍ ယောဂ၏အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၈-နီဝရဏဂေါစ္ဆကမှ ဒုက် ၃-ခု)

၂၁-နီဝရဏိယဒုကမူ-တိကမူလီ ၁၉-နည်း

(ချမ်းမြေ့ဖို့လ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'နီဝရဏ'၏အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ နီဝရဏ၏အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



## ၂၂-နီဝရဏသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

နီဝရဏနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၃-နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုကမူ-တိကမူလီ ၁၉-နည်း

နီဝရဏနှင့်မယှဉ်မူ၍ နီဝရဏ၏အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏အာရုံလည်းမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၉-ပရာမာသဂေါစ္ဆက မှ ဒုက် ၃-ခု)

## ၂၄-ပရာမဋ္ဌဒုကမူ-တိကမူလီ ၁၉-နည်း

မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'၏(ဒိဋ္ဌိ၏)အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ပရာမာသ၏အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၅-ပရာမာသသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၆-ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုကမူ-တိကမူလီ ၁၉-နည်း

ပရာမာသနှင့်မယှဉ်မူ၍ ပရာမာသ၏အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၁၀-မဟန္တရဒုက မှ ဒုက် ၁-ခု)

## ၂၇-ဥပါဒိန္နဒုကမူ-တိကမူလီ ၁၉-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့်ကံ၏အကျိုးဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့် ကံ၏ အကျိုးမဟုတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

(၁၁-ဥပါဒါနဂေါစ္ဆက မှ ဒုက် ၃-ခု)

## ၂၈-ဥပါဒါနိယဒုကမူ-တိကမူလီ ၁၉-နည်း

ပြင်းစွာစွဲလမ်းတတ်သောသဘော 'ဥပါဒါန်'၏ (တဏှာ ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်၏အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



## ၂၉-ဥပါဒါနသမ္ပယုတ္တဒုကမူ-တိကမူလိ ၁၉-နည်း

ဥပါဒါန်နှင့် (တဏှာ ဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၀-ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုကမူ-တိကမူလိ ၁၉-နည်း

ဥပါဒါန်နှင့်မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၁၂-ကိလေသဂေါစ္ဆက မှ ဒုက် ၄-ခု)

## ၃၁-သံကိလေသိကဒုကမူ-တိကမူလိ ၁၉-နည်း

ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ'တို့၏အာရုံဖြစ်သော ဝေဒနာ-က္ခန္ဓာသည် ရှိ၏၊ ကိလေသာတို့၏အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၂-သံကိလိဋ္ဌဒုကမူ-တိကမူလိ ၁၉-နည်း

ကိလေသာတို့သည် ပူပန်စေအပ်သော(ကိလေသာတို့နှင့် ယှဉ်သော)ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့်ယှဉ်သောဝေဒနာ)၊ ကိလေသာတို့သည် မပူပန်စေအပ်သော(ကိလေသာနှင့် မယှဉ်သော)ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၃-ကိလေသသမ္ပယုတ္တဒုကမူ-တိကမူလိ ၁၉-နည်း

ကိလေသာနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကိလေသာနှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၄-ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုကမူ-တိကမူလိ ၁၉-နည်း

ကိလေသာနှင့်မယှဉ်မူ၍ ကိလေသာ၏အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည်ရှိ၏၊ ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်းမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၁၃-ပိဋ္ဌိဒုကမှ ၁၆-ဒုက်)

## ၃၅-ဒဿနေန ပဟာတဗ္ဗဒုကမူ-တိကမူလိ ၁၉-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာမြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် မပယ်အပ်သောဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၆-ဘာဝနာယ ပဟာတဗ္ဗဒုကမူ-တိကမူလိ ၁၉-နည်း

သောတာပတ္တိမဂ်မြင်ပြီးသည့်နိဗ္ဗာန်ကို တဖန်ထပ်၍မြင်သဖြင့် 'ဘာဝနာ'မည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် မပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



### ၃၇-ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ-တိကမူလိ ၁၉-နည်း

(ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၃၈-ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ-တိကမူလိ ၁၉-နည်း

( ဘာဝနာမည်သော ) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သောဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၃၉-သဝိတက္ကဒုကမူ-တိကမူလိ ၁၉-နည်း

ဝိတက်ရှိသော (ဝိတက်နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏။ ဝိတက်မရှိသော (ဝိတက်နှင့် မယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၄၀-သဝိစာရဒုကမူ-တိကမူလိ ၁၉-နည်း

ဝိစာရရှိသော(ဝိစာရနှင့်ယှဉ်သော)ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဝိစာရမရှိသော(ဝိစာရနှင့်မယှဉ် သော) ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၄၁-သပ္ပီတိကဒုကမူ-တိကမူလိ ၁၉-နည်း

ပီတိရှိသော (ပီတိနှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ပီတိမရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၄၂-ပီတိသဟဂတဒုကမူ-တိကမူလိ ၁၉-နည်း

ပီတိနှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ပီတိနှင့်တကွမဖြစ်သော (ပီတိနှင့်မယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၄၃-ကာမာဝစရဒုကမူ-တိကမူလိ ၁၉-နည်း

ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော'ကာမာဝစရ'ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကာမာ-ဝစရစိတ်၌ရှိသောဝေဒနာ)၊ ကာမာဝစရမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၄၄-ရူပါဝစရဒုကမူ-တိကမူလိ ၁၉-နည်း

ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော'ရူပါဝစရ'ဝေဒနာက္ခန္ဓာသည် ရှိ၏ (ရူပါဝစရစိတ်၌ ရှိသောဝေဒနာ)၊ ရူပါဝစရမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



### ၄၅-အရူပါဝစရဒုကမူ-တိကမူလီ ၁၉-နည်း

အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (အရူပါဝစရစိတ်၌ ရှိသောဝေဒနာ)၊ အရူပါဝစရမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၄၆-ပရိယာပန္နဒုကမူ-တိကမူလီ ၁၉-နည်း

ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့၌ရှိသောဝေဒနာ)၊ ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော 'အပရိယာပန္န'ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသောဝေဒနာ)။ပ။

### ၄၇-နိယျာနိကဒုကမူ-တိကမူလီ ၁၉-နည်း

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော 'နိယျာနိက'ဝေဒနာက္ခန္ဓာသည် ရှိ၏(မဂ်စိတ်နှင့်ယှဉ်သော ဝေဒနာ)၊ ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းမဟုတ်သော 'အနိယျာနိက'ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့၌ရှိသောဝေဒနာ)။ပ။

### ၄၈-နိယတဒုကမူ-တိကမူလီ ၁၉-နည်း

အကျိုးပေးမြဲသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံ ကျူးလွန်သည့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ပဉ္စာနန္တရိယကံကိုကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ရှိသောဝေဒနာ, မဂ်စိတ် ၄-ပါးတို့၌ ရှိသောဝေဒနာ)၊ အကျိုးပေး မမြဲသောဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### ၄၉-သဥတ္တရဒုကမူ-တိကမူလီ ၁၉-နည်း

မိမိထက်လွန်မြတ်သည့်တရားရှိသော 'သဥတ္တရ'ဝေဒနာက္ခန္ဓာသည် ရှိ၏(လောကီစိတ်တို့နှင့်ယှဉ်သောဝေဒနာ)၊ မိမိထက် လွန်မြတ်သည့် တရားမရှိသော 'အနုတ္တရ'ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့်ယှဉ်သောဝေဒနာ)။ပ။

### ၅၀-သရဏဒုကမူ-တိကမူလီ ၁၉-နည်း[၁]

#### (၁) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

ဒုကနည်း။ ။ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ'ဝေဒနာက္ခန္ဓာသည် ရှိ၏(အကုသိုလ်စိတ်နှင့် ယှဉ်သောဝေဒနာ)၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ'ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ ရှိသောဝေဒနာ)။ပ။

---

၁။ "သရဏဒုကမူ-တိကမူလီ ၁၉-နည်း"၌ တနည်းတနည်းအတွက်. ထပ်မံ၍ ၁၀-နည်းစီပွါးပုံကို မကျဉ်းမကျယ် ဖော်ပြထားသည်။

http://www.dhammadownload.com



**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၂) သရဏဒုကမူ-ဝိပါကတိကမူလိ ၁၀-နည်း

**ဧကကနည်း** ၃၇။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ'ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်အကုသိုလ်တို့၏အကျိုး ဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကုသိုလ်အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကိုဖြစ်စေခြင်း သဘောရှိသည့်တရားလည်း မဟုတ်သော (အကျိုးဝိပါက်ကိုမဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ (စတုက္ကနည်းမှ ဒသကနည်းအထိ ပေယျာလချန်ခဲ့သည်)။

## (၃) သရဏဒုကမူ-ဥပါဒိန္နတိကမူလိ ၁၀-နည်း

တဏှာဒိဋ္ဌိတို့ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သည်လည်းဖြစ်၍ (တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သည့်ကံ၏အကျိုးလည်းဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့၌ရှိသော ဝေဒနာ)။ပ။ [၁]

## (၁၉) သရဏဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလိ ၁၀-နည်း

**တိကနည်း။** ။အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(ဒုက် ၅၀-ကို မူတည်ပြီးလျှင် တိက် ၁၉-ခုတို့ကို မူလိသွင်း၍ဟောသော ဒုကမူလကနည်း (၅၀ × ၁၉) = ၉၅၀-နည်း ပြီး၏။

ဤနည်း ၉၅၀-တို့၌ ဝေဒနာပေါင်း (၅၀ × ၁၉ × ၅၅) = ၅၂၂၅၀-ပါး ဖြစ်သည်)။

ဒုက်ကို မူတည်၍ ဟောသော 'ဒုကမူလက'နည်း ပြီး၏။

---

၁။ အမှတ် (၄) 'သရဏဒုကမူ-သံကိလိဋ္ဌတိကမူလိ၁၀-နည်း'မှ အမှတ် (၁၈) 'သရဏဒုကမူ-အဇ္ဈတ္တတိကမူလိ ၁၀-နည်း'အထိ ပေယျာလ လုံးဝချန်ခဲ့သည်။

http://www.dhammadownload.com



## တိကမူလကနည်း

### တိကမူ-ဒုကမူလိ

(တိက်ကို မူတည်ပြီးလျှင် ဒုက်တို့ကို မူလီသွင်းသော တိကမူလကနည်း)

(တိက် ၁၉-ခုကို မူတည်ပြီးလျှင် ဒုက် ၅၀-ကို မူလီသွင်း၍ ဟောသော 'တိကမူလကနည်း' ၉၅၀) [၁]

### ၁ - ကုသလတိကမူ-ဒုက် ၅၀-မူလီ

(ကုသလတိက်ကို မူတည်ပြီးလျှင် ဒုက် ၅၀-တို့ကို မူလီသွင်းသောနည်း)

(၁) ကုသလတိက်ကို မူတည်ပြီးလျှင် သဟေတုကဒုက်ကို မူလီသွင်းသော ၁၀-နည်း [၂]

**ဧကကနည်း** ၃၈။ တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(၂) ကုသလတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလိ ၁၀-နည်း

**ဧကကနည်း** ၃၉။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်နှင့် ယှဉ်သောဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(၃) ကုသလတိကမူ-နဟေတုသဟေတုကဒုကမူလိ ၁၀-နည်း

**ဧကကနည်း** ၄၀။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

---

၁။ ဤနည်းအရ အစိတ်အစိတ်ရေတွက်ပါမူ ဝေဒနာပေါင်း (၁၉ × ၅၀×၅၅)=၅၂၂၅၀-ဖြစ်သည်။ (စာမျက်နှာ-၇၂၊ အောက်ခြေမှတ်ချက်ကြည့်ပါ)

၂။ ရှေးဦးအစဖြစ်၍ ဖတ်ရှုသူနားလည်စေရန် ယခုကဲ့သို့ ခေါင်းစဉ်အကျယ်ရေးထားသည်၊ နောက်၌'ကုသလတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း'ဟူသော ခေါင်းစဉ်မျိုးသာ အကျဉ်းပြတော့မည်။

http://www.dhammadownload.com



ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်မမည်မူ၍ ဟိတ်သာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၄) ကုသလတိကမူ-လောကိယဒုကမူလိ ၁၀-နည်း

လောက၌ အကျုံးဝင်သော 'လောကီ'ဝေဒနာက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ'ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၅) ကုသလတိကမူ-ကေနစိဝိညေယျဒုကမူလိ ၁၀-နည်း

တစ်ံတခုသောစိတ်သည် သိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ တစုံတခုသောစိတ်သည် မသိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၆) ကုသလတိကမူ-သာသဝဒုကမူလိ ၁၀-နည်း

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွါးနေတတ်၍ မူးယစ် မိုက်မဲစေတတ်သော 'အာသဝ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၇) ကုသလတိကမူ-အာသဝသမ္ပယုတ္တဒုကမူလိ ၁၀-နည်း

အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၈) ကုသလတိကမူ-အာသဝဝိပ္ပယုတ္တ သာသဝဒုကမူလိ ၁၀-နည်း

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်းမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။[၁]

## (၁၀) ကုသလတိကမူ-သရဏဒုကမူလိ ၁၀-နည်း

ဒုကနည်း။ ။ငိုကြွေးကြောင်း(ရာဂအစရှိသော ကိလေသာ)ရှိသော'သရဏ'ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ'ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

---

၁။ အမှတ် (၉) ကုသလတိကမူ-သညောဇနိယဒုကမူလိမှ အမှတ် (၄၉) ကုသလတိကမူ-သဥတ္တရဒုကမူလိအထိ ပေယျာလ လုံးဝချန်ခဲ့သည်။

http://www.dhammadownload.com



## ၂-ဝိပါကတိကမူ-ဒုက် ၅၀-မူလီ
## (ဝိပါကတိက်ကို မူတည်၍ ဒုက် ၅၀-ကို မူလီသွင်းသောနည်း)
### (၁) ဝိပါကတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

**ဧကကနည်း** ၄၁။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း**။ ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း**။ ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့၌ရှိသောဝေဒနာ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော တရားဖြစ်သော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်တို့၌ ရှိသော ဝေဒနာ)၊ ကုသိုလ်,အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကိုဖြစ်စေခြင်း သဘောရှိသော တရားလည်းမဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော)ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်တို့၌ရှိသောဝေဒနာ)။ပ။[၁]

## ၃-ဥပါဒိန္နတိကမူ-ဒုက် ၅၀-မူလီ
## (ဥပါဒိန္နတိက်ကို မူတည်၍ ဒုက် ၅၀-ကို မူလီသွင်းသောနည်း)
### (၁) ဥပါဒိန္နတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသောကံ၏ အကျိုးဝိပါက်လည်းဖြစ်၍) ဥပါဒါန်၏အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(လောကီဝိပါက်စိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ ( တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သောကံကြောင့် မဖြစ်မူ၍ ) ဥပါဒါန်၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(လောကုတ္တရာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)။ပ။[၂]

---

၁။ အမှတ် (၂) ဝိပါကတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီမှ အမှတ် (၅၀)ဝိပါကတိကမူ-သရဏဒုကမူလီအထိ ပေယျာလ လုံးဝချန်ခဲ့သည်။

၂။ အမှတ်(၂) ဥပါဒိန္နတိကမူ- ဟေတုသမ္ပယုတ္တဒုကမူလီမှ အမှတ် (၅၀) ဥပါဒိန္နတိကမူ-သရဏဒုကမူလီ အထိ ပေယျာလ လုံးဝချန်ခဲ့သည်။

အမှတ် ၄-သံကိလိဋ္ဌတိကမူမှ အမှတ် ၁၈- အဇ္ဈတ္တတိကမူအထိ တို့၌လည်း ဤအတိုင်းပင် ပေယျာလ လုံးဝ ချန်ထားသည်။

http://www.dhammadownload.com



## ၄-သံကိလိဋ္ဌတိကမူ-ဒုက် ၅၀-မူလီ

### (၁) သံကိလိဋ္ဌတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့်ယှဉ်သော ဝေဒနာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်,ဝိပါက်,ကြိယာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(လောကုတ္တရာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)။ပ။

## ၅-ဝိတက္ကတိကမူ-ဒုက် ၅၀-မူလီ

### (၁) ဝိတက္ကတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ဝိတက်လည်း ရှိ၍ ဝိစာရလည်းရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏(သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော ဝေဒနာ)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဒုတိယဈာန်စိတ် ၁၁-ပါး၌ ရှိသော ဝေဒနာ)၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏(ကြွင်းသောစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

## ၆-ဒဿနတိကမူ-ဒုက် ၅၀-မူလီ

### (၁) ဒဿနတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုနှင့် ဝိစိကိစ္ဆာစိတ်၌ရှိသော ဝေဒနာ)၊ (သောတာပတ္တိမဂ် မြင်ပြီးသည့်နိဗ္ဗာန်ကို တဖန်ထပ်၍မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောအကုသိုလ်စိတ်တို့၌ရှိသော ဝေဒနာ)၊သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

## ၇-ဒဿနဟေတုတိကမူ-ဒုက် ၅၀-မူလီ

### (၁) ဒဿနဟေတုတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော(ဟိတ်နှင့်ယှဉ်သော)ဝေဒနာက္ခန္ဓာသည် ရှိ၏(ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုနှင့် ဝိစိကိစ္ဆာစိတ်၌ရှိသော ဝေဒနာ)၊(သောတာပတ္တိမဂ် မြင်ပြီးသောနိဗ္ဗာန်ကို ထပ်၍မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏(ကြွင်းသော အကုသိုလ်စိတ်တို့၌ရှိသော ဝေဒနာ)၊သောတာပတ္တိမဂ်သည်

http://www.dhammadownload.com



ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

### ၈-အာစယဂါမိတိကမူ-ဒုက် ၅၀-မူလိ

### (၁) အာစယဂါမိတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော(ရောက်စေတတ်သော) 'အာစယဂါမိ'ဝေဒနာက္ခန္ဓာသည် ရှိ၏(လောကီကုသိုလ်, အကုသိုလ်စိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော 'အပစယဂါမိ'ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါးနှင့်ယှဉ်သော ဝေဒနာ)၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်,ကြိယာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)။ပ။

### ၉-သေက္ခတိကမူ-ဒုက် ၅၀-မူလိ

### (၁) သေက္ခတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း

(အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ် (ခုနစ်ယောက်)တို့၏ ဥစ္စာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် ၄-ပါး,အောက်ဖိုလ် ၃-ပါး၌ရှိသော ဝေဒနာ)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ'ပုဂ္ဂိုလ် (ရဟန္တာ)တို့၏ ဥစ္စာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်၌ရှိသော ဝေဒနာ)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(ကြွင်းသော စိတ်တို့၌ရှိသော ဝေဒနာ)။ပ။

### ၁၀-ပရိတ္တတိကမူ-ဒုက် ၅၀-မူလိ

### (၁) ပရိတ္တတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း

နည်းပါးသော အာနုဘော်ရှိသည့် 'ပရိတ္တ'မည်သော(ကာမတရားဖြစ်သော)ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကာမစိတ်နှင့် ယှဉ်သောဝေဒနာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂတ'မည်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်နှင့် ယှဉ်သောဝေဒနာ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သည့် (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော (လောကုတ္တရာ)ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သောဝေဒနာ)။ပ။

### ၁၁-ပရိတ္တာရမ္မဏတိကမူ-ဒုက် ၅၀-မူလိ

### (၁) ပရိတ္တာရမ္မဏတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း

ပရိတ္တတရား (ကာမတရား)ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (လောကုတ္တရာတရား)ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



## ၁၂-ဟီနတိကမူ-ဒုက် ၅၀-မူလီ

### (၁) ဟီနတိကမူ- သဟေတုကဒုကမူလီ ၁၀-နည်း

ယုတ်ညံ့သော 'ဟီန'ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သောဝေဒနာ)၊ အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်,ဝိပါက်,ကြိယာစိတ်တို့၌ ရှိသော ဝေဒနာ)၊ မြင့်မြတ်သော 'ပဏီတ'ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ ရှိသော ဝေဒနာ)။ပ။

## ၁၃-မိစ္ဆတ္တတိကမူ-ဒုက် ၅၀-မူလီ

### (၁) မိစ္ဆတ္တတိကမူ- သဟေတုကဒုကမူလီ ၁၀-နည်း

ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တ-နိယတ'ဝေဒနာက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိ၏အစွမ်းဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် သတ္တမဇောနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ ရှိသော ဝေဒနာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါးတို့နှင့်ယှဉ်သော ဝေဒနာ)၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် အကျိုးပေးမမြဲသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

## ၁၄-မဂ္ဂါရမ္မဏတိကမူ-ဒုက် ၅၀-မူလီ

### (၁) မဂ္ဂါရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

မဂ်ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့် ယှဉ်သောဝေဒနာ)၊ မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိမဂ္ဂင်မည်သော အမောဟ=ပညာ) ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမည်သော အမောဟ=ပညာနှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ ရှိသော ဝေဒနာ)၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိမည်သော အမောဟ=ပညာ,သမ္မာဝါယာမမဂ္ဂင်ဖြစ်သည့်ဝီရိယာဓိပတိမည်သော ဝီရိယ)ရှိသောဝေဒနာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိမည်သော အမောဟ=ပညာ, သမ္မာဝါယာမမဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယတို့နှင့် ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ ရှိသောဝေဒနာ)။ပ။

## ၁၅-ဥပ္ပန္နတိကမူ-ဒုက် ၅၀-မူလီ

### (၁) ဥပ္ပန္နတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ဥပါဒ် ဌီ ဘင် ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (နောင် အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်,အကုသိုလ်,ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)၊ မချွတ်ကေန်ဖြစ်လတ္တံ့သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

http://www.dhammadownload.com



၁၆-အတီတတိကမူ-ဒုက် ၅၀-မူလိ

(၁) အတီတတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း

ဖြစ်ပြီးသော 'အတိတ်'ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး ဖြစ်လတ္တံ့သော 'အနာဂတ်' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်'ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

၁၇-အတီတာရမ္မဏတိကမူ-ဒုက် ၅၀-မူလိ

(၁) အတီတာရမ္မဏတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း

ဖြစ်ပြီးသည့် 'အတိတ်'တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး ဖြစ်လတ္တံ့သော 'အနာဂတ်'တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲ'ပစ္စုပ္ပန်'တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

၁၈-အဇ္ဈတ္တတိကမူ-ဒုက် ၅၀-မူလိ

(၁) အဇ္ဈတ္တတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

၁၉-အဇ္ဈတ္တာရမ္မဏတိကမူ-ဒုက် ၅၀ မူလိ

(၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း

အတွင်း'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(၂) အဇ္ဈတ္တာရမ္မဏတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလိ ၁၀-နည်း

ဧကကနည်း ၄၂။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်နှင့်ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ဟိတ်နှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၃) အဇ္ဈတ္တာရမ္မဏတိကမူ-နဟေတု သဟေတုကဒုကမူလိ ၁၀-နည်း

ဟိတ်မမည်မူ၍ ဟိတ်သာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



### (၄) အဇ္ဈတ္တာရမ္မဏတိကမူ-လောကိယဒုကမူလီ ၁၀-နည်း

လောက၌ အကျုံးဝင်သော 'လောကီ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### (၅) အဇ္ဈတ္တာရမ္မဏတိကမူ-ကေနစိဝိညေယျဒုကမူလီ ၁၀-နည်း

တစုံတခုသော စိတ်သည် သိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ တစုံတခုသောစိတ်သည် မသိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### (၆) အဇ္ဈတ္တာရမ္မဏတိကမူ-သာသဝဒုကမူလီ ၁၀-နည်း

(သတ္တဝါတို့၏သန္တာန်၌) ယိုစီး ဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### (၇) အဇ္ဈတ္တာရမ္မဏတိကမူ-အာသဝသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

အာသဝနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### (၈) အဇ္ဈတ္တာရမ္မဏတိကမူ-အာသဝဝိပ္ပယုတ္တ သာသဝဒုကမူလီ ၁၀-နည်း

အာသဝနှင့်မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### (၉) အဇ္ဈတ္တာရမ္မဏတိကမူ-သံယောဇနိယဒုကမူလီ ၁၀-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်'တို့၏ အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်တို့၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။[၁]

### (၅၀) အဇ္ဈတ္တာရမ္မဏတိကမူ-သရဏဒုကမူလီ ၁၀-နည်း

ဒုကနည်း။ ။ ငိုကြွေးကြောင်း (ရာဂ အစရှိသော ကိလေသာ) ရှိသော 'သရဏ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ ငိုကြွေးကြောင်း (ရာဂ အစရှိသော ကိလေသာ) မရှိသော 'အရဏ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့၌ရှိသော ဝေဒနာ)။

---

၁။ အဇ္ဈတ္တာရမ္မဏတိကမူကို ဒုက်ဖြင့် အကျယ်ပြရာ၌လည်း ဒုက် အမှတ် (၁၀) သံယောဇနသမ္ပယုတ္တဒုကမူလီမှ အမှတ်(၄၉) သဉတ္တရဒုကမူလီအထိ ပေယျာလ လုံးဝချန်ခဲ့ပြန်သည်။

http://www.dhammadownload.com



**တိကနည်း။** ။ သုံးပါး ပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(တိက် ၁၉-ခုကို မှတည်ပြီးလျှင် ဒုက် ၅၀-တို့ကို မူလီသွင်း၍ ပေါသော တိကမူလက နည်း (၁၉×၅၀)=၉၅၀-နည်း ပြီး၏။

**အသေးစိတ်ရေတွက်လျှင် ဝေဒနာပေါင်း (၉၅၀×၅၅)=၅၂၂၅၀-ပါး ဖြစ်၏)။**

တိက်တို့ကို မှတည်၍ ဟောသော 'တိကမူလက'နည်း ပြီး၏။

---

## ဉဘတောဝဍ္ဎကနည်း

(တိက် ၁၉-ခုနှင့် ဒုက် ၁၉-ခုတို့ကို တစုံစီထား၍ ပွါးသော ဉဘတောဝဍ္ဎကနည်း)

### (၁) သဟေတုကဒုက်နှင့် ကုသလတိက်တစုံ ၁၀-နည်း[၁]

**ဧကကနည်း** ၄၃။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ-ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

### (၂) ဟေတုသမ္ပယုတ္တဒုက်နှင့် ဝိပါကတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၄၄။ တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်နှင့်ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်၌ ရှိသောဝေဒနာ)၊ အကျိုးဝိပါက်ကိုဖြစ်စေခြင်း သဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်

---

၁။ ဤ ၁၀-နည်း၌ အသေးစိတ်ရေတွက်သော် ဝေဒနာက္ခန္ဓာ ၅၅-ပါး ဖြစ်၏။

http://www.dhammadownload.com



သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကုသိုလ် အကုသိုလ်စိတ်တို့၌ရှိသော ဝေဒနာ)၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကိုဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၃) နဟေတု သဟေတုကဒုက်နှင့် ဥပါဒိန္နတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၄၅။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်မမည်မူ၍ ဟိတ်သာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံ၏အကျိုးလည်းဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့နှင့် ယှဉ်သောဝေဒနာ)၊ တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သောကံ၏ အကျိုးမဟုတ်မူ၍) ဥပါဒါန်တို့၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ် အကုသိုလ် ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သောကံ၏ အကျိုးလည်း မဟုတ်မူ၍) ဥပါဒါန်၏ အာရုံလည်းမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့်ယှဉ်သော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၄) လောကိယဒုက်နှင့် သံကိလိဋ္ဌတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၄၆။ တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။လောက၌ အကျုံးဝင်သော 'လောကီ'ဝေဒနာက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ'ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍)ကိလေသာတို့၏ အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာ

http://www.dhammadownload.com



ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(လောကီကုသိုလ် ဝိပါက် ကြိယာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍(ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၅) ကေနစိဝိညေယျဒုက်နှင့် သဝိတက္ကတိက်တစုံ ၁၀-နည်း

ကေကနည်း ၄၇။ တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။တစုံတခုသော စိတ်သည် သိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ တစုံတခုသော စိတ်သည် မသိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဝိတက်လည်း ရှိ၍ဝိစာရလည်း ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိတက်ဝိစာရတို့နှင့်ယှဉ်သော သဝိတက္ကစိတ် ၅၅-ပါး၌ရှိသောဝေဒနာ)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိစာရနှင့်သာယှဉ်သော ဒုတိယဈာန်စိတ် ၁၁-ပါး၌ရှိသောဝေဒနာ)၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့၌ရှိသော ဝေဒနာ) ။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၆) သာသဝဒုက်နှင့် ဒဿနတိက်တစုံ ၁၀-နည်း

ကေကနည်း ၄၈။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့၏ သန္တာန်၌)ယိုစီးဖြစ်ပွါးနေတတ် မူးယစ်မိုက်မဲစေတတ်သော'အာသဝ'၏(လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့်'ဒဿန'မည်သော)သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (သောတာပတ္တိမဂ်မြင်ပြီးသောနိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ ။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

http://www.dhammadownload.com



### (၇) အာသဝသမ္ပယုတ္တဒုက်နှင့် ဒဿနေနပဟာတဗ္ဗတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၄၉။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သောဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာ သည် ဖြစ်၏။ ။အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်)ယှဉ်သောဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်မယှဉ်သောဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

### (၈) အာသဝဝိပ္ပယုတ္တ သာသဝဒုက်နှင့် အာစယဂါမိတိက်တစုံ၁၀-နည်း

**ဧကကနည်း** ၅၀။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ အာသဝ၏အာရုံသာ ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) ခံစားမှုအစု 'အာစယဂါမိဝေဒနာက္ခန္ဓာ'သည် ရှိ၏ (လောကီကုသိုလ် အကုသိုလ်စိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ခံစားမှုအစု 'အပစယဂါမိဝေဒနာက္ခန္ဓာ'သည် ရှိ၏ (မဂ်စိတ်လေးပါးတို့နှင့်ယှဉ်သော ဝေဒနာ)၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက် ကြိယာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

### (၉) သံယောဇနိယဒုက်နှင့် သေက္ခတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၅၁။ တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

http://www.dhammadownload.com



ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်'၏ အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။(အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ်(ခုနစ်ယောက်)တို့၏ ဥစ္စာဖြစ်သောဝေဒနာ-က္ခန္ဓာသည် ရှိ၏(မဂ်စိတ် ၄-ပါးနှင့် အောက်ဖိုလ် ၃-ပါးတို့၌ ရှိသောဝေဒနာ)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' ပုဂ္ဂိုလ် (ရဟန္တာ)တို့၏ ဥစ္စာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်၌ ရှိသော ဝေဒနာ)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ္တုပ္ပါဒ်တို့၌ရှိသောဝေဒနာ) ။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၀) သံယောဇနသမ္ပယုတ္တဒုက်နှင့်ပရိတ္တတိက်တစုံ ၁၀-နည်း

ဧကကနည်း ၅၂။ တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။သံယောဇဉ်နှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။နည်းပါးသော အာနုဘော်ရှိသည့် 'ပရိတ္တ' မည်သော (ကာမတရားမည်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏(ကာမစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂတ' မည်သော ဝေဒနာက္ခန္ဓာသည် ရှိ၏(မဟဂ္ဂုတ်စိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သည့် (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော ဝေဒနာ-က္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့်ယှဉ်သောဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၁) သံယောဇနဝိပ္ပယုတ္တ သံယောဇနိယဒုက်နှင့် ပရိတ္တာရမ္မဏတိက် တစုံ ၁၀-နည်း

ဧကကနည်း ၅၃။ တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသောဝေဒနာ)၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ ရှိသော ဝေဒနာ)။

http://www.dhammadownload.com



**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ပရိတ္တတရား (ကာမတရား)ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ် တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (လောကုတ္တရာတရား)ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ ပ ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၂) ဂန္ထနိယဒုက်နှင့်ဟီနတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၅၄။ တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝင်ရှ ဆင်းရဲ၍)ဆက်စပ်ထုံးဖွဲ့တတ်သောသဘော 'ဂန္ထ' ၏ (လောဘ,ဒေါသ,ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ယုတ်ညံ့သော 'ဟီန' ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်၌ရှိသော ဝေဒနာ)၊ အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်,ဝိပါက်,ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)၊မြင့်မြတ်သော'ပဏီတ'ဝေဒနာက္ခန္ဓာသည် ရှိ၏(လောကုတ္တရာစိတ်၌ရှိသော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၃) ဂန္ထသမ္ပယုတ္တဒုက်နှင့်မိစ္ဆတ္တတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၅၅။ တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝင်ရှ ဆင်းရဲ၍) ဆက်စပ်ထုံးဖွဲ့တတ်သော သဘော'ဂန္ထ'နှင့် (လောဘ,ဒေါသ,ဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော ခံစားမှုအစု 'မိစ္ဆတ္တနိယတ ဝေဒနာက္ခန္ဓာ'သည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံကို ကျူးလွန်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သော ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ရှိသော ဝေဒနာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော ခံစားမှုအစု'သမ္မတ္တနိယတ ဝေဒနာက္ခန္ဓာ'သည် ရှိ၏ (မဂ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ (နှစ်ပါးသော အခြင်းအရာအားဖြင့်) အကျိုးပေးမမြဲသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့နှင့် ယှဉ်သော ဝေဒနာ) ။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

http://www.dhammadownload.com



(၁၄) ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက်နှင့် မဂ္ဂါရမ္မဏတိက် တစုံ ၁၀-နည်း

**ကေကနည်း** ၅၆။ တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝင့်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သောသဘော 'ဂန္ထ' နှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ထ၏အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါး ပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။မဂ်ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့်ယှဉ်သော ဝေဒနာ)၊ မဂ်မည်သော အကြောင်းရင်းဟိတ်ရှိသော (သမ္မာဒိဋ္ဌိမည်သောပညာ=အမောဟဟိတ်နှင့် ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏(သမ္မာဒိဋ္ဌိမည်သော အမောဟ=ပညာနှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာ)၊ မဂ်မည်သော အကြီး အမှူး (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိ မည်သော အမောဟ=ပညာ, သမ္မာဝါယာမမဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယ)ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိ မည်သော အမောဟ=ပညာ, သမ္မာဝါယာမမဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယတို့နှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာ)[၁]။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(၁၅) ဩဃနိယဒုက်နှင့် ဥပ္ပန္နတိက်တစုံ ၁၀-နည်း

**ကေကနည်း** ၅၇။တပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝင့်ဆင်းရဲ၌)နစ်မြုပ်စေတတ်သောသဘော 'ဩဃ'၏(လောဘ,ဒိဋ္ဌိ,မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဩဃ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဥပါဒ် ဌီ ဘင် ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ် အကုသိုလ် ကြိယာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ) မချွတ်ကေန်ဖြစ်လတ္တံ့သောဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်နှင့်ယှဉ်သော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

---

၁။ မဂ်စိတ္တုပ္ပါဒ်ကို အလေးအမြတ်အာရုံပြုသည့် စိတ်တို့၌ရှိသော ဝေဒနာကိုလည်း အရကောက်ယူနိုင်သည် (မူလဋီကာ-နှာ ၄၆)

http://www.dhammadownload.com



## (၁၆) ဩဃသမ္ပယုတ္တဒုက်နှင့် အတီတတိက်တစုံ ၁၀-နည်း

**ကေကနည်း** ၅၇။တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ **။ဖဿနှင့်** ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဩဃနှင့်(လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖြစ်ပြီးသော 'အတိတ်'ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၇) ဩဃဝိပ္ပယုတ္တ ဩဃနိယဒုက်နှင့် အတီတာရမ္မဏတိက်တစုံ ၁၀-နည်း

**ကေကနည်း** ၅၉။တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဩဃနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ ဩဃ၏အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖြစ်ပြီးသော 'အတိတ်'တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေးသော (ဖြစ်လတ္တံ့သော) 'အနာဂတ်'တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲ ဖြစ်သော 'ပစ္စုပ္ပန်' တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၈) ယောဂနိယဒုက်နှင့် အဇ္ဈတ္တတိက်တစုံ ၁၀-နည်း

**ကေကနည်း** ၆၀။တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သောသဘော'ယောဂ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ယောဂ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။အတွင်း'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

http://www.dhammadownload.com



(၁၉) ယောဂသမ္ပယုတ္တဒုက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၆၁။တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော သဘော'ယောဂ'နှင့်(လောဘ, ဒိဋ္ဌိ,မောဟတို့နှင့်) ယှဉ်သောဝေဒနာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။အတွင်း'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(တိက် ၁၉-ခုနှင့် ဒုက် ၁၉-ခုတို့ကို တစုံစီထား၍ ပွါးသော ဥဘတောဝဍ္ဎက ၁၉-နည်း ပြီး၏။

အသေးစိတ်အားဖြင့် ဤနည်း၌ ဝေဒနာပေါင်း (၁၉×၅၅)=၁၀၄၅-ပါး ဖြစ်၏)။

တိက်နှင့်ဒုက်တို့ကို ထစုံစီထား၍ ပွါးသော 'ဥဘတောဝဍ္ဎက'နည်း ပြီး၏။

---

## ဗဟုဝိဓဝါရ

## (များသောအပြားရှိသောနည်း)

### သတ္တကနည်း

#### တိက် ၁၉-ခုကို ဘုံလေးပါးတို့ဖြင့် ဝေဖန်၍ ၇-ပါးစီ ဟောသောသတ္တကနည်း

(၁) ကုသလတိက်သတ္တကနည်း။ ။ခုနစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌သက်ဝင်ဖြစ်သော (အရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ)ဝေဒနာက္ခန္ဓာသည် ရှိ၏။

ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

http://www.dhammadownload.com



(၂) ဝိပါကတိက်သတ္တကနည်း။ ။ထိုမှတပါးလည်း ခုနစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် အကုသိုလ်တို့၏ အကျိုး ဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၁၉) အဇ္ဈတ္တာရမ္မဏတိက်သတ္တကနည်း။ ။အတွင်း'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည်ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

ဤသို့ ခုနစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(အသေးစိတ်အားဖြင့် ဤနည်း၌ ဝေဒနာပေါင်း ၁၉×၇=၁၃၃-ပါး ဖြစ်၏)။

သတ္တကနည်း ပြီး၏။

---

## စတုဝီသတိဝိဓနည်း

တိက် ၁၉-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးဝိဓဟောသော စတုဝီသတိဝိဓနည်း ၁၉-နည်း

(၁) ကုသလတိက် စတုဝီသတိဝိဓနည်း။ ။နှစ်ဆယ့်လေးပါး ပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁-၂-၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကုသိုလ်ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အကုသိုလ်ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အဗျာကတဝေဒနက္ခာန္ဓာလည်း ရှိ၏။

၄-၅-၆။ နားအတွေ့ (နားအကြည် 'သောတပသာဒ'နှင့် အသံ'သဒ္ဒါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ။ ပ ။

၇-၈-၉။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ။ ပ ။

၁၀-၁၁-၁၂။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

---

၁။ အမှတ် (၃) ဥပါဒိန္နတိက် သတ္တကနည်းမှ အမှတ် (၁၈) အဇ္ဈတ္တတိက်သတ္တကနည်းအထိ ပေယျာလ ချန်ထားသည်။

http://www.dhammadownload.com



၁၃-၁၄-၁၅။ ကိုယ်အတွေ့(ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

၁၆-၁၇-၁၈။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကုသိုလ်ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အကုသိုလ်ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာလည်း ရှိ၏၊

၁၉။ စက္ခုအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း'ရူပါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ (စက္ခုသမ္ဖဿဇာဝေဒနာ)။

၂၀။ သောတအတွေ့ (နားအကြည် 'သောတပသာဒ'နှင့် အသံ'သဒ္ဒါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ (သောတသမ္ဖဿဇာဝေဒနာ)။

၂၁။ ဃာနအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့'ဂန္ဓာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ (ဃာနသမ္ဖဿဇာ ဝေဒနာ)။

၂၂။ ဇိဝှါအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ'ကြောင့်ဖြစ်သောဝေဒနာ (ဇိဝှါသမ္ဖဿဇာဝေဒနာ)။

၂၃။ ကာယအတွေ့ (ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ဆုံထိခိုက်မှု)'ကာယသမ္ဖဿ'ကြောင့်ဖြစ်သောဝေဒနာ (ကာယသမ္ဖဿဇာဝေဒနာ)။

၂၄။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ (မနောသမ္ဖဿဇာဝေဒနာ)။

ဤသို့ နှစ်ဆယ့်လေးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(ကုသလတိက် စတုဝီသတိဝိဓနည်း ပြီး၏)။

---

(၂) ဝိပါကတိက်စတုဝီသတိဝိဓနည်း။ ။ထိုမှတပါးလည်း နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာလည်း ရှိ၏။ပ။[၁]

(၁၉) အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း။ ။၁-၂-၃။ (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အတွင်းအပသန္တာန်၌ဖြစ်သောတရားကို အာရုံပြုသောဝေဒနာက္ခန္ဓာလည်း ရှိ၏။

---

၁။ အမှတ် (၃) ဥပါဒိန္နတိက် စတုဝီသတိဝိဓနည်းမှ အမှတ် (၁၈) အဇ္ဈတ္တတိက် စတုဝီသတိဝိဓနည်း အထိ ပေယျာလ လုံးဝချန်ခဲ့သည်။

၄-၅-၆။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာ သည်။ပ။

၇-၈-၉။ နှာခေါင်းအတွေ့'ဃာနသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာ သည်။ပ။

၁၀-၁၁-၁၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာ သည်။ပ။

၁၃-၁၄-၁၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

[၁၆-၁၇-၁၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာက္ခန္ဓာသည် ( ကုသိုလ်, အကုသိုလ်တို့၏ ) အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာလည်း ရှိ၏။ပ။ ][1]

၁၆-၁၇-၁၈။ (စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်) အတွင်း'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသောဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အပ'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အတွင်းအပ သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာလည်း ရှိ၏။[2]

၁၉-၂၃။ မျက်စိအတွေ့'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သောဝေဒနာ(စက္ခုသမ္ဖဿဇာဝေဒနာ)။ပ။

၂၄။ စိတ်အတွေ့'မနောသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ(မနောသမ္ဖဿဇာဝေဒနာ)။

ဤသို့ နှစ်ဆယ့်လေးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း ပြီး၏)။

(တိက် ၁၉-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီ ဟောသော စတုဝီသတိဝိဓနည်း ၁၉-နည်း ပြီး၏၊ ဤစတုဝီသတိဝိဓနည်း၌ ဝေဒနာပေါင်း (၁၉×၂၄)=၄၅၆-ပါး ဖြစ်၏)။

(စတုဝီသတိဝိဓနည်း ပြီး၏)။

---

## တိံသဝိဓနည်း

ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကိုဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိံသဝိဓနည်း

သုံးဆယ်ပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

---

၁။ ဤစာပိုဒ်သည် ဒုတိယစတုဝီသတိနည်းဖြစ်သော ဝိပါကတိက်၏ မနောသမ္ဖဿဖြင့် ဝေဖန်ဟောပြခြင်းကို အဆက်ပြန်ဖော်ခြင်းဖြစ်သည်၊ သုဒ္ဓနည်း ၆-ပါးကိုမူ တပေါင်းတည်းပြုပြီးလျှင် နောက်ဆုံး၌ ဖော်ပြထားသည်။

၂။ ဤစာပိုဒ်သည် အဇ္ဈတ္တာရမ္မဏတိက်ကို အစီအစဉ်အရ တပန်ပြန်၍ ဖော်ပြခြင်းဖြစ်သည်။

http://www.dhammadownload.com



၁-၄။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း ရူပါရုံ'တို့ တွေ့ဆုံထိခိုက်မှု) စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ဖြစ်ရာကျင်လည်ရာဖြစ်သော) 'အရူပါ-ဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

၅-၈။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၉-၁၂။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၃-၁၆။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့်အရသာ'ရသာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၇-၂၀။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၂၁-၂၄။ စိတ်အတွေ့ (စိတ်နှင့်ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု)'မနောသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကာမဘုံ၌သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ,အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

၂၅။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (စက္ခုသမ္ဖဿဇာ-ဝေဒနာ)။

၂၆။ နားအတွေ့ 'သောတသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (သောတသမ္ဖဿဇာ-ဝေဒနာ)။

၂၇။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ဃာနသမ္ဖဿဇာ-ဝေဒနာ)။

၂၈။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ဇိဝှါသမ္ဖဿဇာ-ဝေဒနာ)။

၂၉။ ကိုယ်အတွေ့ 'ကာယသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ကာယသမ္ဖဿဇာ-ဝေဒနာ)။

http://www.dhammadownload.com



၃၀။ စိတ်အတွေ့ မနောသမ္ဖဿ ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (မနောသမ္ဖဿဇာဝေဒနာ)။

ဤသို့ သုံးဆယ်ပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိံသဝိဓနည်း ပြီး၏၊ ဤ တိံသဝိဓနည်း၌ ဝေဒနာပေါင်း ၃၀-ပါး ဖြစ်၏)။

(တိံသဝိဓနည်း ပြီး၏)။

---

## ဗဟုဝိဓနည်း

### တိက် ၁၉-ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ဟောသည့် များသောအပြားရှိသော ဗဟုဝိဓနည်း ၁၉-နည်း[၁]

(၁) ကုသလတိက် ဗဟုဝိဓနည်း ၄၇-ပါး။ ။များသောအပြားအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း'ရူပါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ (နားအကြည်'သောတပသာဒ' နှင့် အသံ'သဒ္ဒါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၂၂-၂၈။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ'ရသာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၂၉-၃၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

---

၁။ ဤနည်း တနည်းတနည်း၌ ဝေဒနာပေါင်း ၄၇-ပါးရှိသည်၊ ဗဟုဝိဓနည်း ၁၉-နည်း၌ ဝေဒနာပေါင်း (၁၉×၄၇)=၈၉၃-ပါး ဖြစ်သည်။

http://www.dhammadownload.com



၃၆-၄၂။ စိတ်အတွေ့ (စိတ်နှင့်ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ'ဟူသောအကြောင်းကြောင့်ဖြစ်သော ဝေဒနာတ္ခန္ဓာသည် ကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

၄၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။

၄၄။ နားအတွေ့ 'သောတသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။

၄၅။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။

၄၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။

၄၇။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။

၄၈။ စိတ်အတွေ့ 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။ ။ဤသို့ များသော အပြားအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

**(၂) ဝိပါကတိက် ဗဟုဝိဓနည်း ၄၈-ပါး။** ။ထိုမှတပါးလည်း များသောအပြားအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် (ကုသိုလ်, အကုသိုလ်တို့၏) အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။[၁]

**(၁၉) အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၈-ပါး ၁-၇။** (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ)ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

---

၁။ အမှတ် (၃) ဥပါဒိန္နတိက် ဗဟုဝိဓနည်းမှ အမှတ် (၁၈) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ ပေယျာလ လုံးဝချန်ခဲ့သည်။

http://www.dhammadownload.com



၈-၁၄။ နားအတွေ့ 'သောတသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာ သည်။ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာ-က္ခန္ဓာသည်။ပ။

၂၂-၂၈။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာ သည်။ပ။

၂၉-၃၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာ သည်။ပ။

[၃၆-၄၂။ စိတ်အတွေ့ 'မနောသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာ သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး ဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။][1]

၃၆-၄၂။ (စိတ်အတွေ့ 'မနောသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာ သည်) အတွင်း'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည်ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသောဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော(ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌အကျုံးမဝင်သော 'အပရိယာပန္န'(လောကုတ္တရာ)ဝေဒနာက္ခန္ဓာ သည် ရှိ၏။[2]

၄၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (စက္ခုသမ္ဖဿဇာ-ဝေဒနာ)။

၄၄။ နားအတွေ့'သောတသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (သောတသမ္ဖဿဇာ-ဝေဒနာ)။

၄၅။ နှာခေါင်းအတွေ့'ဃာနသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ဃာနသမ္ဖဿဇာ-ဝေဒနာ)။

၄၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့် ဖြစ်သော ဝေဒနာသည် ရှိ၏ (ဇိဝှါသမ္ဖဿဇာ-ဝေဒနာ)။

---

၁။ ဤစာပိုဒ်သည် ဒုတိယဗဟုဝိဓနည်းဖြစ်သော ဝိပါကထိက် ဗဟုဝိဓနည်းကို မနောသမ္ဖဿဖြင့် ဝေဖန်ပြီးလျှင် အဆက်တဖန်ပြန်၍ ယောခြင်းဖြစ်သည်၊ ပေယျာလချန်ခဲ့သည်ကို သတိရစေခြင်းငှါ ပြန်၍ ဖော်ထုတ်ပြခြင်းဖြစ်သည်။

၂။ ဤစာပိုဒ်သည် အဇ္ဈတ္တာဒိဗဟုဝိဓနည်းကို အစီအစဉ်အရ ဖော်ပြခြင်း ဖြစ်သည်။

http://www.dhammadownload.com



၄၇။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ကာယသမ္ဖဿဇာ-ဝေဒနာ)။

၄၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (မနောသမ္ဖဿဇာ-ဝေဒနာ)။

ဤသို့ များသော အပြားအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(ဗဟုဝိဓနည်း ပြီး၏)။

ဤဆိုခဲ့ပြီးသော ဝေဒနာတို့ကို ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ဟု ဆိုအပ်၏။

| | | | |
|---|---|---|---|
| [ဝေဒနာပေါင်းမှာ | (၁) | ဒုကမူလကနည်း | ၅၂၂၅၀-ပါး |
| | (၂) | တိကမူလကနည်း | ၅၂၂၅၀-ပါး |
| | (၃) | ဥဘတောဝဍ္ဎကနည်း | ၁၀၄၅-ပါး |
| | (၄) | သတ္တကနည်း (၁၉×၇) | ၁၃၃-ပါး |
| | (၅) | စတုဝီသတိဝိဓနည်း (၁၉×၂၄) | ၄၅၆-ပါး |
| | (၆) | တိံသဝိဓနည်း | ၃၀-ပါး |
| | (၇) | ဗဟုဝိဓနည်း (၁၉×၄၈) | ၉၁၂-ပါး |
| | | | ၁၀၇၀၇၆-ပါး ဖြစ်၏]။ |

ဝေဒနာက္ခန္ဓာ ပြီး၏။

(ဝေဒနာတို့ကို အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော အဘိဓမ္မာဘာဇနီယနည်း ပြီး၏)။

http://www.dhammadownload.com



## ၃-သညာက္ခန္ဓ (မှတ်သားမှုအစု)

### ဒုကမူလကနည်း

### ဒုကမူ - တိကမူလိ

ဒုက်တို့ကို မူတည်ပြီးလျှင် တိက်တို့ကို မူလီသွင်း၍ဟောသော ဒုကမူလကနည်း

(ဒုက် ၅၂-ခုကို မူတည်ပြီးလျှင် တိက် ၂၁-ခုကို မူလီသွင်း၍ဟောသော ၁၀၉၂-နည်း)[၁]

(ဟေတုဂေါစ္ဆကမှ ဒုက် ၃-ခု)

၁-သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(၁) သဟေတုကဒုကမူ–ကုသလတိကမူလီ ၁၀-နည်း[၂]

၆၂။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် သညာက္ခန္ဓာမည်သနည်း။

**ဧကကနည်း။** ။တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သညာက္ခန္ဓာသည် ရှိ၏။

**စတုက္ကနည်း။** ။လေးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

**ပဉ္စကနည်း။** ။ငါးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ကိုယ်ချမ်းသာမှု၌ အစိုးတရခံစားခြင်း 'သုခိန္ဒြေ' နှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ကိုယ်ဆင်းရဲမှု၌ အစိုးတရခံစားခြင်း 'ဒုက္ခိန္ဒြေ' နှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ စိတ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သောမနဿိန္ဒြေ' နှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ စိတ်မချမ်းသာမှု၌အစိုးတရ

---

၁။ ဤဒုကမူလကနည်း၌ သညာရကောင်းသောဒုက် ၅၂-ကို မူတည်၍ သညာရကောင်းသော တိက် ၂၁-ခုတို့ကို မူလီသွင်းသော နည်းပေါင်း (၅၂×၂၁)=၁၀၉၂-နည်း ဖြစ်သည်၊ ဤနည်း ၁၀၉၂-နည်း၌ တနည်းတနည်းကိုပင် တဖန် ၁၀-နည်းစီထပ်၍ပွါးပြန်သည်၊ထိုထပ်ပွါး ၁၀-နည်း၌ သညာက္ခန္ဓာပေါင်း ၅၅-ပါး ရှိ၏၊ ထို့ကြောင့် အစိတ် အစိတ် ရေတွက်ပါမူ သညာက္ခန္ဓာပေါင်း (၁၀၉၂×၅၅)=၆၀၀၆၀-ပါး ဖြစ်သည်။

၂။ ဤနည်း ၁၀-နည်း၌ သညာက္ခန္ဓာပေါင်း ၅၅-ပါး ရှိ၏။နောက်နည်းများ၌လည်း ဤနည်းအတိုင်း သိပါလေ။

http://www.dhammadownload.com



ခံစားခြင်း 'ဒေါမနဿိန္ဒြေ' နှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ လျစ်လျူရှုမှု၌ အစိုးတရခံစားခြင်း 'ဥပေက္ခိန္ဒြေ' နှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ ။ဤသို့ ငါးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

ဆက္ကနည်း။ ။ခြောက်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခု-သမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (စက္ခုသမ္ဖဿဇာသညာ)၊ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (ဃာနသမ္ဖဿဇာသညာ)၊ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (ကာယ-သမ္ဖဿဇာသညာ)၊ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (မနောသမ္ဖဿဇာသညာ)။ ။ဤသို့ ခြောက်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

သတ္တကနည်း။ ။ခုနစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (စက္ခုသမ္ဖဿဇာသညာ)၊ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (ဃာနသမ္ဖဿဇာသညာ)၊ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (ဇိဝှါသမ္ဖဿဇာ သညာ)၊ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (ကာယသမ္ဖဿဇာသညာ)၊ (အာရုံငါးပါးကို) သိကာမျှသော 'မနောဓာတ်' အတွေ့ 'မနောဓာတုသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (မနောဓာတု-သမ္ဖဿဇာသညာ)၊ (အာရုံခြောက်ပါးကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' အတွေ့ 'မနောဝိညာဏဓာတုသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (မနောဝိညာဏဓာတုသမ္ဖဿဇာသညာ)။ ။ဤသို့ ခုနစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

အဋ္ဌကနည်း။ ။ရှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏။ပ။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော သုခဝေဒနာနှင့်တကွဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏၊ (ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော) ဒုက္ခဝေဒနာနှင့်တကွဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏၊ မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏။ ။ဤသို့ ရှစ်ပါးပြားသောနည်း အားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

http://www.dhammadownload.com



နဝကနည်း။ ။ကိုးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော သညာသည် ရှိ၏။ပ။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ'ကြောင့်ဖြစ်သော သညာသည် ရှိ၏၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော သညာသည် ရှိ၏၊ မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော ကုသိုလ်သညာသည် ရှိ၏၊ (မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော)အကုသိုလ် သညာသည် ရှိ၏၊ (မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော) အဗျာကတ သညာသည် ရှိ၏။ ။ဤသို့ ကိုးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

ဒသကနည်း။ ။ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော သညာသည် ရှိ၏။ပ။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ'ကြောင့်ဖြစ်သော သုခဝေဒနာနှင့်တကွဖြစ်သော သညာသည် ရှိ၏၊ (ကိုယ်အတွေ့ကြောင့်ဖြစ်သော) ဒုက္ခဝေဒနာနှင့် တကွဖြစ်သော သညာသည် ရှိ၏၊ မနောဓာတ် အတွေ့ကြောင့်ဖြစ်သော သညာသည် ရှိ၏၊ မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော ကုသိုလ်သညာသည် ရှိ၏၊ (မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော) အကုသိုလ်သညာသည် ရှိ၏၊ (မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော) အဗျာကတသညာသည် ရှိ၏။ ။ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(သဟေတုကဒုကမူ-ကုသလတိကမူလ် ၁၀-နည်း ပြီး၏။ ဤနည်း၌ သညာပေါင်း ၅၅-ပါး ဖြစ်၏)။

## (၂) သဟေတုကဒုကမူ-ဝေဒနာတိကမူလ် ၁၀-နည်း

ဧကကနည်း ၆၃။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။သုခဝေဒနာနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၃) သဟေတုကဒုကမူ-ဝိပါကတိကမူလ် ၁၀-နည်း

ဧကကနည်း ၆၄။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော သညာက္ခန္ဓာ သည် ရှိ၏။ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

http://www.dhammadownload.com



**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် အကုသိုလ် တို့၏ အကျိုးဝိပါက်ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသည့် တရားဖြစ်သော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) သညာက္ခန္ဓာသည် ရှိ၏၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘော ရှိသော တရားလည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) သညာက္ခန္ဓာသည် ရှိ၏။ပ။

## (၄) သဟေတုကဒုကမူ-ဥပါဒိန္နတိကမူလိ ၁၀-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သော ကံကြောင့်လည်းဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက် စိတ်တို့၌ရှိသောသညာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံသာ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်၊ အကုသိုလ်၊ ကြိယာစိတ်တို့၌ ရှိသောသညာ)၊တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံလည်းမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသောသညာ)။ပ။

## (၅) သဟေတုကဒုကမူ-သံကိလိဋ္ဌတိကမူလိ ၁၀-နည်း

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်း ဖြစ်သောသညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့နှင့် ယှဉ်သောသညာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာတို့နှင့်မယှဉ်မူ၍)ကိလေသာတို့၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်တို့နှင့်ယှဉ်သောသညာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့် ယှဉ်သောသညာ) ။ ပ ။

## (၆) သဟေတုကဒုကမူ-ဝိတက္ကတိကမူလိ ၁၀-နည်း

ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာ ရှိသော သညာက္ခန္ဓာသည် ရှိ၏။ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော သညာက္ခန္ဓာသည် ရှိ၏ ။ပ။

## (၇) သဟေတုကဒုကမူ-ပီတိ တိကမူလိ ၁၀နည်း

ပီတိနှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏၊ သုခဝေဒနာနှင့်တကွ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



## (၈) သဟေတုကဒုကမူ-ဒဿနတိကမူလိ ၁၀-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်တို့၌ရှိသောသညာ, အပါယ ဂမနိယ အကုသိုလ်စိတ်တို့၌ရှိသောသညာ)၊ (သောတာပတ္တိမဂ်သည် မြင်ပြီးသော နိဗ္ဗာန်ကို တဖန် ထပ်၍မြင်သဖြင့်'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်တို့၌ရှိသောသညာ)၊ (ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်းမဟုတ်မူ၍ (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည် လည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (ကုသိုလ်,ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သညာ)။ပ။

## (၉) သဟေတုကဒုကမူ-ဒဿနဟေတု တိကမူလိ ၁၀-နည်း

(နိဗ္ဗာန်ကိုရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏၊ ( ဘာဝနာမည်သော ) အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော)သညာက္ခန္ဓာသည် ရှိ၏၊ သောတာ-ပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ် သော ဟိတ်ရှိသည်လည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## (၁၀) သဟေတုကဒုကမူ-အာစယဂါမိတိကမူလိ ၁၀-နည်း

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော မှတ်သားမှုအစု 'အာစယဂါမိ သညာက္ခန္ဓာ'သည် ရှိ၏ (လောကီကုသိုလ်,အကုသိုလ်စိတ်တို့နှင့် ယှဉ်သောသညာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ် သော မှတ်သားမှုအစု 'အပစယဂါမိသညာက္ခန္ဓာ'သည် ရှိ၏ (မဂ်စိတ်နှင့်ယှဉ်သောသညာ)၊ စုတိ-ပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (ဝိပါက်,ကြိယာစိတ်တို့နှင့် ယှဉ်သောသညာ)။ပ။

## (၁၁) သဟေတုကဒုကမူ-သေက္ခတိကမူလိ ၁၀-နည်း

(အရဟတ္တဖိုလ်သို့ရောက်ရန်)ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ်(မဂ်ပုဂ္ဂိုလ် ၄-ယောက်,အောက်ဖိုလ်ပုဂ္ဂိုလ် ၃-ယောက်)တို့၏ ဥစ္စာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး,အောက်ဖိုလ်သုံးပါးတို့နှင့် ယှဉ်သောသညာ)၊ (အရဟတ္တဖိုလ်သို့ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ'ပုဂ္ဂိုလ်(ရဟန္တာ)တို့၏ ဥစ္စာ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သောသညာ)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ အသေက္ခပုဂ္ဂိုလ်(ရဟန္တာ)တို့၏ ဥစ္စာလည်း မဟုတ်သော သညာက္ခန္ဓာ သည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သောသညာ)။ ပ ။

## (၁၂) သဟေတုကဒုကမူ-ပရိတ္တတိကမူလိ ၁၀-နည်း

နည်းသောအာနုဘော်ရှိသည့် 'ပရိတ္တ'မည်သော သညာက္ခန္ဓာသည် ရှိ၏ (ကာမစိတ်နှင့်ယှဉ် ့သောသညာ)၊ မြင့်မြတ်သည်၏အဖြစ်သို့ရောက်သော 'မဟဂ္ဂတ' မည်သော သညာက္ခန္ဓာသည် ရှိ၏

http://www.dhammadownload.com



(မဟဂ္ဂုတ်စိတ်နှင့်ယှဉ်သောသညာ)၊ နိုင်းယှဉ်မှုကိုပြုတတ်သည့် (ရာဂအစရှိသော)ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သောသညာ)။ ပ ။

## (၁၃) သဟေတုကဒုကမူ-ပရိတ္တာရမ္မဏတိကမူလီ ၁၀-နည်း

ပရိတ္တတရား (ကာမတရား)ကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (မနိုင်းယှဉ်အပ်သော လောကုတ္တရာတရား)ကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။

## (၁၄) သဟေတုကဒုကမူ-ဟီနတိကမူလီ ၁၀-နည်း

ယုတ်ညံ့သော 'ဟီန'သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့်ယှဉ်သောသညာ)၊ အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ'သညာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့်ယှဉ်သောသညာ)၊မြင့်မြတ်သော 'ပဏီတ'သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့်ယှဉ်သောသညာ)။ပ။

## (၁၅) သဟေတုကဒုကမူ-မိစ္ဆတ္တနိယတတိကမူလီ ၁၀-နည်း

ဖောက်ပြန်သောသဘောရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' သညာက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံကို ကျူးလွန်သည့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်သတ္တမဇောတို့၌ ရှိသော သညာနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေ့ သတ္တမဇောတို့၌ရှိသော သညာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'သညာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်၌ရှိသောသညာ)၊ (နှစ်ပါးသော အခြင်းအရာအားဖြင့်) အကျိုးပေးမမြဲသော 'အနိယတ'သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့၌ ရှိသောသညာ)။ပ။

## (၁၆) သဟေတုကဒုကမူ-မဂ္ဂါရမ္မဏတိကမူလီ ၁၀-နည်း

မဂ်ကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့်ယှဉ်သောသညာ)၊ မဂ်မည်သောအကြောင်းရင်း ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်မည်သော ပညာတည်းဟူသော အမောဟဟိတ်နှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသောသညာ)၊ မဂ်မည်သောအကြီးအမှူး (ပညာနှင့်ဝီရိယ)[၁] ရှိသော သညာက္ခန္ဓာသည် ရှိ၏ (ဝီမံသာဓိပတိမည်သော အမောဟ=ပညာ, ဝီရိယာဓိပတိမည်သော ဝီရိယတို့နှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသောသညာ) ။ပ။

---

၁။ အဓိပတိထိုက်သော မဂ္ဂင်တို့မှာ သမ္မာဒိဋ္ဌိနှင့် သမ္မာဝါယာမတို့ဖြစ်သည်။ သမ္မာဒိဋ္ဌိသည် ပညာဟုခေါ်သော ဝီမံသဖြစ်သည်။ ဝီမံသာဓိပတိလည်း သမ္မာဒိဋ္ဌိပင်ဖြစ်သည်။ သမ္မာဒိဋ္ဌိ=ပညာ=ဝီမံသာဓိပတိ။ သမ္မာဝါယာမမှာ ဝီရိယစေတသိက်ဖြစ်သည်၊ ဝီရိယာဓိပတိဖြစ်သည်။ သမ္မာဝါယာမ=ဝီရိယ=ဝီရိယာဓိပတိ။

http://www.dhammadownload.com



### (၁၇) သဟေတုကဒုကမူ-ဥပ္ပန္နတိကမူလိ ၁၀-နည်း

ဥပါဒ်, ဌီ, ဘင် ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော (ဖြစ်ဆဲ) သညာက္ခန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ရှိသော သညာ)၊ မချွတ်ကေန်ဖြစ်လတ္တံ့သော သညာက္ခန္ဓာသည် ရှိ၏(ဝိပါက်စိတ်တို့၌ရှိသော သညာ)။ပ။

### (၁၈) သဟေတုကဒုကမူ-အတီတတိကမူလိ ၁၀-နည်း

ဖြစ်ပြီးသော'အတိတ်'သညာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' သညာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော'ပစ္စုပ္ပန်'သညာက္ခန္ဓာသည် ရှိ၏။ပ။

### (၁၉) သဟေတုကဒုကမူ-အတီတာရမ္မဏတိကမူလိ ၁၀-နည်း

ဖြစ်ပြီးသည့် 'အတိတ်'တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်'တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။

### (၂၀) သဟေတုကဒုကမူ-အဇ္ဈတ္တတိကမူလိ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

### (၂၁) သဟေတုကဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလိ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်း အားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(သဟေတုကဒုကမူ-တိကမူလိ ၂၁-နည်း ပြီး၏)။

### ၂-ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခုမူလိ ၂၁-နည်း

ကေကနည်း　၆၅။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ပဋိသန္ဓေ ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။　။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်နှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

---

၁။ ဤ "ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း"၌ ထနည်းတနည်းလျှင် ထပ်မံ၍ ကေကမှ ဒသကအထိ ၁၀-နည်းစီ ဟောပြရန်ဖြစ်သည်၊ သို့ရာတွင် ဤနည်း၌ ရှေးဦးအစမျက်သာ ဖော်ပြထားသည်။ အကျယ်ဖွင့်လိုလျှင် ပြဆိုခဲ့ပြီးသော 'သဟေတုကဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း' အတိုင်း နည်းယူ၍ ဖွင့်ဆို ပါလေ။ ကျန် 'ဒုကမူ'များအတွက်လည်း ဤနည်းအတိုင်း သိပါလေ။

http://www.dhammadownload.com



၃-နဟေတု သဟေတုကဒုကမူ-တိက် ၂၁-ခု မူလ် ၂၁-နည်း

ဟိတ်မမည်မူ၍ ဟိတ်သာရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

(၂-စူဠန္တရဒုကမှ ဒုက် ၂-ခု)

၄-လောကိယဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

လောက၌ အကျုံးဝင်သော 'လောကီ'သညာက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ'သညာက္ခန္ဓာသည် ရှိ၏။ပ။

၅-ကေနစိဝိညေယျဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

တစုံတခုသောစိတ်သည် သိအပ်သော သညာက္ခန္ဓာသည် ရှိ၏၊ တစုံတခုသောစိတ်သည် မသိအပ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

(၃-အာသဝဂေါစ္ဆကမှ ဒုက် ၃-ခု)

၆-သာသဝဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (လောဘ,ဒိဋ္ဌိ,မောဟတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၇-အာသဝသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

အာသဝနှင့် (လောဘ,ဒိဋ္ဌိ,မောဟတို့နှင့်)ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၈-အာသဝဝိပ္ပယုတ္တ သာသဝဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်းမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

(၄-သညောဇနဂေါစ္ဆကမှ ဒုက် ၃-ခု)

၉-သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်'၏ အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၁၀-သံယောဇနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

သံယောဇဉ်နှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



### ၁၁-သံယောဇနဝိပ္ပယုတ္တ သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ သံယော-ဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ။

(၅-ဂန္ထဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၁၂-ဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သောသဘော 'ဂန္ထ'၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဂန္ထ၏ အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ။

### ၁၃-ဂန္ထသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ။

### ၁၄-ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ဂန္ထနှင့်မယှဉ်မူ၍ ဂန္ထ၏အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ။

(၆-ဩဃဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၁၅-ဩဃနိယဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နှစ်မြုပ်စေတတ်သော 'ဩဃ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဩဃ၏အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ။

### ၁၆-ဩဃသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ဩဃနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ။

### ၁၇-ဩဃဝိပ္ပယုတ္တ ဩဃနိယဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ဩဃနှင့်မယှဉ်မူ၍ ဩဃ၏အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ။

(၇-ယောဂဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၁၈-ယောဂနိယဒုကမူ-တိက် ၂၁-ခုမူလိ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌)ယှဉ်စေတတ်တွယ်ကပ်စေတတ်သောသဘော'ယောဂ'၏(လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ယောဂ၏အာရုံမဟုတ်သော သညာ-က္ခန္ဓာသည် ရှိ၏။ ပ။

http://www.dhammadownload.com



### ၁၉-ယောဂသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ယောဂနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့်မယှဉ်သော သညာက္ခန္ဓာသည်ရှိ၏။ပ။

### ၂၀-ယောဂဝိပ္ပယုတ္တ ယောဂနိယဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ယောဂနှင့်မယှဉ်မူ၍ ယောဂ၏အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ ။

(ဂ-နီဝရဏဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၂၁-နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

(ချွန်မဂ်ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'နီဝရဏ'၏ အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ နီဝရဏ၏အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ ။

### ၂၂-နီဝရဏသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

နီဝရဏနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ ။

### ၂၃-နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

နီဝရဏနှင့်မယှဉ်မူ၍ နီဝရဏ၏အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏အာရုံလည်းမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

(ဃ-ပရာမာသဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၂၄-ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'၏ (ဒိဋ္ဌိ၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ပရာမာသ၏အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ ။

### ၂၅-ပရာမာသသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ ။

### ၂၆-ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ ။

http://www.dhammadownload.com



(၁၀-မဟန္တရဒုကမှ ဒုက် ၁-ခု)

### ၂၇-ဥပါဒိဏ္ဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) သညာက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့နှင့် ယှဉ်သောသညာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့်ကံကြောင့် မဖြစ်သော) သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့နှင့်ယှဉ်သော သညာ)။ပ။

(၁၁-ဥပါဒါနဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၂၈-ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပြင်းစွာစွဲလမ်းတတ်သော 'ဥပါဒါန်'၏ (တဏှာ, ဒိဋ္ဌိတို့၏)အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်၏ အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

### ၂၉-ဥပါဒါနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်နှင့် (တဏှာ, ဒိဋ္ဌိ တို့နှင့်)ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

### ၃၀-ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

(၁၂-ကိလေသဂေါစ္ဆကမှ ဒုက် ၄-ခု)

### ၃၁-သံကိလေသိကဒုကမူ -တိက်၂၁-ခု မူလီ ၂၁-နည်း

ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ'၏ အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ကိလေသာ၏ အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

### ၃၂-သံကိလိဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ'တို့သည် ပူပန်စေအပ်သော (ကိလေသာနှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သောသညာ)၊ ကိလေသာတို့သည် မပူပန်စေအပ်သော(ကိလေသာနှင့် မယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏။ပ။

### ၃၃-ကိလေသ သမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ကိလေသာနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



၃၄-ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏(လောကီကုသိုလ်,ဝိပါက်,ကြိယာစိတ်တို့နှင့် ယှဉ်သောသညာ)၊ ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏(လောကုတ္တရာစိတ်နှင့် ယှဉ်သောသညာ)။ပ။

(၁၃-ပိဋ္ဌိဒုကမှ ဒုက် ၁၈-ခု)

၃၅-ဒဿနေန ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် မပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၃၆-ဘာဝနာယ ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် မပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၃၇-ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

၃၈-ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဘာဝနာမည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

၃၉-သဝိတက္ကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝိတက်ရှိသော (ဝိတက်နှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏၊ ဝိတက်မရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

၄၀-သဝိစာရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝိစာရရှိသော (ဝိစာရနှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏၊ ဝိစာရမရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

၄၁-သပ္ပီတိကဒုကမူ-တိက် ၂၁ ခု မူလီ ၂၁-နည်း

ပီတိရှိသော (ပီတိနှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏၊ ပီတိမရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

http://www.dhammadownload.com



၄၂-ပီတိသဟဂတ ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပီတိနှင့်တကွဖြစ်သော(ပီတိနှင့်ယှဉ်သော)သညာက္ခန္ဓာသည် ရှိ၏၊ ပီတိနှင့် တကွ မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၄၃-သုခသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သုခဝေဒနာနှင့်တကွဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ သုခဝေဒနာနှင့်တကွ မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၄၄-ဥပေက္ခာသဟဂတဒုကမူ-တိက် ၂၁-ခုမူလီ ၂၁-နည်း

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၄၅-ကာမာဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၄၆-ရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၄၇-အရူပါဝစရ ဒုကမူ-တိက် ၂၁-ခုမူလီ ၂၁-နည်း

အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၄၈-ပရိယာပန္နဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးဝင်သော 'ပရိယာပန္န'(လောကီ)သညာက္ခန္ဓာသည် ရှိ၏၊ ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န'(လောကုတ္တရာ)သညာက္ခန္ဓာသည် ရှိ၏။ပ။

၄၉-နိယျာနိကဒုကမူ-တိက် ၂၁-ခုမူလီ ၂၁-နည်း

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော 'နိယျာနိက'သညာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် ၄-ပါး၌ရှိသောသညာ)၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော 'အနိယျာနိက' သညာက္ခန္ဓာသည် ရှိ၏(ကြွင်းသောစိတ်တို့၌ရှိသောသညာ)။ပ။

http://www.dhammadownload.com



## ၅၀-နိယတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အကျိုးပေးမြဲသော သညာက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိ၏အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်သတ္တမဇောဉ်၌ ရှိသောသညာ, ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေ သတ္တမဇောဉ်ရှိသော သညာ, မဂ်စိတ် ၄-ပါး၌ရှိသော သညာ)၊ အကျိုးပေးမမြဲသော သညာက္ခန္ဓာ သည်ရှိ၏ (ကြွင်းသောစိတ်တို့၌ ရှိသောသညာ)။ပ။

## ၅၁-သဥတ္တရဒုကမူ-တိက် ၂၁-ခုမူလီ ၂၁-နည်း

မိမိထက် လွန်မြတ်သည့် တရားရှိသော 'သဥတ္တရ'သညာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်နှင့် ယှဉ်သော သညာ)၊ မိမိထက် လွန်မြတ်သည့် တရားမရှိသော 'အနုတ္တရ'သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့်ယှဉ်သော သညာ)။ပ။

## ၅၂-သရဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

### (၁) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

**ဒုကနည်း။** ။ငိုကြွေးကြောင်း(ရာဂအစရှိသော ကိလေသာ)ရှိသော 'သရဏ'သညာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း(ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ'သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သညာက္ခန္ဓာ သည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

### (၂) သရဏဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

**ဧကနည်း** ၆၆။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ)ရှိသော 'သရဏ'သညာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော'အရဏ'သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။သုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

### (၃)သရဏဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း

ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။[၁]

---

၁။ အမှတ် (၄) သရဏဒုကမူ - ဥပါဒိန္နတိကမူလီမှ အမှတ် (၂၀) သရဏဒုကမူ - အဇ္ဈတ္တတိကမူလီအထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။

http://www.dhammadownload.com



### ၂၁-သရဏဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလိ ၁၀-နည်း

**တိက နည်း။** ။အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(ကုသလတိက်၌ အကျယ်ချဲ့သကဲ့သို့ ဤအတူ တိက်အလုံးစုံတို့ကို ချဲ့အပ်ကုန်၏)။

[ ဒုက် ၅၂-ခုကို မူတည်ပြီးလျှင် တိက် ၂၁-ခုကို မူလီသွင်း၍ဟောသော ဒုကမူလကနည်း (၅၂×၂၁)=၁၀၉၂-နည်း ပြီး၏၊ အသေးစိတ်ရေတွက်ပါမူ ဤနည်း၌ သညာပေါင်း (၁၀၉၂×၅၅)=၆၀၀၆၀ ဖြစ်၏]။

ဒုက်ကို မူတည်၍ ဟောသော ဒုကမူလကနည်း ပြီး၏။

---

### တိကမူလကနည်း

### တိကမူ-ဒုကမူလိ

(တိက်တို့ကို မူတည်ပြီးလျှင် ဒုက်တို့ကို မူလီသွင်း၍ ဟောသော တိကမူလကနည်း)

(တိက် ၂၁-ခုကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသော တိကမူလကနည်း ၂၁×၅၂=၁၀၉၂-နည်း)။

### ၁-ကုသလတိက်ကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်းသော ၅၂-နည်း

### (၁) ကုသလတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း

**ဧကကနည်း** ၆၇။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာ-က္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

---

၁။ စာမျက်နှာ-၁၁၃ အောက်ခြေမှတ်ချက်များကို ကြည့်ပါ။

http://www.dhammadownload.com



(၂) ကုသလတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလ ၁၀-နည်း

**ဧကကနည်း** ၆၀။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟေတုနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်နှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၁၂-ကုသလတိကမူ-သရဏဒုကမူလ ၁၀-နည်း

**ဒုကနည်း။** ။ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော'သရဏ'သညာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ'သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည်ဖြစ်၏။ ။ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

၂-ဝေဒနာတိက်ကို မူတည်၍ ဒုက် ၁၂-ခုကို မူလိသွင်းသော ၁၂-နည်း

(၁)ဝေဒနာတိကမူ-သဟေတုကဒုကမူလ ၁၀-နည်း

**ဧကကနည်း** ၆၉။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသောသညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။သုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

၃-ဝိပါကတိက်ကို မူတည်၍ ဒုက် ၁၂ ခုကို မူလိသွင်းသော ၁၂-နည်း

(၁) ဝိပါကတိကမူ-သဟေတုကဒုကမူလ ၁၀-နည်း

ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။[၂]

---

၁။ အမှတ် (၃) ကုသလတိကမူ-နဟေတု သဟေတုကဒုကမူလ မှ အမှတ် (၁၁) ကုသလတိကမူ-သဥတ္တရ ဒုကမူလ အထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။

၂။ အမှတ် ၄-ဥပါဒိန္နတိကမူ-ဒုက် ၁၂-ခု မူလိ မှ အမှတ် ၂၀-အဇ္ဈတ္တတိကမူ-ဒုက် ၁၂-ခု မူလိ အထိ (တိက ၁၇-ခုကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## ၂၁-အဇ္ဈတ္တာရမ္မဏတိက်ကို မူတည်၍ ဒုက် ၅၂-ခုကို မူလိသွင်းသော ၅၂-နည်း

### (၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း

**တိကနည်း။** ။အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

### (၂) အဇ္ဈတ္တာရမ္မဏတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလိ ၁၀-နည်း

**ဧကကနည်း** ၇၀။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်နှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။[၁]

### (၅၂) အဇ္ဈတ္တာရမ္မဏတိကမူ-သရဏဒုကမူလိ ၁၀-နည်း

**ဒုကနည်း။** ။ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ' သညာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ' သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။အတွင်း'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလိသွင်း၍ ဟောသော တိကမူလကနည်း ၁၀၉၂-နည်း ပြီး၏၊ ဤနည်း၌ အသေးစိတ် ရေတွက်သော် သညာပေါင်း (၁၀၉၂×၅၅)=၆၀၀၆၀-ရှိ၏)။

တိက်ကို မူတည်၍ဟောသော 'တိကမူလက'နည်း ပြီး၏။

---

၁။ အမှတ် (၃) အဇ္ဈတ္တာရမ္မဏတိကမူ-နဟေတုသဟေတုကဒုကမူလိမှ အမှတ် (၅၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဥတ္တရဒုကမူလိအထိ ပေယျာလလုံးဝချန်ခဲ့သည်။

http://www.dhammadownload.com



## ဥဘတောဝဍ္ဎကနည်း

(တိက် ၂၁-ခုနှင့် ဒုက် ၂၁-ခုတို့ကို တစုံစီထား၍ ပွါးသော ဥဘတောဝဍ္ဎကနည်း ၂၁-နည်း)[၁]

### (၁) သဟေတုကဒုက်နှင့် ကုသလတိက်တစုံ ၁၀-နည်း[၂]

ဧကကနည်း ၇၁။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသောသညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

### (၂) ဟေတုသမ္ပယုတ္တဒုက်နှင့် ဝေဒနာတိက်တစုံ ၁၀-နည်း

ဧကကနည်း ၇၂။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်နှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။သုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

### (၃) နဟေတု သဟေတုကဒုက်နှင့် ဝိပါကတိက်တစုံ ၁၀-နည်း

ဧကကနည်း ၇၃။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်မည်မူ၍ ဟိတ်သာရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော သညာက္ခန္ဓာသည် ရှိ၏။

---

၁။ ဥဘတောဝဍ္ဎကနည်း ၂၁-နည်းအတွက် တနည်းတနည်းကို ထပ်၍ ၁၀-နည်းစီ ပွါးပြန်သည်။

၂။ ဤထပ်ပွါး ၁၀-နည်း၌ အသေးစိတ်ရေတွက်သော် သညာက္ခန္ဓာပေါင်း ၅၅-ပါး ဖြစ်၏။

http://www.dhammadownload.com



တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်,အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့၌ရှိသော သညာ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) သညာက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်တို့၌ ရှိသော သညာ)၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) သညာက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်တို့၌ ရှိသော သညာ)။ ပ ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

### (၄) လောကီယဒုက်နှင့် ဥပါဒိန္နတိက်တစုံ ၁၀-နည်း

ဧကကနည်း ၃၄။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။လောက၌ အကျုံးဝင်သော 'လောကီ' သညာက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသောကံ၏ အကျိုးလည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့နှင့်ယှဉ်သောသညာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့နှင့် ယှဉ်သော သညာ)၊ တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သောကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့်ယှဉ်သော သညာ) ။ ပ ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

### (၅) ကေနစိဝိညေယျဒုက်နှင့် သံကိလိဋ္ဌတိက်တစုံ ၁၀-နည်း

ဧကကနည်း ၃၅။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။တစုံတခုသောစိတ်သည် သိအပ်သော သညာက္ခန္ဓာသည် ရှိ၏၊တစုံတခုသောစိတ်သည် မသိအပ်သော သညာက္ခန္ဓာသည် ရှိ၏။

http://www.dhammadownload.com



တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာနှင့်ပေည်း ယှဉ်၍) ကိလေသာ၏ အာရုံလည်း ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်၌ရှိသော သညာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌သော သညာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာနှင့်လည်း မယှဉ်မူ၍) ကိလေသာ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏(လောကုတ္တရာစိတ်၌ရှိသောသညာ)။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၆) သာသဝဒုက်နှင့် ဝိတက်တိက်တစုံ ၁၀-နည်း

ဧကကနည်း ၇၆။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏ ။ ။(သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွါးနေတတ်၍ မူးယစ် မိုက်မဲစေတတ်သည့် သဘော 'အာသဝ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဝိတက်လည်း ရှိ၍ ဝိစာရလည်းရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာ ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၇) အာသဝသမ္ပယုတ္တဒုက်နှင့် ပီတိတိက် တစုံ ၁၀-နည်း

ဧကကနည်း ၇၇။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏ ။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။အာသဝနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ပီတိနှင့် တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏ (ပီတိသဟဂုတ်စိတ် ၅၁-ပါး၌ရှိသော သညာ)၊ သုခဝေဒနာနှင့် တကွဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃-ပါး၌ရှိသော သညာ)၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၌ရှိသော သညာ) ။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

http://www.dhammadownload.com



## (၈) အာသဝဝိပ္ပယုတ္တ သာသဝဒုက်နှင့် ဒဿနတိက်တစုံ ၁၀-နည်း

**ကေကနည်း** ၇၈။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ ။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၉) သံယောဇနိယဒုက် နှင့် ဒဿနဟေတုတိက်တစုံ ၁၀-နည်း

**ကေကနည်း** ၇၉။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' ၏ အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံ မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည်ဖြစ်၏။ ။(ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဘာဝနာမည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ ။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၀) သံယောဇနသမ္ပယုတ္တဒုက် နှင့် အာစယဂါမိတိက်တစုံ ၁၀-နည်း

**ကေကနည်း** ၈၀။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏ ။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။သံယောဇဉ်နှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်၌ရှိသော သညာ)၊ သံယောဇဉ်နှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့၌ရှိသောသညာ)။

http://www.dhammadownload.com



တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အာစယဂါမိ' သညာက္ခန္ဓာ သည် ရှိ၏ (လောကီကုသိုလ်,အကုသိုလ်စိတ်တို့နှင့်ယှဉ်သောသညာ)၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ် သော(ရောက်စေတတ်သော)'အပစယဂါမိ'သညာက္ခန္ဓာသည် ရှိ၏(မဂ်စိတ် လေးပါးနှင့်ယှဉ်သော သညာ)၊စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ် သော သညာက္ခန္ဓာသည် ရှိ၏ (ဝိပါက်,ကြိယာစိတ်တို့နှင့် ယှဉ်သောသညာ)။ ပ ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၁)သံယောဇနဝိပ္ပယုတ္တ သံယောဇနိယဒုက်နှင့် သေက္ခတိက်တစုံ ၁၀-နည်း

ဧကကနည်း ၇၁။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ် နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။(အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ် (ခုနစ်ယောက်)တို့၏ ဥစ္စာဖြစ်သော သညာ- က္ခန္ဓာသည် ရှိ၏ (မဂ်စိတ် ၄-ပါး, အောက်ဖိုလ် ၃-ပါးတို့၌ရှိသော သညာ)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး)ကျင့်ပြီး 'အသေက္ခ'ပုဂ္ဂိုလ် (ရဟန္တာ)တို့၏ ဥစ္စာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်၌ရှိသော သညာ)၊ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး 'အသေက္ခ'ပုဂ္ဂိုလ် (ရဟန္တာ) တို့၏ ဥစ္စာလည်းမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီ စိတ်တို့၌ရှိသော သညာ) ။ ပ ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၂)ဂန္ထနိယဒုက်နှင့် ပရိတ္တတိက်တစုံ ၁၀-နည်း

ဧကကနည်း ၇၂။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သောသဘော 'ဂန္ထ'၏ (လောဘ,ဒေါသ,ဒိဋ္ဌိတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဂန္ထ၏အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။နည်းသောအာနု ဘော်ရှိသည့် 'ပရိတ္တ'မည်သော သညာက္ခန္ဓာသည် ရှိ၏ (ကာမစိတ်တို့နှင့်ယှဉ်သော သညာ)၊ မြင့်မြတ်သည်၏အဖြစ်သို့ရောက်သော 'မဟဂ္ဂတ'မည်သော သညာက္ခန္ဓာသည် ရှိ၏

http://www.dhammadownload.com



(မဟဂ္ဂုတ်စိတ်တို့နှင့်ယှဉ်သောသညာ)၊ နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သည့် (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ'မည်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့်ယှဉ်သောသညာ)။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၃) ဂန္ထသမ္ပယုတ္တဒုက်နှင့် ပရိတ္တာရမ္မဏတိက်တစုံ ၁၀-နည်း

**ကေကနည်း** ၇၃။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း**။ ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်)ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ဂန္ထနှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း**။ ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ပရိတ္တတရားကို (ကာမတရားကို)အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (လောကုတ္တရာတရား)ကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏ ။ ပ ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၄) ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက်နှင့် ဟီနတိက်တစုံ ၁၀-နည်း

**ကေကနည်း** ၇၄။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း**။ ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်)မယှဉ်မူ၍ ဂန္ထ၏အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း**။ ။သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ယုတ်ညံ့သော 'ဟီန'သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်၌ရှိသောသညာ)၊ အလယ်အလတ်ဖြစ်သော'မဇ္ဈိမ' သညာက္ခန္ဓာသည် ရှိ၏(လောကီကုသိုလ်,ဝိပါက်,ကြိယာစိတ်တို့၌ရှိသော သညာ)၊ မြင့်မြတ်သော 'ပဏီတ'သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသောသညာ)။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၅) ဩဿနိယဒုက်နှင့် မိစ္ဆတ္တတိက်တစုံ ၁၀-နည်း

**ကေကနည်း** ၇၅။ တပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏ ။ ။ဖဿနှင့်ယှဉ်သော သညာက္ခန္ဓာတည်း။

http://www.dhammadownload.com



ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝင်္ခ ဆင်းရဲ၌)နှစ်မြုပ်စေတတ်သောသဘော'ဩဃ'၏(လောဘ,ဒိဋ္ဌိ,မောဟတို့၏)အာရုံ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဩဃ၏အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တ-နိယတ' သညာက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် စိတ်သတ္တမဇောနှင့် ပဋ္ဌာနန္တရိယကံကို ကျူးလွန်သော ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ရှိသော သညာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' သညာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်နှင့် ယှဉ်သော သညာ)၊ (နှစ်ပါးသော အခြင်းအရာအားဖြင့်) အကျိုးပေးမမြဲသော သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့နှင့် ယှဉ်သော သညာ)။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၆) ဩဃသမ္ပယုတ္တဒုက်နှင့် မဂ္ဂါရမ္မဏတိက်တစုံ ၁၀-နည်း

ဧကကနည်း ၇၆။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝင်္ခဆင်းရဲ၌) နှစ်မြုပ်စေတတ်သော သဘော 'ဩဃ'နှင့် (လောဘ,ဒိဋ္ဌိ,မောဟ တို့နှင့်) ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။မဂ်ကို အာရုံပြုသော သညာက္ခန္ဓာသည်ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့် ယှဉ်သောသညာ)၊ မဂ်မည်သော အကြောင်းရင်းဟိတ်ရှိသော (သမ္မာဒိဋ္ဌိမည်သော ပညာတည်းဟူသော အမောဟ ဟိတ်နှင့် ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိ မည်သော အမောဟ=ပညာနှင့် ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ ရှိသော သညာ)၊ မဂ်မည်သော အကြီးအမှူး (ဝီမံသာဓိပတိဖြစ်သော သမ္မာ-ဒိဋ္ဌိ=အမောဟ=ပညာ,ဝီရိယာဓိပတိဖြစ်သော သမ္မာဝါယာမ=ဝီရိယ) ရှိသောသညာက္ခန္ဓာသည် ရှိ၏(ဝီမံသာဓိပတိ ဖြစ်သော သမ္မာဒိဋ္ဌိ=အမောဟ=ပညာ, ဝီရိယာဓိပတိဖြစ်သော သမ္မာဝါယာမ မဂ္ဂင်=ဝီရိယတို့နှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ ရှိသောသညာ)။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၇) ဩဃဝိပ္ပယုတ္တ ဩဃနိယဒုက်နှင့် ဥပ္ပန္နတိက် တစုံ ၁၀-နည်း

ဧကကနည်း ၇၇။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

http://www.dhammadownload.com



ဒုကနည်း။ ။ နှစ်ပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဩဃနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ ဩဃ၏အာရုံသာ ဖြစ်သော သညာ-က္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့၌ရှိသောသညာ)၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့၌ ရှိသောသညာ)။

တိကနည်း။ ။သုံးပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဥပါဒ်, ဌီ, ဘင် ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော 'ပစ္စုပ္ပန်' သညာက္ခန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ် ကြိယာစိတ်တို့၌ ရှိသော သညာ)၊ မချွတ်ကေန် ဖြစ်လတ္တံ့သော သညာက္ခန္ဓာသည် ရှိ၏ ( ဝိပါက်စိတ်တို့၌ ရှိသောသညာ) ။ ပ ။

ဤသို့ ဆယ်ပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၈) ယောဂနိယဒုက် နှင့် အတီတတိက်တစုံ ၁၀-နည်း

ဧကကနည်း ၈၈။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏ ။ ။ ဖဿ နှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏ ။ ။(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော သဘော 'ယောဂ' ၏ (လောဘ, ဒိဋ္ဌိ, မောဟ တို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သော သညာ)၊ ယောဂ၏ အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော သညာ)။

တိကနည်း။ ။သုံးပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသော 'အတိတ်' သညာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' သညာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲ ဖြစ်သော 'ပစ္စုပ္ပန်' သညာက္ခန္ဓာသည် ရှိ၏ ။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၉) ယောဂသမ္ပယုတ္တဒုက်နှင့် အတီတာရမ္မဏတိက်တစုံ ၁၀-နည်း

ဧကကနည်း ၈၉။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏ ။ ။ ယောဂနှင့် ( လောဘ, ဒိဋ္ဌိ, မောဟတို့နှင့် ) ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ် စိတ်တို့နှင့် ယှဉ်သော သညာ)၊ ယောဂ နှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့နှင့် ယှဉ်သော သညာ)။

http://www.dhammadownload.com



**တိကနည်း။** ။ သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသည့် 'အတိတ်' တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲ ဖြစ်သော 'ပစ္စုပ္ပန်' တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ ပ ။

ဤသို့ ဆယ်ပါး ပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၂၀) ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက် နှင့် အဇ္ဈတ္တတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၉၀။ တပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။ နှစ်ပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏ ။ ။ ယောဂ နှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ ယောဂ၏ အာရုံသာ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။ သုံးပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။အတွင်း'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အပ'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ ပ ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၂၁) နီဝရဏိယဒုက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၉၁။ တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏ ။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။** ။ နှစ်ပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (ဈာန်,မဂ်,ဖိုလ် တရားတို့ကို) ပိတ်ပင် တားဆီးတတ်သော သဘော 'နီဝရဏ'၏ အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သော သညာ)၊ နီဝရဏ၏အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်နှင့်ယှဉ်သော သညာ)။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ ပ။

ဤသို့ ဆယ်ပါး ပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုနှင့် ဒုက် ၂၁-ခုတို့ကို တစုံစီယှဉ်၍ ပွါးသော ဥဘတောဝဍ္ဍကနည်း ၂၁-နည်း ပြီး၏၊ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ သညာပေါင်း (၂၁×၅၅)=၁၁၅၅-ပါး ဖြစ်၏)။

တိက် နှင့် ဒုက်တို့ကို တစုံစီယှဉ်၍ ပွါးသော'ဥဘတောဝဍ္ဍက'နည်း ပြီး၏။

http://www.dhammadownload.com



## ဗဟုဝိဓဝါရ

### ( များသော အပြားအားဖြင့် ဟောသော 'ဗဟုဝိဓဝါရ' နည်း ၂၁-နည်း )

### သတ္တကနည်း

### တိက် ၂၁-ခုကို ဘုံလေးပါးတို့ဖြင့် ဝေဖန်၍ ၇-ပါးစီ ဟောသော သတ္တကနည်း

(၁) ကုသလတိက် သတ္တကနည်း။ ။ခုနစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။ ။ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(၂) ဝေဒနာတိက် သတ္တကနည်း။ ။ထိုမှတပါးလည်း ခုနစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။သုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။ ပ။ [၁]

(၂၁) အဇ္ဈတ္တာရမ္မဏတိက် သတ္တကနည်း။ ။အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။ ။ဤသို့ ခုနစ်ပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(ဤနည်း၌ အသေးစိတ်ရေတွက်ပါမူ သညာပေါင်း (၂၁×၇)=၁၄၇-ပါး ဖြစ်၏)။

( ဗဟုဝိဓဝါရသတ္တကနည်း ၂၁-နည်း ပြီး၏)။

---

၁။ အမှတ် (၃)ဝိပါကတိက် သတ္တက နည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် သတ္တကနည်းအထိ ပေယျာလ လုံးဝချန်ခဲ့သည်။

## စတုဝီသတိဝိဓနည်း

တိက် ၂၁-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီ ဟောသော စတုဝီသတိဝိဓနည်း ၂၁-နည်း[၁]

(၁)ကုသလတိက် စတုဝီသတိဝိဓနည်း။ ။နှစ်ဆယ့်လေးပါး ပြားသော နည်းအားဖြင့် သညာ-ကၡန္ဓာသည် ဖြစ်၏။

၁-၃။ မျက်စိအတွေ့ (မျက်စိအကြည်'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သညာက္ခန္ဓာသည် ကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာက္ခန္ဓာသည် ရှိ၏။

၄-၆။ နားအတွေ့ (နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ ပ ။

၇-၉။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၁၀-၁၂။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၁၃-၁၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၆-၁၈။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံ ထိခိုက်မှု) 'မနောသမ္ဖဿ'ဟူသောအကြောင်းကြောင့် ဖြစ်သော သညာက္ခန္ဓာသည် ကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာက္ခန္ဓာသည် ရှိ၏။

၁၉။ မျက်စိ အတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' (စက္ခုသမ္ဖဿ-ဇာသညာ)။

၂၀။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ'(သောတသမ္ဖဿ-ဇာသညာ)။

၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' (ဃာနသမ္ဖဿ-ဇာ သညာ)။

၂၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' (ဇိဝှါသမ္ဖဿဇာ သညာ)။

၂၃။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (ကာယသမ္ဖဿဇာ သညာ)။

---

၁။ စတုဝီသတိဝိဓနည်း ၂၁-နည်း၌ တနည်း တနည်းအတွက် သညာက္ခန္ဓာ ၂၄-ပါးစီ ဖော်ထားရာ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ သညာက္ခန္ဓာပေါင်း (၂၁×၂၄)=၅၀၄-ပါး ဖြစ်သည်။

http://www.dhammadownload.com



၂၄။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' (မနောသမ္ဖဿဇာ သညာ)။ ။ ဤသို့ နှစ်ဆယ့်လေးပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာ သည် ဖြစ်၏။

(ကုသလတိက် စတုဝီသတိဝိဓနည်း ပြီး၏)။

---

(၂) ဝေဒနာတိက် စတုဝီသတိဝိဓနည်း။ ။ထိုမှ တပါးလည်း နှစ်ဆယ့်လေးပါး ပြားသော နည်း အားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သညာက္ခန္ဓာသည် သုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏ ။ ပ ။ [1]

(၂၁) အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း။ ။(နှစ်ဆယ့်လေးပါး ပြားသော နည်းအား ဖြင့် သညာက္ခန္ဓာသည် ဖြစ်၏)။

၁-၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သညာက္ခန္ဓာ သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။

၄-၆။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၇-၉။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၁၀-၁၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၁၃-၁၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

[၁၆-၁၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သညာက္ခန္ဓာ သည် သုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏ ။ ပ ။] [2]

၁၆-၁၈။ (စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သညာက္ခန္ဓာ သည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ [3]

---

၁။ အမှတ် (၃) ဝိပါကတိက် စတုဝီသတိ ဝိဓနည်း မှ အမှတ် (၂၀) အဇ္ဈတ္တတိက် စတုဝီသတိ ဝိဓနည်းအထိ ပေယျာလ လုံးဝချန်ခဲ့သည်။

၂။ ဤစာပိုဒ်သည် ဒုတိယ စတုဝီသတိဝိဓနည်းဖြစ်သော ဝေဒနာတိက်ကို မနောသမ္ဖဿဖြင့် ဝေမ်းဟောပြ ခြင်းကို အဆက်ပြန်ဖော်ခြင်းဖြစ်သည်၊ သုဒ္ဓနည်း ၆-မျိုးကိုမူ အဇ္ဈတ္တာရမ္မဏတိက်နှင့် တပေါင်းတည်း ပြု၍ နောက်ဆုံး၌ ဖော်ပြထားသည်။

၃။ ဤစာပိုဒ်သည် နောက်ဆုံးဖြစ်သော အဇ္ဈတ္တာရမ္မဏတိက်ကို အစီအစဉ်အရ ဖော်ပြခြင်းဖြစ်သည်။

http://www.dhammadownload.com



၁၉-၂၃။ မျက်စိအတွေ့ကြောင့် ဖြစ်သော သညာ (စက္ခုသမ္ဖဿဇာသညာ)။ ပ။

၂၄။ စိတ်အတွေ့ကြောင့် ဖြစ်သော သညာ (မနောသမ္ဖဿဇာသညာ)။ ။ဤသို့ နှစ်ဆယ့်လေးပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း ပြီး၏)။

(တိက် ၂၁-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီ ဟောသော စတုဝီသတိဝိဓနည်း ၂၁-နည်း ပြီး၏၊ ဤစတုဝီသတိဝိဓနည်း၌ သညာပေါင်း (၂၁×၂၄)=၅၀၄-ပါး ဖြစ်၏)။

(စတုဝီသတိဝိဓနည်း ပြီး၏)။

---

## တိံသဝိဓနည်း

ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိံသဝိဓနည်း

သုံးဆယ်ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

၁-၄။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

၅-၈။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၉-၁၂။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၁၃-၁၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၁၇-၂၀။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၂၁-၂၄။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သညာက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

http://www.dhammadownload.com



၂၅-၃၀။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော သညာ (စက္ခုသမ္ဖဿဇာသညာ)။ပ။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့် ဖြစ်သော သညာ (မနောသမ္ဖဿဇာသညာ)။ ။ဤသို့ သုံးဆယ် ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိံသဝိဓနည်း ပြီး၏၊ ဤတိံသဝိဓနည်း၌ သညာပေါင်း ၃၀-ပါး ဖြစ်၏)။

(တိံသဝိဓနည်း ပြီး၏)။

---

### ဗဟုဝိဓနည်း

### တိက် ၂၁-ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ ဟောသည့် များသော အပြားရှိသော ဗဟုဝိဓနည်း ၂၁-နည်း[၁]

**(၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈-ပါး။ ။များသော အပြားအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။**

၁-၇။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၁၅-၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၂၂-၂၈။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၂၉-၃၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၃၆-၄၂။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သညာက္ခန္ဓာသည် ကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သညာ-က္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါ-ဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

၄၃-၄၈။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော သညာ (စက္ခုသမ္ဖဿဇာသညာ)။ပ။

---

၁။ ဤနည်း တနည်း တနည်း၌ သညာပေါင်း ၄၈-ပါး ရှိသည်၊ ထို့ကြောင့် ဗဟုဝိဓနည်း ၂၁-နည်း၌ သညာပေါင်း (၂၁×၄၈)=၁၀၀၈-ပါး ရှိသည်။

http://www.dhammadownload.com



စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့် ဖြစ်သော သညာ (မနောသမ္ဖဿဇာသညာ)။ ။ ဤသို့ များသောအပြားအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(၂) ဝေဒနာတိက် ဗဟုဝိဓနည်း ၄၇-ပါး။ ။ထိုမှတပါးလည်း များသောအပြားအားဖြင့် သညာ-က္ခန္ဓာသည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သညာက္ခန္ဓာသည် သုခဝေဒနာနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏ ။ ပ ။

(၂၁) အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၇-ပါး။ ။ (ထိုမှ တပါးလည်း များသော အပြား အားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏)။

၁-၇။ (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သညာက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' သညာ-က္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၁၅-၂၁။ နှာခေါင်း အတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၂၂-၂၀။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၂၉-၃၅။ ကိုယ်တွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၃၆-၄၂။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သောတရားကိုအာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

---

၁။ အမှတ် (၃) ဝိပါကတိက် ဗဟုဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။

http://www.dhammadownload.com



၄၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော သညာသည် ရှိ၏ (စက္ခုသမ္ဖဿဇာသညာ)။

၄၄။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့် ဖြစ်သော သညာသည် ရှိ၏ (သောတသမ္ဖဿဇာသညာ)။

၄၅။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့် ဖြစ်သော သညာသည် ရှိ၏ (ဃာနသမ္ဖဿဇာသညာ)။

၄၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့် ဖြစ်သော သညာသည် ရှိ၏ (ဇိဝှါသမ္ဖဿဇာသညာ)။

၄၇။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့် ဖြစ်သော သညာသည် ရှိ၏ (ကာယသမ္ဖဿဇာသညာ)။

၄၈။ စိတ်အတွေ့ 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော သညာသည် ရှိ၏ (မနောသမ္ဖဿဇာသညာ)။

ဤသို့ များသော အပြားအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ ဟောသည့် များသောအပြားရှိသော ဗဟုဝိဓနည်း ၂၁-နည်း ပြီး၏၊ ဤဗဟုဝိဓနည်း၌ သညာက္ခန္ဓာပေါင်း (၂၁×၄၈)=၁၀၀၈-ပါး ဖြစ်၏)။

(ဗဟုဝိဓနည်း ပြီး၏)။

ဤ ဆိုခဲ့ပြီးသော သညာတို့ကို မှတ်သားမှုအစု 'သညာက္ခန္ဓာ' ဟု ဆိုအပ်၏။

[သညာပေါင်းမှာ (၁) ဒုကမူလကနည်း ၆၀၆၀-ပါး
(၂) တိကမူလကနည်း ၆၀၆၀-ပါး
(၃) ဥဘတောဝဍ္ဎကနည်း ၁၁၅၅-ပါး
(၄) သတ္တကနည်း ၁၄၇-ပါး
(၅) စတုဝီသတိဝိဓနည်း ၅၀၄-ပါး
(၆) တိံသဝိဓနည်း ၃၀-ပါး
(၇) ဗဟုဝိဓနည်း ၁၀၀၈-ပါး

ပေါင်း ၁၂၂၉၆၄-ပါး ဖြစ်၏]။

သညာက္ခန္ဓာ ပြီး၏။

(သညာတို့ကို အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ'နည်း ပြီး၏)။

http://www.dhammadownload.com



## ၄-သင်္ခါရက္ခန္ဓ ( ပြုပြင်စီရင်မှုအစု ) [၁]

### ဒုကမူလကနည်း

### ဒုကမူ-တိကမူလီ

(ဒုက်တို့ကို မူတည်ပြီးလျှင် တိက်တို့ကို မူလီသွင်း၍ ဟောသော ဒုကမူလကနည်း)

(ဒုက် ၇၂-ခုကို မူတည်ပြီးလျှင် [၂] တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသော ၁၅၁၂-နည်း) [၃]

( ၁-ဟေတုဂေါစ္ဆက ဒုက် ၆-ခုကို မူတည်၍ ဟောခြင်း )

၁-ဟေတုဒုကမူ - တိက် ၂၁-ခု မူလီ ၂၁-နည်း

( ၁ ) ဟေတုဒုကမူ - ကုသလတိကမူလီ ၁၀-နည်း

၉၂။ ထို (ခန္ဓာ ငါးပါး)တို့တွင် အဘယ်သည် ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ' မည်သနည်း။

**ဧကကနည်း**။ ။တပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏ ။ ။စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း**။ ။နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏ ။ ။ဟိတ်မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဟိတ် ၆-ပါး)၊ ဟိတ်မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဟိတ် ၆-ပါးကြဉ်သော သင်္ခါရက္ခန္ဓာ ၄၄-ပါး)။

**တိကနည်း**။ ။သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏ ။ ။ကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သင်္ခါရက္ခန္ဓာသည် ရှိ၏။

**စတုက္ကနည်း**။ ။လေးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

---

၁။ သင်္ခါရက္ခန္ဓာ ဟူသည်မှာ ဝေဒနာ သညာ ကြဉ်သော စေတသိက် ၅၀-အစုပင် ဖြစ်သည်။

၂။ စူဠန္တရဒုက်မှ ပထမဒုက် ၅-ခုနှင့် မဟန္တရဒုက်မှ ပထမဒုက် ၁၃-ခု ပေါင်း-ဒုက် ၁၈-ခု တို့ကို သင်္ခါရက္ခန္ဓာ တရားကိုယ်များ အရမကောက်နိုင်သော ဒုက်ပုဒ်များ ပါဝင်နေသဖြင့် ဤနေရာ၌ မဟော ခဲ့ချေ။ ထို့ကြောင့် ဒုက် ၁၀၀ မှ ၁၈-ခုကို ချန်၍ ဒုက် ၇၂-ခုကိုသာ ဟောခြင်း ဖြစ်သည်။

၃။ ဤ ဒုကမူလကနည်း၌ နည်းပေါင်း (၇၂×၂၁) =၁၅၁၂-နည်းဖြစ်သည်၊ ဤနည်း ၁၅၁၂-နည်း၌ တနည်း တနည်းကိုပင်တဖန် ၁၀-နည်းစီထပ်၍ ပွါးပြန်သည်၊ ထိုထပ်ပွါး ၁၀-နည်း၌ သင်္ခါရက္ခန္ဓာ ၅၅-ပါးရှိသည်၊ ထို့ကြောင့် အသေးစိတ်ရေတွက်သော် သင်္ခါရက္ခန္ဓာပေါင်း ( ၁၅၁၂×၅၅ ) =၈၃၁၆၀-ပါး ဖြစ်သည်။ (ဝေဒနာက္ခန္ဓာ-ဒုကမူလကနည်း စာမျက်နှာ ၇၂-အောက်ခြေ မှတ်ချက်များကိုလည်း လေ့လာ ကြည့်ရှုပါ)။

http://www.dhammadownload.com



။ငါးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ကိုယ်ချမ်းသာ
**ပဉ္စကနည်း။** မှု၌ အစိုးတရခံစားခြင်း 'သုခိန္ဒြေ' နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည်, ရှိ၏၊ ကိုယ်
ဆင်းရဲမှု၌ အစိုးတရခံစားခြင်း 'ဒုက္ခိန္ဒြေ' နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ စိတ်ချမ်းသာမှု၌
အစိုးတရခံစားခြင်း 'သောမနဿိန္ဒြေ' နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ စိတ်မချမ်းသာမှု
စိတ်နှလုံးမသာယာမှု၌ အစိုးတရခံစားခြင်း 'ဒေါမနဿိန္ဒြေ' နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊
လျစ်လျူရှုမှု၌ အစိုးတရခံစားခြင်း 'ဥပေက္ခိန္ဒြေ' နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ ။ဤသို့
ငါးပါးပြားသော နည်းအားဖြင့် ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ' သည် ဖြစ်၏။

။ခြောက်ပါး ပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။မျက်စိ
**ဆက္ကနည်း။** အတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု)
'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာ စေတနာ)၊ နားအတွေ့ (နားအကြည်
'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံ ထိခိုက်မှု) 'သောတသမ္ဖဿ' ကြောင့် ဖြစ်သော
စေတနာ (သောတသမ္ဖဿဇာ စေတနာ)၊ နှာခေါင်း အတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့်
အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ဃာနသမ္ဖဿဇာ
စေတနာ)၊ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါ
သမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ဇိဝှါသမ္ဖဿဇာ စေတနာ)၊ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့
တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာ စေတနာ)။ ။
ဤသို့ ခြောက်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

။ ခုနစ်ပါးပြားသောနည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။မျက်စိအတွေ့
**သတ္တကနည်း။** 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာ စေတနာ)၊ နား
အတွေ့ 'သောတသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (သောတသမ္ဖဿဇာ စေတနာ)၊ နှာခေါင်း
အတွေ့ 'ဃာနသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (ဃာနသမ္ဖဿဇာ စေတနာ)၊ လျှာအတွေ့
'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ဇိဝှါသမ္ဖဿဇာ စေတနာ)၊ ကိုယ်အတွေ့ 'ကာယသမ္ဖဿ'
ကြောင့်ဖြစ်သော စေတနာ (ကာယသမ္ဖဿဇာ စေတနာ)၊ မနောဓာတ်အတွေ့ (ပဉ္စဒွါရာဝဇ္ဇန်း
သမ္ပဋိစ္ဆိုင်းဒွေစိတ်တို့နှင့် ပဉ္စာရုံတို့ ထိခိုက်မှု) 'မနောဓာတုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ
(မနောဓာတုသမ္ဖဿဇာ စေတနာ)၊ မနောဝိညာဏဓာတ်အတွေ့ (ဒွေပဉ္စဝိညာဏ် တဆယ်နှင့်
မနောဓာတ်သုံးပါးကြဉ်သည့်စိတ်တို့နှင့် ဓမ္မာရုံတို့ထိခိုက်မှု) 'မနောဝိညာဏဓာတုသမ္ဖဿ' ကြောင့်
ဖြစ်သော စေတနာ (မနောဝိညာဏဓာတုသမ္ဖဿဇာ စေတနာ)။ ။ဤသို့ ခုနစ်ပါးပြားသော
နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

။ရှစ်ပါးပြားသောနည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။မျက်စိအတွေ့
**အဋ္ဌကနည်း။** 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏။ ပ။ ကိုယ်အတွေ့
'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော သုခဝေဒနာနှင့်တကွဖြစ်သော စေတနာသည် ရှိ၏၊ (ကိုယ်အတွေ့
'ကာယသမ္ဖဿ' ကြောင့် ဖြစ်သော) ဒုက္ခဝေဒနာနှင့် တကွဖြစ်သော စေတနာသည် ရှိ၏၊ မနော
ဓာတ်အတွေ့ 'မနောဓာတုသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာသည် ရှိ၏၊ မနောဝိညာဏဓာတ်
အတွေ့ 'မနောဝိညာဏဓာတုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏။ ။ဤသို့ ရှစ်ပါး
ပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

http://www.dhammadownload.com



**နဝကနည်း။** ။ကိုးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏။ပ။ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော စေတနာသည် ရှိ၏၊ မနောဝိညာဏဓာတ်အတွေ့ကြောင့် ဖြစ်သော ကုသိုလ်စေတနာသည် ရှိ၏၊ (မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော) အကုသိုလ်စေတနာသည် ရှိ၏၊ (မနောဝိညာဏဓာတ်အတွေ့ကြောင့် ဖြစ်သော) အဗျာကတ စေတနာသည် ရှိ၏။ ။ဤသို့ ကိုးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

**ဒသကနည်း။** ။ဆယ်ပါးပြားသောနည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ ။ပ။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ'ကြောင့် ဖြစ်သော သုခဝေဒနာနှင့်တကွဖြစ်သော စေတနာသည် ရှိ၏၊ (ကိုယ်အတွေ့ 'ကာယသမ္ဖဿ'ကြောင့် ဖြစ်သော) ဒုက္ခဝေဒနာနှင့်တကွဖြစ်သော စေတနာသည် ရှိ၏၊ မနောဓာတ်အတွေ့ကြောင့် ဖြစ်သော စေတနာသည် ရှိ၏၊ မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော ကုသိုလ် စေတနာသည် ရှိ၏၊ (မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော) အကုသိုလ် စေတနာသည် ရှိ၏၊ (မနောဝိညာဏ ဓာတ်အတွေ့ကြောင့် ဖြစ်သော) အဗျာကတ စေတနာသည် ရှိ၏။ ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၂) ဟေတုဒုကမူ - ဝေဒနာတိကမူလီ ၁၀-နည်း

**ဧကကနည်း** ၉၃။ တပါးပြားသောနည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ [၁] ပီတိနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ ။ပ။

## (၃) ဟေတုဒုကမူ - ဝိပါကတိကမူလီ ၁၀-နည်း

ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်းသဘော ရှိသော (အကျိုး ဝိပါက်ကို ဖြစ်စေတတ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏(ကုသိုလ်,အကုသိုလ်စိတ် တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘော ရှိသည်လည်းမဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော)သင်္ခါရက္ခန္ဓာသည် ရှိ၏(ကြိယာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ) ။ပ။

---

၁။ ဤ 'ဟေတုဒုကမူ-ဝေဒနာတိကမူလီ' မှစ၍ ကျန်သော တိကမူလီများ၌ ၁၀-နည်းစလုံးကို မပြတော့ချေ၊ 'ဟေတုဒုကမူ-ကုသလတိကမူလီ'၌ ပြဆိုသည့်အတိုင်း ချဲ့ထွင်သိပါလေ။

http://www.dhammadownload.com



## (၄) ဟေတုဒုကမူ - ဥပါဒိန္နတိကမူလီ ၁၀-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လော္ကီဝိပါက်စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ) ။ ပ ။

## (၅) ဟေတုဒုကမူ - သံကိလိဋ္ဌတိကမူလီ ၁၀-နည်း

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုနှင့် ဒုက် ၂၁-ခုတို့ကို တစုံစီထား၍ ပွါးသော 'ဥဘတောဝစုက'နည်း ပြီး၏၊ အသေးစိတ်ရေတွက်သော် ဤနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၅၅)=၁၁၅၅-ပါး ဖြစ်၏)။

တိက်နှင့် ဒုကတို့ကို တစုံစီထား၍ ပွါးသော 'ဥဘတောဝစုကနည်း' ပြီး၏ ။

---

## ဗဟုဝိဓဝါရ

## (များသောအပြားအားဖြင့် ဟောသော 'ဗဟုဝိဓဝါရ' နည်း ၂၁-နည်း)

### သတ္တကနည်း

### တိက် ၂၁-ခုကို ဘုံလေးပါးတို့ဖြင့် ဝေဖန်၍ ၇-ပါးစီဟောသော သတ္တကနည်း ၂၁-နည်း

(၁) ကုသလတိက် သတ္တကနည်း။ ။ခုနစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ပြုပြင်စီရင်မှုအစု 'ကုသိုလ်သင်္ခါရက္ခန္ဓာ'သည် ရှိ၏၊ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော ပြုပြင်စီရင်မှုအစု 'အကုသိုလ် သင်္ခါရက္ခန္ဓာ'သည် ရှိ၏၊ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော ပြုပြင်စီရင်မှုအစု 'အဗျာကတ သင်္ခါရက္ခန္ဓာ'သည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော(ရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။ ။ဤသို့ ခုနစ်ပါး ပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(၂) ဝေဒနာတိက် သတ္တကနည်း။ ။ထိုမှတပါးလည်း ခုနစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။သုခဝေဒနာနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခ (ဥပေက္ခာ) ဝေဒနာနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။ ပ ။[၁]

(၂၁) အဇ္ဈတ္တာရမ္မဏတိက် သတ္တကနည်း။ ။အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'

---

၁။ အမှတ် (၃) ဝိပါကတိက် သတ္တကနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် သတ္တကနည်းအထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။

http://www.dhammadownload.com



သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော အပရိယာပန္န (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။ ။ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(သတ္တကနည်း ၂၁-နည်း ပြီး၏၊ အသေးစိတ်ရေတွက်သော် ဤနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၇)=၁၄၇-ပါး ဖြစ်၏)။

(ဗဟုဝိဓဝါရ သတ္တကနည်း ၂၁-နည်း ပြီး၏)။

---

## စတုဝီသတိဝိဓနည်း

တိက် ၂၁-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီဟောသော စတုဝီသတိ ဝိဓနည်း ၂၁-နည်း[၁]

(၁) ကုသလတိက် စတုဝီသတိဝိဓနည်း။ ။နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

၁-၂-၃။ မျက်စိအတွေ့ (မျက်မိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း'ရူပါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကုသိုလ်သင်္ခါရက္ခန္ဓာလည်း ရှိ၏၊ အကုသိုလ် သင်္ခါရက္ခန္ဓာလည်း ရှိ၏၊ အဗျာကတသင်္ခါရက္ခန္ဓာလည်း ရှိ၏။

၄-၅-၆။ နားအတွေ့ (နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၇-၈-၉။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၁၀-၁၁-၁၂။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၁၃-၁၄-၁၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၁၆-၁၇-၁၈။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကုသိုလ် သင်္ခါရက္ခန္ဓာလည်း ရှိ၏၊ အကုသိုလ် သင်္ခါရက္ခန္ဓာလည်း ရှိ၏၊ အဗျာကတ သင်္ခါရက္ခန္ဓာလည်း ရှိ၏။

---

၁။ စတုဝီသတိ ဝိဓနည်း ၂၁-နည်း၌ တနည်းတနည်းအတွက် သင်္ခါရက္ခန္ဓာ ၂၄-ပါးစီ ဟောထားရာ အသေးစိတ်ရေတွက်ပါမူ ဤနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၂၄)=၅၀၄-ပါး ဖြစ်သည်။

http://www.dhammadownload.com



၁၉-၂၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာ စေတနာ) ။ ပ ။

၂၄။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)။

ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

( ကုသလတိက် စတုဝီသတိ ဝိဓနည်း ပြီး၏ )။

(၂) ဝေဒနာတိက် စတုဝီသတိဝိဓနည်း။ ။ထိုမှတပါးလည်း နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

၁-၂-၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရက္ခန္ဓာသည် သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာလည်း ရှိ၏ ။ ပ ။ [၁]

(၂၁) အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း ၁-၂-၃။ (မျက်စိအတွေ့'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရက္ခန္ဓာသည်) အတွင်း'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။

[မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ ။ ပ။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ]။ [၂]

၄-၅-၆။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့် (သောတသမ္ဖဿ-ပစ္စယာ) ။ ပ ။

၇-၈-၉။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့် (ဃာနသမ္ဖဿ-ပစ္စယာ) ။ ပ ။

၁၀-၁၁-၁၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့် ( ဇိဝှါသမ္ဖဿ-ပစ္စယာ) ။ ပ ။

၁၃-၁၄-၁၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့် (ကာယသမ္ဖဿ-ပစ္စယာ)။ ပ ။

---

၁။ အမှတ် (၃) ဝိပါကတိက် စတုဝီသတိဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် စတုဝီသတိဝိဓနည်းအထိ (စတုဝီသတိဝိဓနည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။

၂။ ဤစာပိုဒ်မှာ ပါဠိတော်၌ ပါရှိနေသဖြင့်သာ အနက်ပြန်ဆိုရေးသားလိုက်ပါသည်။ စင်စစ်မှာ ဤစာပိုဒ်သည် အပိုသာ ဖြစ်ပါသည်။

http://www.dhammadownload.com



[၁၆-၁၇-၁၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါ-ရက္ခန္ဓာသည် သုခဝေဒနာနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ ။ ပ ။][၁]

၁၆-၁၇-၁၈။ (စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါ-ရက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။[၂]

၁၉။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာ စေတနာ)။

၂၀။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (သောတသမ္ဖဿဇာ-စေတနာ)။

၂၁။ နှာခေါင်းအတွေ့'ဃာနသမ္ဖဿ'ကြောင့်ဖြစ်သောစေတနာ(ဃာနသမ္ဖဿဇာ စေတနာ)။

၂၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (ဇိဝှါသမ္ဖဿဇာ စေတနာ)။

၂၃။ ကိုယ်အတွေ့'ကာယသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာ(ကာယသမ္ဖဿဇာ စေတနာ)။

၂၄။ စိတ်အတွေ့'မနောသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (မနောသမ္ဖဿဇာ စေတနာ)။

ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း ပြီး၏)။

(တိက် ၂၁-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီ ဟောသော စတုဝီသတိဝိဓနည်း ၂၁-နည်း ပြီး၏၊ အသေးစိတ်ရေတွက်သော် ဤစတုဝီသတိဝိဓနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၂၄)= ၅၀၄-ပါး ဖြစ်၏)။

(စတုဝီသတိဝိဓနည်း ပြီး၏)။

---

## တိံသဝိဓနည်း

(ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိံသဝိဓနည်း)

သုံးဆယ်ပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

၁-၄။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' သင်္ခါ-ရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော)

---

၁။ ဤစာပိုဒ်သည် ဒုတိယစတုဝီသတိဝိဓနည်းဖြစ်သော ဝေဒနာတိက်ကို မနောသမ္ဖဿဖြင့် ဝေဖန်ဟောပြသည့်အဆက်ကို ပြန်ပေါ်ခြင်းဖြစ်သည်။ သုတ္တနည်း ၆-ပါးကိုမူ တပေါင်းတည်းပြုပြီးလျှင် နောက်ဆုံး၌ ပေါ်ပြထားသည်။ စင်စစ်အားဖြင့် ဤစာပိုဒ်သည် မလိုချေ၊ စာကြည့်သူကို ရှုပ်ထွေးစေသည်။

၂။ ဤစာပိုဒ်သည် နောက်ဆုံးဖြစ်သော အဇ္ဈတ္တာရမ္မဏတိက်ကို အစီအစဉ်အရ ပေါ်ပြခြင်းဖြစ်သည်။

http://www.dhammadownload.com



'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

၅-၈။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၉-၁၂။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၁၃-၁၆။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၁၇-၂၀။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၂၁-၂၄။ စိတ်အတွေ့ (စိတ်နှင့်ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ,အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

၂၅-၂၉။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (စက္ခုသမ္ဖဿဇာစေတနာ) ။ ပ ။

၃၀။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာသည် ရှိ၏ (မနောသမ္ဖဿဇာ စေတနာ)။ ။ဤသို့ သုံးဆယ်ပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိ'သဝိဓနည်း ပြီး၏၊ ဤတိ'သဝိဓနည်း၌ သင်္ခါရက္ခန္ဓာပေါင်း ၃၀-ပါး ဖြစ်၏)။

(တိံသဝိဓနည်း ပြီး၏)။

---

## ဗဟုဝိဓနည်း

### တိက် ၂၁-ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ ဟောသည် များသော အပြားရှိသော ဗဟုဝိဓနည်း ၂၁-နည်း[၁]

**(၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈-ပါး။ ။များသော အပြားအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။**

၁-၇။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကုသိုလ်သင်္ခါရက္ခန္ဓာသည်

---

၁။ ဤနည်း တနည်းတနည်း၌ သင်္ခါရက္ခန္ဓာပေါင်း ၄၈-ပါး ရှိ၏၊ ဗဟုဝိဓနည်း ၂၁-နည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၄၈)=၁၀၀၈-ပါး ဖြစ်၏။

ရှိ၏၊ အကုသိုလ်သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဗျာကတသင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကာမတဏှာ၏ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော (ရူပဘုံ၌သက်ဝင်၍ ဖြစ်သော) 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော) 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၁၅-၂၁။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၂၂-၂၈။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၂၉-၃၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့်အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၃၆-၄၂။ စိတ်အတွေ့ (စိတ်နှင့်ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသောအကြောင်းကြောင့် ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကုသိုလ်သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဗျာကတသင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

၄၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာစေတနာ)။

၄၄။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (သောတသမ္ဖဿဇာစေတနာ)။

၄၅။ နှာခေါင်း အတွေ့ 'ဃာနသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (ဃာနသမ္ဖဿဇာစေတနာ)။

၄၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (ဇိဝှါသမ္ဖဿဇာ စေတနာ)။

၄၇။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (ကာယသမ္ဖဿဇာစေတနာ)။

၄၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)။ ။ ဤသို့ များသော အပြားအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(၂) ဝေဒနာတိက် ဗဟုဝိဓနည်း ၄၈-ပါး။ ။ ထိုမှ တပါးလည်း များသော အပြားအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

http://www.dhammadownload.com



၁-၄၇။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရက္ခန္ဓာသည် သုခဝေဒနာနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ ပ။[၁]

(၂၁) အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၇-ပါး ၁-၇။ (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၂၂-၂၈။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၂၉-၃၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

[၃၆-၄၂။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရက္ခန္ဓာသည် သုခဝေဒနာနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ ပ။ ][၂]

၃၆-၄၂။ (စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။[၃]

---

၁။ အမှတ် (၃) ဝိပါကတိက် ဗဟုဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ (ဗဟုဝိဓနည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။

၂။ အဇ္ဈတ္တာရမ္မဏတိက်ကို အမှတ် ၃၅-တွင် ရပ်၍ ဝေဒနာတိက်မှ အမှတ် ၃၆-၄၂ ကို သတိရရန် ပြန်၍ ဖော်ပြခြင်းဖြစ်သည်။ စင်စစ် ဤစာပိုဒ်သည် မလိုချေ၊ စာကြည့်သူကို ရှုပ်ထွေးစေနိုင်သည်။

၃။ ဤစာပိုဒ်သည် အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်းကို အစီအစဉ်အရ ဖော်ပြခြင်းဖြစ်သည်။ ထို့နောက်မှ ပဿ ၆-ပါး သက်သက်ကို ဆက်လက်ထည့်သွင်းပြီးလျှင် ရေတွက်၍ပြသည်။

http://www.dhammadownload.com



၄၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (စက္ခုသမ္ဖဿဇာ စေတနာ)။

၄၄။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာသည် ရှိ၏ (သောတ-သမ္ဖဿဇာ စေတနာ)။

၄၅။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာသည် ရှိ၏ (ဃာန-သမ္ဖဿဇာ စေတနာ)။

၄၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (ဇိဝှါသမ္ဖဿဇာ စေတနာ)။

၄၇။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာသည် ရှိ၏ (ကာယ-သမ္ဖဿဇာ စေတနာ)။

၄၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာသည် ရှိ၏ (မနော-သမ္ဖဿဇာ စေတနာ)။

ဤသို့ များသော အပြားအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ဟောသည့် များသော အပြားရှိသော ဗဟုဝိဓနည်း ၂၁-နည်း ပြီး၏၊ အသေးစိတ်ရေတွက်သော် ဤဗဟုဝိဓနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၄၈)=၁၀၀၈-ပါး ဖြစ်၏။)

(ဗဟုဝိဓနည်း ပြီး၏)။

ဤဆိုအပ်ခဲ့ပြီးသော သင်္ခါရတို့ကို ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ' ဟု ဆိုအပ်၏။

| | | | | |
|---|---|---|---|---|
| [သင်္ခါရက္ခန္ဓာပေါင်းမှာ | (၁) | ဒုကမူလကနည်း | .... | ၉၄၇၁၀-ပါး |
| | (၂) | တိကမူလကနည်း | .... | ၉၄၇၁၀-ပါး |
| | (၃) | ဥဘတောဝဍ္ဎကနည်း | .... | ၁၁၅၅-ပါး |
| | (၄) | သတ္တကနည်း | .... | ၁၄၇-ပါး |
| | (၅) | စတုဝီသတိဝိဓနည်း | .... | ၅၀၄-ပါး |
| | (၆) | တိံသဝိဓနည်း | .... | ၃၀-ပါး |
| | (၇) | ဗဟုဝိဓနည်း | .... | ၁၀၀၈-ပါး |
| | | ပေါင်း | | ၁၉၂၂၆၄-ပါး ဖြစ်၏ ]။ |

သင်္ခါရက္ခန္ဓာ ပြီး၏။

(သင်္ခါရက္ခန္ဓာတို့ကို အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော 'အဘိဓမ္မာဘာဇနီယ' နည်း ပြီး၏)။

http://www.dhammadownload.com



## ၅-ဝိညာဏက္ခန္ဓ (သိမှုအစု)

### ဒုကမူလကနည်း

### ဒုကမူ-တိကမူလိ

ဒုက်တို့ကို မူတည်၍ တိက်တို့ကို မူလီသွင်း၍ဟောသော ဒုကမူလကနည်း

(ဒုက် ၅၂-ခု[၁]ကို မူတည်၍ တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသောနည်း (၅၂×၂၁)=၁၀၉၂-နည်း)[၂]

(၁-ဟေတုဂေါစ္ဆကမှ ဒုက် ၃-ခု)

၁-သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(၁) သဟေတုကဒုကမူ-ကုသလတိကမူလိ ၁၀-နည်း[၃]

၁၂၁။ ထို (ခန္ဓာ ငါးပါးတို့) တွင် အဘယ်သည် သိမှုအစု 'ဝိညာဏက္ခန္ဓာ' မည်သနည်း။

**ဧကကနည်း။** ။တပါး ပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါး ပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော 'ကုသိုလ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော 'အကုသိုလ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကုသိုလ်၊ အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' ဝိညာဏက္ခန္ဓာသည် ရှိ၏။

**စတုက္ကနည်း။** ။လေးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ဖြစ်သော) 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ၊ ရူပ၊ အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) 'အပရိယာပန္န' ဝိညာဏက္ခန္ဓာသည် ရှိ၏။

---

၁။ ဝိညာဏက္ခန္ဓာ တရားကိုယ်များ အချမကောက်နိုင်သော ဒုက်ပုဒ်များ ပါဝင်နေသည့် ဒုက် ၄၈-ခုကို မဟောချေ။

၂။ ဤဝိညာဏက္ခန္ဓာ ဒုကမူလကနည်း၌ နည်းပေါင်း (၅၂×၂၁)=၁၀၉၂-နည်း ဖြစ်သည်၊ ဤနည်း ၁၀၉၂ နည်း၌ တနည်း တနည်းကိုပင် တဖန် ၁၀-နည်းစီ ထပ်၍ ပွါးပြန်သည်၊ ထိုထပ်ပွါး ၁၀-နည်း၌ ဝိညာဏက္ခန္ဓာ ၅၅-ပါး ရှိသည်၊ ထို့ကြောင့် အသေးစိတ်ရေတွက်သော် ဝိညာဏက္ခန္ဓာပေါင်း (၁၀၉၂×၅၅) = ၆၀၀၆၀-ပါး ဖြစ်သည်။

၃။ ဤ ၁၀-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း ၅၅-ပါး ရှိသည်။

http://www.dhammadownload.com



ပဉ္စကနည်း။ ။ငါးပါး ပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ကိုယ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သုခိန္ဒြေ' နှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကိုယ်ဆင်းရဲမှု၌ အစိုးတရ ခံစားခြင်း 'ဒုက္ခိန္ဒြေ' နှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ စိတ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သောမနဿိန္ဒြေ' နှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ စိတ်မချမ်းသာမှု စိတ်နှလုံးမသာယာမှု၌ အစိုးတရ ခံစားခြင်း 'ဒေါမနဿိန္ဒြေ' နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ လျစ်လျူရှုမှု၌ အစိုးတရ ခံစားခြင်း 'ဥပေက္ခိန္ဒြေ' နှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ။ဤသို့ ငါးပါး ပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

ဆက္ကနည်း။ ။ခြောက်ပါး ပြားသောနည်းအားဖြင့် သိမှုအစု 'ဝိညာဏက္ခန္ဓာ' သည် ဖြစ်၏။ ။မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်'။ ။ဤသို့ ခြောက်ပါး ပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

သတ္တကနည်း။ ။ခုနစ်ပါး ပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ (အာရုံငါးပါးကို) သိကာမျှသာသော 'မနောဓာတ်' (ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းနှစ်ခု)၊ (အာရုံခြောက်ပါးကို) အထူး သိမှုသာသော 'မနောဝိညာဏဓာတ်' (ကြွင်းသောစိတ်များ)။ ။ဤသို့ ခုနစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

အဋ္ဌကနည်း။ ။ရှစ်ပါး ပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ သုခဝေဒနာနှင့်တကွဖြစ်သော ကာယဝိညာဏ်၊ ဒုက္ခဝေဒနာနှင့်တကွ ဖြစ်သော ကာယဝိညာဏ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်။ ။ဤသို့ ရှစ်ပါး ပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

နဝကနည်း။ ။ကိုးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဓာတ်၊ ကုသိုလ်မနောဝိညာဏဓာတ်၊ အကုသိုလ်မနောဝိညာဏဓာတ်၊ အဗျာကတမနောဝိညာဏဓာတ်။ ။ဤသို့ ကိုးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

ဒသကနည်း။ ။ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။စက္ခုဝိညာဏ်။ ပ။ သုခဝေဒနာနှင့်တကွဖြစ်သော ကာယဝိညာဏ်၊ ဒုက္ခဝေဒနာနှင့် တကွဖြစ်သော ကာယဝိညာဏ်၊ မနောဓာတ်၊ ကုသိုလ်မနောဝိညာဏဓာတ်၊ အကုသိုလ် မနောဝိညာဏဓာတ်၊ အဗျာကတမနောဝိညာဏဓာတ်။ ။ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(သဟေတုကဒုကမူ-ကုသလတိကမူလီ ၁၀-နည်း ပြီး၏၊ ဤ ၁၀-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၁၀×၅၅)= ၅၅၀-ပါး ဖြစ်၏)။

## (၂) သဟေတုကဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

ဧကကနည်း ၁၂၂။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿ နှင့်ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

http://www.dhammadownload.com



ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါး ပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဒုက္ခ မသုခဝေဒနာ (ဥပေက္ခာဝေဒနာ) နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

## (၃) သဟေတုကဒုကမူ - ဝိပါကတိကမူလီ ၁၀-နည်း

ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်များ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်များ)၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘော ရှိသည်လည်းမဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်များ)။ ပ ။

## (၄) သဟေတုကဒုကမူ - ဥပါဒိန္နတိကမူလီ ၁၀-နည်း

တဏှာ ဒိဋ္ဌိ တို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာ ဒိဋ္ဌိ တို့၏ အာရုံဖြစ်သော ကံကြောင့်လည်းဖြစ်၍) ဥပါဒါန်၏ အာရုံလည်းဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီ ဝိပါက်စိတ်များ)၊ တဏှာ ဒိဋ္ဌိ တို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, အကုသိုလ်, ကြိယာစိတ်များ)၊ တဏှာ ဒိဋ္ဌိ တို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာ ဒိဋ္ဌိ တို့၏ အာရုံဖြစ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ ပ ။

## (၅) သဟေတုကဒုကမူ - သံကိလိဋ္ဌတိကမူလီ ၁၀-နည်း

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်းဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်များ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာ တို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ ပ ။

## (၆) သဟေတုကဒုကမူ - ဝိတက္ကတိကမူလီ ၁၀-နည်း

ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒုတိယဈာန်စိတ် ၁၁-ပါး)၊ ဝိတက် လည်း မရှိမူ၍ ဝိစာရလည်းမရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ ပ ။

http://www.dhammadownload.com



### (၇) သဟေတုကဒုကမူ - ပီတိတိကမူလီ ၁၀-နည်း

ပီတိနှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (သပ္ပီတိကစိတ် ၅၁-ပါး)၊ သုခဝေဒနာနှင့် တကွဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃-ပါး)၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး) ။ ပ ။

### (၈) သဟေတုကဒုကမူ - ဒဿနတိကမူလီ ၁၀-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ (သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တဖန် ထပ်၍မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏(ကြွင်းသော အကုသိုလ်စိတ် ခုနစ်ပါး)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာ စိတ်များ) ။ ပ ။

### (၉) သဟေတုကဒုကမူ-ဒဿနဟေတုတိကမူလီ ၁၀-နည်း

(ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ် ခုနစ်ပါး)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ) ။ ပ ။

### (၁၀) သဟေတုကဒုကမူ-အာစယဂါမိတိကမူလီ ၁၀-နည်း

စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်သော 'အာစယဂါမိ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်စိတ်များ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော 'အပစယဂါမိ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး)၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်နှင့် ကြိယာစိတ်များ) ။ ပ ။

### (၁၁) သဟေတုကဒုကမူ-သေက္ခတိကမူလီ ၁၀-နည်း

(အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး နှင့် အောက်ဖိုလ်သုံးပါး)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ် ၈၁-ပါး) ။ ပ ။

### (၁၂) သဟေတုကဒုကမူ-ပရိတ္တတိကမူလီ ၁၀-နည်း

နည်းသော အာနုဘော်ရှိသည့် 'ပရိတ္တ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကာမစိတ်များ)၊ မြင့်မြတ်သည်၏အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်

http://www.dhammadownload.com



စိတ်များ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သည့် (ရာဂအစရှိသော) ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ် ၈-ပါး)။

## (၁၃) သဟေတုကဒုကမူ-ပရိတ္တာရမ္မဏတိကမူလီ ၁၀-နည်း

ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (မနှိုင်းယှဉ်အပ်သော လောကုတ္တရာတရား) ကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။

## (၁၄) သဟေတုကဒုကမူ-ဟီနတိကမူလီ ၁၀-နည်း

ယုတ်ညံ့သော 'ဟီန' ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ အလယ် အလတ်ဖြစ်သော 'မဇ္ဈိမ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ မြင့်မြတ်သော 'ပဏီတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ် ၈-ပါး) ။ ပ ။

## (၁၅) သဟေတုကဒုကမူ-မိစ္ဆတ္တတိကမူလီ ၁၀-နည်း

ဖောက်ပြန်သောသဘော ရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးတို့၏သတ္တမဇောနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇော)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် ၄-ပါး)၊ (နှစ်ပါးသော အခြင်းအရာအားဖြင့်) အကျိုးပေးမမြဲသော 'အနိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ) ။ ပ ။

## (၁၆) သဟေတုကဒုကမူ-မဂ္ဂါရမ္မဏတိကမူလီ ၁၀-နည်း

မဂ်ကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်)၊ မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိ=ပညာ=အမောဟ) ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့်-ပညာတည်းဟူသော အမောဟဟိတ်နှင့်ယှဉ်သည့် မဂ်စိတ်လေးခု)၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ=ပညာ=ဝီမံသာဓိပတိ, သမ္မာဝါယာမ=ဝီရိယာဓိပတိ) ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ပညာတည်းဟူသော ဝီမံသာဓိပတိနှင့် သမ္မာဝါယာမ မဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယတို့နှင့်ယှဉ်သည့် မဂ်စိတ် လေးခု) ။ ပ ။

## (၁၇) သဟေတုကဒုကမူ-ဥပ္ပန္နတိကမူလီ ၁၀-နည်း

ဥပါဒ်,ဌီ,ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော 'ပစ္စုပ္ပန်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဥပါဒ်,ဌီ,ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော 'အနာဂတ်' ဝိညာဏက္ခန္ဓာသည် ရှိ၏ (နောင်အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်များ)၊ မချွတ်ကေန် ဖြစ်လတ္တံ့သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်များ) ။ ပ ။

http://www.dhammadownload.com



### (၁၈) သဟေတုကဒုကမူ-အတီတတိကမူလီ ၁၀-နည်း

ဖြစ်ပြီးသော 'အတိတ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။

### (၁၉) သဟေတုကဒုကမူ-အတီတာရမ္မဏတိကမူလီ ၁၀-နည်း

ဖြစ်ပြီးသော 'အတိတ်' တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။

### (၂၀) သဟေတုကဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

### (၂၁) သဟေတုကဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(သဟေတုကဒုက်ကို မူတည်ပြီးလျှင် တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသော သဟေတုကဒုကမူလကနည်း ၂၁-နည်း ပြီး၏၊ ဤနည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၅၅) =၁၁၅၅-ပါး ဖြစ်၏)။

(သဟေတုကဒုကမူ-တိကမူလီ ၂၁-နည်း ပြီး၏)။

### ၂-ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

**ဧကကနည်း** ၁၂၁။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း**။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

### ၃-နဟေတု သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဟိတ်မမည်မူ၍ ဟိတ်သာရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်းမမည်မူ၍ ဟိတ်လည်း မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။

---

၁။ ဤ ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း၌ တနည်း တနည်းလျှင် ထပ်မံ၍ ဧကက မှ ဒသက အထိ ၁၀-နည်းစီ ဟောပြရန် ဖြစ်သည်၊ သို့ရာတွင် ဤနည်း၌ ရှေးဦးအစမျှကိုသာ ဖော်ပြထားသည်။ အကျယ်ဖွင့်လိုလျှင် ပြဆိုခဲ့ပြီးသော သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်းအတိုင်း နည်းယူ၍ ဖွင့်ဆိုပါလေ၊ ကျန် 'ဒုက' မူများအတွက်လည်း ဤနည်းအတိုင်း သိပါလေ။

http://www.dhammadownload.com



(၂-စူဠန္တရဒုကမှ ဒုက် ၂-ခု)

၄-လောကိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

လောက၌ အကျုံးဝင်သော 'လောကီ'ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ် ၈-ပါး)။ ပ။

၅-ကေနစိဝိညေယျဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

တစုံတခုသော စိတ်သည် သိအပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ တစုံတခုသော စိတ်သည် မသိအပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

(၃-အာသဝဂေါစ္ဆကမှ ဒုက် ၃-ခု)

၆-သာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့၏သန္တာန်၌)ယိုစီးနေတတ် ဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော သဘော 'အာသဝ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

၇-အာသဝသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အာသဝနှင့်(လောဘ,ဒိဋ္ဌိ,မောဟတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ အာသဝနှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

၈-အာသဝဝိပ္ပယုတ္တ သာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အာသဝနှင့်မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ ပ။

(၄-သညောဇနဂေါစ္ဆကမှ ဒုက် ၃-ခု)

၉-သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်'၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

၁၀-သံယောဇနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သံယောဇဉ်နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ သံယောဇဉ်နှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

http://www.dhammadownload.com



### ၁၁-သံယောဇနဝိပ္ပယုတ္တ သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်,ဝိပါက်,ကြိယာစိတ်များ)၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ) ။ ပ ။

( ၅-ဂန္ထဂေါစ္ဆကမှ ဒုက် ၃-ခု )

### ၁၂-ဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော 'ဂန္ထ'၏ (လောဘ, ဒေါသ, ဒိဋ္ဌိ တို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ဂန္ထ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ) ။ ပ ။

### ၁၃-ဂန္ထသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဂန္ထနှင့် (လောဘ,ဒေါသ,ဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောဘမူ, ဒေါသမူ စိတ်များ)၊ ဂန္ထနှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ ပ ။

### ၁၄-ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဂန္ထနှင့်မယှဉ်မူ၍ ဂန္ထ၏အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။

(၆-ဩဃဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၁၅-ဩဃနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော 'ဩဃ'၏ ( လောဘ, ဒိဋ္ဌိ, မောဟ တို့၏ ) အာရုံ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ဩဃ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ) ။ ပ ။

### ၁၆-ဩဃသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဩဃနှင့် (လောဘ,ဒိဋ္ဌိ,မောဟတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ ဩဃနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

### ၁၇-ဩဃဝိပ္ပယုတ္တ ဩဃနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဩဃနှင့်မယှဉ်မူ၍ ဩဃ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။

http://www.dhammadownload.com



(၇-ယောဂဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၁၈-ယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် တွယ်ကပ်စေတတ်သော 'ယောဂ'၏ (လောဘ, ဒိဋ္ဌိ, မောဟ တို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ယောဂ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။

### ၁၉-ယောဂသမ္ပယုတ္တဒုကမူ တိက်-၂၁-ခု မူလီ ၂၁-နည်း

ယောဂနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။

### ၂၀-ယောဂဝိပ္ပယုတ္တ ယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ယောဂနှင့်မယှဉ်မူ၍ ယောဂ၏ အာရုံသာ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏(လောကီကုသိုလ်, ဝိပါက်,ကြိယာစိတ်များ)၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ) ။ ပ ။

(၈-နီဝရဏဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၂၁-နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(ချမ်းမင်္ဂဖိုလ်တရားတို့ကို) တားမြစ်ပိတ်ပင်တတ်သော သဘော 'နီဝရဏ'၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ နီဝရဏ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။

### ၂၂-နီဝရဏသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

နီဝရဏနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏(အကုသိုလ်စိတ် ၁၂-ပါး)၊နီဝရဏနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။

### ၂၃-နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

နီဝရဏနှင့်မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။

(၉-ပရာမာသဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၂၄-ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

မှားသော အားဖြင့် သုံးသပ်မှု 'ပရာမာသ'၏ (ဒိဋ္ဌိ၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ပရာမာသ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ) ။ ပ ။

http://www.dhammadownload.com



### ၂၅-ပရာမာသသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး)၊ ပရာမာသနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

### ၂၆-ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

(၁၀-မဟန္တရဒုကမှ ဒုက် ၁-ခု)

### ၂၇-ဥပါဒိန္နဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော (တဏှာ,ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်များ)၊ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သော (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်မဖြစ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ ပ။

(၁၁-ဥပါဒါနဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၂၈-ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်'၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ဥပါဒါန်၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်များ)။ ပ။

### ၂၉-ဥပါဒါနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်နှင့် (တဏှာ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောဘမူစိတ် ၈-ပါး)၊ ဥပါဒါန်နှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ ပ။

### ၃၀-ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်နှင့် (တဏှာ,ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒေါသမူ,မောဟမူ, လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ်များ)၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည်ရှိ၏ (လောကုတ္တရာ စိတ်များ)။ ပ။

(၁၂-ကိလေသဂေါစ္ဆကမှ ဒုက် ၄-ခု)

### ၃၁-သံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ'၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ကိလေသာ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်များ)။ ပ။

http://www.dhammadownload.com



## ၃၂-သံကိလိဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်စေအပ်သော (ကိလေသာနှင့် ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်သော (ကိလေသာတို့နှင့် မယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။ ပ ။

## ၃၃-ကိလေသသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကိလေသာနှင့်မယှဉ်သော ဝိညာဏက္ခန္ဓာ သည် ရှိ၏။ ပ ။

## ၃၄-ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ် ၈-ပါး)။ ပ ။

(၁၃-ပိဋ္ဌိဒုကမှ ဒုက် ၁၈-ခု)

## ၃၅-ဒဿနေန ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ သောတာပတ္တိမဂ် သည် မပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ ပ ။

## ၃၆-ဘာဝနာယ ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သောတာပတ္တိမဂ် မြင်ပြီးသည့် နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးပါး, ဒေါသမူဒွေ, ဥဒ္ဓစ္စသဟဂုတ်စိတ်)၊ အထက်မဂ်သုံးပါးတို့သည် မပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ ပ ။

## ၃၇-ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိသော (ဟိတ်နှင့်မယှဉ်သော) ဝိညာဏက္ခန္ဓာ သည် ရှိ၏။ ပ ။

http://www.dhammadownload.com



### ၃၈ - ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ဘာဝနာမည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့် ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိသော (ဟိတ်နှင့်မယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

### ၃၉ · သဝိတက္ကဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ဝိတက်ရှိသော (ဝိတက်နှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး)၊ ဝိတက်မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

### ၄၀ - သဝိစာရဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ဝိစာရရှိသော(ဝိစာရနှင့်ယှဉ်သော)ဝိညာဏက္ခန္ဓာသည် ရှိ၏ (သဝိစာရစိတ် ၆၆-ပါး)၊ ဝိစာရ မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

### ၄၁ - သပ္ပီတိကဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ပီတိရှိသော (ပီတိနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (သပ္ပီတိကစိတ် ၅၁-ပါး)၊ ပီတိ မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

### ၄၂ - ပီတိသဟဂတဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ပီတိနှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏(သပ္ပီတိကစိတ် ၅၁-ပါး)၊ ပီတိနှင့်တကွ မဖြစ်သော (ပီတိနှင့်မယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

### ၄၃ - သုခသဟဂတဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

သုခဝေဒနာနှင့်တကွဖြစ်သော (သုခဝေဒနာနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃-ပါး)၊ သုခဝေဒနာနှင့်တကွ မဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

### ၄၄ - ဥပေက္ခာသဟဂတဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော (ဥပေက္ခာဝေဒနာနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး)၊ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

### ၄၅ - ကာမာဝစရဒုကမူ-တိက် ၂၁-ခု မူလိ ၂၁-နည်း

ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍မဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

http://www.dhammadownload.com



### ၄၆-ရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပဘဏ့ာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍မဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

### ၄၇-အရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပဘဏ့ာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍မဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

### ၄၈-ပရိယာပန္နဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(ကာမ,ရူပ,အရူပ) ဘုံသုံးပါး၌ အကျုံးဝင်သော(လောကီ) 'ပရိယာပန္န' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) 'အပရိယာပန္န' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ ပ။

### ၄၉-နိယျာနိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော 'နိယျာနိက' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး)၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ ပ။

### ၅၀-နိယတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အကျိုးပေးမြဲသော 'နိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မိစ္ဆတ္တနိယတ,သမ္မတ္တနိယတစိတ်များ) (နိယတမိစ္ဆာဒိဋ္ဌိက၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးတို့၏ သတ္တမဇော, ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေ၏ သတ္တမဇော, မဂ်စိတ်လေးပါး)၊ အကျိုးပေးမမြဲသော'အနိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ ပ။

### ၅၁-သဥတ္တရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

မိမိထက် လွန်မြတ်သော တရားရှိသော'သဥတ္တရ'ဝိညာဏက္ခန္ဓာသည် ရှိ၏(လောကီစိတ်များ)၊ မိမိထက် လွန်မြတ်သော တရားမရှိသော 'အနုတ္တရ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ ပ။

### ၅၂-သရဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

#### (၁) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

ဒုကနည်း။ ။ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။

http://www.dhammadownload.com



တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၂) သရဏဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

ဧကကနည်း ၁၂၄။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ' ဝိညာဏက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။သုခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃-ပါး)၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်၊ ဒေါသမူ၂)၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး)။ ပ ။

## (၃) သရဏဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း

ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်များ)။ ပ ။[၁]

## (၂၁) သရဏဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(ဒုက် ၅၂-ခုကို မူဘည်ပြီးလျှင် တိက် ၂၁-ခုကို မူလိသွင်း၍ ဟောသော ဒုကမူလကနည်း (၅၂×၂၁)=၁၀၉၂-နည်း ပြီး၏၊ အသေးစိတ်ရေတွက်ပါမူ ဤဒုကမူလကနည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၅၂×၂၁×၅၅)=၆၀၀၆၀-ပါး ဖြစ်၏)။

ဒုက်ကို မူတည်၍ဟောသော 'ဒုကမူလက'နည်း ပြီး၏။

---

၁။ အမှတ် (၄) သရဏဒုကမူ-ဥပါဒိန္နတိကမူလီ ၁၀-နည်းမှ အမှတ် (၂၀) သရဏဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်းအထိ (သရဏဒုကမူ ၁၇-နည်းတို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။

http://www.dhammadownload.com



## တိကမူလကနည်း

## တိကမူ-ဒုကမူလိ

(တိက် ၂၁-ခုကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလိသွင်း၍ ဟောသော တိကမူလကနည်း (၂၁×၅၂)=၁၀၉၂-နည်း)။[၁]

### ၁-ကုသလတိကမူ-ဒုက် ၅၂-ခု မူလိ

(ကုသလတိက်ကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလိသွင်း၍ ဟောသောနည်း ၅၂-နည်း)

#### (၁) ကုသလတိကမူ-သဟေတုကဒုကမူလိ ၁၀-နည်း[၂]

**ဧကကနည်း** ၁၂၅။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း**။ ။နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သဟိတ်စိတ် ၇၁-ပါး)၊ ဟိတ်မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အဟိတ်စိတ် ၁၈-ပါး)။

**တိကနည်း**။ ။သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်စိတ် များ)၊ အကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ အဗျာကတ ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်,ကြိယာစိတ်များ)။ ပ ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

#### (၂) ကုသလတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလိ ၁၀-နည်း

**ဧကကနည်း** ၁၂၆။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း**။ ။နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။[၃]

---

၁။ ဤနည်း ၁၀၉၂-နည်း၌ တနည်း တနည်းကိုပင် တဖန် ၁၀-နည်းစီယပ်၍ ပွါးပြန်သည်။ ထိုထပ်ပွါး ၁၀-နည်း ၌ ဝိညာဏက္ခန္ဓာပေါင်း ၅၅-ပါး ရှိသည်။ ထို့ကြောင့် အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၁၀၉၂×၅၅)=၆၀၀၆၀-ပါး ဖြစ်သည်။

၂။ ဤထပ်ပွါး ၁၀-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း ၅၅-ပါး ရှိသည်။

၃။ အမှတ် (၃) ကုသလတိကမူ-နဟေတုသဟေတုကဒုကမူလိ ၁၀-နည်းမှ အမှတ် (၅၁) ကုသလတိကမူ-သဥတ္တရဒုကမူလိ ၁၀-နည်းအထိ (ကုသလတိကမူ ၄၉-နည်းကို) ပေယျာလလုံးဝချန်ခဲ့သည်။

http://www.dhammadownload.com



### ၅၂-ကုသလတိကမူ-သရဏဒုကမူလီ ၁၀-နည်း

**ဒုကနည်း။** ။ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတ-ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(ကုသလတိက်ကို မှူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသောနည်း ၅၂-နည်း ပြီး၏၊ ဤကုသလတိကမူ၌ ဝိညာဏက္ခန္ဓာပေါင်း (၅၅×၅၂)=၂၈၆၀-ပါး ဖြစ်၏)။

### ၂-ဝေဒနာတိကမူ-ဒုက် ၅၂-ခု မူလီ

### (ဝေဒနာတိက်ကို မူတည်၍ ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသောနည်း ၅၂-နည်း)

### (၁) ဝေဒနာတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

**ဧကကနည်း** ၁၂၇။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

### ၃-ဝိပါကတိကမူ-ဒုက် ၅၂-ခု မူလီ

### (ဝိပါကတိက်ကို မူတည်၍ ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသောနည်း ၅၂-နည်း)

### (၁) ဝိပါကတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။[၁]

---

၁။ အမှတ် ၄-ဥပါဒိန္နတိကမူ-ဒုက် ၅၂-ခု မူလီ မှ အမှတ် ၂၀-အဇ္ဈတ္တတိကမူ-ဒုက် ၅၂-ခု မူလီအထိ (တိကမူ ၁၇-ခုကို) ပေယျာလ လုံးဝချန်ခဲ့သည်။

http://www.dhammadownload.com



## ၂၁ - အဇ္ဈတ္တာရမ္မဏတိကမူ-ဒုက် ၅၂-ခု မူလီ ၅၂-နည်း

### (၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။ ဤသို့ သယ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

### (၂) အဇ္ဈတ္တာရမ္မဏတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

**ဧကကနည်း** ၁၂၈။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်နှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။ [၁]

### (၅၂) အဇ္ဈတ္တာရမ္မဏတိကမူ-သရဏဒုကမူလီ ၁၀-နည်း

ငိုကြွေးကြောင်း (ရာဂ စသော ကိလေသာ)ရှိသော 'သရဏ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ငိုကြွေး ကြောင်း (ရာဂ စသော ကိလေသာ) မရှိသော 'အရဏ' ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။ ဤသို့ သယ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်း၍ဟောသော တိကမူလကနည်း (၂၁×၅၂)=၁၀၉၂-နည်း ပြီး၏၊ ဤတိကမူလကနည်း၌ အသေးစိတ်ရေတွက်သော် ဝိညာဏက္ခန္ဓာပေါင်း (၂၁×၅၂×၅၅)=၆၀၀၆၀-ပါး ဖြစ်၏)။

တိက်ကို မူတည်၍ဟောသော 'တိကမူလက'နည်း ပြီး၏။

---

၁။ အမှတ် (၃) အဇ္ဈတ္တာရမ္မဏတိကမူ-နဟေတု သဟေတုကဒုကမူလီ ၁၀-နည်းမှ အမှတ် (၅၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဥတ္တရဒုကမူလီ ၁၀-နည်းအထိ (အဇ္ဈတ္တာရမ္မဏတိကမူ ၄၉-နည်းကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## ဥဘတောဝဍ္ဍကနည်း

(တိက် ၂၁-ခုနှင့် ဒုက် ၂၁-ခုတို့ကို တစုံစီထား၍ ပွါးသော ဥဘတောဝဍ္ဍကနည်း ၂၁-နည်း)[၁]

### (၁) သဟေတုကဒုက်နှင့် ကုသလတိက် တစုံ ၁၀-နည်း[၂]

ဧကကနည်း ၁၂၉။ တပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတ ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

ဤသို့ ဆယ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

### (၂) ဟေတုသမ္ပယုတ္တဒုက်နှင့် ဝေဒနာတိက် တစုံ ၁၀-နည်း

ဧကကနည်း ၁၃၀။ တပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခ ဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

ဤသို့ ဆယ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

### (၃) နဟေတု သဟေတုကဒုက်နှင့် ဝိပါကတိက် တစုံ ၁၀-နည်း

ဧကကနည်း ၁၃၁။ တပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

---

၁။ ဤဥဘတောဝဍ္ဍကနည်း ၂၁-နည်း၌ တနည်း တနည်းအတွက် ၁၀-နည်းစီ ထပ်၍ပွါးပြန်သည်။ ထိုထပ်ပွါး ၁၀-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း ၅၅-ပါးရှိသည်။ အသေးစိတ် ရေတွက်ပါမူ ဤဥဘတောဝဍ္ဍကနည်း ၂၁-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၅၅)=၁၁၅၅-ပါး ရှိသည်။

၂။ ဤထပ်ပွါး ၁၀-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း ၅၅-ပါး ရှိသည်။

http://www.dhammadownload.com



ဒုကနည်း။ ။နှစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်မယှဉ်မူ၍ ဟိတ်သာရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မယှဉ်မူ၍ ဟိတ်လည်း မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်များ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်များ)၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုး ဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) တရားလည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်များ)။ ပ ။

ဤသို့ ဆယ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၄) လောကိယဒုက်နှင့် ဥပါဒိန္နတိက် တစုံ ၁၀-နည်း

ဧကကနည်း ၁၃၂။ တပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။လောက၌ အကျုံးဝင်သော 'လောကီ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' ဝိညာဏက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်းဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်များ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်များ)၊ တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ, စိတ်များ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၅) ကေနစိဝိညေယျဒုက်နှင့် သံကိလိဋ္ဌတိက်တစုံ ၁၀-နည်း

ဧကကနည်း ၁၃၃။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ တစုံတခုသော စိတ်သည် သိအပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ တစုံတခုသော စိတ်သည် မသိအပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။

http://www.dhammadownload.com



**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' တို့သည် ပူပန်လည်း ပူပန်စေအပ်၍ (ကိလေသာတို့နှင့်ယှဉ်၍)ကိလေသာတို့၏ အာရုံလည်း ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်များ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာ တို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ) ။ ပ ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

### (၆) သာသဝဒုက်နှင့် သဝိတက္ကတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၁၃၄။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။** ။သုံးပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒုတိယဈာန်စိတ် ၁၁-ပါး)၊ ဝိတက် လည်း မရှိမူ၍ ဝိစာရလည်းမရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ) ။ ပ ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

### (၇) အာသဝသမ္ပယုတ္တဒုက်နှင့် ပီတိတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၁၃၅။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ် စိတ် ၁၂-ပါး)၊ အာသဝနှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ပီတိနှင့်တကွ ဖြစ်သော (ပီတိနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ပီတိသဟဂုတ်စိတ် ၅၁-ပါး)၊ သုခဝေဒနာနှင့်တကွဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃-ပါး)၊ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏(ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

http://www.dhammadownload.com



(ဂ) အာသဝဝိပ္ပယုတ္တ သာသဝဒုက်နှင့် ဒဿနတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၁၃၆။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။** ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ အာသဝ၏အာရုံသာ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။** ။ သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်ခုနစ်ပါး)၊ သောတာပတ္တိ မဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ် သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာ စိတ်များ) ။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(ဃ) သံယောဇနိယဒုက်နှင့် ဒဿနဟေတုတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၁၃၇။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။** ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' ၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ သံယောဇဉ်၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာ သည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။** ။ သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (ဒဿန မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့် ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ (ဘာဝနာ မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ် ၇-ပါး)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာ စိတ်များ)။ ပ ။

ဤသို့ ဆယ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

http://www.dhammadownload.com



## (၁၀) သံယောဇနသမ္ပယုတ္တဒုက်နှင့် အာစယဂါမိတိက် တစ်ခု ၁၀-နည်း

ကေကနည်း ၁၃၇။ တပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။သံယောဇဉ်နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ သံယောဇဉ်နှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။

တိကနည်း။ ။သုံးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အာစယဂါမိ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်စိတ်များ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အပစယဂါမိ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် လေးပါး)၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်များ)။ ပ ။

ဤသို့ ဆယ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၁) သံယောဇနဝိပ္ပယုတ္တ သံယောဇနိယဒုက်နှင့် သေက္ခတိက် တစ်ခု ၁၀-နည်း

ကေကနည်း ၁၃၉။ တပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာ စိတ်များ)၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

တိကနည်း။ ။သုံးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။(အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် လေးပါးနှင့် အောက်ဖိုလ် သုံးပါး)၊ (အရဟတ္တဖိုလ်သို့ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' ပုဂ္ဂိုလ် (ရဟန္တာ) တို့၏ ဥစ္စာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်)၊ သေက္ခ ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်မူ၍ အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)။ ပ ။

ဤသို့ ဆယ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၂) ဂန္ထနိယဒုက်နှင့် ပရိတ္တတိက် တစ်ခု ၁၀-နည်း

ကေကနည်း ၁၄၀။ တပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

http://www.dhammadownload.com



ဒုကနည်း။ ။နှစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တာဝါတို့ကို ဝင့်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သော သဘော 'ဂန္ထ' ၏ (လောဘ, ဒေါသ, ဒိဋ္ဌိ တို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ဂန္ထ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

တိကနည်း။ ။သုံးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။နည်းသော အာနုဘော်ရှိသည့် 'ပရိတ္တ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကာမစိတ်များ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂတ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုတ် စိတ်များ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သည့် ရာဂ အစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်များ)။ ပ ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၃) ဂန္ထသမ္ပယုတ္တဒုက်နှင့် ပရိတ္တာရမ္မဏတိက် တစုံ ၁၀-နည်း

ဧကကနည်း ၁၄၁။ တပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည်ဖြစ်၏။ ။ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောဘမူ, ဒေါသမူ စိတ်များ)၊ ဂန္ထနှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။

တိကနည်း။ ။သုံးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏၊ ။နည်းသော အာနုဘော်ရှိသည့် 'ပရိတ္တ'တရား (ကာမတရား) ကို အာရုံပြုသော ဝိညာဏက္ခန္ဓာ သည် ရှိ၏၊ မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်' တရားကို အာရုံပြုသော ဝိညာ-ဏက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏ တရား (လောကုတ္တရာ တရား) ကို အာရုံပြုသော ဝိညာဏက္ခန္ဓာ သည် ရှိ၏။ ပ ။

ဤသို့ ဆယ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၄) ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက်နှင့် ဟီနတိက် တစုံ ၁၀-နည်း

ဧကကနည်း ၁၄၂။ တပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည်ဖြစ်၏။ ။ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ထ၏အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောဘမူ, ဒေါသမူကြဉ်သော လောကီစိတ်များ)၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

တိကနည်း။ ။သုံးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ယုတ်ညံ့သော 'ဟီန' ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ အလယ် အလတ်

http://www.dhammadownload.com



ဖြစ်သော 'မဇ္ဈိမ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်များ)၊ မြင့်မြတ်သော 'ပဏီတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ် ၈-ပါး)။ ပ ။

ဤသို့ ဆယ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၅) သြဿနိယဒုက်နှင့် မိစ္ဆတ္တတိက် တစုံ ၁၀-နည်း

**ဧကကနည်း** ၁၄၃။ တပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။** ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သောသဘော 'သြဃ' ၏ (လောဘ၊ ဒိဋ္ဌိ၊ မောဟ တို့၏)အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ သြဃ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။** ။ သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖောက်ပြန်သော သဘောရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၏ သတ္တမဇောနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇော)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး)၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် အကျိုးပေးမမြဲသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၆) သြဃသမ္ပယုတ္တဒုက်နှင့် မဂ္ဂါရမ္မဏတိက်တစုံ ၁၀-နည်း

**ဧကကနည်း** ၁၄၄။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။** ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော သဘော'သြဃ'နှင့် (လောဘ၊ ဒိဋ္ဌိ၊ မောဟ တို့နှင့်)ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်များ)၊ သြဃနှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ မဂ်ကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်)၊ မဂ်မည်သော အကြောင်းရင်းဟိတ်ရှိသော (သမ္မာဒိဋ္ဌိ မည်သော ပညာတည်းဟူသော အမောဟဟိတ်နှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး)၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိမည်သော အမောဟ=ပညာ၊ သမ္မာဝါယာမမဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယ) ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး) ။ ပ ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

http://www.dhammadownload.com



(၁၇) ဩဠာရိကဒုကနှင့် သုခသဟဂုတ်တိက်တစုံ ၁၀-နည်း

ကေကနည်း ၁၄၅။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏ ။ ။ ဩဠာ နှင့် (လောဘ,ဒိဋ္ဌိ,မောဟတို့နှင့်) မယှဉ်မူ၍ ဩဠာ၏အာရုံဖြစ်သော ဝိညာဏက္ခန္ဓာ သည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ ဩဠာနှင့်လည်း မယှဉ်မူ၍ ဩဠာ၏အာရုံ လည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဥပါဒ် ဌီ ဘင် ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော 'ပစ္စုပ္ပန်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော 'အနုပ္ပန္န' ဝိညာ- ဏက္ခန္ဓာသည် ရှိ၏ (နောင်အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်,ကြိယာ စိတ်များ)၊ မချွတ်ဧကန် ဖြစ်လတ္တံ့သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်များ) ။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(၁၈) ယောဂနိယဒုက်နှင့် အတီတတိက်တစုံ ၁၀-နည်း

ကေကနည်း ၁၄၆။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော သဘော 'ယောဂ'၏ (လောဘ,ဒိဋ္ဌိ,မောဟတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ယောဂ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသော 'အတိတ်'ဝိညာဏက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(၁၉) ယောဂသမ္ပယုတ္တဒုက်နှင့် အတီတာရမ္မဏတိက်တစုံ ၁၀-နည်း

ကေကနည်း ၁၄၇။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ယောဂနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ် စိတ်များ)၊ ယောဂနှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။

http://www.dhammadownload.com



တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖြစ်ပြီးသော 'အတိတ်' တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(၂၀) ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက်နှင့် အဇ္ဈတ္တတိက်တစုံ ၁၀-နည်း

ကေကနည်း ၁၄၈။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ယောဂနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ ယောဂ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။အတွင်း'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၂၁-နီဝရဏိယဒုက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တစုံ ၁၀-နည်း

ကေကနည်း ၁၄၉။ တပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။(ချာန်, မင်္ဂ, ဖိုလ် တရားတို့ကို) ပိတ်ပင်တားဆီးတတ်သောသဘော 'နီဝရဏ'၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ နီဝရဏ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

တိကနည်း။ ။သုံးပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။အတွင်း'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ ဖြစ်သောတရားကိုအာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုနှင့် ဒုက် ၂၁-ခုတို့ကို တစုံစီထား၍ပွါးသော 'ဥဘတောဝဍ္ဎက'နည်း ၂၁-နည်း ပြီး၏၊ အသေးစိတ်ရေတွက်ပါမူ ဤနည်း၌ ဝိညာဏက္ခန္ဓာပေါင်း(၂၁×၅၅)=၁၁၅၅-ပါးဖြစ်၏)။

တိက်နှင့်ဒုက်တို့ကို တစုံစီထား၍ ပွါးသော 'ဥဘတောဝဍ္ဎက'နည်း ပြီး၏။

http://www.dhammadownload.com



## ဗဟုဝိဓဝါရ

(များသောအပြားအားဖြင့် ဟောသော 'ဗဟုဝိဓဝါရ'နည်း ၂၁-နည်း)

## သတ္တကနည်း

### တိက် ၂၁-ခုကို ဘုံလေးပါးတို့ဖြင့် ဝေဖန်၍ ၇-ပါးစီ ဟောသော သတ္တကနည်း

(၁) ကုသလတိက် သတ္တကနည်း။ ။ခုနစ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။အပြစ်မရှိမှု၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော 'ကုသိုလ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပြစ်နှင့် တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော 'အကုသိုလ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော'အဗျာကတ'ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော(ကာမတဏှာ၏ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ကာမာဝစရ'ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။ ။ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(၂) ဝေဒနာတိက် သတ္တကနည်း။ ။ထိုမှတပါးလည်း ခုနစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ချမ်းသာခံစားမှု'သုခဝေဒနာ'နှင့် ယှဉ်သောဝိညာဏက္ခန္ဓာသည်ရှိ၏၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု (အလယ်အလတ်ခံစားမှု) 'အဒုက္ခမသုခဝေဒနာ' (ဥပေက္ခာဝေဒနာ) နှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ'ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ။[၁]

(၂၁) အဇ္ဈတ္တာရမ္မဏတိက် သတ္တကနည်း။ ။အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါဝစရ'ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ,

---

၁။ အမှတ် (၃) ဝိပါကတိက် သတ္တကနည်းမှ အမှတ် (၂၀) ဗဟိဒ္ဓာရမ္မဏတိက် သတ္တကနည်းအထိ (သတ္တကနည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝချန်ထားခဲ့သည်။

http://www.dhammadownload.com



အရူပ)ဘုံသုံးပါး၌ အကျုံးမဝင်သော'အပရိယာပန္န'(လောကုတ္တရာ)ဝိညာဏက္ခန္ဓာသည် ရှိ၏။ ။ ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(ဤဗဟုဝိဓဝါရနည်း၌ အသေးစိတ်ရေတွက် ပါမူ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၇)=၁၄၇-ပါး ဖြစ်၏)။

(ဗဟုဝိဓဝါရ သတ္တကနည်း ၂၁-နည်း ပြီး၏)။

---

စတုဝီသတိဝိဓနည်း

တိက် ၂၁-ခုကို ဗဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီဟောသော စတုဝီသတိဝိဓနည်း ၂၁-နည်း[၁]

(၁) ကုသလတိက် စတုဝီသတိဝိဓနည်း။ ။ နှစ်ဆယ့်လေးပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၁-၂-၃။ မျက်စိအတွေ့(မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း'ရူပါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝိညာဏက္ခန္ဓာသည် ရှိ၏။

၄-၅-၆။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၇-၈-၉။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံ ထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၁၀-၁၁-၁၂။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံ ထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၁၃-၁၄-၁၅။ ကိုယ်အတွေ့ (ကိုယ်အကြည်'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ဆုံ ထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၁၆-၁၇-၁၈။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝိညာဏက္ခန္ဓာသည် ရှိ၏။

၁၉-၂၄။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာန- ဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနော ဝိညာဏ်'။ ။ ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(ကုသလတိက် စတုဝီသတိဝိဓနည်း ပြီး၏)။

---

၁။ စတုဝီသတိဝိဓနည်း ၂၁-နည်း၌ တနည်းတနည်းအတွက် ဝိညာဏက္ခန္ဓာ ၂၄-ပါးစီ ဟောထားရာ အသေး စိတ်ရေတွက်ပါမူ ဤနည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၂၄)=၅၀၄-ပါးဖြစ်သည်။

http://www.dhammadownload.com



(၂) ဝေဒနာတိက် စတုဝိသတိဝိဓနည်း။ ။ ထိုမှတပါးလည်း နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၁-၂-၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ'နှင့်အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် သုခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော[1] ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။

(၂၁) အဇ္ဈတ္တာရမ္မဏတိက် စတုဝိသတိဝိဓနည်း။ ။(နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏)။

၁-၂-၃။ (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

[မြင်သိစိတ် 'စက္ခုဝိညာဉ်'။ ပ ။ ထိသိစိတ် 'ကာယဝိညာဉ်'၊ ကြံသိစိတ် 'မနောဝိညာဉ်'][2]

၄-၅-၆။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၇-၈-၉။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၁၀-၁၁-၁၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၁၃-၁၄-၁၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၁၆-၁၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

၁၉-၂၄။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာန-ဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနော-ဝိညာဏ်'။

ဤသို့ နှစ်ဆယ့်လေးပါးပြားသောနည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(အဇ္ဈတ္တာရမ္မဏတိက် စတုဝိသတိဝိဓနည်း ပြီး၏)။

---

၁။ အမှတ် (၃) ဝိပါကတိက် စတုဝိသတိဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် စတုဝိသတိဝိဓနည်းအထိ (စတုဝိသတိဝိဓနည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။

၂။ ဤစာပိုဒ်မှာ ပါဠိတော်၌ ပါရှိနေသဖြင့်သာ အနက်ပြန်ဆိုရေးသားလိုက်ပါသည်၊ စင်စစ်မှာ ဤစာပိုဒ်သည် အပိုသာဖြစ်ပါသည်။

http://www.dhammadownload.com



(တိက် ၂၁-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီဟောသော စတုဝီသတိဝိနည်း ၂၁-နည်း ပြီး၏၊ အသေးစိတ်ရေတွက်သော် ဤစတုဝီသတိဝိနည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၂၄)= ၅၀၄-ပါး ဖြစ်၏)။

(စတုဝီသတိဝိနည်း ၂၁-နည်း ပြီး၏)။

---

တိံသဝိနည်း

(ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိံသဝိနည်း) သုံးဆယ်ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၁-၄။ မျက်စိအတွေ့'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ကျင်လည်ကျက်စားရာ ဖြစ်သော) 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ကျင်လည် ကျက်စားရာ ဖြစ်သော) 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ကျင်လည်ကျက်စားရာ ဖြစ်သော) 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ)ဝိညာဏက္ခန္ဓာသည် ရှိ၏။

၅-၈။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၉-၁၂။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၁၃-၁၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၇-၂၀။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။.

၂၁-၂၄။ စိတ်အတွေ့ 'မနောသမ္ဖဿ'ဟူသော အကြောင်းကြောင့် ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။

၂၅-၃၀။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာန-ဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနော-ဝိညာဏ်'။ ။ ဤသို့ သုံးဆယ်ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိံသဝိနည်း ပြီး၏၊ ဤတိံသဝိနည်း၌ ဝိညာဏက္ခန္ဓာပေါင်း ၃၀-ပါး ဖြစ်၏)။

(တိံသဝိနည်း ပြီး၏)။

http://www.dhammadownload.com



ဗဟုဝိဓနည်း

တိက် ၂၁ ခုကို ဘုံလေးပါး မဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ ဟောသည့်

များသော အပြားရှိသော ဗဟုဝိဓနည်း ၂၁-နည်း[၁]

(၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈-ပါး။ ။များသော အပြားအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော)'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။

[မြင်သိစိတ် 'စက္ခုဝိညာဏ်'။ ပ။ ကြံသိစိတ် 'မနောဝိညာဏ်'၊ ][၂]

၈-၁၄။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၂၂-၂၈။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၂၉-၃၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ။

၃၆-၄၂။ စိတ်အတွေ့ (စိတ်နှင့်ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ'ဟူသောအကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကုသိုလ်ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ'ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။

၄၃-၄၈။ မြင်သိစိတ် 'စက္ခုဝိညာဏ်'။ ပ။ ကြံသိစိတ် 'မနောဝိညာဏ်'။ ။ဤသို့ များသော အပြားအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

---

၁။ ဤနည်း တနည်း တနည်း၌ ဝိညာဉ်ပေါင်း ၄၈-ပါး ရှိသည်၊ ထို့ကြောင့် ဗဟုဝိဓနည်း ၂၁-နည်း၌ ဝိညာဉ်ပေါင်း (၂၁×၄၈)=၁၀၀၈-ပါး ရှိသည်။

၂။ ဤစာပိုဒ်မှာအပိုဖြစ်သည်၊ ပါဠိတော်၌ပါရှိနေ၍သာ ဘာသာပြန်ဆိုရေးသားလိုက်ပါသည်။

http://www.dhammadownload.com



(၂) ဝေဒနာတိက် ဗဟုဝိဓနည်း ၄၈-ပါး။ ။ ထိုမှတပါးလည်း များသောအပြားအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် သုခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ ပ ။ [1]

(၂၁) အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၈-ပါး။ ။ (ထိုမှတပါးလည်း များသော အပြားအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏)။

၁-၇။ (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့် ။ ပ ။

၁၅-၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၂၂-၂၈။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

၂၉-၃၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ ပ ။

[ ၃၆-၄၂။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် သုခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ပ ။ ] [2]

၃၆-၄၂။ (စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော ဝိညာဏက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။ [3]

---

၁။ အမှတ် (၃) ဝိပါကတိက် ဗဟုဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ (ဗဟုဝိဓနည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝ ချန်ခဲ့သည်။

၂။ ဤစာပိုဒ်သည် ဝေဒနာတိက် ဗဟုဝိဓနည်းကို ပြန်ဖော်ထားခြင်းဖြစ်သည်၊ စင်စစ်မှာ ဤစာပိုဒ်သည် အပိုသာဖြစ်သည်၊ လေ့လာသူအတွက် ရှုပ်ထွေးစေသည်။

၃။ ဤစာပိုဒ်မှာ အဇ္ဈတ္တာရမ္မဏတိက်ကို ဆက်သက်၍ ဖော်ပြခြင်းဖြစ်သည်။

http://www.dhammadownload.com



၄၃-၄၈။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာန-ဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်'။

ဤသို့ များသော အပြားအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်ရှုံ့ဟောသည့် များသော အပြားရှိသော ဗဟုဝိဓနည်း ၂၁-နည်း ပြီး၏၊ ဤနည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၄၈) = ၁၀၀၈-ပါး ဖြစ်၏)။

(ဗဟုဝိဓနည်း ပြီး၏)။

ဤဆိုအပ်ခဲ့ပြီးသော ဝိညာဏ်ကို သိမ်းအစု 'ဝိညာဏက္ခန္ဓာ' ဟု ဆိုအပ်၏။

| | | | |
|---|---|---|---|
| [ ဝိညာဏက္ခန္ဓာပေါင်းမှာ | (၁) | ဒုကမူလကနည်း | ၆၀၀၆၀-ပါး |
| | (၂) | တိကမူလကနည်း | ၆၀၀၆၀-ပါး |
| | (၃) | ဥဘတောဝဍ္ဎကနည်း | ၁၁၅၅-ပါး |
| | (၄) | သတ္တကနည်း | ၁၄၇-ပါး |
| | (၅) | စတုဝီသတိဝိဓနည်း | ၅၀၄-ပါး |
| | (၆) | တိံသဝိဓနည်း | ၃၀-ပါး |
| | (၇) | ဗဟုဝိဓနည်း | ၁၀၀၈-ပါး |
| | | ပေါင်း | ၁၂၂၉၆၄-ပါး ဖြစ်၏ ]။ |

ဝိညာဏက္ခန္ဓာ ပြီး၏။

ဝိညာဏ်တို့ကို အဘိဓမ္မာနည်းအားဖြင့် ဝေဖန် ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ'နည်း ပြီး၏။

http://www.dhammadownload.com



## ၃-ပဉှာပုစ္ဆက

## (အမေးအဖြေဖြင့် ဟောကြားသော 'ပဉှာပုစ္ဆက'နည်း)

ခန္ဓာငါးပါး ၁၅၀။ ခန္ဓာငါးပါးတို့ကား—ရုပ်အစု 'ရူပက္ခန္ဓာ'၊ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု'သညာက္ခန္ဓာ'၊ ပြုပြင်စီရင်မှုအစု'သင်္ခါရက္ခန္ဓာ'[၁]၊ သိမှုအစု 'ဝိညာဏက္ခန္ဓာ'တို့တည်း။

### ခန္ဓာငါးပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

### ၁-တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁)ကုသလတိက် အမေးပုစ္ဆာ ၁၅၁။ ခန္ဓာငါးပါးတို့တွင် အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော 'ကုသိုလ်'ခန္ဓာတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အပြစ်နှင့် တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော 'အကုသိုလ်'ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း၊ ကုသိုလ်, အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' ခန္ဓာတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

(တိက်အမှတ် ၂-မှ ၂၂-အထိ ပေယျာလ ချန်ထားခဲ့သည်)[၂]

### ၂-ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(ဒုက်အမှတ် ၁-မှ ၉၉-အထိ ပေယျာလ ချန်ထားခဲ့သည်)[၃]

(၁၀၀) သရဏဒုက် အမေးပုစ္ဆာ။ ။ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ'ခန္ဓာတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ'ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

### ခန္ဓာငါးပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### ၁-တိက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက် အဖြေဝိသဇ္ဇနာ ၁၅၂။ ရုပ်အစု 'ရူပက္ခန္ဓာ'သည် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော 'ကုသိုလ်'ဖြစ်ကုန်၏ (ကုသိုလ်စိတ္တုပ္ပါဒ်)။

---

၁။ သင်္ခါရက္ခန္ဓာ ဆိုသည်မှာ ဝေဒနာ,သညာကြဉ်သော စေတသိက် ၅၀-ပါးဖြစ်သည်။

၂။ အမှတ် (၂) ဝေဒနာတိက်မှ အမှတ် (၂၂) သနိဒဿနတိက်အထိ (တိက် ၂၁-ခုကို) ပေယျာလလုံး ချန်ထားခဲ့သည်။ ထိုတိက်တို့ကို ကုသလတိက် အမေးပုစ္ဆာအတိုင်း ချဲ၍ယူပါလေ၊ အန္တပေယျာလနည်း ဖြစ်သည်။

၃။ အမှတ် (၁) ဟေတုဒုက်မှ အမှတ် (၉၉) သဥတ္တရဒုက်အထိ (ဒုက် ၉၉-ခုကို) ပေယျာလ လုံးဝချန်ခဲ့သည်၊ ထိုဒုက်တို့ကို သရဏဒုက်အမေးပုစ္ဆာနည်းတူ ချဲ၍ယူပါလေ၊ အာဒိပေယျာလနည်း ဖြစ်သည်။

http://www.dhammadownload.com



အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော 'အကုသိုလ်' ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'ဖြစ်ကုန်၏ (ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ)။

(၂) ဝေဒနာတိက် အဖြေဝိသဇ္ဇနာ။ ။(ရူပက္ခန္ဓာ,ဝေဒနာက္ခန္ဓာ) ခန္ဓာနှစ်ပါးတို့ကို သုခဝေဒနာနှင့်ယှဉ်ကုန်၏ ဟူ၍ရင်း, ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍ရင်း, အဒုက္ခမသုခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍ရင်း မဆိုအပ်ကုန်။

အချို့သော (သညာ,သင်္ခါရ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သုခဝေဒနာနှင့် ယှဉ်ကုန်၏ (သုခသဟဂုတ်စိတ် ၆၃-ပါးနှင့် ထိုစိတ်တို့၌ရှိသော သညာ, သင်္ခါရ)။

အချို့သော (သညာ, သင်္ခါရ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ (ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်,ဒေါသမူဒွေနှင့် ထိုစိတ်တို့၌ရှိသော သညာ,သင်္ခါရ)။

အချို့သော (သညာ,သင်္ခါရ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်ကုန်၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးနှင့် ထိုစိတ်တို့၌ ရှိသော သညာ,သင်္ခါရ)။

(၃) ဝိပါကတိက် အဖြေဝိသဇ္ဇနာ။ ။ရူပက္ခန္ဓာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' လည်း မဟုတ်မူ၍အကျိုး'ဝိပါက်'ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုး 'ဝိပါက်' ကို ဖြစ်စေတတ်သော) တရားလည်း မဟုတ်။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကုသိုလ်, အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' ဖြစ်ကုန်၏ (ဝိပါက်စိတ္တုပ္ပါဒ်)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုး'ဝိပါက်'ကို ဖြစ်စေတတ်သော) တရားဖြစ်ကုန်၏ (ကုသိုလ်, အကုသိုလ် စိတ္တုပ္ပါဒ်များ)။

အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ကုသိုလ်,အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်းသဘောရှိသော(အကျိုး'ဝိပါက်'ကို ဖြစ်စေတတ်သော) တရားလည်း မဟုတ်ကုန် (ကြိယာစိတ္တုပ္ပါဒ်)။

(၄) ဥပါဒိန္နတိက် အဖြေဝိသဇ္ဇနာ။ ။အချို့သော ရူပက္ခန္ဓာသည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သော ကံကြောင့်လည်းဖြစ်၍)ဥပါဒါန်၏အာရုံလည်းဖြစ်၏ (ကမ္မဇရုပ်)။

အချို့သော ရူပက္ခန္ဓာသည် တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာဖြစ်၏ (ကမ္မဇရုပ်မှကြွင်းသော တိဇရုပ်များ)။

http://www.dhammadownload.com



အချို့သော နာမ်ခန္ဓာလေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်တို့၏အာရုံလည်း ဖြစ်ကုန်၏ (လောကီဝိပါက် စိတ္တုပ္ပါဒ်)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့်ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်,အကုသိုလ်,ကြိယာစိတ္တုပ္ပါဒ်များ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့အာရုံပြုသည့် ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်တို့၏အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်)။

(၅) **သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ။** ။ရူပက္ခန္ဓာသည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' တို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့်မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာ ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်း ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်,ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်)။

(၆) **ဝိတက္ကတိက် အဖြေ ဝိသဇ္ဇနာ။** ။ရူပက္ခန္ဓာသည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ခန္ဓာဖြစ်၏ (ဝိတက်,ဝိစာရတို့နှင့် မယှဉ်)။

အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့သည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိကုန်၏ (သဝိတက္ကစိတ် ၅၅-ပါးနှင့် ၎င်းတို့၌ရှိသော ဝေဒနာ,သညာ)။

အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) နာမ်ခန္ဓာ သုံးပါးတို့သည် ဝိတက်မရှိမူ၍ ဝိစာရမျှသာ ရှိကုန်၏ (ဒုတိယဈာန်စိတ် ၁၁-ပါးနှင့် ၎င်းတို့၌ရှိသော ဝေဒနာ,သညာ)။

အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ခန္ဓာများ ဖြစ်ကုန်၏ (အဝိတက္က အဝိစာရစိတ် ၅၅-ပါးနှင့် ၎င်းတို့၌ရှိသော ဝေဒနာ,သညာ)။

http://www.dhammadownload.com



အချို့သော သဠါရက္ခန္ဓာသည် ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော ခန္ဓာဖြစ်၏ (သဝိတက္က စိတ် ၅၅-ပါး၌ရှိသော ဝိတက် ဝိစာရကြဉ်သည့် သင်္ခါရက္ခန္ဓာ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဝိတက်မရှိမူ၍ ဝိစာရမျှသာ ရှိသော ခန္ဓာဖြစ်၏ (ဒုတိယဈာန်စိတ် ၁၁-ပါး၌ရှိသော ဝိစာရကြဉ် သည့် သင်္ခါရက္ခန္ဓာ၊ သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော ဝိတက် ၅၅-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာ သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်းမရှိသော ခန္ဓာဖြစ်၏ (အဝိတက္ကအဝိစာရစိတ် ၅၅-ပါး၌ ရှိသော သင်္ခါရက္ခန္ဓာနှင့် ဒုတိယဈာန်စိတ် ၁၁-ပါး၌ရှိသော ဝိစာရ ၁၁-ပါး)။

တိက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော ခန္ဓာဖြစ်၏ဟူ၍ ရင်း, ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ခန္ဓာဖြစ်၏ဟူ၍ရင်း, ဝိတက်လည်းမရှိမူ၍ ဝိစာရလည်းမရှိသော ခန္ဓာဖြစ်၏ဟူ၍ရင်း မဆိုအပ်ချေ (သဝိတက္ကစိတ် ၅၅ ပါး၌ရှိသော ဝိစာရ စေတသိက် ၅၅-ပါး)။ (ဏီ-၁၄၀၁)[၁]

(၇) ပီတိတိက် အဖြေဝိသဇ္ဇနာ။ ။ရူပက္ခန္ဓာကို ပီတိနှင့်တကွ ဖြစ်၏ဟူ၍ရင်း (ပီတိနှင့်ယှဉ်၏ဟူ၍ ရင်း), သုခဝေဒနာနှင့်တကွဖြစ်၏ဟူ၍ရင်း, ဥပေက္ခာဝေဒနာ နှင့်တကွ ဖြစ်၏ဟူ၍ရင်း မဆိုအပ်ချေ။

အချို့သော ဝေဒနာက္ခန္ဓာသည် ပီတိနှင့်တကွဖြစ်၍ (ပီတိနှင့်ယှဉ်၍) သုခဝေဒနာနှင့်တကွ မဖြစ် ချေ (သပ္ပီတိကစိတ် ၅၁-ပါးတို့၌ ရှိသော ဝေဒနာ)၊ (အချို့သော ဝေဒနာက္ခန္ဓာသည် ပီတိနှင့်သာ တကွ ဖြစ်၍) ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ် (ပီတိသဟဂုတ်စိတ် ၅၁-ပါး၌ရှိသော ဝေဒနာ)။

တိက်မုတ်။ ။အချို့သော ဝေဒနာက္ခန္ဓာကို ပီတိနှင့်တကွဖြစ်၏ (ပီတိနှင့်ယှဉ်၏) ဟု မဆိုအပ်ချေ (ကာယဝိညာဉ် ဒွေ့,ဒေါသမူဒွေ့,ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး, စတုတ္ထဈာန်စိတ် ၁၁-ပါးတို့၌ရှိသော ဝေဒနာ)။

အချို့သော (သညာ,သင်္ခါရ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပီတိနှင့်တကွဖြစ်ကုန်၏ (ပီတိသဟ ဂုတ်စိတ် ၅၁-ပါးနှင့် ထိုစိတ်တို့၌ရှိသော သညာ,သင်္ခါရ)၊ အချို့သော (သညာ,သင်္ခါရ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွဖြစ်ကုန်၏ (သုခသဟဂုတ်စိတ် ၆၃-ပါးနှင့် ထိုစိတ်တို့၌ ရှိသော သညာ,သင်္ခါရ)၊ အချို့သော (သညာ,သင်္ခါရ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်ကုန်၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး နှင့် ထိုစိတ်တို့၌ရှိသော သညာ, သင်္ခါရ)။

တိက်မုတ်။ ။အချို့သော (သညာ,သင်္ခါရ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ပီတိနှင့်တကွဖြစ်ကုန်၏ (ယှဉ်ကုန်၏)ဟူ၍ရင်း,သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ရင်း, ဥပေက္ခာဝေဒနာ နှင့်တကွဖြစ်ကုန်၏ဟူ၍ရင်း မဆိုအပ်ကုန် (ဒုက္ခသဟဂုတ် ကာယဝိညာဉ်နှင့် ဒေါသမူစိတ်တို့၌ ရှိသော သညာ,သင်္ခါရ,ဝိညာဉ်)။ (ဏီ-၁၄၀၄)

---

၁။ ဤနေရာ၌ သင်္ခါရက္ခန္ဓာကို သီးခြားထုတ်၍ပြောထားသည်၊ အကြောင်းမှာ သင်္ခါရက္ခန္ဓာ၌ တိက်သုံးခု အပြင် တိက်မုတ်လည်း ရနိုင်သောကြောင့် ဖြစ်သည်၊ သဝိတက္ကသဝိစာရစိတ် ၅၅-ခု၌ရှိသော ဝိစာရ စေတသိတ် ၅၅-ခုသည်.တိက်မုတ်ဖြစ်သည်၊ စင်စစ်မှာ ဝိစာရ ၆၆-ခုရှိသော်လည်း ဒုတိယဈာန်၌ရှိသော ဝိစာရ ၁၁-ခုမှာ တိက်၏ တတိယပဒ၌ တရားကိုယ်အရ ကောက်နိုင်သောကြောင့်တည်း။

http://www.dhammadownload.com



(၈) ဒဿနတိက် အမြေ ဝိသဇ္ဇနာ။ ။ရူပက္ခန္ဓာသည် (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သည့် ခန္ဓာလည်းမဟုတ်၊ (သောတာပတ္တိမဂ် မြင်ပြီးသည့် နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည့် ခန္ဓာလည်း မဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်နှင့်ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အထက်မဂ်သုံးပါးတို့သည် ပယ်အပ်ကုန်၏ (ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ)။

(၉) ဒဿနဟေတုတိက် အမြေ ဝိသဇ္ဇနာ။ ။ရူပက္ခန္ဓာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည့် ခန္ဓာလည်းမဟုတ်၊ အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည့် ခန္ဓာလည်း မဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်နှင့် မောဟကြွင်းသော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူစိတ္တုပ္ပါဒ်၊ မောဟကြွင်းသော ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (မောဟမူဒွေးခွဲရှိသော မောဟ, ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ)။ (ဏ-၁၄၁၀)

(၁၀) အာစယဂါမိတိက် အမြေ ဝိသဇ္ဇနာ။ ။ရူပက္ခန္ဓာသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏ (လောကီကုသိုလ်နှင့် အကုသိုလ် စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန် (ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။

(၁၁) သေက္ခတိက် အမြေ ဝိသဇ္ဇနာ။ ။ရူပက္ခန္ဓာသည် (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏ (မဂ်စိတ်လေးပါးနှင့် အောက်ဖိုလ်သုံးပါး စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကျင့်ပြီး

http://www.dhammadownload.com



'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏ (အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (လောကီစိတ္တုပ္ပါဒ်များ)။ (ဏီ-၁၄၁၆)

(၁၂) ပရိတ္တတိက် အဖြေ ဝိသဇ္ဇနာ။ ။ရူပက္ခန္ဓာသည် နည်းသော အာနုဘော်ရှိ၏ (နည်းသော အာနုဘော်ရှိသည့် 'ပရိတ္တ' (ကာမ) တရားဖြစ်၏)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာနုဘော်နည်းကုန်၏ (ကာမစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မြင့်မြတ်သည်ဖြစ်ကုန်၏ (မဟဂ္ဂတစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နှိုင်းယှဉ်တတ်သော ရာဂအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ်သည့်) 'အပ္ပမာဏ' တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်)။

(၁၃) ပရိတ္တာရမ္မဏတိက် အဖြေ ဝိသဇ္ဇနာ။ ။ရူပက္ခန္ဓာသည် အာရုံပြုတတ်သော တရား မဟုတ်ချေ (အနာရမ္မဏ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏။

တိက်မှတ်။ ။အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏ဟူ၍လည်း မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏ဟူ၍လည်း အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏ဟူ၍လည်း မဆိုအပ်ကုန် (ပညတ်ကို ကေန်အာရုံပြုသော နာမ်ခန္ဓာလေးပါးဖြစ်သော ရူပစိတ် ၁၅-ပါးနှင့် အရူပ ပဌမနှင့် တတိယ-စိတ် ၆-ပါး၊ ၎င်းတို့၌ ရှိသော ဝေဒနာ, သညာ, သင်္ခါရ)။ (ဏီ-၁၄၂၂)

(၁၄) ဟီနတိက် အဖြေ ဝိသဇ္ဇနာ။ ။ရူပက္ခန္ဓာသည် အလယ်အလတ်တရား ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ယုတ်ညံ့သော 'ဟီန' တရား ဖြစ်ကုန်၏ (အကုသိုလ် စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' တရားဖြစ်ကုန်၏ (လောကီကုသိုလ် ဝိပါက် ကြိယာ စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မြင့်မြတ်သော 'ပဏီတ' တရား ဖြစ်ကုန်၏ (လောကုတ္တရာ စိတ္တုပ္ပါဒ်များ)။

(၁၅) မိစ္ဆတ္တတိက် အဖြေ ဝိသဇ္ဇနာ။ ။ရူပက္ခန္ဓာသည် မိစ္ဆတ္တနိယတလည်း မဟုတ်မူ၍ သမ္မတ္တ-နိယတလည်း မဟုတ်ချေ (အနိယတ)။

---

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဖောက်ပြန်ကတ်သော သဘောရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ရေချ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၏ သတ္တမဇောနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇော စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါး

http://www.dhammadownload.com



တို့သည် မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ တရားဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နှစ်ပါးသော အခြင်းအရာတို့ဖြင့် အကျိုးပေး မမြဲကုန် (အနိယတ)။

(၁၆) **မဂ္ဂါရမ္မဏတိက် အဖြေ ဝိသဇ္ဇနာ။** ။ရူပက္ခန္ဓာသည် အာရုံပြုတတ်သောတရား မဟုတ်ချေ (အနာရမ္မဏ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မဂ်ကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါး တို့သည် မဂ်မည်သော အကြောင်းရင်း ဟိတ် (သမ္မာဒိဋ္ဌိမဂ္ဂင် မည်သော ပညာတည်းဟူသော အမောဟဟိတ်) ရှိကုန်၏ (အမောဟကြဉ်သည့် မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါး တို့သည် မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ' (ဝီမံသာဓိပတိ=အမောဟ=သမ္မာဒိဋ္ဌိ, သမ္မာဝါ-ယာမ=ဝီရိယာဓိပတိ=ဝီရိယ) ရှိကုန်၏ (မဂ်စိတ္တုပ္ပါဒ်)။ (ဏီ-၁၄၂၉)

**တိက်မုတ်။** ။အချို့သော နာမ်ခန္ဓာလေးပါးတို့ကို မဂ်ကိုအာရုံပြုကုန်၏ဟူ၍လည်း မဂ်မည်သော အကြောင်းရင်း ဟိတ် ရှိကုန်၏ဟူ၍လည်း မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ' ရှိကုန်၏ဟူ၍လည်း မဆိုအပ်ကုန် (မဂ်ကိုအာရုံမပြုသော နာမ်ခန္ဓာလေးပါး)။ (ဏီ-၁၄၂၉)

(၁၇) **ဥပ္ပန္နတိက် အဖြေ ဝိသဇ္ဇနာ။** ။အချို့သော ခန္ဓာငါးပါးတို့သည် ဥပါဒ်, ဌီ, ဘင် ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ကုန် (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်,ကြိယာစိတ္တုပ္ပါဒ်များ, ကမ္မဇရုပ်မှ တပါး တိဇရုပ်)၊ အချို့သော ခန္ဓာငါးပါးတို့သည် မချွတ်ကေန်ဖြစ်လတ္တံ့. ဖြစ်ကုန်၏ (ဝိပါက် စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်)။ (ဏီ-၁၄၃၀)

(၁၈) **အတီတတိက် အဖြေ ဝိသဇ္ဇနာ။** ။အချို့သော ခန္ဓာငါးပါးတို့သည် ဖြစ်ပြီး 'အတိတ်' တရား ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရား ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရား ဖြစ်ကုန်၏။

(၁၉) **အတီတာရမ္မဏတိက် အဖြေ ဝိသဇ္ဇနာ။** ။ရူပက္ခန္ဓာသည် အာရုံပြုတတ်သော တရား မဟုတ်ချေ (အနာရမ္မဏ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဖြစ်ပြီး 'အတိတ်' တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားကို အာရုံပြုကုန်၏။

**တိက်မုတ်။** ။အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ဖြစ်ပြီး 'အတိတ်' တရားကို အာရုံပြုကုန်၏ ဟူ၍လည်း မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုကုန်၏ ဟူ၍လည်း ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားကို အာရုံပြုကုန်၏ဟူ၍လည်း မဆိုအပ်ကုန် (ပညတ်နှင့် နိဗ္ဗာန်ကို အာရုံပြုသောတရားများ)။ (ဏီ-၁၄၃၄)

http://www.dhammadownload.com



(၂၀) အဇ္ဈတ္တတိက် အမြေ ဝိသဇ္ဇနာ။ ။အချို့သော ခန္ဓာငါးပါးတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် အတွင်း အပ သန္တာန်၌ ဖြစ်ကုန်၏။

(၂၁) အဇ္ဈတ္တာရမ္မဏတိက် အမြေ ဝိသဇ္ဇနာ။ ။ရူပက္ခန္ဓာသည် အာရုံပြုတတ်သော တရား မဟုတ်ချေ (အနာရမ္မဏ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အတွင်း အပ သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏။

တိက်မှတ်။ ။အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏ဟူ၍ရင်း အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏ ဟူ၍ရင်း အတွင်း အပ သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏ဟူ၍ရင်း မဆိုအပ်ကုန် (နတ္ထိဘော ပညတ်ကို အာရုံပြုသော အာကိဉ္စညာယတနစိတ် ၃-ပါး)။ (ဏီ-၁၄၃၇)

(၂၂) သနိဒဿနတိက် အမြေဝိသဇ္ဇနာ။ ။နာမ်ခန္ဓာလေးပါးတို့သည် မြင်အပ်သော သဘော လည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိကုန် (အနိဒဿန အပ္ပဋိဃ)။

အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သော သဘောရှိ၍ ထိပါးတတ်သော သဘောလည်း ရှိ၏ (ရူပါရုံ)၊ အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သောသဘော မရှိမူ၍ ထိပါးတတ်သော သဘောသာ ရှိ၏ (ရူပါရုံမှ တပါးသော ဩဠာရိကရုပ် ၁၁-ပါး)၊ အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိချေ (သုခုမရုပ် ၁၆-ပါး)။

(ခန္ဓာငါးပါးတို့ကို တိက် ၂၂-ခုတို့ဖြင့် ဝေဖန်၍ အမြေ ဝိသဇ္ဇနာကိုပြသော 'ပဋ္ဌာပုစ္ဆက' နည်း ပြီး၏)။

---

## ၂-ဒုကဝိသဇ္ဇနာ

(ခန္ဓာငါးပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အမြေ ဝိသဇ္ဇနာကို ပြခြင်း)

( ၁-ဟေတုဂေါစ္ဆကဒုက် ၆-ခု အမြေ ဝိသဇ္ဇနာ )

(၁) ဟေတုဒုက် ၁၅၃။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် ဟိတ် မမည်ကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်မည်၏ (ဟိတ်၆-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်မမည်။

http://www.dhammadownload.com



(၂) သဟေတုကဒုက်။ ။ရူပက္ခန္ဓာသည် ဟိတ်ရှိသောတရား (ဟိတ်နှင့် ယှဉ်သောတရား) မဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဟိတ်ရှိသောတရား (ဟိတ်နှင့်ယှဉ်သောတရား) ဖြစ်ကုန်၏ (မောဟမူဒွေ့ဉ်ရှိသော မောဟကြဉ်သည့်သဟိတ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဟိတ်မရှိကုန် (မောဟမူဒွေ့ဉ်ရှိသောမောဟ၊ အဟိတ်စိတ္တုပ္ပါဒ်)။

(၃) ဟေတုသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာသည် ဟိတ်နှင့် မယှဉ်။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဟိတ်နှင့် ယှဉ်ကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန်။

(၄) ဟေတု သဟေတုကဒုက်။ ။ရူပက္ခန္ဓာကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ ဟူ၍ငြင်း ဟိတ်သာရှိ၍ ဟိတ်မမည်ဟူ၍ငြင်း မဆိုအပ်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိကုန်၏ ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်သာရှိ၍ ဟိတ်မမည်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်သာရှိ၍ ဟိတ်လည်းမမည် ဟူ၍ မဆိုအပ်ကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (မောဟမူဒွေ့ဉ်ရှိသော မောဟကြဉ်သည့် ဟိတ် ၆-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (သဟိတ်စိတ်၌ရှိသည့် ဟိတ် ၆-ပါးကြဉ်သော သင်္ခါရက္ခန္ဓာ)။

ဒုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ဟူ၍ငြင်း ဟိတ်သာရှိ၍ ဟိတ်မမည်ဟူ၍ငြင်း မဆိုအပ်ချေ (မောဟမူဒွေ့ဉ်ရှိသော မောဟ၊ အဟိတ်စိတ်၌ရှိသော သင်္ခါရက္ခန္ဓာများ)။(ဏ-၁၄၄၇)

(၅) ဟေတု ဟေတုသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်၏ ဟူ၍ငြင်း ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ဟူ၍ငြင်း မဆိုအပ်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍ မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်။

ဒုက်မုတ်။ ။အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ဟူ၍ မဆိုအပ်ကုန် (အဟိတ်စိတ်၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

http://www.dhammadownload.com



အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (မောဟမူဒွေ၌ ရှိသော မောဟကြဉ်သည့် ဟိတ် ၆-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ချေ၊ (သဟိတ်စိတ်တို့၌ ရှိသော ဟိတ် ၆-ပါး ကြဉ်သည့် သင်္ခါရက္ခန္ဓာ)။

ဒုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်၏ဟူ၍ရင်း ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ဟူ၍ရင်း မဆိုအပ်ချေ (မောဟမူဒွေ၌ရှိသော မောဟ၊ အဟိတ်စိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၄၅၀)

**(၆) နဟေတု သဟေတုကဒုက်။** ။ရူပက္ခန္ဓာသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏၊ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ (သဟိတ်စိတ်၌ရှိသော ဟိတ် ၆-ပါးကြဉ်သည့် သင်္ခါရက္ခန္ဓာ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ (အဟိတ်စိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။

ဒုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍ရင်း ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိဟူ၍ရင်း မဆိုအပ်ချေ (ဟိတ် ၆-ပါး)။ (ဏီ-၁၄၅၂)

(ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

---

(၂-စူဠန္တရဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ)

**(၇) သပ္ပစ္စယဒုက်။** ။ခန္ဓာငါးပါးတို့သည် (ကံ, စိတ်, ဥတု, အာဟာရ) အကြောင်းတရားတို့နှင့်တကွ ဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ကုန်၏)။

**(၈) သင်္ခတဒုက်။** ။ခန္ဓာငါးပါးတို့သည် (ကံ, စိတ်, ဥတု, အာဟာရ) အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်စီရင်အပ်သော 'သင်္ခတ'တရား ဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ကုန်၏)။

**(၉) သနိဒဿနဒုက်။** ။နာမ်ခန္ဓာလေးပါးတို့သည် မြင်အပ်သောသဘော မရှိကုန် (နာမ်ခန္ဓာတို့ကို မမြင်အပ်ချေ)။

အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သောသဘောရှိ၏ (မြင်အပ်၏) (ရူပါရုံ)၊ အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သောသဘော မရှိချေ (မမြင်အပ်ချေ) (ကြွင်းသောရုပ်များ)။

**(၁၀) သပ္ပဋိဃဒုက်။** ။နာမ်ခန္ဓာလေးပါးတို့သည် ထိပါးတတ်သော သဘော မရှိကုန် (အပ္ပဋိဃ)။

http://www.dhammadownload.com



အချို့သော ရူပက္ခန္ဓာသည် ထိပါးတတ်သောသဘော ရှိ၏ (ဩဠာရိကရုပ် ၁၂-ပါး)၊ အချို့သော ရူပက္ခန္ဓာသည် ထိပါးတတ်သောသဘော မရှိချေ (သုခုမရုပ် ၁၆-ပါး)။

(၁၁) ရူပီဒုက်။ ။ရူပက္ခန္ဓာသည် ဖောက်ပြန်တတ်သောသဘော ရှိ၏။

နာမ်ခန္ဓာလေးပါးတို့သည် (ရူပက္ခန္ဓာ ဖောက်ပြန်သကဲ့သို့) ဖောက်ပြန်တတ်သော သဘော မရှိကုန်။

(၁၂) လောကိယဒုက်။ ။ရူပက္ခန္ဓာသည် လောက၌ အကျုံးဝင်၏ (လောကီတရားဖြစ်၏)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏ (လောကီ စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် လောကမှ ထွက်မြောက်သောတရား ဖြစ်ကုန်၏ (လောကုတ္တရာ စိတ္တုပ္ပါဒ်)။

(၁၃) ကေနစိဝိညေယျဒုက်။ ။ခန္ဓာငါးပါးတို့သည် တစုံတခုသောစိတ်သည် သိအပ်သော တရား ဖြစ်ကုန်၏၊ ခန္ဓာငါးပါးတို့သည် တစုံတခုသောစိတ်သည် သိအပ်သောတရား မဟုတ်ကုန်။

(စူဠန္တရဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

---

( ၃-အာသဝဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ )

(၁၄) အာသဝဒုက်။ ။(ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' မမည်ကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် အာသဝ မည်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် အာသဝ မမည်ချေ။

(၁၅) သာသဝဒုက်။ ။ရူပက္ခန္ဓာသည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝ၏ အာရုံ မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်)။

(၁၆) အာသဝသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာသည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်ကုန်၏ (ဒေါသမူဒွေနှင့် မောဟမူဒွေတို့၌ရှိသော မောဟကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝနှင့် မယှဉ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ ဒေါသမူဒွေနှင့် မောဟမူဒွေတို့၌ရှိသော မောဟ)။

http://www.dhammadownload.com



(၁၇) **အာသဝ သာသဝဒုက်။** ။ရူပက္ခန္ဓာကို အာသဝလည်းမည်၍ **အာသဝ၏အာရုံလည်း** ဖြစ်၏ဟူ၍ မဆိုအပ်ချေ။

ရူပက္ခန္ဓာသည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံသာဖြစ်၍ အာသဝမမည်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို အာသဝလည်းမည်၍ **အာသဝ၏** အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံသာဖြစ်၍ အာသဝ မမည်ကုန် (လောကီစိတ်, ၎င်းနှင့် ယှဉ်ဘက် ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို အာသဝ၏ အာရုံသာ ဖြစ်၍ အာသဝ မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်, ၎င်းနှင့် ယှဉ်ဘက် ဝေဒနာ, သညာ)။

အချို့သော သင်္ခါရက္ခန္ဓာသည် အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟကြဉ်သော လောကီစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။

ဒုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို အာသဝလည်းမည်၍ **အာသဝ၏** အာရုံလည်းဖြစ်၏ ဟူ၍၎င်း အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ဟူ၍၎င်း မဆိုအပ်ကုန် (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၄၇၂)

(၁၈) **အာသဝ အာသဝသမ္ပယုတ္တဒုက်။** ။ရူပက္ခန္ဓာကို အာသဝလည်းမည်၍ **အာသဝနှင့်** လည်း ယှဉ်၏ ဟူ၍၎င်း **အာသဝနှင့်သာ** ယှဉ်၍ အာသဝ မမည်ဟူ၍၎င်း မဆိုအပ်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို **အာသဝလည်းမည်၍ အာသဝနှင့်လည်း** ယှဉ်၏ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ,သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် အာသဝနှင့်သာ ယှဉ်၍ အာသဝ မည်ကုန် (အကုသိုလ်စိတ်, ၎င်း၌ရှိသော ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ဟု မဆိုအပ်ကုန် (ကုသိုလ်,ဝိပါက်,ကြိယာစိတ်တို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

အချို့သော သင်္ခါရက္ခန္ဓာသည် အာသဝလည်းမည်၍ အာသဝနှင့်လည်း **ယှဉ်၏** (ဒေါသမူဒွေနှင့် မောဟမူဒွေတို့၌ရှိသော မောဟကြဉ်သည့် လောဘ, ဒိဋ္ဌိ, မောဟ)၊ **အချို့သော** သင်္ခါရက္ခန္ဓာသည် အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟကြဉ်သည့် အကုသိုလ်စိတ်၌ ရှိသော သင်္ခါရက္ခန္ဓာ စေတသိက်များ)။

http://www.dhammadownload.com



ဒုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ ဟူ၍ရင်း အာသဝနှင့်သာယှဉ်၍ အာသဝမမည်ဟူ၍ရင်း မဆိုအပ်ချေ (အာသဝနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာ=ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ၊ ဒေါသမူဒွေနှင့် မောဟမူဒွေတို့၌ရှိသော မောဟ)။ (ဏ-၁၄၇၀, ၁၄၇၄)

(၁၉) အာသဝဝိပ္ပယုတ္တ သာသဝဒုက်။ ။ရူပက္ခန္ဓာသည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝနှင့်မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်, ဒေါသမူနှင့် မောဟမူစိတ်တို့၌ရှိသော မောဟ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။

ဒုက်မုတ်။ ။အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ ဟူ၍ရင်း အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏အာရုံလည်း မဟုတ် ဟူ၍ရင်း မဆိုအပ်ကုန် (ဒေါသမူနှင့် မောဟမူစိတ်တို့၌ရှိသည့် မောဟကြဉ်သော အကုသိုလ် စိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။ (ဏ-၁၄၇၆)

(အာသဝဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

---

(၄-သညောဇနဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

(၂၀) သံယောဇနဒုက်။ ။(ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော 'သံယောဇဉ်' မမည်ကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်မည်၏၊ အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ် မမည်ချေ။

(၂၁) သံယောဇနိယဒုက်။ ။ရူပက္ခန္ဓာသည် သံယောဇဉ်၏ အာရုံဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်၏ အာရုံမဟုတ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။

(၂၂) သံယောဇနသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာသည် သံယောဇဉ်နှင့် မယှဉ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့် ယှဉ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသည့် မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (ကြွင်းသော နာမ်ခန္ဓာ လေးပါး)။ (ဏ-၁၄၈၁, ၁၄၈၂)

(၂၃) သံယောဇန သံယောဇနိယဒုက်။ ။ရူပက္ခန္ဓာကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ၊ (ရူပက္ခန္ဓာသည်) သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ်မမည်ချေ။

http://www.dhammadownload.com



(ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန် (လောကီစိတ်နှင့် ယှဉ်ဒ္ဓရှိသော ဝေဒနာ,သညာ)။

ဓုက်မှတ်။ ။အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်၏အာရုံသာ ဖြစ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်နှင့် ယှဉ်ဒ္ဓရှိသော ဝေဒနာ,သညာ ခန္ဓာသုံးပါး)။

အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏အာရုံလည်း ဖြစ်၏ (သံယောဇဉ် ၁၀-ပါး)။

အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ် ၁၀-ပါးကြဉ်သော လောကီသင်္ခါရက္ခန္ဓာ)။

ဓုက်မှတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ဟူ၍ရင်း သံယောဇဉ်၏အာရုံသာဖြစ်၍ သံယောဇဉ်မမည်ဟူ၍ရင်း မဆိုအပ်ချေ (လောကုတ္တရာသင်္ခါရက္ခန္ဓာ)။ (ဏီ-၁၃၇၄)

(၂၄) **သံယောဇန သံယောဇနသမ္ပယုတ္တဒုက်။** ။ရူပက္ခန္ဓာကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟူ၍ရင်း သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ဟူ၍ရင်း မဆိုအပ်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟူ၍ မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ကုန် (အကုသိုလ်စိတ်နှင့် ယှဉ်ဒ္ဓရှိသော ဝေဒနာ,သညာ)။

ဓုက်မှတ်။ ။အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ကုန် (သံယောဇဉ်နှင့် မယှဉ်သော ကုသိုလ် ဝိပါက် ကြိယာစိတ်တို့ဒ္ဓရှိသည့် ဝေဒနာ, သညာ, ဝိညာဉ်)။

အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ (သံယောဇဉ် ၁၀-ပါး)။

အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ်မမည်ချေ (သံယောဇဉ် တရားကိုယ်ကြဉ်သည့် အကုသိုလ်စိတ်တို့နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ စေတသိက်များ)။

ဓုက်မှတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ ဟူ၍ရင်း သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ဟူ၍ရင်း မဆိုအပ်ချေ

http://www.dhammadownload.com



(သံယောဇဉ်နှင့် မယှဉ်သော ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ,ကုသိုလ် ဝိပါက် ကြိယာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏ-၁၄၇၆)

(၂၅) သံယောဇနဝိပ္ပယုတ္တ သံယောဇနိယဒုက်။ ။ရူပက္ခန္ဓာသည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာ နာမ်ခန္ဓာလေးပါး)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ နာမ်ခန္ဓာလေးပါး)။

ဒုက်မုတ်။ ။အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏အာရုံသာဖြစ်၏ဟူ၍ရှင်း သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏အာရုံလည်း မဟုတ်ဟူ၍ရှင်း မဆိုအပ်ကုန် (သံယောဇဉ်နှင့်ယှဉ်သော နာမ်ခန္ဓာလေးပါး=ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟကြဉ်သည့် အကုသိုလ် နာမ်ခန္ဓာလေးပါး)။ (ဏ-၁၄၇၁,၁၄၇၇)

(သညောဇနဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

---

(၅-ဂန္ထဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ)

(၂၆) ဂန္ထဒုက်။ ။(ရုပ်,ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော 'ဂန္ထ' မမည်ကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထမည်၏ (လောဘ,ဒေါသ,ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထမမည်ချေ။

(၂၇) ဂန္ထနိယဒုက်။ ။ရူပက္ခန္ဓာသည် ဂန္ထ၏ (လောဘ,ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ထ၏ အာရုံဖြစ်ကုန်၏ (လောကီ နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ဂန္ထ၏အာရုံမဖြစ်ကုန် (လောကုတ္တရာ နာမ်ခန္ဓာလေးပါး)။

(၂၈) ဂန္ထသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာသည် ဂန္ထနှင့် (လောဘ,ဒေါသ,ဒိဋ္ဌိတို့နှင့်) မယှဉ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ထနှင့် ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ ရှိသော လောဘနှင့် ဒေါသမူဒွေ၌ရှိသည့် ဒေါသကြဉ်သော လောဘမူ,ဒေါသမူ နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ထနှင့်မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ၊ ဒေါသမူဒွေ၌ရှိသော ဒေါသ၊ မောဟမူဒွေ၊ ကုသိုလ်,ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် နာမ်ခန္ဓာ လေးပါး)။ (ဏ-၁၄၉၃, ၁၄၉၄)

(၂၉) ဂန္ထ ဂန္ထနိယဒုက်။ ။ရူပက္ခန္ဓာကို ဂန္ထလည်းမည်၍ ဂန္ထ၏အာရုံလည်းဖြစ်၏ဟု မဆိုအပ်၊ ရူပက္ခန္ဓာသည် ဂန္ထ၏ အာရုံသာ ဖြစ်၍ ဂန္ထမမည်ချေ။

http://www.dhammadownload.com



(ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ထလည်းမည်၍ ဂန္ထ၏အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဂန္ထ၏(လောဘ,ဒေါသ,ဒိဋ္ဌိတို့၏) အာရုံဖြစ်၍ ဂန္ထမမည်ကုန် (လောကီစိတ်နှင့် ၎င်း၌ရှိသော ဝေဒနာ,သညာ)။

ဒုက်မုတ်။ ။အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ထ၏(လောဘ,ဒေါသ, ဒိဋ္ဌိတို့၏) အာရုံသာဖြစ်၍ ဂန္ထမမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်နှင့် ၎င်း၌ရှိသော ဝေဒနာ,သညာ)။

အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်းဖြစ်၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထ၏ အာရုံသာ ဖြစ်၍ ဂန္ထမမည်ချေ (ဂန္ထတရားကိုယ်ကြဉ်သည့် လောကီစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။

ဒုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်၏ဟူ၍ရင်း ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထမမည်ဟူ၍ရင်း မဆိုအပ်ချေ (လောကုတ္တရာသင်္ခါရက္ခန္ဓာ)။ (ဏီ- ၁၄၉၆)

(၁၀) ဂန္ထ ဂန္ထသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ ဟူ၍ရင်း ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ဟူ၍ရင်း မဆိုအပ်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။

အချို့သော(ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဂန္ထနှင့်(လောဘ,ဒေါသ,ဒိဋ္ဌိတို့နှင့်) သာ ယှဉ်၍ ဂန္ထမမည်ကုန် (လောဘမူ,ဒေါသမူ စိတ်နှင့် ၎င်းတို့၌ရှိသော ဝေဒနာ,သညာ)။

ဒုက်မုတ်။ ။အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထ မမည်ဟု မဆိုအပ်ကုန် (လောဘမူ ဒေါသမူစိတ်တို့ကြဉ်သည့် ကြွင်းသော စိတ်တို့၌ ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ, ဒိဋ္ဌိ)။

အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ချေ (ဂန္ထတရားကိုယ်ကြဉ်သည့် လောဘမူ,ဒေါသမူစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)။

ဒုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ ဟူ၍ရင်း ဂန္ထနှင့် သာယှဉ်၍ ဂန္ထမမည်ဟူ၍ရင်း မဆိုအပ်ချေ (ဂန္ထနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာ= ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ, ဒေါသမူဒွေး၌ရှိသော ဒေါသ, လောဘမူဒေါသမူ စိတ်တို့ကြဉ်သည့် ကြွင်းသော စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၄၉၈)

http://www.dhammadownload.com



(၃၁) ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက်။ ။ရူပက္ခန္ဓာသည် ဂန္ထနှင့်မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်၏။

အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ဂန္ထနှင့် (လောဘ,ဒေါသ,ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ, ဒေါသမူဒွေး၌ရှိသော ဒေါသ၊ လောဘမူ, ဒေါသမူ ကြဉ်သော လောကီ စိတ္တုပ္ပါဒ် နာမ်ခန္ဓာ လေးပါး)။

အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ နာမ်ခန္ဓာလေးပါး)။

ဖုက်မှတ်။ ။အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ဂန္ထနှင့် (လောဘ,ဒေါသ,ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ထ၏အာရုံသာ ဖြစ်ကုန်၏ဟူ၍ရင်း ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဖြစ်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသောလောဘနှင့် ဒေါသမူဒွေး၌ ရှိသောဒေါသကြဉ်သည့် လောဘမူ, ဒေါသမူ နာမ်ခန္ဓာ လေးပါး=ဂန္ထနှင့်ယှဉ်သော နာမ်ခန္ဓာ လေးပါး)။ (ဏ-၁၅၀၀)

(ဂန္ထဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

---

( ၆-ဩဃဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ )

(၃၂)-(၃၇)။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝဲဆင်းရဲ၌) နစ်မြုပ်စေတတ်သော 'ဩဃ' မမည်ကုန်။ ပ။ [၁]

( ၇-ယောဂဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ )

(၃၈)-(၄၃)။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝဲဆင်းရဲ၌) ယှဉ်စေတတ်သော 'ယောဂ' မမည်ကုန်။ ပ ။ [၂]

( ၈-နီဝရဏဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ )

(၄၄) နီဝရဏဒုက်။ ။(ရုပ်, ဝေဒနာ, သညာ, ဝိညာဉ် ခန္ဓာလေးပါးတို့သည်) (ဈာန်, မဂ်,ဖိုလ် တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော 'နီဝရဏ' မမည်ကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏ မည်၏ (လောဘ, ဒေါသ, မောဟ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ,ဝိစိကိစ္ဆာ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏ မမည်ချေ (ကြွင်းသင်္ခါရက္ခန္ဓာများ)။

(၄၅) နီဝရဏိယဒုက်။ ။ရူပက္ခန္ဓာသည် နီဝရဏ၏ အာရုံဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နီဝရဏ၏ အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နီဝရဏ၏ အာရုံ မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်)။

---

၁-၂။ ဩဃဂေါစ္ဆကနှင့်ယောဂဂေါစ္ဆက ဒုက်တို့သည် အာသဝဂေါစ္ဆက ဒုက်နှင့် အလုံးစုံတူသည်၊ ထို့ကြောင့် ထိုဂေါစ္ဆကတို့၏ အဖွင့်အကျယ်ကို ပေယျာလချန်ထားခြင်းဖြစ်သည်၊ အာသဝဂေါစ္ဆကကဲ့သို့ အကျယ်ချဲ၍ သိပါလေ။

http://www.dhammadownload.com



(၄၆) နီဝရဏသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာသည် နီဝရဏနှင့် မယှဉ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နီဝရဏနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နီဝရဏနှင့် မယှဉ်ကုန်။

(၄၇) နီဝရဏ နီဝရဏိယဒုက်။ ။ရူပက္ခန္ဓာကို နီဝရဏလည်းမည်၍ နီဝရဏ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ၊ ရူပက္ခန္ဓာသည် နီဝရဏ၏ အာရုံသာ ဖြစ်၍ နီဝရဏ မမည်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့ကို နီဝရဏလည်းမည်၍ နီဝရဏ၏အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ကုန် (လောကီစိတ်တို့နှင့် ၎င်းတို့၌ ရှိသော ဝေဒနာ,သညာ,ဝိညာဉ်)။

ဒုက်မှတ်။ ။အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို နီဝရဏ၏ အာရုံသာ ဖြစ်၍ နီဝရဏ မမည် ဟု မဆိုအပ်ကုန် (နီဝရဏ၏ အာရုံ မဟုတ်သော လောကုတ္တရာ စိတ်နှင့် ၎င်းတို့၌ ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏလည်းမည်၍ နီဝရဏ၏ အာရုံလည်း ဖြစ်၏ (နီဝရဏ တရားကိုယ် ရှစ်ပါး = လောဘ, ဒေါသ, မောဟ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ချေ (နီဝရဏ တရားကိုယ်ကြဉ်သော လောကီ သင်္ခါရက္ခန္ဓာ)။

ဒုက်မှတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို နီဝရဏလည်းမည်၍ နီဝရဏ၏ အာရုံလည်းဖြစ်၏ ဟူ၍၎င်း နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ဟူ၍၎င်း မဆိုအပ်ကုန် (လောကုတ္တရာ သင်္ခါရက္ခန္ဓာ)။ (ကာ-၁၅၁၀)

(၄၈) နီဝရဏ နီဝရဏသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာကို နီဝရဏလည်းမည်၍ နီဝရဏနှင့်လည်း ယှဉ်၏ဟူ၍၎င်း နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည် ဟူ၍၎င်း မဆိုအပ်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့ကို နီဝရဏလည်းမည်၍ နီဝရဏနှင့်လည်း ယှဉ်၏ ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ကုန် (အကုသိုလ်စိတ်နှင့် ၎င်း၌ရှိသော ဝေဒနာ, သညာ)။

ဒုက်မှတ်။ ။အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ဟု မဆိုအပ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

http://www.dhammadownload.com



အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏလည်းမည်၍ နီဝရဏနှင့်လည်း ယှဉ်၏ (နီဝရဏတရားကိုယ် ဂ-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ချေ (နီဝရဏတရားကိုယ် ဂ-ပါး ကြဉ်သော အကုသိုလ်စိတ်၌ ရှိသော သင်္ခါရက္ခန္ဓာ)။

ဒုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို နီဝရဏလည်းမည်၍ နီဝရဏနှင့်လည်း ယှဉ်၏ဟူ၍ရင်း နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏမမည်ဟူ၍ရင်း မဆိုအပ်ချေ (နီဝရဏနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာ=ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၅၁၂)

(၅၉) နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုက်။ ။ရူပက္ခန္ဓာသည် နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံသည်း မဖြစ်ကုန် (လောကုတ္တရာ နာမ်ခန္ဓာလေးပါး)။

ဒုက်မုတ်။ ။အချို့သော နာမ်ခန္ဓာလေးပါးတို့ကို နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်၏ဟူ၍ရင်း နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဖြစ်ဟူ၍ရင်း မဆိုအပ်ကုန် (အ.ကုသိုလ် စိတ္တုပ္ပါဒ်=နီဝရဏနှင့် ယှဉ်သော နာမ်ခန္ဓာလေးပါး)။ (ဏီ-၁၅၁၄)

(နီဝရဏဂေါစ္ဆကဒုက် ၆-ခု အပြေ ဝိသဇ္ဇနာ ပြီး၏)။

---

( ၉-ပရာမာသဂေါစ္ဆကဒုက် ၅-ခု အပြေ ဝိသဇ္ဇနာ )

(၅၀) ပရာမာသဒုက်။ ။(ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် မှားသော အားဖြင့် သုံးသပ်မှု 'ပရာမာသ' (ဒိဋ္ဌိ) မမည်ကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသ မည်၏ (ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသ မမည်ချေ။

(၅၁) ပရာမဋ္ဌဒုက်။ ။ရူပက္ခန္ဓာသည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ ဖြစ်ကုန်၏ (လောကီ နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသ၏ အာရုံ မဖြစ်ကုန် (လောကုတ္တရာ နာမ်ခန္ဓာလေးပါး)။

(၅၂) ပရာမာသသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ချေ။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)၊ အချို့သော ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ကုန်။

http://www.dhammadownload.com



အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသနှင့်(ဒိဋ္ဌိနှင့်)ယှဉ်၏ (ဒိဋ္ဌိကြဉ်သည့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုဌ် ရှိသော သင်္ခါရက္ခန္ဓာ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသနှင့် မယှဉ်ချေ။ (ဏီ-၁၅၁၉, ၁၅၂၀)

ဒုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို ပရာမာသနှင့် ယှဉ်၏ဟူ၍ရင်း ပရာမာသနှင့် မယှဉ်ဟူ၍ရင်း မဆိုအပ်ချေ (ဒိဋ္ဌိ)။ (ဏီ-၁၅၂၀)

(၅၃) ပရာမာသ ပရာမဋ္ဌဒုက်။ ။ရူပက္ခန္ဓာကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ၊ ရူပက္ခန္ဓာသည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ။

(ဝေဒနာ,သညာ,ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့ကို ပရာမာသလည်း မည်၍ ပရာမာသ၏အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန် (လောကီစိတ်တို့၌ရှိသော ဝေဒနာ,သညာ,ဝိညာဉ်)။

ဒုက်မုတ်။ ။အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ပရာမာသ၏ အာရုံသာ ဖြစ်၍ ပရာမာသ မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်, ၎င်းနှင့်ယှဉ်သော ဝေဒနာ,သညာ)။

အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော လောကီသင်္ခါရက္ခန္ဓာ)။

ဒုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ ဟူ၍ရင်း ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ဟူ၍ရင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၅၂၂)

(၅၄) ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက်။ ။ရူပက္ခန္ဓာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏(ဒိဋ္ဌိ၏) အာရုံသာ ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသနှင့်(ဒိဋ္ဌိနှင့်)မယှဉ်မူ၍ ပရာမာသ၏အာရုံသာ ဖြစ်ကုန်၏(ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု, ဒေါသမူဒွေ, မောဟမူဒွေ, လောကီကုသိုလ်, ဝိပါက်, ကြိယာ နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ နာမ်ခန္ဓာ လေးပါး)။

ဒုက်မုတ်။ ။အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်၏ဟူ၍ရင်း ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ဟူ၍ရင်း မဆိုအပ်ကုန် (ဒိဋ္ဌိ,ဒိဋ္ဌိနှင့် ယှဉ်သော နာမ်ခန္ဓာလေးပါး)။ (ဏီ- ၁၅၂၄)

(ပရာမာသဂေါစ္ဆကဒုက် ၅-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

http://www.dhammadownload.com



(၁၀-ပဟန္တရဒုက် ၁၄-ခု အဖြေဝိသဇ္ဇနာ)

(၅၅) သာရမ္မဏဒုက်။ ။ရူပက္ခန္ဓာသည် အာရုံပြုတတ်သော သဘောမရှိ (အာရုံမပြုတတ်ချေ) (အနာရမ္မဏ)၊ နာမ်ခန္ဓာလေးပါးတို့သည် အာရုံပြုတတ်ကုန်၏ (သာရမ္မဏ)။

(၅၆) စိတ္တဒုက်။ ။ဝိညာဏက္ခန္ဓာသည် စိတ်မည်၏၊ (ကြွင်းသော) ခန္ဓာလေးပါးတို့သည် စိတ်မမည်ကုန်။

(၅၇) စေတသိကဒုက်။ ။(ဝေဒနာ, သညာ, သင်္ခါရ) ခန္ဓာသုံးပါးတို့သည် စေတသိက် မည်ကုန်၏၊ (ရုပ်,ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စေတသိက် မမည်ကုန်။

(၅၈) စိတ္တသမ္ပယုတ္တဒုက်။ ။(ဝေဒနာ,သညာ,သင်္ခါရ)ခန္ဓာသုံးပါးတို့သည် စိတ်နှင့်ယှဉ်ကုန်၏။ ရူပက္ခန္ဓာသည် စိတ်နှင့်မယှဉ်ချေ။

ဒုက်မှတ်။ ။ဝိညာဏက္ခန္ဓာကို စိတ်နှင့်ယှဉ်၏ဟူ၍ရင်း စိတ်နှင့်မယှဉ်ဟူ၍ရင်း မဆိုအပ်ချေ။ (ဏီ- ၁၅၃၂)

(၅၉) စိတ္တသံသဋ္ဌဒုက်။ ။(ဝေဒနာ,သညာ,သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်ရောနှော (ယှဉ်တွဲ) ကုန်၏၊ ရူပက္ခန္ဓာသည် စိတ်နှင့်မရောနှော (မယှဉ်)။

ဒုက်မှတ်။ ။ဝိညာဏက္ခန္ဓာကို စိတ်နှင့် ရောနှော၏ဟူ၍ရင်း စိတ်နှင့် မရောနှောဟူ၍ရင်း မဆိုအပ်ချေ။ (ဏီ- ၁၅၃၄)

(၆၀) စိတ္တသမုဋ္ဌာနဒုက်။ ။(ဝေဒနာ,သညာ,သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်ကြောင့်ဖြစ်ကုန်၏၊ ဝိညာဏက္ခန္ဓာသည် စိတ်ကြောင့်မဖြစ်။

အချို့သော ရူပက္ခန္ဓာသည် စိတ်ကြောင့် ဖြစ်၏ (စိတ္တဇရုပ်)၊ အချို့သော ရူပက္ခန္ဓာသည် စိတ်ကြောင့်မဖြစ် (စိတ္တဇရုပ်မှ တပါးသော တိဇရုပ်)။

(၆၁) စိတ္တသဟဘုဒုက်။ ။(ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်တကွဖြစ်ကုန်၏(စိတ်နှင့် အတူဖြစ် အတူပျက်ဖြစ်ကုန်၏)၊ ဝိညာဏက္ခန္ဓာသည် စိတ်နှင့်တကွမဖြစ် (ဝိညာဏက္ခန္ဓာကို စိတ်နှင့်အတူဖြစ် အတူပျက်ဟု မဆိုအပ်ချေ)။

အချို့သော ရူပက္ခန္ဓာသည် စိတ်နှင့်တကွဖြစ်၏ (စိတ်နှင့်အတူဖြစ် အတူပျက်ဖြစ်၏) (ဝိညတ်ဒွေ)၊ အချို့သော ရူပက္ခန္ဓာသည် စိတ်နှင့်တကွမဖြစ် (စိတ်နှင့်အတူဖြစ် အတူပျက်မဟုတ်ချေ) (ဝိညတ်ဒွေကြဉ်သည့် ကြွင်းသောရုပ် ၂၆-ပါး)။

(၆၂) စိတ္တာနုပရိဝတ္တိဒုက်။ ။(ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်သို့အစဉ်လိုက်၍ ဖြစ်ကုန်၏ (စိတ်နှင့်အတူဖြစ် အတူပျက် ဖြစ်ကုန်၏)၊ ဝိညာဏက္ခန္ဓာသည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်။

http://www.dhammadownload.com



အချို့သော ရူပက္ခန္ဓာသည် စိတ်သို့အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့်အတူဖြစ် အတူပျက်ဖြစ်၏) (ဝိညတ်ဒွေ)၊ အချို့သော ရူပက္ခန္ဓာသည် စိတ်သို့အစဉ်လိုက်၍ မဖြစ် (စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ချေ)။

(၆၃) **စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်။** ။(ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ)ခန္ဓာသုံးပါးတို့သည် စိတ်နှင့်လည်း ရောနှော၍ (ယှဉ်၍)စိတ်ကြောင့်လည်း ဖြစ်ကုန်၏၊ (ရုပ်,ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စိတ်နှင့်လည်း မရောနှောမူ၍ စိတ်ကြောင့်လည်း မဖြစ်ကုန်။

(၆၄) **စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်။** ။(ဝေဒနာ,သညာ,သင်္ခါရက္ခန္ဓာ)ခန္ဓာသုံးပါးတို့သည် စိတ်နှင့်လည်း ရောနှော၍ (ယှဉ်၍) စိတ်ကြောင့်လည်းဖြစ်၍ စိတ်နှင့်လည်းတကွ (စိတ်နှင့်လည်း အတူဖြစ် အတူပျက်) ဖြစ်ကုန်၏။

(ရုပ်,ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စိတ်နှင့်လည်း မရောနှောမူ၍ (မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်နှင့်လည်းတကွ မဖြစ်ကုန်။

(၆၅) **စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်။** ။(ဝေဒနာ, သညာ,သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်လည်း ရောနှော၍ (ယှဉ်၍) စိတ်ကြောင့်လည်းဖြစ်၍ စိတ်သို့လည်း အစဉ်လိုက်၍ (စိတ်နှင့် အတူဖြစ် အတူပျက်) ဖြစ်ကုန်၏။

(ရုပ်,ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စိတ်နှင့်လည်း မရောနှောမူ၍ စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ကုန်။

(၆၆) **အဇ္ဈတ္တိကဒုက်။** ။ဝိညာဏက္ခန္ဓာသည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်၏။

(ဝေဒနာ,သညာ,သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် အပ'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏[၁]။

အချို့သော ရူပက္ခန္ဓာသည် အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်၏ (ပသာဒရုပ် ၅-ပါး)၊ အချို့သော ရူပက္ခန္ဓာသည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်၏ (ကြွင်းသောရုပ်များ)။ (ဏ-၁၅၄၇-၁၅၄၈)

(၆၇) **ဥပါဒါဒုက်။** ။နာမ်ခန္ဓာလေးပါးတို့သည် (မဟာဘုတ်လေးပါးကို) မှီ၍ မဖြစ်ကုန်။

အချို့သော ရူပက္ခန္ဓာသည်(မဟာဘုတ်လေးပါးကို) မှီ၍ ဖြစ်၏ (ဥပါဒါရုပ်များ)၊အချို့သော ရူပက္ခန္ဓာသည် (ဥပါဒါရုပ်တို့ မှီသကဲ့သို့) မှီ၍မဖြစ် (မဟာဘုတ်လေးပါး)။

(၆၈) **ဥပါဒိန္နဒုက်။** ။အချို့သော ခန္ဓာငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၏ (တဏှာ ဒိဋ္ဌိတို့ အာရုံပြုအပ်သည့်ကံကြောင့်ဖြစ်ကုန်၏)(လောကီ ဝိပါက်နာမ်ခန္ဓာလေးပါးနှင့် ကမ္မဇရုပ်)၊ အချို့သော ခန္ဓာငါးပါးတို့

---

၁။ အာယတန ၁၂-ပါးကို အတွင်း(အိမ်သည်) အာယတန ၆-ပါး, အပြင် (ဧည့်သည်) အာယတန ၆-ပါး အားဖြင့် ပိုင်းခြား၍ ဟောထားခြင်း ဖြစ်သည်။

http://www.dhammadownload.com



သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန် (တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သည့် ကံကြောင့် မဖြစ်ကုန်) (ကြွင်းသော နာမက္ခန္ဓာနှင့် ကမ္မဇရုပ်မှ တပါးသော တိဇရုပ်များ)။

(မဟန္တရဒုက် ၁၄-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

---

( ၁၁-ဥပါဒါနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ )

(၆၉) ဥပါဒါနဒုက်။ ။(ရုပ်,ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာလေးပါးတို့သည် ပြင်းစွာစွဲလမ်းတတ်သောသဘော 'ဥပါဒါန်' မမည်ကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန်မည်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန်မမည်ချေ။

(၇၀) ဥပါဒါနိယဒုက်။ ။ရူပက္ခန္ဓာသည် ဥပါဒါန်၏ (လောဘ,ဒိဋ္ဌိတို့၏) အာရုံဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်၏ (လောဘ,ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်နာမ်ခန္ဓာလေးပါး)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်)။

(၇၁) ဥပါဒါနသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာသည် ဥပါဒါန်နှင့် (လောဘ,ဒိဋ္ဌိတို့နှင့်) မယှဉ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့် ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုန္တိရှိသော လောဘကြဉ်သည့် လောဘမူ နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့် မယှဉ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များနှင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုန္တိရှိသော လောဘ)။ (ဏီ-၁၅၅၇,၁၅၅၈)

(၇၂) ဥပါဒါန ဥပါဒါနိယဒုက်။ ။ရူပက္ခန္ဓာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ ဟု မဆိုအပ်ချေ၊ ရူပက္ခန္ဓာသည် ဥပါဒါန်၏ အာရုံသာ ဖြစ်၍ ဥပါဒါန် မမည်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်ကုန် (လောကီ စိတ်တို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

ဒုက်မုတ်။ ။အချို့သော(ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဥပါဒါန်၏အာရုံသာ ဖြစ်၍ ဥပါဒါန်မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်, ၎င်းနှင့်ယှဉ်သော ဝေဒနာ, သညာ)။

အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်းဖြစ်၏ (လောဘ ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီသင်္ခါရက္ခန္ဓာ)။

http://www.dhammadownload.com



ပုစ္ဆာ။ ။အချို့သော သင်္ခါရက္ခန္ဓာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏အာရုံလည်း ဖြစ်၏ ဟူ၍ရင်း ဥပါဒါန်၏ အာရုံသာ ဖြစ်၍ ဥပါဒါန်မမည် ဟူ၍ရင်း မဆိုအပ်ချေ (လောကုတ္တရာ သင်္ခါရက္ခန္ဓာ)။ (ကာ-၁၅၆၀)

(၇၃) ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ ဟူ၍ရင်း ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည် ဟူ၍ရင်း မဆိုအပ်ချေ။

(ဝေဒနာ,သညာ,ဝိညာဉ်)ခန္ဓာသုံးပါးတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပါဒါန်နှင့်သာ ယှဉ်၍ (လောဘ, ဒိဋ္ဌိနှင့်သာ) ယှဉ်၍ ဥပါဒါန်မမည်ကုန် (လောဘမူစိတ်,ရင်းနှင့်ယှဉ်သော ဝေဒနာ, သညာ)။

ပုစ္ဆာ။ ။အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ဟု မဆိုအပ်ကုန် (ဥပါဒါန်နှင့်မယှဉ်သော ဝေဒနာ,သညာ,ဝိညာဉ်= ဒေါသမူ, မောဟမူ, ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ,သညာ,ဝိညာဉ်)။

အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏(ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ, ဒိဋ္ဌိ)။

အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ချေ(လောဘ,ဒိဋ္ဌိကြဉ်သည့် လောဘမူစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။

ပုစ္ဆာ။ ။အချို့သော သင်္ခါရက္ခန္ဓာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ ဟူ၍ရင်း ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန်လည်း မမည် ဟူ၍ရင်း မဆိုအပ်ချေ (ဥပါဒါန်နှင့် မယှဉ်သော သင်္ခါရက္ခန္ဓာ)။ (ကာ-၁၅၅၇,၁၅၆၂)

(၇၄) ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက်။ ။ရူပက္ခန္ဓာသည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏အာရုံသာ ဖြစ်ကုန်၏ (ဒေါသမူဒွေ, မောဟမူဒွေ, လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါးနှင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ ရှိသော လောဘ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့် လည်း မယှဉ်မူ၍ ဥပါဒါန်၏အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

ပုစ္ဆာ။ ။အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်၏ ဟူ၍ရင်း ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏အာရုံလည်း မဖြစ်ဟူ၍ရင်း မဆိုအပ်ကုန် (ဥပါဒါန်နှင့်ယှဉ်သော နာမ်ခန္ဓာလေးပါး=ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ ရှိသော လောဘကြဉ်သည့် လောဘမူစိတ္တုပ္ပါဒ်)။ (ကာ-၁၅၆၄)

(ဥပါဒါနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

http://www.dhammadownload.com



( ၁၂-ကိလေသဂေါစ္ဆကဒုက် ၈-ခု အဖြေဝိသဇ္ဇနာ )

(၇၅) ကိလေသဒုက်။ ။(ရုပ်,ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာလေးပါးတို့သည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' မမည်ကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာမည်၏ (လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာ မမည်ချေ (ကြွင်းသော သင်္ခါရက္ခန္ဓာ)။

(၇၆) သံကိလေသိကဒုက်။ ။ရူပက္ခန္ဓာသည် ကိလေသာ၏ အာရုံဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာ၏ အာရုံဖြစ်ကုန်၏ (လောကီနာမ်ခန္ဓာ လေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာ၏ အာရုံမဟုတ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

(၇၇) သံကိလိဋ္ဌဒုက်။ ။ရူပက္ခန္ဓာသည် ကိလေသာတို့သည် မပူပန်စေအပ်သော တရားဖြစ်၏ (ကိလေသာနှင့် မယှဉ်)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်ကုန်၏ (ကိလေသာတို့နှင့် ယှဉ်ကုန်၏) (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သော သဘောမရှိကုန် (ကိလေသာတို့နှင့် မယှဉ်ကုန်) (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်)။

(၇၈) ကိလေသသမ္ပယုတ္တဒုက်။ ။ရူပက္ခန္ဓာသည် ကိလေသာနှင့် မယှဉ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ)။

(၇၉) ကိလေသ သံကိလေသိကဒုက်။ ။ရူပက္ခန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာ၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ၊ ရူပက္ခန္ဓာသည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်းဖြစ်၏ ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ကုန် (လောကီကုသိုလ်,အကုသိုလ်,ဝိပါက်,ကြိယာစိတ်,၎င်းတို့၌ရှိသော ဝေဒနာ, သညာ)။

ဒုက်မှတ်။ ။အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်၌ရှိသော ဝေဒနာ, သညာ,ဝိညာဉ်)။

http://www.dhammadownload.com



အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်းဖြစ်၏ (ကိလေသာတရားကိုယ် ၁၀-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာမမည်ချေ (ကိလေသာတရားကိုယ် ၁၀-ပါးကြဉ်သော လောကီစိတ်တို့၌ရှိသော သင်္ခါ-ရက္ခန္ဓာ)။

ခုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟူ၍ငင်း ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာမမည်ဟူ၍ငင်း မဆိုအပ်ချေ (လောကုတ္တရာ သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၅၇၄)

(၁၀) **ကိလေသ သံကိလိဋ္ဌဒုက်**။ ။ရူပက္ခန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာတို့နှင့်လည်း ယှဉ်၏) ဟူ၍ငင်း ကိလေသာတို့သည် ပူပန်စေအပ်သည်သာ ဖြစ်၍ (ကိလေသာတို့နှင့်သာ ယှဉ်၍) ကိလေသာ မမည်ဟူ၍ငင်း မဆိုအပ်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာတို့နှင့်လည်း ယှဉ်၏)ဟု မဆိုအပ်ကုန်။

အချို့သော(ဝေဒနာ,သညာ,ဝိညာဉ်)ခန္ဓာသုံးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည်သာဖြစ်၍ (ကိလေသာတို့နှင့်သာ ယှဉ်၍) ကိလေသာမမည်ကုန် (အကုသိုလ်စိတ်, ၎င်း၌ရှိသော ဝေဒနာ, သညာ)။

ခုက်မုတ်။ ။အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာတို့သည် ပူပန်စေအပ်သည်သာဖြစ်၍(ကိလေသာတို့နှင့်သာ ယှဉ်၍) ကိလေသာမမည်ဟု မဆိုအပ်ကုန် (ကုသိုလ်,ဝိပါက်,ကြိယာစိတ်နှင့် ၎င်းတို့၌ရှိသော ဝေဒနာ,သညာ)။

အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာတို့နှင့်လည်း ယှဉ်၏) (ကိလေသာတရားကိုယ်များ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာတို့သည် ပူပန်စေအပ်သည်သာ ဖြစ်၍ (ကိလေသာတို့နှင့်သာ ယှဉ်၍) ကိလေသာမမည်ချေ (ကိလေသာတရားကိုယ်ကြဉ်သည့် အကုသိုလ်စိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။

ခုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်စေအပ်၏(ကိလေသာတို့နှင့်လည်း ယှဉ်၏) ဟူ၍ငင်း ကိလေသာတို့သည် ပူပန်စေအပ်သည်သာဖြစ်၍ (ကိလေသာတို့နှင့်သာ ယှဉ်၍) ကိလေသာမမည်ဟူ၍ငင်း မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်,ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၅၇၆)

(၁၁) **ကိလေသ ကိလေသသမ္ပယုတ္တဒုက်**။ ။ရူပက္ခန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟူ၍ငင်း ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည်ဟူ၍ငင်း မဆိုအပ်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ကုန်။

http://www.dhammadownload.com



အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည်ကုန် (အကုသိုလ်စိတ်, ၎င်း၌ရှိသော ဝေဒနာ,သညာ)။

ဒုက်မုတ်။ ။အချို့သော (ဝေဒနာ,သညာ,ဝိညာဉ်)ခန္ဓာသုံးပါးတို့ကို ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ဟု မဆိုအပ်ကုန် ( ကုသိုလ်, ဝိပါက်, ကြိယာစိတ်,၎င်းတို့၌ရှိသော ဝေဒနာ,သညာ)။

အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (ကိလေသာ တရားကိုယ် ၁၀-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ချေ (ကိလေသာ ၁၀-ပါးကြဉ်သော အကုသိုလ်စိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။

ဒုက်မုတ်။ ။အချို့သော သင်္ခါရက္ခန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာနှင့်လည်း ယှဉ်၏ ဟူ၍၎င်း ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည်ဟူ၍၎င်း မဆိုအပ်ချေ (ကုသိုလ်,ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာများ)။ (ဏီ-၁၅၇၈)

(၈၂) ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက်။ ။ရူပက္ခန္ဓာသည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏အာရုံသာ ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့နှင့် မယှဉ်မူ၍ ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့နှင့်လည်း မယှဉ်မူ၍ ကိလေသာတို့၏အာရုံလည်း မဖြစ်ကုန်(လောကုတ္တရာစိတ္တုပ္ပါဒ်)။

ဒုက်မုတ်။ ။အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့နှင့် မယှဉ်မူ၍ ကိလေသာတို့၏ အာရုံသာဖြစ်၏ ဟူ၍၎င်း ကိလေသာတို့နှင့်လည်း မယှဉ်မူ၍ ကိလေသာတို့၏ အာရုံလည်း မဖြစ် ဟူ၍၎င်း မဆိုအပ်ကုန် ( အကုသိုလ် နာမ်ခန္ဓာလေးပါး= အကုသိုလ် စိတ္တုပ္ပါဒ်များ)။ (ဏီ-၁၅၈၀)

(ကိလေသဂေါစ္ဆကဒုက် ၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

---

( ၁၃-ပိဋ္ဌိဒုက် ၁၈-ခု အဖြေ ဝိသဇ္ဇနာ )

(၈၃) ဒဿနေန ပဟာတဗ္ဗဒုက်။ ။ရူပက္ခန္ဓာကို (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် မပယ်အပ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်နှင့် ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်။

(၈၄) ဘာဝနာယ ပဟာတဗ္ဗဒုက်။ ။ရူပက္ခန္ဓာကို (သောတာပတ္တိမဂ် မြင်ပြီးဖြစ်သော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် မပယ်အပ်ချေ။

http://www.dhammadownload.com



အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အထက်မဂ်သုံးပါးတို့သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့် ဝိစိကိစ္ဆာ စိတ္တုပ္ပါဒ်တို့ကြဉ်သော အကုသိုလ် စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အထက်မဂ်သုံးပါးတို့သည် မပယ်အပ်ကုန် (ကုသိုလ်,ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်များ)။

(၇၅) ဒဿနေန ပဟာတဗ္ဗဟေတုကဒုက်။ ။ရူပက္ခန္ဓာသည် (နိဗ္ဗာန်ကို ရှေးဦးစွာမြင်သဖြင့် ‘ဒဿန’မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော တရားမဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်, မောဟကြဉ်သည့် ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန်(ဟိတ်နှင့် မယှဉ်ကုန်) (ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော မောဟ၊ ကြွင်းသော စိတ္တုပ္ပါဒ်)။

(၇၆) ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက်။ ။ရူပက္ခန္ဓာသည် (သောတာပတ္တိမဂ် မြင်ပြီးဖြစ်သော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် ‘ဘာဝနာ’မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော တရားမဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်နှင့် ဒေါသမူစိတ္တုပ္ပါဒ်၊ မောဟကြဉ်သည့် ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိကုန် (ကုသိုလ်,ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်များ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသောမောဟ)။

(၇၇) သဝိတက္ကဒုက်။ ။ရူပက္ခန္ဓာသည် ဝိတက်ရှိသော (ဝိတက်နှင့် ယှဉ်သော) တရားမဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝိတက်ရှိကုန်၏ (ဝိတက်နှင့် ယှဉ်ကုန်၏) (သဝိတက္ကစိတ် ၅၅-ပါး, ၎င်းနှင့်ယှဉ်ဘက် ဝိတက်ကြဉ်သော စေတသိက်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (အဝိတက္ကစိတ် ၆၆-ပါးနှင့် ယှဉ်ဘက် စေတသိက်များ၊ သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော ဝိတက် ၅၅-ပါး)။

(၇၈) သဝိစာရဒုက်။ ။ရူပက္ခန္ဓာသည် ဝိစာရရှိသော(ဝိစာရနှင့် ယှဉ်သော)တရားမဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝိစာရရှိကုန်၏ (ဝိစာရနှင့် ယှဉ်ကုန်၏) (သဝိစာရစိတ် ၆၆-ပါး, ၎င်းနှင့်ယှဉ်ဘက် ဝိစာရကြဉ်သော စေတသိက်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည်ဝိစာရမရှိကုန်(ဝိစာရနှင့်မယှဉ်ကုန်) (အဝိစာရစိတ် ၅၅-ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ သဝိစာရစိတ် ၆၆-ပါး၌ရှိသော ဝိစာရ ၆၆-ပါး)။

(၇၉) သပ္ပီတိကဒုက်။ ။ရူပက္ခန္ဓာသည် ပီတိရှိသော (ပီတိနှင့် ယှဉ်သော) တရားမဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပီတိရှိကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (သပ္ပီတိကစိတ် ၅၁-ပါး, ၎င်းနှင့်ယှဉ်ဘက် ပီတိကြဉ်သော စေတသိက်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့

http://www.dhammadownload.com



သည် ပီတိမရှိကုန် (ပီတိနှင့် မယှဉ်ကုန်) (အပ္ပီတိကစိတ္တုပ္ပါဒ်နှင့် သပ္ပီတိကစိတ် ၅၁-ပါး၌ရှိသော ပီတိ ၅၁-ပါး)။

(၉၀) ပီတိသဟဂတဒုက်။ ။ရူပက္ခန္ဓာသည် ပီတိနှင့်တကွမဖြစ် (ပီတိနှင့်မယှဉ်)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပီတိနှင့်တကွဖြစ်ကုန်၏ (ပီတိနှင့်ယှဉ်ကုန်၏)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့်မယှဉ်ကုန်)။

(၉၁) သုခသဟဂတဒုက်။ ။(ရုပ်,ဝေဒနာ) ခန္ဓာနှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန် (သုခဝေဒနာနှင့်မယှဉ်)။

အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခဝေဒနာနှင့်ယှဉ်ကုန်၏) (သုခသဟဂုတ်စိတ် ၆၃-ပါး, ၎င်း၌ရှိသော သညာ, သင်္ခါရ)၊ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။

(၉၂) ဥပေက္ခာသဟဂတဒုက်။ ။(ရုပ်,ဝေဒနာ) ခန္ဓာနှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန် (ဥပေက္ခာဝေဒနာနှင့် မယှဉ်ကုန်)။

အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ကုန်၏ (ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏) (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး, ၎င်း၌ရှိသော သညာ,သင်္ခါရ)၊ အချို့သော (သညာ,သင်္ခါရ,ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန်။

(၉၃) ကာမာဝစရဒုက်။ ။ရူပက္ခန္ဓာသည် ကာမတဏှာ၏ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ဖြစ်သော) 'ကာမာဝစရ' တရားဖြစ်၏ (ကာမာဝစရမည်၏)။

အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ကာမာဝစရတရား ဖြစ်ကုန်၏ (ကာမစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကာမာဝစရတရား မဟုတ်ကုန် (မဟဂ္ဂုတ်, လောကုတ္တရာ စိတ္တုပ္ပါဒ်များ)။

(၉၄) ရူပါဝစရဒုက်။ ။ရူပက္ခန္ဓာသည် ရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ရူပါဝစရ' တရားမဟုတ်ချေ (ရူပါဝစရ မမည်ချေ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ရူပါဝစရတရား မည်ကုန်၏ (ရူပါဝစရစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ရူပါဝစရတရားမမည်ကုန်(ကာမာဝစရ,အရူပါဝစရ,လောကုတ္တရာ စိတ္တုပ္ပါဒ်များ)။

(၉၅) အရူပါဝစရဒုက်။ ။ရူပက္ခန္ဓာသည် အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော) 'အရူပါဝစရ' တရားမဟုတ်ချေ (အရူပါဝစရတရားမမည်ချေ)။

http://www.dhammadownload.com



အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အရူပါဝစရတရား မည်ကုန်၏ (အရူပါဝစရစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အရူပါဝစရတရား မမည်ကုန် (ကာမာဝစရ, ရူပါဝစရ, လောကုတ္တရာစိတ္တုပ္ပါဒ်များ)။

(၉၆) ပရိယာပန္နဒုက်။ ။ရူပက္ခန္ဓာသည် (ကာမ,ရူပ,အရူပ) ဘုံသုံးပါး၌ ဖြစ်သည့် ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န'တရားဖြစ်၏။

အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ဘုံသုံးပါး၌ ဖြစ်သည့် ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န'တရားဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်များ)။ (ဏီ-၁၆၀၇)

အချို့သော နာမ် ခန္ဓာလေးပါးတို့သည် ဘုံသုံးပါး၌ဖြစ်သည့် ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော 'အပရိယာပန္န'တရားဖြစ်ကုန်၏ (လောကုတ္တရာ စိတ္တုပ္ပါဒ်)။ (ဏီ-၁၆၀၈)

(၉၇) နိယျာနိကဒုက်။ ။ရူပက္ခန္ဓာသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက' တရားမဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက' တရားဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)။ (ဏီ-၁၆၀၉)

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝဋ်ဆင်းရဲမှ မထွက်မြောက်စေတတ်သော 'အနိယျာ-နိက'တရားဖြစ်ကုန်၏(ကြွင်းသော စိတ္တုပ္ပါဒ်များ)။ (ဏီ-၁၆၁၀)

(၉၈) နိယတဒုက်။ ။ရူပက္ခန္ဓာသည် အကျိုးပေးမမြဲသော 'အနိယတ'တရားမည်၏(ဖောက်ပြန်သော သဘောရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ရေ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'တရားလည်းမဟုတ်မူ၍ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' တရားလည်း မဟုတ်ချေ) (နိယတမမည်ချေ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အကျိုးပေးမြဲကုန်၏ (နိယတ) (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်သတ္တမဇောစိတ္တုပ္ပါဒ်နှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏သတ္တမဇောစိတ္တုပ္ပါဒ်၊ မဂ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အကျိုးပေး မမြဲကုန် (အနိယတ) (ကြွင်းသောစိတ္တုပ္ပါဒ်များ)။ (ဏီ-၁၆၁၁,၁၆၁၂)

(၉၉) သဥတ္တရဒုက်။ ။ရူပက္ခန္ဓာသည် မိမိထက်လွန်မြတ်သည့် တရားရှိသော 'သဥတ္တရ' တရားဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မိမိထက်လွန်မြတ်သော တရားရှိသည့် 'သဥတ္တရ'တရားဖြစ်ကုန်၏(လောကီစိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မိမိထက်လွန်မြတ်သည့် တရားမရှိသော 'အနုတ္တရ' တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်)။ (ဏီ-၁၆၁၃, ၁၆၁၄)

(၁၀၀) သရဏဒုက်။ ။ရူပက္ခန္ဓာသည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' တရားမဟုတ်ချေ။

http://www.dhammadownload.com



အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' တရားဖြစ်ကုန်၏ ( အကုသိုလ်စိတ္တုပ္ပါဒ် )၊ အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ' တရားဖြစ်ကုန်၏ (ကြွင်းသော စိတ္တုပ္ပါဒ်များ)။ (ဏီ - ၁၆၁၅,၁၆၁၆)

(ပိဋိဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(ခန္ဓာငါးပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြသော 'ပဉှာပုစ္ဆက' နည်း ပြီး၏)။

ခန္ဓာငါးပါးတို့ကို တိက်, ဒုက် တို့ဖြင့် ဝေဖန်ပြီးလျှင် အမေးအဖြေပြု၍ ဟောကြားအပ်သော 'ပဉှာပုစ္ဆက' နည်း ပြီး၏။

ခန္ဓာတို့ကို ဝေဖန်ဟောကြားသည့် 'ခန္ဓဝိဘင်း' ပြီးပြီ။

## ခန္ဓဝိဘင်္ဂေါ နိဋ္ဌိတော။

http://www.dhammadownload.com

# ၂—အာယတနဝိဘင်

(စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန' တို့ကို ဝေဖန်၍ ဟောကြားအပ်သော အာယတနဝိဘင်း)

## ၁-သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ' နည်း)

အာယတန ၁၂-ပါး ၁၅၄။ စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန' ဟုဆယ့်နှစ်ပါး ဟိုကား—

(၁) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' (စက္ခုပသာဒ, စက္ခုဝတ္ထု, စက္ခုဒွါရ)။

(၂) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတန' (ရူပါရုံ)။

(၃) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတာယတန' (သောတပသာဒ, သောတဝတ္ထု, သောတဒွါရ)။

(၄) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' (သဒ္ဒါရုံ)။

(၅) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' (ဃာနပသာဒ, ဃာနဝတ္ထု, ဃာနဒွါရ)။

(၆) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' (ဂန္ဓာရုံ)။

(၇) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' (ဇိဝှါပသာဒ, ဇိဝှါဝတ္ထု, ဇိဝှါဒွါရ)။

(၈) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတန' (ရသာရုံ)။

(၉) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' (ကာယပသာဒ, ကာယဝတ္ထု, ကာယဒွါရ)။

(၁၀) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' (ဖောဋ္ဌဗ္ဗာရုံ)။

(၁၁) သိမှုစိတ်ဖြစ်ရာ 'မနာယတန'[၁] (စိတ် ၈၉-ပါး)။

(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'ဓမ္မာယတန' (ဓမ္မာရုံ) တို့တည်း။ (ဏီ-၅၉၃, ၁၃၄၂)

### အာယတန ၁၂-ပါးကို ဝိပဿနာရှုပုံ

(၁) မျက်စိသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

၁-ဝိဘင်းစာပိုဒ် ၁၆၁-၌။ ဓမ္မသင်္ဂဏီ စာပိုဒ် ၆၅-လည်း၌။

http://www.dhammadownload.com



(၂) အဆင်း 'ရူပါရုံ' တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တ မဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘော ရှိကုန်၏ 'ဝိပရိဏာမ ဓမ္မ'။

(၃) နားသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တ မဟုတ် (မိမိအလိုသို့ မလိုက်) အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမ ဓမ္မ'။

(၄) အသံ 'သဒ္ဒါရုံ' တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တ မဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘော ရှိကုန်၏ 'ဝိပရိဏာမ ဓမ္မ'။

(၅) နှာခေါင်းသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တ မဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမ ဓမ္မ'။

(၆) အနံ့ 'ဂန္ဓာရုံ' တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တ မဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘော ရှိကုန်၏ 'ဝိပရိဏာမ ဓမ္မ'။

(၇) လျှာသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တ မဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမ ဓမ္မ'။

(၈) အရသာ 'ရသာရုံ' တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တ မဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘော ရှိကုန်၏ 'ဝိပရိဏာမ ဓမ္မ'။

(၉) ကိုယ် 'ကာယ' သည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တ မဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမ ဓမ္မ'။

(၁၀) တွေ့ထိမှု (အတွေ့) 'ဖောဋ္ဌဗ္ဗာရုံ' တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တ မဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘော ရှိကုန်၏ 'ဝိပရိ-ဏာမ ဓမ္မ'။

(၁၁) သိမှုစိတ်သည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တ မဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမ ဓမ္မ'။

(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘော 'ဓမ္မာရုံ'[၁] တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တ မဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘော ရှိကုန်၏ 'ဝိပရိဏာမ ဓမ္မ'။

သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ' နည်း ပြီး၏။

---

## ၂-အဘိဓမ္မဘာဇနီယ

### (အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ' နည်း)

အာယတန ၁၂-ပါး ၁၅၅။ စိတ် စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန' တဆယ့်နှစ်ပါး တို့ကား—

---

၁။ ဤဓမ္မာရုံတို့၌ နိဗ္ဗာန် မပါဝင်ချေ။

http://www.dhammadownload.com



(၁) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' (စက္ခုပသာဒ, စက္ခုဝတ္ထု, စက္ခုဒွါရ)။

(၂) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတာယတန' (သောတပသာဒ, သောတဝတ္ထု, သောတဒွါရ)။

(၃) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' (ဃာနပသာဒ, ဃာနဝတ္ထု, ဃာနဒွါရ)။

(၄) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' (ဇိဝှါပသာဒ, ဇိဝှါဝတ္ထု, ဇိဝှါဒွါရ)။

(၅) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' (ကာယပသာဒ, ကာယဝတ္ထု, ကာယဒွါရ)။

(၆) သိမှုစိတ်ဖြစ်ရာ 'မနာယတန' (စိတ် ၈၉-ပါး)။

(၇) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတန' (ရူပါရုံ)။

(၈) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' (သဒ္ဒါရုံ)။

(၉) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' (ဂန္ဓာရုံ)။

(၁၀) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတန' (ရသာရုံ)။

(၁၁) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' (ဖောဋ္ဌဗ္ဗာရုံ)။

(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'ဓမ္မာယတန' (ဓမ္မာရုံ) တို့တည်း။ (ဏ-၅၉၃, ၁၃၄၂)

**စက္ခာယတန** ၁၅၆။ (၁) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မည်သနည်း။

အကြင် မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခု' (ပသာဒ) ရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော' ၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ်သောသဘော မရှိ, မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်၏ 'သပ္ပဋိဃ'။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွဖြစ်သော အကြင်မျက်စိအကြည် 'စက္ခု' (ပသာဒ) ဖြင့် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွဖြစ်သော (မြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွဖြစ်သော အဆင်း 'ရူပါရုံ' ကို မြင်လည်း မြင်ခဲ့ပြီ၊ မြင်လည်း မြင်ဆဲ၊ မြင်လည်း မြင်လတ္တံ့၊ မြင်မူလည်း မြင်ရာ၏။

ဤရုပ်သည် မျက်စိအကြည် 'စက္ခု' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' လည်း မည်၏၊ ဤရုပ်သည် မျက်စိအကြည်ဟူသော သဘော 'စက္ခုဓာတ်' လည်း မည်၏၊ ဤရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' လည်း

http://www.dhammadownload.com



မည်၏၊ ဤရုပ်သည် ဖြစ်တတ်ပျက်တတ်သော သဘော 'လောက' လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ' လည်း မည်၏၊ ဤရုပ်သည် (ရူပါရုံကို မြင်မှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ' လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင် သန့်ရှင်း စင်ကြယ်သောသဘော) 'ပဏ္ဍရ' လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ' လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု' လည်း မည်၏၊ ဤရုပ်သည် (လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကိုပြလျက် အတ္တဘောကို) ဆောင်တတ်သော သဘော 'နေတ္တ' လည်း မည်၏၊ ဤရုပ်သည် (လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကို ပြလျက် အတ္တဘောကိုပင်) ဆောင်တတ်သော သဘော 'နယန' လည်း မည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တဘက်ကမ်းဖြစ်သော ငါ-ငါဟူသော စွဲလမ်းမှု 'သက္ကာယ' ၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမ တီရ' လည်း မည်၏၊ ဤရုပ်သည် (စက္ခုဒွါရ၌ဖြစ်သော စိတ်အမျိုးနှင့် ဆက်ဆံခြင်းရှိ၍ သီးခြား ပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ' [၁] လည်း မည်၏။ ။ဤသို့ သဘောရှိသောရုပ်ကို မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' ဟူ၍ ဆိုအပ်၏။ (ဏ-၅၉၆)

**သောတာယတန** ၁၅၇။ (၂) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ 'သောတာယတန' မည်သနည်း။

အကြင်ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတ' (ပသာဒ) သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော' ၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ်သော သဘောမရှိ၊ မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏ အဖြစ် ထိပါးခြင်း နှင့်တကွ ဖြစ်၏ 'သပ္ပဋိဃ'။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော)၊ ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော နားအကြည် 'သောတ' (ပသာဒ) ဖြင့် မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော)၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော အသံ 'သဒ္ဒါရုံ' ကို ကြားလည်း ကြားခဲ့ပြီ၊ ကြားလည်း ကြား၏၊ ကြားလည်း ကြားလတ္တံ့၊ ကြားမှုလည်း ကြားရာ၏။

ဤရုပ်သည် ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတ' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် ကြားသိစိတ် ဖြစ်ရာ နားအကြည် 'သောတာယတန' လည်း မည်၏၊ ဤရုပ်သည် နားအကြည် ဟူသော သဘော 'သောတဓာတ်' လည်း မည်၏၊ ဤရုပ်သည် ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ' လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော 'လောက' လည်း

၁။ သုညဂါမ—သုညဂါမဟူသည် လူတို့စွန့်ပစ်ဖဲခွါသွားသည့် ရွာပျက်ကုန်းကြီး ရွာဆိုးကုန်းကြီး ဖြစ်သည်၊ ကြည့်ရှုအုပ်ချုပ်သူ နေထိုင်သူတို့ ကင်းမဲ့သဖြင့် ဆိတ်သုဉ်းသောရွာ သုညဂါမ ဟု ခေါ်သည်၊ ထိုရွာပျက်ကြီး သည် မြွေ၊ ကျား၊ ကင်း စသော အယုတ်တမာ သတ္တဝါတို့ ခိုအောင်းရာ ဖြစ်သည့်ပြင် လူဆိုး သူဆိုး သူခိုး-ဓားပြ သူပုန်တို့ စည်းမဲ့ ကမ်းမဲ့ လွတ်လပ်စွာ ထွက်ဝင် ခိုအောင်းရာလည်း ဖြစ်သည်၊ စက္ခုဒွါရ သောတဒွါရ စသည်တို့ သည်လည်း ကိလေသာ သူပုန်စသည်တို့ ခိုဝင်ပုန်းအောင်းရာ ဖြစ်သည်၊ ထို့ကြောင့် စက္ခုဒွါရ၊ စသည့် ဒွါရ ၅-ပါး တို့ကို 'သုညဂါမ'ဟု ခေါ်သည်(သဠာယတန သံယုတ်ပါဠိတော်၊အာသိဝိသောပမသုတ်၊ ၃၇၃။ ၄၊ ၅၂။)

http://www.dhammadownload.com



မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ' လည်း မည်၏၊ ဤရုပ်သည် (သဒ္ဒါရုံကို ကြားမှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ' လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်း သဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင် သန့်ရှင်း စင်ကြယ်သော သဘော) 'ပဏ္ဍရ' လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ' လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု' လည်း မည်၏၊ ဤရုပ်သည် (နိမ္မာန်မှ တဘက်ကမ်း ဖြစ်သော ငါ-ငါဟူသော စွဲလမ်းမှု 'သက္ကာယ'၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမ တီရ' လည်း မည်၏၊ ဤရုပ်သည် (သောတဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ' လည်း မည်၏။ ။ ဤသို့ သဘောရှိသောရုပ်ကို ကြားသိစိတ် ဖြစ်ရာ နားအကြည် 'သောတာယတန'ဟူ၍ ဆိုအပ်၏။ (ဏီ-၆၀၀)

ဃာနာယတန ၁၅၈။ (၃) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ 'ဃာနာယတန' မည်သနည်း။

အကြင် နှာခေါင်းအကြည် 'ဃာန' (ပသာဒ)သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော'၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ်သော သဘောမရှိ၊ မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်၏ 'သပ္ပဋိဃ'။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော)၊ ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွဖြစ်သော အကြင် နှာခေါင်းအကြည် 'ဃာန'(ပသာဒ)ဖြင့် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော)၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း)နှင့်တကွဖြစ်သော အနံ့ 'ဂန္ဓာရုံ'ကို နမ်းလည်း နမ်းခဲ့ပြီ၊ နမ်းလည်း နမ်းဆဲ၊ နမ်းလည်း နမ်းလတ္တံ့၊ နမ်းမူလည်း နမ်းရာ၏။

ဤရုပ်သည် နှာခေါင်းအကြည် 'ဃာန' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' လည်း မည်၏၊ ဤရုပ်သည် နှာခေါင်းအကြည်ဟူသော သဘော 'ဃာနဓာတ်' လည်း မည်၏၊ ဤရုပ်သည် နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ' လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော 'လောက' လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ' လည်း မည်၏၊ ဤရုပ်သည် (ဂန္ဓာရုံကို နမ်းမှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ' လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင်သန့်ရှင်း စင်ကြယ်သောသဘော) 'ပဏ္ဍရ' လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ' လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု' လည်း မည်၏၊ ဤရုပ်သည် (နိမ္မာန်မှ တဘက်ကမ်းဖြစ်သော ငါ-ငါ ဟူသော စွဲလမ်းမှု 'သက္ကာယ'၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမ တီရ' လည်း မည်၏၊ ဤရုပ်သည် (ဃာနဒွါရ၌ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြား ပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ' လည်း မည်၏။ ။ ဤသို့သဘောရှိသော ရုပ်ကို နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' ဟူ၍ ဆိုအပ်၏။ (ဏီ-၆၀၄)

http://www.dhammadownload.com



ဇိဝှါယတန ၁၅၉။ (၄) ထို အာယတန ၁၂-ပါးတို့တွင် အဘယ်သည် လျက်သိစိတ် 'ဇိဝှါ-ဝိညာဏ်' ဖြစ်ရာ 'ဇိဝှါယတန' မည်သနည်း။

အကြင် လျှာအကြည် 'ဇိဝှါ' (ပသာဒ) သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော' ၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာ-ပန္န'၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ်သော သဘောမရှိ၊ မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်၏ 'သပ္ပဋိဃ'။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော)၊ ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့်တကွဖြစ်သော အကြင်လျှာအကြည် 'ဇိဝှါ'(ပသာဒ)ဖြင့် မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော)၊ ထိပါးတတ်သည်၏အဖြစ် (ထိပါး ခြင်း) နှင့်တကွဖြစ်သော အရသာ 'ရသာရုံ' ကို လျက်လည်း လျက်ခဲ့ပြီ၊ လျက်လည်း လျက်ဆဲ၊ လျက်လည်း လျက်လတ္တံ့၊ လျက်မူလည်း လျက်ရာ၏။

ဤရုပ်သည် လျှာအကြည် 'ဇိဝှါ' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် လျက်သိစိတ် 'ဇိဝှါ-ဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' လည်း မည်၏၊ ဤရုပ်သည် လျှာအကြည်ဟူသော သဘော 'ဇိဝှါဓာတ်' လည်း မည်၏၊ ဤရုပ်သည် လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ' လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော 'လောက' လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ' လည်း မည်၏၊ ဤရုပ်သည် (ရသာရုံကို လျက်မှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ' လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင်သန့်ရှင်း စင်ကြယ်သော သဘော) 'ပဏ္ဍရ' လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏ ပေါက်ပွားရာ) လယ်မြေ 'ခေတ္တ' လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု' လည်း မည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တဘက်ကမ်းဖြစ်သော ငါ-ငါ ဟူသော စွဲလမ်းမှု 'သက္ကာယ' ၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမ တီရ' လည်း မည်၏၊ ဤရုပ်သည် (ဇိဝှါဒွါရ၌ဖြစ်သော စိတ်အမျိုးနှင့် ဆက်ဆံခြင်းရှိ၍ သီးခြား ပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ' လည်း မည်၏။ ။ဤသို့ သဘောရှိသော ရုပ်ကို လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' ဟူ၍ ဆိုအပ်၏။ (ဏ-၆၀၈)

ကာယာယတန ၁၆၀။ (၅) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် ထိသိစိတ် 'ကာယ-ဝိညာဏ်' ဖြစ်ရာ 'ကာယာယတန' မည်သနည်း။

အကြင် ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယ' (ပသာဒ) သည် ကြီးကျယ် ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော' ၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ် သော သဘောမရှိ၊ မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်၏ 'သပ္ပဋိဃ'။

မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော)၊ ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွဖြစ်သော အကြင်ကိုယ်အကြည် 'ကာယ' (ပသာဒ) ဖြင့် မြင်အပ် သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော)၊ ထိပါးတတ်သည်၏အဖြစ်

http://www.dhammadownload.com



(ထိပါးခြင်း) နှင့်တကွဖြစ်သော အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမှုလည်း ထိပါးရာ၏။

ဤရုပ်သည် ကိုယ်အကြည် 'ကာယ' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'လည်း မည်၏၊ ဤရုပ်သည် ကိုယ်အကြည်ဟူသောသဘော 'ကာယဓာတ်'လည်း မည်၏၊ ဤရုပ်သည် ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ်ပျက်တတ်သော သဘော 'လောက'လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ'လည်း မည်၏၊ ဤရုပ်သည် (ဖောဋ္ဌဗ္ဗာရုံကို ထိမှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသောသဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ' လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင်သန့်ရှင်း စင်ကြယ်သောသဘော) 'ပဏ္ဍရ'လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ'လည်း မည်၏၊ ဤရုပ်သည် (ဖဿ စသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု'လည်း မည်၏၊ ဤရုပ်သည် (နိမ့်မြင့်မှု တဘက်ကမ်းဖြစ်သော ငါ-ငါ ဟူသော စွဲလမ်းမှု 'သက္ကာယ'၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမ တီရ'လည်း မည်၏၊ ဤရုပ်သည် (ကာယဒွါရ၌ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြား ပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ။ဤသို့ သဘောရှိသောရုပ်ကို ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'ဟူ၍ ဆိုအပ်၏။ (ဏီ-၆၁၂)

### ဖုက် ၅၂-ခုကို မှတည်၍ တိက် ၂၁-ခုကို မှုလီသွင်းသော ဖုကမူလကနည်း[၁]

### ၁-သဟေတုကဖုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

### (၁) သဟေတုကဖုကမူ-ကုသလတိကမူလီ ၁၀-နည်း

**မနာယတန**[၂] ၁၆၁။ (၆) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် သိမှုစိတ်ဖြစ်ရာ 'မနာယတန' မည်သနည်း။

**ဧကကနည်း။** ။တပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော မနာယတန တည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ဟိတ်ရှိသော မနာယတနသည် ရှိ၏၊ ဟိတ်မရှိသော မနာယတနသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။အပြစ်မရှိမှု၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သောစိတ် 'ကုသိုလ် မနာယတန'သည် ရှိ၏ (ကုသိုလ်စိတ်)၊ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သောစိတ် 'အကုသိုလ်

---

၁-၂။ မနာယတနကို ဟောရာ၌ ခန္ဓဝိဘင်း-ဝိညာဏက္ခန္ဓာကို ဟောသကဲ့သို့ (၁) ဖုက် ၅၂-ကို မှုထား၍ တိက် ၂၁-ခုကို မှုလီသွင်း၍ဟောသော ဖုကမူလကနည်း ၁၀၉၂-နည်း၊ (၂) တိကမူလကနည်း ၁၀၉၂-နည်း၊ (၃) ဥဘတောဝဍ္ဍကနည်း ၂၁-နည်း၊ (၄) သတ္တကနည်း ၂၁-နည်း၊ (၅) စတုဝီသတိဝိဓနည်း ၂၁-နည်း၊ (၆) တိံသဝိဓနည်း၊ (၇) ဗဟုဝိဓနည်း ၂၁-နည်း (အားလုံး မနာယတနပေါင်း ၁၂၂၉၄-ပါး) အားဖြင့် ဟောရမည်။ ဤနေရာ၌ အမြွက်မျှသာ ဟောကြားထားသည်။ [ဝန္ဓဝိဘင်း ဝိညာဏက္ခန္ဓာကြည့်!

http://www.dhammadownload.com



မနာယတန'သည် ရှိ၏ (အကုသိုလ်စိတ်)၊ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' မနာယတနသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်များ)။

**စတုက္ကနည်း။** ။လေးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' မနာယတနသည် ရှိ၏ (ကာမစိတ်များ)၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' မနာယတနသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' မနာယတနသည် ရှိ၏၊ (ကာမ,ရူပ,အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) 'အပရိယာပန္န' မနာယတနသည် ရှိ၏။

**ပဉ္စကနည်း။** ။ငါးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ကိုယ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သုခိန္ဒြေ'နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (သုခသဟဂုတ် ကာယဝိညာဉ်စိတ်)၊ ကိုယ်ဆင်းရဲမှု၌ အစိုးတရခံစားခြင်း 'ဒုက္ခိန္ဒြေ'နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်)၊ စိတ်ချမ်းသာမှု၌ အစိုးတရခံစားခြင်း 'သောမနဿိန္ဒြေ'နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (သောမနဿသဟဂုတ်စိတ် ၆၂-ပါး)၊ စိတ်မချမ်းသာမှု (စိတ်နှလုံးမသာယာမှု၌) အစိုးတရ ခံစားခြင်း 'ဒေါမနဿိန္ဒြေ'နှင့် ယှဉ်သော မနာယတနသည် ရှိ၏(ဒေါသမူဒွေ)၊ လျစ်လျူရှုမှု၌ အစိုးတရ ခံစားခြင်း'ဥပေက္ခိန္ဒြေ'နှင့်ယှဉ်သော မနာယတနသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး)။

**ဆက္ကနည်း။** ။ခြောက်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်' သည် ရှိ၏။ ။ဤသို့ ခြောက်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

**သတ္တကနည်း။** ။ခုနစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနောဓာတ်' (ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းဒွေ)၊ (အာရုံခြောက်ပါးကို) အထူးသိမှု သဘော'မနောဝိညာဏဓာတ်' သည် ရှိ၏။ ။ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

**အဋ္ဌကနည်း။** ။ရှစ်ပါးသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ရှိ၏၊ ကြားသိစိတ် 'သောတဝိညာဏ်'သည် ရှိ၏၊ နံသိစိတ် 'ဃာနဝိညာဏ်'သည် ရှိ၏၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည် ရှိ၏၊ ချမ်းသာ ခံစားမှု'သုခဝေဒနာ' နှင့်တကွ ဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်သည်'သည် ရှိ၏၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'နှင့် တကွဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်'သည် ရှိ၏၊ (အာရုံငါးပါးကို) သိကာမျှ သဘော 'မနောဓာတ်'သည် ရှိ၏၊ (အာရုံခြောက်ပါးကို) အထူး သိမှုသဘော 'မနောဝိညာဏဓာတ်'သည် ရှိ၏။ ။ဤသို့ ရှစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

http://www.dhammadownload.com



**နဝကနည်း။** ။ကိုးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ရှိ၏၊ ကြားသိစိတ် 'သောတဝိညာဏ်'သည် ရှိ၏၊ နံသိစိတ် 'ဃာနဝိညာဏ်'သည် ရှိ၏၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည် ရှိ၏၊ ထိသိစိတ် 'ကာယဝိညာဏ်' သည် ရှိ၏၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနောဓာတ်' သည် ရှိ၏၊ ကုသိုလ် မနော ဝိညာဏဓာတ်သည် ရှိ၏၊ အကုသိုလ် မနောဝိညာဏဓာတ်သည် ရှိ၏၊ အဗျာကတ မနောဝိညာဏ ဓာတ်သည် ရှိ၏။ ။ဤသို့ ကိုးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

**ဒသကနည်း။** ။ဆယ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ရှိ၏၊ ကြားသိစိတ် 'သောတဝိညာဏ်'သည် ရှိ၏၊ နံသိစိတ် 'ဃာနဝိညာဏ်'သည် ရှိ၏၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည် ရှိ၏၊ ချမ်းသာခံစားမှု 'သုခဝေဒနာ' နှင့်တကွဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်'သည် ရှိ၏၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' နှင့် တကွ ဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်' သည် ရှိ၏၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနော ဓာတ်'သည် ရှိ၏၊ ကုသိုလ်မနောဝိညာဏဓာတ်သည် ရှိ၏၊ အကုသိုလ် မနောဝိညာဏ ဓာတ်သည် ရှိ၏၊ အဗျာကတ မနောဝိညာဏဓာတ်သည် ရှိ၏။ ။ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

## (၂) သဟေတုကဒုကမူ-ဝေဒနာတိကမူလိ ၁၀-နည်း

**ဧကကနည်း။** ။တပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော မနာယတနတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ဟိတ်ရှိသော မနာယတနသည် ရှိ၏၊ ဟိတ်မရှိသော မနာယတနသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။သုခဝေဒနာနှင့် ယှဉ်သော မနာယတနသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော မနာယတနသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော မနာယတနသည် ရှိ၏။ပ။[၁] ဤသို့ များသောအပြား အားဖြင့် မနာယတနသည် ဖြစ်၏။

ဤပြဆိုခဲ့ပြီးသောသဘောကို မနာယတနဟု ဆိုအပ်၏။

**ရူပါယတန** ၁၆၂။ (၄) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မည်သနည်း။

ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကိုစွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ ဖြစ်သော (မြင်အပ်သော) 'သနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အဆင်းအရောင် ဟူသော အကြင် အဆင်း (ရူပါရုံ)ကား— အညို

---

၁။ ဤမနာယတနကို ဟောရာတွင် တိကမူလ ကနည်း၊ ဥဘတောဝဍ္ဎကနည်း၊ သတ္တကနည်း၊ စတုဝီသတိ ဝိဓနည်း၊ တိံသဝိဓနည်း၊ ဗဟုဝိဓနည်းများကို ပေယျာလ လုံးဝချန်ထားခဲ့သည်။ ဒုကမူလကနည်းကိုမူ ဒုက် ၅၂-ခုအနက် 'သဟေတုက ဒုကမူ' တခုကိုသာ အစဖော်၍ ပြထားသည်။ အကျယ်သိလိုလျှင် 'ခန္ဓဝိဘင်း–ဝိညာဏက္ခန္ဓာ' ကို ရှုပါလေ။

http://www.dhammadownload.com



'နီလ'၊ အရွှေ (အဝါနု) 'ပီတက'၊ အနီ 'လောဟိတက'၊ အဖြူ 'ဩဒါတ'၊ အမည်း (အနက်) 'ကာဠက'၊ အမောင်း (နီညိုရောင်) 'မဉ္ဇိဋ္ဌက'၊ အဝါရင့် 'ဟရိ'၊ အစိမ်းရင့်ရောင် 'ဟရိဝဏ္ဏ'၊ သရက်ညွန့် အဆင်းရောင် (အစိမ်းနု) 'အမ္ဗင်္ကုရဝဏ္ဏ'၊ အရှည် 'ဒီဃ'၊ အတို 'ရဿ'၊ အငယ် 'အဏု'၊ အကြီး 'ထူလ'၊ (လှည်းဘီးသဏ္ဌာန်) အဝန်းအဝိုင်း 'ဝဋ္ဋ'၊ (ကြက်ဥသဏ္ဌာန်) အလုံး 'ပရိမဏ္ဍလ'၊ လေးမြှောင့် 'စတုရဿ'၊ ခြောက်မြှောင့် 'ဆဠံသ'၊ ရှစ်မြှောင့် 'အဋ္ဌံသ'၊ တဆယ့်ခြောက်မြှောင့် 'သောဠသံသ'၊ အနိမ့်အရှိုင်း 'နိန္န'၊ အမြင့်အမောက် 'ထလ'၊ အရိပ် 'ဆာယာ'၊ နေပူ 'အာတပ'၊ အလင်းရောင် 'အာလောက'၊ အမိုက်မှောင် 'အန္ဓကာရ'၊ တိမ်တိုက် 'အဗ္ဘာ'၊ ဆီးနှင်း 'မဟိကာ'၊ အခိုး 'ဓူမ'၊ မြူ 'ရဇ'၊ လဝန်း၏ အဆင်းအရောင်၊ နေဝန်း၏ အဆင်းအရောင်၊ ကြယ် (တာရာ) အပေါင်းတို့၏ အဆင်းအရောင်၊ ကြေးမုံ (မှန်) ဝန်း၏ အဆင်းအရောင်၊ ပတ္တမြား 'မဏိ'၊ ခရုသင်း 'သင်္ခ'၊ ပုလဲ 'မုတ္တာ'၊ ဝါး အဆင်းရှိသော ဝေဠုရိယ ကြောင်မျက်ရွဲ (မြ) ၏ အဆင်းအရောင်၊ ရွှေ ငွေ၏ အဆင်းအရောင်သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အဆင်း 'ရူပါရုံ'တို့မှ) တမျိုးတခြားဖြစ်သော ကြီးကျယ်ထင်ရှားသည့် မဟာဘုတ် လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ ဖြစ်သော (မြင်အပ်သော) 'သနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော 'သပ္ပဋိဃ' အဆင်းအရောင်ဟူသော အကြင်အဆင်း ရူပါရုံသည်လည်း ရှိသေး၏။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ ဖြစ်သော (မြင်အပ်သော) 'သနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ ဖြစ်သော 'သပ္ပဋိဃ' အကြင် အဆင်း (ရူပါရုံ) ကို မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ ဖြစ်သော 'သပ္ပဋိဃ' မျက်စိအကြည် 'စက္ခုပသာဒ' ဖြင့် မြင်လည်း မြင်ခဲ့ပြီ၊ မြင်လည်း မြင်ဆဲ၊ မြင်လည်း မြင်လတ္တံ့၊ မြင်မှုလည်း မြင်ရာ၏။

ဤရုပ်သည် အဆင်း 'ရူပါရုံ' လည်း မည်၏၊ ဤရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' လည်း မည်၏၊ ဤရုပ်သည် အဆင်း (ရူပါရုံ) ဟူသော သဘော 'ရူပဓာတ်' လည်း မည်၏၊ ဤဆိုအပ်ခဲ့ပြီးသော အဆင်း 'ရူပါရုံ' ကို မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' ဟူ၍ ဆိုအပ်၏။ (ဏာ- ၆၁၆)

သဒ္ဒါယတန ၁၆၃။ (ဂ) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် ကြားသိစိတ် 'သောတဝိညာဏ်'ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' မည်သနည်း။

ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွဖြစ်သော 'သပ္ပဋိဃ' အကြင် အသံ (သဒ္ဒါရုံ) သည် စည်ကြီးသံ 'ဘေရိသဒ္ဒ'၊ မုရိုးစည်သံ 'မုဒိင်္ဂသဒ္ဒ'၊ ခရုသင်းသံ 'သင်္ခသဒ္ဒ'၊ ထက်စည်သံ 'ပဏဝ သဒ္ဒ'၊ သီချင်းသံ 'ဂီတသဒ္ဒ'၊ တီးမှုတ်သံ 'ဝါဒိတ သဒ္ဒ'၊ မောင်းကြေးနင်း ခွက်ခွင်းသံ 'သမ္မ သဒ္ဒ'၊ လက်သံ (လက်ခုပ်တီးသံ) 'ပါဏိသဒ္ဒ'၊ သတ္တဝါတို့၏ ကြွေးကြော်သံ 'နိဂ္ဃောသ သဒ္ဒ'၊ (မိုးချုန်းသံ,လျှောင်တော်လည်းသံ စသော) သဘာဝ (ဓာတ်) တို့၏ (အချင်းချင်း) ထိခိုက်သော အသံ 'သန္နိဃာတ သဒ္ဒ'၊ လေသံ (လေတိုက်သော အသံ) 'ဝါတ သဒ္ဒ'၊ ရေသံ (ရေစီးသံ, ရေလှိုင်းသံ) 'ဥဒက သဒ္ဒ'၊ လူသံ 'မနုဿ သဒ္ဒ'၊ လူသံမှတပါးသော အသံ 'အမနုဿ သဒ္ဒ' သည် (ရှိ၏)။

http://www.dhammadownload.com



ထို့ပြင် (ဆိုအပ်ခဲ့ပြီးသောအသံ 'သဒ္ဒါရုံ' တို့မှ) တမျိုးတခြားဖြစ်သော ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော အကြင် အသံ (သဒ္ဒါရုံ) သည်လည်း ရှိသေး၏[၁]။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်သော အကြင်အသံ (သဒ္ဒါရုံ) ကို မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော နားအကြည် 'သောတ' (ပသာဒ) ဖြင့် ကြားလည်း ကြားခဲ့ပြီ၊ ကြားလည်း ကြားဆဲ၊ ကြားလည်း ကြားလတ္တံ့၊ ကြားမူလည်း ကြားရာ၏။

ဤရုပ်သည် အသံ (သဒ္ဒါရုံ) လည်း မည်၏၊ ဤရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' လည်း မည်၏၊ ဤရုပ်သည် အသံ (သဒ္ဒါရုံ) ဟူသော သဘော 'သဒ္ဒဓာတ်' လည်း မည်၏၊ ဤဆိုခဲ့ပြီးသော အသံ 'သဒ္ဒါရုံ' ကို ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' ဟူ၍ ဆိုအပ်၏။ (ဏီ- ၆၂၀)

**ဂန္ဓာယတန**　၁၆၄။ (၉) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' မည်သနည်း။

ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အနံ့ ဂန္ဓာရုံသည် အမြစ်နံ့ 'မူလဂန္ဓ'၊ အနှစ်နံ့ 'သာရဂန္ဓ'၊ အခေါက် (အခွံ) နံ့ 'တစဂန္ဓ'၊ အရွက်နံ့ 'ပတ္တဂန္ဓ'၊ အပွင့်နံ့ 'ပုပ္ဖဂန္ဓ'၊ အသီးနံ့ 'ဖလဂန္ဓ'၊ စိမ်းရွှေသော အနံ့ 'အာမကဂန္ဓ'၊ သားစိမ်း ငါးစိမ်း သားပုပ် ငါးပုပ် အညှီနံ့ 'ဝိဿဂန္ဓ'၊ ကောင်းသော အလိုရှိအပ်သော အနံ့ သုဂန္ဓ'၊ မကောင်းသော အလိုမရှိအပ်သော အနံ့ 'ဒုဂ္ဂန္ဓ' သည် (ရှိ၏)။

ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အနံ့ 'ဂန္ဓာရုံ' တို့မှ) တမျိုးတခြားဖြစ်သော ကြီးကျယ်ထင်ရှားသော မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အနံ့ 'ဂန္ဓာရုံ' သည်လည်း ရှိသေး၏။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အနံ့ (ဂန္ဓာရုံ) ကို မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော နှာခေါင်းအကြည် 'ဃာန' (ပသာဒ) ဖြင့် နမ်းလည်း နမ်းခဲ့ပြီ၊ နမ်းလည်း နမ်းဆဲ၊ နမ်းလည်း နမ်းလတ္တံ့၊ နမ်းမူလည်း နမ်းရာ၏။

---

၁။ ဝါးချင်းကြိတ်သံ, ပုဆိုးမြည်သံ စသည့် အသံများ။

http://www.dhammadownload.com



ဤရုပ်သည် အနံ့ 'ဂန္ဓာရုံ' လည်း မည်၏၊ ဤရုပ်သည် နံ့သိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' လည်း မည်၏၊ ဤရုပ်သည် အနံ့ (ဂန္ဓာရုံ) ဟူသော သဘော 'ဂန္ဓဓာတ်' လည်း မည်၏၊ ဤဆိုခဲ့ပြီးသော အနံ့ 'ဂန္ဓာရုံ' ကို နံ့သိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' ဟူ၍ ဆိုအပ်၏။ (ဏီ- ၆၂၄)

ရသာယတန ၁၆၅။ (၁၀) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် လျက်သိစိတ် 'ဇိဝှါ-ဝိညာဏ်'ဖြစ်ကြောင်း အရသာ 'ရသာယတန'မည်သနည်း။

ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အရသာ (ရသာရုံ) သည် အမြစ်အရသာ 'မူလ ရသ'၊ ပင်စည်အရသာ 'ခန္ဓ ရသ'၊ အခေါက် (အခွံ) အရသာ 'တစ ရသ'၊ အရွက်အရသာ 'ပတ္တ ရသ'၊ အပွင့်အရသာ 'ပုပ္ဖ ရသ'၊ အသီးအရသာ 'ဖလ ရသ'၊ အချဉ် 'အမ္ဗိလ'၊ အချိုအမြိန် 'မဓုရ'၊ ခါး 'တိတ္တက'၊ အစပ် 'ကဋုက'၊ ဆားအငန် 'လောဏိက'၊ ဆပ်ပြာအငန် 'ခါရိက'၊ စူးရှသော အချဉ် 'လမ္ဗိလ'၊ အဖန် 'ကသာဝ'၊ သာယာဖွယ် (ကောင်းသော) အရသာ 'သာဒု'၊ မသာယာဖွယ် (မကောင်းသော) အရသာ 'အသာဒု' သည် (ရှိ၏)။

ထိုပြင် (ဆိုအပ်ခဲ့ပြီးသော အရသာ 'ရသာရုံ' တို့မှ) တမျိုးတခြားဖြစ်သော ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း)နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင်အရသာ (ရသာရုံ) သည်လည်း ရှိသေး၏။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင်အရသာ (ရသာရုံ) ကို မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော လျှာအကြည် 'ဇိဝှါ' (ပသာဒ) ဖြင့် လျက်လည်း လျက်ခဲ့ပြီ၊ လျက်လည်း လျက်ဆဲ၊ လျက်လည်း လျက်လတ္တံ့၊ လျက်မူလည်း လျက်ရာ၏။

ဤရုပ်သည် အရသာ 'ရသာရုံ' လည်း မည်၏၊ ဤရုပ်သည် လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန' လည်း မည်၏၊ ဤရုပ်သည် အရသာ (ရသာရုံ) ဟူသော သဘော 'ရသဓာတ်' လည်း မည်၏၊ ဤဆိုခဲ့ပြီးသော အရသာ 'ရသာရုံ'ကို လျက်သိစိတ် (ဇိဝှါ-ဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန' ဟူ၍ ဆိုအပ်၏။ (ဏီ- ၆၂၈)

ဖောဋ္ဌဗ္ဗာယတန ၁၆၆။ (၁၁) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မည်သနည်း။

မြေဟူသော သဘော (ခက်မာခြင်းသဘော) 'ပထဝီဓာတ်'၊ မီးဟူသော သဘော (ရင့်ကျက်စေခြင်း သဘော) 'တေဇောဓာတ်'၊ လေဟူသော သဘော (ထောက်ကန်လှုပ်ရှားခြင်းသဘော) 'ဝါယောဓာတ်'၊ ခက်မာခြင်း သဘော 'ကက္ခဠ'၊ နူးညံ့ခြင်း သဘော 'မုဒုက'၊ သိမ်မွေ့ခြင်း

http://www.dhammadownload.com



သဘော 'သဏှ'၊ ကြမ်းတမ်းခြင်းသဘော 'ဖရုသ'၊ ချမ်းသာသော အတွေ့ 'သုခ သမ္ဖဿ'၊ ဆင်းရဲသော အတွေ့ 'ဒုက္ခ သမ္ဖဿ'၊ လေးသော သဘော 'ဂရုက'၊ ပေါ့သော သဘော 'လဟုက' သည် ရှိ၏။

မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင် အတွေ့ (ဖောဋ္ဌဗ္ဗာရုံ) ကို မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော ကိုယ်အကြည် 'ကာယ' (ပသာဒ) ဖြင့် ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမူလည်း ထိပါးရာ၏။

ဤရုပ်သည် အတွေ့ (ဖောဋ္ဌဗ္ဗာရုံ) လည်း မည်၏၊ ဤရုပ်သည် ထိသိစိတ် ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' လည်း မည်၏၊ ဤရုပ်သည် အတွေ့ (ဖောဋ္ဌဗ္ဗာရုံ) ဟူသော သဘော 'ဖောဋ္ဌဗ္ဗဓာတ်' လည်း မည်၏၊ ဤဆိုခဲ့ပြီးသော အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို ထိသိစိတ် ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' ဟူ၍ ဆိုအပ်၏။ (ဏီ- ၆၄၇)

**ဓမ္မာယတန**[၁] **၅-မျိုး** ၁၆၇။ (၁၂) ထိုအာယတန ၁၂-ပါးတို့တွင် အဘယ်သည် သိမှုစိတ်ဖြစ်ရာ ဖြစ်ကြောင်း 'ဓမ္မာယတန' မည်သနည်း။

ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ' (တည်းဟူသော နာမ်ခန္ဓာသုံးပါး)သည်ရင်း၊ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ မဖြစ်သော 'အပ္ပဋိဃ', သိမှုစိတ်ဖြစ်ရာ ဖြစ်ကြောင်း 'ဓမ္မာယတန' ၌ အကျုံးဝင်သော အကြင် (သုခုမရုပ် သောဠသ)ရုပ်သည်ရင်း၊ အကြောင်းတရားလေးပါးတို့သည် မပြုပြင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်ရင်း ရှိ၏။ (ဤတရားတို့ကို သိမှု စိတ် ဖြစ်ရာဖြစ်ကြောင်း 'ဓမ္မာယတန'ဟု ဆိုအပ်၏။)

**ဝေဒနာက္ခန္ဓာ ဓမ္မာယတန။** ။ထိုဓမ္မာယတန ၅-မျိုးတို့တွင် အဘယ်သည် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' မည်သနည်း။

**ဧကကနည်း။** ။တပါးပြားသော နည်းအားဖြင့် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'သည် ဖြစ်၏။ ။ဖဿနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါး ပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏၊ ။အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ခံစားမှု အစု 'ကုသိုလ်ဝေဒနာက္ခန္ဓာ' သည် ရှိ၏၊ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ခံစားမှုအစု 'အကုသိုလ် ဝေဒနာက္ခန္ဓာ'သည် ရှိ၏၊ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော ခံစားမှုအစု 'အဗျာ-

---

၁။ ဏီ- ၁၄၄, ၉၀၄။

http://www.dhammadownload.com



ကတ ဝေဒနာက္ခန္ဓာသည် ရှိ၏။ ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာ သည် ဖြစ်၏။ ပ။[၁] ဤသို့ များသော အပြားအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

ဤဆိုခဲ့ပြီးသော ဝေဒနာကို ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ဟု ဆိုအပ်၏။

သညာက္ခန္ဓာ ဓမ္မာယတန ။ ။ထိုဓမ္မာယတန ၅-မျိုးတို့တွင် အဘယ်သည် မှတ်သားမှုအစု 'သညာက္ခန္ဓာ'မည်သနည်း။

ဧကကနည်း။ ။တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါး ပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ-သညာက္ခန္ဓာသည် ရှိ၏။ ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ပ။[၂] ဤသို့ များသော အပြားအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

ဤဆိုခဲ့ပြီးသော သညာကို မှတ်သားမှုအစု 'သညာက္ခန္ဓာ'ဟု ဆိုအပ်၏။

သင်္ခါရက္ခန္ဓာ ဓမ္မာယတန။ ။ထိုဓမ္မာယတန ၅-မျိုးတို့တွင် အဘယ်သည် ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ' မည်သနည်း။

ဧကကနည်း။ ။တပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။စိတ်နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် သင်္ခါ-ရက္ခန္ဓာသည် ရှိ၏။ အကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဗျာကတသင်္ခါရက္ခန္ဓာ-သည် ရှိ၏။ ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ပ။[၃] ဤသို့ များသော အပြားအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

ဤဆိုခဲ့ပြီးသော သဘောကို ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟု ဆိုအပ်၏။

---

၁။ ဝေဒနာက္ခန္ဓာကို ခန္ဓဝိဘင်း၌ကဲ့သို့ (၁) ဒုကမူလကနည်း (၂) တိကမူလကနည်း (၃) ဥဘတော ဝၯုကနည်း (၄) သတ္တကနည်း (၅) စတုဝီသတိဝိဓနည်း (၆) တိံသဝိဓနည်း (၇) ဗဟုဝိဓနည်းတို့ဖြင့် ဟောရမည်ဖြစ်သည်၊ သို့သော်လည်း ခန္ဓဝိဘင်းတွင် ဟောခဲ့ပြီးဖြစ်သဖြင့် ပေယျာလ ချန်ခဲ့သည်။ (ခန္ဓဝိဘင်းစာမျက်နှာ ၇၂ မှ ၁၁၂-အထိကြည့်)

၂။ သညာက္ခန္ဓာကို ခန္ဓဝိဘင်းအတိုင်း ဟောရမည် ဖြစ်သည်။ (ခန္ဓဝိဘင်း စာမျက်နှာ ၁၁၃ မှ ၁၄၅-ထိ ကြည့်)

၃။ သင်္ခါရက္ခန္ဓာကို ခန္ဓဝိဘင်းအတိုင်း ဟောရမည် ဖြစ်သည်။ (ခန္ဓဝိဘင်း စာမျက်နှာ ၁၄၆ မှ ၁၈၂-ထိ ကြည့်)

http://www.dhammadownload.com



**သုခုမရုပ် ဓမ္မာယတန**။ ။ထိုဓမ္မာယတန ၅-မျိုးတို့တွင် အဘယ်သည် မြင်အပ်သောသဘောနှင့် ထိပါးတတ်သော သဘောမရှိသည့် ဓမ္မာယတန၌ အကျုံးဝင်သော ရုပ်မည်သနည်း။

မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှုသဘော 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီး, အဖို) ဖြစ်ကြောင်း၌ အစိုးရမှု သဘော 'ပုရိသိန္ဒြေ'။ ပ ။ ကဗဠီကာရ အာဟာရရုပ်သည် ရှိ၏၊ ဤဆိုခဲ့ပြီးသော ရုပ် ၁၆-ပါးကို မြင်အပ်သော သဘောနှင့် ထိပါးတတ်သော သဘောမရှိသည့် ဓမ္မာယတန၌ အကျုံးဝင်သော (သုခုမ) ရုပ်ဟု ဆိုအပ်၏။

**နိဗ္ဗာန် ဓမ္မာယတန**။ ။ထိုဓမ္မာယတန ၅-မျိုးတို့တွင် အဘယ်သည် အကြောင်းတရား လေးပါးတို့သည် မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်' မည်သနည်း။

တပ်မက်မှု 'ရာဂ'၏ ကုန်ရာကုန်ကြောင်း၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ' ၏ ကုန်ရာကုန်ကြောင်း၊ အမှန်သဘောကို မသိမှု 'မောဟ' ၏ ကုန်ရာ ကုန်ကြောင်းသည် ရှိ၏၊ ဤဆိုခဲ့ပြီးသော သဘောကို အကြောင်းတရားလေးပါးတို့သည် မပြုပြင်အပ်သော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) ဟု ဆိုအပ်၏။

ဤဆိုအပ်ခဲ့ပြီးသော တရား ၅-မျိုးကို သိမှုစိတ်ဖြစ်ရာဖြစ်ကြောင်း 'ဓမ္မာယတန'ဟု ဆိုအပ်၏။

အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော 'အဘိဓမ္မဘာဇနိယ'နည်း ပြီး၏။

---

## ၃-ပဥ္စာပုစ္ဆက

## အမေး-အဖြေပြု၍ ဟောကြားသောနည်း

**အာယတန ၁၂-ပါး** ၁၆၈။ စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန'တဆယ့်နှစ်ပါးတို့ကား—

(၁) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။
(၂) မြင်သိစိတ် 'စက္ခုဝိညာဉ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။
(၃) ကြားသိစိတ် 'သောတဝိညာဉ်' ဖြစ်ရာ နားအကြည် 'သောတာယတန'။
(၄) ကြားသိစိတ် 'သောတဝိညာဉ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'။
(၅) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'။
(၆) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'။
(၇) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'။
(၈) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတန'။
(၉) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'။
(၁၀) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'။
(၁၁) သိမှုစိတ်ဖြစ်ရာ 'မနာယတန'။
(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'ဓမ္မာယတန' တို့ဘည်း။ (ဏီ-၅၉၃,၁၃၄၂)

http://www.dhammadownload.com



## အာယတန ၁၂-ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

### ၁-တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) **ကုသလတိက် အမေး ပုစ္ဆာ** ၁၆၉။ စိတ်စေတသိက်တို့ ဖြစ်ရာ ဖြစ်ကြောင်း 'အာယတန' တဆယ့်နှစ်ပါးတို့တွင် အပြစ်မရှိမူ၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သော 'ကုသိုလ်'အာယတနတို့သည် အဘယ်မျှရှိကုန်သနည်း၊ အပြစ်နှင့် တကွ ဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော 'အကုသိုလ်'အာယတနတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ ကုသိုလ်,အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' အာယတနတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။[၁]

### ၂-ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁၀၀) **သရဏဒုက် အမေးပုစ္ဆာ**။ ။ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' အာယတနတို့သည် အဘယ်မျှရှိကုန်သနည်း၊ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ'အာယတနတို့သည် အဘယ်မျှ ရှိကုန်သနည်း။[၂]

## အာယတန ၁၂-ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေ ဝိသဇ္ဇနာကို ပြခြင်း

### ၁-တိကဝိသဇ္ဇနာ

(အာယတန ၁၂-ပါးတို့ကို တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

(၁) **ကုသလတိက် အဖြေ ဝိသဇ္ဇနာ** ၁၇၀။ ရုပ်အာယတန ဆယ်ပါးတို့သည် အဗျာကတ ဖြစ်ကုန်၏ (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကုသိုလ်ဖြစ်ကုန်၏ (ကုသိုလ် စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အကုသိုလ် ဖြစ်ကုန်၏ (အကုသိုလ် စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အဗျာကတ ဖြစ်ကုန်၏ (ဝိပါက်,ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)။

(၂) **ဝေဒနာတိက် အဖြေ ဝိသဇ္ဇနာ**။ ။ရုပ် အာယတန ဆယ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ရင်း ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍ရင်း အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ရင်း မဆိုအပ်ကုန် (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော မနာယတနသည် သုခဝေဒနာနှင့်ယှဉ်၏ (သုခသဟဂုတ်စိတ် ၆၃-ပါး)၊ အချို့သော မနာယတနသည် ဒုက္ခဝေဒနာနှင့် ယှဉ်၏ (ဒုက္ခသဟဂုတ် ကာယဝိညာဉ်နှင့် ဒေါသမူ‌ ‌ေ)၊ အချို့သော မနာယတနသည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး)။

အချို့သော ဓမ္မာယတနသည် သုခဝေဒနာနှင့်ယှဉ်၏ (ဝေဒနာကြဉ်သော သုခသဟဂုတ်စိတ် ၆၃-ပါး၌ ရှိသည့် စေတသိက် ၄၆-ပါး)၊ အချို့သော ဓမ္မာယတနသည် ဒုက္ခဝေဒနာနှင့် ယှဉ်၏

---

၁-၂။ ဝေဒနာတိက် အမှတ်-၂ မှ သနိဒဿနတိက် အမှတ်-၂၂ အထိ (တိက် ၂၁-ခုတို့၏ အမေး ပုစ္ဆာများကို) ပေယျာလချန်ခဲ့ပြီးလျှင် ဟေတုဒုက် ဒုက်အမှတ်-၁ မှ သဥတ္တရဒုက် ဒုက်အမှတ်-၉၉ အထိ ပေယျာလ လုံး၀ ချန်ခဲ့သည်။

http://www.dhammadownload.com



(ဝေဒနာကြဉ်သော ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်နှင့် ဒေါသမူဒွေတို့၌ရှိသော စေတသိက် ၂၁-ပါး)၊ အချို့သော ဓမ္မာယတနသည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ (ဝေဒနာကြဉ်သော ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၌ရှိသော စေတသိက် ၄၆-ပါး)။

**တိက်မှတ်။** ။အချို့သော ဓမ္မာယတနကို သုခဝေဒနာနှင့် ယှဉ်၏ ဟူ၍၎င်း ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍၎င်း အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ဟူ၍၎င်း မဆိုအပ်ချေ (ဝေဒနာ[၁], သုခုမရုပ်, နိဗ္ဗာန်)။

**(၃) ဝိပါကတိက် အဖြေ ဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်'လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်းသဘော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သောသဘော) ရှိသည်လည်း မဟုတ်ကုန် (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅ ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' ဖြစ်ကုန်၏ (ဝိပါက်စိတ္တုပ္ပါဒ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အကျိုး'ဝိပါက်'ကို ဖြစ်စေခြင်း သဘော(အကျိုး'ဝိပါက်'ကို ဖြစ်စေတတ်သောသဘော)ရှိသော တရားဖြစ်ကုန်၏ (ကုသိုလ်, အကုသိုလ် စိတ္တုပ္ပါဒ်များ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကုသိုလ်, အကုသိုလ် တို့၏ အကျိုး 'ဝိပါက်' လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်းသဘော ရှိသော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သော) တရားလည်း မဟုတ်ကုန် (ကြိယာစိတ္တုပ္ပါဒ်, သုခုမရုပ်, နိဗ္ဗာန်)။

**(၄) ဥပါဒိန္နတိက် အဖြေ ဝိသဇ္ဇနာ။** ။(ပသာဒရုပ်)ရုပ်အာယတန ငါးပါးတို့သည် တဏှာဒိဋ္ဌိ တို့ ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့်ကံကြောင့်လည်း ဖြစ်၍) ဥပါဒါနိ၏ အာရုံလည်း ဖြစ်ကုန်၏ (ကမ္မဇရုပ် ကေန်ဖြစ်သော ပသာဒရုပ် ငါးပါး)။

အသံ 'သဒ္ဒါယတန' သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ် မူ၍(တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) ဥပါဒါနိ၏(တဏှာ,ဒိဋ္ဌိတို့၏)အာရုံသာ ဖြစ်၏။

အချို့သော (အဆင်း'ရူပ', အနံ့ 'ဂန္ဓ', အရသာ 'ရသ', အတွေ့ 'ဖောဋ္ဌဗ္ဗ') အာယတန လေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) ဥပါဒါနိ၏ အာရုံလည်း ဖြစ်ကုန်၏ (ကမ္မဇရုပ်ကလာပ်၌ ပါသော ရုပ်လေးပါး)။

အချို့သော (ရူပ,ဂန္ဓ,ရသ, ဖောဋ္ဌဗ္ဗ) အာယတနလေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါနိ၏ အာရုံသာ ဖြစ်ကုန်၏ (ကမ္မဇရုပ်မှတပါး တိဇရုပ်၌ပါသည့် ရုပ်လေးပါး)။

---

၁။ ဝေဒနာကို 'ဝေဒနာနှင့်ယှဉ်၏'ဟု မဆိုအပ်ချေ။

http://www.dhammadownload.com



အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့်ကံ၏ အကျိုးဝိပါက်လည်းဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ (လောကီဝိပါက် စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ် ကေန်ဖြစ်သည့် သုခုမရုပ်များဖြစ်သော ဘာဝရုပ် ၂-ပါး, ဇီဝိတရုပ်, ဟဒယရုပ်၊ အနေကန်ဖြစ်သည့် သုခုမရုပ်များ ဖြစ်သော အာပေါ,အာဟာရ, ပရိစ္ဆေဒရုပ်, လက္ခဏရုပ်)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသော ကံ၏အကျိုးဝိပါက်မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (လောကီ ကုသိုလ်, အကုသိုလ်, ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမကမ္မဇရုပ် ကေန် ၄-ပါး ကြဉ်သည့် တိဇသုခုမရုပ် ၁၂-ပါး)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၅) သံကိလိဋ္ဌတိက် အဖြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' ကိုသည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာဖြစ်ကုန်၏ (ပသာဒ ရုပ် ၅-ပါးနှင့် အာရုံ ငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာတို့နှင့် ယှဉ်၍) ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်၊ သုခုမရုပ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာနှင့်လည်း မယှဉ်မူ၍) ကိလေသာ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၆) ဝိတက်တိက် အဖြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိကုန် (ဝိတက် ဝိစာရတို့နှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅-ပါးနှင့် အာရုံငါးပါး)။

အချို့သော မနာယတနသည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး)၊ အချို့သော မနာယတနသည် ဝိတက် မရှိမူ၍ ဝိစာရမျှသာ ရှိ၏ (ဒုတိယဈာန်စိတ် ၁၁-ပါး)၊ အချို့သော မနာယတနသည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိချေ။

အချို့သော ဓမ္မာယတနသည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (ဝိတက် ဝိစာရကြဉ်သော သဝိတက္ကစိတ် ၅၅-ပါး၌ ရှိသော စေတသိက် ၅၀)၊ အချို့သော ဓမ္မာယတနသည် ဝိတက်မရှိမူ၍

http://www.dhammadownload.com



ဝိစာရမျှသာရှိ၏ (ဝိစာရကြဉ်သည့် ဒုတိယဈာန်စိတ်၌ရှိသော စေတသိက် ၃၆-ပါး၊ သဝိတက္ကစိတ် ၅၅-ပါး၌ ရှိသော ဝိတက် ၅၅-ပါး)၊ အချို့သော ဓမ္မာယတနသည် ဝိတက်လည်း မရှိမူ၍ ဝိစာရ လည်း မရှိ (အဝိတက္က အဝိစာရ စိတ်တို့၌ရှိသော စေတသိက် ၃၆၊ ဒုတိယဈာန် ၁၁-ပါး၌ရှိသော ဝိစာရ ၁၁-ပါး၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်)။

**တိက်မုတ်။** ။အချို့သော ဓမ္မာယတနကို ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (ဝိတက် ဝိစာရနှင့် ယှဉ်၏) ဟူ၍၎င်း, ဝိတက်မရှိမူ၍ ဝိစာရမျှသာ ရှိ၏ ဟူ၍၎င်း, ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိဟူ၍၎င်း မဆိုအပ်ချေ (သဝိတက္က သဝိစာရစိတ် ၅၅-ပါး၌ရှိသော ဝိစာရ ၅၅-ပါး)။ (ဏီ- ၁၄၀၁)

(၇) **ပီတိတိက် အဖြေ ဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ဟူ၍၎င်း (ပီတိနှင့် ယှဉ်၏ ဟူ၍၎င်း), သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏ ဟူ၍၎င်း, ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်ကုန်၏ ဟူ၍၎င်း မဆိုအပ်ကုန် (ပသာဒရုပ် ၅-ပါးနှင့် အာရုံ ငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့်ယှဉ်ကုန်၏) (သပ္ပီတိကစိတ် ၅၁-ပါးနှင့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခ သဟဂုတ်စိတ် ၆၃-ပါးနှင့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်၏(ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးနှင့် ယှဉ်ဘက်စေတသိက်များ)။

**တိက်မုတ်။** ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ ဟူ၍၎င်း၊ သုခဝေဒနာနှင့် တကွဖြစ်ကုန်၏ ဟူ၍၎င်း၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်၏ ဟူ၍၎င်း မဆိုအပ်ကုန် (ဒေါသမူဒွေစိတ္တုပ္ပါဒ်၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ္တုပ္ပါဒ်၊ ပီတိနှင့်မယှဉ်သော သုခသဟဂုတ် ကာယဝိညာဏ်နှင့် စတုတ္ထဈာန် ၁၁-ပါး၌ရှိသော သုခဝေဒနာ ၁၂-ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၌ရှိသော ဥပေက္ခာဝေဒနာ ၅၅-ပါး၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်)။ (ဏီ ၁၄၀၄)

(၈) **ဒဿနတိက် အဖြေ ဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ (သောတာပတ္တိမဂ် မြင်ပြီးသောနိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (ပသာဒရုပ် ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယဘန, ဓမ္မာယဘန) အာယတန နှစ်ပါးတို့ကို (ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို (ဘာဝနာမည်သော) အထက် မဂ်သုံးပါးတို့သည် ပယ်အပ်ကုန်၏ (ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်များ)။

http://www.dhammadownload.com



အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်, သုခုမရုပ်, နိဗ္ဗာန်)။

(၉) ဒဿနဟေတုတိက် အမြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် (ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ (ဟိတ်နှင့်မယှဉ်မူ၍) (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ်ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ မောဟကြဉ်သည့် ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (မောဟကြဉ်သည့် ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်နှင့် ကြွင်းသော အကုသိုလ် စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (ဟိတ်နှင့်လည်း မယှဉ်ကုန်) (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ မောဟမူဒွေ့ မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏ-၁၄၁၀)

(၁၀) အာစယဂါမိတိက် အမြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန် (ပသာဒရုပ်ငါးပါးနှင့် အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်ကုန်၏ (လောကီကုသိုလ်နှင့် အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော(မနာယတန,ဓမ္မာယတန)အာယတနနှစ်ပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်(ဝိပါက်နှင့် ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်)။

(၁၁) သေက္ခတိက် အမြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (ပသာဒရုပ်ငါးပါးနှင့် အာရုံငါးပါး)။

အချို့သော (မနာယတန,ဓမ္မာယယန) အာယတနနှစ်ပါးတို့သည်(အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်ကုန်၏ (မဂ်စိတ်လေးပါး၊ အောက်ဖိုလ် ၃-ပါး စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏ (အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်ကုန် (လောကီ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏ-၁၄၁၄,၁၄၁၅,၁၄၁၆)

http://www.dhammadownload.com



(၁၂) **ပရိတ္တတိက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့သည် နည်းပါးသော တန်းခိုးအာနုဘော်ရှိသော 'ပရိတ္တ' တရား (ကာမတရား) ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် နည်းပါးသော တန်းခိုးအာနုဘော်ရှိသော 'ပရိတ္တ' တရား (ကာမတရား) ဖြစ်ကုန်၏ (ကာမာဝစရစိတ္တုပ္ပါဒ်များ၊ သုခုမရုပ် ၁၆-ပါး)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကြီးကျယ်မြင့်မြတ်သည်၏အဖြစ်သို့ရောက်သော 'မဟဂ္ဂတ' တရားဖြစ်ကုန်၏ (မဟဂ္ဂုတ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နှိုင်းယှဉ်မှုကိုပြုတတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၁၃) **ပရိတ္တာရမ္မဏတိက် အဖြေ ဝိသဇ္ဇနာ။** ။ ရုပ်အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်းသဘောမရှိကုန် (အာရုံမပြုတတ်ချေ) (အနာရမ္မဏ) (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏။

**တိက်မှတ်။** ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏ဟူ၍ရင်း, မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏ဟူ၍ရင်း, အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏ဟူ၍ရင်း မဆိုအပ်ကုန် (ပညတ်ကိုကေန်အာရုံပြုသောစိတ်များ=ရူပါဝစရစျာန်စိတ် ၁၅ စိတ္တုပ္ပါဒ်များ၊ အာကာသာနဉ္စာယတနနှင့် အာကိဉ္စညာယတန အရူပစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ ၁၄၂၂)

(၁၄) **ဟီနတိက် အဖြေ ဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' တရားဖြစ်ကုန်၏(ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ယုတ်ညံ့သော 'ဟီန' တရားဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' တရားဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် မြင့်မြတ်သော 'ပဏီတ' တရားဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၁၅) **မိစ္ဆတ္တတိက် အဖြေ ဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့သည် မိစ္ဆတ္တနိယတ, သမ္မတ္တနိယတ တည်းဟူသော နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေး မမြဲချေ (အနိယတ) (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဖောက်ပြန်သော သဘောရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' တရားဖြစ်ကုန်၏ (နိယတ

http://www.dhammadownload.com



မိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါးတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်နှင့်ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဖောက်ပြန်သော သဘောမရှိမူ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'တရားဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေးမမြဲကုန် (အနိယတ) (ကြွင်းသော စိတ္တုပ္ပါဒ်များနှင့် သုခုမရုပ်၊ နိဗ္ဗာန်)။

(၁၆) မဂ္ဂါရမ္မဏတိက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်း သဘောမရှိကုန် (အာရုံမပြုတတ်ချေ)(ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် မဂ်ကို အာရုံပြုကုန်၏ (မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်-ကြိယာ ဉာဏသမ္ပယုတ်၊ အဘိညာဉ်ဒွေစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိမဂ္ဂင်=ပညာ=အမောဟဟိတ်) ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (အမောဟကြဉ်သည့် မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ=ဝီမံသာဓိပတိ=အမောဟ၊သမ္မာဝါယာမ=ဝီရိယာဓိပတိ=ဝီရိယ) ရှိကုန်၏ (အဓိပတိတပ်ခိုက် ပညာနှင့်ဝီရိယ အသီးအသီးကြဉ်သော မဂ်စိတ္တုပ္ပါဒ်)။

**တိက်မုတ်။** ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့ကို မဂ်ကို အာရုံပြုကုန်၏ ဟူ၍ရင်း, မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိ=ပညာ=အမောဟ) ရှိကုန်၏ ဟူ၍ရင်း, မဂ်မည်သောအကြီးအမှူး (သမ္မာဒိဋ္ဌိ=ဝီမံသာဓိပတိ=အမောဟ၊ သမ္မာဝါယာမ=ဝီရိယာဓိပတိ=ဝီရိယ) ရှိကုန်၏ ဟူ၍ရင်း မဆိုအပ်ကုန် (မဂ်ကို အာရုံမပြုသော မနာယတန, ဓမ္မာယတန)။ (ဏ-၁၄၂၉)

(၁၇) ဥပ္ပန္နတိက် အဖြေ ဝိသဇ္ဇနာ။ ။ အချို့သော (ကမ္မဇ) ရုပ်အာယတနငါးပါးတို့သည် ဥပါဒ်ဋ္ဌီ, ဘင် ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ဆဲဖြစ်သော 'ဥပ္ပန္န' တရားဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး)၊ အချို့သော (ကမ္မဇ) ရုပ်အာယတန ငါးပါးတို့သည် မချတ်ကေန်ဖြစ်လတ္တံ့ဖြစ်သော 'ဥပ္ပါဒီ' တရားဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး)၊ အချို့သော (ကမ္မဇ) ရုပ်အာယတန ငါးပါးတို့ကို ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော (နောင်အနာဂတ်ကာလ၌ ဖြစ်ကောင်း ဖြစ်လတ္တံ့ဖြစ်သော) 'အနုပ္ပန္န'တရားဟု မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး)။

အချို့သော သဒ္ဒါယတနသည် ဥပါဒ်, ဋ္ဌီ, ဘင် ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏ (ဥပ္ပန္န)၊ အချို့သော သဒ္ဒါယတနသည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ချေ (နောင်အနာဂတ်ကာလ၌ ဖြစ်ကောင်း ဖြစ်လတ္တံ့သော 'အနုပ္ပန္န' တရားဖြစ်သည်)၊ အချို့သော သဒ္ဒါယတနကို မချတ်ကေန် ဖြစ်လတ္တံ့သော'ဥပ္ပါဒီ'တရား ဖြစ်၏ဟု မဆိုအပ်ချေ။

အချို့သော (ရူပါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန) အာယတန ငါးပါးတို့သည် ဥပါဒ်,ဋ္ဌီ,ဘင် ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏(ဥပ္ပန္န)၊ အချို့သော (ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, မန) အာယတနငါးပါးတို့သည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍

http://www.dhammadownload.com



ရောက်ဆဲလည်း မဟုတ်ကုန် (အနုပ္ပန္န)၊ အချို့သော (ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, မန) အာယတန ငါးပါးတို့သည် မချွတ်ကေန် ဖြစ်လတ္တံ့ ဖြစ်ကုန်၏ (ဥပ္ပါဒိ)။

အချို့သော ဓမ္မာယတနသည် ဥပါဒ်, ဌီ, ဘင် ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏ (စေတသိက်နှင့် သုခုမရုပ်များ)၊ အချို့သော ဓမ္မာယတနသည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ချေ (နောင် အနာဂတ်ကာလ၌ ဖြစ်ကောင်း ဖြစ်လတ္တံ့သော ကုသိုလ်,အကုသိုလ်,ကြိယာစိတ်တို့နှင့် ယှဉ်သော စေတသိက်များ၊ကမ္မဇရုပ်မှတပါး တိဇသုခုမရုပ်)၊ အချို့သော ဓမ္မာယတနသည် မချွတ်ကေန် ဖြစ်လတ္တံ့ ဖြစ်၏(ဝိပါက်စိတ်နှင့် ယှဉ်သော စေတသိက်များနှင့် ကမ္မဇသုခုမရုပ်များ)။

**တိက်မှတ်။** ။ အချို့သော ဓမ္မာယတနကို ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏ဟူ၍ရင်း, ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ဟူ၍ရင်း, မချွတ်ကေန် ဖြစ်လတ္တံ့ ဟူ၍ရင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ (ဏီ-၁၄၃၀)

**(၁၇) အတီတတိက် အဖြေ ဝိသဇ္ဇနာ။** ။ အချို့သော အာယတနတဆယ့်တပါးတို့သည် ဖြစ်ပြီး 'အတိတ်' တရားဖြစ်ကုန်၏ (ရုပ်အာယတနဆယ်ပါးနှင့် မနာယတန)၊ အချို့သော အာယတန တဆယ့်တပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့ ) သော 'အနာဂတ်'တရားဖြစ်ကုန်၏၊ အချို့သော အာယတနတဆယ့်တပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရား ဖြစ်ကုန်၏။

အချို့သော ဓမ္မာယတနသည် ဖြစ်ပြီး 'အတိတ်' တရားဖြစ်၏၊ အချို့သော ဓမ္မာယတနသည် မရောက်သေး (ဖြစ်လတ္တံ့ ) သော 'အနာဂတ်' တရားဖြစ်၏၊ အချို့သော ဓမ္မာယတနသည် ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားဖြစ်၏ (စေတသိက် ၅၂-ပါးနှင့် သုခုမရုပ် ၁၆-ပါး)။

**တိက်မှတ်။** ။ အချို့သော ဓမ္မာယတနကို ဖြစ်ပြီး 'အတိတ်' တရားဖြစ်၏ ဟူ၍ရင်, မရောက်သေး (ဖြစ်လတ္တံ့ ) သော 'အနာဂတ်' တရားဖြစ်၏ ဟူ၍ရင်း, ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားဖြစ်၏ ဟူ၍ရင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ (ဏီ-၁၄၃၀)

**(၁၉) အတီတာရမ္မဏတိက် အဖြေ ဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်း သဘော မရှိကုန် ( အာရုံ မပြုတတ်ချေ ) (ပသာဒရုပ်ငါးပါးနှင့် အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဖြစ်ပြီး 'အတိတ်'တရားကို အာရုံပြုကုန်၏ (အတိတ်တရားကို ကေန်,အနေကန် အာရုံပြုသော စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယဘန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မရောက်သေး(ဖြစ်လတ္တံ့ )သော'အနာဂတ်' တရားကို အာရုံပြုကုန်၏ (အနာဂတ်တရားကို အနေကန် အာရုံပြုသော စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားကို အာရုံပြုကုန်၏ (ပစ္စုပ္ပန်တရားကို ကေန်,အနေကန်အာရုံပြုသော စိတ္တုပ္ပါဒ်)။

**တိက်မှတ်။** ။အချို့သော (မနာယတန,ဓမ္မာယဘန) အာယတနနှစ်ပါးတို့ကို ဖြစ်ပြီး 'အတိတ်' ကရားကို အာရုံပြုကုန်၏ဟူ၍ရင်း၊ မရောက်သေး (ဖြစ်လတ္တံ့ )သော 'အနာဂတ်' တရားကို အာရုံပြုကုန်၏ဟူ၍ရင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားကို အာရုံပြုကုန်၏ဟူ၍ရင်း မဆိုအပ်ကုန်

http://www.dhammadownload.com



(နိဗ္ဗာန်နှင့် ပညတ်တရားတို့ကို ကေန်အာရုံပြုသော စိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်)။ (ဏီ-၁၄၃၄)

(၂၀) **အဇ္ဈတ္တတိက် အဖြေ ဝိသဇ္ဇနာ။** ။အချို့သော အာယတန ၁၂-ပါးတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏ (စိတ်, စေတသိက်, သက်မဲ့ အနိန္ဒြိယဗဒ္ဓရုပ်မှတပါး သက်ရှိသတ္တဝါတို့၏ မိမိတို့သန္တာန်၌ ဖြစ်သော ရုပ်များ)၊ အချို့သော အာယတန ၁၂-ပါးတို့သည် အပ'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်ကုန်၏ (စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်)၊ အချို့သော အာယတန ၁၂-ပါးတို့သည် အတွင်း'အဇ္ဈတ္တ', အပ'ဗဟိဒ္ဓ'သန္တာန် ၂-ပါး၌ ဖြစ်ကုန်၏ (စိတ်, စေတသိက်, သက်မဲ့အနိန္ဒြိယဗဒ္ဓရုပ်မှတပါး သက်ရှိသတ္တဝါတို့၏ သန္တာန်၌ရှိသော ရုပ်များ)။ (ဏီ-၁၄၃၂)

(၂၁) **အဇ္ဈတ္တာရမ္မဏတိက် အဖြေ ဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်း သဘောမရှိကုန် (အာရုံမပြုတတ်ချေ)(အနာရမ္မဏ) (ပသာဒရုပ် ငါးပါး၊ အာရုံ ငါးပါး)။

အချို့သော(မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုကုန်၏ (အဇ္ဈတ္တတရားကို ကေန် အနေကန် အာရုံပြုသည့် စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုကုန်၏(ဗဟိဒ္ဓတရားကို ကေန် အနေကန် အာရုံပြုသော စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အတွင်း'အဇ္ဈတ္တ', အပ 'ဗဟိဒ္ဓ' သန္တာန် ၂-ပါး၌ဖြစ်သောတရားကို အာရုံပြုကုန်၏(အနေကန် အာရုံပြုသော စိတ္တုပ္ပါဒ်များ)။

**တိက်မုတ်။** ။အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏ ဟူ၍ရင်း အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုကုန်၏ ဟူ၍ရင်း အတွင်း အပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏ ဟူ၍ရင်း မဆိုအပ်ကုန်(နတ္ထိဘာဝပညတ်ကို အာရုံပြုသော အာကိဉ္စညာယတန စိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်)။ (ဏီ-၁၄၃၇)

(၂၂) **သနိဒဿနတိက် အဖြေ ဝိသဇ္ဇနာ။** ။အဆင်းရူပါရုံ 'ရူပါယတန' သည် မြင်အပ်သော သဘောလည်းရှိ၍ ထိပါးတတ်သောသဘောလည်း ရှိ၏ (သနိဒဿန သပ္ပဋိဃ)။

(ရူပါယတနကြဉ်သော ဩဠာရိကရုပ် ၁၁-ပါး) အာယတနကိုးပါးတို့သည် မြင်အပ်သော သဘောမရှိမူ၍ (မမြင်အပ်မူ၍) ထိပါးတတ်သောသဘောရှိ၏ (အနိဒဿန သပ္ပဋိဃ) (ပသာဒရုပ် ငါးပါး၊ ရူပါရုံကြဉ်သော အာရုံလေးပါး)။

(မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မြင်အပ်သောသဘောလည်း မရှိမူ၍ (မမြင်အပ်မူ၍) ထိပါးတတ်သောသဘောလည်း မရှိချေ(စိတ်, စေတသိက်, သုခုမရုပ် ၁၆-ပါး, နိဗ္ဗာန်)။

(တိက်တို့ဖြင့် ဝေဖန်ပြီးလျှင် အမေးအဖြေပြု၍ ဟောကြားအပ်သော'ပဉှာပုစ္ဆက'နည်းပြီး၏)။

(အာယတန ၁၂-ပါးတို့ကို တိက် ၂၂-ခုတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြသော 'ပဉှာပုစ္ဆက' နည်းပြီး၏)။

http://www.dhammadownload.com



## ၂-ဒုကဝိသဇ္ဇနာ

(အာယတန ၁၂-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

(၁-ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ)

(၁) ဟေတုဒုက် အဖြေဝိသဇ္ဇနာ ၁၇၁။ အာယတန တဆယ့်တပါးတို့သည် ဟိတ်မမည်ကုန် (ပသာဒရုပ် ငါးပါး၊ အာရုံငါးပါး၊ မနာယတန)။

အချို့သော ဓမ္မာယတနသည် ဟိတ်မည်၏ (ဟိတ် ၆-ပါး)၊ အချို့သော ဓမ္မာယတနသည် ဟိတ်မမည်ချေ (ကြွင်းသော စေတသိက် ၄၆-ပါး, သုခုမရုပ်, နိဗ္ဗာန်)။

(၂) သဟေတုကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ဟိတ်မရှိကုန် (ဟိတ် နှင့် မယှဉ်ကုန်) (ပသာဒ ရုပ်ငါးပါးနှင့် အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (မောဟမူဒွေ့ဒွိရှိသော မောဟကြဉ်သည့် သဟေတုကစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဟိတ်မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်) (မောဟ မူဒွေ့ဒွိရှိသော မောဟ,အဟေတုက စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၃) ဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ဟိတ်နှင့်မယှဉ်ကုန် (ပသာဒရုပ် ငါးပါး၊ အာရုံငါးပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဟိတ်နှင့်ယှဉ်ကုန်၏ (မောဟမူဒွေ့ဒွိရှိသည့် မောဟကြဉ်သော သဟိတ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန် (မောဟမူဒွေ့ဒွိရှိသော မောဟ၊ အဟေတုကစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၄) ဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့ကို ဟိတ်လည်း မည်၍ ဟိတ်လည်းရှိကုန်၏(ဟိတ်နှင့်ယှဉ်ကုန်၏) ဟူ၍ရင်း ဟိတ်သာရှိ၍ (ဟိတ်နှင့်သာယှဉ်၍) ဟိတ်မမည်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (ပသာဒ ရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို ဟိတ်လည်းမည်၍ ဟိတ်လည်းရှိ၏ ဟူ၍ မဆိုအပ်ချေ (စိတ်အားလုံး)။

အချို့သော မနာယတနသည် ဟိတ်သာရှိ၍ (ဟိတ်နှင့်သာယှဉ်၍) ဟိတ်မမည်ချေ (သဟိတ်-စိတ်များ)၊ အချို့သော မနာယတနကို ဟိတ်သာရှိ၍ ဟိတ်လည်း မမည်ဟု မဆိုအပ်ချေ (အဟိတ် စိတ်များ)။

အချို့သော ဓမ္မာယတနသည် ဟိတ်လည်းမည်၍ ဟိတ်လည်းရှိ၏ (မောဟမူဒွေ့ဒွိရှိသော မောဟကြဉ်သော ဟိတ် ၆-ပါး)၊ အချို့သော ဓမ္မာယတနသည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (ဟိတ် ၆-ပါးကြဉ်သော သဟိတ်စိတ်၌ရှိသည့် စေတသိက်များ)။

http://www.dhammadownload.com



ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ ဟူ၍ရင်း ဟိတ်သာ ရှိ၍ ဟိတ်မမည်ဟူ၍ရင်း မဆိုအပ်ချေ (အဟိတ်စိတ်၌ရှိသော စေတသိက်များ၊ မောဟမူဒွေ၌ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၄၈)

(၅) ဟေတု ဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ် အာယတနဆယ်ပါးတို့ကို ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟူ၍ရင်း ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍ မဆိုအပ်ချေ (စိတ်)။

အချို့သော မနာယတနသည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ချေ (သဟိတ်စိတ် ၇၁-ပါး)၊ အချို့သော မနာယတနကို ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ဟု မဆိုအပ်ချေ (အဟိတ်စိတ်များ)။

အချို့သော ဓမ္မာယတနသည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (မောဟမူဒွေ၌ရှိသော မောဟကြဉ်သည့် ဟိတ် ၆-ပါး)၊ အချို့သော ဓမ္မာယတနသည် ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ချေ (ဟိတ် ၆-ပါးကြဉ်သော သဟိတ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်၏ ဟူ၍ရင်း, ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည် ဟူ၍ရင်း မဆိုအပ်ချေ (မောဟမူဒွေ၌ရှိသော မောဟ၊ အဟိတ်စိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၅၀)

(၆) န ဟေတု သဟေတုကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိကုန် (ဟိတ်နှင့်လည်း မယှဉ်ကုန်) (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

အချို့သော မနာယတနသည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ (သဟိတ်စိတ် ၇၁-ပါး)၊ အချို့သော မနာယတနသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ (အဟိတ်စိတ်)။

အချို့သော ဓမ္မာယတနသည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ (ဟိတ် ၆-ပါးကြဉ်သော သဟိတ်စိတ်၌ရှိသော စေတသိက်များ)၊ အချို့သော ဓမ္မာယတနသည် ဟိတ်လည်းမမည်မူ၍ ဟိတ်လည်း မရှိချေ (အဟိတ်စိတ်၌ရှိသော စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ ဟူ၍ရင်း, ဟိတ်လည်း မမည်မူ၍ ဟိတ်လည်းမရှိ ဟူ၍ရင်း မဆိုအပ်ချေ (ဟိတ် ၆-ပါး)။ (ဏီ-၁၄၅၂)

(ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

---

(၂-စူဠန္တရဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ)

(၇) သပ္ပစ္စယဒုက် အဖြေဝိသဇ္ဇနာ။ ။(ပသာဒရုပ်ငါးပါးနှင့် ပဉ္စာရုံ တည်း ဟူသော ရုပ် အာယတနဆယ်ပါး၊ မနာယတန) အာယတနတဆယ့်တပါးတို့သည် အကြောင်းနှင့်တကွ ဖြစ်ကုန်၏ (ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ကုန်၏)။

http://www.dhammadownload.com



အချို့သော ဓမ္မာယတနသည် အကြောင်းနှင့်တကွ ဖြစ်၏ (ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်၏) (စေတသိက်နှင့် သုခုမရုပ်)၊ အချို့သော ဓမ္မာယတနသည် အကြောင်းနှင့်တကွ မဖြစ်ချေ (ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် မဖြစ်ချေ) (နိဗ္ဗာန်)။ (ဏီ-၁၄၅၄)

(၈) သင်္ခတဒုက် အဖြေဝိသဇ္ဇနာ။ ။အာယတနတဆယ့်တပါးတို့သည် (ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရား လေးပါးတို့သည်) ပြုပြင် စီမံအပ်သော 'သင်္ခတ'တရားဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး၊ မနာယတန)။

အချို့သော ဓမ္မာယတနသည် ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရား လေးပါးတို့ ပြုပြင် စီမံအပ်သော 'သင်္ခတ' တရားဖြစ်၏ (စေတသိက် ၅၂-ခု, သုခုမရုပ် ၁၆-ပါး)၊ အချို့သော ဓမ္မာယတနသည် အကြောင်းတရားလေးပါးတို့ မပြုပြင်အပ်သော 'အသင်္ခတ'တရားဖြစ်၏ (နိဗ္ဗာန်)။

(၉) သနိဒဿနဒုက် အဖြေဝိသဇ္ဇနာ။ ။ရူပါယတန (အဆင်း'ရူပါရုံ') သည် မြင်အပ်သော သဘောရှိ၏၊ (ရူပါယတန ကြဉ်သော) အာယတန တဆယ့်တပါးတို့သည် မြင်အပ်သောသဘော မရှိကုန်။

(၁၀) သပ္ပဋိဃဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ထိပါးတတ်သော သဘောရှိကုန်၏ (သပ္ပဋိဃ) (ပသာဒရုပ် ငါးပါး၊ အာရုံ ငါးပါး)။

(မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ထိပါးတတ်သောသဘော မရှိကုန် (စိတ်,စေတသိက်,သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်)။

(၁၁) ရူပီဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ရုပ်မည်ကုန်၏(ပသာဒရုပ် ငါးပါး၊ ပဉ္စာရုံ)။

မနာယတနသည် ရုပ်မမည်ချေ (နာမ်မည်၏) (စိတ်အားလုံး)။

အချို့သော ဓမ္မာယတနသည် ရုပ်မည်၏(သုခုမရုပ်)၊ အချို့သော ဓမ္မာယတနသည် ရုပ်မမည်ချေ (နာမ်မည်၏) (စေတသိက်၊ နိဗ္ဗာန်)။

(၁၂) လောကိယဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏ (လောကီတရားဖြစ်ကုန်၏) (ပသာဒရုပ် ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် လောက၌ အကျုံးဝင်သော 'လောကိယ'တရားဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် လောကမှထွက်မြောက်သော 'လောကုတ္တရာ' တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

http://www.dhammadownload.com



(၁၃) **ကေနစိဝိညေယျဒုက် အဖြေဝိသဇ္ဇနာ။** ။အာယတန တဆယ့်နှစ်ပါးတို့ကို တစုံတခုသော စိတ်သည် သိအပ်ကုန်၏၊ အာယတန တဆယ့်နှစ်ပါးတို့ကို တစုံတခုသောစိတ်သည် မသိအပ်ကုန်။

(စူဠန္တရ ဒုက် ၇-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

---

(၃-အာသဝဂေါစ္ဆက ဒုက် ၆-ခုအဖြေဝိသဇ္ဇနာ)

(၁၄) **အာသဝဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်အာယတနဆယ်ပါးနှင့် မနာယတန) အာယတန တဆယ့်တပါးတို့သည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွါးနေတတ်၍ မူးယစ် မိုက်မဲစေတတ်သော 'အာသဝ' မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ၊ စိတ်အားလုံး)။

အချို့သော ဓမ္မာယတနသည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ် မိုက်မဲ စေတတ်သော 'အာသဝ' မည်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မာယတနသည် အာသဝ မမည်ချေ (ကြွင်းသောစေတသိက် ၄၉-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၁၅) **သာသဝဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် အာသဝ၏ အာရုံ ဖြစ်ကုန်၏ (ပသာဒရုပ် ငါးပါး၊ ပဥ္စာရုံ)။

အချို့သော(မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန)အာယတန နှစ်ပါးတို့သည် အာသဝ၏ အာရုံမဟုတ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၁၆) **အာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် အာသဝနှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အာသဝနှင့် ယှဉ်ကုန်၏ (ဒေါသမူ, မောဟမူဒွေတို့၌ရှိသော မောဟကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝနှင့် မယှဉ်ကုန် (ဒေါသမူဒွေ, မောဟမူဒွေတို့၌ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၁၇) **အာသဝ သာသဝဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို အာသဝလည်း မည်၍ အာသဝ၏အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတန ဆယ်ပါးတို့သည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန် (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

မနာယတနကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ (စိတ်)။

အချို့သော မနာယတနသည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ချေ (လောကီစိတ်)။

http://www.dhammadownload.com



ဒုက်မုတ်။ ။အချို့သော မနာယတနကို အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ဟု မဆို အပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မာယတနသည် အာသဝ၏အာရုံသာဖြစ်၍ အာသဝမမည်ချေ (အာသဝတရားကိုယ် ကြဉ်သောလောကီစိတ်၌ရှိသော စေတသိက်၊ သုခုမရုပ် ၁၆-ပါး)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ ဟူ၍ရင်း အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ဟူ၍ရင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ-၁၄၇၂)

(၁၈) အာသဝ အာသဝသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့ကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ရင်း အာသဝနှင့်သာယှဉ်၍ အာသဝမမည်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

မနာယတနကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ (စိတ်အားလုံး)။

အချို့သော မနာယတနသည် အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ချေ(အကုသိုလ်စိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနာယတနကို အာသဝနှင့်သာယှဉ်၍ အာသဝမမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။

အချို့သော ဓမ္မာယတနသည် အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ (လောဘမူစိတ်နှင့်ယှဉ်သော လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မာယတနသည် အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ချေ (အာသဝတရားကိုယ် ၃-ပါးကြဉ်သော အကုသိုလ်စိတ်၌ရှိသည့် စေတသိက် ၂၄-ပါး)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ ဟူ၍ရင်း, အာသဝနှင့်သာ ယှဉ်၍ အာသဝမမည် ဟူ၍ရင်း မဆိုအပ်ချေ (အာသဝဝိပ္ပယုတ်တရား=ဒေါသမူဒွေ, မောဟမူဒွေတို့၌ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၇၀, ၁၄၇၄)

(၁၉) အာသဝဝိပ္ပယုတ္တ သာသဝဒုက် အဖြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့သည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ အာသဝ၏အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)၊

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏အာရုံသာ ဖြစ်ကုန်၏ (ဒေါသမူဒွေ, မောဟမူဒွေတို့၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆-ပါး)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝနှင့်(လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်)လည်း မယှဉ်မူ၍ အာသဝ၏အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

http://www.dhammadownload.com



ဒုက်မှတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ ဟူ၍ရင်း, အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏အာရုံလည်း မဖြစ်ကုန် ဟူ၍ရင်း မဆိုအပ်ကုန် (အာသဝသမ္ပယုတ္တတရား=ဒေါသမူဒွေ, မောဟမူဒွေတို့၌ရှိသော မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ (ဏီ-၁၄၇၆)

(အာသဝဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

---

(၄-သညောဇနဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

(၂၀) သညောဇနဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါးနှင့် မနာယတန) အာယတနတဆယ့်တပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော 'သံယောဇဉ်' မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် သံယောဇဉ်မည်၏ (သံယောဇဉ်တရားကိုယ် ၈-ပါး)၊ အချို့သော ဓမ္မာယတနသည် သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ် ၈-ပါးကြဉ်သော စေတသိက် ၄၄-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၂၁) သညောဇနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် သံယောဇဉ်၏ အာရုံဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆-ပါး)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၂၂) သညောဇနသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်နှင့် ယှဉ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၈၁၊ ၁၄၈၂)

(၂၃) သညောဇန သညောဇနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတန ဆယ်ပါးတို့သည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။

အချို့သော မနာယတနသည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ချေ (လောကီစိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနာယတနကို သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ (သံယောဇဉ်တရားကိုယ် ၈-ပါး)၊ အချို့သော ဓမ္မာယတနသည် သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ်ကြဉ်သော လောကီစိတ်နှင့်ယှဉ်သော စေတသိက် ၄၄-ပါး၊ သုခုမရုပ်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ ဟူ၍ရင်း, သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ်မမည် ဟူ၍ရင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ-၁၄၈၄)

(၂၄) သညောဇန သညောဇနသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်၏ ဟူ၍ရင်း, သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ်မမည် ဟူ၍ရင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

မနာယတနကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။

အချို့သော မနာယတနသည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ်မမည်ချေ (အကုသိုလ် စိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနာယတနကို သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်ဟု မဆို အပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။

အချို့သော ဓမ္မာယတနသည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ (ဥဒ္ဓစ္စ-သဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သည့် သံယောဇဉ်တရားကိုယ် ၈-ပါး)၊ အချို့သော ဓမ္မာယတန သည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ် ကြဉ်သော အကုသိုလ်စိတ်၌ ယှဉ်သည့် စေတသိက်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်းယှဉ်၏ ဟူ၍ရင်း သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ်မမည် ဟူ၍ရင်း မဆိုအပ်ချေ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့်ယှဉ်သော စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၈၆)

(၂၅) သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်ကုန်၏(ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ လောကီကုသိုလ်,ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)။

http://www.dhammadownload.com



အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မှတ်။ ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်ကုန်၏ ဟူ၍ငင်း သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်းမဖြစ်ကုန် ဟူ၍ငင်း မဆိုအပ်ကုန် (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်)။ (ဏ· ၁၄၈၈)

(သညောဇနဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၅-ဂန္ထဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

(၂၆) ဂန္ထဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်အာယတန ဆယ်ပါးနှင့် မနာယတန) အာယတန တဆယ့်တပါးတို့သည်(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌)ဆက်စပ် ထုံးဖွဲ့တတ်သော 'ဂန္ထ' မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် ဂန္ထမည်၏ (လောဘ,ဒေါသ,ဒိဋ္ဌိ)၊အချို့သော ဓမ္မာယတနသည် ဂန္ထမမည်ချေ (ဂန္ထတရားကိုယ်ကြဉ်သော စေတသိက် ၄၉-ပါး၊သုခုမရုပ်၊ နိဗ္ဗာန်)။

(၂၇) ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ဂန္ထ၏ (လောဘ, ဒေါသ,ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏(ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ထ၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော(မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ထ၏အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၂၈) ဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့သည် ဂန္ထနှင့်(လောဘ, ဒေါသ,ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော(မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ထနှင့်ယှဉ်ကုန်၏ (ဒိဋ္ဌိဂတ-ဝိပ္ပယုတ်စိတ်၌ ရှိသော လောဘနှင့် ဒေါသမူစိတ်၌ရှိသော ဒေါသကြဉ်သည့် လောဘမူ, ဒေါသမူ စိတ္တုပ္ပါဒ်များ)၊အချို့သော(မနာယတန,ဓမ္မာယတန)အာယတနနှစ်ပါးတို့သည် ဂန္ထနှင့်မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ ဒေါသမူစိတ်၌ရှိသော ဒေါသ၊ မောဟမူ စိတ္တုပ္ပါဒ်၊ ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၂၉) ဂန္ထ ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့ကို ဂန္ထလည်း မည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတနဆယ်ပါးတို့သည် ဂန္ထ၏အာရုံသာဖြစ်၍ ဂန္ထမမည်ကုန် (ပသာဒရုပ်ငါးပါး၊ပဥ္စာရုံ)။

မနာယတနကို ဂန္ထလည်းမည်၍ ဂန္ထ၏အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ(စိတ်)။

အချို့သော မနာယတနသည် ဂန္ထ၏အာရုံသာဖြစ်၍ ဂန္ထမမည်ချေ (လောကီစိတ်များ)။

http://www.dhammadownload.com



ဒုက်မုတ်။ ။အချို့သော မနာယတနကို ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထ မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် ဂန္ထလည်းမည်၍ ဂန္ထ၏အာရုံလည်းဖြစ်၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဂန္ထ၏အာရုံသာဖြစ်၍ ဂန္ထမမည်ချေ (ဂန္ထတရားကိုယ်သုံးပါး ကြဉ်သော လောကီစိတ်တို့၌ရှိသော စေတသိက်၊ သုခုမရုပ်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ဂန္ထလည်းမည်၍ ဂန္ထ၏အာရုံလည်းဖြစ်၏ ဟူ၍ငင်း ဂန္ထ၏အာရုံသာဖြစ်၍ ဂန္ထမမည်ဟူ၍ငင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ-၁၄၉၆)

(၃၀) ဂန္ထ ဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့ကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်းယှဉ်ကုန်၏ဟူ၍ငင်း, ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ကုန်ဟူ၍ငင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

မနာယတနကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ (စိတ်အားလုံး)။

အချို့သော မနာယတနသည် ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်)သာ ယှဉ်၍ ဂန္ထမမည် ချေ (လောဘမူ, ဒေါသမူစိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနာယတနကို ဂန္ထနှင့်သာယှဉ်၍ ဂန္ထမမည်ဟု မဆိုအပ်ချေ (မောဟမူ ဒွေ၊ ကုသိုလ်,ဝိပါက်,ကြိယာစိတ်များ)။ (ဏီ-၁၄၉၇)

အချို့သော ဓမ္မာယတနသည် ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်းယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရှိသော လောဘ,ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ချေ (ဂန္ထ တရားကိုယ်ကြဉ်သည့် လောဘမူ ဒေါသမူ စိတ်တို့၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်းယှဉ်၏ဟူ၍ငင်း ဂန္ထနှင့် သာယှဉ်၍ ဂန္ထမမည် ဟူ၍ငင်း မဆိုအပ်ချေ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ ဒေါသမူဒွေ၌ရှိသော ဒေါသ၊ မောဟမူဒွေ,ကုသိုလ်,ဝိပါက်,ကြိယာစိတ်တို့နှင့် ယှဉ်သော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၄၉၄၊ ၁၄၉၇)

(၃၁) ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ထ၏အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ထနှင့်မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်ကုန်၏(ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးပါး၌ရှိသော လောဘ၊ဒေါသမူဒွေ၌ရှိသော ဒေါသ၊ မောဟမူဒွေစိတ္တုပ္ပါဒ်၊ လောကီ, ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

http://www.dhammadownload.com



ဒုက်မုတ်။ ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ဂန္ထနှင့်မယှဉ်မူ၍ ဂန္ထ၏အာရုံသာ ဖြစ်ကုန်၏ ဟူ၍ရင်း, ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဖြစ်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (ဂန္ထသမ္ပယုတ္တတရား = ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ရှိသော ဒေါသကြဉ်သော လောဘမူ,ဒေါသမူစိတ္တုပ္ပါဒ်)။ (ဏီ-၁၄၉၉, ၁၅၀၀)

(ဂန္ထဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၆-ဩဃဂေါစ္ဆက ဒုက် ၆-ခုအဖြေဝိသဇ္ဇနာ)

(၃၂)·(၃၇)။ အာယတနတဆယ့်တပါးတို့သည်(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော 'ဩဃ' မမည်ကုန်။ ပ ။[1]

(၇-ယောဂဂေါစ္ဆက ဒုက် ၆-ခုအဖြေဝိသဇ္ဇနာ)

(၃၈)·(၄၃)။ အာယတနတဆယ့်တပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော 'ယောဂ' မမည်ကုန်။ ပ ။[2]

(၈-နီဝရဏဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ)

(၄၄) နီဝရဏဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်အာယတနဆယ်ပါး၊ မနာယတန) အာယတနတဆယ့်တပါးတို့သည် (ဈာန်,မဂ်,ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော 'နီဝရဏ' မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် နီဝရဏမည်၏ (နီဝရဏတရား ကိုယ် ၈-ပါး=လောဘ,ဒေါသ, မောဟ,ထိန,မိဒ္ဓ,ဥဒ္ဓစ္စ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ)၊အချို့သော ဓမ္မာယတနသည် နီဝရဏမမည်ချေ (နီဝရဏ တရားကိုယ်ကြဉ်သော စေတသိက် ၄၄-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၄၅) နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် နီဝရဏ၏ အာရုံ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန ဓမ္မာယတန) အာယတန, နှစ်ပါးတို့သည် နီဝရဏ၏အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့ သည် နီဝရဏ၏အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၄၆) နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် နီဝရဏနှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နီဝရဏနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နီဝရဏနှင့်မယှဉ်ကုန် (ကုသိုလ်,ဝိပါက်,ကြိယာ စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

၁-၂။ ဩဃဂေါစ္ဆကနှင့် ယောဂဂေါစ္ဆက အဖြေဝိသဇ္ဇနာများသည် အာသဝဂေါစ္ဆကနှင့် ထပ်တူဖြစ်သဖြင့် ပေယျာလချန်ခဲ့သည်၊ ထိုအာသဝဂေါစ္ဆကအတိုင်း ချဲ့ယူပါလေ။

http://www.dhammadownload.com



(၄၇) နိဝရဏ နိဝရဏိယဒုက် အပြေဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့ကို နိဝရဏလည်းမည်၍ နိဝရဏ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတနဆယ်ပါးတို့သည် နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏ မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို နိဝရဏလည်းမည်၍ နိဝရဏ၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ (စိတ်အားလုံး)။

အချို့သော မနာယတနသည် နိဝရဏ၏အာရုံသာဖြစ်၍ နိဝရဏမမည်ချေ(လောကီစိတ်များ)။

ဒုက်မှတ်။ ။အချို့သော မနာယတနကို နိဝရဏ၏အာရုံသာဖြစ်၍ နိဝရဏမမည်ဟု မဆိုအပ်ချေ (လောကုတ္တရာ စိတ်)။

အချို့သော ဓမ္မာယတနသည် နိဝရဏလည်းမည်၍ နိဝရဏ၏ အာရုံလည်းဖြစ်၏ (နိဝရဏ တရားကိုယ် ၈-ပါး)၊ အချို့သော ဓမ္မာယတနသည် နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏ မမည်ချေ (နိဝရဏတရားကိုယ်ကြဉ်သော လောကီစိတ်၌ရှိသော စေတသိက် ၄၄-ပါး၊ သုခုမရုပ်)။

ဒုက်မှတ်။ ။အချို့သော ဓမ္မာယတနကို နိဝရဏလည်း မည်၍ နိဝရဏ၏ အာရုံလည်း ဖြစ်၏ဟူ၍ ရင်း နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏ မမည်ဟူ၍ရင်း မဆိုအပ်ချေ(လောကုတ္တရာ စိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏ-၁၅၁၀)

(၄၈) နိဝရဏ နိဝရဏသမ္ပယုတ္တဒုက် အပြေဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့ကို နိဝရဏ လည်းမည်၍ နိဝရဏနှင့်လည်း ယှဉ်ကုန်၏ဟူ၍ရင်း နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်ကုန်ဟူ၍ရင်း မဆိုအပ်ကုန်(ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ(စိတ်အားလုံး)။

အချို့သော မနာယတနသည် နိဝရဏနှင့်သာယှဉ်၍ နိဝရဏမမည်ချေ(အကုသိုလ်စိတ်များ)။

ဒုက်မှတ်။ ။အချို့သော မနာယတနကို နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်ဟု မဆိုအပ်ချေ (ကုသိုလ်,ဝိပါက်,ကြိယာစိတ်များ)။

အချို့သော ဓမ္မာယတနသည် နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ (နိဝရဏတရား ကိုယ် ၈-ပါး)၊ အချို့သော ဓမ္မာယတနသည် နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်ချေ (နိဝရဏ တရားကိုယ်ကြဉ်သည့် အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မှတ်။ ။အချို့သော ဓမ္မာယတနကို နိဝရဏလည်းမည်၍ နိဝရဏနှင့်လည်းယှဉ်၏ ဟူ၍ရင်း နိဝရဏနှင့်သာယှဉ်၍ နိဝရဏမမည် ဟူ၍ရင်း မဆိုအပ်ချေ (နိဝရဏဝိပ္ပယုတ္တဓမ္မ= ကုသိုလ်,ဝိပါက်,ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏ-၁၅၁၂)

(၄၉) နိဝရဏဝိပ္ပယုတ္တ နိဝရဏိယဒုက် အပြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

http://www.dhammadownload.com



အချို့သော(မနာယတန,ဓမ္မာယတန)အာယတနနှစ်ပါးတို့သည် နီဝရဏနှင့်မယှဉ်မူ၍ နီဝရဏ၏ အာရုံသာဖြစ်ကုန်၏ (လောကီကုသိုလ်,ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။အချို့သော(မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို နီဝရဏနှင့်မယှဉ်မူ၍ နီဝရဏ၏အာရုံသာ ဖြစ်ကုန်၏ ဟူ၍ရင်း နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဖြစ်ကုန် ဟူ၍ရင်း မဆိုအပ်ကုန် (နီဝရဏသမ္ပယုတ္တဓမ္မ = အကုသိုလ်စိတ္တုပ္ပါဒ်)။ (ဏီ-၁၅၁၄)

(နီဝရဏဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

---

(၉-ပရာမာသဂေါစ္ဆက ဒုက် ၅-ခု အဖြေ ဝိသဇ္ဇနာ)

(၅၀) ပရာမာသဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန-တဆယ့်တပါးတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် ပရာမာသမည်၏ (ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော စေတသိက် ၅၁-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၅၁) ပရာမဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသ၏အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၅၂) ပရာမာသ သမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်)မယှဉ်ကုန်(ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော မနာယတနသည် ပရာမာသနှင့် ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး)၊ အချို့သော မနာယတနသည် ပရာမာသနှင့် မယှဉ်ချေ (ကြွင်းသောစိတ် ၈၅-ပါး)။

အချို့သော ဓမ္မာယတနသည် ပရာမာသနှင့် ယှဉ်၏ (ဒိဋ္ဌိကြဉ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရှိသော စေတသိက် ၂၁-ပါး)၊ အချို့သော ဓမ္မာယတနသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်)မယှဉ်ချေ (ကြွင်းသောစိတ် ၈၅-ပါးနှင့် ယှဉ်သောစေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ပရာမာသနှင့် ယှဉ်၏ ဟူ၍ရင်း, ပရာမာသနှင့် မယှဉ် ဟူ၍ရင်း မဆိုအပ်ချေ (ဒိဋ္ဌိ)။ (ဏီ-၁၅၂၀)

http://www.dhammadownload.com



(၅၃) ပရာမာသ ပရာမဋ္ဌဒုက် အမြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့ကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတနဆယ်ပါးတို့သည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

မနာယတနကို ပရာမာသလည်းမည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။

အချို့သော မနာယတနသည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (လောကီစိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနာယတနကို ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် ပရာမာသလည်းမည်၍ ပရာမာသ၏ အာရုံလည်းဖြစ်၏ (ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော လောကီစိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ပရာမာသလည်းမည်၍ ပရာမာသ၏ အာရုံလည်းဖြစ်၏ ဟူ၍ရင်း, ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသမမည် ဟူ၍ရင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ကီ-၁၅၂၂)

(၅၄) ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက် အမြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့သည် ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိစိတ္တုပ္ပါဒ်ကြဉ်သော လောကီစိတ္တုပ္ပါဒ်၊သုခုမရုပ်)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်)မယှဉ်မူ၍ ပရာမာသ၏အာရုံသာ ဖြစ်ကုန်၏ ဟူ၍ရင်း, ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏အာရုံလည်း မဖြစ်ကုန် ဟူ၍ရင်း မဆိုအပ်ကုန် (ပရာမာသ, ပရာမာသသမ္ပယုတ္တဓမ္မ=ဒိဋ္ဌိ,ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်)။ (ကီ-၁၅၂၄)

(ပရာမာသဂေါစ္ဆက ဒုက် ၅-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

---

(၁၀-မဟန္တရဒုက် ၁၄-ခု အဖြေဝိသဇ္ဇနာ)

(၅၅) သာရမ္မဏဒုက် အမြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်း သဘောမရှိကုန်(အာရုံမပြုတတ်ချေ) (ပသာဒရုပ်ငါးပါး၊ ပဥ္စာရုံ)။

http://www.dhammadownload.com



မနာယတနသည် (စိတ်သည်) အာရုံပြုခြင်းသဘောရှိ၏ (အာရုံပြုတတ်၏)။

အချို့သော ဓမ္မာယတနသည် အာရုံပြုခြင်းသဘောရှိ၏ (အာရုံပြုတတ်၏) (စေတသိက်များ)၊ အချို့သော ဓမ္မာယတနသည် အာရုံပြုခြင်းသဘောမရှိချေ (အာရုံမပြုတတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။

(၅၆) စိတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။မနာယတနသည် စိတ်မည်၏၊ (ကြွင်းသော) အာယတန တဆယ့်တပါးတို့သည် စိတ်မမည်ကုန်။

(၅၇) စေတသိကဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်အာယတနဆယ်ပါး၊ မနာယတန) အာယတန တဆယ့်တပါးတို့သည် စိတ်နှင့်အတူ ယှဉ်တွဲသော သဘော 'စေတသိက်' မမည်ကုန်။

အချို့သော ဓမ္မာယတနသည် စေတသိက်မည်၏ (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မာယတနသည် စေတသိက်မမည်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။

(၅၈) စိတ္တသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့သည် စိတ်နှင့်မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်ယှဉ်၏ (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်မယှဉ်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မှတ်။ ။မနာယတနကို စိတ်နှင့်ယှဉ်၏ ဟူ၍၎င်း စိတ်နှင့်မယှဉ် ဟူ၍၎င်း မဆိုအပ်ချေ။ (ဏ-၁၅၃၂)

(၅၉) စိတ္တသံသဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့သည် စိတ်နှင့်မရောနှောကုန် (စိတ်နှင့်မယှဉ်ကုန်)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်ရောနှော၏ (ယှဉ်၏) (စေတသိက်၅၂-ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်မရောနှောချေ (မယှဉ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မှတ်။ ။မနာယတနကို စိတ်နှင့်ရောနှော၏ (ယှဉ်၏) ဟူ၍၎င်း စိတ်နှင့်မရောနှော (မယှဉ်) ဟူ၍၎င်း မဆိုအပ်ချေ။ (ဏ-၁၅၃၄)

(၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ။ ။(အတွင်းအာယတန ခြောက်ပါးဖြစ်သော ရုပ်အာယတနငါးပါးနှင့် မနာယတန) အာယတန ခြောက်ပါးတို့သည် စိတ်ကြောင့်မဖြစ်ကုန်(ပသာဒရုပ်ငါးပါး၊ စိတ်)။

အချို့သော (အပြင်အာယတန ခြောက်ပါးဖြစ်သော ရုပ်အာယတနငါးပါးနှင့် ဓမ္မာယတန) အာယတနခြောက်ပါးတို့သည် စိတ်ကြောင့်ဖြစ်ကုန်၏ (စေတသိက် ၅၂-ပါး၊ စိတ်ကြောင့်ဖြစ်သော ပဉ္စာရုံနှင့် သုခုမရုပ်များ)၊ အချို့သော (အပြင်ရုပ်အာယတနငါးပါးနှင့် ဓမ္မာယတန) အာယတန ခြောက်ပါးတို့သည် စိတ်ကြောင့်မဖြစ်ကုန် (စိတ္တဇရုပ်မှ တပါးသော တိဇပဉ္စာရုံ၊ စိတ်ကြောင့် မဖြစ်သည့် သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏ-၁၅၃၅၊ ၁၅၃၆) (ဏ-၁၅၄၇၊၁၅၄၈)

http://www.dhammadownload.com



(၆၁) စိတ္တသဟဘူဒုက် အဖြေဝိသဇ္ဇနာ။　။(ရုပ်အာယတနဆယ်ပါးနှင့် မနာယတန)အာယတနတဆယ့်တပါးတို့သည် စိတ်နှင့်တကွ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်တကွဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂-ပါး၊ ဝိညတ်ဒွေ)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်တကွမဖြစ်ချေ(စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ)(ဝိညတ်ဒွေကြဉ်သော ကြွင်းသောသုခုမရုပ် ၁၄-ပါး၊ နိဗ္ဗာန်)။ (ဏီ-၁၅၃၇၊ ၁၅၃၈)

(၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ။　။(ရုပ်အာယတနဆယ်ပါး၊ မနာယတန) အာယတနတဆယ့်တပါးတို့သည် စိတ်သို့အစဉ်လိုက်၍ မဖြစ်ကုန်(စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ကုန်) (ပသာဒရုပ်၊ ပဋ္ဌာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် စိတ်သို့အစဉ်လိုက်၍ ဖြစ်၏(စိတ်နှင့် အတူဖြစ် အတူပျက်ဖြစ်၏) (စေတသိက် ၅၂၊ ဝိညတ်ဒွေ)၊ အချို့သော ဓမ္မာယတနသည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (ဝိညတ်ဒွေကြဉ်သော သုခုမရုပ် ၁၄-ပါး၊ နိဗ္ဗာန်)။ (ဏီ-၁၅၃၉၊ ၁၅၄၀)

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက် အဖြေ ဝိသဇ္ဇနာ။　။ (ရုပ်အာယတန ဆယ်ပါး, မနာယတန) အာယတနတဆယ့်တပါးတို့သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍(စိတ်နှင့်လည်း မယှဉ်မူ၍)စိတ်ကြောင့်လည်း မဖြစ်ကုန်(ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၏ (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။(ဏီ-၁၅၄၁၊ ၁၅၄၂)

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက် အဖြေ ဝိသဇ္ဇနာ။　။(ရုပ်အာယတန ဆယ်ပါး, မနာယတန) အာယတနတဆယ့်တပါးတို့သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်နှင့်လည်း တကွမဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ကုန်)(ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်းဖြစ်၍ စိတ်နှင့်လည်း တကွဖြစ်၏ (စိတ်နှင့်လည်း အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း မရောနှောမူ၍ (မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်နှင့်လည်း တကွမဖြစ်ချေ (စိတ်နှင့်လည်း အတူဖြစ် အတူပျက် မဟုတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၄၃၊ ၁၅၄၄)

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက် အဖြေ ဝိသဇ္ဇနာ။　။(ရုပ်အာယတနဆယ်ပါး,မနာယတန) အာယတန တဆယ့်တပါးတို့သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်

http://www.dhammadownload.com



လည်း မဖြစ်မူ၍ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်းဖြစ်၍ စိတ်သို့လည်း အစဉ်လိုက်၍ဖြစ်၏ (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့် လည်းမယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်သို့လည်း အစဉ်လိုက်၍မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။ (ထိ-၁၅၄၅, ၁၅၄၆)

(၆၆) အဇ္ဈတ္တိကဒုက် အမေြ ဝိသဇ္ဇနာ။ ။(စက္ခာယတန ။ပ။ ကာယာယတန, မနာယတန), အာယတနခြောက်ပါးတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ စိတ်)၊ (ရူပါယတန ။ပ။ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန) အာယတနခြောက်ပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏ (အာရုံငါးပါး၊ စေတသိက် ၅၂-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ထိ-၁၅၄၇,၁၅၄၈)

(၆၇) ဥပါဒါဒုက် အမေြ ဝိသဇ္ဇနာ။ ။(ဖောဋ္ဌဗ္ဗာယတနကြဉ်သော ရုပ်အာယတန) အာယတနကိုးပါးတို့သည် မဟာဘုတ်ကို မှီ၍ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ဖောဋ္ဌဗ္ဗာရုံကြဉ်သော အာရုံ ၄-ပါး)။

(ဖောဋ္ဌဗ္ဗာယတန, မနာယတန) အာယတနနှစ်ပါးတို့သည် မဟာဘုတ်ကို မှီ၍မဖြစ်ကုန် (ဥပါဒါရုပ် မမည်ကုန်) (ပထဝီ, တေဇော, ဝါယော, စိတ်)။

အချို့သော ဓမ္မာယတနသည် မဟာဘုတ်ကို မှီ၍ဖြစ်၏ (အာပေါကြဉ်သော သုခုမရုပ် ၁၅-ပါး)၊ အချို့သော ဓမ္မာယတနသည် မဟာဘုတ်ကို မှီ၍မဖြစ်ချေ (အာပေါ၊ စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်)။ (ထိ-၁၅၅၀)

(၆၈) ဥပါဒိန္နဒုက် အမေြ ဝိသဇ္ဇနာ။ ။(စက္ခာယတန ။ပ။ ကာယာယတန) အာယတနငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သောတရားဖြစ်ကုန်၏ (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့်ကံကြောင့် ဖြစ်ကုန်၏) (ဥပါဒိန္နမည်ကုန်၏) (ကမ္မဇရုပ်ဖြစ်သော ပသာဒရုပ်ငါးပါး)။

သဒ္ဒါယတနသည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ချေ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်ချေ) (ကမ္မဇရုပ် မဟုတ်ချေ) (ဥပါဒိန္န မမည်ချေ)။

အချို့သော (ရူပါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန, ဓမ္မာယတန) အာယတနခြောက်ပါးတို့သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောတရား ဖြစ်ကုန်၏ (တဏှာဒိဋ္ဌိတို့သည် အာရုံပြုအပ်သည့်ကံကြောင့် ဖြစ်ကုန်၏) (ဥပါဒိန္န မည်ကုန်၏) (လောကီဝိပါက်စိတ္တုပ္ပါဒ်၊ ပသာဒရုပ်ငါးပါးမှ ကြွင်းသောကမ္မဇရုပ်များ)၊ အချို့သော အာယတနခြောက်ပါးတို့သည် ကံကြောင့်မဖြစ်ကုန် (ဥပါဒိန္နမမည်ကုန်) (ကုသိုလ်, အကုသိုလ်, ကြိယာဇ္ဇိုလ်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်မှတပါးသော ထိရုပ်၊ နိဗ္ဗာန်)။ (ထိ-၁၅၅၁)

(မဟာန္တရဒုက် ၁၄-ခု အမေြ ဝိသဇ္ဇနာ ပြီး၏)။

http://www.dhammadownload.com



(၁၁-ဥပါဒါနဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ)

(၆၉) ဥပါဒါနဒုက် အဖြေဝိသဇ္ဇနာ။ ။( ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန တဆယ့်တပါးတို့သည် ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်' မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် ဥပါဒါန်မည်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဥပါဒါန်မမည်ချေ (ကြွင်းသောစေတသိက် ၅၀၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၇၀) ဥပါဒါနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏ (ပသာဒ ရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်၏အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။ (ဏ-၁၅၅, ၁၅၆)

(၇၁) ဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်ကုန်(ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်နှင့် (လောဘ,ဒိဋ္ဌိတို့နှင့်) ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘကြဉ်သော လောဘမူစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်နှင့်မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘ၊ လောဘမူစိတ္တုပ္ပါဒ်မှ ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၇၂) ဥပါဒါန ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတနဆယ်ပါးတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ မဆိုအပ်ကုန်၊ ရုပ်အာယတနဆယ်ပါးတို့သည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

မနာယတနကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်၏အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ (စိတ်)။

အချို့သော မနာယတနသည် ဥပါဒါန်၏(လောဘ,ဒိဋ္ဌိတို့၏)အာရုံသာဖြစ်၍ ဥပါဒါန်မမည်ချေ (လောကီစိတ်များ)။

ခုက်မှတ်။ ။အချို့သော မနာယတနကို ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် ဥပါဒါန်လည်းမည်၍ ဥပါဒါန်၏အာရုံလည်း ဖြစ်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဥပါဒါန်၏အာရုံသာ ဖြစ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီစိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

http://www.dhammadownload.com



ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏အာရုံလည်း ဖြစ်၏ ဟူ၍ရင်း ဥပါဒါန်၏အာရုံသာ ဖြစ်၍ ဥပါဒါန်မမည် ဟူ၍ရင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ-၁၅၆၀)

(၇၃) ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်ကုန်၏ ဟူ၍ရင်း, ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ဟူ၍ရင်း မဆိုအပ်ကုန် (ပသာဒရုပ် ငါးပါး၊ ပဋ္ဌာရုံ)။

မနာယတနကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ (စိတ်)။

အချို့သော မနာယတနသည် ဥပါဒါန်နှင့် (လောဘ,ဒိဋ္ဌိတို့နှင့် )သာ ယှဉ်၍ ဥပါဒါန်မမည်ချေ ( လောဘမူစိတ် ၈-ပါး )။

ဒုက်မုတ်။ ။အချို့သော မနာယတနကို ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ဟု မဆိုအပ်ချေ (ဥပါဒါနဝိပ္ပယုတ္တစိတ်=လောဘမူစိတ်တို့မှတပါး ကြွင်းသောစိတ်များ)။

အချို့သော ဓမ္မာယတနသည် ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ရှိသော လောဘနှင့်ဒိဋ္ဌိ )၊ အချို့သော ဓမ္မာယတနသည် ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သည့် လောဘမူစိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟူ၍ရင်း, ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန်မမည်ဟူ၍ရင်း မဆိုအပ်ချေ ( ဥပါဒါန်နှင့် မယှဉ်သော စိတ်တို့၌ရှိသော စေတသိက်များ=လောဘမူစိတ်မှတပါး ကြွင်းသောစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၆၂)

(၇၄) ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ဥပါဒါန်နှင့်မယှဉ်မူ၍ ဥပါဒါန်၏ (လောဘ,ဒိဋ္ဌိတို့၏) အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊လောဘမူစိတ္တုပ္ပါဒ်မှတပါး ကြွင်းသော လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်(လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။အချို့သော ( မနာယတန,ဓမ္မာယတန ) အာယတနနှစ်ပါးတို့ကို ဥပါဒါန်နှင့်မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ရင်း၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏အာရုံလည်း မဖြစ်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် ( ဥပါဒါနသမ္ပယုတ္တဓမ္မ=ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်၌ရှိသော လောဘကြဉ်သည့် လောဘမူစိတ္တုပ္ပါဒ်)။ (ဏီ-၁၅၆၄)

( ဥပါဒါနဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏ )။

http://www.dhammadownload.com



(၁၂-ကိလေသ ဂေါစ္ဆကဒုက် ၈-ခု အဖြေဝိသဇ္ဇနာ)

(၇၅) ကိလေသ ဂေါစ္ဆကဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန တဆယ့်တပါးတို့သည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော ကိလေသာ မမည်ကုန် (ပသာဒရုပ် ၅-ပါး၊ ပဋ္ဌာရုံ၊ စိတ်)။

အချို့သော ဓမ္မာယတနသည် ကိလေသာမည်၏ (ကိလေသာတရားကိုယ် ၁၀-ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ် ၁၀-ပါးကြဉ်သော ကြွင်းသော စေတသိက် ၄၂-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၇၆) သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာ၏ အာရုံဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာ၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၇၇) သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက်အပ်သော တရားမဟုတ်ကုန် (ကိလေသာတို့နှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅-ပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက်အပ်သော တရားဖြစ်ကုန်၏ (ကိလေသာနှင့် ယှဉ်ကုန်၏) (အကုသိုလ်စိတ္တုပ္ပါဒ်များ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက်အပ်သော တရားမဟုတ်ကုန် (ကိလေသာနှင့် မယှဉ်ကုန်) (ကုသိုလ်,ဝိပါက်,ကြိယာ စိတ္တုပ္ပါဒ်၊သုခုမရုပ်၊ နိဗ္ဗာန်)။

(၇၈) ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန် (ကုသိုလ်,ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၇၉) ကိလေသ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့ကို ကိလေသာ လည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ကုန် (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

http://www.dhammadownload.com



မနာယတနကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။

အချို့သော မနာယတနသည် ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ချေ (လောကီစိတ်)။

ဒုက်မုတ်။ ။အချို့သော မနာယတနကို ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မာယတနသည် ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ (ကိလေသာဆယ်ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ချေ (ကိလေသာ တရားကိုယ်ကြဉ်သော လောကီစိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ ဟူ၍၎င်း, ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ဟူ၍၎င်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ-၁၅၇၄)

(၁၀) **ကိလေသ သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်ကုန်၏ ဟူ၍၎င်း (ကိလေသာနှင့် ယှဉ်၏ ဟူ၍၎င်း), ကိလေသာတို့လည် ပူပန်စေအပ်၍ (ကိလေသာနှင့်သာ ယှဉ်၍) ကိလေသာ မမည်ကုန် ဟူ၍၎င်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

မနာယတနကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ဟု (ကိလေသာနှင့် ယှဉ်၏ဟု) မဆိုအပ်ချေ။

အချို့သော မနာယတနသည် ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်သာ ယှဉ်၍) ကိလေသာ မမည်ချေ (အကုသိုလ်စိတ်)။

ဒုက်မုတ်။ ။အချို့သော မနာယတနကို ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာ မမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။

အချို့သော ဓမ္မာယတနသည် ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာနှင့် ယှဉ်၏) (ကိလေသာဆယ်ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ်ကြဉ်သော အကုသိုလ်စိတ်တို့၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာနှင့်ယှဉ်၏) ဟူ၍၎င်း, ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်သာယှဉ်၍) ကိလေသာ မမည် ဟူ၍၎င်း မဆိုအပ်ချေ (အသံကိလိဋ္ဌဓမ္မ= ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၇၆)

(၁၁) **ကိလေသ ကိလေသသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။** ။ရုပ် အာယတန ဆယ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေ-

http://www.dhammadownload.com



သာနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ရင်း, ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည် ဟူ၍ရင်း မဆို အပ်ကုန် (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

မနာယတနကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။

အချို့သော မနာယတနသည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ချေ (အကုသိုလ်-စိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနာယတနကို ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ဟု မဆို အပ်ချေ (ကိလေသဝိပ္ပယုတ္တဓမ္မ=ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ (ဏ်-၁၅၇၈)

အချို့သော ဓမ္မာယတနသည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (ကိလေ သာဆယ်ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ချေ (ကိလေသာ တရားကိုယ်ကြဉ်သည့် အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မာယတနကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ ဟူ၍ရင်း ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည် ဟူ၍ရင်း မဆိုအပ်ချေ (ကိလေသဝိပ္ပယုတ္တဓမ္မ=ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏ်-၁၅၇၈)

(၈၂) **ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် ကိလေသာနှင့်မယှဉ်မူ၍ ကိလေ သာ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာဖြစ်၏ ဟူ၍ရင်း ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ် ဟူ၍ရင်း မဆိုအပ်ကုန် (ကိလေသ သမ္ပယုတ္တဓမ္မ=အကုသိုလ် စိတ္တုပ္ပါဒ်)။ (ဏ်-၁၅၈၀)

(ကိလေသဂေါစ္ဆကဒုက် ၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

---

(၁၃-ပိဋ္ဌိဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ)

(၈၃) ဒဿနေနပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။ရုပ်အာယတန ဆယ်ပါးတို့ကို (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် မပယ်အပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော(မနာယတန,ဓမ္မာယတန)အာယတနနှစ်ပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ် ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန,ဓမ္မာယတန)

http://www.dhammadownload.com



အာယတန နှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သောတရား မဟုတ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၁၄) ဘာဝနာယပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့ကို (သောတာပတ္တိမဂ် မြင်ပြီး ဖြစ်သော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့်'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် မပယ်အပ်ကုန်(ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့ကို အထက်မဂ် သုံးပါးတို့သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်, ဒေါသမူဒွေ, ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့ကို အထက်မဂ် သုံးပါးတို့သည် မပယ်အပ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၁၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါး တို့သည် (ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ မောဟ ကြဉ်သော ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (ဝိစိကိစ္ဆာစိတ်၌ရှိသော မောဟ၊ ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၁၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်) (ပသာဒရုပ် ၅-ပါး)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူဒွေ စိတ္တုပ္ပါဒ်, မောဟကြဉ်သည့် ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ ဥဒ္ဓစ္စသဟဂုတ် စိတ်၌ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၁၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ။** ။ ရုပ် အာယတန ဆယ်ပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယဘာန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဝိတက်ရှိကုန်၏ (ဝိတက်နှင့်ယှဉ်ကုန်၏) (သဝိတက္က စိတ္တုပ္ပါဒ်)၊ အချို့သော(မနာယတန,ဓမ္မာယဘာန) အာယတနနှစ်ပါး တို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော ဝိတက် ၅၅-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၉၀)

http://www.dhammadownload.com



**(၈၈) သဝိစာရဒုက် အမြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ဝိစာရမရှိကုန် (ဝိစာရနှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဝိစာရ ရှိကုန်၏ (ဝိစာရနှင့် ယှဉ်ကုန်၏) (ဝိစာရကြဉ်သော သဝိစာရစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဝိစာရမရှိကုန် (ဝိစာရနှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သဝိစာရစိတ် ၆၆-ပါး၌ရှိသော ဝိစာရ ၆၆-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၉၂)

**(၈၉) သပ္ပီတိကဒုက် အမြေဝိသဇ္ဇနာ။** ။ရုပ် အာယတန ဆယ်ပါးတို့သည် ပီတိမရှိကုန် (ပီတိနှင့် မယှဉ်ကုန်) (ပသာဒရုပ် ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါတို့သည် ပီတိရှိကုန်၏ (ပီတိနှင့်ယှဉ်ကုန်၏) (သပ္ပီတိက စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ပီတိမရှိကုန် (ပီတိနှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သပ္ပီတိက စိတ် ၅၁-ပါး၌ရှိသော ပီတိ ၅၁-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၉၃)

**(၉၀) ပီတိသဟဂတဒုက် အမြေဝိသဇ္ဇနာ။** ။ရုပ် အာယတန ဆယ်ပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့် မယှဉ်ကုန်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့်ယှဉ်ကုန်၏)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ပီတိနှင့် တကွ မဖြစ်ကုန် (ပီတိနှင့်မယှဉ်ကုန်)။ (သပ္ပီတိကဒုက်ကြည့်) (ဏီ-၁၅၉၆)

**(၉၁) သုခသဟဂတဒုက် အမြေဝိသဇ္ဇနာ။** ။ရုပ် အာယတန ဆယ်ပါးတို့သည် သုခဝေဒနာနှင့် တကွ မဖြစ်ကုန် (သုခဝေဒနာနှင့် မယှဉ်ကုန်) (ပသာဒရုပ် ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခဝေဒနာနှင့်ယှဉ်ကုန်၏) (သုခသဟဂုတ် စိတ် ၆၃-ပါးနှင့် ၎င်း၌ရှိသော သုခဝေဒနာ ကြဉ်သည့် ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါး တို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန်(ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခသဟဂုတ် စိတ်၌ရှိသော သုခဝေဒနာ ၆၃-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၅၉၈)

**(၉၂) ဥပေက္ခာသဟဂတဒုက် အမြေဝိသဇ္ဇနာ။** ။ရုပ် အာယတန ဆယ်ပါးတို့သည် ဥပေက္ခာ ဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာ ဝေဒနာနှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏) (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးနှင့် ၎င်း၌ရှိသော ဥပေက္ခာဝေဒနာကြဉ်သည့် ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာဝေဒနာနှင့် မယှဉ်ကုန်) (ကြွင်းသောစိတ္တုပ္ပါဒ်များ၊ ဥပေက္ခာသဟဂုတ်စိတ်၌ရှိသော ဥပေက္ခာဝေဒနာ ၅၅-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၆၀၀)

http://www.dhammadownload.com



(၉၃) **ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ကာမာဝစရ'တရား ဖြစ်ကုန်၏ (ကာမာဝစရ မည်၏) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ကာမာဝစရ'တရား ဖြစ်ကုန်၏ (ကာမစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ကာမာဝစရ' တရားမဟုတ်ကုန် (မဟဂ္ဂုတ်, လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၉၄) **ရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော)'ရူပါဝစရ'တရား မဟုတ်ကုန် (ရူပါဝစရ မမည်ကုန်) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ'တရားဖြစ်ကုန်၏ (ရူပဝစရ စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ'တရားမဟုတ်ကုန် (ကာမ,အရူပ,လောကုတ္တရာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၉၅) **အရူပါဝစရဒုက် အဖြေ ဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ'တရား မဟုတ်ကုန် (အရူပါဝစရ မမည်ကုန်) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'အရူပါဝစရ'တရား ဖြစ်ကုန်၏ (အရူပါဝစရ စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ'တရား မဟုတ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၉၆) **ပရိယာပန္နဒုက် အဖြေ ဝိသဇ္ဇနာ။** ။ရုပ် အာယတန ဆယ်ပါးတို့သည် (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န'တရားဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဉ္စာရုံ)။

အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် (ကာမ,ရူပ,အရူပ) ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော'ပရိယာပန္န'တရား ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန,ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော 'အပရိယာပန္န'တရား ဖြစ်ကုန်၏ (လောကုတ္တရာ စိတ္တုပ္ပါဒ်၊နိဗ္ဗာန်)။ (ဏ-၁၆၀၀)

http://www.dhammadownload.com



(၉၇) **နိယျာနိကဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတန ဆယ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက' တရား မဟုတ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန)အာယတန နှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက'တရားဖြစ်ကုန်၏(မဂ်စိတ္တုပ္ပါဒ်များ)။ (ဏီ-၁၆၀၉)

အချို့သော (မနာယတန, ဓမ္မာယတန)အာယတန နှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက'တရား မဟုတ်ကုန် (ကြွင်းသောစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၆၁၀)

(၉၈) **နိယတဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် အကျိုးပေး မမြဲသော[၁] 'အနိယတ'တရားမည်၏(ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌(အပါယ်ငရဲ၌)အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'တရားလည်း မဟုတ်မူ၍ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'တရားလည်း မဟုတ်ချေ) (နိယတတရားမဟုတ်ချေ) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး)။

အချို့သော(မနာယတန, ဓမ္မာယတန)အာယတနနှစ်ပါးတို့သည် အကျိုးပေးမြဲသော'နိယတ' တရားဖြစ်ကုန်၏(နိယတမိစ္ဆာဒိဋ္ဌိက်၏အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် သတ္တမဇော စိတ္တုပ္ပါဒ်နှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေတို့၏ သတ္တမဇော စိတ္တုပ္ပါဒ်၊ မဂ်စိတ္တုပ္ပါဒ်)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အကျိုးပေး မမြဲသော 'အနိယတ'တရား ဖြစ်ကုန်၏(ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၉၉) **သဉတ္တရဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားရှိသည့် 'သဉတ္တရ'တရား ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားရှိသော'သဉတ္တရ'တရား ဖြစ်ကုန်၏(လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော(မနာယတန, ဓမ္မာယတန)အာယတနနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားမရှိသည့် 'အနုတ္တရ'တရား ဖြစ်ကုန်၏(လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၁၀၀) **သရဏဒုက် အဖြေဝိသဇ္ဇနာ။** ။ရုပ်အာယတနဆယ်ပါးတို့သည် ငိုကြွေးကြောင်း(ရာဂစသော ကိလေသာ)ရှိသော'သရဏ'ပ၊ေပား မဟုဟ်ကုန် (ကိလေသာနှင့် မယှဉ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။

---

၁။ "အကျိုးပေး မမြဲသော"ဟု ဆိုရာ၌ မည်သည့်အခါ၌ အကျိုးပေးသည်ကို သေသေချာချာ မသိနိုင်။ မူလဋီကာ ၁၊ ၁၁၁-၄၅။

http://www.dhammadownload.com



အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ငိုကြွေးကြောင်း (ရာဂ စသော ကိလေသာ)ရှိသော 'သရဏ တရား ဖြစ်ကုန်၏(ကိလေသာနှင့် ယှဉ်ကုန်၏)(အကုသိုလ် စိတ္တုပ္ပါဒ်များ)၊ အချို့သော(မနာယတန,ဓမ္မာယတန)အာယတနနှစ်ပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ'တရား ဖြစ်ကုန်၏ (ကိလေသာနှင့် မယှဉ်ကုန်) (အကုသိုလ်စိတ္တုပ္ပါဒ်တို့ ကြဉ် ကြွင်းသောစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ-၁၆၁၅, ၁၆၁၆)

(ပိဋ္ဌိဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(အာယတန ၁၂-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြသော 'ပဉ္ဇာပုစ္ဆက'နည်း ပြီး၏။)

အာယတန ၁၂-ပါးတို့ကို တိက်,ဒုက်တို့ဖြင့် အမေးအဖြေပြု၍ ဟောကြားအပ်သော 'ပဉ္ဇာပုစ္ဆက'နည်း ပြီး၏။

အာယတန ၁၂-ပါးတို့ကို ဝေဖန်၍ ဟောကြားသည့် 'အာယတနဝိဘင်း' ပြီးပြီ။

## အာယတနဝိဘင်္ဂေါ နိဋ္ဌိတော။

http://www.dhammadownload.com

# ၃-ဓာတုဝိဘင်္ဂ

(မိမိ၏ သဘောကို ဆောင်ထားမှု 'ဓာတ်'တို့ကို ဝေဖန်၍ပြသော ဓာတုဝိဘင်း)

## ၁-သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်း)

ဓာတ် ၆-ပါး ၁၇၂။ ဓာတ်ခြောက်ပါးတို့ကား—

(၁) မြေဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်မှတ်သားအပ်သည့် တည်ရာ 'ပတိဋ္ဌာန' သဘော (ခက်မာမှု 'ကက္ခဠ'သဘော) ဖြစ်သော မြေဓာတ် 'ပထဝီဓာတ်'။

(၂) ရေဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်မှတ်သားအပ်သည့် ဖွဲ့စည်းမှု 'အာဗန္ဓန' သဘော, ယိုစီးမှု 'ပဂ္ဃရဏ' သဘောဖြစ်သော ရေဓာတ် 'အာပေါဓာတ်'။

(၃) မီးဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်မှတ်သားအပ်သည့် ရင့်ကျက်စေမှု 'ပရိပါစန' သဘောဖြစ်သော မီးဓာတ် 'တေဇောဓာတ်'။

(၄) လေဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်မှတ်သားအပ်သည့် ထောက်ကန်လှုပ်ရှားမှု သဘော ဖြစ်သော လေဓာတ် 'ဝါယောဓာတ်'။

(၅) ရေးခြစ်၍မရအပ် မတွေ့ထိအပ်သော သဘော (ရုပ်တခုနှင့်တခု ပိုင်းခြားမှု ဟင်းလင်း သဘော) 'အာကာသဓာတ်'။

(၆) သိမှုသဘော 'ဝိညာဏဓာတ်' (စိတ်) တို့တည်း။

### ၁-ပထဝီဓာတ်

ပထဝီဓာတ် ၂-ပါး ၁၇၃။ ထိုဓာတ် ခြောက်ပါးတို့တွင် အဘယ်သည် မြေဟူသော ဝေါဟာရ ပညတ်ဖြင့် ခေါ်ဝေါ် မှတ်သားအပ်သည့် တည်ရာ 'ပတိဋ္ဌာန' သဘော (ခက်မာမှုသဘော) ဖြစ်သော မြေဓာတ် 'ပထဝီဓာတ်' မည်သနည်း။

ဤပထဝီဓာတ်သည် နှစ်ပါးတို့တည်း၊ အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တ ပထဝီဓာတ်'သည် ရှိ၏၊ အပသန္တာန်၌ ဖြစ်သော ဗဟိဒ္ဓ ပထဝီဓာတ်သည် ရှိ၏။ (ဏီ၊ပဒ-၉၆၇)

(က) အဇ္ဈတ္တပထဝီဓာတ်။ ။ထို ပထဝီဓာတ် နှစ်ပါးတို့တွင် အဘယ်သည် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တ ပထဝီဓာတ်' မည်သနည်း။

အကြင် ပထဝီဓာတ်သည် အတွင်းသန္တာန်၌ ဖြစ်၏ 'အဇ္ဈတ္တံ'၊ ကိုယ်ကိုစွဲ၍ ဖြစ်၏ 'ပစ္စတ္တံ'[၁]၊ (အတွင်းသန္တာန်၌ ဖြစ်သော, ကိုယ်ကိုစွဲ၍ ဖြစ်သော ယင်းပထဝီဓာတ်သည်) ခက်မာ၏ 'ကက္ခဠံ'၊

---

၁။ ပစ္စတ္တ=(ပတိ=စွဲ၍+အတ္တ=ကိုယ်) ကိုယ်ကိုစွဲ၍ ဖြစ်၏။

http://www.dhammadownload.com



(အတွေ့) ကြမ်း၍ 'ခရ်ဂတ'၊ ခက်မာသည့်၏ အဖြစ် 'ကက္ခဠတ္တ'၊ ခက်မာသော သဘော 'ကက္ခဠဘာဝ'၊ အတွင်းသန္တာန်၌ ဖြစ်၏ 'အဇ္ဈတ္တ'၊ ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်၏ 'ဥပါဒိဏ္ဏ'။

**အဇ္ဈတ္တပထဝီဓာတ် ၁၉-ပါး**[၁]။ ။ဤအဇ္ဈတ္တ ပထဝီဓာတ်ဟူသည် အဘယ်အရာတို့နည်း။

ဆံပင် 'ကေသာ'၊ အမွေး 'လောမာ'၊ ခြေသည်း,လက်သည်း 'နခါ'၊ သွား 'ဒန္တာ'၊ အရေ 'တစ'။

အသား 'မံသ'၊အကြော 'နှာရု'၊ အရိုး 'အဋ္ဌိ'၊ရိုးတွင်းခြင်ဆီ 'အဋ္ဌိမိဉ္ဇ'၊အညှိ(ကျောက်ကပ်)[၂] 'ဝက္က'။

နှလုံး 'ဟဒယံ'၊ အသည်း 'ယကနံ'၊ အမြှေး 'ကိလောမကံ'၊ အဖျဉ်း (သရက်ရွက်)[၃] ပိဟကံ၊ အဆုပ် 'ပပ္ဖါသံ'။

အူမ 'အန္တံ'၊ အူသိမ် 'အန္တဂုဏံ'၊အစာသစ် 'ဥဒရိယံ'၊အစာဟောင်း(ကျင်ကြီး) 'ကရီသံ'၊ (ဤသည်တို့တည်း)။

(ထိုပြဆိုခဲ့ပြီးသော ပထဝီဓာတ် ၁၉-ပါးတို့မှ)တပါးလည်းဖြစ်သော အကြင်ပထဝီဓာတ်သည် ရှိသေး၏၊ အတွင်းသန္တာန်၌ ဖြစ်၏'အဇ္ဈတ္တ'၊ ကိုယ်ကိုစွဲ၍ဖြစ်၏'ပစ္စတ္တ'၊ ခက်မာ၏'ကက္ခဠ'၊ (အတွေ့)ကြမ်း၏ 'ခရိဂတ'၊ ခက်မာသည့်၏အဖြစ် 'ကက္ခဠတ္တ'၊ ခက်မာသောသဘော 'ကက္ခဠဘာဝ'၊ အတွင်းသန္တာန်၌ဖြစ်၏ 'အဇ္ဈတ္တ'၊ ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်၏ 'ဥပါဒိဏ္ဏ'။

ဤဆိုခဲ့ပြီးသောသဘောကို အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တပထဝီဓာတ်'ဟု ဆိုအပ်၏။

**(ခ) ဗာဟိရပထဝီဓာတ်**။ ။ထိုပထဝီဓာတ်နှစ်မျိုးတို့တွင် အဘယ်သည် အပသန္တာန်၌ဖြစ်သော 'ဗာဟိရပထဝီဓာတ်' မည်သနည်း။

အကြင် ပထဝီဓာတ်သည် အပသန္တာန်၌ ဖြစ်၏ 'ဗာဟိရ'၊ ခက်မာ၏ 'ကက္ခဠ'၊ အတွေ့ကြမ်း၏ 'ခရိဂတ'၊ ခက်မာသည့်၏အဖြစ် 'ကက္ခဠတ္တ'၊ ခက်မာသောသဘော 'ကက္ခဠဘာဝ'၊ အပသန္တာန်၌ ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကိုစွဲ၍ မဖြစ် 'အနုပါဒိဏ္ဏ'။

ဤဗာဟိရပထဝီဓာတ်ဟူသည် အဘယ်ဘို့နည်း။

သံ 'အယ'၊ ကြေး 'လောဟ'၊ ခဲဖြူ (သလွဲဖြူ, သလွဲစင်, ခဲမဖြူ, ဘင်) 'တိပု'၊ ခဲမည်း (သလွဲမဲ, ခဲမပုပ်,နာ) 'သီသ'၊ ငွေ 'သဇ္ဈု'၊ ပုလဲ 'မုတ္တာ'၊ ပတ္တမြား 'မဏိ'၊ ဝါး အဆင်းအရောင် ရှိသော ကြောင်မျက်ရွဲ (မြ) 'ဝေဠုရိယ'၊ ခရုသင်း 'သခ်'၊ ကျောက်(ကျောက်သလင်း) 'သိလာ'၊

---

၁။ ဝိဘင်း အဘိဓမ္မာပါဠိတော် ဓာတုဝိဘင်း၊ သတိပဋ္ဌာနဝိဘင်း တို့၌ ပထဝီဓာတ် ၁၉-ခုသာ ပြထားသည်၊ အဋ္ဌကထာ ဆရာကမူ-မတ္ထလုင်္ဂကို ပါဠိတော်များ၌ ထည့်ပေးရမည်ဟု ဆိုထားခဲ့သည်၊ ပဋိသမ္ဘိဒါမဂ် ဓာမျက်နှာ ၈-၌ မတ္ထလုင်္ဂကို ဟောခဲ့သည်၊ ထို့ကြောင့် မတ္ထလုင်္ဂပဒ္မက ဟောရာ၌ ပဋိသမ္ဘိဒါမဂ်မှ ယူ၍ ထည့်ပေးရမည်ဟု မှာထားခဲ့သည် (သမ္မောဟ ဝိနောဒနီ၊ ဋ္ဌ၊ နှာ-၂၁၄) (ရှေးဆရာတော်ကြီးများမူ၌ 'မတ္ထလုင်္ဂ''ဟု တွေ့ရသည်)

ဝိဘင်းမူလဋီကာ အရှင်အာနန္ဒာ မထေရ်ကမူ-အဋ္ဌိမိဉ္ဇပုဒ်၌ မတ္ထလုင်္ဂကို သွင်းယူထားပြီး ဖြစ်သောကြောင့် အဇ္ဈတ္တပထဝီဓာတ်ကို ၁၉-ခုသာ ပြရခြင်း ဖြစ်သည်ဟု ဆိုထားသည်။ (ဝိဘင်းမူလဋီကာ၊ နှာ-၄၂)

၂။ ကျောက်ကပ် = Kidney. ၃။ သရက်ရွက် = Spleen

http://www.dhammadownload.com



သန္တာကျောက် 'ပဝါဠ'၊ ငွေအသပြာ 'ရဇတ'၊ ရွှေ 'ဇာတရူပ'၊ ပတ္တမြားနီ 'လောဟိတင်္က'၊ ပတ္တမြားပြောက် 'မသာရဂလ္လ'၊ မြက် 'တိဏ'၊ သစ်သား 'ကဋ္ဌ'၊ ကျောက်စရစ် 'သက္ခရ'၊ အိုးခြမ်းကွဲ 'ကဌလ'၊ မြေ 'ဘူမိ'၊ ကျောက် 'ပါသာဏ'၊ တောင် 'ပဗ္ဗတ'၊ (ဤသည်တို့တည်း)။

(ထိုပြဆိုခဲ့ပြီးသည့် ဗဟိဒ္ဓပထဝီဓာတ်တို့မှ) တပါးလည်းဖြစ်သော အကြင် ပထဝီဓာတ်သည် ရှိသေး၏၊ အပသန္တာန်၌ ဖြစ်၍ 'ဗာဟိရ'၊ ခက်မာ၍ 'ကက္ခဠ'၊ (အတွေ့) ကြမ်း၍ 'ခရိဂတ'၊ ခက်မာသည်၏အဖြစ် 'ကက္ခဠတ္တ'၊ ခက်မာသော သဘော 'ကက္ခဠဘာဝ'၊ အပသန္တာန်၌ ဖြစ်၍ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကို စွဲ၍မဖြစ် 'အနုပါဒိဏ္ဏ'။

ဤဆိုခဲ့ပြီးသောအရာကို အပသန္တာန်၌ ဖြစ်သော 'ဗာဟိရပထဝီဓာတ်'ဟု ဆိုအပ်၏။

ဒါကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တပထဝီဓာတ်'သည်ငှင်း, အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရပထဝီဓာတ်'သည်ငှင်း ရှိ၏၊ ထိုပထဝီဓာတ်ကို တပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ပြသော ဤဆိုခဲ့ပြီးသော သဘောကို ပထဝီဓာတ်ဟု ဆိုအပ်၏။

## ၂-အာပေါဓာတ်

**အာပေါဓာတ် ၂-ပါး　၁၇၄။**　ထိုဓာတ် ၆-ပါးတို့တွင် အဘယ်သည် ရေဟူသောအမည် ပညတ်ဖြင့် ခေါ်ဝေါ် မှတ်သားအပ်သည့် ဖွဲ့စည်းမှု'အာဗန္ဓန'၊ ယိုစီးမှု 'ပဂ္ဃရဏ'သဘောဖြစ်သော ရေဓာတ် 'အာပေါဓာတ်' မည်သနည်း။

အာပေါဓာတ်သည် နှစ်ပါးတို့တည်း၊ အတွင်းသန္တာန်၌ဖြစ်သော'အဇ္ဈတ္တ အာပေါဓာတ်'သည် ရှိ၏၊ အပသန္တာန်၌ဖြစ်သော 'ဗာဟိရ အာပေါဓာတ်'သည် ရှိ၏။

**(က) အဇ္ဈတ္တအာပေါဓာတ်။**　။ထိုအာပေါဓာတ် ၂-ပါးတို့တွင် အဘယ်သည် အတွင်းသန္တာန်၌ ဖြစ်သော'အဇ္ဈတ္တအာပေါဓာတ်'မည်သနည်း။ (ဏီ။ပဒ-၉၆၇)

အကြင်အာပေါဓာတ်သည် အတွင်းသန္တာန်၌ဖြစ်၍ 'အဇ္ဈတ္တံ'၊ ကိုယ်ကိုစွဲ၍ဖြစ်၍ 'ပစ္စတ္တံ'၊ (အတွင်းသန္တာန်၌ဖြစ်သော ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်သော ယင်း အာပေါဓာတ်သည်) အရည်ဖြစ်၍ 'အာပေါ'၊အရည်သဘောသို့ ရောက်၍ 'အာပေါဂတ'၊ အစေးဖြစ်၍ 'သိနေဟ'၊ အစေး၏အဖြစ်သို့ ရောက်၍ 'သိနေဟဂတ'၊ ရုပ်ကိုဖွဲ့စည်း၍ 'ရူပဗန္ဓနတ္တ'၊ အတွင်းသန္တာန်၌ဖြစ်၍ 'အဇ္ဈတ္တံ'၊ ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်၍ 'ဥပါဒိန္န'။ (ဏီ။ပဒ-၇၂၆)

**အဇ္ဈတ္တအာပေါဓာတ် ၁၂-ပါး။**　။ဤအဇ္ဈတ္တအာပေါဓာတ် ဟူသည် အဘယ်အရာတို့နည်း။

သည်းခြေ 'ပိတ္တံ'[၁]၊ သလိပ် 'သေမှံ'၊ ပြည် 'ပုဗ္ဗော'၊ သွေး 'လောဟိတံ'၊ ချွေး 'သေဒေါ'၊ အဆီခဲ 'မေဒေါ'၊ မျက်ရည် 'အဿု'၊ ဆီကြည် 'ဝသာ'[၂]၊ တံထွေး 'ခေဠော'၊ နှပ် 'သိင်္ဃာဏိကာ'၊ အစေး 'လသိကာ'[၃]၊ ကျင်ငယ် 'မုတ္တံ'၊ (ဤသည်တို့တည်း)။

---

၁။ အဗဒ္ဓ သည်းခြေ=တကိုယ်လုံးပြန့်နှံ့နေသော သွေး၌ရှိသော အဝါရည်။ ဗဒ္ဓ သည်းခြေ=အိမ်ဖြင့် ဖွဲ့သိုရှိထားသော ဝါမှန်ဖန် စိမ်းဖန့်ဖန့်ရည် (ခါးသောအရသာရှိ၏)။ အဘိ၊ ဋ္ဌ၊ ၂၊ နှာ-၆၁၊ ၂၃၂။

၂။ လက်ဆီ၊ ခြေဆီထွက်သည့် အဆီကြည်မျိုးကို ဆိုလိုသည်။ အဘိ၊ဋ္ဌ၊၂၊နှာ-၆၃။

၃။ အရိုး ၂-ခုဆက်သည့် နေရာ၌ရှိသောအစေး။ အဘိ၊ဋ္ဌ၊၂၊နှာ-၆၄။

http://www.dhammadownload.com



(ထိုပြဆိုခဲ့ပြီးသော အဇ္ဈတ္တအာပေါဓာတ် ၁၂-ပါးတို့မှ) တပါးလည်းဖြစ်သော အကြင် အာပေါဓာတ်သည် ရှိသေး၏၊ အတွင်းသန္တာန်၌ဖြစ်၏ 'အဇ္ဈတ္တံ'၊ ကိုယ်ကို စွဲ၍ဖြစ်၏ 'ပစ္စတ္တံ'၊ အရည်ဖြစ်၏ 'အာပေါ'၊ အရည်သဘောသို့ ရောက်၏ 'အာပေါဂတံ'၊ အစေးဖြစ်၏ 'သိနေဟ'၊ အစေး၏အဖြစ်သို့ ရောက်၏ 'သိနေဟဂတံ'၊ ရုပ်ကိုဖွဲ့စည်း၏ 'ရူပဗန္ဓနတ္တံ'၊ အတွင်းသန္တာန်၌ဖြစ်၏ 'အဇ္ဈတ္တံ'၊ ခန္ဓာကိုယ်ကိုစွဲ၍ ဖြစ်၏ 'ဥပါဒိန္နံ'။

ဤဆိုခဲ့ပြီးသောသဘောကို အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တအာပေါဓာတ်'ဟု ဆိုအပ်၏။

(ခ) **ဗာဟိရအာပေါဓာတ်။** ။ထိုအာပေါဓာတ်နှစ်ပါးတို့တွင် အဘယ်သည် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရအာပေါဓာတ်'မည်သနည်း။

အကြင် အာပေါဓာတ်သည် အပသန္တာန်၌ဖြစ်၏ 'ဗာဟိရံ'၊ အရည်ဖြစ်၏ 'အာပေါ'၊ အရည် သဘောသို့ရောက်၏ 'အာပေါဂတံ'၊ အစေးဖြစ်၏ 'သိနေဟ'၊ အစေး၏ အဖြစ်သို့ ရောက်၏ 'သိနေဟဂတံ'၊ ရုပ်ကိုဖွဲ့စည်း၏ 'ရူပဗန္ဓနတ္တံ'၊ အပသန္တာန်၌ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကိုစွဲ၍ မဖြစ် 'အနုပါဒိန္နံ'။

ဤဗာဟိရ အာပေါဓာတ်ဟူသည် အဘယ်အရာတို့နည်း။

အမြစ်ရည် 'မူလရသ'၊ ပင်စည်ရည် 'ခန္ဓရသ'၊ အခေါက်ရည်'တစရသ'၊ အရွက်ရည် 'ပတ္တရသ'၊ အပွင့်ရည် 'ပုပ္ဖရသ'၊ အသီးရည် 'ဖလရသ'၊ နို့ရည် 'ခီရ'၊ နို့ခမ်း(နို့ချဉ်) 'ဒဓိ'၊ ထောပတ် 'သပ္ပိ'၊ ဆီဉ 'နဝနီတ'၊ ဆီ 'တေလ'၊ ပျားရည် 'မဓု'၊ တင်လဲ 'ဖာဏိတ'၊ မြေ၌တည်သော ရေတို့သည်၎င်း၊ ကောင်းကင်၌တည်သော ရေတို့သည်၎င်း ရှိကုန်၏၊ (ဤသည်တို့တည်း)။

(ဤပြဆိုခဲ့ပြီးသော ဗာဟိရအာပေါဓာတ်တို့မှ) တပါးလည်းဖြစ်သော အကြင်အာပေါဓာတ် သည် ရှိသေး၏၊ အပသန္တာန်၌ ဖြစ်၏ 'ဗာဟိရံ'၊ အရည်ဖြစ်၏ 'အာပေါ'၊ အရည်သဘောသို့ ရောက်၏ 'အာပေါဂတံ'၊ အစေးဖြစ်၏ 'သိနေဟ'၊ အစေး၏ အဖြစ်သို့ ရောက်၏ 'သိနေဟဂတံ'၊ ရုပ်ကို ဖွဲ့စည်း၏ 'ရူပဗန္ဓနတ္တံ'၊ အပသန္တာန်၌ ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကို စွဲ၍မဖြစ် 'အနုပါဒိန္နံ'။

ဤဆိုခဲ့ပြီးသော သဘောကို အပသန္တာန်၌ဖြစ်သော 'ဗာဟိရအာပေါဓာတ်'ဟု ဆိုအပ်၏။

အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တအာပေါဓာတ်'သည်၎င်း၊ အကြင် အပသန္တာန်၌ ဖြစ်သော'ဗာဟိရအာပေါဓာတ်'သည်၎င်း ရှိ၏၊ ထိုအာပေါဓာတ်ကို တပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ပြသော ဤဆိုခဲ့ပြီးသော သဘောကို အာပေါဓာတ်ဟု ဆိုအပ်၏။

## ၃-တေဇောဓာတ်

**တေဇောဓာတ် ၂-ပါး ၁၇၅။** ထိုဓာတ် ၆-ပါးတို့တွင် အဘယ်သည် မီးဟူသော အမည် ပညတ်ဖြင့် ခေါ်ဝေါ် မှတ်သားအပ်သည့် ရင့်ကျက်စေမှု 'ပရိပါစန'သဘောဖြစ်သော မီးဓာတ် 'တေဇောဓာတ်' မည်သနည်း။

ဤတေဇောဓာတ်သည် နှစ်ပါးတို့တည်း၊ အတွင်းသန္တာန်၌ ဖြစ်သော'အဇ္ဈတ္တတေဇောဓာတ်' သည် ရှိ၏၊ အပသန္တာန်၌ဖြစ်သော 'ဗာဟိရ တေဇောဓာတ်'သည် ရှိ၏။ (ဏ၊ပဒ-၉၆၉)

http://www.dhammadownload.com



(က) အဇ္ဈတ္တတေဇောဓာတ်။ ။ထိုတေဇောဓာတ် ၂-ပါးတို့တွင် အဘယ်သည် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တတေဇောဓာတ်' မည်သနည်း။

အကြင် မီးဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်သတ်မှတ်အပ်သည့် ရင့်ကျက်စေမှု 'ပရိပါစန' သဘောဖြစ်သော မီးဓာတ်သဘော 'တေဇောဓာတ်'သည် အတွင်းသန္တာန်၌ ဖြစ်၏ 'အဇ္ဈတ္တ'၊ ကိုယ်ကို စွဲ၍ဖြစ်၏ 'ပစ္စတ္တ'၊ (အတွင်းသန္တာန်၌ဖြစ်သော, ခန္ဓာကိုယ်ကို စွဲ၍ဖြစ်သော ယင်းတေဇောဓာတ်သည်) လောင်ကျွမ်းရင့်ကျက်စေသော သဘောဖြစ်၏ 'တေဇော'၊ လောင်ကျွမ်းရင့်ကျက်စေခြင်းသဘောသို့ ရောက်၏ 'တေဇောဂတ'၊ အပူငွေ့ ဖြစ်၏ 'ဥသ္မာ' [၁]၊ အပူငွေ့အဖြစ်သို့ ရောက်၏ 'ဥသ္မာဂတ'၊ ပြင်းထန်ကြမ်းတမ်းသော အပူငွေ့ ဖြစ်၏ 'ဥသုမ'၊ ပြင်းထန်ကြမ်းတမ်းသော အပူငွေ့အဖြစ်သို့ ရောက်၏ 'ဥသုမဂတ'၊ အတွင်းသန္တာန်၌ ဖြစ်၏ 'အဇ္ဈတ္တ'၊ ခန္ဓာကိုယ်ကို စွဲ၍ဖြစ်၏ 'ဥပါဒိန္န'။

ဤအဇ္ဈတ္တတေဇောဓာတ်ဟူသည် အဘယ်အရာတို့နည်း။ အကြင်တေဇောဓာတ်ဖြင့်လည်း ပူလောင်၏ 'သန္တပ္ပတိ' (သန္တပ္ပနတေဇော)[၂]၊ အကြင် တေဇောဓာတ်ဖြင့်လည်း ဆွေးမြေ့ရင့်ရော်၏ 'ဇီရိယတိ' (ဇီရဏတေဇော)[၃]၊ အကြင် တေဇောဓာတ်ဖြင့်လည်း လောင်ကျွမ်း၏ 'ပရိဍယှတိ' (ဒဟတေဇော)[၄]၊ စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သော[၅] အစာသည် အကြင်တေဇောဓာတ်ဖြင့်လည်း ကောင်းစွာ ကြေခြင်းသို့ ရောက်၏ 'ပရိဏာမံ ဂစ္ဆတိ'(ပါစကတေဇော) (ဤသည်တို့တည်း)။

(ဤပြဆိုခဲ့ပြီးသော အဇ္ဈတ္တတေဇောဓာတ်တို့မှ) တပါးလည်းဖြစ်သော အကြင်တေဇောဓာတ်သည် ရှိသေး၏၊ အတွင်းသန္တာန်၌ ဖြစ်၏ 'အဇ္ဈတ္တ'၊ ကိုယ်ကိုစွဲ၍ဖြစ်၏ 'ပစ္စတ္တ'၊ လောင်ကျွမ်းရင့်ကျက်စေသော သဘောဖြစ်၏ 'တေဇော'၊ လောင်ကျွမ်းရင့်ကျက်စေသော သဘောသို့ရောက်၏ 'တေဇောဂတ'၊ အပူငွေ့ဖြစ်၏ 'ဥသ္မာ'၊ အပူငွေ့အဖြစ်သို့ ရောက်၏ 'ဥသ္မာဂတ'၊ ကြမ်းတမ်းပြင်းထန်သော အပူငွေ့ဖြစ်၏ 'ဥသုမ'၊ ကြမ်းတမ်း ပြင်းထန်သော အပူငွေ့အဖြစ်သို့ ရောက်၏ 'ဥသုမဂတ'၊ အတွင်းသန္တာန်၌ဖြစ်၏ 'အဇ္ဈတ္တ'၊ ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်၏ 'ဥပါဒိန္န'။

ဤဆိုခဲ့ပြီးသောသဘောကို အတွင်းသန္တာန်၌ ဖြစ်သော'အဇ္ဈတ္တတေဇောဓာတ်'ဟု ဆိုအပ်၏။

(ခ) ဗာဟိရတေဇောဓာတ်။ ။ထိုတေဇောဓာတ်နှစ်ပါးတို့တွင် အဘယ်သည် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရတေဇောဓာတ်' မည်သနည်း။

---

၁။ ဥသ္မာတေဇောနှင့် ပါစကတေဇောတို့သည် ကမ္မဇရုပ် ဖြစ်သည်။ ဥသ္မာတေဇောသည် မျှတသော ကိုယ်ငွေ့အပူဓာတ် ဖြစ်သည်၊ ယင်းဖောက်ပြန်သောအခါ ဥသုမ,သန္တပ္ပန, ဒဟတေဇောအဆင့်ဆင့် ဖြစ်ပေါ်လေသည်။

၂။ သန္တပ္ပနတေဇော=တရက်ခြား, နှစ်ရက်ခြားစသည် အပူတက်၍ ဖျားနာစေသော အပူဓာတ် (တက်ဖျား-ကျဖျား)။

၃။ ဇီရဏတေဇော=ဆံပင်ဖြူစေခြင်း,အရေတွန့်လိပ်ခြင်း, အိုမင်းရင့်ရော်ခြင်းကို ဖြစ်စေသော အပူဓာတ်။

၄။ ဒဟတေဇော=ကယောင်ကတမ်း မြည်တမ်းကာ မူးမေ့လောက်အောင် ဖြစ်စေသော ပြင်းထန်သော အပူဓာတ်။

၅။ အသိတ=စားအပ်သော။ ပီတ=သောက်အပ်သော။ သာယိတ=လျက်အပ်သော။ ခါယိတ=ခဲအပ်(ကိုက်စားအပ်)သော။

http://www.dhammadownload.com



အကြင်တေဇောဓာတ်သည် အပသန္တာန်၌ဖြစ်၏ 'ဗာဟိရ'၊ လောင်ကျွမ်းရင့်ကျက်စေသော သဘောဖြစ်၏'တေဇော'၊ လောင်ကျွမ်းရင့်ကျက်စေသော သဘောသို့ရောက်၍ 'တေဇောဂတ'၊ အပူငွေ့ဖြစ်၏'ဥသ္မာ'၊ အပူငွေ့အဖြစ်သို့ ရောက်၏ 'ဥသ္မာဂတ'၊ ပြင်းထန်ကြမ်းတမ်းသော အပူငွေ့ဖြစ်၏'ဥသုမ'၊ ပြင်းထန်ကြမ်းတမ်းသော အပူငွေ့အဖြစ်သို့ ရောက်၏'ဥသုမဂတ'၊ အပသန္တာန်၌ဖြစ်၏'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကိုစွဲ၍မဖြစ် 'အနုပါဒိန္န'။

ဤဗာဟိရတေဇောဓာတ်ဟူသည် အဘယ်အရာတို့နည်း။

ထင်းမီး'ကဋ္ဌဂ္ဂိ'၊ ကောက်ရိုးမီး'ပလာလဂ္ဂိ'၊ မြက်မီး'တိဏဂ္ဂိ'၊ နွားချေးမီး'ဂေါမယဂ္ဂိ'၊ ဖွဲမီး 'ထုသဂ္ဂိ'၊ အမှိုက်မီး'သင်္ကာရဂ္ဂိ'၊ မိုးကြိုးလောင်မီး'ဣန္ဒဂ္ဂိ'၊ မီးလျှံမီးကျီးခဲအပူ'အဂ္ဂိသန္တာပ'၊ နေပူ'သူရိယသန္တာပ'၊ ထင်းပုံ၌ဖြစ်သောအပူ 'ကဋ္ဌသန္နိစယ သန္တာပ'၊ မြက်ပုံ၌ဖြစ်သောအပူ 'တိဏသန္နိစယ သန္တာပ'၊ စပါးပုံ၌ဖြစ်သောအပူ (စပါးငွေ့) 'ဓညသန္နိစယ သန္တာပ၊ ဥစ္စာပုံ၌ ဖြစ်သောမီးပူ'ဘဏ္ဍသန္နိစယ သန္တာပ'၊ (ဤသည်တို့တည်း။)

(ဤပြဆိုခဲ့ပြီးသော တေဇောဓာတ်မှ) တပါးလည်းဖြစ်သော အကြင်တေဇောဓာတ်သည် ရှိသေး၏၊ အပသန္တာန်၌ဖြစ်၏'ဗာဟိရ'၊ လောင်ကျွမ်းရင့်ကျက်စေခြင်း သဘောဖြစ်၏'တေဇော'၊ လောင်ကျွမ်းရင့်ကျက်စေခြင်း သဘောအဖြစ်သို့ ရောက်၏'တေဇောဂတ'၊ အပူငွေ့ဖြစ်၏'ဥသ္မာ'၊ အပူငွေ့၏အဖြစ်သို့ ရောက်၏ 'ဥသ္မာဂတ'၊ ကြမ်းတမ်းပြင်းထန်သော အပူငွေ့ဖြစ်၏ 'ဥသုမ'၊ ပြင်းထန်ကြမ်းတမ်းသော အပူငွေ့၏အဖြစ်သို့ ရောက်၏'ဥသုမဂတ'၊ အပသန္တာန်၌ဖြစ်၏'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကိုစွဲ၍မဖြစ်'အနုပါဒိန္န'။

ဤဆိုခဲ့ပြီးသောသဘောကို အပသန္တာန်၌ဖြစ်သော 'ဗာဟိရ တေဇောဓာတ်'ဟု ဆိုအပ်၏။

အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တတေဇောဓာတ်'သည်၎င်း, အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရတေဇောဓာတ်'သည်၎င်း ရှိ၏၊ ထိုတေဇောဓာတ်ကို တပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤဆိုခဲ့ပြီးသော သဘောကို မီးဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ် သတ်မှတ်အပ်သည့် ရင့်ကျက်စေမှု'ပရိပါစန'သဘောဖြစ်သော မီးဓာတ်'တေဇောဓာတ်'ဟု ဆိုအပ်၏။

### ၄-ဝါယောဓာတ်

ဝါယောဓာတ် ၂-ပါး ၁၇၆။ ထိုဓာတ် ၆-ပါးတို့တွင် အဘယ်သည် လေဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ် သတ်မှတ်အပ်သည့် ထောက်ကန်လှုပ်ရှားခြင်း သဘောဖြစ်သော လေဓာတ် 'ဝါယောဓာတ်'မည်သနည်း။

ဤဝါယောဓာတ်သည် နှစ်ပါးတို့တည်း၊ အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တ ဝါယောဓာတ်' သည် ရှိ၏၊ အပသန္တာန်၌ဖြစ်သော 'ဗာဟိရဝါယောဓာတ်'သည် ရှိ၏။

(က) အဇ္ဈတ္တဝါယောဓာတ်။ ။ထိုဝါယောဓာတ် ၂-ပါးတို့တွင် အဘယ်သည် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တ ဝါယောဓာတ်' မည်သနည်း။

အကြင် ဝါယောဓာတ်သည်-အတွင်းသန္တာန်၌ ဖြစ်၏ 'အဇ္ဈတ္တံ'၊ ကိုယ်ကိုစွဲ၍ ဖြစ်၏ 'ပစ္စတ္တံ'၊ (အတွင်း သန္တာန်၌ ဖြစ်သော, ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်သော ဝါယောဓာတ်သည်) လှုပ်ရှားမှုသဘော

http://www.dhammadownload.com



ဖြစ်၍ 'ဝါယော'၊ လှုပ်ရှားမှုသဘောသို့ ရောက်၍ 'ဝါယောဂတ'၊ ရုပ်ကို တွန်းကန်ခြင်း သဘော ဖြစ်၍ 'ရူပထမ္ဘိတတ္တံ'၊ အတွင်းသန္တာန်၌ ဖြစ်၍ 'အဇ္ဈတ္တံ'၊ ခန္ဓာကိုယ်ကိုစွဲ၍ ဖြစ်၍ 'ဥပါဒိန္နံ'။

**အဇ္ဈတ္တ ဝါယောဓာတ် ၁၀-ပါး[၁]။** ။ဤ အဇ္ဈတ္တ ဝါယောဓာတ်ဟူသည် အဘယ်အရာတို့နည်း။

အထက်သို့ ဆန်သောလေ 'ဥဒ္ဓင်္ဂမဝါတ'၊ အောက်သို့ စုန်သောလေ 'အဓောဂမဝါတ'၊ ဝမ်း၌ တည်သောလေ 'ကုစ္ဆိသယဝါတ'၊ အူ၌တည်သောလေ 'ကောဋ္ဌာသယဝါတ'၊ ကိုယ်အင်္ဂါကြီးငယ်သို့ လျှောက်သောလေ 'အင်္ဂမင်္ဂါနုသာရိဝါတ'၊ ဓားငယ်ကဲ့သို့ ဖြတ်တတ်သောလေ (ပါးရှိုးခြင်း, ခြေတဘက်သေသွားခြင်း တည်းဟူသော ကိုယ်လက်အင်္ဂါစသည်တို့ ရှုံ့စောင်းသွားအောင် မလှုပ်နိုင်အောင် ဖြတ်သောလေ) 'သတ္ထကဝါတ'၊ သင်ဓုန်းဒါးကဲ့သို့ နှလုံးသားကို ခွဲသောလေ (လေသင်ဓုန်း) 'ခုရကဝါတ'၊ နှလုံးသားကို ဆွဲထုတ်သောလေ 'ဥပ္ပလကဝါတ'၊ ဝင်သက်လေ 'အဿာသ'၊ ထွက်သက်လေ 'ပဿာသ'၊ ဤသည်တို့တည်း။

(ဤပြဆိုခဲ့ပြီးသော ဝါယောဓာတ် ၁၀-ပါးတို့မှ) တပါးလည်းဖြစ်သော အကြင် ဝါယောဓာတ်သည်လည်း ရှိသေး၏၊ အတွင်းသန္တာန်၌ ဖြစ်၍ 'အဇ္ဈတ္တံ'၊ ကိုယ်ကိုစွဲ၍ ဖြစ်၍ 'ပစ္စတ္တံ'၊ လှုပ်ရှားမှုသဘော ဖြစ်၍ 'ဝါယော'၊ လှုပ်ရှားမှုသဘောသို့ ရောက်၍ 'ဝါယောဂတ'၊ ရုပ်ကို တွန်းကန်ခြင်း သဘောဖြစ်၍ 'ရူပထမ္ဘိတတ္တံ'၊ အတွင်းသန္တာန်၌ ဖြစ်၍ 'အဇ္ဈတ္တံ'၊ ခန္ဓာကိုယ်ကို စွဲ၍ဖြစ်၍ 'ဥပါဒိန္နံ'။

ဤဆိုခဲ့ပြီးသောသဘောကို အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တ ဝါယောဓာတ်'ဟု ဆိုအပ်၏။

**(ခ) ဗာဟိရဝါယောဓာတ်။** ။ထို ဝါယောဓာတ် ၂-ပါးတို့တွင် အဘယ်သည် အပ သန္တာန်၌ ဖြစ်သော 'ဗာဟိရဝါယောဓာတ်' မည်သနည်း။

အကြင် ဝါယောဓာတ်သည် အပသန္တာန်၌ ဖြစ်၍ 'ဗာဟိရံ'၊ လှုပ်ရှားမှုသဘော ဖြစ်၍ 'ဝါယော'၊ လှုပ်ရှားမှုသဘောသို့ ရောက်၍ 'ဝါယောဂတံ'၊ ရုပ်ကို တွန်းကန်ခြင်းသဘော ဖြစ်၍ 'ရူပထမ္ဘိတတ္တံ'၊ အပသန္တာန်၌ ဖြစ်၍ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကိုစွဲ၍ မဖြစ် 'အနုပါဒိန္နံ'။

ဤဗာဟိရဝါယောဓာတ်ဟူသည် အဘယ်အရာတို့နည်း။

အရှေ့လေ 'ပုရတ္ထိမ ဝါတ'၊ အနောက်လေ 'ပစ္ဆိမ ဝါတ'၊ မြောက်လေ 'ဥတ္တရ ဝါတ'၊ တောင်လေ၊ 'ဒက္ခိဏ ဝါတ'၊ မြူပါသောလေ 'သရဇ ဝါတ'၊ မြူမပါသောလေ 'အရဇ ဝါတ'၊ လေအေး 'သီတဝါက'၊ လေပူ 'ဥဏှ ဝါတ'၊ လေညှင်း 'ပရိတ္တ ပါတ'၊ လေပြင်း (လေကြမ်း) 'အဓိမတ္တ ဝါတ'၊ လေမည်း (လေမုန်တိုင်း) 'ကာဠဝါတ'၊ (ယူဇနာအထက်) ကောင်းကင်၌ တိုက်ခတ်နေသည့် အလွန်ထက်မြက်သော လေကြမ်း 'ဝေရမ္ဘဝါတ'[၂]၊ အတောင်ခတ်လေ 'ပက္ခဝါတ'[၃]၊ ဂဠုန်တောင်ခတ်လေ 'သုပဏ္ဏ ဝါတ'၊ ထမ်းရွက်ယပ်လေ 'တာလဝဏ္ဋ ဝါတ'၊ နှီးယပ်လေ 'ဝိဓူပန ဝါတ'၊ (ဤသည်တို့တည်း)။

---

၁။ ကောဋ္ဌာသ ၄၂-ပါးဟု ရေတွက်ရာ၌ အဇ္ဈတ္တဝါယော ၆-မျိုးသာ ရှိသည်။ သတ္ထကဝါတ, ခုရကဝါတ, ဥပ္ပလကဝါတ၊ ဤ ၃-ပါး မပါချေ။ ထို့ပြင် အဿာသ, ပဿာသ ဘို့ကို ပေါင်း၍ ၁ ပါးဟု ရေတွက်သည်။

၂။ ဝေရမ္ဘလေ=ကောင်းကင်မှ ကြည့်လျှင် ကျွန်းကြီးလေးကျွန်းကို ကြာရွက်အရွယ်မျှလောက်သာ မြင်ရသည့် အရပ်၏ အထက်၌ တိုက်ခတ်နေသော လေကြမ်း (နိဒါနဝဂ္ဂသံယုတ်၊ ဝေရမ္ဘသုတ်၊ နှာ-၄၂၈။ သံ၊ ဋ္ဌ၊ ၂၊ နှာ-၁၉၂)။

၃။ ပျံသန်းသည့် ယင်, ငှက် စသော သတ္တဝါတို့ အတောင်ခတ်သောအခါ လှုပ်ရှားသောလေ။

http://www.dhammadownload.com



(ဤပြဆိုခဲ့ပြီးသော ဗာဟိရဝါယောဓာတ်တို့မှ) တပါးလည်းဖြစ်သော အကြင်ဝါယောဓာတ်သည်လည်း ရှိသေး၏၊ အပသန္တာန်၌ ဖြစ်၏ 'ဗာဟိရံ'၊ ထောက်ကန်လှုပ်ရှားမှုသဘော ဖြစ်၏ 'ဝါယော'၊ ထောက်ကန်လှုပ်ရှားမှုသဘောသို့ ရောက်၏ 'ဝါယောဂတံ'၊ ရုပ်ကိုတွန်းကန်ခြင်းသဘောဖြစ်၏ 'ရူပထမ္ဘိတတ္တံ'၊ အပသန္တာန်၌ ဖြစ်၏ 'ဗာဟိရံ'၊ခန္ဓာကိုယ်ကို စွဲ၍မဖြစ်'အနုပါဒိန္နံ'။

ဤဆိုခဲ့ပြီးသော သဘောကို အပသန္တာန်၌ဖြစ်သော 'ဗာဟိရဝါယောဓာတ်'ဟု ဆိုအပ်၏။

အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တဝါယောဓာတ်'သည်၎င်း, အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရဝါယောဓာတ်'သည်၎င်း ရှိ၏၊ ထိုဝါယောဓာတ်ကို တပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ပြသော ဤဆိုခဲ့ပြီးသောသဘောကို ဝါယောဓာတ်ဟု ဆိုအပ်၏။

## ၅-အာကာသဓာတ်

**အာကာသဓာတ် ၂-ပါး ၁၇၇။** ထိုဓာတ် ၆-ပါးတို့တွင် အဘယ်သည် ရေးခြစ်၍ မရအပ် မတွေ့ထိအပ်သော သဘော (ရုပ်တခုနှင့်တခု ပိုင်းခြားမှု ဟင်းလင်းသဘော) 'အာကာသဓာတ်'မည်သနည်း။

ဤအာကာသဓာတ်သည် နှစ်ပါးတို့တည်း၊ အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တ အာကာသဓာတ်'သည် ရှိ၏၊ အပသန္တာန်၌ ဖြစ်သော 'ဗာဟိရအာကာသဓာတ်'သည် ရှိ၏။

**(က) အဇ္ဈတ္တအာကာသဓာတ်။** ။ထိုအာကာသဓာတ် ၂-ပါးတို့တွင် အဘယ်သည် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တ အာကာသဓာတ်'မည်သနည်း။

အကြင် အာကာသဓာတ်သည် အတွင်းသန္တာန်၌ ဖြစ်၏ 'အဇ္ဈတ္တံ'၊ ကိုယ်ကိုစွဲ၍ဖြစ်၏'ပစ္စတ္တံ'၊ (အတွင်းသန္တာန်၌ဖြစ်သော ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်သော အာကာသဓာတ်သည်)ရေးခြစ်၍ မရအပ်, မထိအပ်သောသဘော (ကောင်းကင်)ဖြစ်၏ 'အာကာသ'၊ ရေးခြစ်၍မရအပ်, မတွေ့ထိအပ်သော (ကောင်းကင်)သဘောသို့ ရောက်၏(အာကာသ ဂတံ)၊ ထိခိုက်၍မရသော (တွေ့ထိ၍မရသော) သဘောရှိ၏ 'အဃံ'၊ ထိခိုက်၍မရသော သဘောအဖြစ်သို့ ရောက်၏ 'အဃဂတံ'၊ ဟင်းလင်းပေါက်ဖြစ်၏ 'ဝိဝရံ'၊ ဟင်းလင်းပေါက်အဖြစ်သို့ ရောက်၏ 'ဝိဝရဂတံ'၊ အသား အသွေးတို့နှင့် တွေ့ထိ၍မရသောသဘော (ဟင်းလင်းပြင်)ဖြစ်၏ 'အသမ္ဖုဋ္ဌံ မံသ လောဟိတေ'၊ အတွင်းသန္တာန်၌ ဖြစ်၏ 'အဇ္ဈတ္တံ'၊ ခန္ဓာကိုယ်ကိုစွဲ၍ ဖြစ်၏ 'ဥပါဒိန္နံ'။

ဤအဇ္ဈတ္တိကအာကာသဓာတ်ဟူသည် အဘယ်အရာတို့နည်း။

နားပေါက် 'ကဏ္ဏစ္ဆိဒ္ဒံ'၊ နှာခေါင်းပေါက် 'နာသစ္ဆိဒ္ဒံ'၊ ခံတွင်းပေါက် 'မုခဒွါရံ'၊ အကြင် ခံတွင်းပေါက်ဖြင့်လည်း စားအပ်သော အစာ, သောက်အပ်သောအစာ, ခဲအပ်သော အစာ, လျက်အပ်သောအစာကို မျို၏ (မျိုသွင်းသော လည်ပင်းပေါက်)၊ အကြင်အရပ်၌လည်း စားအပ်သောအစာ သောက်အပ်သောအစာ ခဲအပ်သောအစာ လျက်အပ်သော အစာသည် တည်၏ (ဝမ်းခေါင်းပေါက် အစာအိမ်)၊ အကြင် ဒွါရပေါက်ဖြင့်လည်း စားအပ်သောအစာ သောက်အပ်သောအစာ ခဲအပ်သောအစာ လျက်အပ်သောအစာသည် အောက်အဘို့သို့ ထွက်၏ (ကျင်ကြီးကျင်ငယ် ထွက်ရာအပေါက်များ)။

http://www.dhammadownload.com



(ဤဆိုခဲ့ပြီးသော အဇ္ဈတ္တိကအာကာသဓာတ်တို့မှ) တပါးလည်းဖြစ်သော အကြင် အဇ္ဈတ္တိက အာကာသဓာတ်သည် ရှိသေး၏၊ အတွင်းသန္တာန်၌ ဖြစ်၏ 'အဇ္ဈတ္တ'၊ ကိုယ်ကိုစွဲ၍ဖြစ်၏ 'ပစ္စတ္တ' ရေးခြစ်၍ မရအပ်သောသဘော (ကောင်းကင်ပြင်) ဖြစ်၏ 'အာကာသ'၊ ရေးခြစ်၍ မရအပ်သော သဘောသို့ရောက်၏ 'အာကာသဂတ'၊ ထိခိုက်၍မရသောသဘော (တွေ့ထိ၍မရသောသဘော) ဖြစ်၏ 'အဃ'၊ ထိခိုက်၍မရသောသဘောအဖြစ်သို့ ရောက်၏ 'အဃဂတ'၊ ဟင်းလင်းပေါက် ဖြစ်၏ 'ဝိဝရ'၊ ဟင်းလင်းပေါက်အဖြစ်သို့ ရောက်၏ 'ဝိဝရဂတ'၊ အသားအသွေးတို့နှင့် တွေ့ထိ၍မရသော သဘော (ဟင်းလင်းပြင်) ဖြစ်၏ 'မံသလောဟိတ အသမ္ဖုဋ္ဌ'၊ အတွင်းသန္တာန်၌ ဖြစ်၏ 'အဇ္ဈတ္တ'၊ ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်၏ 'ဥပါဒိန္န'။

ဤဆိုခဲ့ပြီးသောသဘောကို အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တ အာကာသဓာတ်' ဟုဆိုအပ်၏၊

**(ခ) ဗာဟိရ အာကာသဓာတ်။** ။ထိုအာကာသဓာတ် ၂-ပါးတို့တွင် အဘယ်သည် အပ သန္တာန်၌ဖြစ်သော 'ဗာဟိရအာကာသဓာတ်' မည်သနည်း။

အကြင် အာကာသဓာတ်သည် အပသန္တာန်၌ ဖြစ်၏ 'ဗာဟိရ'၊ ရေးခြစ်၍မရအပ်သော သဘော(ကောင်းကင်ပြင်)ဖြစ်၏ 'အာကာသ'၊ ရေးခြစ်၍ မရအပ်သော သဘောသို့ ရောက်၏ 'အာကာသဂတ'၊ ထိခိုက်၍ မရသော (တွေ့ထိ၍ မရသော) သဘောဖြစ်၏ 'အဃ'၊ ထိခိုက်၍ မရ သော သဘောအဖြစ်သို့ရောက်၏ 'အဃဂတ'၊ ဟင်းလင်းပေါက်ဖြစ်၏ 'ဝိဝရ'၊ ဟင်းလင်းပေါက် အဖြစ်သို့ ရောက်၏ 'ဝိဝရဂတ'၊ မဟာဘုတ်လေးပါးတို့နှင့် တွေ့ထိ၍ မရသော သဘောဖြစ်၏ 'စတုမဟာဘူတ အသမ္ဖုဋ္ဌ'၊ အပသန္တာန်၌ ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကို စွဲ၍မဖြစ် 'အနုပါဒိန္န'။

ဤဆိုခဲ့ပြီးသော သဘောကို အပသန္တာန်၌ဖြစ်သော 'ဗာဟိရ အာကာသဓာတ်' ဟု ဆိုအပ်၏။

အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တ အာကာသဓာတ်' သည်၎င်း, အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ အာကာသဓာတ်' သည်၎င်း ရှိ၏၊ ထိုအာကာသဓာတ်တို့ကို တပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ပြသော ဤဆိုအပ်ခဲ့ပြီးသော သဘောကို အာကာသဓာတ်ဟု ဆိုအပ်၏။

## ၆-ဝိညာဏဓာတ်

**ဝိညာဏဓာတ် ၆-ပါး** ၁၇၈။ ထိုဓာတ် ၆-ပါးတို့တွင် အဘယ်သည် သိမှုသဘော 'ဝိညာဏဓာတ်' မည်သနည်း။

မြင်သိစိတ်သဘာဝ 'စက္ခုဝိညာဏဓာတ်'၊ ကြားသိစိတ် သဘာဝ 'သောတဝိညာဏဓာတ်'၊ နံသိစိတ်သဘာဝ 'ဃာနဝိညာဏဓာတ်'၊ လျက်သိစိတ်သဘာဝ 'ဇိဝှါဝိညာဏဓာတ်'၊ ထိသိစိတ် သဘာဝ 'ကာယဝိညာဏဓာတ်'၊ ကြံသိစိတ်သဘာဝ 'မနောဝိညာဏဓာတ်'၊ (ဤသည်တို့တည်း)။

ဤဆိုခဲ့ပြီးသော သဘောကို သိမှုသဘော 'ဝိညာဏဓာတ်' ဟု ဆိုအပ်၏။

ဤသည်တို့ကား ဓာတ်ခြောက်ပါးတို့တည်း။

## တနည်း ဓာတ် ၆-ပါး

၁၇၉။ ထိုမှတပါးလည်း (တနည်းအားဖြင့်ဆိုသော်) ဓာတ်ခြောက်ပါးတို့ကား ချမ်းသာမှု သဘော 'သုခဓာတ်'၊ ဆင်းရဲမှုသဘော 'ဒုက္ခဓာတ်'၊ ဝမ်းမြောက်မှုသဘော 'သောမနဿဓာတ်'၊

http://www.dhammadownload.com



နှလုံးမသာမှုသဘော 'ဒေါမနဿဓာတ်'၊ လျစ်လျူရှုမှု (အလယ်အလတ်ခံစားမှု) သဘော 'ဥပေက္ခာဓာတ်'၊ အမှန်ကို မသိမှုသဘော 'အဝိဇ္ဇာဓာတ်'တို့တည်း။

(၁) သုခဓာတ် ၁၈၀။ ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် ချမ်းသာမှုသဘော'သုခဓာတ်'မည်သနည်း။

အကြင် ကိုယ်၌ဖြစ်သော သာယာမှု 'ကာယိက သာတ'၊ ကိုယ်၌ဖြစ်သော ချမ်းသာခံစားမှု 'ကာယိက သုခ'၊ ကိုယ်၌ တွေ့ထိမှုကြောင့်ဖြစ်သော သာယာမှု 'ကာယသမ္ဖဿဇ သာတ'၊ ကိုယ်၌တွေ့ထိမှုကြောင့်ဖြစ်သော ချမ်းသာခံစားမှု 'ကာယသမ္ဖဿဇ သုခဝေဒနာ'သည် ရှိ၏။ ကိုယ်၌ တွေ့ထိမှုကြောင့်ဖြစ်သော သာယာခြင်း 'ကာယသမ္ဖဿဇ သာတ'၊ ကိုယ်၌ တွေ့ထိမှုကြောင့်ဖြစ်သော ချမ်းသာသော ခံစားခြင်း 'ကာယသမ္ဖဿဇ သုခဝေဒနာ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို ချမ်းသာမှုသဘော 'သုခဓာတ်'ဟု ဆိုအပ်၏။ (ဏ၊ ပဒ-၄၄၅)

(၂) ဒုက္ခဓာတ်။ ။ထိုဓာတ် ၆-ပါးတို့တွင် အဘယ်သည် ဆင်းရဲမှုသဘော 'ဒုက္ခဓာတ်'မည်သနည်း။

အကြင် ကိုယ်၌ဖြစ်သော မသာယာမှု 'ကာယိက အသာတ'၊ ကိုယ်၌ဖြစ်သော ဆင်းရဲမှု 'ကာယိက ဒုက္ခ'၊ ကိုယ်၌ တွေ့ထိမှုကြောင့်ဖြစ်သော မသာယာမှု 'ကာယသမ္ဖဿဇ အသာတ'၊ ကိုယ်၌ တွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲခံစားမှု 'ကာယသမ္ဖဿဇ ဒုက္ခဝေဒနာ'သည် ရှိ၏။ ကိုယ်၌ တွေ့ထိမှုကြောင့်ဖြစ်သော မသာယာခြင်း 'ကာယသမ္ဖဿဇ အသာတ'၊ ကိုယ်၌ တွေ့ထိမှုကြောင့် ဖြစ်သော ဆင်းရဲခံစားခြင်း 'ကာယသမ္ဖဿဇ ဒုက္ခဝေဒနာ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို ဆင်းရဲမှုသဘော 'ဒုက္ခဓာတ်'ဟု ဆိုအပ်၏။ (ဏ၊ပဒ-၅၅၉)

(၃) သောမနဿဓာတ်။ ။ထိုဓာတ် ၆-ပါးတို့တွင် အဘယ်သည် ဝမ်းမြောက်မှု(စိတ်ချမ်းသာမှု၊စိတ်နှလုံးသာယာမှု)သဘော 'သောမနဿဓာတ်'မည်သနည်း။

အကြင် စိတ်၌ဖြစ်သော သာယာမှု'စေတသိက သာတ'၊ စိတ်၌ဖြစ်သော ချမ်းသာမှု'စေတသိက-သုခ'၊ စိတ်၌ တွေ့ထိမှုကြောင့်ဖြစ်သော သာယာမှု 'စေတောသမ္ဖဿဇ သာတ'၊ စိတ်၌တွေ့ထိမှုကြောင့်ဖြစ်သော ချမ်းသာခံစားမှု 'စေတောသမ္ဖဿဇ သုခဝေဒနာ'သည် ရှိ၏။ စိတ်၌တွေ့ထိမှုကြောင့်ဖြစ်သော သာယာခြင်း 'စေတောသမ္ဖဿဇ သာတ'၊ စိတ်၌ တွေ့ထိမှုကြောင့်ဖြစ်သော ချမ်းသာခံစားခြင်း'စေတောသမ္ဖဿဇ သုခဝေဒနာ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို ဝမ်းမြောက်မှု (စိတ်နှလုံးသာယာမှု) သဘော'သောမနဿဓာတ်'ဟု ဆိုအပ်၏။

(၄) ဒေါမနဿဓာတ်။ ။ထိုဓာတ် ၆-ပါးတို့တွင် အဘယ်သည် နှလုံးမသာယာမှု (စိတ်မချမ်းသာမှု) သဘော 'ဒေါမနဿဓာတ်'မည်သနည်း။

အကြင် စိတ်၌ဖြစ်သော(စိတ်၌ မှီ၍ဖြစ်သော) မသာယာမှု 'စေတသိက အသာတ'၊ စိတ်၌ဖြစ်သော ဆင်းရဲမှု'စေတသိကဒုက္ခ'၊ စိတ်၌ တွေ့ထိမှုကြောင့်ဖြစ်သော မသာယာမှု 'စေတော-သမ္ဖဿဇ အသာတ'၊ စိတ်၌ ဖြစ်သော တွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲခံစားမှု 'စေတော-

http://www.dhammadownload.com



သမ္ဖဿဇာ ဒုက္ခဝေဒနာ'သည် ရှိ၏။ စိတ်၌တွေ့ထိမှုကြောင့်ဖြစ်သော မသာယာမှု'စေတော- သမ္ဖဿဇာ အသာတ'၊ စိတ်၌ တွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲခံစားခြင်း 'စေတောသမ္ဖဿဇာ ဒုက္ခဝေဒနာ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို စိတ်နှလုံး မသာယာမှု သဘော 'ဒေါမနဿဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ-၄၁၅၊၄၁၇)

(၅) ဥပေက္ခာဓာတ်။ ။ထိုဓာတ် ၆-ပါးတို့တွင် အဘယ်သည် လျစ်လျူရှုမှု (အလယ်အလတ် ခံစားမှု)သဘော 'ဥပေက္ခာဓာတ်'မည်သနည်း။

အကြင် စိတ်၌ဖြစ်သော သာယာခြင်းလည်း မဟုတ် မသာယာခြင်းလည်း မဟုတ်သော ခံစားမှု 'စေတသိက နေဝသာတ နာသာတ'၊ စိတ်၌ တွေ့ထိမှုကြောင့်ဖြစ်သော (စိတ်နှင့်ယှဉ်သော အတွေ့ ကြောင့်ဖြစ်သော)ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားမှု 'အဒုက္ခမသုခ ဝေဒနာ'၊ စိတ်၌ တွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားမှု'အဒုက္ခမသုခ ဝေဒနာ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကိုလျစ်လျူရှုမှုသဘော'ဥပေက္ခာဓာတ်'ဟု ဆိုအပ်၏။(ဏီ၊ပဒ-၄၃၃)

(၆) အဝိဇ္ဇာဓာတ်။ ။ထိုဓာတ် ၆-ပါးတို့တွင် အဘယ်သည် (အမှန်ကို) မသိမှုသဘော 'အဝိဇ္ဇာဓာတ်'မည်သနည်း။

အကြင် မသိခြင်းသဘော'အညာဏ'၊ (အမှန်တရားကို)မမြင်ခြင်းသဘော'အဒဿန'၊ (ရှေ့ရှု တွေ့မြင်ရောက်ရှိနေသည့် အမှန်တရားကိုပင်) ထိုးထွင်း၍မသိတတ်သောသဘော 'အနဘိသမယ'၊ (အမှန်တရားအား)လျော်စွာမသိတတ်သောသဘော'အနနုဗောဓ'၊ (အနိစ္စစသည်ဖြင့်)မသိတတ် သောသဘော(မှားယွင်းစွာသိတတ်သောသဘော)'အသမ္ဗောဓ'၊ (သစ္စာလေးပါးအမှန်တရားကို) ထိုးထွင်း၍မသိခြင်းသဘော'အပ္ပဋိဝေဓ'၊(အနိစ္စစသည်ဖြင့်)မယူတတ်သောသဘော'အသံဂါဟန'၊ (အမှန်တရားကို) သက်ဝင်၍ မယူတတ်သောသဘော (အနိစ္စစသည်ဖြင့် သက်ဝင်၍မထင်မြင်နိုင် သောသဘော) 'အပရိယောဂါဟန'၊ ညီညီညွတ်ညွတ်မရှုတတ်သော (အနိစ္စစသည်ကို နိစ္စစသည် ဟု မညီမညွတ်ရှုတတ်သော)သဘော 'အသမပေက္ခန'၊ (အမှန်သဘောကို သုံးသပ်၍မရှုတတ်) မဆင်ခြင်တတ်သောသဘော 'အပစ္စဝေက္ခဏ'[၁]၊ (အမှန်တရားကို) မျက်မှောက်မပြုတတ်သော သဘော(အကောင်းအဆိုးကို မဝေခွဲတတ်သောသဘော)'အပစ္စက္ခကမ္မ'၊ (စိတ်၏)ဖြူစင်သန့်ရှင်းမှု ကို ဖျက်ဆီးကြောင်းသဘော 'ဒုမ္မေဇ္ဈ'၊ လူမိုက်ဖြစ်ကြောင်းသဘော 'ဗာလျ'၊ ကောင်းစွာ အပြားအားဖြင့် (ခွဲခွဲခြားခြား)မသိတတ်သော သဘော'အသမ္ပဇည'၊(အမှန်တရား၌)တွေဝေခြင်း သဘော'မောဟ'၊ ပြင်းစွာတွေဝေခြင်းသဘော 'ပမောဟ'၊ ထက်ဝန်းကျင် (တရားအားလုံး၌) တွေဝေခြင်းသဘော'သမ္မောဟ'၊ သိအပ်သည်ကို မသိခြင်း(သစ္စာလေးပါးကို မသိခြင်း) သဘော 'အဝိဇ္ဇာ'၊ (ဝဋ်ဆင်းရဲ၌)နစ်မြုပ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇောဃ'[၂]၊ (ဝဋ်ဆင်းရဲ၌) တွယ်ကပ်ပူးယှဉ်စေတတ်သော မသိမှုသဘော'အဝိဇ္ဇာယောဂ'၊ အစဉ်ကိန်းဝပ်တတ်သော မသိမှု

---

၁။ ပစ္စဝေက္ခဏ=(ပတိ+အဝ+ဣက္ခဏ)(ပတိ=တပန်,စဲ့၍,ရှေ့ရှု။အဝ=သက်ဝင်၍။ ဣက္ခဏ=ရှုခြင်း)။

၂။ ဩဃ=(ဩ=ဖိ၍။ ဃ=သတ်ခြင်း)နစ်မြုပ်စေသည်။

http://www.dhammadownload.com



သဘော'အဝိဇ္ဇာနုသယ'၊ မသိမှု'အဝိဇ္ဇာ'တို့ ထကြွသောင်းကျန်းနှိပ်စက်ခြင်းသဘော 'အဝိဇ္ဇာပရိယုဋ္ဌာန'၊ (စီးပွါးချမ်းသာသို့မရောက်နိုင်အောင် ပိတ်ပင်တတ်သဖြင့်) တံခါးကျည်(မင်းတုတ်) နှင့် တူသော မသိမှုသဘော'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော တွေဝေမှု 'မောဟ အကုသလမူလ'သည် (ရှိ၏)။

ဤဆိုခဲ့ပြီးသော သဘောကို (အမှန်ကို)မသိမှုသဘော 'အဝိဇ္ဇာဓာတ်'ဟု ဆိုအပ်၏။

ဤသည်တို့ကား ဓာတ်ခြောက်ပါးတို့တည်း။

---

## တနည်း ဓာတ် ၆-ပါး

၁၀၁။ ထိုမှတပါးလည်း (တနည်းအားဖြင့်ဆိုသော်)ဓာတ်ခြောက်ပါးတို့ကား (၁)ကာမဂုဏ်ငါးပါးတို့၌ လိုချင်တပ်မက်မှုသဘော 'ကာမဓာတ်'၊ (၂)ပျက်စီးစေလိုမှုသဘော 'ဗျာပါဒဓာတ်'၊ (၃)နှိပ်စက်ညှဉ်းဆဲလိုမှုသဘော 'ဝိဟိံသ ဓာတ်'၊ (၄)ကာမဂုဏ်ငါးပါးတို့မှ ထွက်မြောက်လိုမှုသဘော 'နေက္ခမ္မဓာတ်'၊(၅)မပျက်စီးစေလိုမှုသဘော 'အဗျာပါဒဓာတ်'(မေတ္တာ)၊(၆)မနှိပ်စက်မညှဉ်းဆဲလိုမှုသဘော'အဝိဟိံသဓာတ်'(ကရုဏာ)တို့တည်း [၁]။

(၁) ကာမဓာတ် ၁၀၂။ ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် ကာမဂုဏ်ငါးပါးတို့၌ လိုချင်မှုသဘော'ကာမဓာတ်'မည်သနည်း။

ကာမဂုဏ်ငါးပါးတို့နှင့်စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'၊ ပြင်းစွာကြံစည်မှု 'သင်္ကပ္ပ'၊ အာရုံသို့ မြဲမြံစွာ ရောက်စေမှု 'အပ္ပနာ'၊ အာရုံသို့ မြဲမြံစွာ အထူးရောက်စေမှု'ဗျပ္ပနာ'၊ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးမှု 'စေတသော အဘိနိရောပနာ'၊ မှားယွင်းစွာကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏၊ ဤဆိုခဲ့ပြီးသော သဘောကို ကာမဂုဏ် ငါးပါးတို့၌ လိုချင်မှုသဘော 'ကာမဓာတ်'(ကာမဝိတက်)ဟု ဆိုအပ်၏။

အောက်အဘို့အားဖြင့် အဝီစိငရဲကို ပိုင်းခြားအဆုံးပြုထား၍ (အဝီစိငရဲကို အောက်ဆုံးထား၍) အထက်အဘို့အားဖြင့် ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ကို အတွင်းပြု၍ (ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ကို အထက်ဆုံးထား၍) ဤ (အောက်ဆုံး အထက်ဆုံး ဘုံ ၂-ခုနှင့်တကွ ယင်း ဘုံ ၂-ခု) အတွင်း ဘုံတို့၌ ကျင်လည်သက်ဝင်၍ ဖြစ်တတ်သော, ဤ ဘုံတို့၌ အကျုံးဝင်သော အကြင် ခန္ဓာ, အာယတန, ဓာတ်သည် ရှိ၏၊ ရုပ်၊ ခံစားမှု'ဝေဒနာ၊ မှတ်သားမှု 'သညာ'၊ပြုပြင်မှု 'သင်္ခါရ'၊ အထူးသိမှု (စိတ်) 'ဝိညာဏ်'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော တရားတို့ကို ကာမဓာတ်ဟု ဆိုအပ်၏ (ကာမ ၁၁-ဘုံ၌ ကျင်လည်သက်ဝင်သော ခန္ဓာ ၅-ပါး,အာယတန, ဓာတ် အားလုံးသည် ကာမဓာတ်ဖြစ်သည်)။ (ဏီ၊ ပဒ-၁၂၈၇)

---

၁။ အကုသလဝိတက် ၃-ပါး (မိစ္ဆာသင်္ကပ္ပ)နှင့် ကုသလဝိတက် ၃-ပါး (သမ္မာသင်္ကပ္ပ)ပင် ဖြစ်သည်။
အကုသလဝိတက် ၃-ပါး=(၁) ကာမဓာတ်=ကာမဝိတက်၊ (၂) ဗျာပါဒဓာတ်=ဗျာပါဒဝိတက်၊
(၃) ဝိဟိံသဓာတ်=ဝိဟိံသဝိတက်။
ကုသလဝိတက် ၃-ပါး=(၄)နေက္ခမ္မဓာတ်=နေက္ခမ္မဝိတက်၊ (၅) အဗျာပါဒဓာတ်=အဗျာပါဒဝိတက်၊ (၆) အဝိဟိံသဓာတ်=အဝိဟိံသဝိတက်။

http://www.dhammadownload.com



(၂) ဗျာပါဒဓာတ်။ ။ထို ဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် ပျက်စီးစေလိုမှုသဘော 'ဗျာပါဒဓာတ်' မည်သနည်း။

ပျက်စီးစေလိုမှုနှင့် စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'။ပ။ မှားယွင်းစွာ ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏၊ ဤဆိုခဲ့ပြီးသော သဘောကို ပျက်စီးစေလိုမှုသဘော 'ဗျာပါဒဓာတ်' (ဗျာပါဒဝိတက်)ဟု ဆိုအပ်၏။

တနည်းကား (တနည်းအားဖြင့်ဆိုသော်) ရန်ငြိုးဖွဲ့ခြင်းအကြောင်း (ဒေါသဖြစ်ကြောင်း)[၁] ဆယ်ပါးတို့ကြောင့် စိတ်၏ ရန်ငြိုးဖွဲ့မှု (အမျက်ထွက်မှု၊ စိတ်ကို ပျက်စီးစေမှု၊ ညှဉ်းဆဲမှု) 'အာဃာတ'၊ လွန်စွာရန်ငြိုးဖွဲ့မှု 'ပဋိဃာတ'၊ (အာရုံ၌) ထိပါးမှု (မုန်းထားမှု) 'ပဋိဃ'၊ လွန်စွာ ဆန့်ကျင်မှု 'ပဋိဝိရောဓ'၊ စိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း) 'ကောပ'၊ လွန်စွာ စိတ်ဆိုးခြင်း (လွန်စွာ အမျက်ထွက်ခြင်း) 'ပကောပ၊ အလွန်ပြင်းစွာ စိတ်ဆိုးခြင်း (အလွန်ပြင်းစွာ အမျက်ထွက်ခြင်း) 'သမ္ပကောပ'၊ ဖျက်ဆီးပြစ်မှားခြင်း 'ဒေါသ'၊ လွန်စွာ ဖျက်ဆီးပြစ်မှားခြင်း 'ပဒေါသ'၊ အလွန်ပြင်းစွာ ဖျက်ဆီးပြစ်မှားခြင်း 'သမ္ပဒေါသ'၊ စိတ်၏ ဖောက်ပြန်ခြင်း 'စိတ္တဿ ဗျာပတ္တိ'[၂]၊ စိတ်၏ ပျက်စီးခြင်းသဘော 'မနောပဒေါသ'၊ အမျက်ထွက်ခြင်း 'ကောဓ'၊ အမျက်ထွက်ပုံ အခြင်းအရာ 'ကုဇ္ဈနာ'၊ အမျက်ထွက်တတ်သူ၏အဖြစ် 'ကုဇ္ဈိတတ္တ'၊ ဖျက်ဆီးပြစ်မှားခြင်းသဘော 'ဒေါသ'၊ ဖျက်ဆီးပြစ်မှားပုံ အခြင်းအရာ 'ဒုဿနာ'၊ ဖျက်ဆီးပြစ်မှားတတ်သူ၏ အဖြစ် 'ဒုဿိတတ္တ'၊ ဖောက်ပြန်ပျက်စီးခြင်းသဘော 'ဗျာပတ္တိ'[၂]၊ ဖောက်ပြန်ပျက်စီးပုံ အခြင်းအရာ 'ဗျာပဇ္ဇနာ'၊ ဖောက်ပြန်ပျက်စီးတတ်သူ၏အဖြစ် 'ဗျာပဇ္ဇိတတ္တ'[၃]၊ ဆန့်ကျင်မှု 'ဝိရောဓ'၊ လွန်စွာ ဆန့်ကျင်မှု 'ပဋိဝိရောဓ'၊ ကြမ်းတမ်းသူ၏အဖြစ်(ကြမ်းတမ်းမှု) 'စဏ္ဍိက္က'၊ ကောင်းမွန်ပြည့်စုံစွာ မပြောဆိုနိုင်ခြင်း (မကောင်းသဖြင့် ပြောဆိုခြင်း) 'အသုရောပ'၊ စိတ်၏ မိမိ ပကတိစိတ် မဟုတ်သည်၏အဖြစ် (စိတ်တိုင်းမကျသည်၏အဖြစ်၊ ဝမ်းမြောက်ခြင်း မရှိသည်၏အဖြစ်) 'အနတ္တမနတာ စိတ္တဿ'သည် (ရှိ၏)။

---

**ရန်ငြိုးဖွဲ့ကြောင်း=ဒေါသဖြစ်ကြောင်း ၁၀-ပါး**

၁။ (၁) ငါ့ကို အကျိုးမဲ့ ဖြစ်အောင် မကြီးပွားအောင် သူပြုကျင့်ခဲ့ပြီ ဟု ရန်ငြိုးဖွဲ့ခြင်း၊ ဒေါသဖြစ်ခြင်း၊ (၂) ငါ့ကို အကျိုးမဲ့ဖြစ်အောင် မကြီးပွားအောင် သူပြုကျင့်နေဆဲ-ဟု ရန်ငြိုးဖွဲ့ခြင်း၊ ဒေါသဖြစ်ခြင်း၊ (၃) ငါ့ကို အကျိုးမဲ့ဖြစ်အောင် မကြီးပွားအောင် သူပြုကျင့်လတ္တံ့-ဟု ရန်ငြိုးဖွဲ့ခြင်း၊ ဒေါသဖြစ်ခြင်း၊ (၄) ငါချစ်ခင်သော သူကို အကျိုးမဲ့ဖြစ်အောင် မကြီးပွားအောင် သူပြုကျင့်ခဲ့ပြီ-ဟု ရန်ငြိုးဖွဲ့ခြင်း၊ ဒေါသဖြစ်ခြင်း၊ (၅) ငါချစ်ခင်သောသူကို အကျိုးမဲ့ဖြစ်အောင် မကြီးပွားအောင် သူပြုကျင့်နေဆဲ-ဟု ရန်ငြိုးဖွဲ့ခြင်း၊ ဒေါသဖြစ်ခြင်း၊ (၆) ငါချစ်ခင်သောသူကို အကျိုးမဲ့ဖြစ်အောင် မကြီးပွားအောင် သူပြုကျင့်လတ္တံ့-ဟု ရန်ငြိုးဖွဲ့ခြင်း၊ ဒေါသဖြစ်ခြင်း၊ (၇) ငါမုန်းသောသူကို အကျိုးရှိအောင် ကြီးပွားအောင် သူပြုကျင့်ခဲ့ပြီ-ဟု ရန်ငြိုးဖွဲ့ခြင်း၊ ဒေါသဖြစ်ခြင်း၊ (၈) ငါမုန်းသောသူကို အကျိုးရှိအောင် ကြီးပွားအောင် သူပြုကျင့်နေဆဲ-ဟု ရန်ငြိုးဖွဲ့ခြင်း၊ ဒေါသဖြစ်ခြင်း၊ (၉) ငါမုန်းသောသူကို အကျိုးရှိအောင် ကြီးပွားအောင် သူပြုကျင့်လတ္တံ့-ဟု ရန်ငြိုးဖွဲ့ခြင်း၊ ဒေါသဖြစ်ခြင်း၊ (၁၀) မိုးအလွန်ရွာလျှင် မိုးကလဲရွာလိုက်တာ စသည်ဖြင့် အကြောင်းအရာ မဟုတ်သည်၌ စိတ်ဆိုးအမျက်ထွက်ခြင်း၊ အဘိ-၁၊ နှာ-၂၁၆။ အဘိ-၂၊ နှာ-၄၀၅။ အဘိ၊ ဋ္ဌ၁၊ နှာ-၃၉၉။ အာဃာတဝတ္ထုဆယ်ပါး (ဏီ၊ပဒ-၁၂၃၇၊ နှာ-၂၄၄)

၂။ ဗျာပတ္တိ=(ဝိ=ဖောက်ပြန်ခြင်း။ အာပတ္တိ=ရောက်ခြင်း) ဖောက်ပြန်ခြင်းသို့ရောက်ခြင်း။

၃။ "ဗျာပဇ္ဇိတတ္တ"ပုဒ်မှာ ဤကျမ်း၌ ကျကျန်နေခဲ့သည်၊ ဓမ္မသင်္ဂဏီ နှာ-၂၁၆ ၌ ပါရှိသဖြင့် ထည့်သွင်း ပြန်ဆိုလိုက်သည်။

http://www.dhammadownload.com



ဤဆိုခဲ့ပြီးသော သဘောကို ပျက်စီးစေလိုမှုသဘော 'ဗျာပါဒဓာတ်'ဟု ဆိုအပ်၏ (ဒေါသ)။ (ဏီ၊ပဒ-၁၂၃၇)

(၃) ဝိဟိံသဓာတ်။ ။ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် နှိပ်စက် ညှဉ်းဆဲမှု သဘော 'ဝိဟိံသဓာတ်'မည်သနည်း။

ညှဉ်းဆဲခြင်းနှင့်စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'။ ပ ။ မှားယွင်းစွာ ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို နှိပ်စက်ညှဉ်းဆဲမှုသဘော 'ဝိဟိံသဓာတ်' (ဝိဟိံသဝိတက်)ဟု ဆိုအပ်၏။

ဤလောက၌ အချို့သူသည် လက်ဖြင့်ရင်း ခဲဖြင့်ရင်း တုတ်ဖြင့်ရင်း (ဒါးလှံစသော)လက်နက် ဖြင့်ရင်း ကြိုးဖြင့်ရင်း တခုခုဖြင့် သတ္တဝါတို့ကို ညှဉ်းဆဲ၏၊ ဤသို့ သဘောရှိသော အကြင် နှိပ်စက်မှု 'ဟေဌနာ'၊ လွန်စွာ နှိပ်စက်မှု 'ဝိဟေဌနာ'၊ ညှဉ်းဆဲမှု 'ဟိံသနာ'၊ အထူးညှဉ်းဆဲမှု 'ဝိဟိံသနာ'၊ ချုတ်ချယ်မှု 'ရောသနာ'၊ လွန်စွာ ချုတ်ချယ်မှု 'ဝိရောသနာ'၊ သူတပါးတို့ကို ညှဉ်းဆဲ သတ်ဖြတ်မှု 'ပရူပဃာတ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို နှိပ်စက်ညှဉ်းဆဲမှု သဘော 'ဝိဟိံသဓာတ်' (ဝိဟိံသဝိတက်)ဟု ဆိုအပ်၏။

( ၄ ) နေက္ခမ္မဓာတ်။ ။ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် ကာမဂုဏ် ငါးပါးတို့မှ ထွက်မြောက်လိုမှု သဘော 'နေက္ခမ္မဓာတ်'မည်သနည်း။

ကာမဂုဏ်ငါးပါးတို့မှ ထွက်မြောက်လိုမှုနှင့်စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က' ။ပ။ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို ကာမဂုဏ်ငါးပါးတို့မှ ထွက်မြောက်လိုမှုသဘော 'နေက္ခမ္မဓာတ်' (နေက္ခမ္မဝိတက်)ဟု ဆိုအပ်၏။

(တနည်းကား—တနည်းဆိုသော်)အပြစ်မရှိမှု၍ ကောင်းကျိုးကို ပေးတတ်သော 'ကုသလ-ဓမ္မ' ကုသိုလ်တရား အလုံးစုံတို့သည်လည်း ကာမဂုဏ်ငါးပါးတို့မှ ထွက်မြောက်လိုမှုသဘော 'နေက္ခမ္မဓာတ်'မည်၏။

(၅) အဗျာပါဒဓာတ်။ ။ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် မပျက်စီးစေလိုမှုသဘော 'အဗျာပါဒဓာတ်'မည်သနည်း။

မပျက်စီးစေလိုမှုနှင့်စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'။ပ။ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မပျက်စီးစေလိုမှုသဘော 'အဗျာပါဒဓာတ်'(အဗျာပါဒဝိတက်)ဟု ဆိုအပ်၏။

(တနည်းကား—တနည်းဆိုသော်)သတ္တဝါတို့၌ အကြင် ချစ်ခင်မှု 'မေတ္တိ'၊ ချစ်ခင်ပုံ အခြင်း အရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သူ၏အဖြစ် 'မေတ္တာယိတတ္တ'၊ စိတ်ကို ဒေါသ=ဗျာပါဒမှ လွတ်မြောက်စေသော မေတ္တာ 'မေတ္တာ စေတောဝိမုတ္တိ' သည် ရှိ၏။

http://www.dhammadownload.com



ဤဆိုခဲ့ပြီးသော သဘောကို မပျက်စီးစေလိုမှုသဘော 'အဗျာပါဒဓာတ်' (မေတ္တာ) ဟု ဆိုအပ်၏[၁]။

(၆) **အဝိဟိံသဓာတ်။** ။ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် မနှိပ်စက် မညှဉ်းဆဲမှု သဘော 'အဝိဟိံသဓာတ်'မည်သနည်း။

မနှိပ်စက် မညှဉ်းဆဲခြင်းနှင့်စပ်သော ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က' ပြင်းစွာ ကြံစည်မှု 'သင်္ကပ္ပ'၊ အာရုံသို့ မြဲမြံစွာ ရောက်စေမှု 'အပ္ပနာ'၊ အာရုံသို့ အထူးမြဲမြံစွာ ရောက်စေမှု 'ဗျပ္ပနာ'၊ စိတ်ကို အာရုံသို့ ရှေးရှုတင်မှု 'စေတသော အဘိနိရောပနာ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မနှိပ်စက် မညှဉ်းပန်းမှုသဘော 'အဝိဟိံသဓာတ်'(အဝိဟိံသဝိတက်)ဟု ဆိုအပ်၏။

(တနည်းကား – တနည်းဆိုသော်) သတ္တဝါတို့၌ အကြင် သနားကြင်နာမှု 'ကရုဏာ'၊ သနားကြင်နာပုံ အခြင်းအရာ 'ကရုဏာယနာ'၊ သနားကြင်နာတတ်သူ၏ အဖြစ် 'ကရုဏာယိတတ္တ'၊ နှိပ်စက်ညှဉ်းဆဲလိုမှုသဘောမှ စိတ်ကို လွတ်မြောက်စေသော ကရုဏာ 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မနှိပ်စက် မညှဉ်းဆဲလိုမှု သဘော 'အဝိဟိံသဓာတ်' (ကရုဏာ) ဟု ဆိုအပ်၏[၂]။

ဤဆိုခဲ့ပြီးသော တရားတို့ကား ဓာတ်ခြောက်ပါးတို့တည်း။

ဤသို့ ဤဆက္ကသုံးပါး(၆-ပါးစီပါသော နည်း ၃-မျိုး)တို့သည် ဖြစ်ကုန်၏၊ ထိုဆက္ကသုံးပါးတို့ကို တပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ဓာတ်တဆယ့်ရှစ်ပါးတို့ ဖြစ်ကုန်၏။

သုတ္တန်နည်းဖြင့် ခွဲခြားဝေဖန် ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်း ပြီး၏။

---

## ၂-အဘိဓမ္မဘာဇနီယ

### (အဘိဓမ္မာနည်းဖြင့် ဝေဖန် ဟောကြားအပ်သော'အဘိဓမ္မဘာဇနီယ'နည်း)

**ဓာတ် ၁၈-ပါး ၁၈၃။** ဓာတ်တဆယ့်ရှစ်ပါးတို့ကား—

(၁) မြင်မှုသဘော 'စက္ခုဓာတ်' (မြင်တတ်သော သဘောရှိသော မျက်စိအကြည် 'စက္ခုပသာဒရုပ်')။

---

၁။ မေတ္တိ, မေတ္တာယနာ, မေတ္တာယိတတ္တ=မေတ္တာ (သောဘဏစိတ် ၅၉-ပါးလုံးနှင့် ယှဉ်သော မေတ္တာကို ယူရမည်)။

မေတ္တာ စေတော ဝိမုတ္တိ=အပ္ပနာသို့ရောက်သော မေတ္တာ (ဈာန်, မဂ်, ဖိုလ်တို့နှင့် ယှဉ်သော မေတ္တာ)။ (အဘိ၊ ဋ၊ ၂၊ နှာ-၇၀)

၂။ ကရုဏာ, ကရုဏာယနာ, ကရုဏာယိတတ္တ=ကရုဏာ (မဟာကုသိုလ်, မဟာကြိယာ, လောကီဈာန် စိတ်တို့၌ရှိသော ကရုဏာကို ယူရမည်)။

ကရုဏာ စေတော ဝိမုတ္တိ=အပ္ပနာသို့ရောက်သောကရုဏာ (ဈာန်စိတ်နှင့်ယှဉ်သောကရုဏာ)။

http://www.dhammadownload.com



(၂) အဆင်းသဘော 'ရူပဓာတ်' (မြင်အပ်သော သဘောရှိသော အဆင်း 'ရူပါရုံ')။

(၃) မြင်သိစိတ်သဘော 'စက္ခုဝိညာဏဓာတ်' (မြင်သိစိတ်'စက္ခုဝိညာဉ်')။

(၄) ကြားမှုသဘော 'သောတဓာတ်' (ကြားတတ်သော သဘောရှိသော နားအကြည် 'သောတပသာဒရုပ်')။

(၅) အသံသဘော 'သဒ္ဒဓာတ်' (ကြားအပ်သော သဘောရှိသော အသံ 'သဒ္ဒါရုံ')။

(၆) ကြားသိစိတ်သဘော 'သဒ္ဒဝိညာဏဓာတ်' (ကြားသိစိတ် 'သောတဝိညာဉ်')။

(၇) နံမှုသဘော 'ဃာနဓာတ်' (နံတတ်သောသဘာဝရှိသော နှာခေါင်းအကြည် 'ဃာနပသာဒရုပ်')။

(၈) အနံ့သဘော 'ဂန္ဓဓာတ်' (နံအပ်သောသဘောရှိသော အနံ့'ဂန္ဓာရုံ')။

(၉) နံသိစိတ်သဘော 'ဃာနဝိညာဏဓာတ်' (နံသိစိတ် 'ဃာနဝိညာဉ်')။

(၁၀) လျက်မှုသဘော 'ဇိဝှါဓာတ်' (လျက်တတ်သော သဘောရှိသော လျှာအကြည် 'ဇိဝှါပသာဒရုပ်')။

(၁၁) အရသာသဘော'ရသဓာတ်'(လျက်အပ်သော သဘောရှိသော အရသာ'ရသာရုံ')။

(၁၂) လျက်သိစိတ်သဘော 'ဇိဝှါဝိညာဏဓာတ်' (လျက်သိစိတ် 'ဇိဝှါဝိညာဉ်')။

(၁၃) (ဖောဋ္ဌဗ္ဗာရုံကို) တွေ့ထိမှုသဘော 'ကာယဓာတ်' (ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိတတ်သောသဘောရှိသော ကိုယ်အကြည် 'ကာယပသာဒရုပ်')။

(၁၄) အတွေ့သဘော 'ဖောဋ္ဌဗ္ဗဓာတ်' (ကာယပသာဒဖြင့် တွေ့ထိအပ်သော သဘောရှိသော 'ဖောဋ္ဌဗ္ဗာရုံ')။

(၁၅) ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်' (ထိသိစိတ် 'ကာယဝိညာဉ်')။

(၁၆) (အာရုံကို) သိကာမျှသဘော 'မနောဓာတ်' (ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းနှစ်ခု)။

(၁၇) (ဓာတ် ၁၇-ပါးတို့မှ ကြွင်းသော) သိမ်မွေ့သောတရားသဘော 'ဓမ္မဓာတ်' (စေတသိက်၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်)။

(၁၈) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (စိတ် ၇၆-ပါး) တို့တည်း။

(၁) စက္ခုဓာတ် ၁၈၄။ ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် မြင်မှုသဘော 'စက္ခုဓာတ်' မည်သနည်း။

အကြင် မြင်သိစိတ် 'စက္ခုဝိညာဉ်'ဖြစ်ရာ မျက်စိအကြည် 'စက္ခုပသာဒ'ရုပ် ဟု ဆိုအပ်သော စက္ခုဓာတ်သည် မဟာဘုတ်လေးပါးတို့ကိုစွဲမှီ၍ ကြည်လင်၏ (စက္ခုပသာဒ)။ပ။ ဤစက္ခုဓာတ်သည် (စက္ခုဒွါရ၌ဖြစ်သော ကုသိုလ် အကုသိုလ် စသည့်စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'[၁] လည်း မည်၏။ ဤဆိုခဲ့ပြီးသောသဘောကို မြင်မှုသဘော (မြင်တတ်သောသဘော) 'စက္ခုဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ-၅၉၆)

---

၁။ သုညဂါမ-အာယတနဝိဘင်းမြန်မာပြန် နှာ-၂၅၀-ကြည့်။ ဝိဘင်း-စာပိုဒ်-၁၅၇။

http://www.dhammadownload.com



(၂) ရူပဓာတ်။ ။ထို ဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် မြင်အပ်သောသဘော 'ရူပဓာတ်' (အဆင်း'ရူပါရုံ')မည်သနည်း။

အကြင် မြင်အပ်သောသဘော (အဆင်း'ရူပါရုံ') သည် ကြီးကျယ်ထင်ရှားသော မဟာဘုတ် လေးပါးတို့ကို စွဲမှီ၍ အဆင်းအရောင်သည် ဖြစ်၏။ပ။ ဤမြင်အပ်သောသဘော (အဆင်း'ရူပါရုံ') သည် ရူပဓာတ် မည်၏။ ဤဆိုခဲ့ပြီးသောသဘောကို မြင်အပ်သောသဘော (အဆင်း'ရူပါရုံ') 'ရူပဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ-၆၁၆)

(၃) စက္ခုဝိညာဏဓာတ်။ ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် မြင်သိစိတ်သဘော'စက္ခု-ဝိညာဏဓာတ်'မည်သနည်း။

ငြင်တတ်သောသဘောရှိသော မျက်စိအကြည်'စက္ခုပသာဒ'နှင့် မြင်အပ်သော အဆင်း'ရူပါရုံ' တို့ကို စွဲ၍ ဆန်းကြယ်စွာကြံသိမှုသဘော'စိတ္တ'၊ သိတတ်ခြင်းသဘော'မန'၊ သိမှုသဘော'မာနသ'၊ ဆောင်တတ်သောသဘော'ဟဒယ' [၁]၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော'ပဏ္ဍရ'၊ သိတတ်ခြင်း သဘော'မန'၊ သိမှုတည်ရာဌာန'မနာယတန' [၂]၊ အစိုးတရသိမှု'မနိန္ဒြေ'၊ အထူးသိမှုသဘော 'ဝိညာဏ'၊ အထူးသိမှုစိတ်အစု'ဝိညာဏက္ခန္ဓာ'၊ ထိုစက္ခုပသာဒနှင့် ရူပါရုံတို့အား လျော်ကပတ် သော မြင်သိစိတ်သဘော'စက္ခုဝိညာဏဓာတ်'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောသဘောကို မြင်သိ စိတ်သဘော 'စက္ခုဝိညာဏဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ-၆၊ ၆၅)

(၄) သောတဓာတ်။ ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် ကြားမှုသဘော (ကြားတတ် သောသဘော) 'သောတဓာတ်' မည်သနည်း။

အကြင် ကြားသိစိတ် 'သောတဝိညာဉ်' ဖြစ်ရာ နားအကြည် 'သောတပသာဒ' ရုပ်ဟူသော သောတဓာတ်သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏'ပသာဒ'။ပ။ ဤသောတ ဓာတ်သည် (သောတဒွါရ၌ဖြစ်သော ကုသိုလ် အကုသိုလ်စသည့် စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြား ပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤဆိုခဲ့ပြီးသော သဘောကို ကြားမှုသဘော (ကြားတတ်သော သဘော) 'သောတဓာတ်'ဟု ဆိုအပ်၏။

(၅) သဒ္ဒဓာတ်။ ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် ကြားအပ်သောသဘော (အသံ 'သဒ္ဒါရုံ') သဒ္ဒဓာတ် မည်သနည်း။

အကြင် ကြားအပ်သောသဘော (အသံ'သဒ္ဒါရုံ')သည် ကြီးကျယ် ထင်ရှားသော မဟာဘုတ် လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သော သဘော မရှိ 'အနိဒဿန'၊ ထိပါးတတ်သော သဘော ရှိ၏

---

၁။ ဟဒယ=ဝတ္ထုရုပ်ကိုဆောင်တတ်သောသဘော၊ စိတ်၏တည်ရာဖြစ်သော ဝတ္ထုရုပ်ကို ဆောင်တတ်သော ကြောင့် စိတ်ကို "ဟဒယ" ဟု ခေါ်ဆိုထားသည်· (ဓာန်၊ဋီ၊ဂါထာ-၁၅၂-၄။) တနည်း—ကိုယ်တွင်း၌ တည်တတ်သောသဘော၊ ကိုယ်တွင်း၌တည်နေမှုကြောင့် စိတ်ကို "ဟဒယ"ဟု ခေါ်တွင်ပြန်သည်၊ ဌာန ဖြစ်သော ဝတ္ထုရုပ်၏ ဟဒယဟူသောအမည်ကို ဌာနီဖြစ်သောစိတ်၌ တင်စား၍ ဌာနူပစာရအားဖြင့် လည်း စိတ်ကို "ဟဒယ"ဟု ခေါ်တွင်ထားသည်။ (အဘိ·ဋ္ဌ၊ ၁၊ နှာ ၁၈၄။)

၂။ မနာယတန=သိမှု(စိတ်)သည်ပင် ဖဿစသည်တို့၏ ဖြစ်ရာဌာနဖြစ်သောကြောင့်ရင်း၊ ဗဟိဒ္ဓအာရုံတို့၏ စုဝေးရာ ဖြစ်သောကြောင့်ရင်း, ဖဿ စသည်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်ရင်း မနာယတန မည်သည်၊ ထို့ကြောင့် မနာယတနသည် သိမှုဟူသော ဖဿစသည်တို့၏ ဖြစ်ရာဌာန၊ ဝါ၊ သိအပ်သော ဗဟိဒ္ဓအာရုံတို့၏စုဝေးရာ သိမှုဟူသောဌာန၊ ဝါ၊သိမှုဟူသော ဖဿ စသည်တို့၏ ဖြစ်ကြောင်းတည်း။

http://www.dhammadownload.com



'သပ္ပဋိဃ'။ပ။ ဤကြားအပ်သောသဘော (အသံ'သဒ္ဒါရုံ')သည် သဒ္ဒဓာတ်လည်း မည်၏။ ဤဆိုခဲ့ပြီးသောသဘောကို ကြားအပ်သောသဘော (အသံ'သဒ္ဒါရုံ') 'သဒ္ဒဓာတ်'ဟု ဆိုအပ်၏။ (ဏီ-၆၂၀။)

(၆) **သောတဝိညာဏဓာတ်။** ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် ကြားသိစိတ်သဘော 'သောတဝိညာဏဓာတ်'မည်သနည်း။

ကြားတတ်သောသဘောရှိသော နားအကြည် 'သောတပသာဒ'နှင့် ကြားအပ်သော အသံ 'သဒ္ဒါရုံ'တို့ကို စွဲ၍ ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင်တတ်သော သဘော 'ဟဒယ'၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်း သဘော 'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော'မန'၊ သိမှုတည်းဟူသော ဖြစ်ရာဌာန'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူး သိမှုသဘော 'ဝိညာဏ'၊ အထူး သိမှု စိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုသောတပသာဒနှင့် သဒ္ဒါရုံတို့အား လျော်ကပ်သော ကြားသိစိတ်သဘော 'သောတဝိညာဏဓာတ်'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောသဘောကို ကြားသိစိတ်သဘော 'သောတဝိညာဏဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ပဒ-၆)

(၇) **ဃာနဓာတ်။** ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် နံမှုသဘော (နံတတ်သောသဘော) 'ဃာနဓာတ်'မည်သနည်း။

အကြင် နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနပသာဒ'ရုပ်ဟု ဆိုအပ်သော ဃာနဓာတ်သည် ကြီးကျယ်ထင်ရှားသော မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ' ။ပ။ ဤဃာနဓာတ်သည် (ဃာနဒွါရ၌ဖြစ်သော ကုသိုလ် အကုသိုလ်စသည့် စိတ်အမျိုးနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤဆိုခဲ့ပြီးသောသဘောကို နံမှုသဘော (နံတတ်သောသဘော) 'ဃာနဓာတ်'ဟု ဆိုအပ်၏။

(၈) **ဂန္ဓဓာတ်။** ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် အနံ့သဘော 'ဂန္ဓဓာတ်'မည်သနည်း။

အကြင် နံအပ်သော 'ဂန္ဓာရုံ' အနံ့သဘောသည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သော သဘောမရှိ 'အနိဒဿန'၊ ထိပါးတတ်သော သဘောရှိ၏ 'သပ္ပဋိဃ' ။ပ။ ဤနံအပ်သော သဘော အနံ့ 'ဂန္ဓာရုံ'သည် 'ဂန္ဓဓာတ်'လည်း မည်၏။ ဤဆိုခဲ့ပြီးသော သဘောကို အနံ့သဘော (အနံ့ 'ဂန္ဓာရုံ') 'ဂန္ဓဓာတ်'ဟု ဆိုအပ်၏။

(၉) **ဃာနဝိညာဏဓာတ်။** ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် နံသိစိတ်သဘော 'ဃာနဝိညာဏဓာတ်'မည်သနည်း။

နံတတ်သောသဘော နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် နံအပ်သော အနံ့ 'ဂန္ဓာရုံ'တို့ကို စွဲမှီ၍ ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင်တတ်သော သဘော 'ဟဒယ'၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုတည်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရ သိမှု 'မနိန္ဒြေ'၊ အထူးသိမှုသဘော 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထို ဃာနပသာဒနှင့် ဂန္ဓာရုံတို့အား လျော်ကပ်သော နံသိစိတ်သဘော 'ဃာနဝိညာဏဓာတ်'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောသဘောကို နံသိစိတ်သဘော 'ဃာနဝိညာဏဓာတ်'ဟု ဆိုအပ်၏။

http://www.dhammadownload.com



(၁၀) ဇိဝှါဓာတ်။ ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် လျှာမှုသဘော(လျှာတတ်သော သဘော)'ဇိဝှါဓာတ်'မည်သနည်း။

အကြင် လျှာတတ်သော သဘောရှိသော 'ဇိဝှါပသာဒ'သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏'ပသာဒ'။ပ။ ဤ ဇိဝှါဓာတ်သည် (ဇိဝှါဒွါရ၌ဖြစ်သော ကုသိုလ် အကုသိုလ် စသည့် စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤဆိုခဲ့ပြီးသော သဘောကို လျှာမှုသဘော 'ဇိဝှါဓာတ်'ဟု ဆိုအပ်၏။

(၁၁) ရသဓာတ်။ ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် အရသာသဘော (သာယာအပ်သောသဘော) 'ရသဓာတ်'မည်သနည်း။

အကြင် လျှာအပ်သော(သာယာအပ်သော) 'ရသာရုံ'သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သောသဘော မရှိ 'အနိဒဿန'၊ ထိပါးတတ်သော သဘောရှိ၏ 'သပ္ပဋိဃ'။ပ။ ဤ အရသာသဘော (သာယာအပ်သောသဘော 'ရသာရုံ')သည် 'ရသဓာတ်'လည်း မည်၏။ ဤဆိုခဲ့ပြီးသောသဘောကို အရသာသဘော (သာယာအပ်သောသဘော 'ရသာရုံ') 'ရသဓာတ်' ဟု ဆိုအပ်၏။

(၁၂) ဇိဝှါဝိညာဏဓာတ်။ ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် လျှာသိစိတ်သဘော 'ဇိဝှါဝိညာဏဓာတ်' မည်သနည်း။

လျှာတတ်သော သဘောရှိသော လျှာအကြည်'ဇိဝှါပသာဒ'နှင့် လျှာအပ်သောအာရုံ (သာယာအပ်သောအာရုံ)'ရသာရုံ'တို့ကိုစွဲ၍ ဆန်းကြယ်စွာ ကြံသိမှုသဘော'စိတ္တ'၊ သိတတ်ခြင်းသဘော'မန'၊ သိမှုသဘော'မာနသ'၊ ဆောင်တတ်သောသဘော'ဟဒယ'၊ ဖြူးဖြူးဖြက်ဖြက်ဖြူစင်ခြင်းသဘော'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော'မန'၊ သိမှုဖြစ်ရာဌာန'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှုသဘော'ဝိညာဏ'၊ အထူးသိမှုစိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထို ဇိဝှါပသာဒ နှင့် ရသာရုံတို့အား လျောက်ပတ်သော လျှာသိစိတ်သဘော 'ဇိဝှါဝိညာဏ ဓာတ်'သည် ဖြစ်၏။ ဤ ဆိုခဲ့ပြီးသော သဘောကို လျှာသိစိတ်သဘော 'ဇိဝှါဝိညာဏဓာတ်'ဟု ဆိုအပ်၏။

(၁၃) ကာယဓာတ်။ ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် ထိမှုသဘော (ထိခိုက်တတ်သော သဘောရှိသော) 'ကာယဓာတ်'မည်သနည်း။

အကြင် ထိခိုက်တတ်သော သဘောရှိသော ကိုယ်အကြည်'ကာယပသာဒ'သည် မဟာဘုတ် လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏'ပသာဒ'။ပ။ ဤကာယဓာတ်သည် (ကာယဒွါရ၌ဖြစ်သော ကုသိုလ် အကုသိုလ်စသည့် စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤဆိုခဲ့ပြီးသောသဘောကို ထိမှုသဘော (ထိခိုက်တတ်သော သဘောရှိသော'ကာယဓာတ်'ဟု ဆိုအပ်၏။

(၁၄) ဖောဋ္ဌဗ္ဗဓာတ်။ ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် အတွေ့သဘော (တွေ့ထိအပ်သောသဘော)'ဖောဋ္ဌဗ္ဗဓာတ်'မည်သနည်း။

မြေဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်သတ်မှတ်အပ်သည့် တည်ရာ'ပတိဋ္ဌာန'သဘော (ခက်မာမှု'ကက္ခဠ'သဘော)ဖြစ်သော မြေဓာတ်'ပထဝီဓာတ်'သည် ဖြစ်၏။ပ။ ဤအတွေ့သဘော

http://www.dhammadownload.com



(တွေ့ထိအပ်သောသဘော)သည် 'ဖောဋ္ဌဗ္ဗဓာတ်'လည်း မည်၏။ ဤဆိုခဲ့ပြီးသော သဘောကို အတွေ့သဘော(တွေ့ထိအပ်သောသဘော 'ဖောဋ္ဌဗ္ဗာရုံ')'ဖောဋ္ဌဗ္ဗဓာတ်'ဟု ဆိုအပ်၏။

**(၁၅) ကာယဝိညာဏဓာတ်။** ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်'မည်သနည်း။

တွေ့ထိတတ်သောသဘောရှိသော ကိုယ်အကြည်'ကာယပသာဒ'နှင့် အတွေ့သဘော(တွေ့ထိအပ်သော သဘော) 'ဖောဋ္ဌဗ္ဗာရုံ'တို့ကို စွဲ၍ ဆန်းကြယ်စွာ ကြံသိမှုသဘော'စိတ္တ'၊ သိတတ်ခြင်းသဘော'မန'၊သိမှုသဘော'မာနသ'၊ဆောင်တတ်သောသဘော'ဟဒယ'၊ပြိုးပြိုးပြက်ပြက်ဖြူစင်ခြင်းသဘော'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော'မန'၊ သိမှုတည်းဟူသော(စေတသိက်တို့၏) ဖြစ်ရာ တည်ရာ ဌာန'မနာယတန'၊ အစိုးတရသိမှု'မနိန္ဒြေ'၊ အထူးသိခြင်းသဘော'ဝိညာဏ'၊ အထူးသိမှုစိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံတို့အား လျော်ကပ်သော ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော သဘောကို ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်'ဟု ဆိုအပ်၏။

**(၁၆) မနောဓာတ်။** ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် (အာရုံကို)သိကာမျှသဘော 'မနောဓာတ်'မည်သနည်း (ပဥ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းဒွေး)။

မြင်သိစိတ်သဘော 'စက္ခုဝိညာဏဓာတ်'ဖြစ်ပြီး၍ ချုပ်သည်၏အခြားမဲ့၌ (ချုပ်ပြီးနောက် တဆက်တည်း)ဆန်းကြယ်စွာ ကြံသိမှုသဘော'စိတ္တ'၊ သိတတ်ခြင်းသဘော'မန'၊ သိမှုသဘော 'မာနသ'၊ဆောင်တတ်သောသဘော'ဟဒယ'၊ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော'ပဏ္ဍရ'၊သိတတ် ခြင်းသဘော'မန'၊ သိမှုတည်းဟူသော ဖြစ်ရာဌာန'မနာယတန'၊ အစိုးတရသိမှု'မနိန္ဒြေ'၊ အထူး သိခြင်းသဘော'ဝိညာဏ'၊ အထူးသိမှုစိတ်အစု'ဝိညာဏက္ခန္ဓာ'၊ ထိုစက္ခုဝိညာဉ်နှင့် ရူပါရုံတို့အား လျော်ကပ်သော(အာရုံကို)သိကာမျှသဘော'မနောဓာတ်'သည် ဖြစ်၏(သမ္ပဋိစ္ဆိုန်းဒွေး)။

ကြားသိစိတ်သဘော 'သောတဝိညာဏဓာတ်' ။ပ။

နံသိစိတ်သဘော 'ဃာနဝိညာဏဓာတ်'။ပ။

လျက်သိစိတ်သဘော 'ဇိဝှါဝိညာဏဓာတ်'။ပ။

ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်'ဖြစ်ပြီး၍ ချုပ်သည်၏ အခြားမဲ့၌ (ချုပ်ပြီးနောက် တဆက်တည်း) ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊သိမှုသဘော 'မာနသ'၊ဆောင်တတ်သောသဘော'ဟဒယ'၊ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'၊သိတတ် ခြင်းသဘော 'မန'၊ သိမှုတည်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှုသဘော 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုကာယဝိညာဉ်နှင့် ဖောဋ္ဌဗ္ဗာရုံတို့အား လျော်ကပ်သော (အာရုံကို) သိကာမျှသဘော 'မနောဓာတ်'သည် ဖြစ်၏ (သမ္ပဋိစ္ဆိုန်းဒွေး)။

(စက္ခုဝိညာဉ်စသော) အလုံးစုံသောတရား (ဝီထိစိတ်အားလုံး) တို့တွင် ရှေးဦးစွာ နှလုံး သွင်းခြင်းသဘော (ရှေးဦးစွာ အာရုံသို့ ဆောင်တတ်သောသဘော) 'ပဌမ သမန္နာဟာရ'၊ ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင်တတ်သောသဘော 'ဟဒယ'၊ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'၊ သိတတ်ခြင်း

http://www.dhammadownload.com



သဘော 'မန'၊ သိမှုတည်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူး သိမှု 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုပဉ္စဝိညာဉ်နှင့် ပဉ္စာရုံတို့အား လျှောက် ပတ်သော (အာရုံကို) သိကာမျှသဘော 'မနောဓာတ်'သည် ဖြစ်၏ (ပဥ္စဒွါရာဝဇ္ဇန်း)။

ဤဆိုခဲ့ပြီးသော သဘောကို (အာရုံကို) သိကာမျှသဘော 'မနောဓာတ်'ဟု ဆိုအပ်၏။

**(၁၇) ဓမ္မဓာတ်။** ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် သိမ်မွေ့သော တရားသဘော 'ဓမ္မဓာတ်'မည်သနည်း။

၁။ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'သည်၎င်း။

၂။ မှတ်သားမှုအစု 'သညာက္ခန္ဓာ'သည်၎င်း။

၃။ ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'သည်၎င်း။

၄။ မြင်အပ်သောသဘော မရှိသော 'အနိဒဿန'၊ ထိပါးတတ်သောသဘော မရှိသော 'အပ္ပဋိဃ'၊ ကြံသိစိတ်ဖြစ်ကြောင်း 'ဓမ္မာယတန'၌ အကျုံးဝင်သော အကြင် 'သုခုမရုပ်'သည်၎င်း။

၅။ မပြုပြင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)သည်၎င်း ရှိ၏။

(ဤတရားငါးပါးတို့ကို ကြံသိစိတ်ဖြစ်ကြောင်း သိမ်မွေ့သော တရားသဘော 'ဓမ္မဓာတ်'ဟု ဆိုအပ်၏)။ (ဝိဘင်း၊စာပိုဒ် ပဒ-၁၆၇)

**၁-ဝေဒနာက္ခန္ဓာ ဓမ္မဓာတ်။** ။ထိုဓမ္မဓာတ် ၅-ပါးတို့တွင် အဘယ်သည် ခံစားမှုအစု'ဝေဒနာက္ခန္ဓာ' မည်သနည်း။

**ဧကကနည်း။** ။တပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ် သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။** ။နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။** ။သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ အပြစ်မရှိ မှု၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ခံစားမှုအစု'ကုသိုလ်ဝေဒနာက္ခန္ဓာ' သည် ရှိ၏၊ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ခံစားမှုအစု'အကုသိုလ် ဝေဒနာက္ခန္ဓာ'သည် ရှိ၏၊ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ခံစားမှုအစု'အဗျာကတ ဝေဒနာက္ခန္ဓာ'သည် ရှိ၏ ။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ပ။ (ခန္ဓဝိဘင်း၊ စာပိုဒ် ပဒ၊ ၃၄-၆၁)။

**ဗဟုဝိဓနည်း[၁]။** ။ဤသို့ များသော အပြားအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

ဤ ဆိုခဲ့ပြီးသော သဘောကို ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'ဟု ဆိုအပ်၏။

---

၁။ ဝေဒနာက္ခန္ဓာကို ခန္ဓဝိဘင်း၌ကဲ့သို့ (၁)ဒုကမူလကနည်း၊ (၂) တိကမူလကနည်း၊ (၃) ဥဘတောဝဍ္ဎက နည်း၊ (၄) သတ္တကနည်း၊ (၅) စတုဝီသတိဝိဓနည်း၊ (၆) တိံသဝိဓနည်း၊ (၇) ဗဟုဝိဓ နည်းတို့ဖြင့် ဟောရမည်ဖြစ်သည်။ ခန္ဓဝိဘင်း၌ အပြည့်အစုံဟောခဲ့ပြီးဖြစ်သဖြင့် ပေယျာလချန်ခဲ့သည်၊ (ခန္ဓဝိဘင်း မြန်မာပြန် စာမျက်နှာ ၇၂-မှ ၁၁၂-ကြည့်) (အဘိမြန် ၂၊ နှာ-၂၆၀-အောက်ခြေ မှတ်ချက်လည်းကြည့်)

http://www.dhammadownload.com



၂-သညာက္ခန္ဓာ ဓမ္မဓာတ်။ ။ထို ဓမ္မဓာတ် ငါးပါးတို့တွင် အဘယ်သည် မှတ်သားမှု အစု 'သညာက္ခန္ဓာ' မည်သနည်း။

ဧကကနည်း။ ။တပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သညာက္ခန္ဓာသည် ရှိ၏။ပ။ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ပ။

ဗဟုဝိဓနည်း။ ။ဤသို့ များသော အပြားအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

ဤဆိုခဲ့ပြီးသော သဘောကို မှတ်သားမှု အစု 'သညာက္ခန္ဓာ'ဟု ဆိုအပ်၏။(ခန္ဓဝိဘင်း၊စာပိုဒ် ပဒ-၆၂-၉၁)

၃-သင်္ခါရက္ခန္ဓာ ဓမ္မဓာတ်။ ။ထို ဓမ္မဓာတ် ၅-ပါးတို့တွင် အဘယ်သည် ပြုပြင်စီရင်မှု အစု 'သင်္ခါရက္ခန္ဓာ' မည်သနည်း။(ဝေဒနာ, သညာကြဉ်သော စေတသိက်၅၀)။

ဧကကနည်း။ ။တပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။စိတ်နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

ဒုကနည်း။ ။နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ဟိတ်မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ ( လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ)၊ ဟိတ်မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စေတသိက် ၄၄-ခု)။

တိကနည်း။ ။သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သင်္ခါရက္ခန္ဓာသည် ရှိ၏ ။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ပ။ (ခန္ဓဝိဘင်း၊စာပိုဒ် ပဒ-၉၂-၁၂၀)

ဗဟုဝိဓနည်း။ ။ဤသို့ များသော အပြားအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

ဤဆိုခဲ့ပြီးသော သဘောကို ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'ဟု ဆိုအပ်၏။

၄-သုခုမရုပ် ဓမ္မဓာတ်။ ။ထိုဓမ္မဓာတ် ၅-ပါးတို့တွင် အဘယ်သည် မြင်အပ်သော သဘော မရှိသော 'အနိဒဿန'၊ ထိပါးတတ်သော သဘော မရှိသော 'အပ္ပဋိဃ'၊ ကြံသိစိတ်ဖြစ်ကြောင်း 'ဓမ္မာယတန'၌ အကျုံးဝင်သော 'သုခုမ' ရုပ်မည်သနည်း။

မိန်းမ(အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' ။ပ။ အလုတ်အလွေးပြုအပ်သော အစား အစာ 'ကဗဠီကာရ အာဟာရ'သည် ဖြစ်၏။

http://www.dhammadownload.com



ဤဆိုခဲ့ပြီးသော ရုပ်အပေါင်းကို မြင်အပ်သော သဘောမရှိသော 'အနိဒဿန'၊ ထိပါးတတ်သော သဘော မရှိသော 'အပ္ပဋိဃ'၊ ကြံသိစိတ်ဖြစ်ကြောင်း 'ဓမ္မာယတန'၌ အကျုံးဝင်သော ရုပ်ဟု ဆိုအပ်၏ (သုခုမရုပ် ၁၆-ပါး)။

၅-အသခ်တ ဓမ္မဓာတ်။ ။ထိုဓမ္မဓာတ် ၅-ပါးတို့တွင် အဘယ်သည် မပြုပြင်အပ်သော သဘော 'အသခ်တဓာတ်'မည်သနည်း။

ရာဂကုန်ခြင်းသဘော 'ရာဂက္ခယ'၊ ဒေါသကုန်ခြင်းသဘော 'ဒေါသက္ခယ'၊ မောဟကုန်ခြင်းသဘော 'မောဟက္ခယ'၊ ဤဆိုခဲ့ပြီးသော သဘောကို မပြုပြင်အပ်သော သဘော 'အသခ်တဓာတ်'ဟု ဆိုအပ်၏(နိဗ္ဗာန်)။

ဤဆိုခဲ့ပြီးသော သဘောကို သိမ်မွေ့သော တရားသဘော 'ဓမ္မဓာတ်'ဟု ဆိုအပ်၏။

(၁၈) မနောဝိညာဏဓာတ်။ ။ထိုဓာတ် ၁၈-ပါးတို့တွင် အဘယ်သည် အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'မည်သနည်း။

မြင်သိစိတ်သဘော'စက္ခုဝိညာဏဓာတ်'ဖြစ်ပြီး၍ ချုပ်သည်၏အခြားမဲ့၌ (ချုပ်ပြီးနောက် တဆက်တည်း အာရုံကို) သိကာမျှသဘော မနောဓာတ်သည် ဖြစ်၏ (သမ္ပဋိစ္ဆိုန်းစိတ်)၊ (အာရုံကို) သိကာမျှသဘော မနောဓာတ်(သမ္ပဋိစ္ဆိုန်း)ဖြစ်ပြီး၍ ချုပ်သည်၏ အခြားမဲ့၌လည်း ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော'မာနသ'။ ပ ။ ထိုစက္ခုဝိညာဉ်နှင့် ရူပါရုံတို့အား လျော်ကပ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' သည် ဖြစ်၏ (သန္တီရဏ စသည်)။

ကြားသိစိတ်သဘော 'သောတဝိညာဏဓာတ်'သည်။ပ။

နံသိစိတ်သဘော'ဃာနဝိညာဏဓာတ်'သည်။ပ။

လျက်သိစိတ်သဘော'ဇိဝှါဝိညာဏဓာတ်'သည်။ပ။

ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်' ဖြစ်ပြီး၍ ချုပ်သည်၏အခြားမဲ့၌ (ချုပ်ပြီးနောက် တဆက်တည်း အာရုံကို) သိမှုသဘော'မနောဓာတ်'သည် ဖြစ်၏ (သမ္ပဋိစ္ဆိုန်းစိတ်)၊ (အာရုံကို)သိကာမျှသဘော'မနောဓာတ်'(သမ္ပဋိစ္ဆိုန်း)ဖြစ်ပြီး၍ ချုပ်သည်၏အခြားမဲ့၌လည်း ဆန်းကြယ်စွာ ကြံသိမှုသဘော'စိတ္တ'၊ သိတတ်ခြင်းသဘော'မန'၊ သိမှုသဘော'မာနသ'။ပ။ ထိုကာယဝိညာဉ်နှင့် ဖောဋ္ဌဗ္ဗာရုံတို့အား လျော်ကပ်သော အထူးသိမှုသဘော'မနောဝိညာဏဓာတ်'သည် ဖြစ်၏ (ပဉ္စဒွါရဝီထိ၌ ဖြစ်သော သန္တီရဏ စသည်)။

ဘဝင်စိတ်ဟု ဆိုအပ်သော သိမှုသဘော 'မန'နှင့် ဓမ္မာရုံတို့ကို စွဲ၍ ဆန်းကြယ်စွာ ကြံသိမှုသဘော'စိတ္တ'၊ သိတတ်ခြင်းသဘော'မန'၊ သိမှုသဘော'မာနသ'၊ ဆောင်တတ်ခြင်းသဘော 'ဟဒယ'၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော'မန'၊ သိမှုတည်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှုသဘော 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဘဝင်စိတ်ဟု ဆိုအပ်သော သိမှုသဘော'မန'နှင့် ဓမ္မာရုံတို့အား လျော်ကပ်သော အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'သည် ဖြစ်၏။

http://www.dhammadownload.com



ဤဆိုခဲ့ပြီးသောသဘောကို အထူးသိမှုသဘော'မနောဝိညာဏဓာတ်'ဟု ဆိုအပ်၏(မနောဒွါရ ဝီထိ၌ စိတ်ဖြစ်အစဉ်)။

အဘိဓမ္မာနည်းဖြင့် ဝေဖန် ဟောကြားအပ်သော'အဘိဓမ္မာဘာဇနီယ'နည်း ပြီး၏။

---

## ၃-ပဉှာပုစ္ဆက

## အမေးအဖြေပြု၍ ဟောကြားအပ်သော 'ပဉှာ ပုစ္ဆက'နည်း

ဓာတ် ၁၈-ပါး ၁၈၅။ ဓာတ် ၁၈-ပါးတို့ကား—

(၁) မြင်မှုသဘော'စက္ခုဓာတ်' (မြင်တတ်သော သဘောရှိသော မျက်စိအကြည် 'စက္ခုပသာဒရုပ်')။

(၂) အဆင်းသဘော'ရူပဓာတ်' (မြင်အပ်သော သဘောရှိသော အဆင်း'ရူပါရုံ')။

(၃) မြင်သိစိတ်သဘော 'စက္ခုဝိညာဏဓာတ်' (စက္ခုဝိညာဉ်စိတ်)။

(၄) ကြားမှုသဘော 'သောတဓာတ်' (ကြားတတ်သော သဘောရှိသော နားအကြည် 'သောတပသာဒရုပ်')။

(၅) အသံသဘော'သဒ္ဒဓာတ်' (ကြားအပ်သော သဘောရှိသော အသံ'သဒ္ဒါရုံ')။

(၆) ကြားသိစိတ်သဘော 'သောတဝိညာဏဓာတ်' (သောတဝိညာဉ်စိတ်)။

(၇) နံမှုသဘော 'ဃာနဓာတ်' (နံတတ်သော သဘောရှိသော နှာခေါင်းအကြည်'ဃာနပသာဒရုပ်')။

(၈) အနံ့သဘော 'ဂန္ဓဓာတ်' (နံအပ်သော သဘောရှိသော အနံ့'ဂန္ဓာရုံ')။

(၉) နံသိစိတ်သဘော'ဃာနဝိညာဏဓာတ်' (ဃာနဝိညာဉ်စိတ်)။

(၁၀) လျက်မှုသဘော 'ဇိဝှါဓာတ်' (လျက်တတ်သော သဘောရှိသော လျှာအကြည် 'ဇိဝှါပသာဒရုပ်')။

(၁၁) အရသာသဘော (သာယာအပ်သောသဘော) 'ရသဓာတ်' (လျက်အပ်သော သဘောရှိသော အရသာ 'ရသာရုံ')။

(၁၂) လျက်သိစိတ်သဘော 'ဇိဝှါဝိညာဏဓာတ်' (ဇိဝှါဝိညာဉ်စိတ်)။

(၁၃) (ထိခိုက်တတ်သော သဘောရှိသော) ကိုယ်အကြည်သဘော 'ကာယဓာတ်' (ထိခိုက်တတ်သောသဘောရှိသော ကိုယ်အကြည် 'ကာယပသာဒရုပ်')။

(၁၄) အတွေ့သဘော 'ဖောဋ္ဌဗ္ဗဓာတ်' (တွေ့ထိအပ်သော သဘောရှိသော 'ဖောဋ္ဌဗ္ဗာရုံ')။

(၁၅) ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်' (ကာယဝိညာဉ်စိတ်)။

(၁၆) (အာရုံကို) သိကာမျှသဘော 'မနောဓာတ်' (ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းနွေး)။

(၁၇) သိမ်မွေ့သောတရားသဘော 'ဓမ္မဓာတ်'(စေတသိက်၊သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်)။

(၁၈) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' ('ပဉ္စဝိညာဏဓာတ်နှင့် မနောဓာတ်တို့ ကြဉ်အပ်သော စိတ် ၇၆-ပါး)တို့တည်း။

http://www.dhammadownload.com



## ခေတ် ၁၈-ပါးတို့ကို တိက် ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

### ၁-တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက် အမေးပုစ္ဆာ ၁၈၆။ ဓာတ်တဆယ့်ရှစ်ပါးတို့တွင် အပြစ်မရှိမူ၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သောသဘော 'ကုသိုလ်ဓာတ်'တို့သည် အဘယ်မျှ ရှိကုန်သနည်း။

အပြစ်ရှိ၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သောသဘော 'အကုသိုလ်ဓာတ်'တို့သည် အဘယ်မျှ ရှိကုန်သနည်း။

ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သောသဘော'အဗျာကတဓာတ်'တို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ[၁]။

### ၂-ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁၀၀) သရဏဒုက် အမေးပုစ္ဆာ။ ။ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော သဘော'သရဏဓာတ်'တို့သည် အဘယ်မျှရှိကုန်သနည်း။

ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသောသဘော 'အရဏဓာတ်' တို့သည် အဘယ်မျှ ရှိကုန်သနည်း[၂]။

---

## ခေတ် ၁၈-ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### ၁-တိကဝိသဇ္ဇနာ

### (၁-ဓာတ် ၁၈-ပါးတို့ကို တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

(၁) ကုသလတိက် အဖြေဝိသဇ္ဇနာ ၁၈၇။ (ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့သည် အဗျာကတ ဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါး တို့သည် ကုသိုလ်ဖြစ်ကုန်၏ (ကုသိုလ်စိတ်နှင့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အကုသိုလ်ဖြစ်ကုန်၏ (အကုသိုလ်စိတ်နှင့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အဗျာကတဖြစ်ကုန်၏ (ကြွင်းသောဝိပါက်၊ ကြိယာ၊ ယှဉ်ဘက်စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

၁-၂။ ဝေဒနာတိက် အမှတ် ၂-မှ သနိဒဿနတိက် အမှတ် ၂၂-အထိ တိက် ၂၁-ခုတို့၏ အမေးပုစ္ဆာများကို ပေယျာလ ချန်ခဲ့ပြီးလျှင် ဟေတုဒုက် ဒုက်အမှတ် ၁-မှ သဥတ္တရဒုက် ဒုက်အမှတ် ၉၉-အထိ ပေယျာလ လုံးဝချန်ခဲ့သည်။

http://www.dhammadownload.com



(၂) ဝေဒနာတိက် အမြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး)ဓာတ်ဆယ်ပါးတို့ကို ချမ်းသာခံစားမှု 'သုခဝေဒနာ'နှင့် ယှဉ်ကုန်၏ဟူ၍ရင်း, ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'နှင့် ယှဉ်ကုန်၏ဟူ၍ရင်း, ဆင်းရဲချမ်းသာမဟုတ်သော(အလယ်အလတ်)ခံစားမှု 'အဒုက္ခမသုခဝေဒနာ'နှင့် ယှဉ်ကုန်၏ဟူ၍ရင်း မဆိုအပ်ကုန်(တိက်မုတ်)။

(စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ မနောဓာတ်) ဓာတ်ငါးပါးတို့သည် အဒုက္ခမသုခဝေဒနာနှင့်(ဥပေက္ခာဝေဒနာနှင့်) ယှဉ်ကုန်၏။

အချို့သော ကာယဝိညာဏဓာတ်သည် သုခဝေဒနာနှင့် ယှဉ်၏(သုခသဟဂုတ် ကာယဝိညာဉ်စိတ်)၊ အချို့သော ကာယဝိညာဏဓာတ်သည် ဒုက္ခဝေဒနာနှင့်ယှဉ်၏ (ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်)။

အချို့သော မနောဝိညာဏဓာတ်သည် သုခဝေဒနာနှင့် ယှဉ်၏(သောမနဿ သဟဂုတ်စိတ် ၆၂-ပါး)။ အချို့သော မနောဝိညာဏဓာတ်သည် ဒုက္ခဝေဒနာနှင့်ယှဉ်၏(ဒေါသမူဒွေ)၊ အချို့သော မနောဝိညာဏဓာတ်သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ (ကြွင်းသော ဥပေက္ခာသဟဂုတ်စိတ် ၄၄-ပါး)။

အချို့သော ဓမ္မဓာတ်သည် သုခဝေဒနာနှင့် ယှဉ်၏ (သောမနဿသဟဂုတ်စိတ်နှင့်ယှဉ်သော ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ် စေတသိက် ၄၆-ပါး)၊ အချို့သော ဓမ္မဓာတ်သည် ဒုက္ခဝေဒနာနှင့် ယှဉ်၏ (ဒေါသမူဒွေနှင့် ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်တို့၌ ရှိသော ဝေဒနာကြဉ်သည့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော ဓမ္မဓာတ်သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ (ဥပေက္ခာသဟဂုတ်စိတ်၌ ရှိသော ဝေဒနာကြဉ်သည့် ယှဉ်ဘက် စေတသိက်များ)။

တိက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို သုခဝေဒနာနှင့် ယှဉ်၏ဟူ၍ရင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍ရင်း၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ဟူ၍ရင်း မဆိုအပ်ချေ(ဝေဒနာ[၁]၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏ၊ပဒ-၁၃၇၉)

(၃) ဝိပါကတိက် အမြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး) ဓာတ်ဆယ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးကိုဖြစ်စေခြင်းသဘောရှိသည့် တရားလည်း မဟုတ်ကုန်(နေဝဝိပါက နဝိပါကဓမ္မဓမ္မာ)။

(ပဉ္စဝိညာဏဓာတ် ၅-ပါး)ဓာတ်ငါးပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက် ဖြစ်ကုန်၏(ဝိပါကဓမ္မ)။

အချို့သော မနောဓာတ်သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်၏(ဝိပါကဓမ္မာ) (သမ္ပဋိစ္ဆိုန်းဒွေ)၊ အချို့သော မနောဓာတ်သည် ကုသိုလ် အကုသိုလ်တို့၏အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးကိုဖြစ်စေခြင်း သဘောရှိသည့် တရားလည်း မဟုတ်ချေ(ပဉ္စဒွါရာဝဇ္ဇန်း ကြိယာစိတ်)။

---

၁။ ဝေဒနာကို 'ဝေဒနာနှင့်ယှဉ်၏'ဟု မဆိုရချေ။

http://www.dhammadownload.com



အချို့သော(မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကုသိုလ်အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်ကုန်၏(မနောဝိညာဏဓာတ် ဝိပါက်စိတ် ၂၄-ပါးနှင့် ယှဉ်ဘက်စေတသိက်များ)၊ အချို့သော(မနောဝိညာဏဓာတ်, ဓမ္မဓာတ်)ဓာတ်နှစ်ပါးတို့သည် အကျိုးဝိပါက်ကိုဖြစ်စေခြင်း သဘောရှိသည့် တရားဖြစ်ကုန်၏ (ကုသိုလ်,အကုသိုလ်စိတ်တို့နှင့်ယှဉ်ဘက် စေတသိက်များ၊)အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးကိုဖြစ်စေခြင်း သဘောရှိသည့် တရားလည်း မဟုတ်ကုန်(ပဋ္ဌိဒွါရ-ဝဇ္ဇန်းကြဉ်သည့် ကြိယာစိတ်နှင့်ယှဉ်ဘက် စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၄) ဥပါဒိန္နတိက် အဖြေဝိသဇ္ဇနာ။ ။(ပဉ္စဝိညာဏဓာတ် ၅-ပါး၊ ပသာဒရုပ်ဓာတ် ၅-ပါး) ဓာတ်ဆယ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်း ဖြစ်ကုန်၏(ပသာဒရုပ် ၅-ပါး၊ ဒွေပဉ္စဝိညာဉ် ၁၀-ပါး)။

အသံသဘော 'သဒ္ဒဓာတ်'သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ [1](တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့်ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်၏။

အချို့သော (ရူပဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဓာတ်) ဓာတ်ငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်းဖြစ်၍) ဥပါဒါန်၏ အာရုံလည်းဖြစ်ကုန်၏ (ကမ္မဇ ရူပါရုံ, ကမ္မဇ ဂန္ဓာရုံ, ကမ္မဇရသာရုံ,ကမ္မဇဖောဋ္ဌဗ္ဗာရုံ[2]၊သမ္ပဋိစ္ဆိုန်း ဒွေ)၊အချို့သော(ရူပဓာတ်၊ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဓာတ်) ဓာတ်ငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသောကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (တိဇ ရူပါရုံ၊ တိဇ ဂန္ဓာရုံ၊ တိဇ ရသာရုံ၊ တိဇ ဖောဋ္ဌဗ္ဗာရုံ၊ ပဉ္စဒွါရာဝဇ္ဇန်း)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသောကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ (လောကီမနောဝိညာဏဓာတ် ဝိပါက်စိတ် ၂၀-ပါးနှင့် ယှဉ်ဘက် စေတသိက်များ၊ ကမ္မဇရုပ် ကေန်ဖြစ်သည့် သုခုမရုပ်များဖြစ်သော ဘာဝရုပ် ၂-ပါး, ဇီဝိတရုပ်, ဟဒယရုပ်၊ ကမ္မဇရုပ်အနေကန်ဖြစ်သည့် သုခုမရုပ်များဖြစ်သော အာပေါ, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, လက္ခဏရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့်ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ် အကုသိုလ်စိတ်၊ ပဉ္စဒွါရာဝဇ္ဇန်း ကြဉ်သောကြိယာစိတ်၊ ယှဉ်ဘက် စေတသိက်များ၊ တိဇ သုခုမရုပ်) အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့်ကံကြောင့် လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

၁။ အသံ'သဒ္ဒရုပ်'သည် စိတ္တဇရုပ်နှင့် ဥတုဇရုပ်သာဖြစ်သည်၊ ကမ္မဇရုပ် မဟုတ်ချေ။

၂။ ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တို့သည် စတုဇရုပ်များ ဖြစ်သည်။ ယင်းရုပ်တို့ကို ဥပါဒိန္နရုပ် (ကမ္မဇရုပ်)၊ အနုပါဒိန္နရုပ် (တိဇရုပ်)ဟု ခွဲခြားပြထားခြင်း ဖြစ်သည်။

http://www.dhammadownload.com



(၅) သံကိလိဋ္ဌတိက် အမြေ ဝိသဇ္ဇနာ။ ။(ရုပ်ခာတ် ၁၀-ပါး၊ ပဉ္စဝိညာဏခာတ် ၅-ပါး၊ မနော-ခာတ်)ခာတ်တဆယ့်ခြောက်ပါးတို့သည် ပူပန်စေတတ် နှိပ်စက်တတ်၍ ညစ်နွမ်းစေတတ်သော ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး၊ ဒွေ့ပဉ္စဝိညာဉ်-၁၀၊ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်း ဒွေ)။

အချို့သော (မနောဝိညာဏခာတ်၊ ဓမ္မခာတ်) ခာတ်နှစ်ပါးတို့သည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော ကိလေသာတို့ ပူပန်စေအပ်သည်လည်းဖြစ်၍ (ကိလေသာနှင့်လည်းယှဉ်၍) ကိလေသာ၏အာရုံလည်း ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏခာတ်၊ ဓမ္မခာတ်) ခာတ်နှစ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီ မနောဝိညာဏခာတ် ကုသိုလ်,ဝိပါက်, ကြိယာစိတ်၊ယှဉ်ဘက် စေတသိက်များ၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏခာတ်၊ ဓမ္မခာတ်) ခာတ်နှစ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာနှင့်မယှဉ်မူ၍) ကိလေသာ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၆) ဝိတက်တိက် အမြေ ဝိသဇ္ဇနာ။ ။(ရုပ်ခာတ် ၁၀-ပါး၊ ပဉ္စဝိညာဏခာတ် ၅-ပါး) ခာတ်တဆယ့်ငါးပါး တို့သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိကုန် (ဝိတက် ဝိစာရနှင့် မယှဉ်ကုန်)။

မနောခာတ်သည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်း ဒွေ)။

အချို့သော မနောဝိညာဏခာတ်သည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (မနောခာတ် ကြဉ်သော သဝိတက္ကစိတ် ၅၂-ပါး)၊ အချို့သော မနောဝိညာဏခာတ်သည် ဝိတက်မရှိမူ၍ ဝိစာရမျှသာ ရှိ၏ (ဒုတိယဈာန်စိတ် ၁၁-ပါး)၊ အချို့သော မနောဝိညာဏခာတ်သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိချေ (တတိယဈာန် ၁၁-ပါး၊ စတုတ္ထဈာန် ၁၁-ပါး၊ ပဉ္စမဈာန် ၂၃-ပါး၊ ပေါင်း ၄၅-ပါး)။

အချို့သော ဓမ္မခာတ်သည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး၌ ရှိသော ဝိတက် ဝိစာရကြဉ်သည့် စေတသိက် ၅၀)၊ အချို့သော ဓမ္မခာတ်သည် ဝိတက်ကား မရှိမူ၍ ဝိစာရမျှသာ ရှိ၏ (ဒုတိယဈာန်စိတ်၌ ရှိသော ဝိစာရကြဉ်သော စေတသိက် ၃၆-ပါး၊ သဝိတက္ကစိတ် ၅၅-ပါး၌ ရှိသော ဝိတက် ၅၅-ပါး)၊ အချို့သော ဓမ္မခာတ်သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိချေ (တတိယဈာန် ၁၁-ပါး, စတုတ္ထဈာန် ၁၁-ပါး, ပဉ္စမဈာန်စိတ် ၂၃-ပါး တို့၌ ရှိသော စေတသိက်များ၊ ဒုတိယဈာန်စိတ် ၁၁-ပါး၌ ရှိသော ဝိစာရ ၁၁-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

တိက်မှတ်။ ။အချို့သော ဓမ္မခာတ်ကို ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ဟူ၍ရင်း၊ ဝိတက် မရှိမူ၍ ဝိစာရမျှသာ ရှိ၏ဟူ၍ရင်း၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိဟူ၍ရင်း မဆိုအပ်ချေ (သဝိတက္ကစိတ် ၅၅-ပါး၌ ရှိသော ဝိစာရ ၅၅-ပါး)။ (ဏီ၊ပဒ-၁၄၀၁)

(၇) ပီတိတိက် အမြေ ဝိသဇ္ဇနာ။ ။(ရုပ်ခာတ် ၁၀-ပါး) ခာတ်ဆယ်ပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ဟူ၍ရင်း (ပီတိနှင့်ယှဉ်ကုန်၏ဟူ၍ရင်း), သုခ

http://www.dhammadownload.com



ဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ရင်း, ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ရင်း မဆိုအပ်ကုန် (တိက်မုတ်)။

(ကာယဝိညာဏဓာတ်ကြဉ်သော ပဥ္စဝိညာဏဓာတ် ၄-ပါး၊ မနောဓာတ်) ဓာတ်ငါးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏)။

ကာယဝိညာဏဓာတ်သည် ပီတိနှင့်တကွ မဖြစ်ချေ (ပီတိနှင့် မယှဉ်ချေ)။

အချို့သော ကာယဝိညာဏဓာတ်သည် သုခဝေဒနာနှင့်တကွ ဖြစ်၍ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ချေ (သုခသဟဂုတ် ကာယဝိညာဉ်စိတ်)။

**တိက်မုတ်။** ။အချို့သော ကာယဝိညာဏဓာတ်ကို သုခဝေဒနာနှင့်တကွ ဖြစ်၏ဟု မဆိုအပ်ချေ (ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (သပ္ပီတိကစိတ် ၅၁-ပါး၊ ပီတိကြဉ်သော[၁] ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခသဟဂုတ် ကာယဝိညာဉ်စိတ် ကြဉ်သော သုခသဟဂုတ်စိတ် ၆၂-ပါး၊ ဝေဒနာကြဉ်သော ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်၏ (မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ် ၄၄-ပါး၊ ဝေဒနာ[၂] ကြဉ်သော ယှဉ်ဘက်စေတသိက်များ)။

**တိက်မုတ်။** ။အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ဟူ၍ရင်း၊ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ရင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ရင်း မဆိုအပ်ကုန် (ဒေါသမူစိတ္တုပ္ပါဒ်၊ ဒုက္ခသဟဂုတ်စိတ်၌ ရှိသော စေတသိက်များ၊ သုခသဟဂုတ် ကာယဝိညာဉ်နှင့် စတုတ္ထဈာန် ၁၁-ပါး၌ ရှိသော သုခဝေဒနာ ၁၂-ခု၊ ဥပေက္ခာဝေဒနာ ၅၅-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ-၁၄၀၄)

**(ဂ) ဒဿနတိက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဥ္စဝိညာဏဓာတ် ၅-ပါး၊ မနော-ဓာတ်)ဓာတ်တဆယ့်ခြောက်ပါးတို့ကို(နိဗ္ဗာန်ကိုရှေးဦးစွာ မြင်သဖြင့်)'ဒဿန'မည်သော သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ (သောတာ-ပတ္တိ မြင်ပြီးဖြစ်သော နိဗ္ဗာန်ကို ပွါးများခြင်းအားဖြင့် တဖန် ထပ်မံ၍မြင်သဖြင့်) 'ဘာဝနာ'မည် သော အထက်မဂ်သုံးခုသည် ပယ်အပ်သည်လည်း မဟုတ်ကုန်။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်၊ ယှဉ်ဘက်စေတသိက်များ)၊အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို အထက်မဂ်သုံးခုတို့သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၊ ဒေါသမူဒွေ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၊ ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို သောတာပတ္တိမဂ်သည်

---

၁။ ပီတိကို ပီတိနှင့်ယှဉ်၏ဟု မဆိုရချေ။

၂။ ဝေဒနာကို ဝေဒနာနှင့် ယှဉ်၏ဟု မဆိုရချေ။

http://www.dhammadownload.com



ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးခုသည် ပယ်အပ်သည်လည်း မဟုတ်ကုန် (ကုသိုလ်စိတ္တုပ္ပါဒ်၊ မနောဝိညာဏဓာတ် ဝိပါက်နှင့် ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၉) ဒဿနေနပဟာတဗ္ဗဟေတုတိက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဥ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့သည် 'ဒဿန'မည်သော သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်[၁]ရှိသည်လည်း မဟုတ်မူ၍(ဟိတ်နှင့် မယှဉ်မူ၍) 'ဘာဝနာ'မည်သော အထက်မဂ်သုံးခုတို့ ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိကုန်၏[၂] (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၊ ဝိစိကိစ္ဆာစိတ်၌ရှိသော မောဟကြဉ်သည့် ယှဉ်ဘက်စေတသိက်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အထက်မဂ် သုံးခုတို့ဖြင့် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၊ ဒေါသမူဒွေး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သည့် ယှဉ်ဘက်စေတသိက်များ)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးခုတို့ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (ကုသိုလ်၊ မနောဝိညာဏဓာတ် ဝိပါက်နှင့် ကြိယာစိတ္တုပ္ပါဒ်၊ မောဟမူဒွေး၌ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏ၊ပဒ-၁၄၁၀)

**(၁၀) အာစယဂါမိတိက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဥ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ (ရောက်စေတတ်သည်လည်း မဟုတ်မူ၍) စုတိပဋိသန္ဓေကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏ (လောကီကုသိုလ်၊ အကုသိုလ်၊ ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် စုတိပဋိသန္ဓေသို့ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ်ကုန်(မနောဝိညာဏဓာတ် ဝိပါက်နှင့်ကြိယာ၊ ယှဉ်ဘက်စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

၁။ သောတာပတ္တိမဂ် ပယ်သောဟိတ်များမှာ—လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရှိသော လောဘနှင့် မောဟ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော မောဟတို့ဖြစ်သည်။

၂။ စင်စစ်အားဖြင့် မဂ်သည် ကိလေသာကို ပယ်သည်၊ 'မဂ်သည်'ဟု အဝုတ္တ ကတ္တားအနက်'သည်'ဝိဘတ်ဖြင့်သာ ဘာသာပြန်ဆိုရမည်ဖြစ်သည်၊ သို့သော်လည်း မြန်မာပြန်ဆိုရာ၌ အဓိပ္ပါယ်ဖြောင့်၍ ပြေပြစ် နားလည်လွယ်စေရန် အချို့နေရာ၌'မဂ်ဖြင့် ကိလေသာတို့ကို ပယ်သည်'ဟု ပြန်ဆိုထားသည်၊ဤနေရာ၌လည်း 'မဂ်သည် ပယ်အပ်သောဟိတ်'ဟု ပြန်ဆိုရမည့်အစား မဂ်ဖြင့်ပယ်အပ်သောဟိတ်'ဟု ပြန်ဆိုထားသည်။

http://www.dhammadownload.com



(၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခတ် ၁၀-ပါး၊ ပဉ္စဝိညာဏခတ် ၅-ပါး၊ မနောခတ်) ခတ် တဆယ့်ခြောက်ပါးတို့သည် (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ် ၇-ယောက်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ)ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်။

အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် ကျင့်ဆဲ'သေက္ခ' ပုဂ္ဂိုလ် ၇-ယောက်တို့၏ ဥစ္စာဖြစ်ကုန်၏(မဂ်စိတ် ၄-ပါး၊ အောက်ဖိုလ် ၃-ပါး၊ ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် ကျင့်ပြီး'အသေက္ခ' ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏ (အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်)။

အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး 'အသေက္ခ' ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (ပဉ္စဝိညာဏခတ်နှင့် မနောခတ်ကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၁၂) ပရိတ္တ[၁]တိက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခတ် ၁၀-ပါး၊ ပဉ္စဝိညာဏခတ် ၅-ပါး၊ မနောခတ်)ခတ်တဆယ့်ခြောက်ပါးတို့သည် နည်းပါးသော တန်းခိုးအာနုဘော်ရှိသော 'ပရိတ္တတရား' (ကာမကရား)ဖြစ်ကုန်၏။

အချို့သော(မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် နည်းပါးသော တန်းခိုးအာနုဘော်ရှိသော 'ပရိတ္တတရား' (ကာမတရား) ဖြစ်ကုန်၏ (ပဉ္စဝိညာဏခတ်နှင့် မနောခတ်ကြဉ်သော ကာမာဝစရစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်ကုန်သော 'မဟဂ္ဂုတ်တရား' ဖြစ်ကုန်၏ (မဟဂ္ဂုတ် စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်)ခတ်နှစ်ပါးတို့သည် နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ'တရားဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခတ် ၁၀-ပါး) ခတ်ဆယ်ပါးတို့သည် အာရုံပြုခြင်းသဘောမရှိကုန် (အာရုံမပြုတတ်ချေ)။

(ပဉ္စဝိညာဏခတ် ၅-ပါး၊ မနောခတ်) ခတ်ခြောက်ပါးတို့သည် ပရိတ္တတရား (ကာမတရား)ကို အာရုံပြုကုန်၏ (ဒွေပဉ္စဝိညာဉ် ၁၀-ပါး၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းဒွေး)။

အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် ပရိတ္တတရား (ကာမတရား)ကို အာရုံပြုကုန်၏ (ကြွင်းသော ကာမစိတ္တုပ္ပါဒ်၊ အဘိညာဉ်ဒွေစိတ္တုပ္ပါဒ်)။

အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏ [ ဝိညာဏဉ္စာယတနနှင့် နေဝသညာနာသညာယတနစိတ္တုပ္ပါဒ် ( ကေန် )၊ အကုသိုလ်စိတ် ၁၂၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်, မဟာကြိယာ,အဘိညာဉ်ဒွေး၊ ယှဉ်ဘက်စေတသိက်များ (အနေကန်)]။

---

၁။ ပရိတ္တ=သေးငယ်သော,အားနည်းသောသဘော၊ ကာမာဝစရတရား။

http://www.dhammadownload.com



အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အပ္ပမာဏတရား (လောကုတ္တရာတရား)ကို အာရုံပြုကုန်၏ [လောကုတ္တရာစိတ္တုပ္ပါဒ် (ကေန်)၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ဉာဏသမ္ပယုတ်, မဟာကြိယာဉာဏသမ္ပယုတ်, အဘိညာဉ်ဒွေးနှင့်ယှဉ်ဘက်စေတသိက်များ (အနေကန်) ]။

တိက်မှတ်။ ။အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပရိတ္တတရား (ကာမတရား)ကို အာရုံပြုကုန်၏ဟူ၍ရှင်း၊ မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏ဟူ၍ရှင်း၊ အပ္ပမာဏတရား(လောကုတ္တရာတရား)ကို အာရုံပြုကုန်၏ဟူ၍ရှင်း မဆိုအပ်ကုန် (ပညတ်ကို ကေန်အာရုံပြုသော ရူပါဝစရစိတ် ၁၅-ပါးနှင့် အာကာသာနဉ္စာယတန,အာကိဉ္စညာယတန အရူပစိတ် ၆-ပါး၊ ယှဉ်ဘက်စေတသိက်များ၊ ပညတ်ကို အနေကန်အာရုံပြုခိုက် စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏ၊ပဒ-၁၄၂၂)

(၁၄) ဟီနတိက် အမြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့သည် အလယ်အလတ်တရား 'မဇ္ဈိမတရား' (မယုတ် မမြတ်တရား)ဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ယုတ်ညံ့သောတရား 'ဟီနတရား'ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အလယ်အလတ်တရား ဖြစ်ကုန်၏ (လောကီကုသိုလ်၊ မနောဝိညာဏဓာတ် ဝိပါက်နှင့် ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မြင့်မြတ်သော 'ပဏီတ' တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၁၅) မိစ္ဆတ္တတိက် အမြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်)ဓာတ်တဆယ့်ခြောက်ပါးတို့သည် မိစ္ဆတ္တနိယတ[1] သမ္မတ္တနိယတ[2] အခြင်းအရာအားဖြင့် အကျိုးပေး မမြဲကုန် (အနိယတ)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါး တို့သည် ဖောက်ပြန်သော သဘောရှိ၍ စုတိ၏အခြားမဲ့၌ အကျိုးပေး မြဲကုန်၏[1] (နိယတမိစ္ဆာဒိဋ္ဌိကိုစွဲတပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါးနှင့် ပဉ္စာနန္တရိယကံ ကျူးလွန်သည့် ဒေါသမူဒွေးတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေး မြဲကုန်၏[2] (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မိစ္ဆတ္တနိယတ, သမ္မတ္တနိယတအခြင်းအရာအားဖြင့် အကျိုးပေး မမြဲကုန် (ကြွင်းသော မနောဝိညာဏဓာတ်စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

၁။ မိစ္ဆတ္တ=ဖောက်ပြန်မှားယွင်းသောသဘော။ နိယတ=မြဲသော,မြဲခြင်း။
မိစ္ဆတ္တနိယတ= ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ အပါယ်ငရဲသို့ အကျိုးပေး မြဲသော သဘော။

၂။ သမ္မတ္တနိယတ=မဖောက်မပြန်သော သဘောရှိ၍ မဂ်၏ အခြားမဲ့၌ အကျိုးပေးမြဲသောသဘော။

http://www.dhammadownload.com



**(၁၆) မဂ္ဂါရမ္မဏတိက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ခွတ် ၁၀-ပါး)ခတ်ဆယ်ပါးတို့သည် အာရုံပြုခြင်းသဘော မရှိကုန် (အာရုံမပြုတတ်ကုန်)။

**တိက်မုတ်။** ။(ပဥ္စဝိညာဏခတ် ၅-ပါး၊ မနောခတ်) ခတ်ခြောက်ပါးတို့ကို မဂ်ကို အာရုံပြုကုန်၏ဟူ၍ရင်း မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိ[၁]=အမောဟဟိတ်)ရှိကုန်၏ဟူ၍ရင်း၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ=ဝီမံသာဓိပတိ=အမောဟ၊ သမ္မာဝါယာမ=ဝီရိယာဓိပတိ[၂]) ရှိကုန်၏ဟူ၍ရင်း မဆိုအပ်ကုန်။

အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် မဂ်ကို အာရုံပြုကုန်၏ (ဉာဏသမ္ပယုတ် မဟာကုသိုလ်, ဉာဏသမ္ပယုတ် မဟာကြိယာ, မနောဒွါရာဝဇ္ဇန်း, အဘိညာဉ်ဒွေးရင်းတို့နှင့် ယှဉ်ဘက်စေတသိက်များ)။ (ဏီ၊ ပဒ-၁၄၂၉)

အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်)ခတ်နှစ်ပါးတို့သည် မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိ=အမောဟဟိတ်)ရှိကုန်၏ (အမောဟနှင့် ယှဉ်ကုန်၏) (သမ္မာဒိဋ္ဌိမည်သော အမောဟကြဉ်သည့် မဂ်စိတ္တုပ္ပါဒ်)။

အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ=ဝီမံသာဓိပတိ=အမောဟ၊ သမ္မာဝါယာမ=ဝီရိယာဓိပတိ) ရှိကုန်၏ (မဂ်ကို အလေးအမြတ် အာရုံပြုသည့် မဟာကုသိုလ် ဉာဏသမ္ပယုတ်နှင့် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၊ မဂ်စိတ္တုပ္ပါဒ်)။

**တိက်မုတ်။** ။အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့ကို မဂ်ကို အာရုံပြုကုန်၏ဟူ၍ရင်း, မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိ=ဝီမံသ=အမောဟ)ရှိကုန်၏ဟူ၍ရင်း, မဂ်မည်သော အကြီးအမှူး (ဝီမံသာဓိပတိ=သမ္မာဒိဋ္ဌိ=အမောဟ၊ ဝီရိယာဓိပတိ=သမ္မာဝါယာမ=ဝီရိယ) ရှိကုန်၏ဟူ၍ရင်း မဆိုအပ်ကုန် (ကြွင်းသော မနောဝိညာဏခတ်စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ-၁၄၂၉)

**(၁၇) ဥပ္ပန္နတိက် အဖြေဝိသဇ္ဇနာ။** ။အချို့သော (ပသာဒရုပ်ခတ် ၅-ပါး၊ ပဥ္စဝိညာဏခတ် ၅-ပါး)ခတ်ဆယ်ပါးတို့သည် ဥပါဒ် ဌီ ဘင် ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏(ဥပ္ပန္နာ)(ကမ္မဇရုပ်ဖြစ်သော ပသာဒရုပ် ၅-ပါး၊ ပဥ္စဝိညာဉ် ၅-ပါး)၊အချို့သော (ပသာဒရုပ်ခတ် ၅-ပါး၊ ပဥ္စဝိညာဏခတ် ၅-ပါး)ခတ်ဆယ်ပါးတို့သည် မချွတ်ကေန် ဖြစ်လတ္တံ့ဖြစ်ကုန်၏ (ဥပ္ပါဒိနော) (ကမ္မဇ ပသာဒရုပ် ၅-ပါး၊ ပဥ္စဝိညာဉ် ၅-ပါး)၊ အချို့သော(ပသာဒ

---

၁။ သမ္မာဒိဋ္ဌိသည် မဂ္ဂင်တရားဖြစ်၍ မဂ်လည်းမည်သည်။ သမ္မာဒိဋ္ဌိ၏ တရားကိုယ်မှာ 'အမောဟ'ဖြစ်သောကြောင့် ဟိတ်တရားလည်း ဖြစ်သည်။ ထို့ကြောင့် သမ္မာဒိဋ္ဌိသည် မဂ်လည်းမည်၍ ဟိတ်လည်း ဖြစ်သည့် 'မဂ္ဂဟေတု'တရား ဖြစ်သည်။

၂။ သမ္မာဒိဋ္ဌိသည် ပညာ,အမောဟ,ဝီမံသတရားများဖြစ်သည်။ အဓိပတိကိစ္စတပ်သည်။ သမ္မာဝါယာမသည် မဂ်လည်းဖြစ်သည်။ ယင်း၏တရားကိုယ်မှာ အဓိပတိကိစ္စတပ်နိုင်သော ဝီရိယဖြစ်သည်။ ထို့ကြောင့် သမ္မာဒိဋ္ဌိနှင့် သမ္မာဝါယာမတို့သည် 'မဂ္ဂါဓိပတိ'တရား ဖြစ်ကုန်သည်။

http://www.dhammadownload.com



ရုပ်ဓာတ် ၅-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး) ဓာတ်ဆယ်ပါးတို့သည် ဥပါဒ် ဋ္ဌီ ဘင် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ဟု မဆိုအပ်ကုန်(အနုပ္ပန္န)[၁]။

အချို့သော သဒ္ဒဓာတ်သည် ဥပါဒ် ဋ္ဌီ ဘင် ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏(ဥပ္ပန္န)၊ အချို့သော သဒ္ဒဓာတ်သည် ဥပါဒ် ဋ္ဌီ ဘင် ခဏသုံးပါးသို့ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ချေ(အနုပ္ပန္န)၊ အချို့သော သဒ္ဒဓာတ်ကို မချွတ်ကေန် ဖြစ်လတ္တံ့ဟု မဆိုအပ်ချေ။

အချို့သော(ရူပဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဓာတ်၊ မနောဝိညာဏ ဓာတ်)ဓာတ် ၆-ပါးတို့သည် ဥပါဒ် ဋ္ဌီ ဘင် ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏(ဥပ္ပန္နာ)၊ အချို့သော (ရူပ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်) ဓာတ်ခြောက်ပါးတို့သည် ဥပါဒ် ဋ္ဌီ ဘင် ခဏသုံးပါးသို့ ရောက်ပြီးလည်းမဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ကုန် (အနုပ္ပန္နာ) (အနာဂတ်ဖြစ်သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်၊ သဒ္ဒါရုံကြဉ်သော တိဇအာရုံ ၄-ပါး)၊ အချို့သော(ရူပ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်) ဓာတ်ခြောက်ပါး တို့သည် မချွတ်ကေန်ဖြစ်လတ္တံ့ ဖြစ်ကုန်၏(ဥပ္ပါဒိနော) (အနာဂတ်၌ မချွတ်ကေန်ဖြစ်မည့် ကမ္မဇဂေါစရရုပ်၊ ဒွေပဉ္စဝိညာဉ်ကြဉ်သော ဝိပါက်စိတ် ၂၆-ပါး)။

အချို့သော ဓမ္မဓာတ်သည် ဥပါဒ် ဋ္ဌီ ဘင် ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏(စေတသိက် ၅၂-ပါး၊ သုခုမရုပ်)၊ အချို့သော ဓမ္မဓာတ်သည် ဥပါဒ် ဋ္ဌီ ဘင် ခဏသုံးပါးသို့ ရောက်ပြီးသည်လည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ချေ(အနုပ္ပန္နာ)(အနာဂတ်ဖြစ်သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ် တို့၌ရှိသော စေတသိက်နှင့် တိဇသုခုမရုပ်)၊ အချို့သော ဓမ္မဓာတ်သည် မချွတ်ကေန် ဖြစ်လတ္တံ့ ဖြစ်၏(ဥပ္ပါဒိနော)(ဒွေပဉ္စဝိညာဉ်ကြဉ်သည့် ဝိပါက်စိတ် ၂၆-ပါးနှင့်ယှဉ်သော စေတသိက်များ၊ ကမ္မဇသုခုမရုပ်)။

**တိက်မှတ်။** ။အချို့သော ဓမ္မဓာတ်ကို ဥပါဒ် ဋ္ဌီ ဘင် ခဏသုံးပါးသို့ ရောက်ဆဲဟူ၍ရင်း ခဏ သုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ဟူ၍ရင်း မချွတ် ကေန်ဖြစ်လတ္တံ့ဟူ၍ရင်း မဆိုအပ်ချေ(နိဗ္ဗာန်)။ (ဏ၊ပဒ-၁၄၃၀)

**(၁၈) အတီတတိက် အဖြေဝိသဇ္ဇနာ။** ။အချို့သော(ရုပ်ဓာတ် ၁၀-ပါး၊ ဝိညာဏဓာတ် ၇-ပါး) ဓာတ်တဆယ့်ခုနစ်ပါးတို့သည် ဖြစ်ပြီး အတိတ်တရား ဖြစ်ကုန်၏(အတီတာ)၊ အချို့သော(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်၊ မနောဝိညာဏဓာတ်) ဓာတ်တဆယ့်ခုနစ်ပါးတို့သည် မရောက်သေးသော (ဖြစ်လတ္တံ့)အနာဂတ် တရား ဖြစ်ကုန်၏ (အနာဂတာ)၊ အချို့သော(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်၊ မနောဝိညာဏဓာတ်) ဓာတ်တဆယ့်ခုနစ်ပါးတို့သည် ဖြစ်ဆဲ ပစ္စုပ္ပန်တရား ဖြစ်ကုန် ၏(ပစ္စုပ္ပန္နာ)။

---

၁။ ဥပ္ပန္န=ဖြစ်ဆဲ

ဥပ္ပါဒီ=နောင်ကာလ၌ မချွတ်ကေန်ဖြစ်လတ္တံ့သဘောရှိသော တရား(ဝိပါက်တရားများ)

အနုပ္ပန္န=ဖြစ်ပြီးလည်းမဟုတ်၊ ဖြစ်ဆဲလည်းမဟုတ်၊ နောင်အနာဂတ်ကာလ၌ ဖြစ်မည်ဆိုက ဖြစ်နိုင်သည့် ဖြစ်ကောင်းဖြစ်မည့် သဘောရှိသော တရားဖြစ်သည့်(ကုသိုလ်၊ အကုသိုလ်၊ ကြိယာ)

http://www.dhammadownload.com



အချို့သော ဓမ္မဓာတ်သည် ဖြစ်ပြီး အတိတ်တရား ဖြစ်၏(အတိတ်ဝိညာဏဓာတ်တို့၌ရှိခဲ့သော စေတသိက် ၅၂-ပါး၊ သုခုမရုပ်)၊ အချို့သော ဓမ္မဓာတ်သည် မရောက်သေးသော (ဖြစ်လတ္တံ့) အနာဂတ်တရား ဖြစ်၏၊ အချို့သော ဓမ္မဓာတ်သည် ဖြစ်ဆဲ ပစ္စုပ္ပန်တရား ဖြစ်၏။

တိက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို ဖြစ်ပြီးဟူ၍ရင်း၊ မရောက်သေး (ဖြစ်လတ္တံ့) ဟူ၍ရင်း၊ ဖြစ်ဆဲဟူ၍ရင်း မဆိုအပ်ချေ(နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၄၃၁)

(၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး)ဓာတ်ဆယ်ပါးတို့သည် အာရုံ ပြုခြင်းသဘော မရှိကုန် (အာရုံ မပြုတတ်ချေ) (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး) (အနာရမ္မဏ)။

(ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်ခြောက်ပါးတို့သည် ဖြစ်ဆဲ ပစ္စုပ္ပန်တရားကို အာရုံပြုကုန်၏(ပစ္စုပ္ပန်အာရုံ ၅-ပါးကို အာရုံပြုသည်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဖြစ်ပြီး အတိတ်တရားကို အာရုံပြုကုန်၏ [ဝိညာဏဉ္စာယတန၊ နေဝသညာ နာသညာယတနစိတ္တုပ္ပါဒ်(ကေန်)၊ မနော ဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉၊ တဒါရုံ ကောဒသ၊ အဘိညာဉ်ဒွေး စိတ္တုပ္ပါဒ် (အနေကန်)]၊ အချို့သော(မနောဝိညာဏဓာတ်၊ဓမ္မဓာတ်)ဓာတ်နှစ်ပါးတို့သည် မရောက်သေးသော(ဖြစ်လတ္တံ့) အနာဂတ်တရားတို့ကို အာရုံပြုကုန်၏ (အနာဂတ်တရားကို အနေကန်အာရုံပြုသော စိတ္တုပ္ပါဒ်= အတိတ်တရားကို အနေကန်အာရုံပြုစိတ်များပင်)၊ အချို့သော(မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဖြစ်ဆဲ ပစ္စုပ္ပန်တရားကို အာရုံပြုကုန်၏(ပစ္စုပ္ပန်တရားကို အနေကန်အာရုံပြု သော စိတ္တုပ္ပါဒ်=အတိတ်တရားကို အနေကန်အာရုံပြုစိတ်များပင်)။

တိက်မုတ်။ ။အချို့သော(မနောဝိညာဏဓာတ်၊ဓမ္မဓာတ်)၊ဓာတ်နှစ်ပါးတို့သည် ဖြစ်ပြီး အတိတ် တရားကို အာရုံပြုကုန်၏ဟူ၍ရင်း၊ မရောက်သေးသော (ဖြစ်လတ္တံ့) အနာဂတ် တရားကို အာရုံပြုကုန်၏ဟူ၍ရင်း၊ ဖြစ်ဆဲ ပစ္စုပ္ပန်တရားကို အာရုံပြုကုန်၏ဟူ၍ရင်း မဆိုအပ်ကုန် (နိဗ္ဗာန်နှင့် ပညတ်တရားတို့ကို ကေန် အနေကန်အာရုံပြုသည့် စိတ်များ၊ ယှဉ်ဘက် စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၄၃၄)

(၂၀) အဇ္ဈတ္တတိက် အဖြေဝိသဇ္ဇနာ။ ။အချို့သော ဓာတ် ၁၈-ပါးတို့သည် အတွင်းသန္တာန်၌ ဖြစ်ကုန်၏ (စိတ်၊စေတသိက်၊ရုပ်)၊ အချို့သော ဓာတ် ၁၈-ပါးတို့သည် အပသန္တာန်၌ ဖြစ်ကုန်၏ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်)၊ အချို့သော ဓာတ် ၁၈-ပါးတို့သည် အတွင်းအပ 'အဇ္ဈတ္တ ဗဟိဒ္ဓ' သန္တာန်နှစ်ပါးတို့၌ ဖြစ်ကုန်၏ (စိတ်၊ စေတသိက်၊ ရုပ်)။ (ဏီ၊ပဒ-၁၄၃၅)

(၂၁) အဇ္ဈတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး) ဓာတ်ဆယ်ပါးတို့သည် အာရုံပြုခြင်း သဘောမရှိကုန်(အာရုံ မပြုတတ် ချေ) (အနာရမ္မဏ)။

အချို့သော (ပဉ္စဝိညာဏဓာတ်၊ မနောဓာတ်) ဓာတ်ခြောက်ပါးတို့သည် အတွင်း 'အဇ္ဈတ္တ- သန္တာန်၌ဖြစ်သော တရားတို့ကို အာရုံပြုကုန်၏၊ အချို့သော (ပဉ္စဝိညာဏဓာတ်၊ မနောဓာတ်) ဓာတ်ခြောက်ပါးတို့သည် အပ'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားတို့ကို အာရုံပြုကုန်၏၊ အချို့သော

http://www.dhammadownload.com



(ပဉ္စဝိညာဏဓာတ်၊ မနောဓာတ်) ဓာတ် ခြောက်ပါးတို့သည် အတွင်း အပ'အဇ္ဈတ္တ ဗဟိဒ္ဓ'သန္တာန် နှစ်ပါး၌ဖြစ်သော တရားတို့ကို အာရုံပြုကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အတွင်း'အဇ္ဈတ္တ'သန္တာန်ကို အာရုံပြုကုန်၏ [ဝိညာဏဉ္စာယတန၊ နေဝသညာ နာသညာယတနစိတ္တုပ္ပါဒ် (ကေန်)၊ ဒွေ ပဉ္စဝိညာဉ်နှင့် မနောဓာတ် ကြဉ်သော ကာမစိတ္တုပ္ပါဒ်၊ အဘိညာဉ်ဒွေစိတ္တုပ္ပါဒ် (အနေကန်)]၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အပ'ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြုကုန်၏ [အဘိညာဉ်ဒွေမှ တပါး ရူပါဝစရစိတ္တုပ္ပါဒ်၊ အာကာသာနဉ္စာယတနစိတ္တုပ္ပါဒ်၊ လောကုတ္တရာစိတ္တုပ္ပါဒ် (ကေန်)၊ ဒွေးပဉ္စဝိညာဉ်နှင့် မနောဓာတ်ကြဉ်သော ကာမစိတ္တုပ္ပါဒ်, အဘိညာဉ်ဒွေးစိတ္တုပ္ပါဒ်(အနေကန်)]၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ် နှစ်ပါးတို့သည် အတွင်း အပ 'အဇ္ဈတ္တ ဗဟိဒ္ဓ'သန္တာန်နှစ်ပါးကို အာရုံပြုကုန်၏[ဒွေပဉ္စဝိညာဉ်နှင့် မနောဓာတ်ကြဉ်သော ကာမစိတ္တုပ္ပါဒ်, အဘိညာဉ်ဒွေးစိတ္တုပ္ပါဒ်(အနေကန်)]။

**တိက်မှတ်။** ။အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်ကို အာရုံပြုကုန်၏ဟူ၍ရင်း, အပ'ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြုကုန်၏ဟူ၍ရင်း, အတွင်းအပ 'အဇ္ဈတ္တ ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြုကုန်၏ဟူ၍ရင်း မဆိုအပ်ကုန် (နတ္ထိဘာဝပညတ်ကို အာရုံပြုသော အာကိဉ္စညာယတနစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏိ၊ပဒ-၁၄၃၆၊ ၁၄၃၇)

(၂၂) **သနိဒဿနတိက် အဖြေဝိသဇ္ဇနာ။** ။အဆင်းသဘော 'ရူပဓာတ်'သည် မြင်အပ်သော သဘောလည်းရှိ၍ ထိပါးတတ်သော သဘောလည်း ရှိ၏ (ရူပါရုံ)။

(အဆင်းသဘော'ရူပဓာတ်' ကြဉ်သော ရုပ်ဓာတ် ၉-ပါး) ဓာတ်ကိုးပါးတို့သည် မြင်အပ်သော သဘော မရှိမူ၍ ထိပါးတတ်သော သဘောသာ ရှိကုန်၏ (ပသာဒရုပ် ၅-ပါး၊ ရူပါရုံကြဉ်သော အာရုံ၄-ပါး။)

(ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်ရှစ်ပါးတို့သည် မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သောသဘောလည်း မရှိကုန် (သုခုမရုပ် ၁၆-ပါး၊ စိတ်,စေတသိက်အားလုံး)။

(တိက်တို့ဖြင့် ဝေဖန်ပြီးလျှင် အမေးအဖြေပြု၍ ဟောကြားအပ်သော 'ပဉှာပုစ္ဆက'နည်း ပြီး၏။)

(ဓာတ် ၁၈-ပါးတို့ကို တိက် ၂၂-ခုတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြသော 'ပဉှာပုစ္ဆက'နည်း ပြီး၏။)

http://www.dhammadownload.com



## ၂-ဒုကဝိသဇ္ဇနာ

(ခေတ် ၁၈-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေ ဝိသဇ္ဇနာကို ပြခြင်း)

(၁-ဟေတုဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

(၁) ဟေတုဒုက် အဖြေဝိသဇ္ဇနာ ၁၈၈။ (ရုပ်ခေတ် ၁၀-ပါး၊ ဝိညာဏခေတ် ၇-ပါး) ခေတ် တဆယ့်ခုနစ်ပါးတို့သည် အကြောင်းရင်း 'ဟိတ်' မမည်ကုန်။

အချို့သော ဓမ္မခေတ်သည် ဟိတ်မည်၏ (ဟိတ် ၆-ပါး=လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ)၊ အချို့သော ဓမ္မခေတ်သည် ဟိတ်မမည်ချေ (ကြွင်းသော စေတသိက် ၄၆၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၂) သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခေတ် ၁၀-ပါး၊ ပဥ္စဝိညာဏခေတ် ၅-ပါး၊ မနောခေတ်) ခေတ်တဆယ့်ခြောက်ပါးတို့သည် ဟိတ်မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်)။

အချို့သော (မနောဝိညာဏခေတ်၊ ဓမ္မခေတ်) ခေတ်နှစ်ပါးတို့သည် ဟိတ်ရှိကုန်၏ (မောဟမူဒွေ့ဌ်ရှိသော မောဟကြဉ်သော သဟိတ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏခေတ်၊ ဓမ္မခေတ်) ခေတ်နှစ်ပါးတို့သည် ဟိတ်မရှိကုန် (သန္တီရဏ ၃-ပါး၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ ယှဉ်ဘက်စေတသိက်များ၊ မောဟမူဒွေ့ဌ်ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၃) ဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခေတ် ၁၀-ပါး၊ ပဥ္စဝိညာဏခေတ် ၅-ပါး၊ မနောခေတ်) ခေတ်တဆယ့်ခြောက်ပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန်။

အချို့သော (မနောဝိညာဏခေတ်၊ ဓမ္မခေတ်) ခေတ်နှစ်ပါးတို့သည် ဟိတ်နှင့်ယှဉ်ကုန်၏ (မောဟမူဒွေ့ဌ်ရှိသော မောဟကြဉ်သော သဟေတုကစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနောဝိညာဏခေတ်၊ ဓမ္မခေတ်) ခေတ်နှစ်ပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန် (ပဥ္စဝိညာဏခေတ်နှင့် မနောခေတ်ကြဉ်သော အဟိတ်စိတ္တုပ္ပါဒ်၊ မောဟမူဒွေ့ဌ်ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၄) ဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခေတ် ၁၀-ပါး၊ ပဥ္စဝိညာဏခေတ် ၅-ပါး၊ မနောခေတ်) ခေတ်တဆယ့်ခြောက်ပါးတို့ကို ဟိတ်လည်းမည်၍ ဟိတ်လည်း ရှိကုန်၏ဟူ၍ရင်း, ဟိတ်သာရှိ၍ ဟိတ်မမည်ဟူ၍ရင်း မဆိုအပ်ကုန် (ဒုက်မုတ်)။

မနောဝိညာဏခေတ်ကို ဟိတ်လည်းမည်၍ ဟိတ်လည်း ရှိ၏ဟု မဆိုအပ်ချေ (မနောဝိညာဏ ခေတ် စိတ်များ)။

အချို့သော မနောဝိညာဏခေတ်သည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (သဟေတုကစိတ် ၇၁-ပါး)။

http://www.dhammadownload.com



အချို့သော မနောဝိညာဏဓာတ်ကို ဟိတ်သာရှိ၍ ဟိတ်မမည်ဟု မဆိုအပ်ချေ (သန္တီရဏ ၃-ပါး၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်)။

အချို့သော ဓမ္မဓာတ်သည် ဟိတ်လည်းမည်၍ ဟိတ်လည်းရှိ၏ (မောဟမူဒွေ့ဋ္ဌိရှိသော မောဟကြဉ်သည့် ဟိတ် ၆-ပါး)၊ အချို့သော ဓမ္မဓာတ်သည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (သဟိတ်စိတ်၌ရှိသည့် ဟိတ် ၆-ပါးကြဉ်သော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို ဟိတ်လည်းမည်၍ ဟိတ်လည်းရှိ၏ဟူ၍၎င်း, ဟိတ်သာရှိ၍ ဟိတ်မမည်ဟူ၍၎င်း မဆိုအပ်ချေ (အဟိတ်စိတ်၌ရှိသော စေတသိက်၊မောဟမူဒွေ့ဋ္ဌိရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၄၄၇)

(၅) ဟေတု ဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့ကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်ကုန်၏ဟူ၍၎င်း, ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ဟူ၍၎င်း မဆိုအပ်ကုန်။

မနောဝိညာဏဓာတ်ကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်ကုန် (မနောဝိညာဏဓာတ်စိတ် ၇၆-ပါး)။

အချို့သော မနောဝိညာဏဓာတ်သည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ချေ(သဟိတ်စိတ်)။

အချို့သော မနောဝိညာဏဓာတ်ကို ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ဟု မဆိုအပ်ချေ (မနောဝိညာဏဓာတ် အဟိတ်စိတ်များ=သန္တီရဏ ၃-ပါး၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်)။

အချို့သော ဓမ္မဓာတ်သည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (မောဟမူဒွေ့ဋ္ဌိရှိသော မောဟကြဉ်သည့် ဟိတ် ၆-ပါး)၊ အချို့သော ဓမ္မဓာတ်သည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ချေ (ဟိတ် ၆-ပါးကြဉ်သည့် သဟိတ်စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍၎င်း, ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ဟူ၍၎င်း မဆိုအပ်ချေ (အဟိတ်စိတ်၌ရှိသော စေတသိက်များ၊ မောဟမူဒွေ့ဋ္ဌိရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၆) နဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် ဟိတ်လည်းမမည်မူ၍ ဟိတ်လည်း မရှိကုန်။

အချို့သော မနောဝိညာဏဓာတ်သည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိ၏ (သဟိတ်စိတ် ၇၁-ပါး)၊ အချို့သော မနောဝိညာဏဓာတ်သည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်းမရှိချေ (သန္တီရဏ ၃-ပါး၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်)။

http://www.dhammadownload.com



အချို့သော ဓမ္မဓာတ်သည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏(ဟိတ် ၆-ပါးကြဉ်သော သဟိတ် စေတသိက်များ)၊ အချို့သော ဓမ္မဓာတ်သည် ဟိတ်လည်းမမည်မူ၍ ဟိတ်လည်းမရှိချေ(အဟိတ် စိတ်၌ရှိသော စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်သည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိ၏ဟူ၍ရင်း, ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိဟူ၍ရင်း မဆိုအပ်ချေ(ဟိတ် ၆-ပါး)။ (ဏ၊ပဒ-၁၄၅၂)

(ဟေတုဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

---

(၂-စူဠန္တရဒုက် ၇-ခု အဖြေဝိသဇ္ဇနာ)

(၇) သပ္ပစ္စယဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခဲတ် ၁၀-ပါး၊ ဝိညာဏဓာတ် ၇-ပါး) ဓာတ်တဆယ့် ခုနစ်ပါးတို့သည် အကြောင်းနှင့်တကွဖြစ်ကုန်၏(ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ကုန်၏) (သပ္ပစ္စယ)။

အချို့သော ဓမ္မဓာတ်သည် အကြောင်းနှင့်တကွဖြစ်ကုန်၏(ကံ,စိတ်,ဥတု,အာဟာရ အကြောင်း တရားလေးပါးတို့ကြောင့် ဖြစ်ကုန်၏) (သပစ္စယ) (စေတသိက် ၅၂-ပါး၊ သုခုမရုပ်)၊ အချို့သော ဓမ္မဓာတ်သည် အကြောင်းနှင့်တကွ မဖြစ်ချေ(ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် မဖြစ်ချေ) (အပ္ပစ္စယ) (နိဗ္ဗာန်)။

(၈) သင်္ခတဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ဝိညာဏဓာတ် ၇-ပါး) ဓာတ်တဆယ့် ခုနစ်ပါးတို့သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်း တရားလေးပါးတို့သည် ပြုပြင်စီမံအပ်သော 'သင်္ခတ' တရားဖြစ်ကုန်၏။

အချို့သော ဓမ္မဓာတ်သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့သည် ပြုပြင် စီမံအပ်သော 'သင်္ခတ' တရားဖြစ်ကုန်၏ (စေတသိက် ၅၂-ပါး၊ သုခုမရုပ်)၊ အချို့သော ဓမ္မဓာတ် သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ ပြုပြင်စီမံအပ်သော'သင်္ခတ' တရား မဟုတ်ချေ (အသင်္ခတ) (နိဗ္ဗာန်)။

(၉) သနိဒဿနဒုက် အဖြေဝိသဇ္ဇနာ။ ။အဆင်းသဘော 'ရူပဓာတ်'သည် မြင်အပ်သော သဘောရှိ၏(သနိဒဿန) (ရူပါရုံ)။

(ရူပဓာတ်ကြဉ်သော ကြွင်းသည့်) ဓာတ်တဆယ့်ခုနစ်ပါးတို့သည် မြင်အပ်သောသဘော မရှိကုန်(အနိဒဿန)။

(၁၀) သပ္ပဋိဃဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး) ဓာတ်ဆယ်ပါးတို့သည် ထိပါးတတ် သော သဘောရှိကုန်၏(ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

(ဝိညာဏဓာတ် ၇-ပါး၊ ဓမ္မဓာတ်)ဓာတ်ရှစ်ပါးတို့သည် ထိပါးတတ်သောသဘော မရှိကုန် (စိတ်၊ စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

http://www.dhammadownload.com



(၁၁) **ရူပိဒုက် အမြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး) ဓာတ်ဆယ်ပါးတို့သည် ရုပ်မည်ကုန်၏ (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။

(ဝိညာဏဓာတ် ၇-ပါး)ဓာတ်ခုနစ်ပါးတို့သည် ရုပ်မမည်ကုန်(နာမ်မည်၏)။

အချို့သော ဓမ္မဓာတ်သည် ရုပ်မည်၏(သုခုမရုပ်)၊ အချို့သော ဓမ္မဓာတ်သည် ရုပ်မမည်ချေ (စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်)။

(၁၂) **လောကိယဒုက် အမြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ်၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏ (လောကီတရားဖြစ်ကုန်၏)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏ (လောကီတရားဖြစ်ကုန်၏) (လောကီမနောဝိညာဏဓာတ် စိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် လောကမှ ထွက်မြောက်သော တရားဖြစ်ကုန်၏(လောကုတ္တရာတရားဖြစ်ကုန်၏) (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၁၃) **ကေနစိဝိညေယျဒုက် အမြေဝိသဇ္ဇနာ။** ။(ဓာတ် ၁၈-ပါးတို့ကို) တစုံတခုသောစိတ်ဖြင့် သိအပ်ကုန်၏၊ (ဓာတ် ၁၈-ပါးတို့ကို) တစုံတခုသော စိတ်ဖြင့် မသိအပ်ကုန်[၁]။

(စူဠန္တရဒုက် ၇-ခု အမြေဝိသဇ္ဇနာ ပြီး၏။)

---

(၃-အာသဝဂေါစ္ဆကဒုက် ၆-ခု အမြေဝိသဇ္ဇနာ)

(၁၄) **အာသဝဒုက် အမြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ဝိညာဏဓာတ် ၇-ပါး) ဓာတ်တဆယ့်ခုနစ်ပါးတို့သည်(သတ္တဝါတို့၏ သန္တာန်၌)ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သောသဘော 'အာသဝ'မမည်ကုန်။

အချို့သော ဓမ္မဓာတ်သည် အာသဝမည်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မဓာတ်သည် အာသဝ မမည်ချေ (ကြွင်းသော စေတသိက် ၄၉-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၁၅) **သာသဝဒုက် အမြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် အာသဝ၏ (လောဘ,ဒိဋ္ဌိ,မောဟတို့၏) အာရုံဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အာသဝ၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အာသဝ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

၁။ အာရုံပြုနိုင်၍ သိနိုင်၍ အာရုံမပြုနိုင်၍ မသိနိုင်ချေ။

http://www.dhammadownload.com



(၁၆) **အာသဝသမ္ပယုတ္တဒုက် အမြေဝိသဇ္ဇနာ။** ။(ရုပ်ခဝတ် ၁၀-ပါး၊ ပဥ္စဝိညာဏခဝတ် ၅-ပါး၊ မနောခဝတ်) ခဝတ် တဆယ့်ခြောက်ပါးတို့သည် အာသဝနှင့် (လောဘ,ဒိဋ္ဌိ,မောဟတို့နှင့်) မယှဉ်ကုန်။

အချို့သော(မနောဝိညာဏခဝတ်၊ ဓမ္မခဝတ်) ခဝတ်နှစ်ပါးတို့သည် အာသဝနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ် ၁၂-ပါး၊ ဒေါသမူဒွေနှင့် မောဟမူဒွေတို့၌ရှိသော မောဟကြဉ်သော ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏခဝတ်၊ ဓမ္မခဝတ်) ခဝတ်နှစ်ပါးတို့သည် အာသဝနှင့်မယှဉ်ကုန် (ကြွင်းသောကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ဒေါသမူ,မောဟမူစိတ်တို့၌ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၁၇) **အာသဝ သာသဝဒုက် အမြေဝိသဇ္ဇနာ။** ။(ရုပ်ခဝတ် ၁၀-ပါး၊ ပဥ္စဝိညာဏခဝတ် ၅-ပါး၊ မနောခဝတ်) ခဝတ်တဆယ့်ခြောက်ပါး တို့ကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ချေ။

(ရုပ်ခဝတ် ၁၀-ပါး၊ ပဥ္စဝိညာဏခဝတ် ၅-ပါး၊ မနောခဝတ်) ခဝတ် ၁၆-ပါးတို့သည် အာသဝ၏ (လောဘ၊ဒိဋ္ဌိ၊မောဟတို့၏)အာရုံသာဖြစ်၍ အာသဝ မမည်ကုန်။

မနောဝိညာဏခဝတ်ကို အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏခဝတ်သည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ချေ (လောကီစိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနောဝိညာဏခဝတ်ကို အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ (ဏီ၊ ပဒ-၁၄၇၂)

အချို့သော ဓမ္မခဝတ်သည် အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ (အာသဝတရားကိုယ်=လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မခဝတ်သည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ချေ(အာသဝတရားကိုယ်ကြဉ်သော လောကီစိတ်တို့၌ရှိသော စေတသိက်၊ သုခုမရုပ်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မခဝတ်ကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ဟူ၍ရင်း အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ဟူ၍ရင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ-၁၄၇၂)

(၁၈) **အာသဝ အာသဝသမ္ပယုတ္တဒုက် အမြေဝိသဇ္ဇနာ။** ။(ရုပ်ခဝတ် ၁၀-ပါး၊ ပဥ္စဝိညာဏခဝတ် ၅-ပါး၊ မနောခဝတ်) ခဝတ် တဆယ့်ခြောက်ပါးတို့ကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ရင်း, အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်ဟူ၍ရင်း မဆိုအပ်ကုန်။ (ဒုက်မုတ်)

**မနောဝိညာဏခဝတ်ကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။**

http://www.dhammadownload.com



အချို့သော မနောဝိညာဏဓာတ်သည် အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ချေ (အကုသိုလ်စိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနောဝိညာဏဓာတ်ကို အာသဝနှင့်သာယှဉ်၍ အာသဝ မမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်)။ (ဏီ၊ပဒ-၁၄၇၄)

အချို့သော ဓမ္မဓာတ်သည် အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏(လောဘမူစိတ်၌ရှိသော လောဘ,ဒိဋ္ဌိ,မောဟ)၊ အချို့သော ဓမ္မဓာတ်သည် အာသဝနှင့်သာယှဉ်၍ အာသဝ မမည်ချေ (အာသဝတရားကိုယ်ကြဉ်သည့် အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ဟူ၍ရှင်း, အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ဟူ၍ရှင်း မဆိုအပ်ချေ (ဒေါသမူ မောဟမူစိတ်တို့၌ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၄၇၄)

(၁၉) အာသဝဝိပ္ပယုတ္တ သာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်များ၊ ဒေါသမူဒွေနှင့် မောဟမူဒွေတို့၌ရှိသောမောဟ၊ သုခုမရုပ်) အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊နိဗ္ဗာန်)။

ဒုက်မုတ်။ ။အချို့သော (မနောဝိညာဏဓာတ်၊ဓမ္မဓာတ်)ဓာတ်နှစ်ပါးတို့ကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ရှင်း, အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်ကုန်ဟူ၍ရှင်း မဆိုအပ်ကုန် (အကုသိုလ်စိတ် ၁၂-ပါး၊ ဒေါသမူဒွေနှင့် မောဟမူဒွေတို့၌ရှိသော မောဟကြဉ်သည့် ယှဉ်ဘက်စေတသိက်များ)။ (ဏီ၊ပဒ-၁၄၇၆)

(အာသဝဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

---

(၄-သညောဇနဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ)

(၂၀) သံယောဇနဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ဝိညာဏဓာတ် ၇-ပါး) ဓာတ်တဆယ့် ခုနစ်ပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌)နှောင်ဖွဲ့တွဲယှဉ်တတ်သောသဘော 'သံယောဇဉ်'မမည်ကုန်။

အချို့သော ဓမ္မဓာတ်သည် သံယောဇဉ် မည်၏ (သံယောဇဉ်တရားကိုယ်များ[၁])၊ အချို့သော ဓမ္မဓာတ်သည် သံယောဇဉ် မမည်ချေ (ကြွင်းသောစေတသိက်များ၊သုခုမရုပ်၊နိဗ္ဗာန်)။

---

၁။ လောဘ, ဒေါသ, မာန, ဒိဋ္ဌိ,ဝိစိကိစ္ဆာ,ဣဿာ,မစ္ဆရိယ,မောဟ။ (အဘိဓမ္မာနည်းအတိုင်းသာ တရားကိုယ် ကောက်၍ ပြထားခြင်း ဖြစ်သည်)

http://www.dhammadownload.com



**(၂၁) သံယောဇနိယဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့သည် သံယောဇဉ်၏ အာရုံဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊နိဗ္ဗာန်)။

**(၂၂) သံယောဇနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန်။

အချို့သော (မနောဝိညာဏဓာတ်၊ဓမ္မဓာတ်)ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်နှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ် ၁၂-ပါး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသည့် မောဟကြဉ်သော ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန်(ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ကုသိုလ်,ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၂၃) သံယောဇန သံယောဇနိယဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် သံယောဇဉ်၏အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန်။

**မနောဝိညာဏဓာတ်ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။**

အချို့သော မနောဝိညာဏဓာတ်သည် သံယောဇဉ်၏အာရုံသာဖြစ်၍ သံယောဇဉ် မမည်ချေ (လောကီစိတ်များ)။

**ဒုက်မုတ်။** ။အချို့သော မနောဝိညာဏဓာတ်ကို သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ချေ(လောကုတ္တရာစိတ်)။

အချို့သော ဓမ္မဓာတ်သည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏အာရုံလည်း ဖြစ်၏ (သံယောဇဉ်တရားကိုယ်များ)၊ အချို့သော ဓမ္မဓာတ်သည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ်ကြဉ်သော လောကီစိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

**ဒုက်မုတ်။** ။အချို့သော ဓမ္မဓာတ်ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏အာရုံလည်းဖြစ်၏ဟူ၍၎င်း သံယောဇဉ်၏အာရုံသာဖြစ်၍ သံယောဇဉ် မမည်ဟူ၍၎င်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၄၇၄)

http://www.dhammadownload.com



**(၂၄) သံယောဇနိယ သံယောဇနသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်၏ဟူ၍ငင်း သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်ဟူ၍ငင်း မဆိုအပ်ကုန်။(ဒုက်မုတ်)

မနောဝိညာဏဓာတ်ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏဓာတ်သည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ်မမည်ချေ (အကုသိုလ်စိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနောဝိညာဏဓာတ်ကို သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ်မမည် ဟု မဆိုအပ်ချေ(သံယောဇဉ်နှင့်မယှဉ်သော ကုသိုလ်,ဝိပါက်,ကြိယာစိတ်များ)။

အချို့သော ဓမ္မဓာတ်သည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏(ဥဒ္ဒစ္စသဟဂုတ်စိတ်၌ရှိသည့် မောဟကြဉ်သော သံယောဇဉ်တရားကိုယ်များ)၊ အချို့သော ဓမ္မဓာတ်သည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ်မမည်ချေ (သံယောဇဉ်တရားကိုယ်ကြဉ်သော အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ ဟူ၍ငင်း သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ဟူ၍ငင်း မဆိုအပ်ချေ (ဥဒ္ဒစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၄၇၆)

**(၂၅) သံယောဇနဝိပ္ပယုတ္တ,သံယောဇနိယဒုက် အဖြေ ဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏။

အချို့သော (မနောပိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏ (ဥဒ္ဒစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်,ကြိယာ စိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ငင်း သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန် ဟူ၍ငင်း မဆိုအပ်ကုန် (ဥဒ္ဒစ္စသဟဂုတ် စိတ်၌ရှိသော မောဟကြဉ်သည့် အကုသိုလ် စိတ္တုပ္ပါဒ်များ)။ (ဏီ၊ပဒ-၁၄၇၇)

(သညောဇနဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

http://www.dhammadownload.com



(၅-ဂန္ထဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

(၂၆) ဂန္ထဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခတ် ၁၀-ပါး၊ ဝိညာဏခတ် ၇-ပါး) ခတ်တဆယ့်ခုနစ်ပါးတို့သည် (သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲ၌ စုတိပဋိသန္ဓေ၏ အစွမ်းဖြင့်)ဆက်စပ်ဘုံးဖွဲ့တတ်သောသဘော 'ဂန္ထ' မမည်ကုန်။

အချို့သော ဓမ္မခတ်သည် ဂန္ထမည်၏ (လောဘ၊ ဒေါသ၊ ဒိဋ္ဌိ)၊ အချို့သော ဓမ္မခတ်သည် ဂန္ထမမည်ချေ (ကြွင်းသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၂၇) ဂန္ထနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။( ရုပ်ခတ် ၁၀-ပါး၊ ပဉ္စဝိညာဏ ခတ် ၅-ပါး၊ မနောခတ်) ခတ်တဆယ့်ခြောက်ပါးတို့သည် ဂန္ထ၏ (လောဘ၊ဒေါသ၊ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် ဂန္ထ၏အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် ဂန္ထ၏အာရုံ မဖြစ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၂၈) ဂန္ထသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ရုပ်ခတ် ၁၀-ပါး၊ ပဉ္စဝိညာဏခတ် ၅-ပါး၊ မနောခတ်) ခတ်တဆယ့်ခြောက်ပါးတို့သည် ဂန္ထနှင့် (လောဘ၊ ဒေါသ၊ ဒိဋ္ဌိတို့နှင့်)မယှဉ်ကုန်။

အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် ဂန္ထနှင့် ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘနှင့် ဒေါသမူဒွေ၌ရှိသော ဒေါသကြဉ်သည့် လောဘမူနှင့် ဒေါသမူ စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် ဂန္ထနှင့် မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ ဒေါသမူဒွေ၌ရှိသော ဒေါသ၊ မောဟမူဒွေ၊ ကုသိုလ်၊ဝိပါက်၊ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၂၉) ဂန္ထ ဂန္ထနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ရုပ်ခတ် ၁၀-ပါး၊ပဉ္စဝိညာဏခတ် ၅-ပါး၊မနောခတ်) ခတ်တဆယ့်ခြောက်ပါးတို့ကို ဂန္ထလည်းမည်၍ ဂန္ထ၏အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ချေ၊ (ရုပ်ခတ် ၁၀-ပါး၊ ပဉ္စဝိညာဏခတ် ၅-ပါး၊ မနောခတ်) ခတ်တဆယ့်ခြောက်ပါးတို့သည် ဂန္ထ၏ အာရုံသာ ဖြစ်၍ ဂန္ထ မမည်ကုန်။

မနောဝိညာဏခတ်ကို ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏခတ်သည် ဂန္ထ၏ အာရုံသာ ဖြစ်၍ ဂန္ထ မမည်ချေ (လောကီစိတ်များ)။

ဒုက်မှတ်။ ။အချို့သော မနောဝိညာဏခတ်ကို ဂန္ထ၏အာရုံသာ ဖြစ်၍ ဂန္ထမမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မခတ်သည် ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်၏ (ဂန္ထတရားကိုယ် ၃-ပါး=လောဘ၊ ဒေါသ၊ ဒိဋ္ဌိ)၊ အချို့သော ဓမ္မခတ်သည် ဂန္ထ၏ အာရုံသာ ဖြစ်၍ ဂန္ထမမည်ချေ (ဂန္ထတရားကိုယ်ကြဉ်သော လောကီစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

http://www.dhammadownload.com



ဒုက်ပုတ်။ ။အချို့သော ဓမ္မခါတ်ကို ဂန္ထလည်း မည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်၏ဟူ၍ငင်း ဂန္ထ၏အာရုံသာ ဖြစ်၍ ဂန္ထ မမည်ဟူ၍ငင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၄၉၆)

(၃၀) ဂန္ထ ဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခါတ် ၁၀-ပါး၊ ပဉ္စဝိညာဏခါတ် ၅-ပါး၊ မနောခါတ်) ခါတ်တဆယ့်ခြောက်ပါးတို့ကို ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ငင်း ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ကုန်ဟူ၍ငင်း မဆိုအပ်ကုန် (ဒုက်မုတ်)။

မနောဝိညာဏခါတ်ကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏခါတ်သည် ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ချေ(လောဘမူ, ဒေါသမူ စိတ်များ)။

ဒုက်ပုတ်။ ။အချို့သော မနောဝိညာဏခါတ်ကို ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ဟု မဆိုအပ်ချေ (ကြွင်းသော မနောဝိညာဏခါတ် ဂန္ထဝိပ္ပယုတ်စိတ်များ)။

အချို့သော ဓမ္မခါတ်သည် ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရှိသော လောဘ,ဒိဋ္ဌိ)၊ အချို့သော ဓမ္မခါတ်သည် ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ချေ (ဂန္ထတရား ကိုယ်ကြဉ်သော လောဘမူ, ဒေါသမူစိတ်တို့၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မခါတ်ကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ဟူ၍ငင်း ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ဟူ၍ငင်း မဆိုအပ်ချေ (မောဟမူဒွေး, ကုသိုလ်, ဝိပါက်, ကြိယာ စိတ်တို့၌ရှိသော စေတသိက်များ၊ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ၊ ဒေါသမူဒွေး၌ရှိသော ဒေါသ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၄၉၇)

(၃၁) ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခါတ် ၁၀-ပါး၊ ပဉ္စဝိညာဏခါတ် ၅-ပါး၊ မနောခါတ်) ခါတ်တဆယ့် ခြောက်ပါးတို့သည် ဂန္ထနှင့်မယှဉ်မူ၍ ဂန္ထ၏အာရုံသာ ဖြစ်ကုန်၏။

အချို့သော(မနောဝိညာဏခါတ်၊ ဓမ္မခါတ်)ခါတ်နှစ်ပါးတို့သည် ဂန္ထနှင့်မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ ဒေါသမူဒွေး၌ရှိသော ဒေါသ၊ မောဟမူစိတ္တုပ္ပါဒ်၊ လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏခါတ်၊ ဓမ္မခါတ်) ခါတ်နှစ်ပါးတို့သည် ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။အချို့သော (မနောဝိညာဏခါတ်၊ ဓမ္မခါတ်)ခါတ်နှစ်ပါးတို့ကို ဂန္ထနှင့်မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ငင်း ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဖြစ်ကုန်ဟူ၍ငင်း မဆိုအပ်ချေ (ဂန္ထသမ္ပယုတ္တဓမ္မ=ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ရှိသော ဒေါသကြဉ်သော လောဘမူ, ဒေါသမူ စိတ္တုပ္ပါဒ်များ)။ (ဏီ၊ပဒ ၁၅၀၀)

(ဂန္ထဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

http://www.dhammadownload.com



(၆-ဩဃဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ၁)

(၃၂-၃၇)။ (ရုပ်ခတ် ၁၀-ပါး၊ ဝိညာဏခတ် ၇-ပါး) ခတ်တဆယ့်ခုနစ်ပါးတို့သည် (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၍) နစ်မြုပ်စေတတ်သော သဘော 'ဩဃ' မမည်ကုန်။ပ။

(၇-ယောဂဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ၂)

(၃၈-၄၃)။ (ရုပ်ခတ် ၁၀-ပါး၊ ဝိညာဏခတ် ၇-ပါး) ခတ်တဆယ့်ခုနစ်ပါးတို့သည် (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၍) တုပ်နှောင်ယှဉ်တွဲစေတတ်သော သဘော 'ယောဂ' မမည်ကုန်။ပ။

(၈-နီဝရဏဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ)

(၄၄) **နီဝရဏဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ခတ် ၁၀-ပါး၊ ဝိညာဏခတ် ၇-ပါး)ခတ်တဆယ့်ခုနစ်ပါးတို့သည်(ဈာန် မဂ် ဖိုလ်တို့ကို)ပိတ်ပင် တားဆီးတတ်သော သဘော 'နီဝရဏ' မမည်ကုန်။

အချို့သော ဓမ္မခတ်သည် နီဝရဏမည်၏(နီဝရဏတရားကိုယ်ရှစ်ပါး[၃])၊အချို့သော ဓမ္မခတ်သည် နီဝရဏ မမည်ချေ (နီဝရဏတရားကိုယ်ကြဉ်သော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၄၅) **နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ခတ် ၁၀-ပါး၊ ပဉ္စဝိညာဏခတ် ၅-ပါး၊ မနောခတ်) ခတ် တဆယ့်ခြောက်ပါးတို့သည် နီဝရဏ၏ အာရုံဖြစ်ကုန်၏။

အချို့သော(မနောဝိညာဏခတ်၊ ဓမ္မခတ်)ခတ်နှစ်ပါးတို့သည် နီဝရဏ၏ အာရုံဖြစ်ကုန်၏ (လောကီ စိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏခတ်၊ ဓမ္မခတ်) ခတ်နှစ်ပါးတို့သည် နီဝရဏ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၄၆) **နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ခတ် ၁၀-ပါး၊ ပဉ္စဝိညာဏခတ် ၅-ပါး၊ မနောခတ်)ခတ်တဆယ့်ခြောက်ပါးတို့သည် နီဝရဏနှင့် မယှဉ်ကုန်။

အချို့သော(မနောဝိညာဏခတ်၊ ဓမ္မခတ်)ခတ်နှစ်ပါးတို့သည် နီဝရဏနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော(မနောဝိညာဏခတ်၊ ဓမ္မခတ်)ခတ်နှစ်ပါးတို့သည် နီဝရဏနှင့် မယှဉ်ကုန်(ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၄၇) **နီဝရဏ နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ခတ် ၁၀-ပါး၊ပဉ္စဝိညာဏခတ် ၅-ပါး၊ မနောခတ်)ခတ် တဆယ့်ခြောက်ပါးတို့ကို နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်းဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။

---

၁-၂။ ဩဃဂေါစ္ဆကနှင့် ယောဂဂေါစ္ဆက အဖြေဝိသဇ္ဇနာများသည် အာသဝဂေါစ္ဆက အဖြေများနှင့်ထပ်တ ဖြစ်သဖြင့် ပေယျာလချန်ထားသည်၊ ထိုအာသဝဂေါစ္ဆကနည်းအတိုင်း ချဲ့ပါလေ။

၃။ နီဝရဏတရားကိုယ် ၈-ပါး=လောဘ၊ဒေါသ၊ထိန၊မိဒ္ဓ၊ဥဒ္ဓစ္စ၊ကုက္ကုစ္စ၊ဝိစိကိစ္ဆာ၊မောဟ။

(ရုပ်ဓာတ် ၁၁-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့သည် နီဝရဏ၏အာရုံသာဖြစ်၍ နီဝရဏ မမည်ကုန်။

မနောဝိညာဏဓာတ်ကို နီဝရဏလည်း မည်၍ နီဝရဏ၏အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏဓာတ်သည် နီဝရဏ၏အာရုံသာဖြစ်၍ နီဝရဏ မမည်ချေ(လောကီ စိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနောဝိညာဏ[illegible] နိ[illegible]၏အာရုံလည်းဖြစ်၍ နီဝရဏလည်း မမည်ဟု မဆိုအပ်ချေ(လောကုတ္တရာစိတ်)။

အချို့သော ဓမ္မဓာတ်သည် နီဝရဏလည်း မည်၍ နီဝရဏ၏အာရုံလည်း ဖြစ်၏ (နီဝရဏ တရားကိုယ် ၈-ပါး)၊ အချို့သော ဓမ္မဓာတ်သည် နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ချေ (နီဝရဏတရားကိုယ်ကြဉ်သော လောကီစိတ်အားလုံးတို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်း ဖြစ်၏ဟူ၍ ၎င်း နီဝရဏ၏အာရုံသာဖြစ်၍ နီဝရဏ မမည်ဟူ၍၎င်း မဆိုအပ်ချေ(လောကုတ္တရာ စိတ်၌ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏိ၊ပဒ-၁၅၁၀)

(၄၇) နီဝရဏ.နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ် တဆယ့် ခြောက်ပါးတို့ကို နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်ကုန်၏ဟူ၍၎င်း နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ကုန်ဟူ၍၎င်း မဆိုအပ်ကုန်။ (ဒုက်မုတ်)

မနောဝိညာဏဓာတ်ကို နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏဓာတ်သည် နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ချေ(အကုသိုလ် စိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနောဝိညာဏဓာတ်ကို နီဝရဏနှင့်လည်း ယှဉ်၍ နီဝရဏလည်း မမည်ဟု မဆိုအပ်ချေ။ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ (ဏိ၊ပဒ-၁၅၁၂)

အချို့သော ဓမ္မဓာတ်သည် နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ (နီဝရဏတရား ကိုယ် ၈-ပါး)၊ အချို့သော ဓမ္မဓာတ်သည် နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ချေ (နီဝရဏ တရားကိုယ်ကြဉ်သော အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ဟူ၍၎င်း နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ဟူ၍၎င်း မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏိ၊ပဒ-၁၅၁၂)

(၄၈) နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်)ဓာတ် တဆယ့် ခြောက်ပါးတို့သည် နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏အာရုံသာ ဖြစ်ကုန်၏။

http://www.dhammadownload.com



အချို့သော(မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်)ဓာတ်နှစ်ပါးတို့သည် နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် နိဝရဏနှင့်လည်း မယှဉ်မူ၍ နိဝရဏ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို နိဝရဏနှင့်မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ရင်း နိဝရဏနှင့်လည်း မယှဉ်မူ၍ နိဝရဏ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (နိဝရဏသမ္ပယုတ္တဓမ္မ=အကုသိုလ်စိတ္တုပ္ပါဒ်)။ (ဏီ၊ပဒ-၁၅၁၄)

(နိဝရဏ ဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

---

(၉-ပရာမာသ[၁] ဂေါစ္ဆက ဒုက် ၅-ခု အဖြေဝိသဇ္ဇနာ)

(၅၀) ပရာမာသဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ဝိညာဏဓာတ် ၇-ပါး) ဓာတ် တဆယ့်ခုနစ်ပါးတို့သည် မှားသော သုံးသပ်မှု 'ပရာမာသ' (ဒိဋ္ဌိ)မမည်ကုန်။

အချို့သော ဓမ္မဓာတ်သည် ပရာမာသမည်၏ (ဒိဋ္ဌိ)၊ အချို့သော ဓမ္မဓာတ်သည် ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော စေတသိက် ၅၁-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၅၁) ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပရာမာသ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၅၂) ပရာမာသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ကုန်။

အချို့သော မနောဝိညာဏဓာတ်သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး)၊ အချို့သော မနောဝိညာဏဓာတ်သည် ပရာမာသနှင့် မယှဉ်ချေ (ကြွင်းသောစိတ်များ)။

အချို့သော ဓမ္မဓာတ်သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (ဒိဋ္ဌိကြဉ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရှိသော စေတသိက်များ)၊ အချို့သော ဓမ္မဓာတ်သည် ပရာမာသနှင့် မယှဉ်ချေ (ကြွင်းသောစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

၁။ ပရာမာသ=(ပရ=အခြားတပါး၊ အမှန်တရားမှတပါးဖြစ်သော မှားယွင်းမှု။ အာ=လွန်စွာ။မသ= သုံးသပ်ခြင်း)မှားသော သုံးသပ်ခြင်း၊ မှားယွင်းစွာသုံးသပ်မှု။ (=ဒိဋ္ဌိ)

http://www.dhammadownload.com



ဒုက်မှတ်။ ။အချို့သော ဓမ္မဓာတ်ကို ပရာမာသနှင့် ယှဉ်၏ဟူ၍ရင်း ပရာမာသနှင့် မယှဉ်ဟူ၍ရင်း မဆိုအပ်ချေ (ဒိဋ္ဌိ)။ (ဏ၊ပဒ-၁၅၂၀)

(၅၃) ပရာမာသ ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့ကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏)အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန်။

မနောဝိညာဏဓာတ်ကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏဓာတ်သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (လောကီစိတ်များ)။

ဒုက်မှတ်။ ။အချို့သော မနောဝိညာဏဓာတ်ကို ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မဓာတ်သည် ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)၊ အချို့သော ဓမ္မဓာတ်သည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော လောကီစိတ်တို့၌ရှိသော စေတသိက်၊ သုခုမရုပ်)။

ဒုက်မှတ်။ ။အချို့သော ဓမ္မဓာတ်ကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟူ၍ရင်း၊ ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ဟူ၍ရင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်တို့၌ရှိသော စေတသိက်၊နိဗ္ဗာန်)။

(၅၄) ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့သည် ပရာမာသနှင့်(ဒိဋ္ဌိနှင့်)မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊နိဗ္ဗာန်)။

ဒုက်မှတ်။ ။အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ရင်း ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်)။ (ဏ၊ပဒ-၁၅၂၄)

(ပရာမာသဂေါစ္ဆက ဒုက် ၅-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

http://www.dhammadownload.com



(၁၀-မဟန္တရဒုက် ၁၄-ခု အဖြေဝိသဇ္ဇနာ)

(၅၅) သာရမ္မဏဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခေတ် ၁၀-ပါး) ခေတ်ဆယ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန် (အာရုံမပြုတတ်ချေ)။

(ဝိညာဏခေတ် ၇-ပါး) ခေတ်ခုနစ်ပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏ (အာရုံပြုတတ်ကုန်၏) (စိတ် ၈၉-ပါး အားလုံး)။

အချို့သော ဓမ္မခေတ်သည် အာရုံပြုခြင်းရှိ၏ (အာရုံပြုတတ်၏) (စေတသိက်များ)၊ အချို့သော ဓမ္မခေတ်သည် အာရုံပြုခြင်း မရှိ (အာရုံမပြုတတ်ချေ) (သုခုမရုပ်၊နိဗ္ဗာန်)။

(၅၆) စိတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။(ဝိညာဏခေတ် ၇-ပါး) ခေတ်ခုနစ်ပါးတို့သည် အာရုံကို သိတတ်သော သဘောရှိသော 'စိတ်' မည်ကုန်၏။

(ရုပ်ခေတ် ၁၀-ပါး၊ဓမ္မခေတ်) ခေတ်တဆယ့်တပါးတို့သည် စိတ်မမည်ကုန် (ရုပ် ၂၈-ပါး၊ စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်)။

(၅၇) စေတသိကဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခေတ် ၁၀-ပါး၊ ဝိညာဏခေတ် ၇-ပါး) ခေတ်တဆယ့်ခုနစ်ပါးတို့သည် စေတသိက် မမည်ကုန်။

အချို့သော ဓမ္မခေတ်သည် စေတသိက်မည်၏ (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မခေတ်သည် စေတသိက် မမည်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။

(၅၈) စိတ္တသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခေတ် ၁၀-ပါး၊) ခေတ်ဆယ်ပါးတို့သည် စိတ်နှင့် မယှဉ်ကုန် (ဩဠာရိကရုပ် ၁၂-ပါး)။

အချို့သော ဓမ္မခေတ်သည် စိတ်နှင့်ယှဉ်၏ (စေတသိက် ၅၂-ပါး)၊အချို့သော ဓမ္မခေတ်သည် စိတ်နှင့် မယှဉ်ချေ (သုခုမရုပ်၊နိဗ္ဗာန်)။

ဒုက်မှတ်။ ။(ဝိညာဏခေတ် ၇-ပါး) ခေတ်ခုနစ်ပါးတို့ကို စိတ်နှင့်ယှဉ်ကုန်၏ဟူ၍ရင်း စိတ်နှင့် မယှဉ်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (စိတ်ကို စိတ်နှင့်ယှဉ်၏ဟူ၍ရင်း မယှဉ်ဟူ၍ရင်း မဆိုအပ်ချေ)။

(၅၉) စိတ္တသံသဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခေတ် ၁၀-ပါး) ခေတ်ဆယ်ပါးတို့သည် စိတ်နှင့် မနှီးနှော မရောနှောကုန် (စိတ်နှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅-ပါး၊ အာရုံငါးပါး)။

အချို့သော ဓမ္မခေတ်သည် စိတ်နှင့် နှီးနှော၏ (စိတ်နှင့်ယှဉ်၏) (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မခေတ်သည် စိတ်နှင့် မနှီးနှောချေ (သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မှတ်။ ။(ဝိညာဏခေတ် ၇-ပါး)ခေတ်ခုနစ်ပါးတို့ကို စိတ်နှင့် နှီးနှောရောနှောကုန်၏ဟူ၍ရင်း စိတ်နှင့်မနှီးနှောကုန်ဟူ၍ရင်း မဆိုအပ်ကုန်။

(၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ။ ။(ပသာဒရုပ်ခေတ် ၅-ပါး၊ ဝိညာဏခေတ် ၇-ပါး) ခေတ်တဆယ့်နှစ်ပါးတို့သည် စိတ်ကြောင့် မဖြစ်ကုန်။

http://www.dhammadownload.com



အချို့သော (ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဓမ္မဓာတ်) ဓာတ်ခြောက်ပါးတို့သည် စိတ်ကြောင့်ဖြစ်ကုန်၏ (စိတ္တဇအာရုံငါးပါး၊ စိတ္တဇသုခုမရုပ်၊ စေတသိက်များ)၊ အချို့သော (အာရုံ ၅-ပါး၊ ဓမ္မဓာတ်) ဓာတ်ခြောက်ပါးတို့သည် စိတ်ကြောင့်မဖြစ်ကုန် (စိတ္တဇမဟုတ်သော အာရုံ ၅-ပါး၊ စိတ္တဇသုခုမရုပ်မှ ကြွင်းသော တိဇသုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၃၅၊ ၁၅၃၆)

(၆၁) စိတ္တသဟဘုဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ဝိညာဏဓာတ် ၇-ပါး) ဓာတ်တဆယ့်ခုနစ်ပါး တို့သည် စိတ်နှင့်တကွ မဖြစ်ကုန် (စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ချေ)။

အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်တကွဖြစ်၏(စိတ်နှင့်အတူဖြစ် အတူပျက်ဖြစ်၏)(စေတသိက် ၅၂-ပါး၊ သုခုမရုပ်ဖြစ်သော ဝိညတ်ဒွေ)၊ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်တကွမဖြစ်(စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ)(ဝိညတ်ဒွေကြဉ်သော သုခုမရုပ် ၁၄-ပါး၊ နိဗ္ဗာန်)။

(၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ဝိညာဏဓာတ် ၇-ပါး) ဓာတ်တဆယ့်ခုနစ်ပါးတို့သည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်ကုန်(စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ကုန်)။

အချို့သော ဓမ္မဓာတ်သည် စိတ်သို့အစဉ်လိုက်၍ ဖြစ်၏(စိတ်နှင့်အတူဖြစ် အတူပျက်ဖြစ်၏) (စေတသိက်များ၊ ဝိညတ်ဒွေး)၊ အချို့သော ဓမ္မဓာတ်သည် စိတ်သို့အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ချေ)(ဝိညတ်ဒွေကြဉ်သော သုခုမရုပ် ၁၄-ပါး၊နိဗ္ဗာန်)။

(၆၃) စိတ္တသံသဋ္ဌ သမုဋ္ဌာနဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ဝိညာဏဓာတ် ၇-ပါး) ဓာတ် တဆယ့်ခုနစ်ပါးတို့သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍(စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ကုန် (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး၊ စိတ် ၇၉-ပါး)။

အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်လည်း နှီးနှောရောနှော၍(စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၏(စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၄၁၊ ၁၅၄၂)

(၆၄) စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘုဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ဝိညာဏဓာတ် ၇-ပါး) ဓာတ်တဆယ့်ခုနစ်ပါးတို့သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍(စိတ်နှင့် မယှဉ်မူ၍), စိတ်ကြောင့်လည်း မဖြစ်မူ၍, စိတ်နှင့်လည်းတကွ မဖြစ်ကုန်(စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ကုန်)(ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး၊ စိတ် ၇၉-ပါး)။

အချို့သောဓမ္မဓာတ်သည်စိတ်နှင့်လည်း နှီးနှောရောနှော၍(စိတ်နှင့်လည်းယှဉ်၍),စိတ်ကြောင့်လည်းဖြစ်၍, စိတ်နှင့်လည်း တကွဖြစ်၏(စိတ်နှင့်အတူဖြစ် အတူပျက်ဖြစ်၏)(စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍),

http://www.dhammadownload.com



စိတ်ကြောင့်လည်း မဖြစ်မူ၍, စိတ်နှင့်လည်း တကွမဖြစ်ချေ(စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ချေ)(သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၄၃၊ ၁၅၄၄)

(၆၅) စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ခေတ် ၁၀-ပါး၊ ဝိညာဏခေတ် ၇-ပါး) ခေတ်တဆယ့်ခုနစ်ပါးတို့သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍(စိတ်နှင့်လည်း မယှဉ်မူ၍), စိတ်ကြောင့်လည်းမဖြစ်မူ၍, စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ကုန်(စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ကုန်)။

အချို့သော ဓမ္မခေတ်သည် စိတ်နှင့်လည်း နှီးနှောရောနှော၍(စိတ်နှင့်လည်း ယှဉ်၍), စိတ်ကြောင့်လည်း ဖြစ်၍, စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့်အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂-ပါး)၊ အချို့သော ဓမ္မခေတ်သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍), စိတ်ကြောင့်လည်း မဖြစ်မူ၍, စိတ်သို့လည်း အစဉ်လိုက်၍မဖြစ်ကုန် (စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၄၅၊ ၁၅၄၆)

(၆၆) အဇ္ဈတ္တိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ပသာဒရုပ်ခေတ် ၅-ပါး၊ ဝိညာဏခေတ် ၇-ပါး) ခေတ် တဆယ့်နှစ်ပါးတို့သည် အတွင်း သန္တာန်၌ဖြစ်ကုန်၏၊ (ရူပခေတ်၊ သဒ္ဒခေတ်၊ ဂန္ဓခေတ်၊ ရသခေတ်၊ ဖောဋ္ဌဗ္ဗခေတ်၊ ဓမ္မခေတ်) ခေတ်ခြောက်ပါးတို့သည် အပသန္တာန်၌ ဖြစ်ကုန်၏ (အာရုံ ၅-ပါး၊ ဓမ္မခေတ်ဖြစ်သော စေတသိက်, သုခုမရုပ်,နိဗ္ဗာန်)။

(၆၇) ဥပါဒါဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ဖောဋ္ဌဗ္ဗခေတ် ကြဉ်သော ရုပ်ခေတ် ၉-ပါး) ခေတ်ကိုးပါးတို့သည် (မဟာဘုတ်ကို) မှီ၍ ဖြစ်ကုန်၏။

(ဖောဋ္ဌဗ္ဗခေတ်၊ ဝိညာဏခေတ် ၇-ပါး) ခေတ်ရှစ်ပါးတို့သည်(မဟာဘုတ်ကို) မှီ၍ မဖြစ်ကုန်။

အချို့သော ဓမ္မခေတ်သည် (မဟာဘုတ်ကို) မှီ၍ ဖြစ်၏ (အာပေါ ကြဉ်သော သုခုမရုပ် ၁၅-ပါး)၊ အချို့သော ဓမ္မခေတ်သည် (မဟာဘုတ်ကို) မှီ၍ မဖြစ်ချေ (စေတသိက် ၅၂-ပါး၊ အာပေါ၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၅၀)

(၆၈) ဥပါဒိန္နဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ပသာဒရုပ်ခေတ် ၅-ပါး၊ ပဉ္စဝိညာဏခေတ် ၅-ပါး) ခေတ်ဆယ်ပါး တို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည်[၁] အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံ ဖြစ်သော ကံ ကြောင့်ဖြစ်၏) (ကမ္မဇရုပ်ဖြစ်သည့် ပသာဒရုပ် ၅-ပါး၊ ဒွေ ပဉ္စဝိညာဉ် ၁၀-ပါး)။

သဒ္ဒခေတ်သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ချေ (ကမ္မဇရုပ် မဟုတ်ချေ)။

အချို့သော (မနောခေတ်၊ မနောဝိညာဏခေတ်၊ ဓမ္မခေတ်၊ သဒ္ဒခေတ် ကြဉ်သော ရုပ်အာရုံခေတ် ၄-ပါး) ခေတ် ၇-ပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် ဖြစ်၏) (ဒွေ ပဉ္စဝိညာဉ် ကြဉ်သော လောကီ ဝိပါက်စိတ်နှင့် ယှဉ်ဘက် စေတသိက်များ၊ အနေကန် ကမ္မဇရုပ်များ)၊

---

၁။ အတိတ်ဘဝ လောကီ ကုသိုလ်ကံ, အကုသိုလ်ကံ။

http://www.dhammadownload.com



အချို့သော (မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်၊ သဒ္ဒဓာတ် ကြဉ်သော ရုပ်အာရုံဓာတ် ၄-ပါး) ဓာတ်ခုနစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ချေ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်ချေ) (ကုသိုလ်, အကုသိုလ်, ကြိယာ, ဖိုလ်နှင့်ယှဉ်ဘက် စေတသိက်များ၊ ကမ္မဇရုပ် ကြဉ်သော တိဇရုပ်၊ နိဗ္ဗာန်)။(အဓိပဒ-၁၅၅၂)

(မဟန္တရဒုက် ၁၄-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

---

(၁၁-ဥပါဒါနဂေါစ္ဆက ဒုက် ၆-ခုအဖြေဝိသဇ္ဇနာ)

(၆၉) ဥပါဒါနဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁ဝ-ပါး၊ ဝိညာဏဓာတ် ၇-ပါး) ဓာတ်တဆယ့်ခုနစ်ပါးတို့သည် ပြင်းစွာကပ်ငြိစွဲလမ်းမှုသဘော 'ဥပါဒါန်'မမည်ကုန်။

အချို့သော ဓမ္မဓာတ်သည် ဥပါဒါန် မည်၏ (လောဘ,ဒိဋ္ဌိ)၊ အချို့သော ဓမ္မဓာတ်သည် ဥပါဒါန် မမည်ချေ (လောဘ,ဒိဋ္ဌိ ကြဉ်သော စေတသိက် ၅ဝ-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၇ဝ)ဥပါဒါနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁ဝ-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် ဥပါဒါန်၏ (လောဘ,ဒိဋ္ဌိတို့၏) အာရုံ ဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံ ဖြစ်ကုန်၏ (လောကီ စိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပါဒါန်၏အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၇၁) ဥပါဒါနသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁ဝ-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါး တို့သည် ဥပါဒါန်နှင့် (လောဘ,ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန်။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပါဒါန်နှင့် ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘကြဉ်သော လောဘမူစိတ္တုပ္ပါဒ်)၊ အချို့သော (မနော-ဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘ၊ လောဘမူစိတ် ၈-ပါးမှ ကြွင်းသော မနောဝိညာဏဓာတ် စိတ် ၆၈-ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၇၂) ဥပါဒါန ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁ဝ-ပါး၊ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ထိုဓာတ်တဆယ့်ခြောက်ပါးတို့သည်)ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ကုန်။

မနောဝိညာဏဓာတ်ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏဓာတ်သည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ချေ (လောကီစိတ်များ)။

http://www.dhammadownload.com



ဒုက်မုတ်။ ။အချို့သော မနောဝိညာဏဓာတ်ကို ဥပါဒါန်၏ အာရုံလည်းဖြစ်၍ ဥပါဒါန်လည်း မမည်ဟု မဆိုအပ်ချေ(လောကုတ္တရာစိတ်များ)။

အချို့သော ဓမ္မဓာတ်သည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မဓာတ်သည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ဟူ၍ ၎င်း ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ဟူ၍၎င်း မဆိုအပ်ချေ(လောကုတ္တရာ စိတ်၌ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၆၀)

(၇၃) ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့် ခြောက်ပါးတို့ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်ကုန်၏ဟူ၍ရင်း, ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်ကုန်ဟူ၍ရင်း မဆိုအပ်ကုန်။ (ဒုက်မုတ်)

မနောဝိညာဏဓာတ်ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏဓာတ်သည် ဥပါဒါန်နှင့် (လောဘ,ဒိဋ္ဌိနှင့်) သာယှဉ်၍ ဥပါဒါန် မမည်ချေ(လောဘမူစိတ် ၈-ပါး)။

ဒုက်မုတ်။ ။အချို့သော မနောဝိညာဏဓာတ်ကို ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန် မမည်ဟု မဆိုအပ်ချေ (ဥပါဒါနဝိပ္ပယုတ္တစိတ်=လောဘမူစိတ် ၈-ပါးကြဉ်သောစိတ်များ)။

အချို့သော ဓမ္မဓာတ်သည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ်၌ရှိသော လောဘ,ဒိဋ္ဌိ)၊ အချို့သော ဓမ္မဓာတ်သည် ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန်မမည်ချေ (လောဘနှင့် ဒိဋ္ဌိကြဉ်သော လောဘမူစိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟူ၍ရင်း, ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန် မမည်ဟူ၍ရင်း မဆိုအပ်ချေ (လောဘမူစိတ်မှ တပါးသောစိတ်တို့၌ရှိသော စေတသိက်များ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ သုခုမ ရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၆၂)

(၇၄) ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏ ဓာတ် ၅-ပါး၊ မနောဓာတ်)ဓာတ် တဆယ့်ခြောက်ပါးတို့သည် ဥပါဒါန်နှင့်မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ လောဘမူစိတ် ၈-ပါး ကြဉ်သော လောကီစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်(လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

http://www.dhammadownload.com



ဒုက်မုတ်။ ။အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာဖြစ်ကုန်၏ဟူ၍ရင်း ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ရင်း မဆိုအပ်ချေ (ဥပါဒါနသမ္ပယုတ်စိတ္တုပ္ပါဒ်=ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘကြဉ်သည့် လောဘမူစိတ္တုပ္ပါဒ်)။ (ဏီ၊ပဒ-၁၅၆၄)

(ဥပါဒါနဂေါစ္ဆက ဒုက် ၆-ခုအဖြေ ဝိသဇ္ဇနာ ပြီး၏။)

---

(၁၂-ကိလေသဂေါစ္ဆက ဒုက် ၈-ခု အဖြေ ဝိသဇ္ဇနာ)

(၇၅) ကိလေသဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ဝိညာဏဓာတ် ၇-ပါး) ဓာတ်တဆယ့်ခုနစ်ပါးတို့သည် သတ္တဝါတို့ကို ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သောသဘော 'ကိလေသာ' မမည်ကုန် (ပသာဒရုပ် ၅-ပါး၊ အာရုံ ၅-ပါး၊ စိတ် ၈၉-ပါး)။

အချို့သော ဓမ္မဓာတ်သည် ကိလေသာမည်၏ (ကိလေသာတရားကိုယ် ၁၀-ပါး[၁])၊ အချို့သော ဓမ္မဓာတ်သည် ကိလေသာမမည်ချေ (ကိလေသာတရားကိုယ် ၁၀-ပါးကြဉ်သော စေတသိက်၊ ၄၂-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(၇၆) သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့သည် ကိလေသာ၏ အာရုံဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာ၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာ၏ အာရုံမဖြစ်ကုန်) (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၇၇) သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် ကိလေသာတို့သည် မပူပန်စေအပ် မနှိပ်စက်အပ်ကုန် (ကိလေသာနှင့်မယှဉ်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်၏ (ကိလေသာနှင့်ယှဉ်၏) (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာတို့သည် မပူပန်စေအပ်ကုန် (ကိလေသာနှင့်မယှဉ်) (ကုသိုလ်,ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်များ၊သုခုမရုပ်၊နိဗ္ဗာန်)။(ဏီ၊ပဒ-၁၅၇၀)

(၇၈) ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ် တဆယ့်ခြောက်ပါးတို့သည် ကိလေသာနှင့်မယှဉ်ချေ။

---

၁-ကိလေသာ ၁၀-ပါး=လောဘ၊ဒေါသ၊မောဟ၊မာန၊ဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ထိန၊ဥဒ္ဓစ္စ၊အဟိရိက၊အနောတ္တပ္ပ။

http://www.dhammadownload.com



အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာနှင့်ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၃၂)

(၉) ကိလေသ သံကိလေသိကဒုက် အမြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့ကို ကိလေသာလည်းမည်၍ ကိလေသာ၏ အာရုံလည်းဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ထိုဓာတ်တဆယ့်ခြောက်ပါးတို့သည်) ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ချေ။

မနောဝိညာဏဓာတ်ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏဓာတ်သည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာမမည်ချေ (လောကီစိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနောဝိညာဏဓာတ်ကို ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။

အချို့သော ဓမ္မဓာတ်သည် ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်းဖြစ်၏ (ကိလေသာတရားကိုယ် ၁၀-ပါး)၊ အချို့သော ဓမ္မဓာတ်သည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ်ကြဉ်သော လောကီစိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်းဖြစ်၏ဟူ၍ရင်း ကိလေသာ၏အာရုံသာဖြစ်၍ ကိလေသာ မမည်ဟူ၍ရင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၃၄)

(၁၀) ကိလေသ သံကိလိဋ္ဌဒုက် အမြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့ကို ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ် နှိပ်စက်အပ်ကုန်၏ ဟူ၍ရင်း (ကိလေသာနှင့် ယှဉ်၏ ဟူ၍ရင်း), ကိလေသာတို့သည် ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာ မမည်ကုန်ဟူ၍ရင်း မဆိုအပ်ချေ။

မနောဝိညာဏဓာတ်ကို ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာနှင့် ယှဉ်၏)ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏဓာတ်သည် ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာမမည်ချေ (အကုသိုလ်စိတ်)။

ဒုက်မုတ်။ ။အချို့သော မနောဝိညာဏဓာတ်ကို ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာ မမည်ဟူ၍ မဆိုအပ်ချေ (ကုသိုလ်၊ ဝိပါက်၊ ကြိယာ စိတ်များ)၊

အဘိမြန် ၂-၂၃—

http://www.dhammadownload.com



အချို့သော ဓမ္မဓာတ်သည် ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာတရားကိုယ် ၁၀-ပါး)၊ အချို့သော ဓမ္မဓာတ်သည် ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ် ၁၀-ပါး ကြဉ်သော အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်ကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ ဟူ၍ရင်း (ကိလေသာနှင့် ယှဉ်၏ ဟူ၍ရင်း) ကိလေသာတို့သည် ပူပန်စေအပ်၍ ကိလေသာ မမည်ဟူ၍ရင်း မဆိုအပ်ချေ (ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၇၇)

(၈၁) ကိလေသ ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့ကို ကိလေသာလည်းမည်၍ ကိလေသာနှင့်လည်း ယှဉ်ကုန်၏ဟူ၍ရင်း, ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ကုန်ဟူ၍ရင်း မဆိုအပ်ကုန်(ဒုက်မုတ်)။

မနောဝိညာဏဓာတ်ကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။

အချို့သော မနောဝိညာဏဓာတ်သည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ချေ (အကုသိုလ်စိတ်များ)။

ဒုက်မုတ်။ ။အချို့သော မနောဝိညာဏဓာတ်ကို ကိလေသာနှင့်သာယှဉ်၍ ကိလေသာမမည်ဟု မဆိုအပ်ချေ (ကိလေသဝိပ္ပယုတ္တစိတ်=ကုသိုလ်၊ဝိပါက်၊ ကြိယာစိတ်များ)။

အချို့သော ဓမ္မဓာတ်သည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (ကိလေသာတရားကိုယ် ၁၀-ပါး)၊ အချို့သော ဓမ္မဓာတ်သည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ် ၁၀-ပါးကြဉ်သည့် အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။အချို့သော ဓမ္မဓာတ်သည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ ဟူ၍ရင်း ကိလေသာနှင့်သာယှဉ်၍ ကိလေသာ မမည်ဟူ၍ရင်း မဆိုအပ်ချေ (ကိလေသဝိပ္ပယုတ္တဓမ္မ=ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၇၈)

(၈၂) ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်)ဓာတ်နှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

http://www.dhammadownload.com



ဒုက်မုတ်။ ။အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို ကိလေသာနှင့်မယှဉ်မူ၍ ကိလေသာ၏အာရုံသာ ဖြစ်ကုန်၏ဟူ၍ရင်း, ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏အာရုံလည်း မဖြစ်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (ကိလေသသမ္ပယုတ္တဓမ္မ=အကုသိုလ်စိတ္တုပ္ပါဒ်)။ (ဏီ၊ပဒ-၁၅၇၀)

(ကိလေသဂေါစ္ဆက ဒုက် ၈-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

---

(၁၃-ပိဋ္ဌိ ဒုက် ၁၈-ခု အဖြေ ဝိသဇ္ဇနာ)

(၈၃) ဒဿနေနပဟာတဗ္ဗဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်)ဓာတ် တဆယ့်ခြောက်ပါးတို့ကို (နိဗ္ဗာန်ကို ရှေးဦးစွာမြင်သဖြင့်) 'ဒဿန'မည်သော သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်)ဓာတ်နှစ်ပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော(မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို သောတာပတ္တိမဂ်သည် မပယ်အပ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၇၁,၁၅၇၂)

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့ကို (သောတာပတ္တိမဂ်မြင်ပြီးသည့် နိဗ္ဗာန်ကို ပွါးများခြင်းအားဖြင့် တဖန်တပ်၍ မြင်သဖြင့်) 'ဘာဝနာ'မည်သော အထက်မဂ်သုံးခုတို့သည် မပယ်အပ်ကုန်။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို အထက်မဂ်သုံးခုတို့သည် ပယ်အပ်ကုန်၏(ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ပါး၊ ဒေါသမူ ၂၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၊ ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်)ဓာတ်နှစ်ပါးတို့ကို အထက်မဂ်သုံးခုတို့သည် မပယ်အပ်ကုန်(ကြွင်းသောစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၇၃,၁၅၇၄)

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်)ဓာတ် တဆယ့်ခြောက်ပါးတို့သည် ဒဿနမည်သော သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်[၁] မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်)ဓာတ်နှစ်ပါးတို့သည် သောတာပတ္တိမဂ်ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ မောဟကြဉ်သော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သောတာပတ္တိမဂ်ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်)(ဝိစိကိစ္ဆာစိတ်၌ရှိသော မောဟ၊ ကြွင်းသောစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၇၅, ၁၅၇၆)

---

၁။ သောတာပတ္တိမဂ်ပယ်သည့် ဟိတ်များမှာ—လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘနှင့် မောဟ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော မောဟတို့သာဖြစ်သည်။

http://www.dhammadownload.com



**(၁၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက် အပေါ်ပြ ဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် ဘာဝနာမည်သော အထက်မဂ်သုံးခုတို့ ပယ်အပ်သောဟိတ် မရှိကုန်။

အချို့သော(မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်)ဓာတ်နှစ်ပါးတို့သည် အထက်မဂ်သုံးခုတို့ ပယ်အပ်သော ဟိတ်ရှိကုန်၏(ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူဒွေစိတ္တုပ္ပါဒ်၊ မောဟကြည်သည့် ဥဒ္ဓစ္စစိတ္တုပ္ပါဒ်)၊ အချို့သော(မနောဝိညာဏဓာတ်၊ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အထက်မဂ်သုံးခုတို့ ပယ်အပ်သော ဟိတ်မရှိကုန်(ဟိတ်နှင့်မယှဉ်ကုန်) (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟ၊ ကြွင်းသောစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၇၇,၁၅၈၈)

**(၁၇) သဝိတက္ကဒုက် အပြေ ဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး) ဓာတ်တဆယ့်ငါးပါးတို့သည် ဝိတက် မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်)။

မနောဓာတ်သည် ဝိတက် ရှိ၏ (ဝိတက်နှင့် ယှဉ်၏) (ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်း ဒွေ)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝိတက်ရှိကုန်၏ (ဝိတက်နှင့် ယှဉ်ကုန်၏) (မနောဓာတ်ကြွင်းသော သဝိတက္ကစိတ် ၅၂-ပါး၊ ဝိတက် ကြွင်းသည့် သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော ဝိတက် ၅၅-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၁၈) သဝိစာရဒုက် အပြေ ဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး) ဓာတ်တဆယ့်ငါးပါးတို့သည် ဝိစာရမရှိကုန် (ဝိစာရနှင့် မယှဉ်ကုန်)။

မနောဓာတ်သည် ဝိစာရ ရှိ၏ (ဝိစာရနှင့် ယှဉ်၏) (ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်း ဒွေ)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝိစာရ ရှိကုန်၏ (ဝိစာရနှင့် ယှဉ်ကုန်၏) (မနောဓာတ်ကြွင်းသော သဝိစာရစိတ် ၆၃-ပါး၊ ဝိစာရ ကြွင်းသည့် သဝိစာရစိတ် ၆၆-ပါး၌ရှိသော စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝိစာရ မရှိကုန် (ဝိစာရနှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်၊ သဝိစာရ စိတ်၌ရှိသော ဝိစာရ ၆၆-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်၊) (ဏီ၊ပဒ-၁၅၉၂)

**(၁၉) သပ္ပီတိကဒုက် အပြေ ဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ်၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် ပီတိ မရှိကုန် (ပီတိနှင့် မယှဉ်ကုန်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပီတိ ရှိကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (သပ္ပီတိကစိတ် ၅၁-ပါး၊ ပီတိ ကြွင်းသော ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပီတိမရှိကုန် (ပီတိနှင့်

မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်၊ သပ္ပီတိကစိတ် ၅၁-ပါး၌ရှိသော ပီတိ ၅၁-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၉၀) ပီတိသဟဂတဒုက် အမြေ ဝိသဇ္ဇနာ။** ။(ရုပ်ခေတ် ၁၀-ပါး၊ ပဉ္စဝိညာဏခေတ် ၅-ပါး၊ မနောခေတ်) ခေတ်တဆယ့်ခြောက်ပါး တို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့် မယှဉ်ကုန်)။

အချို့သော (မနောဝိညာဏခေတ်၊ ဓမ္မခေတ်) ခေတ်နှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (သပ္ပီတိကစိတ် ၅၁-ပါး၊ ပီတိကြဉ်သော ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနောဝိညာဏခေတ်၊ ဓမ္မခေတ်) ခေတ်နှစ်ပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်၊ သပ္ပီတိကစိတ် ၅၁-ပါး၌ ရှိသော ပီတိ ၅၁-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၉၆)

**(၉၁) သုခသဟဂတဒုက် အမြေဝိသဇ္ဇနာ။** ။(ရုပ်ခေတ် ၁၀-ပါး၊ စက္ခုဝိညာဏခေတ်၊ သောတ ဝိညာဏခေတ်၊ ဃာနဝိညာဏခေတ်၊ ဇိဝှါဝိညာဏခေတ်တည်းဟူသော စတုဝိညာဏခေတ် ၄-ပါး၊ မနောခေတ်) ခေတ်တဆယ့်ငါးပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန် (သုခဝေဒနာနှင့် မယှဉ်ချေ)။

အချို့သော (ကာယဝိညာဏခေတ်၊ မနောဝိညာဏခေတ်၊ ဓမ္မခေတ်) ခေတ်သုံးပါးတို့သည် သုခဝေဒနာနှင့် တကွဖြစ်ကုန်၏ (သုခဝေဒနာနှင့် ယှဉ်ကုန်၏) (သုခသဟဂုတ်စိတ်[၁] ၆၃-ပါး၊ ဝေဒနာကြဉ်သော ယှဉ်ဘက်စေတသိက်များ)၊ အချို့သော(ကာယဝိညာဏခေတ်၊ မနောဝိညာဏခေတ်၊ ဓမ္မခေတ်) ခေတ်သုံးပါးတို့သည် သုခဝေဒနာနှင့်တကွမဖြစ်ကုန်(သုခဝေဒနာနှင့် မယှဉ်ကုန်) (ကြွင်းသောစိတ္တုပ္ပါဒ်၊ သုခသဟဂုတ်စိတ် ၆၃-ပါး၌ရှိသော သုခဝေဒနာ ၆၃-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၅၉၇)

**(၉၂) ဥပေက္ခာသဟဂတဒုက် အမြေဝိသဇ္ဇနာ။** ။(ရုပ်ခေတ် ၁၀-ပါး၊ ကာယဝိညာဏခေတ်) ခေတ် တဆယ့်တပါးတို့သည် ဥပေက္ခာဝေဒနာနှင့် တကွမဖြစ်ကုန် (ဥပေက္ခာနှင့် မယှဉ်ကုန်)။

(ကာယဝိညာဏခေတ် ကြဉ်သည့် စတုဝိညာဏခေတ် ၄-ပါး၊ မနောခေတ်) ခေတ်ငါးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

အချို့သော (မနောဝိညာဏခေတ်၊ ဓမ္မခေတ်)ခေတ်နှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏) (စက္ခု,သောတ,ဃာန,ဇိဝှါဝိညာဏခေတ် ၄-ပါးနှင့် မနောခေတ် ကြဉ်သော ဥပေက္ခာသဟဂုတ် စိတ် ၄၄-ပါး၊ ဝေဒနာကြဉ်သော ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏခေတ်၊ ဓမ္မခေတ်) ခေတ်နှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာနှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၌ရှိသော ဥပေက္ခာဝေဒနာ ၅၅-ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ–၁၆၀၀)

---

၁။ သုခသဟဂုတ်စိတ်တို့ကို ရေတွက်ရာ၌ သောမနဿဝေဒနာ သုခဝေဒနာတို့နှင့် ယှဉ်သည့် စိတ်အားလုံးကို ရေတွက်ထားသည်။

http://www.dhammadownload.com



**(၉၃) ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ခါတ် ၁၀-ပါး၊ ပဥ္စဝိညာဏခါတ် ၅-ပါး၊ မနောခါတ်) ခါတ် တဆယ့်ခြောက်ပါးတို့သည် ကာမတဏှာ၏ ကျင်လည်ရာဖြစ်သော ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမတရား'ဖြစ်ကုန်၏ (ကာမာဝစရ မည်၏)။

အချို့သော (မနောဝိညာဏခါတ်၊ ဓမ္မခါတ်)ခါတ်နှစ်ပါးတို့သည် ကာမတဏှာ၏ ကျင်လည်ရာဖြစ်သော ကာမတရား ဖြစ်ကုန်၏ (ကာမာဝစရ မည်၏) (ဒွေပဉ္စဝိညာဉ် ၁၀-ပါးနှင့် မနောခါတ်ကြဉ်သော ကာမာဝစရစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏခါတ်၊ ဓမ္မခါတ်) ခါတ်နှစ်ပါးတို့သည် ကာမတဏှာ၏ကျင်လည်ရာဖြစ်သော ကာမာဝစရတရားမဟုတ်ကုန် (မဟဂ္ဂုတ် စိတ္တုပ္ပါဒ်၊ လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၆၀၂)

**(၉၄) ရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ခါတ် ၁၀-ပါး၊ ပဥ္စဝိညာဏခါတ် ၅-ပါး၊ မနောခါတ်) ခါတ်တဆယ့်ခြောက်ပါးတို့သည် ရူပတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန် (ရူပါဝစရ မမည်ကုန်)။

အချို့သော (မနောဝိညာဏခါတ်၊ ဓမ္မခါတ်) ခါတ်နှစ်ပါးတို့သည် ရူပတဏှာ၏ ကျင်လည်ရာဖြစ်သော ရူပဘုံ၌သက်ဝင်၍ဖြစ်သော 'ရူပါဝစရ'ဖြစ်ကုန်၏(ရူပါဝစရစိတ္တုပ္ပါဒ်)၊အချို့သော (မနောဝိညာဏခါတ်၊ ဓမ္မခါတ်) ခါတ်နှစ်ပါးတို့သည် ရူပတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန် (ကာမ, အရူပ, လောကုတ္တရာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၉၅) အရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ခါတ် ၁၀-ပါး၊ ပဥ္စဝိညာဏခါတ် ၅-ပါး၊ မနောခါတ်)ခါတ်တဆယ့်ခြောက်ပါးတို့သည် အရူပတဏှာ၏ ကျင်လည်ရာမဖြစ်ကုန် (အရူပါဝစရမမည်ချေ)။

အချို့သော (မနောဝိညာဏခါတ်၊ ဓမ္မခါတ်) ခါတ်နှစ်ပါးတို့သည် အရူပတဏှာ၏ ကျင်လည်ရာဖြစ်သော အရူပဘုံ၌သက်ဝင်၍ဖြစ်သော 'အရူပါဝစရတရား'ဖြစ်ကုန်၏ (အရူပါဝစရစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနောဝိညာဏခါတ်၊ ဓမ္မခါတ်) ခါတ်နှစ်ပါးတို့သည် အရူပတဏှာ၏ ကျင်လည်ရာမဖြစ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၉၆) ပရိယာပန္နဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ခါတ် ၁၀-ပါး၊ ပဥ္စဝိညာဏခါတ် ၅-ပါး၊ မနောခါတ်) ခါတ်တဆယ့်ခြောက်ပါးတို့သည် ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်ကုန်၏ (ပရိယာပန္န)။

အချို့သော (မနောဝိညာဏခါတ်၊ ဓမ္မခါတ်) ခါတ်နှစ်ပါးတို့သည် ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏခါတ်၊ ဓမ္မခါတ်)ခါတ်နှစ်ပါးတို့သည် ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးမဝင်ကုန်(လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၉၇) နိယျာနိကဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ခါတ် ၁၀-ပါး၊ ပဥ္စဝိညာဏခါတ် ၅-ပါး၊ မနောခါတ်) ခါတ်တဆယ့်ခြောက်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက'တရားမဟုတ်ကုန် (အနိယျာနိက)။

http://www.dhammadownload.com



အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက' တရား ဖြစ်ကုန်၏ (နိယျာနိက) (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက'တရားမဟုတ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

**(၉၈) နိယတဒုက်[၁] အဖြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်)ဓာတ်တဆယ့်ခြောက်ပါးတို့သည် မိစ္ဆတ္တနိယတနှင့် သမ္မတ္တနိယတမဟုတ်ကုန် (အနိယတ)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အကျိုးပေး မြဲကုန်၏ (နိယတ) (နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိတည်းဟူသော နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၏ သတ္တမဇော စိတ္တုပ္ပါဒ်နှင့် ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေတို့၏ သတ္တမဇော စိတ္တုပ္ပါဒ်၊မဂ်စိတ္တုပ္ပါဒ်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အကျိုးပေး မမြဲကုန် (အနိယတ)[၂] (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊နိဗ္ဗာန်)။ (ဏီ၊ပဒ-၁၆၁၁,၁၆၁၂)

**(၉၉) သဥတ္တရဒုက် အဖြေဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ မနောဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားရှိကုန်၏။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားရှိကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားမရှိကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

**(၁၀၀) သရဏဒုက် အဖြေ ဝိသဇ္ဇနာ။** ။(ရုပ်ဓာတ် ၁၀-ပါး၊ ပဉ္စဝိညာဏဓာတ် ၅-ပါး၊ ဓမ္မ-ဓာတ်) ဓာတ်တဆယ့်ခြောက်ပါးတို့သည် ငိုကြွေးကြောင်း 'ရဏ'ဟု ဆိုအပ်သော ကိလေသာ မရှိကုန် (ကိလေသာနှင့် မယှဉ်ကုန်) (အရဏ)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ငိုကြွေးကြောင်း 'ရဏ'ဟု ဆိုအပ်သော ရာဂစသော ကိလေသာ ရှိကုန်၏ (ကိလေသာနှင့် ယှဉ်ကုန်၏) (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ငိုကြွေးကြောင်း

---

၁။ မိစ္ဆတ္တတိက်ကြည့်။

၂။ 'အနိယတ'ပုဒ်၌ (၁) အကျိုးမပေးသောတရားများနှင့် (၂) အကျိုးပေးရာ၌အကြောင်းသင့် အခွင့်သာသောအခါများ၌သာ အကျိုးပေးနိုင်၍ ကေန်အကျိုးပေးသည်ဟု မဆိုနိုင်သောတရားများ အကျုံးဝင်သည်။

http://www.dhammadownload.com



'ရဏ'ဟု ဆိုအပ်သော ရာဂစသော ကိလေသာ မရှိကုန် (ကိလေသာနှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(ပိဋ္ဌိဒုက် ၁၈-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

(ဒုက ပဉ္စာပုစ္ဆကနည်း ပြီး၏။)

(ဓာတ် ၁၈-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြသော 'ပဉ္စာပုစ္ဆက'နည်း ပြီး၏။)

ဓာတ် ၁၈-ပါးတို့ကို တိက်,ဒုက်တို့ဖြင့် အမေး အဖြေ ပြု၍ ဟောကြားအပ်သော 'ပဉ္စာပုစ္ဆက'နည်း ပြီး၏။

မိမိ၏ ရှိရင်းသဘောကို ဆောင်ထားမှု 'ဓာတ်' ၁၈-ပါးတို့ကို ဝေဖန်၍ ဟောကြားအပ်သော 'ဓာတုဝိဘင်း' ပြီးပြီ။

## ဓာတုဝိဘင်္ဂေါ နိဋ္ဌိတော။

http://www.dhammadownload.com

# ၄-သစ္စဝိဘင်္ဂ

(အမှန်သဘော'သစ္စာ'တို့ကို ဝေဖန်၍ပြသော သစ္စဝိဘင်း)

## ၁-သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်း)

**အရိယသစ္စာလေးပါး** ၁၇၉။ မဂ်ဖိုလ်ကိုရ၍ ဖြူစင်မြင့်မြတ်သဖြင့် 'အရိယာ'[၁]ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်သည့် အမှန်သဘော 'အရိယသစ္စာ'လေးပါးတို့ကား—

(၁) အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်ဆင်းရဲမှု'ဒုက္ခအရိယသစ္စာ'။

(၂) အရိယာတို့ ထိုးထွင်း၍ သိအပ်သော အမှန်ဆင်းရဲမှု ဖြစ်ပွါးကြောင်း 'ဒုက္ခသမုဒယ-အရိယသစ္စာ'။

(၃) အရိယာတို့ ထိုးထွင်း၍ သိအပ်သော အမှန်ဆင်းရဲချုပ်မှု 'ဒုက္ခနိရောဓအရိယသစ္စာ'။

(၄) အရိယာတို့ ထိုးထွင်း၍ သိအပ်သော အမှန် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် 'ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ'တို့တည်း။

### ၁-ဒုက္ခအရိယသစ္စာ

(အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုအမှန်သဘော)

**ဒုက္ခအရိယသစ္စာ ၁၂-မျိုး** ၁၈၀။ ထိုအရိယသစ္စာ ၄-မျိုးတို့တွင် အဘယ်သည် အရိယာတို့ ထိုးထွင်း၍သိအပ်သော ဆင်းရဲမှုအမှန်သဘော'ဒုက္ခအရိယ-သစ္စာ'မည်သနည်း။

(ဘဝသစ်၌ ရုပ်နာမ်တို့တဖန်)ဖြစ်ပေါ်ခြင်း ဇာတိ[၁](ပဋိသန္ဓေနေခြင်း)သည်လည်း ဆင်းရဲ၏။

အိုခြင်း'ဇရာ'သည်လည်း ဆင်းရဲ၏။

သေခြင်း'မရဏ'သည်လည်း ဆင်းရဲ၏။

စိုးရိမ်ပူဆွေးခြင်း 'သောက'၊

ငိုကြွေး ပူဆွေး မြည်တမ်းခြင်း 'ပရိဒေဝ'၊

(ကိုယ်)ဆင်းရဲခြင်း 'ဒုက္ခ'၊

စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ'၊

အလွန့်အမင်း ပြင်းစွာ ပူဆွေး ပင်ပန်းပူလောင်ခြင်း'ဥပါယာသ'တို့သည်လည်း ဆင်းရဲကုန်၏။

---

၁။ အရိယ=မဂ်ဖိုလ်ရသူ၊ ကိလေသာတို့မှ စင်ကြယ်သူ၊ ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်၍ မြင့်မြတ်သူ။ ဓာကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစေတတ်သော သဘော (အဘိ၊ ဌ၊ ၁၊ နှာ-၃၇၄)။

http://www.dhammadownload.com



မချစ်မနှစ်သက်အပ်သည်တို့နှင့် အတူယှဉ်တွဲ ပေါင်းဖော်နေရခြင်းသည် ဆင်းရဲ၏။

ချစ်နှစ်သက်အပ်သည်တို့နှင့် ကွဲကွာကွေကွင်းရခြင်းသည် ဆင်းရဲ၏။

အကြင် အလိုရှိအပ်သည်ကိုလည်း မရ၊ ထိုမရခြင်းသည်လည်း ဆင်းရဲ၏။

အကျဉ်းချုပ်အားဖြင့် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ခန္ဓာငါးပါး[၁]တို့သည် ဆင်းရဲကုန်၏။

(၁) ဇာတိ ၁၉၁။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် (ဘဝသစ်၌ ရုပ်နာမ်တို့ တဖန်) ဖြစ်ပေါ်ခြင်း 'ဇာတိ' (ပဋိသန္ဓေ နေခြင်း) မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထို သတ္တဝါ အစုအပေါင်းအဖွဲ့၌(ထိုထိုသတ္တဝါတို့ဖြစ်ရာ ဘုံဘဝ၌)အကြင် ဖြစ်ပေါ်ခြင်း'ဇာတိ'၊ ကောင်းစွာ (ပြည့်စုံစွာ) ဖြစ်ပေါ်ခြင်း 'သဉ္ဇာတိ'၊ (အမိဝမ်းတွင်း, ဥခွံတွင်းသို့) ဝင်ရောက် သက်ရောက်ခြင်း 'ဩက္ကန္တိ'၊ အသစ်ဖြစ်ပေါ်ခြင်း 'အဘိနိဗ္ဗတ္တိ'၊ ခန္ဓာတို့၏ ထင်ရှားဖြစ်ပေါ်ခြင်း 'ခန္ဓ ပါတုဘာဝ'၊ စိတ် စေတသိက်တို့ ဖြစ်ရာ ဖြစ်ကြောင်း 'အာယတန' တို့ကို တဖန် ရခြင်းသည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို (ဘဝသစ်၌ ရုပ်နာမ်တို့၏ တဖန်) ဖြစ်ပေါ်ခြင်း 'ဇာတိ' (ပဋိသန္ဓေ နေခြင်း)ဟု ဆိုအပ်၏။

(၂) ဇရာ ၁၉၂။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် အိုခြင်း (ရင့်ရော်ခြင်း) 'ဇရာ'မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုဘဝ၌ (ထိုထိုသတ္တဝါတို့၏ နေရာဘုံ၊ ထိုထိုသတ္တဝါတို့၏ ဘဝ၌) ထိုထိုသတ္တဝါ အစု အပေါင်း အဖွဲ့၌ အကြင် အိုခြင်း (ရင့်ရော်ခြင်း) 'ဇရာ'၊ အကြင် အိုမင်း ရင့်ရော်ပုံ အခြင်းအရာ 'ဇီရဏတာ'၊ အကြင် သွားကျိုးခြင်း 'ခဏ္ဍိစ္စ'၊ အကြင် ဆံပင်ဖြူခြင်း 'ပါလိစ္စ'၊ အကြင် အရေတွန့်ခြင်း 'ဝလိတ္တစတာ'၊ အကြင် အသက် ဆုတ်ယုတ်ခြင်း 'အာယုနော သံဟာနိ'၊ အကြင် (မျက်စိ နားစသော) ဣန္ဒြေတို့၏ ရင့်ရော် (ယိုယွင်း) ခြင်း 'ဣန္ဒြိယ ပရိပါက'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို အိုခြင်း (ရင့်ရော်ခြင်း) 'ဇရာ'ဟု ဆိုအပ်၏။

(၃) မရဏ ၁၉၃။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် သေခြင်း 'မရဏ' မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်းအဖွဲ့မှ (ထိုထိုသတ္တဝါအဖြစ်မှ) အကြင် ရွေ့လျောခြင်း 'စုတိ'၊ အကြင် ရွေ့လျောသော အခြင်းအရာ 'စဝနတာ'၊ အကြင် ပျက်စီးခြင်း 'ဘေဒ'၊ အကြင် ကွယ်ပျောက်ခြင်း 'အန္တရဓာန'၊ အကြင် သေဆုံးခြင်း 'မစ္စု'၊ အကြင် အသက်ကို စွန့်ခြင်း 'မရဏ'၊ (အသက်ရှင်ခြင်း၏) အကြင် အဆုံးစွန်သောအခါကို ပြုခြင်း 'ကာလကိရိယာ'၊ အကြင် ခန္ဓာတို့၏ ပျက်စီးခြင်း 'ခန္ဓဘေဒ'၊ ခန္ဓာကိုယ်အကောင်ကိုပစ်ချခြင်း (အသုဘ အသေကောင်ကို မသာချခြင်း)

---

၁။ ဥပါဒါနက္ခန္ဓာ ၅-ပါး=လောကီနာမ်ခန္ဓာ ၄-ပါး၊ ရုပ်ခန္ဓာ။ (လောကီစိတ်,စေတသိက်, ရုပ်)

http://www.dhammadownload.com



'ကဋ္ဌေဝရနိက္ခေပ'၊ ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်း (အသက်၏ ပြတ်စဲခြင်း) 'ဇီဝိတိန္ဒြိယ ဥပစ္ဆေဒ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို သေခြင်း 'မရဏ'ဟု ဆိုအပ်၏။

(၄) သောက ၁၉၄။　ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် စိုးရိမ်ပူဆွေးခြင်း 'သောက'မည်သနည်း။

ဆွေမျိုးပျက်စီးခြင်းနှင့်တွေ့သူ၏ ၎င်း'ဉာတိဗျသန'၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းနှင့် တွေ့သူ၏ ၎င်း'ဘောဂဗျသန'၊ အနာရောဂါကြောင့် ပျက်စီးခြင်းနှင့် တွေ့သူ၏ ၎င်း'ရောဂဗျသန'၊ သီလ ပျက်ခြင်းနှင့် တွေ့သူ၏ ၎င်း'သီလဗျသန'၊ အယူ(ဝါဒ) ပျက်ခြင်းနှင့် တွေ့သူ၏ ၎င်း (မိစ္ဆာဒိဋ္ဌိ အယူရှိသူ၏၎င်း) 'ဒိဋ္ဌိဗျသန'၊ ပျက်စီးခြင်း တခုခုနှင့် ပြည့်စုံသူ၏၎င်း (ပျက်စီးခြင်းတစုံတခုနှင့် မလွတ်ကင်းသူ၏၎င်း)၊ ဆင်းရဲမှု သဘောတခုခုနှင့် တွေ့သူ၏၎င်း၊ အကြင် စိုးရိမ်ပူဆွေးခြင်း 'သောက'၊ အကြင် စိုးရိမ်သော အခြင်းအရာ 'သောစနာ'၊ အကြင် စိုးရိမ်သူ၏အဖြစ် 'သောစိတတ္တံ'၊ အကြင် အတွင်း၌ပူဆွေးခြင်း 'အန္တောသောက'၊ အကြင် အတွင်း၌ လွန်စွာပူ ပန်ခြင်း 'အန္တောပရိသောက'၊ အကြင်စိတ်ပူလောင်ခြင်း (မှိုင်တွေခြင်း) 'စေတသော ပရိဇ္ဈာယန'၊ အကြင်စိတ်ဆင်းရဲခြင်း (စိတ်နှလုံးမသာယာခြင်း) 'ဒေါမနဿ'၊အကြင် စိုးရိမ်မှု စူးဝင်ခြင်း (သောကဟူသောငြောင့်) 'သောကသလ္လ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို စိုးရိမ်ပူဆွေးခြင်း 'သောက'ဟု ဆိုအပ်၏။

(၅) ပရိဒေဝ ၁၉၅။　ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ' မည်သနည်း။

ဆွေမျိုးပျက်စီးခြင်းနှင့် တွေ့သူ၏၎င်း 'ဉာတိဗျသန'၊ စည်းစိမ်ဥစ္စာပျက်စီးခြင်းနှင့် တွေ့သူ၏ ၎င်း'ဘောဂဗျသန'၊ အနာရောဂါကြောင့် ပျက်စီးခြင်းနှင့် တွေ့သူ၏ ၎င်း'ရောဂဗျသန'၊ သီလ ပျက်စီးခြင်းနှင့် တွေ့သူ၏ ၎င်း'သီလဗျသန'၊ အယူဝါဒ ပျက်စီးခြင်းနှင့် တွေ့သူ၏ ၎င်း (မိစ္ဆာ ဒိဋ္ဌိအယူရှိသူ၏၎င်း)'ဒိဋ္ဌိဗျသန'၊ ပျက်စီးခြင်းတခုခုနှင့် ပြည့်စုံသူ၏၎င်း (ပျက်စီးခြင်းတစုံတခုနှင့် မလွတ်ကင်းသူ၏၎င်း)၊ ဆင်းရဲမှုသဘောတခုခုတို့နှင့် တွေ့သူ၏၎င်း၊ အကြင် လွန်စွာ ငိုကြွေး မြည်တမ်းခြင်း(တစုံတဦးကို ရည်ညွှန်းထုတ်ဖော် ခေါ်ဝေါ်၍ ငိုကြွေးမြည်တမ်းခြင်း) 'အာဒေဝ'၊ အလွန်ပြင်းစွာ ငိုကြွေးခြင်း (ဂုဏ်ကျေးဇူးကို ဖွဲ့နွဲ့၍ လှိုက်လှိုက်လှဲလှဲ ငိုကြွေးမြည်တမ်းခြင်း) 'ပရိဒေဝ'၊ လွန်စွာ ငိုကြွေးသော အခြင်းအရာ 'အာဒေဝနာ'၊ အလွန်ပြင်းစွာ ငိုကြွေးသော အခြင်းအရာ 'ပရိဒေဝနာ'၊ လွန်စွာ ငိုကြွေးသူ၏ အဖြစ် 'အာဒေဝိတတ္တံ'၊ အလွန်ပြင်းစွာ ငိုကြွေးသူ၏အဖြစ် 'ပရိဒေဝိတတ္တံ'၊ ဆိုမြည်တမ်းခြင်း 'ဝါစာ'၊ အချည်းနှီးအကျိုးမရှိ ငိုယို ဆိုမြည်တမ်းခြင်း 'ပလာပ'[၁]၊ ဖောက်ဖောက် ပြန်ပြန် ငိုယို ဆိုမြည်တမ်းခြင်း 'ဝိပ္ပလာပ'[၂]၊ အဖန်ဖန် အထပ်ထပ် ငိုယိုမြည်တမ်းခြင်း 'လာလပ္ပ'၊ အဖန်ဖန်အထပ်ထပ် ငိုယိုဆိုမြည်တမ်းသော

---

၁။ သတိကင်းလွတ်လျက် မပြောသင့် မဆိုသင့်သော စကားတို့ကို ပရမ်းပတာ ဆိုမြည်တမ်းကာ ငိုယိုခြင်း။

၂။ သူရူးပမာ ဝါကျဆုံးအောင်မှ မပြောဆိုနိုင်ဘဲ အဆက်အစပ်မရှိ တချပြီးတချ ယောင်ယမ်းမြည် ဘမ်းကာ ငိုယိုခြင်း။

http://www.dhammadownload.com



အခြင်းအရာ 'လာလပ္ပနာ'၊ အဖန်ဖန် အထပ်ထပ် ငိုယိုဆိုမြည်တမ်းသူ၏အဖြစ် 'လာလပ္ပိတတ္တ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ'ဟု ဆိုအပ်၏။

(၆) ဒုက္ခ ၁၉၆။ ထို ဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် ဆင်းရဲမှု 'ဒုက္ခ' မည်သနည်း။

အကြင် ကိုယ်၌ဖြစ်သော မသာယာခြင်း 'ကာယိက အသာတ'၊ အကြင် ကိုယ်၌ဖြစ်သော ဆင်းရဲခြင်း 'ကာယိက ဒုက္ခ'၊ အကြင် ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာခြင်းကို ခံစားမှု 'ကာယသမ္ဖဿဇံ အသာတံ ဝေဒယိတံ'၊ (ကိုယ်အတွေ့ကြောင့်ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'ကာယသမ္ဖဿဇံ ဒုက္ခံ ဝေဒယိတံ'၊ အကြင်ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာမှုကို ခံစားခြင်း 'ကာယမ္ဖဿဇာ အသာတာ ဝေဒနာ'၊ (ကိုယ်အတွေ့ကြောင့်ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'ကာယသမ္ဖဿဇာ ဒုက္ခာ ဝေဒနာ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသောသဘောကို ဆင်းရဲမှု 'ဒုက္ခ'ဟု ဆိုအပ်၏။

(၇) ဒေါမနဿ ၁၉၇။ ထို ဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် စိတ်နှလုံး မသာယာခြင်း 'ဒေါမနဿ'မည်သနည်း။

အကြင် စိတ်၌ဖြစ်သော မသာယာခြင်း 'စေတသိကံ အသာတံ'၊ အကြင် စိတ်၌ဖြစ်သော ဆင်းရဲခြင်း 'စေတသိကံ ဒုက္ခံ'၊ အကြင် စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှုကို ခံစားခြင်း 'စေတောသမ္ဖဿဇံ အသာတံ ဝေဒယိတံ'၊ အကြင် (စိတ်အတွေ့ကြောင့် ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'စေတောသမ္ဖဿဇံ ဒုက္ခံ ဝေဒယိတံ'၊ အကြင် စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှုကို ခံစားခြင်း 'စေတောသမ္ဖဿဇာ အသာတာ ဝေဒနာ'၊ အကြင် (စိတ်အတွေ့ကြောင့်ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'စေတောသမ္ဖဿဇာ ဒုက္ခာ ဝေဒနာ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသောသဘောကို စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်၏။

(၈) ဥပါယာသ ၁၉၈။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် အလွန်အမင်း ပြင်းစွာပူလောင်ပင်ပန်းခြင်း 'ဥပါယာသ' မည်သနည်း။

ဆွေမျိုးပျက်စီးခြင်းနှင့် တွေ့သူ၏ရင်း 'ဉာတိဗျသန'၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းနှင့် တွေ့သူ၏ ရင်း 'ဘောဂဗျသန'၊ အနာရောဂါကြောင့် ပျက်စီးခြင်းနှင့် တွေ့သူ၏ရင်း 'ရောဂဗျသန'၊ သီလ ပျက်ခြင်းနှင့် တွေ့သူ၏ရင်း 'သီလဗျသန'၊ အယူဝါဒ ပျက်စီးခြင်းနှင့် တွေ့သူ၏ရင်း (မိစ္ဆာဒိဋ္ဌိ အယူရှိသူ၏ရင်း) 'ဒိဋ္ဌိဗျသန'၊ ပျက်စီးခြင်း တခုခုနှင့် ပြည့်စုံသူ၏ရင်း (ပျက်စီးခြင်းတစုံတခုနှင့် မလွတ်ကင်းသူ၏ရင်း)၊ တခုခုသော ဆင်းရဲမှုသဘော (ဆင်းရဲမှုအခြင်းအရာ တခုခု)နှင့် တွေ့သူ ၏ရင်း၊ အကြင် လွန်စွာ ပူလောင် ပင်ပန်းခြင်း 'အာယာသ'၊ အကြင် အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ'၊ အကြင် လွန်စွာ ပူလောင်ပင်ပန်းသူ၏ အဖြစ် 'အာယာသိတတ္တ'၊ အကြင် အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းသူ၏ အဖြစ် 'ဥပါယာသိ-တတ္တ'သည် ရှိ၏။

http://www.dhammadownload.com



ဤဆိုခဲ့ပြီးသော သဘောကို အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း ‘ဥပါယာသ’ဟု ဆိုအပ်၏။

**(၉) အပ္ပိယသမ္ပယောဂဒုက္ခ ၁၉၉။** ထို ဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် မချစ်မနှစ်သက်အပ်သည်တို့နှင့်အတူ ယှဉ်တွဲပေါင်းဖော် နေရခြင်းကြောင့်ဖြစ်သော ဆင်းရဲ ‘အပ္ပိယ သမ္ပယောဂဒုက္ခ’မည်သနည်း။

ဤလောက၌ အလိုမရှိအပ် ‘အနိဋ္ဌ’၊ မနှစ်သက်အပ် ‘အကန္တ’၊ နှလုံးကို မပွါးစေတတ် မမြတ်နိုးအပ် ‘အမနာပ’ဖြစ်ကုန်သော ထိုအဆင်း ‘ရူပါရုံ’၊ ထိုအသံ ‘သဒ္ဒါရုံ’၊ ထိုအနံ့ ‘ဂန္ဓာရုံ’၊ ထို အရသာ ‘ရသာရုံ’၊ ထိုအတွေ့ ‘ဖောဋ္ဌဗ္ဗာရုံ’တို့သည် အကြင်သူအား ဖြစ်ကုန်၏။

တနည်းကား—အကြင်သူတို့သည် ထိုသူ၏ အကျိုးမဲ့ကို အလိုရှိကုန်၏ (အနတ္ထ ကာမာ)၊ စီးပွါးမဲ့ကို အလိုရှိကုန်၏ (အဟိတ ကာမာ)၊ ချမ်းသာမဲ့ကို အလိုရှိကုန်၏(အဖာသုက ကာမာ)၊ ဝဋ်ဆင်းရဲ၌ ယှဉ်တွဲတတ်သည့် ယောဂလေးပါးတို့မှ မလွတ်မြောက်သည်ကို အလိုရှိကုန်၏ (အယောဂက္ခေမကာမာ)။

ထို(မချစ်မနှစ်သက်အပ်သော)အာရုံ, ထို(မချစ်မနှစ်သက်အပ်သော)သူတို့နှင့် အကြင် အတူ တွေ့ဆုံရခြင်း ‘သင်္ဂတိ’၊ အတူစည်းဝေးပေါင်းဆုံရခြင်း ‘သမာဂမ’၊ အကြင် အတူပေါင်းဖော် နေထိုင်ရခြင်း ‘သမောဓာန’၊ အကြင်တပေါင်းတည်း ရောနှောခြင်း ‘မိဿီဘာဝ’သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မချစ်မနှစ်သက်အပ်သည်တို့နှင့်အတူ ယှဉ်တွဲပေါင်းဖော်နေရခြင်း ကြောင့်ဖြစ်သော ဆင်းရဲမှု‘အပ္ပိယသမ္ပယောဂဒုက္ခ’ဟု ဆိုအပ်၏။

**(၁၀) ပိယဝိပ္ပယောဂဒုက္ခ ၂၀၀။** ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် ချစ်ခင် နှစ်သက်အပ်သည်တို့နှင့် ကွဲကွာကွေကွင်းရခြင်းကြောင့် ဖြစ်သော ဆင်းရဲ ‘ပိယ ဝိပ္ပယောဂ ဒုက္ခ’ မည်သနည်း။

ဤလောက၌ အလိုရှိအပ်‘ဣဋ္ဌ’၊ နှစ်သက်အပ်‘ကန္တ’၊ နှလုံးကိုပွါးစေတတ် မြတ်နိုးအပ်‘မနာပ’ ဖြစ်ကုန်သော ထိုအဆင်း‘ရူပါရုံ’၊ ထိုအသံ‘သဒ္ဒါရုံ’၊ ထိုအနံ့‘ဂန္ဓာရုံ’၊ ထိုအရသာ‘ရသာရုံ’၊ ထိုအတွေ့‘ဖောဋ္ဌဗ္ဗာရုံ’တို့သည် အကြင်သူအား ဖြစ်ကုန်၏။

တနည်းကား—အကြင် အမိသည်ရင်း(မာတာ)၊ အကြင် အဖသည်ရင်း(ပိတာ)၊ အကြင် ညီအစ်ကိုသည်ရင်း(ဘာတာ)၊ အကြင် အစ်မညီမသည်ရင်း(ဘဂိနီ)၊ အကြင် မိတ်ဆွေတို့သည်ရင်း (မိတ္တာ)၊ အကြင် အပေါင်းအဖော်တို့သည်ရင်း (အမစ္စ)၊ အကြင် ဆွေမျိုးတို့သည်ရင်း (ဉာတိ)၊ အကြင် ဆွေမျိုးသွေးချင်းသားချင်းတို့သည်ရင်း(သာလောဟိတ)၊ ထိုသူ၏အကျိုးကို အလိုရှိကုန်၏(အတ္ထ ကာမ)၊ စီးပွါးကို အလိုရှိကုန်၏(ဟိတ ကာမ)၊ ချမ်းသာကို အလိုရှိကုန်၏(ဖာသုက ကာမ)၊ ဝဋ်ဆင်းရဲ၌ ယှဉ်တွဲစေတတ်သည့် ယောဂလေးပါးတို့မှ လွတ်မြောက်သည်ကို အလို ရှိကုန်၏ (ယောဂက္ခေမ ကာမ)။

ထိုချစ်ခင်နှစ်သက်အပ်သော အာရုံ, ထိုချစ်ခင်နှစ်သက်အပ်သော သူတို့နှင့် အကြင်အတူ မတွေ့ဆုံရခြင်း ‘အသင်္ဂတိ’၊ အကြင်အတူတကွ မစည်းဝေး မပေါင်းဆုံရခြင်း ‘အသမာဂမ’၊ အကြင်အတူတကွ မပေါင်းဖော် မနေထိုင်ရခြင်း ‘အသမောဓာန’၊ အကြင်တပေါင်းတည်း မရောနှောရခြင်း ‘အမိဿီဘာဝ’ သည် ရှိ၏။

http://www.dhammadownload.com



ဤဆိုခဲ့ပြီးသော သဘောကို ချစ်ခင်နှစ်သက်အပ်သည်တို့နှင့် ကွဲကွာကွေကွင်းရခြင်းကြောင့် ဖြစ်သောဆင်းရဲ 'ပိယဝိပ္ပယောဂဒုက္ခ'ဟု ဆိုအပ်၏။

(၁၁) ဣစ္ဆိတ အလာဘဒုက္ခ ၂၀၁။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် အလိုရှိအပ်သည်ကို မရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'ဣစ္ဆိတ အလာဘဒုက္ခ'မည်သနည်း။

(ဘဝသစ်၌ ရုပ်နာမ်တို့တဖန်)ဖြစ်ပေါ်ခြင်း (ပဋိသန္ဓေနေခြင်း) 'ဇာတိ'သဘောရှိသော သတ္တဝါတို့အား ငါတို့မှာ (ဘဝသစ်၌ ရုပ်နာမ်တို့တဖန်)ဖြစ်ပေါ်ခြင်း (ပဋိသန္ဓေနေခြင်း) 'ဇာတိ'သဘောတို့ မဖြစ်ကြပါမူ ကောင်းလေစွာ၊ ငါတို့အား(ဘဝသစ်၌ ရုပ်နာမ်တို့တဖန်)ဖြစ်ပေါ်ခြင်း'ဇာတိ'သဘောမရောက်လာပါမူ ကောင်းလေစွာဟု ဤသို့သော လိုချင်တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ဤသို့ လိုချင်တောင့်တ ငြားသော်လည်း ဤဇာတိမဖြစ်ခြင်းကို လိုချင်တောင့်တခြင်းမျှဖြင့် မရနိုင် မရောက်နိုင်ပေ[၁]။

ဤဆိုခဲ့ပြီးသော သဘောကိုလည်း အလိုရှိအပ်သည်ကို မရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'ဣစ္ဆိတ အလာဘ ဒုက္ခ'ဟု ဆိုအပ်၏။

အိုခြင်းသဘော 'ဇရာဓမ္မ' ရှိကုန်သော သတ္တဝါတို့အား ။ပ။

နာခြင်းသဘော 'ဗျာဓိဓမ္မ' ရှိကုန်သော သတ္တဝါတို့အား ။ပ။

သေခြင်းသဘော 'မရဏဓမ္မ' ရှိကုန်သော သတ္တဝါတို့အား ။ပ။

စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်နှလုံး မသာယာခြင်း 'ဒေါမနဿ'၊ အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ' သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့မှာ စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ'၊ အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ' သဘောတို့ မဖြစ်ကြပါမူ ကောင်းလေစွာ၊ ငါတို့အား စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ'၊ အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ' သဘောတို့ မရောက်လာကြပါမူ ကောင်းလေစွာ"ဟု ဤသို့သော လိုချင်တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ဤသို့ လိုချင်တောင့်တငြားသော်လည်း ဤ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးမြည်တမ်းခြင်း စသည်တို့ မဖြစ်ခြင်းကို လိုချင်တောင့်တခြင်းမျှဖြင့် မရနိုင် မရောက်နိုင်ပေ။

ဤဆိုခဲ့ပြီးသော သဘောကိုလည်း အလိုရှိအပ်သည်ကို မရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'ဣစ္ဆိတ အလာဘ ဒုက္ခ'ဟု ဆိုအပ်၏။

(၁၂) ပဉ္စုပါဒါနက္ခန္ဓဒုက္ခ ၂၀၂။ ထို ဒုက္ခ အရိယသစ္စာ ၁၂-ပါး တို့တွင် အဘယ်တို့သည် အကျဉ်းအားဖြင့် ဥပါဒါန်၏ (တဏှာ၊ ဒိဋ္ဌိတို့၏) အာရုံဖြစ်သည့် ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲ 'ပဉ္စုပါဒါနက္ခန္ဓဒုက္ခ'တို့ မည်ကုန်သနည်း။

---

၁။ လိုချင်တောင့်တကာမျှဖြင့် မရနိုင် မရောက်နိုင်၊ မဂ္ဂဘာဝနာပွါးမှသာ ရောက်နိုင် ရနိုင်သည်။ (သမ္မောဟဝိနောဒနီ၊ နှာ-၁၀၂)

http://www.dhammadownload.com



ထို ဥပါဒါနက္ခန္ဓာငါးပါးတို့ကား အဘယ်တို့နည်း။

ဥပါဒါန်၏ (တဏှာ,ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ရုပ်အစု 'ရူပက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံဖြစ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံဖြစ်သော မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံဖြစ်သော ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံဖြစ်သော သိမှုအစု 'ဝိညာဏက္ခန္ဓာ'တို့တည်း (လောကီတရားများ)။

ဤငါးပါးတို့ကို အကျဉ်းအားဖြင့် ဥပါဒါန်၏ အာရုံဖြစ်သည့် ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲ 'ပဉ္စုပါဒါနက္ခန္ဓာ'တို့ဟု ဆိုအပ်ကုန်၏။

ဤ ဆိုခဲ့ပြီးသော သဘောကို အရိယာတို့ ထိုးထွင်း၍ သိအပ်သော အမှန်ဆင်းရဲမှု 'ဒုက္ခ-အရိယသစ္စာ'ဟု ဆိုအပ်၏။

(ဒုက္ခအရိယသစ္စာ ပြီး၏။)

---

## ၂-သမုဒယ အရိယသစ္စာ

### (အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော)

၂၀၃။ ထို အရိယသစ္စာ ၄-ပါးတို့တွင် အဘယ်သည် မင်္ဂဖိုလ်ကို ရ၍ ဖြူစင် မြင့်မြတ်သဖြင့် 'အရိယာ'ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်းသိအပ်သည့် ဆင်းရဲမှု ဖြစ်ပွါးကြောင်း အမှန်သဘော 'ဒုက္ခသမုဒယ အရိယသစ္စာ' မည်သနည်း။

အကြင်တပ်မက်မှု 'တဏှာ'သည် တဖန် ဘဝသစ်၌ ဖြစ်စေတတ်၏ 'ပေါနော ဘဝိကာ'၊ နှစ်သက်တပ်မက်ခြင်းနှင့် တကွ ဖြစ်၏ 'နန္ဒိရာဂ သဟဂတာ'၊ ထိုထို အာရုံတို့၌ လွန်စွာ နှစ်သက်တတ်၏ 'တတြ တတြာဘိ နန္ဒိနီ'။

ထို တပ်မက်မှု 'တဏှာ'ကား အဘယ်နည်း။

လိုချင်မှုဟူသော အနှောင်အဖွဲ့ 'ကာမဂုဏ်'၌ တပ်မက်ခြင်း 'ကာမတဏှာ'၊ ဘဝ၌ တပ်မက်ခြင်း 'ဘဝတဏှာ'[1]၊ ဘဝပြတ်စဲခြင်း၌ တပ်မက်ခြင်း'ဝိဘဝတဏှာ'[2] တို့တည်း။

ထို တပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် အဘယ်၌ ဖြစ်သနည်း၊ တည်သည်ရှိသော် အဘယ်၌ တည်သနည်း။

လောက၌ အကြင် ချစ်အပ်သော သဘော 'ပိယရူပ'၊သာယာအပ်သောသဘော 'သာတရူပ' သည် ရှိ၏၊ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည် ရှိသော် ဤချစ်အပ်သောသဘော 'ပိယရူပ'၊ ဤသာယာအပ်သော သဘော'သာတရူပ'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤချစ်အပ်သောသဘော 'ပိယရူပ'၊ ဤသာယာအပ်သော သဘော 'သာတရူပ'၌ တည်၏။

---

၁-၂။ ဘဝတဏှာ=သဿတဒိဋ္ဌိ။ ဝိဘဝတဏှာ=ဥစ္ဆေဒဒိဋ္ဌိ။

http://www.dhammadownload.com



### ပိယရူပ သာတရူပ ၁၀-မျိုး, ၆၀-ပါးတို့၌ တပ်မက်မှုဖြစ်ပုံ

လောက၌ ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'သည် အဘယ်နည်း။

### အဇ္ဈတ္တိက အာယတန ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၁) လောက၌ မျက်စိအကြည်'စက္ခုပသာဒ'သည် ချစ်နှစ်သက်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် မျက်စိအကြည် 'စက္ခုပသာဒ'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိအကြည်'စက္ခုပသာဒ'၌ တည်၏။

(၂) လောက၌ နားအကြည် 'သောတပသာဒ'သည်။ပ။

(၃) လောက၌ နှာခေါင်းအကြည် 'ဃာနပသာဒ'သည်။ပ။

(၄) လောက၌ လျှာအကြည် 'ဇိဝှါပသာဒ'သည်။ပ။

(၅) လောက၌ ကိုယ်အကြည် 'ကာယပသာဒ'သည်။ပ။

(၆) လောက၌ စိတ်'မနော'သည် ချစ်နှစ်သက်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့်စိတ် 'မနော'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်'မနော'၌ တည်၏။

### အာရုံဖြစ်သော အာရမ္မဏဓာတ် ၆-ပါး၌တပ်မက်မှုဖြစ်ပုံ

(၇) လောက၌ အဆင်း 'ရူပါရုံ'တို့သည် ချစ်နှစ်သက်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် အဆင်း 'ရူပါရုံ'တို့၌ ဖြစ်၏။ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'တို့၌ တည်၏။

(၈) လောက၌ အသံ 'သဒ္ဒါရုံ'တို့သည်။ပ။

(၉) လောက၌ အနံ့'ဂန္ဓာရုံ'တို့သည်။ပ။

(၁၀) လောက၌ အရသာ'ရသာရုံ'တို့သည်။ပ။

(၁၁) လောက၌ အတွေ့'ဖောဋ္ဌဗ္ဗာရုံ'တို့သည်။ပ။

(၁၂) လောက၌ စိတ်ဖြင့် သိအပ်သောအာရုံ 'ဓမ္မာရုံ'တို့သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သောသဘောရှိသည့် ဓမ္မာရုံတို့၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မာရုံတို့၌ တည်၏။

http://www.dhammadownload.com



## ဝိညာဏ် ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၁၃) လောက၌ မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သောသဘောရှိသည့် မြင်သိစိတ် 'စက္ခုဝိညာဏ်'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမြင်သိစိတ် 'စက္ခုဝိညာဏ်'၌ တည်၏။

(၁၄) လောက၌ ကြားသိစိတ် 'သောတဝိညာဏ်'သည်။ပ။

(၁၅) လောက၌ နံသိစိတ် 'ဃာနဝိညာဏ်'သည်။ပ။

(၁၆) လောက၌ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည်။ပ။

(၁၇) လောက၌ ထိသိစိတ် 'ကာယဝိညာဏ်'သည်။ပ။

(၁၈) လောက၌ ကြံသိစိတ် 'မနောဝိညာဏ်'သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤ ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် ကြံသိစိတ် 'မနောဝိညာဏ်'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤကြံသိစိတ် 'မနောဝိညာဏ်'၌ တည်၏။

## ဖဿ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၁၉) လောက၌ မျက်စိ အကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ထိမှု 'စက္ခုသမ္ဖဿ'(မျက်စိအတွေ့တည်းဟူသော မြင်တွေ့မှု)သည် ချစ်အပ်သောသဘော 'ပိယရူပ'၊သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤ ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'၌ ဖြစ်၏၊တည်သည်ရှိသော် ဤမျက်စိအတွေ့ 'စက္ခုသမ္ဖဿ'၌ တည်၏။

(၂၀) လောက၌ နားအကြည် 'သောတပသာဒ'နှင့် အသံ'သဒ္ဒါရုံ'တို့ တွေ့ထိမှု 'သောတသမ္ဖဿ' (နားအတွေ့=ကြားတွေ့မှု)သည်။ပ။

(၂၁) လောက၌ နှာခေါင်း အကြည် 'ဃာနပသာဒ'နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ထိမှု 'ဃာနသမ္ဖဿ' (နှာခေါင်းအတွေ့=နံတွေ့မှု)သည်။ပ။

(၂၂) လောက၌ လျှာ အကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့ တွေ့ထိမှု 'ဇိဝှါသမ္ဖဿ' (လျှာအတွေ့=လျက်တွေ့မှု)သည်။ပ။

(၂၃) လောက၌ ကိုယ်အကြည်'ကာယပသာဒ'နှင့် အတွေ့'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ထိမှု 'ကာယသမ္ဖဿ'(ကိုယ်အတွေ့=ထိတွေ့မှု)သည်။ပ။

(၂၄) လောက၌ စိတ်နှင့်ဓမ္မာရုံတို့ တွေ့ထိမှု 'မနောသမ္ဖဿ' (စိတ်အတွေ့=ကြံတွေ့မှု) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏၊ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ် သောသဘောရှိသည့် စိတ်အတွေ့ 'မနောသမ္ဖဿ'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် စိတ်အတွေ့'မနောသမ္ဖဿ'၌ တည်၏။

**ဆက်ဖြန့် ၂-၂၄—**

http://www.dhammadownload.com



### ဝေဒနာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၂၅) လောက၌ မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ထိမှု (မျက်စိအတွေ့)ကြောင့်ဖြစ်သော ခံစားမှု 'စက္ခုသမ္ဖဿဇာ ဝေဒနာ'သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤမျက်စိအတွေ့ကြောင့် ဖြစ်သော ချစ်နှစ်သက်အပ် သာယာအပ်သောသဘောရှိသည့် ခံစားမှု 'စက္ခုသမ္ဖဿဇာ ဝေဒနာ'၌ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု'စက္ခုသမ္ဖဿဇာ ဝေဒနာ'၌ တည်၏။

(၂၆) လောက၌ နားအကြည် 'သောတပသာဒ'နှင့် အသံ'သဒ္ဒါရုံ'တို့ တွေ့ထိမှု(နားအတွေ့)ကြောင့်ဖြစ်သော ခံစားမှု 'သောတသမ္ဖဿဇာ ဝေဒနာ'သည်။ပ။

(၂၇) လောက၌ နှာခေါင်းအကြည်'ဃာနပသာဒ'နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ထိမှု(နှာခေါင်းအတွေ့)ကြောင့်ဖြစ်သော ခံစားမှု 'ဃာနသမ္ဖဿဇာ ဝေဒနာ'သည်။ပ။

(၂၈) လောက၌ လျှာအကြည်'ဇိဝှါပသာဒ'နှင့် အရသာ'ရသာရုံ'တို့ တွေ့ထိမှု(လျှာအတွေ့)ကြောင့်ဖြစ်သော ခံစားမှု 'ဇိဝှါသမ္ဖဿဇာ ဝေဒနာ'သည်။ပ။

(၂၉) လောက၌ ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိမှု(ကိုယ်အတွေ့)ကြောင့်ဖြစ်သော ခံစားမှု 'ကာယသမ္ဖဿဇာ ဝေဒနာ'သည်။ပ။

(၃၀) လောက၌ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှု (စိတ်အတွေ့)ကြောင့် ဖြစ်သော ခံစားမှု 'မနောသမ္ဖဿဇာ ဝေဒနာ'သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤစိတ်အတွေ့ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် ခံစားမှု 'မနောသမ္ဖဿဇာ ဝေဒနာ'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'မနောသမ္ဖဿဇာ ဝေဒနာ'၌ တည်၏။

### သညာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၃၁) လောက၌ အဆင်း 'ရူပါရုံ'ကို မှတ်သားမှု'သညာ' (ရူပသညာ)သည် ချစ်အပ်သော သဘော'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏၊ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအဆင်း'ရူပါရုံ'ကို ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် မှတ်သားမှု 'သညာ' (ရူပသညာ)၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း'ရူပါရုံ'ကို ချစ်နှစ်သက်အပ် သာယာအပ်သောသဘောရှိသည့် မှတ်သားမှု 'သညာ' (ရူပသညာ)၌ တည်၏။

(၃၂) လောက၌ အသံ 'သဒ္ဒါရုံ'ကို မှတ်သားမှု'သညာ' (သဒ္ဒသညာ)သည်။ပ။

(၃၃) လောက၌ အနံ့ ဂန္ဓာရုံကို မှတ်သားမှု 'သညာ' (ဂန္ဓသညာ)သည်။ပ။

(၃၄) လောက၌ အရသာ 'ရသာရုံ'ကို မှတ်သားမှု 'သညာ' (ရသ သညာ)သည်။ပ။

(၃၅) လောက၌ အတွေ့'ဖောဋ္ဌဗ္ဗာရုံ'ကို မှတ်သားမှု'သညာ' (ဖောဋ္ဌဗ္ဗသညာ)သည်။ပ။

http://www.dhammadownload.com



(၃၆) လောက၌ စိတ်ဖြင့်သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို မှတ်သားမှု 'သညာ' (ဓမ္မသညာ)သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤဓမ္မာရုံကို ချစ်နှစ်သက်အပ် သာယာအပ်သောသဘောရှိသည့် မှတ်သားမှု 'သညာ' (ဓမ္မသညာ)၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မာရုံကို ချစ်နှစ်သက်အပ်သာယာအပ်သောသဘောရှိသည့် မှတ်သားမှု'သညာ' (ဓမ္မသညာ)၌ တည်၏။

## စေတနာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၃၇) လောက၌ အဆင်း 'ရူပါရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အဆင်း'ရူပါရုံ'ကို မြင်မှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု 'ရူပသဉ္စေတနာ')သည် ချစ်အပ်သော သဘော'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း'ရူပါရုံ'၌ ဖြစ်သော ချစ်နှစ်သက်အပ် သာယာအပ်သောသဘောရှိသည့် စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ'၌ တည်၏။

(၃၈) လောက၌ အသံ'သဒ္ဒါရုံ'၌ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အသံ သဒ္ဒါရုံ'ကို ကြားမှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု'သဒ္ဒသဉ္စေတနာ')သည်။ပ။

(၃၉) လောက၌ အနံ့ 'ဂန္ဓာရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု'စေတနာ' (အနံ့'ဂန္ဓာရုံ' ကို နံမှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု'ဂန္ဓသဉ္စေတနာ') သည်။ပ။

(၄၀) လောက၌ အရသာ 'ရသာရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အရသာ'ရသာရုံ'ကို လျက်မှု၌ စေ့ဆော် တိုက်တွန်းအားထုတ်မှု'ရသသဉ္စေတနာ') သည်။ပ။

(၄၁) လောက၌ အတွေ့'ဖောဋ္ဌဗ္ဗာရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု'စေတနာ' (အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိမှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု 'ဖောဋ္ဌဗ္ဗသဉ္စေတနာ') သည်။ပ။

(၄၂) လောက၌ စိတ်ဖြင့်သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု စေတနာ (စိတ်ဖြင့်သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို သိမှု၌ စေ့ဆော် တိုက်တွန်းအားထုတ်မှု 'ဓမ္မသဉ္စေတနာ')သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'၌ဖြစ်သော ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ'၌ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘော အာရုံ 'ဓမ္မာရုံ'၌ ဖြစ်သော ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် စေ့ဆော်မှု နှိုးဆော်မှု'စေတနာ'၌ တည်၏။

## တဏှာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၄၃) လောက၌ အဆင်း'ရူပါရုံ'၌ တပ်မက်မှု'တဏှာ' (ရူပတဏှာ)သည် ချစ်အပ်သော သဘော'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအဆင်း'ရူပါရုံ'၌ဖြစ်သော တပ်မက်မှု'တဏှာ' (ရူပတဏှာ)၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း'ရူပါရုံ'၌ဖြစ်သော တပ်မက်မှု'တဏှာ'(ရူပတဏှာ)၌ တည်၏။

http://www.dhammadownload.com



(၄၄) လောက၌ အသံ'သဒ္ဒါရုံ'၌ တပ်မက်မှု'တဏှာ'(သဒ္ဒတဏှာ)သည်။ပ။

(၄၅) လောက၌ အနံ့'ဂန္ဓာရုံ'၌ တပ်မက်မှု'တဏှာ'(ဂန္ဓတဏှာ)သည်။ ပ။

(၄၆) လောက၌ အရသာ'ရသာရုံ'၌ တပ်မက်မှု'တဏှာ'(ရသတဏှာ)သည်။ ပ။

(၄၇) လောက၌ အတွေ့'ဖောဋ္ဌဗ္ဗာရုံ'၌ တပ်မက်မှု'တဏှာ'(ဖောဋ္ဌဗ္ဗတဏှာ)သည်။ပ။

(၄၈) လောက၌ စိတ်ဖြင့်သိအပ်သော သဘော အာရုံ 'ဓမ္မာရုံ'၌ တပ်မက်မှု 'တဏှာ' (ဓမ္မတဏှာ)သည် ချစ်အပ်သောသဘော'ပိယရူပ'၊ သာယာအပ်သောသဘော'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု'တဏှာ'သည် ဖြစ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ'ဓမ္မာရုံ'၌ ဖြစ်သော တပ်မက်မှု'တဏှာ' (ဓမ္မတဏှာ)၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ'ဓမ္မာရုံ'၌ဖြစ်သော တပ်မက်မှု'တဏှာ'(ဓမ္မတဏှာ)၌ တည်၏၊

## ဝိတက် ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၄၉) လောက၌ အဆင်း'ရူပါရုံ'ကို ကြံစည်မှု 'ဝိတက်' (ရူပဝိတက်)သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအဆင်း'ရူပါရုံ'ကို ကြံစည်မှု'ဝိတက်' (ရူပဝိတက်)၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း'ရူပါရုံ'ကို ကြံစည်မှု'ဝိတက်'(ရူပဝိတက်)၌ တည်၏။

(၅၀) လောက၌ အသံ'သဒ္ဒါရုံ'ကို ကြံစည်မှု'ဝိတက်'(သဒ္ဒဝိတက်)သည်။ ပ။

(၅၁) လောက၌ အနံ့'ဂန္ဓာရုံ'ကို ကြံစည်မှု'ဝိတက်'(ဂန္ဓဝိတက်)သည်။ ပ။

(၅၂) လောက၌ အရသာ'ရသာရုံ'ကို ကြံစည်မှု'ဝိတက်'(ရသဝိတက်)သည်။ ပ။

(၅၃) လောက၌ အတွေ့'ဖောဋ္ဌဗ္ဗာရုံ'ကို ကြံစည်မှု'ဝိတက်'(ဖောဋ္ဌဗ္ဗဝိတက်)သည်။ ပ။

(၅၄) လောက၌ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို ကြံစည်မှု'ဝိတက်' (ဓမ္မဝိတက်)သည် ချစ်အပ်သောသဘော'ပိယရူပ'၊ သာယာအပ်သောသဘော'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု'တဏှာ'သည် ဖြစ်သည်ရှိသော် ဤ စိတ်ဖြင့်သိအပ်သော သဘောအာရုံ'ဓမ္မာရုံ'ကို ကြံစည်မှု'ဝိတက်' (ဓမ္မဝိတက်)၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မာရုံကို ကြံစည်မှု 'ဝိတက်' (ဓမ္မဝိတက်)၌ တည်၏။

## ဝိစာရ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၅၅) လောက၌အဆင်း'ရူပါရုံ'ကို သုံးသပ်မှု(အာရုံအပေါ်၌ အဖန်ဖန်ကျက်စားမှု) 'ဝိစာရ' (ရူပဝိစာရ)သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏၊ ဤတပ်မက်မှု'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအဆင်း'ရူပါရုံ'ကို သုံးသပ်မှု'ဝိစာရ' (အဆင်း'ရူပါရုံ'အပေါ်၌ အဖန်ဖန် ကျက်စားမှု 'ရူပဝိစာရ')၌ ဖြစ်၏၊တည်သည်ရှိသော် ဤ အဆင်း'ရူပါရုံ'ကို သုံးသပ်မှု 'ဝိစာရ' (အဆင်း'ရူပါရုံ' အပေါ်၌ အဖန်ဖန်ကျက်စားမှု'ရူပဝိစာရ') ၌ တည်၏။

http://www.dhammadownload.com



(၅၆) လောက၌ အသံ 'သဒ္ဒါရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ)သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည် ရှိသော် ဤအသံ'သဒ္ဒါရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ)၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအသံ 'သဒ္ဒါရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ)၌ တည်၏။

(၅၇) လောက၌ အနံ့ 'ဂန္ဓာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဂန္ဓဝိစာရ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအနံ့ 'ဂန္ဓာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဂန္ဓဝိစာရ)၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအနံ့ 'ဂန္ဓာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ'(ဂန္ဓဝိစာရ)၌ တည်၏။

(၅၈) လောက၌ အရသာ 'ရသာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရသဝိစာရ)သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအရသာ 'ရသာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရသ ဝိစာရ)၌ ဖြစ်၏၊ တည်သည် ရှိသော် ဤအရသာ 'ရသာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရသ ဝိစာရ)၌ တည်၏။

(၅၉) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန်ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗဝိစာရ)သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအတွေ့'ဖောဋ္ဌဗ္ဗာရုံ' ကို သုံးသပ်မှု(အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗဝိစာရ)၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗဝိစာရ)၌ တည်၏။

(၆၀) လောက၌ စိတ်ဖြင့် သိအပ်သောသဘော အာရုံ 'ဓမ္မာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ)သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာ အပ်သော သဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ)၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ)၌ တည်၏။

ဤဆိုခဲ့ပြီးသော သဘောကို မဂ်ဖိုလ်ကို ရပြီး၍ ဖြူစင်မြင့်မြတ်သဖြင့် 'အရိယာ'ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်း သိအပ်သည့် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယအရိယ-သစ္စာ'ဟု ဆိုအပ်၏။

(ဒုက္ခသမုဒယအရိယသစ္စာ ပြီး၏။)

http://www.dhammadownload.com



## ၃-နိရောဓအရိယသစ္စာ

## (အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲချုပ်မှုအမှန်သဘော)

၂၀၄။ ထို အရိယသစ္စာ ၄-ပါးတို့တွင် အဘယ်သည် မဂ်ဖိုလ်ကို ရပြီး၍ မြတ်စင်မြင့်မြတ်သဖြင့် 'အရိယာ'ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်းသိအပ်သည့် ဆင်းရဲ ချုပ်မှုအမှန်သဘော 'ဒုက္ခ-နိရောဓ အရိယသစ္စာ'မည်သနည်း။

ထို တပ်မက်မှု'တဏှာ'၏သာ၊လျှင် အကြွင်း အကြွင်းမဲ့ ကင်းခြင်း ချုပ်ပျောက်ခြင်း 'အသေသ-ဝိရာဂနိရောဓ'၊ (အကြွင်းမဲ့) စွန့်ခြင်း 'စာဂ'၊ (အကြွင်းမဲ့) လွတ်လွတ်ကင်းကင်း ဝေးဝေး စွန့်ခြင်း 'ပဋိနိဿဂ္ဂ'၊ (အကြွင်းမဲ့) လွတ်မြောက်ခြင်း 'မုတ္တိ'၊ မတွယ်တာ မကပ်ငြိခြင်း 'အနာ-လယ'သည် ရှိ၏[၁]။

ထိုတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်သနည်း၊ ချုပ်သည်ရှိသော် အဘယ်၌ ချုပ်သနည်း။

လောက၌ အကြင်ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' သည် ဖြစ်၏၊ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်အပ်သော သဘော 'ပိယရူပ' နှင့် သာယာအပ်သောသဘော 'သာတရူပ'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်အပ်သော သဘော 'ပိယရူပ'နှင့် သာယာအပ်သောသဘော 'သာတရူပ'၌ ချုပ်၏။

### ပိယရူပ သာတရူပ ၁၀-မျိုး၊ ၆၀-ပါးတို့၌ တပ်မက်မှုကို ပယ်ပုံ

လောက၌ ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' သည် အဘယ်နည်း။

### အဇ္ဈတ္တိကအာယတန ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၁) လောက၌ မျက်စိအကြည် 'စက္ခုပသာဒ' သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သောသဘောရှိသည့် မျက်စိအကြည် 'စက္ခုပသာဒ'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမျက်စိအကြည် 'စက္ခုပသာဒ'၌ ချုပ်၏။

(၂) လောက၌ နားအကြည် 'သောတပသာဒ'သည်။ပ။

(၃) လောက၌ နှာခေါင်းအကြည် 'ဃာနပသာဒ'သည်။ပ။

(၄) လောက၌ လျှာအကြည် 'ဇိဝှါပသာဒ'သည်။ပ။

(၅) လောက၌ ကိုယ်အကြည် 'ကာယပသာဒ'သည်။ပ။

(၆) လောက၌ အာရုံကို သိတတ်သော စိတ် 'မနော'သည် ချစ်အပ်သောသဘော 'ပိယရူပ'၊သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤ ချစ်

---

၁။ အသေသဝိရာဂနိရောဓ,စာဂ,ပဋိနိဿဂ္ဂ,မုတ္တိ,အနာလယ ပုဒ်တို့သည် နိဗ္ဗာန်၏ပရိယာယ်များ ဖြစ်သည်။ (သမ္မော၊ အဘိ၊ ဋ္ဌ၊ နှာ-၁၀၆)။

http://www.dhammadownload.com



နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် သိမှုစိတ် 'မနော'၌ ပယ်အပ်၏၊ ချုပ်သည် ရှိသော် ဤအာရုံကို သိမှုစိတ် 'မနော'၌ ချုပ်၏။

ဗာဟိရအာယတန ၆-ပါး (အာရုံ ၆-ပါး)၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၇) လောက၌ အဆင်း 'ရူပါရုံ'တို့သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏၊ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤ ချစ်နှစ်သက်အပ် သာယာအပ်သောသဘောရှိသည့် အဆင်း 'ရူပါရုံ'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'၌ ချုပ်၏။

(၈) လောက၌ အသံ 'သဒ္ဒါရုံ'တို့သည်။ပ။

(၉) လောက၌ အနံ့ 'ဂန္ဓာရုံ'တို့ သည်။ပ။

(၁၀) လောက၌ အရသာ 'ရသာရုံ'တို့သည်။ပ။

(၁၁) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့သည်။ပ။

(၁၂) လောက၌ စိတ်ဖြင့်သိအပ်သောသဘော အာရုံ'ဓမ္မာရုံ'တို့သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော 'ဓမ္မာရုံ'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'၌ ချုပ်၏။

ဝိညာဏခတ် ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၁၃) လောက၌ မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော မြင်သိစိတ် 'စက္ခုဝိညာဏ်'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမြင်သိစိတ်'စက္ခုဝိညာဏ်'၌ ချုပ်၏။

(၁၄) လောက၌ ကြားသိစိတ် 'သောတဝိညာဏ်'သည်။ပ။

(၁၅) လောက၌ နံသိစိတ် 'ဃာနဝိညာဏ်'သည်။ပ။

(၁၆) လောက၌ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည်။ပ။

(၁၇) လောက၌ ထိသိစိတ်'ကာယဝိညာဏ်'သည်။ပ။

(၁၈) လောက၌ ကြံသိစိတ် 'မနောဝိညာဏ်'သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော ကြံသိစိတ် 'မနောဝိညာဏ်'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤကြံသိစိတ်'မနောဝိညာဏ်'၌ ချုပ်၏။

ဖဿ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၁၉) လောက၌ မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ထိမှု မျက်စိအတွေ့ (မြင်တွေ့မှု) 'စက္ခုသမ္ဖဿ' သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော

http://www.dhammadownload.com



သဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤ ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော မျက်စိအတွေ့'စက္ခုသမ္ဖဿ'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သောသဘောရှိသော (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ထိမှု) မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'၌ ချုပ်၏။

(၂၀) လောက၌ နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့ တွေ့ထိမှု 'သောတသမ္ဖဿ' (နားအတွေ့=ကြားတွေ့မှု) သည်။ပ။

(၂၁) လောက၌ နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ထိမှု 'ဃာနသမ္ဖဿ' (နှာခေါင်းအတွေ့=နံတွေ့မှု) သည်။ပ။

(၂၂) လောက၌ လျှာအကြည်'ဇိဝှါပသာဒ'နှင့် အရသာ'ရသာရုံ'တို့ တွေ့ထိမှု'ဇိဝှါသမ္ဖဿ' (လျှာအတွေ့=လျက်တွေ့မှု)သည်။ပ။

(၂၃) လောက၌ ကိုယ်အကြည်'ကာယပသာဒ'နှင့် အတွေ့'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ထိမှု'ကာယသမ္ဖဿ' (ကိုယ်အတွေ့=ထိတွေ့မှု) သည်။ပ။

(၂၄) လောက၌ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှု 'မနောသမ္ဖဿ' (စိတ်အတွေ့=ကြံတွေ့မှု) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်အပ်သောသဘော 'ပိယရူပ'နှင့် သာယာအပ်သောသဘော 'သာတရူပ'ဖြစ်သော 'မနောသမ္ဖဿ' (စိတ်အတွေ့)၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သောသဘော ရှိသော (စိတ်နှင့် ဓမ္မာရုံတို့) တွေ့ထိမှု 'မနောသမ္ဖဿ'(စိတ်အတွေ့)၌ ချုပ်၏။

## ဝေဒနာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၂၅) လောက၌ မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း'ရူပါရုံ'တို့ တွေ့ထိမှု 'စက္ခုသမ္ဖဿ' (မျက်စိအတွေ့=မြင်တွေ့မှု) ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (စက္ခုသမ္ဖဿဇာ ဝေဒနာ)သည် ချစ်အပ်သောသဘော 'ပိယရူပ'၊သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် မျက်စိအကြည်'စက္ခုပသာဒ'နှင့် အဆင်း'ရူပါရုံ' တို့ တွေ့ထိမှု'စက္ခုသမ္ဖဿ' (မျက်စိအတွေ့)ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော ခံစားမှု 'ဝေဒနာ' (စက္ခုသမ္ဖဿဇာ ဝေဒနာ)၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမျက်စိအတွေ့ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော ခံစားမှု 'ဝေဒနာ'(စက္ခုသမ္ဖဿဇာ ဝေဒနာ)၌ ချုပ်၏။

(၂၆) လောက၌ နားအကြည်'သောတပသာဒ'နှင့် အသံ'သဒ္ဒါရုံ'တို့ တွေ့ထိမှု'သောတသမ္ဖဿ'(နားအတွေ့=ကြားတွေ့မှု)ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (သောတသမ္ဖဿဇာ ဝေဒနာ)သည်။ပ။

(၂၇) လောက၌ နှာခေါင်းအကြည်'ဃာနပသာဒ'နှင့် အနံ့'ဂန္ဓာရုံ'တို့တွေ့ထိမှု'ဃာနသမ္ဖဿ' (နှာခေါင်းအတွေ့=နံတွေ့မှု) ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' (ဃာနသမ္ဖဿဇာ ဝေဒနာ) သည်။ပ။

http://www.dhammadownload.com



(၂၈) လောက၌ လျှာအကြည်'ဇိဝှါပသာဒ'နှင့် အရသာ'ရသာရုံ'တို့ တွေ့ထိမှု'ဇိဝှါသမ္ဖဿ' (လျှာအတွေ့=လျှက်တွေ့မှု)ကြောင့်ဖြစ်သောခံစားမှု'ဝေဒနာ' (ဇိဝှါသမ္ဖဿဇာဝေဒနာ)သည်။ပ။

(၂၉) လောက၌ ကိုယ်အကြည်'ကာယပသာဒ'နှင့် အတွေ့'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ထိမှု 'ကာယသမ္ဖဿ' (ကိုယ်အတွေ့=တွေ့ထိမှု) ကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ' (ကာယသမ္ဖဿဇာဝေဒနာ) သည်။ပ။

(၃၀) လောက၌ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှု'မနောသမ္ဖဿ'(စိတ်အတွေ့=ကြံတွေ့မှု)ကြောင့် ဖြစ်သော ခံစားမှု'ဝေဒနာ' (မနောသမ္ဖဿဇာ ဝေဒနာ)သည် ချစ်အပ်သောသဘော'ပိယရူပ'၊ သာယာအပ်သော သဘော'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤစိတ်အတွေ့'မနောသမ္ဖဿ'ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိ သောခံစားမှု'ဝေဒနာ'(မနောသမ္ဖဿဇာဝေဒနာ)၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်အတွေ့ 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော ခံစားမှု 'ဝေဒနာ'(မနောသမ္ဖဿဇာ ဝေဒနာ)၌ ချုပ်၏။

### သညာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၃၁) လောက၌ အဆင်း'ရူပါရုံ'ကို မှတ်သားမှု'သညာ' (ရူပသညာ)သည်။ပ။

(၃၂) လောက၌ အသံ'သဒ္ဒါရုံ'ကို မှတ်သားမှု'သညာ' (သဒ္ဒသညာ)သည်။ပ။

(၃၃) လောက၌ အနံ့'ဂန္ဓာရုံ'ကို မှတ်သားမှု'သညာ' (ဂန္ဓသညာ)သည်။ပ။

(၃၄) လောက၌ အရသာ'ရသာရုံ'ကို မှတ်သားမှု'သညာ'(ရသ သညာ)သည်။ပ။

(၃၅) လောက၌ အတွေ့'ဖောဋ္ဌဗ္ဗာရုံ'ကို မှတ်သားမှု'သညာ'(ဖောဋ္ဌဗ္ဗသညာ)သည်။ပ။

(၃၆) လောက၌ စိတ်ဖြင့်သိအပ်သော သဘောအာရုံ'ဓမ္မာရုံ'ကို မှတ်သားမှု'သညာ (ဓမ္မသညာ)သည် ချစ်အပသောသဘော'ပိယရူပ'၊ သာယာအပ်သောသဘော'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ'ဓမ္မာရုံ'ကို မှတ်သားမှု'သညာ'(ဓမ္မသညာ)၏ ချစ်နှစ်သက်ဖွယ်သဘော'ပိယရူပ'နှင့် သာယာဖွယ်သဘော 'သာတရူပ'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ'ဓမ္မာရုံ'ကို မှတ်သားမှု'သညာ'(ဓမ္မသညာ)၏ ချစ်နှစ်သက်ဖွယ်သဘော 'ပိယရူပ'နှင့် သာယာဖွယ်သဘော 'သာတရူပ'၌ ချုပ်၏။

### စေတနာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၃၇) လောက၌ အဆင်း'ရူပါရုံ'၌ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု'စေတနာ' (အဆင်း 'ရူပါရုံ'ကို မြင်မှု၌ စေ့ဆော် တိုက်တွန်း အားထုတ်မှု 'ရူပသဉ္စေတနာ)သည်။ပ။

(၃၈) လောက၌ အသံ'သဒ္ဒါရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု'စေတနာ' (အသံ 'သဒ္ဒါရုံ'ကို ကြားမှု၌ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'သဒ္ဒသဉ္စေတနာ')သည်။ ပ။

http://www.dhammadownload.com



(၃၉) လောက၌ အနံ့ 'ဂန္ဓာရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု'စေတနာ' (အနံ့ 'ဂန္ဓာရုံ'ကို နံမှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု 'ဂန္ဓသဉ္စေတနာ') သည်။ပ။

(၄၀) လောက၌ အရသာ 'ရသာရုံ'၌ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အရသာ 'ရသာရုံ'ကို လျက်မှု၌ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'ရသ သဉ္စေတနာ')သည် ။ပ။

(၄၁) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိမှု၌ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'ဖောဋ္ဌဗ္ဗ သဉ္စေတနာ' သည်)။ပ။

(၄၂) လောက၌ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို သိမှု၌ နှိုးဆော်တိုက်တွန်း အားထုတ်မှု'ဓမ္မသဉ္စေတနာ')သည် ချစ်အပ်သော သဘော'ပိယရူပ'၊သာယာအပ်သော သဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'၌ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (ဓမ္မသဉ္စေတနာ)၏ ချစ်နှစ်သက်ဖွယ်သဘော'ပိယရူပ'နှင့် သာယာဖွယ်သဘော'သာတရူပ'၌ ပယ်အပ်၏၊ ချုပ်သည် ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ'(ဓမ္မသဉ္စေတနာ)၏ ချစ်နှစ်သက်ဖွယ်သဘော 'ပိယရူပ'နှင့် သာယာဖွယ် သဘော 'သာတရူပ'၌ ချုပ်၏။

### တဏှာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၄၃) လောက၌ အဆင်း 'ရူပါရုံ'၌ တပ်မက်မှု 'တဏှာ' (ရူပတဏှာ)သည်။ပ။

(၄၄) လောက၌ အသံ 'သဒ္ဒါရုံ'၌ တပ်မက်မှု 'တဏှာ' (သဒ္ဒတဏှာ)သည်။ပ။

(၄၅) လောက၌ အနံ့ 'ဂန္ဓာရုံ'၌ တပ်မက်မှု 'တဏှာ' (ဂန္ဓတဏှာ)သည်။ပ။

(၄၆) လောက၌ အရသာ 'ရသာရုံ'၌ တပ်မက်မှု 'တဏှာ' (ရသ တဏှာ)သည်။ပ။

(၄၇) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'၌ တပ်မက်မှု 'တဏှာ' (ဖောဋ္ဌဗ္ဗ တဏှာ)သည်။ပ။

(၄၈) လောက၌ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'၌ တပ်မက်မှု'တဏှာ' (ဓမ္မတဏှာ)သည် ချစ်အပ်သော သဘော'ပိယရူပ'၊သာယာအပ်သောသဘော'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤဓမ္မာရုံ၌ဖြစ်သော တပ်မက်မှု 'ဓမ္မတဏှာ'၏ ချစ်နှစ်သက်ဖွယ် သဘော 'ပိယရူပ'နှင့် သာယာဖွယ်သဘော 'သာတရူပ'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မာရုံကို တပ်မက်မှု 'ဓမ္မတဏှာ'၏ ချစ်နှစ်သက်ဖွယ်သဘော 'ပိယရူပ'နှင့် သာယာဖွယ်သဘော'သာတရူပ'၌ ချုပ်၏။

### ဝိတက် ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၄၉) လောက၌ အဆင်း 'ရူပါရုံ'ကို ကြံစည်မှု 'ဝိတက်' (ရူပဝိတက်)သည်။ပ။

(၅၀) လောက၌ အသံ 'သဒ္ဒါရုံ'ကို ကြံစည်မှု 'ဝိတက်' (သဒ္ဒဝိတက်)သည်။ပ။

http://www.dhammadownload.com



(၅၁) လောက၌ အနံ့ 'ဂန္ဓာရုံ'ကို ကြံစည်မှု 'ဝိတက်' (ဂန္ဓဝိတက်)သည်။ပ။

(၅၂) လောက၌ အရသာ 'ရသာရုံ'ကို ကြံစည်မှု 'ဝိတက်' (ရသ ဝိတက်)သည်။ပ။

(၅၃) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို ကြံစည်မှု 'ဝိတက်' (ဖောဋ္ဌဗ္ဗ ဝိတက်)သည်။ပ။

(၅၄) လောက၌ စိတ်ဖြင့်သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို ကြံစည်မှု 'ဝိတက်' (ဓမ္မဝိတက်)သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤ တပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤ ဓမ္မာရုံကို ကြံစည်မှု 'ဓမ္မဝိတက်'၏ ချစ်နှစ်သက်ဖွယ် သဘော 'ပိယရူပ'နှင့် သာယာဖွယ် သဘော 'သာတရူပ'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤ ဓမ္မာရုံကို ကြံစည်မှု 'ဓမ္မဝိတက်'၏ ချစ်နှစ်သက်ဖွယ် သဘော 'ပိယရူပ'နှင့် သာယာဖွယ် သဘော 'သာတရူပ'၌ ချုပ်၏။

ဝိစာရ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၅၅) လောက၌ အဆင်း 'ရူပါရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရူပဝိစာရ)သည်။ပ။

(၅၆) လောက၌ အသံ 'သဒ္ဒါရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ)သည်။ပ။

(၅၇) လောက၌ အနံ့ 'ဂန္ဓာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန် ဖန်ကျက်စားမှု) 'ဝိစာရ' (ဂန္ဓဝိစာရ)သည်။ပ။

(၅၈) လောက၌ အရသာ 'ရသာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရသ ဝိစာရ)သည်။ပ။

(၅၉) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗ ဝိစာရ)သည်။ပ။

(၆၀) လောက၌ စိတ်ဖြင့်သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ)သည် ချစ်အပ်သောသဘော 'ပိယရူပ'၊သာယာအပ်သောသဘော 'သာတရူပ'ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤ ဓမ္မာရုံကို သုံးသပ်မှု 'ဓမ္မဝိစာရ'၏ ချစ်နှစ်သက်ဖွယ်သဘော 'ပိယရူပ'နှင့် သာယာဖွယ်သဘော 'သာတရူပ'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤ ဓမ္မာရုံကို သုံးသပ်မှု 'ဓမ္မဝိစာရ'၏ ချစ်နှစ်သက်ဖွယ် သဘော'ပိယရူပ'နှင့် သာယာဖွယ်သဘော 'သာတရူပ'၌ ချုပ်၏။

ဤဆိုခဲ့ပြီးသောသဘောကို မဂ်ဖိုလ်ကိုရပြီး၍ ဖြူစင်မြင့်မြတ်သဖြင့်'အရိယာ'ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ထိုးထွင်းသိအပ်သော ဆင်းရဲချုပ်မှုအမှန်သဘော'ဒုက္ခနိရောဓ အရိယသစ္စာ'ဟုဆိုအပ်၏။

(ဒုက္ခနိရောဓ အရိယသစ္စာ ပြီး၏။)

http://www.dhammadownload.com



## ၄-မဂ္ဂအရိယသစ္စာ

(ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ)

(ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဖြစ်သည့်

အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍သိအပ်သော အမှန်သဘော)

၂၀၅။ ထိုအရိယသစ္စာ ၄-ပါးတို့တွင် အဘယ်သည် အရိယာတို့ ထိုးထွင်း၍သိအပ်သော ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်း အကျင့်ဖြစ်သည့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ'[၁] မည်သနည်း။

အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာသို့ရောက်ကြောင်းအကျင့်သည်(ကိလေသာတို့မှ) ဖြူစင်မြင့်မြတ်သော အင်္ဂါရှစ်ပါးရှိသည့် ဤနိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ္ဂ' ပင်တည်း။

ဤအင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ရောက်ကြောင်းလမ်း 'မဂ်'ဟူသည် အဘယ်နည်း။

မဂ္ဂင် ၈-ပါး။ ။(၁) မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။

(၂) မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'။

(၃) မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ'။

(၄) မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'။

(၅) မဖောက်မပြန် မှန်ကန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ'။

(၆) မဖောက်မပြန် မှန်ကန်စွာ ကြိုးစား အားထုတ် လုံ့လပြုခြင်း 'သမ္မာဝါယာမ'။

(၇) မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူးစိုက်စိုက် အောက်မေ့ခြင်း 'သမ္မာသတိ'။

(၈) မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကိုအာရုံ၌ ကောင်းစွာထားခြင်း)'သမ္မာသမာဓိ' (တည်းဟူသော ဤရှစ်ပါးတို့တည်း)။

သမ္မာဒိဋ္ဌိ။ ။ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'မည်သနည်း။

ဆင်းရဲ၌ သိမှု 'ဒုက္ခေ ဉာဏံ'၊ ဆင်းရဲဖြစ်ကြောင်း၌ သိမှု 'ဒုက္ခသမုဒယေ ဉာဏံ'၊ ဆင်းရဲချုပ်မှု၌ သိမှု 'ဒုက္ခနိရောဓေ ဉာဏံ'၊ ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့်၌ သိမှု 'ဒုက္ခနိရောဓဂါမိနိပဋိပဒါ ဉာဏံ'။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။

---

၁။ မဂ္ဂင်ရှစ်ပါးသည်ပင် 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ'ဖြစ်သည်။

http://www.dhammadownload.com



**သမ္မာသင်္ကပ္ပ။** ။ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'[1]မည်သနည်း။

(၁) ကာမအာရုံ ကာမဂုဏ် အနှောင်အဖွဲ့မှ ထွက်မြောက်သော ကြံစည်မှု 'နေက္ခမ္မသင်္ကပ္ပ'။

(၂) ဒေါသလွတ်ကင်းသော ကြံစည်မှု (မေတ္တာနှင့်ယှဉ်သည့် ကြံစည်မှု) 'အဗျာပါဒသင်္ကပ္ပ'။

(၃) ညှဉ်းဆဲနှိပ်စက်ခြင်းမှ လွတ်ကင်းသော ကြံစည်မှု (ကရုဏာနှင့်ယှဉ်သည့် ကြံစည်မှု) 'အဝိဟိံသ သင်္ကပ္ပ'။

ဤဆိုခဲ့ပြီးသောသဘောကို မဖောက်မပြန် မှန်ကန်စွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'ဟု ဆိုအပ်၏။

**သမ္မာဝါစာ။** ။ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ'မည်သနည်း။

မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း 'မုသာဝါဒါ ဝေရမဏီ'၊ ဂုံးချော ဂုံးတိုက်စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း (အချင်းချင်း ချစ်ခင်မှုကို ကြိတ်ချေဖျက်ဆီး သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု) 'ပိသုဏာဝါစာ ဝေရမဏီ'၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း 'ဖရုသဝါစာ ဝေရမဏီ'၊ အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း 'သမ္ဖပ္ပလာပ ဝေရမဏီ'။

ဤဆိုခဲ့ပြီးသောသဘောကို မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ'ဟု ဆိုအပ်၏။

**သမ္မာကမ္မန္တ။** ။ထို မဂ္ဂင်ရှစ်ပါးတို့ တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'မည်သနည်း။

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း 'ပါဏာတိပါတာ ဝေရမဏီ'၊ ပိုင်ရှင် မပေးအပ် သော သူတပါး၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း'အဒိန္နာဒါနာ ဝေရမဏီ'၊ကာမဂုဏ် မေထုန်အမှုတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း 'ကာမေသုမိစ္ဆာစာရာ ဝေရမဏီ'။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ'ဟု ဆိုအပ်၏။

**သမ္မာအာဇီဝ။** ။ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ အသက် မွေးခြင်း' 'သမ္မာအာဇီဝ'[2]မည်သနည်း။

ဤသာသနာတော်၌ (ကိလေသာတို့မှ) ဖြူစင်မြင့်မြတ်သဖြင့် အရိယာဟု ခေါ်တွင်သော တပည့်သည် မှားယွင်းစွာ အသက်မွေးမှုကို ပယ်စွန့်၍ မဖောက်မပြန် မှန်ကန်သော အသက်မွေးမှု ဖြင့် အသက်မွေးခြင်းကို ပြု၏။

ဤဆိုခဲ့ပြီးသော သဘောကိုမဖောက်မပြန် မှန်ကန်သော အသက်မွေးခြင်း 'သမ္မာအာဇီဝ'ဟု ဆိုအပ်၏။

---

၁။ သမ္မာသင်္ကပ္ပ ၃-ပါး=သမ္မာဝိတက် ၃-ပါး=နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်,အဝိဟိံသဝိတက်။

၂။ သမ္မာအာဇီဝ=သမ္မာဝါစာ,သမ္မာကမ္မန္တ အားဖြင့် အသက်မွေးခြင်း (သမ္မောဟ ဝိနောဒနီ၊အဘိ ဋ္ဌ၊၂၊နှာ-၁၁၂)

http://www.dhammadownload.com



**သမ္မာဝါယာမ။** ။ထို မဂ္ဂင်ရှစ်ပါးတို့ တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြိုးစား အားထုတ်လုံ့လပြုခြင်း 'သမ္မာဝါယာမ'[1] မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ အားထုတ်လိုသောဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဇနေတိ)၊ လုံ့လပြု၏(ဝါယမတိ)၊ ကြိုးစားအားထုတ်၏ (ဝီရိယံ အာရဘတိ)၊ စိတ်ကို ချီးမြှောက် (အားပေး)၏ (ဝီရိယရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက်တည်၍ အားထုတ်၏ (အင်္ဂါလေးပါး[2]နှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။

ဖြစ်ပြီးကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ပယ်စွန့်ခြင်းငှါ အားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဇနေတိ)၊ လုံ့လပြု၏ (ဝါယမတိ)၊ ကြိုးစားအားထုတ်၏ (ဝီရိယံ အာရဘတိ)၊ စိတ်ကို ချီးမြှောက်(အားပေး)၏ (ဝီရိယရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက်တည်၍ အားထုတ်၏ (အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။

မဖြစ်သေးကုန်သော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ အားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဇနေတိ)၊ လုံ့လပြု၏ (ဝါယမတိ)၊ ကြိုးစားအားထုတ်၏ (ဝီရိယံ အာရဘတိ)၊ စိတ်ကို ချီးမြှောက်(အားပေး)၏ (ဝီရိယရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက်တည်၍ အားထုတ်၏ (အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။

ဖြစ်ပြီးကုန်သော ကုသိုလ်တရားတို့ကို တည်တံ့စေခြင်းငှါ (ဌိတိယာ)၊ မပျောက်ပျက် မပျက်စီးစေခြင်းငှါ (အသမ္မောသာယ)၊ များစွာတိုးပွါးစေခြင်းငှါ (ဘိယျောဘာဝါယ)၊ ပြန့်ပြောစေခြင်းငှါ (ပြန့်ပွါးစေခြင်းငှါ) (ဝေပုလ္လာယ)၊ ပွါးများမှု ပြည့်စုံစေခြင်းငှါ (ဘာဝနာယ ပါရိပူရိယာ)၊ အားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဇနေတိ)၊ လုံ့လပြု၏ (ဝါယမတိ)၊ ကြိုးစားအားထုတ်၏ (ဝီရိယံ အာရဘတိ)၊ စိတ်ကို ချီးမြှောက် (အားပေး)၏ (ဝီရိယရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက်တည်၍ အားထုတ်၏ (အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်လုံ့လပြုခြင်း 'သမ္မာဝါယာမ'ဟု ဆိုအပ်၏။

**သမ္မာသတိ။** ။ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူးစိုက်စိုက် အောက်မေ့ခြင်း 'သမ္မာသတိ'[3] မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ကိလေသာအညစ်အကြေးတို့ကို ပူပန် (မန်းခြောက်) စေတတ်သော လုံ့လရှိသည်ဖြစ်၍ (ပြင်းထန်သော လုံ့လဝီရိယရှိသည်ဖြစ်၍) (အာတာပီ)၊ ကောင်းစွာ

---

၁။ သမ္မာဝါယာမ=သမ္မပ္ပဓာန် ၄-ပါး။

၂။ ဝီရိယ အင်္ဂါ ၄-ပါး=(၁)အရေကြွင်းစေ၊ (၂)အကြောကြွင်းစေ၊ (၃)အရိုးကြွင်းစေ၊ (၄)အသား အသွေးခန်းခြောက်စေ-ဟုအားထုတ်ခြင်း။ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ကီဋာဂိရိသုတ်၊နှာ-၁၄၆။

၃။ သမ္မာသတိ=သတိပဋ္ဌာန် ၄-ပါး၊ သတိသမ္ဗောဇ္ဈင်။

http://www.dhammadownload.com



အပြားအားဖြင့် ပိုင်းခြားသိတတ်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍ (သမ္ပဇာနော), မမေ့မလျော့ အောက်မေ့ခြင်း သတိရှိသည်ဖြစ်၍ (သတိမာ) လောက¹၌ ရှေးရှုကြံစည်သော အားဖြင့် အလွန်တပ်မက်မှု 'အဘိဇ္ဈာ'နှင့် စိတ်နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ ဆံပင်စသော စက်ဆုပ်ဖွယ် တရားတို့ ဖြစ်ပေါ်ရာ ခန္ဓာကိုယ် ရုပ်အပေါင်း၌ ဆံပင်စသော စက်ဆုပ်ဖွယ်တရားတို့ ဖြစ်ပေါ်ရာ ခန္ဓာကိုယ် ရုပ်အပေါင်းဟူ၍ အဖန်ဖန်ရှုလျက် နေ၏ (ကာယေ ကာယာနုပဿီ)။

ခံစားမှု 'ဝေဒနာ'တို့၌။ ပ။

သိမှု'စိတ်'၌။ ပ။

ကိလေသာအညစ်အကြေးတို့ကို ပူပန် (ခန်းခြောက်) စေတတ်သော လုံ့လရှိသည်ဖြစ်၍ (ပြင်းထန်သော လုံ့လဝီရိယရှိသည်ဖြစ်၍) (အာတာပီ), ကောင်းစွာအပြားအားဖြင့် ပိုင်းခြားသိတတ်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍ (သမ္ပဇာနော), မမေ့မလျော့ အောက်မေ့ခြင်း သတိရှိသည်ဖြစ်၍ (သတိမာ), လောက၌ ရှေးရှုကြံစည်သောအားဖြင့် အလွန်တပ်မက်မှု 'အဘိဇ္ဈာ'နှင့် စိတ်နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ နီဝရဏတရား, ခန္ဓာငါးပါး စသော တရားတို့၏ မမြဲသောသဘော အနိစ္စစသော သဘောတရားတို့၌ မမြဲသော သဘော တရားတို့ဟူ၍ အဖန်ဖန် ရှု၍နေ၏ (ဓမ္မေသု ဓမ္မာနုပဿီ)။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူးစိုက်စိုက် အောက်မေ့မှု'သမ္မာသတိ'ဟု ဆိုအပ်၏။

**သမ္မာသမာဓိ။** ။ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာထားခြင်း) 'သမ္မာသမာဓိ'မည်သနည်း။

**ပထမဈာန် သမ္မာသမာဓိ။** ။ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်ငါးပါးတို့မှကင်းဆိတ်၍ (ကင်းလွတ်၍)သာလျှင်' အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ (ကင်းလွတ်၍) သာလျှင် ကြံစည်ခြင်း'ဝိတက်'နှင့်တကွဖြစ်သော (သဝိတက္က), အာရုံအပေါ်၌အဖန်ဖန် ဆင်ခြင်သုံးသပ်ခြင်း'ဝိစာရ' နှင့် တကွဖြစ်သော (သဝိစာရ), နီဝရဏတရားတို့ ဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်သော (ဝိဝေကဇ), နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော (ပီတိသုခ) ပဌမဈာန်²သို့ ရောက်၍ နေ၏(ပထမဈာန်ကို မျက်မှောက်ပြု၍ နေ၏)။

**ဒုတိယဈာန်-သမ္မာသမာဓိ။** ။ကြံစည်ခြင်း'ဝိတက်', ဆင်ခြင်သုံးသပ်ခြင်း'ဝိစာရ'တို့၏ ငြိမ်းအေးခြင်းကြောင့် မိမိအတွင်းအဇ္ဈတ္တသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော(သမ္ပသာဒန), တည်ကြည်ခြင်း'သမာဓိ'ကို ပွါးစေတတ်သော (ဧကောဒိဘာဝ), ကြံစည်ခြင်း'ဝိတက်' မရှိသော(အဝိတက္က), ဆင်ခြင်သုံးသပ်ခြင်း'ဝိစာရ' မရှိသော(အဝိစာရ),

---

၁။ လောက=ဥပါဒါနက္ခန္ဓာ ၅-ပါး၊ သင်္ခါရတရားများ။

၂။ ပထမဈာန်ကို သဝိတက္ကဈာန်,သဝိစာရဈာန်, ဝိဝေကဇဈာန်,ပီတိသုခဈာန်ဟု ခေါ်သည်။

http://www.dhammadownload.com



တည်ကြည်ခြင်း'သမာဓိ'ကြောင့်ဖြစ်သော (သမာဓိဇ), နှစ်သက်ခြင်း'ပီတိ'နှင့် ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယစျာန်[၁]သို့ ရောက်၍ နေ၏(ဒုတိယစျာန်ကို မျက်မှောက်ပြု၍ နေ၏)။

**တတိယစျာန်–သမ္မာသမာဓိ။** ။နှစ်သက်ခြင်း 'ပီတိ'ကိုလည်း တပ်မက်မှုကင်းခြင်းကြောင့် (စက်ဆုပ်ခြင်းကြောင့်) လျစ်လျူရှုလျက်လည်း နေ၏ (ဥပေက္ခကော)၊မမေ့မလျော့ အောက်မေ့ခြင်း'သတိ'ရှိလျက်လည်း နေ၏(သတော)၊ ကောင်းစွာ အပြားအားဖြင့် ပိုင်းခြားသိတတ်သောပညာနှင့် ပြည့်စုံသည်ဖြစ်လျက်လည်း နေ၏(သမ္ပဇာနော)၊ ချမ်းသာခြင်း'သုခ'ကိုလည်း ကိုယ်စိတ်နှစ်ပါး အပေါင်းဖြင့် ခံစားလျက်နေ၏(ကာယေန ပဋိသံဝေဒေတိ)၊ ယင်းတတိယစျာန်ရရှိသူကို လျစ်လျူရှုနိုင်သူ(ဥပေက္ခကော)၊ အောက်မေ့ခြင်း'သတိ' ရှိသူ(သတိမာ)၊ ချမ်းသာစွာနေလေ့ရှိသူ(သုခဝိဟာရီ)ဟု အရိယာပုဂ္ဂိုလ် သူတော်သူမြတ်တို့သည် မိန့်ကြားချီးမွမ်းတော်မူကုန်၏။ ထိုတတိယစျာန်[၂]သို့ ရောက်၍ နေ၏(မျက်မှောက်ပြု၍ နေ၏)။

**စတုတ္ထစျာန်-[၃]သမ္မာသမာဓိ။** ။ချမ်းသာခြင်း'သုခ'ကို ပယ်ခြင်းကြောင့်ရင်း, ဆင်းရဲခြင်း'ဒုက္ခ' ကို ပယ်ခြင်းကြောင့်ရင်း, ရှေးဦးမဆွကပင် ဝမ်းမြောက်ခြင်း 'သောမနဿ'နှင့်စိတ်နှလုံးမသာယာခြင်း'ဒေါမနဿ'တို့၏ချုပ်ခြင်းကြောင့်ရင်း, ဆင်းရဲခြင်း'ဒုက္ခ' လည်း မဟုတ်မူ၍ ချမ်းသာခြင်း'သုခ'လည်း မဟုတ်သော(အဒုက္ခမသုခဖြစ်သော), လျစ်လျူရှုခြင်း(ထိုထိုအာရုံ၌ အလယ်အလတ် အညီအမျှဖြစ်ခြင်း) 'ဥပေက္ခာ'ကြောင့်ဖြစ်သော သတိ၏ အလုံးစုံ စင်ကြယ်ခြင်းရှိသော (အလွန်စင်ကြယ်သော သတိရှိသော) စတုတ္ထစျာန်[၄]သို့ ရောက်၍ နေ၏(မျက်မှောက်ပြု၍နေ၏)။

ဤဆိုခဲ့ပြီးသော စျာန်လေးပါးကို မဖောက်မပြန် မှန်ကန်စွာ စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း တည်ကြည်မှု 'သမ္မာသမာဓိ'ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော သဘောကို အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်း အကျင့်ဖြစ်သည့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ'ဟု ဆိုအပ်၏။

(ဒုက္ခနိရောဓဂါမိနိ ပဋိပဒါအရိယသစ္စာ ပြီး၏။)

သစ္စာ ၄-ပါးတို့ကို သုတ္တန်နည်းဖြင့် ဝေဖန်၍ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်း ပြီး၏။

---

၁။ ဒုတိယစျာန်ကို အဝိတက္က အဝိစာရစျာန်, သမာဓိဇစျာန်, ပီတိသုခစျာန်ဟု ခေါ်သည်။ (စတုက္ကနည်း အားဖြင့် ပြထားခြင်း ဖြစ်သည်။)

၂။ တတိယစျာန်ကို ဥပေက္ခကစျာန်, သတိမာစျာန်, သုခဝိဟာရီစျာန်ဟု ခေါ်သည်။

၃။ စျာန်လေးပါးဟု စတုက္ကနည်းဖြင့် ဟောထားခြင်း ဖြစ်သည်။

၄။ စတုတ္ထစျာန်ကို အဒုက္ခမသုခစျာန်, ဥပေက္ခာသတိပါရိသုဒ္ဓိစျာန်ဟု ခေါ်သည်။

http://www.dhammadownload.com

# ၂-အဘိဓမ္မာဘာဇနီယ

(သစ္စာလေးပါးတို့ကို အဘိဓမ္မာနည်းဖြင့်ဝေဖန်၍ဟောကြားအပ်သော'အဘိဓမ္မာဘာဇနီယ'နည်း)

## အင်္ဂါကဝါရ

(အင်္ဂါကဝါရအားဖြင့် သစ္စာလေးပါး ဖွဲ့နည်း ၅-မျိုး [၂])

### ၁-အင်္ဂါကဝါရ ပဌမနည်း

(တဏှာကို သမုဒယသစ္စာဟု ဟောသောနည်း)

**သစ္စာလေးပါး** ၂၀၆။ သစ္စာလေးပါးတို့ကား—

(၁) ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'[၁]။

(၂) ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'။

(၃) ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'။

(၄) ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့်အမှန်သဘော 'ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ)တို့တည်း။

**သမုဒယသစ္စာ။** ။ထို သစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယ သစ္စာ' မည်သနည်း။

---

၁။ အဘိဓမ္မာဘာဇနီယနည်း၌ မဟာဝါရ ၃-ပါးရှိသည်။ ယင်း ၃-ပါးတို့ကား—

(၁) အင်္ဂါကဝါရ=မဂ္ဂင် ၈-ပါးဖြင့် ဝေဖန်၍ မဂ္ဂသစ္စာ ဖွဲ့ပြသောနည်း။

(၂) ပဉ္စင်္ဂိကဝါရ=သီလမဂ္ဂင် ၃-ပါးမှတပါး ကျန် မဂ္ဂင် ၅-ပါးဖြင့် ဝေဖန်၍ မဂ္ဂသစ္စာဖွဲ့ပြသောနည်း။

(၃) သဗ္ဗသင်္ဂါဟိကဝါရ=ဖဿစသော တရားအပေါင်းဖြင့် ဝေဖန်၍ မဂ္ဂသစ္စာ ဖွဲ့ပြသောနည်း။

၂။ အင်္ဂါကဝါရ ၅-မျိုးမှာ—(၁) တဏှာ တခုတည်းကိုသာ သမုဒယ သစ္စာဟု ဟောသောနည်း။ (၂) ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း။ (၃) အကုသိုလ်တရား အားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း။ (၄) အကုသိုလ်တရား အားလုံးနှင့် လောကီကုသလမူလ ၃-ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း။ (၅) လောကီကုသိုလ်နှင့် အကုသိုလ် အားလုံးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း။ ဤနည်း ၅-မျိုးကို ကောဋ္ဌာသ ၅-ပါးဟုလည်း ခေါ်သည်။

၃။ အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားရာ၌ 'ဒုက္ခသစ္စာ'ဝသည်ဟုသာ ဟောသည်။

သုတ္တန်နည်း၌မူကား 'ဒုက္ခအရိယသစ္စာ'စသည်ဟုသာ ဟောတော်မူသည်။

အဘိဓမ္မာနည်း၌ သုတ္တန်နည်း၌ကဲ့သို့ 'အရိယသစ္စာ'ဟု ဟောတော်မူလျှင် တဏှာမှ ကြွင်းသော အခြား ဒုက္ခဖြစ်ကြောင်းတရားများ ကျန်ရှိနေသေးသည်၊ ဒုက္ခဖြစ်ကြောင်း တရားများ အားလုံးပါဝင်စေရန် 'သစ္စာ' ဟုသာ အဘိဓမ္မာဘာဇနီယနည်း၌ ဟောတော်မူသည်။ (သမ္မော၊ဋ္ဌ၊နှာ ၁၁၄-၅။)

**အဘိမြန် ၂-၂၅—**

http://www.dhammadownload.com



အကြင် တပ်မက်မှု 'တဏှာ'သည် ရှိ၏၊ ဤ တပ်မက်မှု 'တဏှာ'ကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယ သစ္စာ'ဟု ဆိုအပ်၏[၁]။

ဒုက္ခသစ္စာ။ ။ထို သစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(တပ်မက်မှု'တဏှာ'မှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' (၉-ပါး) တို့သည်ရင်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးကို ပေးတတ်သော 'အကုသိုလ်' တရားတို့သည်ရင်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် 'အာသဝ' (တဏှာ, ဒိဋ္ဌိ, မောဟတို့)၏ အာရုံဖြစ်သော အပြစ်မရှိမှု၍ ကောင်းကျိုးကို ပေးတတ်သော အကြောင်းရင်း 'ကုသလ မူလ' သုံးခုတို့သည်ရင်း၊ (ကုသလမူလ သုံးခုတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်သော လောကီကုသိုလ်တရားတို့သည်ရင်း၊ အာသဝ၏ အာရုံဖြစ်သော ကုသိုလ် အကုသိုလ် တရားတို့၏ အကျိုးတရား 'ဝိပါက်' တို့သည်ရင်း၊ ကုသိုလ် လည်း မဟုတ်ကုန်သော, အကုသိုလ်လည်း မဟုတ်ကုန်သော, ကုသိုလ် အကုသိုလ် ကံ၏အကျိုး 'ဝိပါက်'လည်း မဟုတ်ကုန်သော အကြင် ပြုကာမျှသဘော 'ကိရိယာတရား'တို့သည်ရင်း၊ အလုံးစုံသော ရုပ်သည်ရင်း ရှိ၏။

ဤ ဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခနိရောဓသစ္စာ။ ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓ သစ္စာ' မည်သနည်း။

အကြင် တပ်မက်မှု'တဏှာ'ကို ပယ်စွန့်ခြင်းသည် ရှိ၏၊ ဤတပ်မက်မှု'တဏှာ'ကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် အမှန် သဘော 'ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အပြစ်ချင်း တူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာ စသော အကုသိုလ်တရား)တို့ကို ပယ်ခြင်းငှါရင်း၊ ပဌမ အရိယာ့အဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါရင်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက', နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာဈာန်ကို ပွါး၏။

ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော နှန့်နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်[၂]သို့ ရောက်၍ (မျက်မှောက်ပြု၍)နေ၏။

---

၁။ သဘိပ္ပာယ်—အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောရာတွင် အကျယ်ဝေဖန်၍ ဟောသော နိဒ္ဒေသဝါရ၌ 'သမုဒယ' သစ္စာကို ရှေးဦးစွာ ဟောသည်။ အဘယ်ကြောင့်ဆိုသော် ဒုက္ခသစ္စာကိုပြသည့်အခါ သမုဒယသစ္စာမှ တပါး ကြွင်းသော လောကီတရားများ ဖြစ်သည်ဟု အကျဉ်းချုံး၍ အလွယ်တကူပြလိုသောကြောင့် ဖြစ်သည်။ (သမ္မောဝိနောဒနီ-၁၁၅)

၂။ ဤနေရာ၌ အကျဉ်းချုံး၍ ပြထားသည်၊ ဓမ္မသင်္ဂဏီပါဠိတော်၌ လောကုတ္တရာဈာန်တို့ကို သုဒ္ဓိက ပဋိပဒါနည်းမှစ၍ အကျယ်ဟောသကဲ့သို့ ဟောရန်ဖြစ်သည်၊ ဓမ္မသင်္ဂဏီစာပိုဒ် ၂၇၇-မှ ၃၆၄-အထိ အကျယ် ပြထားသည်။

ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ'ဟူသော အင်္ဂါရှစ်ပါး ရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။

သမ္မာဒိဋ္ဌိ[၁]။ ။ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'မည်သနည်း။

အကြင်(ခွဲခွဲခြားခြား)အပြားအားဖြင့် ပိုင်းခြားသိမှု'ပညာ'၊ (ခွဲခွဲခြားခြား)အပြားအားဖြင့် ပိုင်းခြားသိမှုသဘော'ပဇာနနာ'။ပ။ (အမှန်သဘော၌) မတွေဝေမှု(အမှန်ကိုသိမှု) 'အမောဟ'၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'[၂]၊ ကောင်းစွာ(အမှန်)သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ သစ္စာလေးပါး တရားတို့ကို ပိုင်းခြားစိစစ်ခြင်းသဘော 'ဓမ္မဝိစယ'ဖြစ်၍ သစ္စာလေးပါး တရားတို့ကို သိတတ်သော ဗောဓိဉာဏ်၏ အစိတ်အပိုင်းအင်္ဂါ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'၊ (ကိလေသာ

---

၁။ မဂ္ဂင်ရှစ်ပါးတို့၏ အဓိပ္ပါယ်ကို ဓမ္မသင်္ဂဏီစာပိုဒ် ၂၉၇-၃၀၄-ကြည့်။

အဘိဓမ္မာဘာဇနီယ၌ နည်းပေါင်း ခြောက်သောင်း(၆၀၀၀၀)ရှိသည်၊ အဘိဓမ္မာဘာဇနီယ၌ (၁) အင်္ဂကဝါရ။ (၂) ပစ္စင်္ဂကဝါရ။ (၃) သမ္ပယုတ္တင်္ဂကဝါရဟူ၍ မဟာဝါရ ၃-ဝါရရှိရာ မဟာဝါရတခု တခု၌ တဏှာယ ပဟာနံ (=တဏှာတခုတည်းကိုသာ သမုဒယသစ္စာဟု ဟောသောနည်း) စသည်ဖြင့် ကောဋ္ဌာသ ၅-ပါးစီ, နည်းပေါင်း နှစ်သောင်း (၂၀၀၀၀)စီ ရှိသည်။

ထိုတွင် အင်္ဂကဝါရ ပဌမကောဋ္ဌာသ၌ နည်းပေါင်းလေးထောင်(၄၀၀၀)ရှိသည်၊ရှိပုံမှာ—သောတာပတ္တိမဂ် ဈာနာဘိနိဝေသ၌ သုဒ္ဓိကပဋိပဒါ စသော ၅-ဝါရကို စတုက္ကနည်း, ပဉ္စကနည်း ၂-ပါးနှင့်မြှောက်သော် နည်း ၁၀-ပါး ဖြစ်၏။

ယင်းနည်း ၁၀-ပါးကို ဈာနာဘိနိဝေသစသော အဘိနိဝေသ ၂၀-နှင့်မြှောက်သော် နည်း ၂၀၀-ဖြစ်သည်၊ ယင်းနည်းကို သုဒ္ဓိကနည်းဟု ခေါ်သည်။

တဖန် ယင်းသုဒ္ဓိကနည်း ၂၀၀-ကို အဓိပတိ ၄-ပါးနှင့် မြှောက်ပြန်သော် နည်းပေါင်း ၈၀၀-ဖြစ်သည်၊ ယင်းနည်းကို သာဓိပတိနည်းဟု ခေါ်သည်။

သုဒ္ဓိကနည်း ၂၀၀-နှင့် သာဓိပတိနည်း ၈၀၀-ကို ပေါင်းသော် သောတာပတ္တိမဂ်၌ နည်းပေါင်း တထောင် (၁၀၀၀)ဖြစ်သည်။

ထို့အတူ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် အသီးသီးတို့၌ နည်းပေါင်း တထောင် (၁၀၀၀)စီ ဖြစ်၍ ပဌမကောဋ္ဌာသဟုခေါ်သော အင်္ဂကဝါရပဌမနည်း၌ နည်းပေါင်း(၄၀၀၀)ဖြစ်သည်။

ထိုနည်းအလား အင်္ဂကဝါရဒုတိယနည်းစသည့် ကျန်ကောဋ္ဌာသ ၄-ပါး၌လည်း ည်းပေါင်း လေးထောင် (၄၀၀၀)စီ ရှိသည်၊ သို့ဖြစ်၍ အင်္ဂကဝါရ၌ ကောဋ္ဌာသ ၅-ပါးအတွက် နည်းပေါင်း ၂၀၀၀၀-ဖြစ်သည်။

ထိုနည်းနှင်နှင် ပစ္စင်္ဂကဝါရ၌ နည်းပေါင်း နှစ်သောင်း(၂၀၀၀၀), သမ္ပယုတ္တင်္ဂကဝါရ၌ နည်းပေါင်း နှစ်သောင်း(၂၀၀၀၀)ရှိသည်။

သို့ဖြစ်သဖြင့် အဘိဓမ္မာဘာဇနီယ၌ မဟာဝါရ ၃-ပါး၊ ကောဋ္ဌာသ ၁၅-ပါး၊ ဟောနည်းပေါင်း ခြောက် သောင်း(၆၀၀၀၀)ရှိသည်။

သုဒ္ဓိကပဋိပဒါ စသော ၅-ဝါရနှင့် ဈာနာဘိနိဝေသ စသော အဘိနိဝေသ ၂၀-ကို ဓမ္မသင်္ဂဏီစာပိုဒ် ၂၇၇-မှ ၃၆၄-၌ ရှုပါ။ (သမ္မောဟဝိနောဒနီ၊ ဋ္ဌ၊ နှာ-၁၁၅-၁၁၆)

ကောဋ္ဌာသ ၅-ပါးရေတွက်ပုံကို စာမျက်နှာ-၃၇၅ မှတ်ချက် ၂-၌ရှုပါ။

၂။ ဝိစယ=(ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၌ အနိစ္စလက္ခဏာ စသည်ဖြင့်) စိစစ်ခြင်း။

http://www.dhammadownload.com



တို့ကို ပယ်သတ်၍) နိဗ္ဗာန်သို့ ထွက်မြောက်ကြောင်းလမ်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။

**သမ္မာသင်္ကပ္ပ။** ။ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'မည်သနည်း။

အကြင်ကြံစည်ခြင်းသဘော 'တက္က'၊ အထူးကြံစည်ခြင်းသဘော 'ဝိတက္က'။ပ။ ကောင်းစွာ ကြံစည်ခြင်းသဘော 'သမ္မာသင်္ကပ္ပ'၊ ထွက်မြောက်ကြောင်းလမ်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န'သည် ရှိ၏။

ဤဆိုခဲ့ပြီးသောသဘောကိုမဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း'သမ္မာသင်္ကပ္ပ'ဟု ဆိုအပ်၏။

**သမ္မာဝါစာ။** ။ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ'မည်သနည်း။

မကောင်းသော နှုတ်အကျင့် 'ဝစီဒုစရိုက်' လေးပါးတို့မှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'[၁]၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'[၂]၊ နောက်သို့ဆုတ်၍ ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ (မကောင်းမှုဝစီဒုစရိုက် ကျူးလွန်မိလျှင် ပေါ်ပေါက်တတ်သည့် မကောင်းကျိုးဟည့်းဟူသော) ဘေးရန်ကို ဖျက်ဆီးတတ်သော သဘော (ရှောင်ကြဉ်ခြင်းသဘော) 'ဝေရမဏီ'၊ (မကောင်းမှု ဝစီဒုစရိုက်ကို) မပြုခြင်းသဘော 'အကိရိယ'၊ (မကောင်းမှုဝစီဒုစရိုက်ကို) မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ (ဝစီဒုစရိုက်ဟူသော) ကမ်း အပိုင်းအခြားကို မလွန်ခြင်းသဘော 'ဝေလာ အနတိက္ကမ'၊ (ဝစီဒုစရိုက်ဖြစ်ပေါ်ရန်) အကြောင်းကို သတ်ခြင်းသဘော 'သေတုဃာတ'၊ ကောင်းစွာ ပြောဆိုမှု 'သမ္မာဝါစာ'၊ (ကိလေသာတို့ကို ပယ်သတ်၍) နိဗ္ဗာန်သို့ ထွက်မြောက်ကြောင်း လမ်း 'မဂ်'၏ အစိတ်အပိုင်း အင်္ဂါ 'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂ ပရိယာပန္န'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း'သမ္မာဝါစာ'ဟု ဆိုအပ်၏။

**သမ္မာကမ္မန္တ။** ။ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'မည်သနည်း။

မကောင်းသော ကိုယ်အကျင့် 'ကာယဒုစရိုက်'သုံးပါးတို့မှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်း သဘော 'အာရတိ'၊ အထူးရှောင်ကြင်ခြင်းသဘော 'ဝိရတိ'၊ နောက်သို့ဆုတ်၍ ရှောင်ကြဉ်ခြင်း သဘော 'ပဋိဝိရတိ'၊ (မကောင်းမှု ကာယဒုစရိုက်ကို ကျူးလွန်မိလျှင် ပေါ်ပေါက်တတ်သည့် မကောင်းကျိုး တည်းဟူသော) ဘေးရန်ကို ဖျက်ဆီးတတ်သော သဘော (ရှောင်ကြဉ်ခြင်း သဘော) 'ဝေရမဏီ'၊ (မကောင်းမှုကာယဒုစရိုက်ကို)မပြုခြင်းသဘော 'အကိရိယ'၊ (မကောင်းမှု

---

၁။ အာရတိ=စိတ်ဖြင့် ရှောင်ကြဉ်ခြင်း။

၂။ ဝိရတိ=ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်း (ခုဒ္ဒကပါဌ၊ဋ္ဌ၊နှာ-၁၁၉)
အထူးမှာထားချက်မှာ 'အာရတိ'၊ 'ဝိရတိ'၊'ပဋိဝိရတိ' ပုဒ်တို့သည် ရှောင်ကြဉ်ခြင်း အနက်၏စကား ပရိယာယ်များသာဖြစ်သည်(အဋ္ဌသာလိနီ၊နှာ-၂၆၃)

http://www.dhammadownload.com



ကာယဒုစရိုက်ကို) မပြုလုပ်ခြင်း 'အကရဏ'၊ (မကောင်းမှု ကာယဒုစရိုက်ကို) မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ (ကာယဒုစရိုက်ဟူသော) ကမ်းအပိုင်းအခြားကို မလွန်ခြင်းသဘော 'ဝေလာ အနတိက္ကမ'၊(ကာယဒုစရိုက်ဖြစ်ပေါ်ရန် ရာဂစသော) အကြောင်းကို သတ်ခြင်းသဘော 'သေတုဃာတ'၊ကောင်းစွာပြုလုပ်မှု 'သမ္မာကမ္မန္တ'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ'ဟု ဆိုအပ်၏။

**သမ္မာအာဇီဝ။** ။ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ အသက်မွေးမှု 'သမ္မာအာဇီဝ'မည်သနည်း။

မှားသော အသက်မွေးမှု 'မိစ္ဆာအာဇီဝ'[၁]မှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်း သဘော 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်းသဘော 'ဝိရတိ'၊ နောက်သို့ ဆုတ်၍ ရှောင်ကြဉ်ခြင်းသဘော 'ပဋိဝိရတိ'၊ (မကောင်းမှု မိစ္ဆာဇီဝကို ကျူးလွန်မိလျှင် ပေါ်ပေါက်လာတတ်သည့် မကောင်းကျိုးတည်းဟူသော) ဘေးရန်ကို ဖျက်ဆီးတတ်သော သဘော(ရှောင်ကြဉ်ခြင်းသဘော) 'ဝေရမဏီ'၊ (မှားသော အသက်မွေးမှုကို) မပြုခြင်းသဘော'အကိရိယ'၊(မှားသော အသက်မွေးမှုကို)မပြုလုပ်ခြင်း 'အကရဏ'၊ (ကာယဒုစရိုက်, ဝစီဒုစရိုက်တို့ကို) မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ (ကာယဒုစရိုက်, ဝစီဒုစရိုက်ဟူသော) ကမ်း အပိုင်းအခြားကို မလွန်ခြင်း 'ဝေလာ အနတိက္ကမ'၊ (ကာယဒုစရိုက်, ဝစီဒုစရိုက်တို့ဖြင့် မှားသော အသက်မွေးမှု 'မိစ္ဆာအာဇီဝ' ဖြစ်ပေါ်ရန် ရာဂစသော) အကြောင်းကိုသတ်ခြင်း'သေတုဃာတ'၊ကောင်းစွာအသက်မွေးခြင်း'သမ္မာအာဇီဝ'၊(ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န' သည် ရှိ၏။

ဤ ဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ အသက်မွေးမှု 'သမ္မာအာဇီဝ'ဟု ဆိုအပ်၏။

**သမ္မာဝါယာမ။** ။ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်မှု 'သမ္မာဝါယာမ'မည်သနည်း။

စိတ်၌ဖြစ်သော အကြင် ကြိုးစားအားထုတ်ခြင်း 'ဝီရိယာရမ္ဘ' (ဝီရိယစေတသိက်)။ ပ။ ကောင်းစွာ အားထုတ်ခြင်း 'သမ္မာဝါယာမ'၊ သစ္စာလေးပါးကို ကောင်းစွာ သိမှု 'မဂ်ဉာဏ်' (ဗောဓိဉာဏ်)၏ အကြောင်းအင်္ဂါတပါးဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'၊(ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်း အင်္ဂါ 'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န'သည် ရှိ၏။

ဤ ဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာကြိုးစားအားထုတ်မှု 'သမ္မာဝါယာမ'ဟု ဆိုအပ်၏။

**သမ္မာသတိ။** ။ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူးစိုက်စိုက် အောက်မေ့မှု 'သမ္မာသတိ' မည်သနည်း။

---

၁။ မိစ္ဆာဇီဝ=ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးတို့ဖြင့် အသက်မွေးမှု။

http://www.dhammadownload.com



အကြင်အောက်မေ့မှု 'သတိ'၊ အစဉ်အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'၊ သစ္စာလေးပါး၌ ကောင်းစွာသိမှု 'မဂ်ဉာဏ်'၏ (ဗောဓိဉာဏ်၏) အစိတ်အပိုင်း အင်္ဂါဖြစ်သော အောက်မေ့မှု'သတိသမ္ဗောဇ္ဈင်'၊ ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်း အင်္ဂါ 'မဂ္ဂင်'၊ ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ' ဟု ဆိုအပ်၏။

သမ္မာသမာဓိ။ ။ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (ကောင်းစွာစိတ်ကို အာရုံ၌ထားမှု) 'သမ္မာသမာဓိ'မည်သနည်း။

စိတ်၏ အကြင်တည်တံ့ခြင်း 'ဌိတိ'၊ ကောင်းစွာတည်ခြင်း 'သဏ္ဌိတိ'။ပ။ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'၊ သစ္စာလေးပါး၌ ကောင်းစွာသိမှု 'မဂ်ဉာဏ်'၏ (ဗောဓိဉာဏ်၏) အစိတ်အပိုင်းအင်္ဂါဖြစ်သော တည်ကြည်မှု'သမာဓိသမ္ဗောဇ္ဈင်'၊ ထွက်မြောက်ကြောင်း'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ ထွက်မြောက်ကြောင်း'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န'သည် ရှိ၏။

ဤဆိုခဲ့ပြီးသောသဘောကို မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု 'ကောင်းစွာ စိတ်ကို အာရုံ၌ ထားမှု'သမ္မာသမာဓိ'ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့်အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ'ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတပါး)ကြွင်းကျန်သော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈-ပါး) တရားတို့သည် ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ)နှင့် ယှဉ်ကုန်၏။

(တဏှာကို သမုဒယသစ္စာဟု ဟောသော အင်္ဂါကဝါရ ပဌမနည်း ပြီး၏။)

---

## ၂-အင်္ဂါကဝါရ ဒုတိယနည်း

### (ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)

သမုဒယသစ္စာ ၂၀၇။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'သမုဒယသစ္စာ'မည်သနည်း။

တပ်မက်မှု 'တဏှာ'သည်၎င်း၊ (တဏှာမှတပါး)ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'၉-ပါးတို့သည်၎င်း ရှိကုန်၏။

ဤ ဆိုခဲ့ပြီးသော ကိလေသာ ၁၀-ပါးကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော'ဒုက္ခသမုဒယ သစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

http://www.dhammadownload.com



(ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့သည်၎င်း၊ အာသဝ၏ (တဏှာ, ဒိဋ္ဌိ,မောဟတို့၏) အာရုံဖြစ်သော ကုသိုလ်၏အကြောင်း၎င်း 'ကုသလမူလ'သုံးခု (အလောဘ, အဒေါသ,အမောဟ)တို့သည်၎င်း၊ (ကုသလမူလသုံးခုမှ)ကြွင်းသော အာသဝ၏ အာရုံဖြစ်သော (လောကီ) ကုသိုလ်တရားတို့သည်၎င်း၊ အာသဝ၏ အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး'ဝိပါက်'တရားတို့သည်၎င်း၊ ကုသိုလ်,အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်က်၏ အကျိုးတရားလည်း မဟုတ်သော အကြင် ပြုကာမျှ သဘော 'ကိရိယာ' တရားတို့သည်၎င်း၊ အလုံးစုံသော ရုပ်သည်၎င်း ရှိ၏။

ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှုအမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။** ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'မည်သနည်း။

တပ်မက်မှု'တဏှာ'ကို၎င်း၊ (တဏှာမှ) ကြွင်းသော ကိလေသာတို့ကို၎င်း ပယ်စွန့်ခြင်းသည် ရှိ၏။

ဤ ကိလေသာ ၁၀-ပါးကို ပယ်စွန့်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။** ။ထို သစ္စာလေးပါးတို့ တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ'(မဂ္ဂသစ္စာ)မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်း တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား)တို့ကို ပယ်ခြင်းငှါ ၎င်း၊ ပထမအရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ၎င်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက'၊ နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နုန့်နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း(စိတ်ကို အာရုံ၌ကောင်းစွာထားခြင်း)'သမ္မာသမာဓိ'ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။ ပ။ [၁]

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့်အမှန်သဘော'ဒုက္ခနိရောဓဂါမိနီပဋိပဒါ'(မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတပါး) ကြွင်းသော(မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈-ပါး) တရားတို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ)နှင့် ယှဉ်ကုန်၏။

(ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသော အင်္ဂဝါရ ဒုတိယနည်း ပြီး၏။)

---

၁။ မဂ္ဂင်ရှစ်ပါးအကျယ်အဖွင့်ကို ပေယျာလချန်ခဲ့သည်၊ အင်္ဂဝါရ ပထမနည်းအတိုင်း ချဲ့ရမည်ဖြစ်သည်၊ ကြွင်းသော အင်္ဂဝါရ တတိယ, စတုတ္ထ, ပဥ္စမနည်းများမှာလည်း ပထမနည်းအတိုင်း ချဲ့ယူရမည်ဖြစ်သည်။

http://www.dhammadownload.com



## ၃-အင်္ဂါကဝါရ တတိယနည်း

### (အကုသိုလ်တရားအားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)

သမုဒယသစ္စာ ၂ဝ၈။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'သမုဒယသစ္စာ'မည်သနည်း။

တပ်မက်မှု'တဏှာ'သည်၎င်း၊ (တဏှာမှ)ကြွင်းသော ပူပန်စေတတ် နှိပ်စက်စေတတ်သော 'ကိလေသာ' ၉-ပါးတို့သည်၎င်း၊ (ကိလေသာ ၁ဝ-ပါးတို့မှ)ကြွင်းသော အကုသိုလ်တရားတို့သည်၎င်း ရှိကုန်၏။

ဤဆိုခဲ့ပြီးသော အကုသိုလ်တရားအားလုံးကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'သမုဒယသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုအမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏)အာရုံဖြစ်ကုန်သော ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ'သုံးခု(အလောဘ, အဒေါသ, အမောဟ)တို့သည်၎င်း၊ (ကုသလမူလသုံးခုမှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော (လောကီ)ကုသိုလ်တရားတို့သည်၎င်း၊ အာသဝ၏ အာရုံဖြစ်ကုန်သော ကုသိုလ်တရားတို့၏ အကျိုး'ဝိပါက်'တရားတို့သည်၎င်း၊ ကုသိုလ် အကုသိုလ် လည်းမဟုတ်မူ၍ ကုသိုလ် အကုသိုလ်က်၏ အကျိုးဝိပါက်လည်း မဟုတ်သော အကြင်ပြုကာမျှ သဘော 'ကိရိယာ'တရားတို့သည်၎င်း၊ အလုံးစုံသော ရုပ်သည်၎င်း ရှိ၏။

ဤဆိုခဲ့ပြီးသောတရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

နိရောဓသစ္စာ။ ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော'ဒုက္ခနိရောဓသစ္စာ'မည်သနည်း။

တပ်မက်မှု'တဏှာ'ကို၎င်း၊ (တဏှာမှ)ကြွင်းသော ပူပန်စေတတ် နှိပ်စက်စေတတ်သော 'ကိလေသာ' ၉-ပါးတို့ကို၎င်း၊ (ကိလေသာ ၁ဝ-ပါးတို့မှ)ကြွင်းသော အကုသိုလ်တရားတို့ကို၎င်း ပယ်စွန့်ခြင်းသည် ရှိ၏။

ဤအကုသိုလ်တရား အားလုံး ပယ်စွန့်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ'(မဂ္ဂသစ္စာ)မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်း တူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား)တို့ကို ပယ်ခြင်းငှါ ၎င်း၊ ပထမအရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ၎င်း၊ ဝဋ်ဆင်းရဲမှ ထွက် မြောက်တတ်သော'နိယျာနိက', နိဗ္ဗာန်သို့ ရောက်ကြောင်း'အပစယဂါမိ'ဖြစ်သော လောကုတ္တရာ ဈာန်ကို ပွါး၏၊ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော,

http://www.dhammadownload.com



နုန့်နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန်မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကိုအာရုံ၌ ကောင်းစွာထားခြင်း) 'သမ္မာ သမာဓိ'ဟူသော အင်္ဂါရှစ်ပါး ရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။ပ။

ဤ ဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ'ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှ တပါး) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ ရှိသော မဂ်စိတ်နှင့်စေတသိက် ၂၈-ပါး) တရားတို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ)နှင့် ယှဉ်ကုန်၏။

(အကုသိုလ်တရားအားလုံးကို သမုဒယသစ္စာဟုဟောသော အင်္ဂကဝါရ တတိယနည်း ပြီး၏။)

---

## ၄-အင်္ဂကဝါရ-စတုတ္ထနည်း

### (အကုသိုလ်တရားအားလုံးနှင့် လောကီကုသလ မူလ ၃-ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယသစ္စာ ၂၀၉။** ထို သစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန် သဘော 'ဒုက္ခသမုဒယ သစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'သည်၎င်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည်၎င်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ် တရားတို့သည်၎င်း၊ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (လောဘ,ဒိဋ္ဌိ,မောဟ တို့၏) အာရုံ ဖြစ်ကုန်သော လောကီကုသိုလ်၏ အကြောင်းရင်း 'ကုသလ မူလ' (အလောဘ,အဒေါသ,အမောဟ) သုံးပါးတို့သည်၎င်း ရှိကုန်၏။

ဤ ဆိုခဲ့ပြီးသော အကုသိုလ်တရားအားလုံးနှင့် လောကီကုသလမူလ ၃-ပါး တရားအပေါင်းကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။** ။ထို သစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(အကုသိုလ်တရားအားလုံးနှင့် လောကီကုသလ မူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံ ဖြစ်ကုန်သော လောကီ ကုသိုလ်တရား တို့သည်၎င်း၊ အာသဝ၏ အာရုံဖြစ်ကုန်သော ကုသိုလ် အကုသိုလ် တရားတို့၏ အကျိုး 'ဝိပါက်'တို့သည်၎င်း၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးတရားလည်းမဟုတ်ကုန်သော အကြင်ပြုကာမျှ သဘော 'ကိရိယာ တရားတို့သည်၎င်း၊ အလုံးစုံသော ရုပ်သည်၎င်း ရှိ၏။

ဤ ဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။** ။ထို သစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခ-နိရောဓသစ္စာ'မည်သနည်း။

http://www.dhammadownload.com



ဟပ်မက်မှု'တဏှာ'ကိုရင်း၊(တဏှာမှ)ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသာ' တို့ကိုရင်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ် တရားတို့ကိုရင်း၊ အာသဝ၏ (လောဘ,ဒိဋ္ဌိ,မောဟတို့၏)အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်းဖြစ်သော 'ကုသလ မူလ'သုံးပါး (အလောဘ,အဒေါသ,အမောဟ) တို့ကိုရင်း ပယ်စွန့်ခြင်းသည် ရှိ၏၊

ဤ အကုသိုလ်တရား အားလုံးနှင့် လောကီ ကုသလ မူလ တရား ၃-ပါးတို့ကို ပယ်စွန့်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ထို သစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် အမှန်သဘော'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤ သာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်း တူသောဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာ စသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါလည်း၊ ပဌမ အရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါလည်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက'၊ နိဗ္ဗာန်သို့ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သောလောကုတ္တရာစျာန်ကိုပွါး၏၊ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော နုန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (မျက်မှောက်ပြု၍)နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာထားခြင်း) 'သမ္မာ သမာဓိ'ဟူသော အင်္ဂါရှစ်ပါး ရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။ပ။

ဤ ဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ'(မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှ တပါး) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈-ပါး) တရားတို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ)နှင့် ယှဉ်ကုန်၏။

(အကုသိုလ်တရားအားလုံးနှင့် လောကီ ကုသလ မူလ ၃-ပါးတို့ကို သမုဒယသစ္စာဟု ဟောသော အင်္ဂါကဝါရ စတုတ္ထနည်း ပြီး၏။)

---

## ၅-အင်္ဂါကဝါရ-ပဉ္စမနည်း

### (လောကီကုသိုလ်နှင့် အကုသိုလ်အားလုံးတို့ကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသောနည်း)

သမုဒယသစ္စာ ၂၁၀။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန် သဘော'ဒုက္ခ သမုဒယသစ္စာ'မည်သနည်း။

တပ်မက်မှု 'တဏှာ'သည်ရင်း၊ (တဏှာ)မှ ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည်ရင်း၊ (ကိလေသာ ၁၀-ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့သည်ရင်း၊ အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော(လောကီ)ကုသိုလ်၏ အကြောင်း

http://www.dhammadownload.com



ရင်း 'ကုသလမူလ'သုံးပါးတို့သည်ရင်း၊ (ကုသလမူလ ၃-ပါးမှ) ကြွင်းသော အာသဝ၏ အာရုံ ဖြစ်ကုန်သော(လောကီ)ကုသိုလ်တရားတို့သည်ရင်း ရှိကုန်၏။

ဤဆိုခဲ့ပြီးသော လောကီကုသိုလ် အကုသိုလ် တရားအပေါင်းကို ဆင်းရဲမှုဖြစ်ကြောင်း အမှန် သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။** ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွါးနေတတ်၍ မူးယစ် မိုက်မဲစေတတ်သော'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏)အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုးဝိပါက်တရား တို့သည်ရင်း(အာသဝ၏ အာရုံဖြစ်သော လောကီဝိပါက်တရားတို့သည်ရင်း)၊ ကုသိုလ် အကုသိုလ် လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးလည်း မဟုတ်သော အကြင်ပြုကာမျှသဘော 'ကိရိယာ'တရားတို့သည်ရင်း၊ အလုံးစုံသော ရုပ်သည်ရင်း ရှိ၏။

ဤလောကီဝိပါက်,ကြိယာ,ရုပ်အားလုံးကို ဆင်းရဲမှု အမှန်သဘော'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။** ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခ နိရောဓသစ္စာ'မည်သနည်း။

တပ်မက်မှု 'တဏှာ'ကိုရင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့ကိုရင်း၊ (ကိလေသာ ၁၀-ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့ကိုရင်း၊ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ'သုံးပါးတို့ကိုရင်း၊ (ကုသလမူလ သုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံ ဖြစ်သော လောကီကုသိုလ်တရားတို့ကိုရင်း ပယ်စွန့်ခြင်းသည် ရှိ၏။

ဤလောကီကုသိုလ် အကုသိုလ်တရားအပေါင်းကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။** ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ' (မဂ္ဂသစ္စာ)မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' ( ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်း တူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာ စသော အကုသိုလ်တရား)တို့ကို ပယ်ခြင်းငှါ ရင်း၊ ပထမ အရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါရင်း၊ ဝဋ်ဆင်းရဲမှ ထွက် မြောက်တတ်သော 'နိယျာနိက', နိဗ္ဗာန်သို့ရောက်ကြောင်း 'အပစယဂါမိ'ဖြစ်သော လောကုတ္တရာ ဈာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော နှန့်နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်သို့ရောက်၍ (မျက်မှောက်ပြု၍)နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ'ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။ပ။

http://www.dhammadownload.com



ဤ ဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ'(မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတပါး) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈-ပါး) တရားတို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ)နှင့် ယှဉ်ကုန်၏။

(လောကီကုသိုလ် အကုသိုလ်အားလုံးကို သဒုဒယသစ္စာအဖြစ်ဖြင့် ဟောသော အဋ္ဌင်္ဂိကဝါရ-ပဉ္စမနည်း ပြီး၏။)

အဋ္ဌင်္ဂိကဝါရ ၅-နည်း ပြီး၏။

---

## ၂-ပဉ္စင်္ဂိကဝါရ

### (ပဉ္စင်္ဂိကဝါရအားဖြင့် သစ္စာလေးပါးဖွဲ့နည်း ၅-မျိုး)

### ၁-ပဉ္စင်္ဂိကဝါရ-ပဌမနည်း

### (တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသောနည်း)

သစ္စာလေးပါး ၂၁၁။ သစ္စာလေးပါးတို့ကား—

(၁) ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'။

(၂) ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'။

(၃) ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'။

(၄) ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ' (မဂ္ဂသစ္စာ)တို့တည်း။

သမုဒယသစ္စာ။ ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'မည်သနည်း။

အကြင် တပ်မက်မှု 'တဏှာ'သည် ရှိ၏။ ဤတပ်မက်မှု'တဏှာ'ကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည်၎င်း၊ (ကိလေသာ ၁၀-ပါးမှ)ကြွင်းသော အကုသိုလ်တရားတို့သည်၎င်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီး ဖြစ်ပွါးနေတတ်၍ မူးယစ် မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်ကုန်သော လောကီကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ'သုံးပါး (အလောဘ, အဒေါသ, အမောဟ)တို့သည်၎င်း၊ (ကုသလမူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော လောကီ ကုသိုလ် တရားတို့သည်၎င်း၊ အာသဝ၏ အာရုံဖြစ်ကုန်သော ကုသိုလ် အကုသိုလ်တရား တို့၏ အကျိုး'ဝိပါက်'တရားတို့သည်၎င်း၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်

ကာ်၏ အကျိုး 'ဝိပါက်'လည်း မဟုတ်ကုန်သော အကြင် ပြုကာမျှ သဘော'ကိရိယာ' တရားတို့သည်၎င်း၊ အလုံးစုံသော ရုပ်သည်၎င်း ရှိ၏။

ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။** ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခ-နိရောဓသစ္စာ'မည်သနည်း။

အကြင် တပ်မက်မှု 'တဏှာ'ကို ပယ်ခြင်းသည် ရှိ၏။ ဤတပ်မက်မှု'တဏှာ'ကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။** ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ' (မဂ္ဂသစ္စာ)မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်း တူသောဖြစ်ခြင်းရှိကုန်သောဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ၎င်း၊ ပထမ အရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ရောက်ခြင်းငှါ၎င်း၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက' နိဗ္ဗာန်သို့ရောက်ကြောင်း 'အပစယဂါမိ'ဖြစ်သော လောကုတ္တရာစျာန်ကို ပွါး၏။ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော နုန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'၊ မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'၊ မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်ခြင်း 'သမ္မာဝါယာမ'၊ မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ'ဟူသော အင်္ဂါငါးပါး ရှိသည့် နိဗ္ဗာန်သို့ရောက်ကြောင်းလမ်း 'မဂ်' သည် ဖြစ်၏။

**သမ္မာဒိဋ္ဌိ။** ။ထိုမဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း'သမ္မာ ဒိဋ္ဌိ'မည်သနည်း။

အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့် ပိုင်းခြားသိမှု'ပညာ'၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် ပိုင်းခြားသိမှုသဘော'ပဇာနနာ'။ပ။ (အမှန်သဘော၌)မတွေဝေမှု (အမှန်ကို သိမှု)'အမောဟ'၊ (သစ္စာလေးပါး)တရားတို့ကို ပိုင်းခြားစိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာ အမှန်သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ သစ္စာလေးပါးတရားတို့ကို ပိုင်းခြားစိစစ်ခြင်းသဘော 'ဓမ္မဝိစယ'ဖြစ်၍ သစ္စာ လေးပါးတရားတို့ကို သိတတ်သော 'ဗောဓိဉာဏ်'၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော 'ဓမ္မဝိစယ သမ္ဗောဇ္ဈင်'၊ (ကိလေသာတို့ကို ပယ်သတ်၍) နိဗ္ဗာန်သို့ ထွက်မြောက်ကြောင်းလမ်း'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်း သဘော 'မဂ္ဂပရိယာပန္န'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။ (ဏီ၊ပဒ-၂၉၇)

---

၁။ ဤကျမ်း နှာ-၃၇၅,၃၉၉ ကြည့်ပါ။

http://www.dhammadownload.com



သမ္မာသင်္ကပ္ပ။ ။ထိုမဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'မည်သနည်း။

အကြင် ကြံစည်ခြင်း သဘော 'တက္က'၊ အထူး ကြံစည်ခြင်းသဘော 'ဝိတက္က'။ပ။ ကောင်းစွာ ကြံစည်ခြင်း သဘော 'သမ္မာသင်္ကပ္ပ'၊ ထွက်မြောက်ကြောင်းလမ်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ကြံစည်မှု'သမ္မာ သင်္ကပ္ပ'ဟု ဆိုအပ်၏။ (ဏီ၊ပဒ-၂၉၈)

သမ္မာဝါယာမ။ ။ထို မဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်မှု 'သမ္မာဝါယာမ'မည်သနည်း။

စိတ်၌ဖြစ်သော အကြင်ကြိုးစားအားထုတ်ခြင်း လုံ့လ 'ဝီရိယာရမ္ဘ' (ဝီရိယစေတသိက်)။ပ။ ကောင်းစွာအားထုတ်ခြင်း 'သမ္မာဝါယာမ'၊ သစ္စာလေးပါးကို ကောင်းစွာသိမှု 'ဗောဓိဉာဏ်' (မဂ်ဉာဏ်)၏ အကြောင်းအင်္ဂါတပါးဖြစ်သော ကြိုးစားအားထုတ်မှုလုံ့လ 'ဝီရိယသမ္ဗောဇ္ဈင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်း အင်္ဂါ 'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န'သည် ရှိ၏။

ဤ ဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်မှု လုံ့လ 'သမ္မာဝါယာမ'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ-၃၀၂)

သမ္မာသတိ။ ။ထို မဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူးစိုက်စိုက် အောက်မေ့မှု 'သမ္မာသတိ' မည်သနည်း။

အကြင်အောက်မေ့မှု 'သတိ'၊ အစဉ်အမြဲအဖန်ဖန် အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ သစ္စာလေးပါးကို ကောင်းစွာသိမှု 'ဗောဓိဉာဏ်' (မဂ်ဉာဏ်)၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'၊ (ဝဋ်ဆင်းရဲမှ)ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်း အင်္ဂါ 'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န' သည် ရှိ၏။

ဤ ဆိုခဲ့ပြီးသောသဘောကို မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ'ဟု ဆိုအပ်၏။ (ဏီ၊ပဒ-၃၀၃)

သမ္မာသမာဓိ။ ။ထို မဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ကောင်းစွာထားမှု) 'သမ္မာသမာဓိ' မည်သနည်း။

စိတ်၏ အကြင် တည်တံ့ခြင်း 'ဌိတိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ သစ္စာလေးပါးကို ကောင်းစွာသိမှု 'ဗောဓိဉာဏ်' (မဂ်ဉာဏ်)၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န' သည် ရှိ၏။

http://www.dhammadownload.com



ဤ ဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းစွာ ထားမှု)'သမ္မာသမာဓိ'ဟု ဆိုအပ်၏။ (ဏီ၊ပဒ-၁၀၄)

ဤ ဆိုခဲ့ပြီးသော မဂ္ဂင်ငါးပါးကို ဆင်းရဲမှု ချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ' (မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။

(မဂ္ဂင်ငါးပါးတို့မှ) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈-ပါး[၁]) တရားတို့သည် ဆင်းရဲ ချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့် .(မဂ္ဂသစ္စာ)နှင့် ယှဉ်ကုန်၏ ။ပ။[၂]

(တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသော ပဋိစ္စဂိကဝါရ ပဌမနည်း ပြီး၏။)

---

## ၅-ပဋိစ္စဂိကဝါရ ပဋ္ဌမနည်း

### (လောကီကုသိုလ် အကုသိုလ်အားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)

သမုဒယသစ္စာ ၂၁၂။ ထို သစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'မည်သနည်း။

တပ်မက်မှု 'တဏှာ'သည်ရင်း၊ (တဏှာမှ)ကြွင်းသော ပူပန်စေတတ် နှိပ်စက်တပ်သော ကိလေသာတို့သည်ရင်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့သည်ရင်း၊ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ၊ ဒိဋ္ဌိ၊ မောဟတို့၏) အာရုံဖြစ်ကုန်သော လောကီကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' သုံးပါး (အလောဘ အဒေါသ အမောဟ) တို့သည်ရင်း၊ (ကုသလမူလ သုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော လောကီကုသိုလ်တရားတို့သည်ရင်း ရှိကုန်၏။

ဤ ဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

---

၁။ မဂ်စိတ်နှင့် ယှဉ်ဘက်စေတသိက် ၃၆-ပါးဖြစ်၍ မဂ္ဂင် ၅-ပါးကြဉ်လျှင် စေတသိက် ၃၁-ပါးသာ ဖြစ်သည်။ စင်စစ်မှာ ပုဂ္ဂလဇ္ဈာသယအားဖြင့် သီလမဂ္ဂင် ၃-ပါးတို့မှာ မဂ်အခိုက်အတန့်မှာ ဖြစ်ဖွယ်မလိုဟု ယူဆ ထားရာ ဤနေရာ၌ ယှဉ်ဘက်စေတသိက် ၂၈-ပါးဟု ပြန်ဆိုလိုက်သည်။

၂၊ ပဋိစ္စဂိကဝါရဒုတိယနည်း(=ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)။တတိယနည်း (=အကုသိုလ်တရားအားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)။ စတုတ္ထနည်း(=အကုသိုလ်တရားအားလုံး နှင့်လောကီကုသလမူလ ၃-ပါးတို့ကို သမုဒယသစ္စာဟုဟောသောနည်း)တို့ကို ပေယျာလချန်ခဲ့သည်။

၃။ ပဋိစ္စဂိကဝါရ ဟု ဟောတော်မူချခြင်းအကြောင်း— (နှာ-၃၇၅ ပြန်ကြည့်) (သီလမဂ္ဂင် ၃-ပါးကြဉ် သော)အင်္ဂါ ၅-ပါးရှိသည့် ပဋိစ္စဂိကမဂ်ကိုဆင်းရဲချုပ်ခြင်း (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ)ဟု ဟောတော်မူရခြင်းအကြောင်းမှာ—ပုဂ္ဂိုလ်၏ ကာယကံ,ဝစီကံ,အာဇီဝ=အသက်မွေးမှုသည် မဂ်မရမီ ရှေးမဆွက ပင် သန့်ရှင်းစင်ကြယ်ပြီးဖြစ်သောကြောင့် မဂ်အခိုက်အတန့်၌ ယင်းသီလမဂ္ဂင် ၃-ပါးပြည့်ဘွယ်မရှိခဲ့ဘဲပြီ၊ ကြွင်း မဂ္ဂင် ၅ ပါးသာပြည့်ရတော့သည်ဟု ယူဆသည့်ပုဂ္ဂိုလ်တို့၏ပုဂ္ဂလဇ္ဈာသယအားဖြင့် ပဋိစ္စဂိကမဂ်ကိုဆင်းရဲချုပ်ခြင်း 'နိဗ္ဗာန်'သို့ ရောက်ကြောင်း အကျင့် 'မဂ္ဂသစ္စာ' ဟု ဟောတော်မူသည်။ (သမ္မော၊ဋ္ဌ၊နှာ-၁၁၅)

http://www.dhammadownload.com



**ဒုက္ခသစ္စာ။** ။ထို သစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ၊ ဒိဋ္ဌိ၊ မောဟတို့၏) အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုးဝိပါက်တရားတို့သည်၎င်း (အာသဝ၏ အာရုံဖြစ်သော လောကီဝိပါက် တရားတို့သည်၎င်း)၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးလည်း မဟုတ်သော အကြင် ပြုကာမျှသဘော 'ကိရိယာ' တရားတို့သည်၎င်း၊ အလုံးစုံသော ရုပ်သည်၎င်း ရှိ၏။

ဤ လောကီဝိပါက်, ကြိယာ, ရုပ်အားလုံးကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။** ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'မည်သနည်း။

တပ်မက်မှု 'တဏှာ'ကို၎င်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့ကို၎င်း၊ (ကိလေသာ ၁၀-ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့ကို၎င်း၊ အာသဝ၏ (တဏှာ၊ ဒိဋ္ဌိ၊ မောဟတို့၏)အာရုံဖြစ်သော (လောကီ) ကုသိုလ်၏အကြောင်းရင်း 'ကုသလမူလ' သုံးပါးတို့ကို၎င်း၊ (ကုသလမူလ သုံးပါးတို့မှ) ကြွင်းသော အာသဝ၏အာရုံဖြစ်သော လောကီ ကုသိုလ်တရားတို့ကို၎င်း ပယ်ခြင်းသည် ရှိ၏။

ဤလောကီကုသိုလ် အကုသိုလ်တရားအပေါင်းကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။** ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ' (မဂ္ဂသစ္စာ)မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ'( ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်း တူသောဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ၎င်း၊ ပထမ အရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ၎င်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက' နိဗ္ဗာန်သို့ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာစျာန်ကို ပွါး၏။ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော နုန့်နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာသိမြင်ခြင်း'သမ္မာဒိဋ္ဌိ'၊ မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'၊ မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်ခြင်း 'သမ္မာဝါယာမ'၊ မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းစွာထားခြင်း) 'သမ္မာသမာဓိ' ဟူသော အင်္ဂါငါးပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။

http://www.dhammadownload.com



ဤ ဆိုခဲ့ပြီးသော မဂ္ဂင်ငါးပါးကို ဆင်းရဲမှု ချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ' (မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။[၁]

(မဂ္ဂင်ငါးပါးတို့မှ) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၀-ပါး)[၂] တရားတို့သည် ဆင်းရဲမှု ချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ)နှင့် ယှဉ်ကုန်၏။

(လောကီကုသိုလ် အကုသိုလ်အားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း-ပဥ္စင်္ဂိကဝါရ ပဉ္စမနည်း ပြီး၏။)

ပဥ္စင်္ဂိကဝါရအားဖြင့် သစ္စာလေးပါးဖွဲ့နည်း ၅-မျိုး ပြီး၏။

---

## ၃-သဗ္ဗသင်္ဂါဟိကဝါရ [၃]

## (သဗ္ဗသင်္ဂါဟိကဝါရအားဖြင့် သစ္စာလေးပါး ဖွဲ့နည်း ၅-မျိုး)

## ၁-သဗ္ဗသင်္ဂါဟိကဝါရ-ပဌမနည်း

## (တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသောနည်း)

**သစ္စာလေးပါး** ၂၁၃။ သစ္စာလေးပါးတို့ကား—

(၁) ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'။

(၂) ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော'ဒုက္ခသမုဒယသစ္စာ'။

(၃) ဆင်းရဲချုပ်မှုအမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'။

(၄) ဆင်းရဲချုပ်မှုသို့ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ' (မဂ္ဂသစ္စာ)တို့တည်း။

**သမုဒယသစ္စာ။** ။ထို သစ္စာလေးပါးတို့ တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'မည်သနည်း။

အကြင်တပ်မက်မှု 'တဏှာ'သည် ရှိ၏။ ဤ တပ်မက်မှု'တဏှာ'ကို ဆင်းရဲမှု ဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။** ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(တဏှာမှ)ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'ဟူသည်၎င်း, (ကိလေသာ ၁၀-ပါးမှ)ကြွင်းသော အကုသိုလ်တရားတို့သည်၎င်း၊ (သတ္တာဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်

---

၁။ မဂ္ဂင် ၅-ပါး ၏အစိပ္ပါယ်ကို ပေယျာလချန်ခဲ့သည်၊ ပဌမနည်းအတိုင်းသွဲ့ယူရမည်ဖြစ်သည်။

၂။ ဤကျမ်း နှာ-၃၉၀ အောက်ခြေမှတ်ချက်(၁)ကြည့်။

၃။ သဗ္ဗ=အလုံးစုံ၊ မဂ်၌ယှဉ်သော သမ္ပယုတ်တရား အားလုံး။
သင်္ဂါဟိက=(သံ=ကောင်းစွာ။ ဂါဟ=ယူခြင်း။ ဣက=ပြခြင်း) ကောင်းစွာသိမ်းယူ၍ပြခြင်း။
သဗ္ဗသင်္ဂါဟိက=မဂ်စိတ်နှင့် ယှဉ်ဘက် ဖဿ-စသော စေတသိက်များကို မဂ္ဂသစ္စာဟု သိမ်းကျုံး၍ ပြသည့်နည်း ဖြစ်သည်။

http://www.dhammadownload.com



ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ,ဒိဋ္ဌိ,မောဟတို့၏) အာရုံဖြစ်ကုန်သော လောကီကုသိုလ်၏ အကြောင်းရင်း'ကုသလမူလ'သုံးပါး (အလောဘ,အဒေါသ,အမောဟ) တို့သည်၎င်း၊ (ကုသလမူလသုံးပါးတို့မှ)ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော လောကီကုသိုလ်တရားတို့သည်၎င်း၊ အာသဝ၏ အာရုံဖြစ်ကုန်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်' တရားတို့သည်၎င်း၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုး'ဝိပါက်'လည်း မဟုတ်ကုန်သော အကြင်ပြုကာမျှသဘော 'ကိရိယာ'တရားတို့သည်၎င်း၊ အလုံးစုံသော ရုပ်သည်၎င်း ရှိ၏။

ဤ ဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

နိရောဓသစ္စာ။ ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော'ဒုက္ခနိရောဓ သစ္စာ' မည်သနည်း။

အကြင် တပ်မက်မှု 'တဏှာ'ကို ပယ်ခြင်းသည် ရှိ၏၊ ဤ တပ်မက်မှု 'တဏှာ'ကို ပယ်ခြင်းကို ဆင်းရဲချုပ်မှုအမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ' (မဂ္ဂသစ္စာ)မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့်အကုသိုလ်အဖြစ်ချင်းတူသောဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ၎င်း၊ ပထမ အရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ၎င်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက' နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာ ဈာန်ကို ပွါး၏။ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော နုန့်နှေးသော အသိဉာဏ်ရှိသော ပထမဈာန်သို့ရောက်၍ (မျက်မှောက်ပြု၍)နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏[1]။

ဤဆိုခဲ့ပြီးသော ဖဿစသော တရားအပေါင်းကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ'(မဂ္ဂသစ္စာ)[2]ဟု ဆိုအပ်၏။ ပ ။ [?]

(တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသော သဗ္ဗသင်္ဂါဟိကဝါရ ပထမနည်း[3]ပြီး၏။)

---

၁။ ဓမ္မသင်္ဂဏီ စာပိုဒ်-၂၇၇၊ နှာ-၇၂။

၂။ မဂ္ဂသစ္စာနှင့် ယှဉ်ဘက်ဖြစ်သော ဖဿ စသော တရားအပေါင်း (=မဂ်စိတ်နှင့်ယှဉ်ဘက် စေတသိက်) သဗ္ဗသင်္ဂါဟိက တရားကို မဂ္ဂသစ္စာဟု ဟောတော်မူခြင်း အကြောင်းမှာ—မဂ်စိတ် ၄-ပါးနှင့် မဂ္ဂင် ၈-ပါး ကြဉ်သော စေတသိက် ၂၈-ပါးတို့သည် မဂ္ဂသစ္စာနှင့်ယှဉ်ဘော်ယှဉ်ဘက် တရားများ ဖြစ်ကြသောကြောင့် ဆင်းရဲချုပ်မှု (နိဗ္ဗာန်)သို့ ရောက်ကြောင်း (မဂ္ဂသစ္စာ)ဟု ဟောတော်မူသည်။ (သမ္မော၊ ၄၊ နှာ-၁၁၅)

၃။ သဗ္ဗသင်္ဂါဟိကဝါရ ဒုတိယနည်း (=ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)။ တတိယနည်း (=အကုသိုလ်တရား အားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)။ စတုတ္ထနည်း (=အကုသိုလ်တရားအားလုံးနှင့် လောကီကုသလမူလ ၃-ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)။ ဤနည်း ၄-မျိုးကို ပေယျာလချန်ထားခဲ့သည်။

http://www.dhammadownload.com



## ၅-သစ္စသင်္ဂါဟိကဝါရ ပဥ္စမနည်း

## (လောကီကုသိုလ် အကုသိုလ်အားလုံးကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသောနည်း)

**သမုဒယသစ္စာ ၂၁၄။** ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'မည်သနည်း။

တပ်မက်မှု 'တဏှာ' သည်၎င်း၊ (တဏှာမှ)ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည်၎င်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့သည်၎င်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော လောကီကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' သုံးပါး (အလောဘ, အဒေါသ, အမောဟ)တို့သည်၎င်း၊ (ကုသလမူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံ ဖြစ်ကုန်သော လောကီကုသိုလ်တရားတို့သည်၎င်း ရှိကုန်၏။

ဤ ဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။** ။ထို သစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ် မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟ တို့၏) အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်' တရားတို့သည်၎င်း (အာသဝ၏ အာရုံဖြစ်သော လောကီဝိပါက်တရားတို့သည်၎င်း)၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏အကျိုးလည်းမဟုတ်သော အကြင်ပြုကာမျှသဘော 'ကိရိယာ'တရားတို့သည်၎င်း၊ အလုံးစုံသော ရုပ်သည်၎င်း ရှိ၏။

ဤ လောကီဝိပါက်, ကြိယာ, ရုပ်အားလုံးကို ဆင်းရဲမှုအမှန်သဘော'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။** ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော'ဒုက္ခနိရောဓသစ္စာ'မည်သနည်း။

တပ်မက်မှု'တဏှာ'ကို၎င်း၊ (တဏှာမှ)ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော'ကိလေသာ' တို့ကို၎င်း၊ (ကိလေသာ ၁၀-ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့ကို၎င်း၊ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' သုံးပါး တို့ကို၎င်း၊ (ကုသလမူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်သော လောကီကုသိုလ် တရားတို့ကို၎င်း ပယ်ခြင်းသည် ရှိ၏။

ဤ လောကီကုသိုလ်, အကုသိုလ်တရားအပေါင်းကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။** ။ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ' (မဂ္ဂသစ္စာ)မည်သနည်း။

http://www.dhammadownload.com



ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အချင်းချင်း အကုသိုလ်အဖြစ်ဖြင့် တူသောဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား)တို့ကို ပယ်ခြင်းငှါရင်း, ပထမအရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါရင်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက,' နိဗ္ဗာန်သို့ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာစျာန်ကို ပွါး၏။ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သောအကျင့်ရှိသော နှန့်နှေးသော အသိဉာဏ်ရှိသော ပထမစျာန်သို့ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။

ဤဆိုခဲ့ပြီးသောဖဿစသော တရားအပေါင်းကို ဆင်းရဲချုပ်မှုသို့ရောက်ကြောင်း အကျင့် အမှန်သဘော'ဒုက္ခနိရောဓဂါမိနီပဋိပဒါ' (မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။

(လောကီကုသိုလ် အကုသိုလ်အားလုံးကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသော သဗ္ဗသင်္ဂါဟိက ဝါရ ပဉ္စမနည်း ပြီး၏။)

(သဗ္ဗသင်္ဂါဟိကဝါရ ပြီး၏။)

**အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယနည်း' ပြီး၏။**

http://www.dhammadownload.com

# ၃-ပဥှာပုစ္ဆက

## (အမေး—အဖြေပြု၍ ဟောကြားသော 'ပဥှာပုစ္ဆက' နည်း)

**သစ္စာ ၄-ပါး** ၂၁၅။ မဂ်ဖိုလ်ကို ရပြီး၍ ဖြူစင်မြင့်မြတ်သဖြင့် 'အရိယာ'ဟု ခေါ်တွင်သောပုဂ္ဂိုလ်မြတ်တို့ ထိုးထွင်း၍ သိအပ်သည့် အမှန်သဘော 'အရိယသစ္စာ' လေးပါးတို့ကား—

(၁) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုအမှန်သဘော 'ဒုက္ခအရိယသစ္စာ'။

(၂) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယအရိယသစ္စာ'။

(၃) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာ အမှန်သဘော'ဒုက္ခနိရောဓအရိယသစ္စာ'။

(၄) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ'[၁]တို့တည်း။

### သစ္စာ ၄-ပါးတို့ကို တိက်,ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

### ၁-တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

**(၁) ကုသလတိက် အမေးပုစ္ဆာ** ၂၁၆။ အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်သော အမှန်သဘော 'အရိယသစ္စာ' ၄-ပါးတို့တွင် အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကိုသာ ပေးတတ်သော 'ကုသိုလ်' သစ္စာတို့သည် အဘယ်မျှရှိကုန်သနည်း၊ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော 'အကုသိုလ်'သစ္စာတို့သည် အဘယ်မျှရှိကုန်သနည်း၊ ကုသိုလ်,အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' သစ္စာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။[၂]

### ၂-ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

**(၁၀၀) သရဏဒုက် အမေးပုစ္ဆာ။** ။ (အရိယသစ္စာ ၄-ပါးတို့တွင်) ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' သစ္စာတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ'သစ္စာတို့သည် အဘယ်မျှ ရှိကုန်သနည်း[၃]။

---

၁။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စာ=မဂ္ဂသစ္စာ။

၂။ ဝေဒနာတိက် အမှတ်၂-မှ သနိဒဿနတိက် အမှတ် ၂၂-အထိ တိက် ၂၁-ခုတို့၏ အမေးပုစ္ဆာများကို ပေယျာလ ချန်ခဲ့သည်။

၃။ ဟေတုဒုက် ဒုက်အမှတ်၁-မှ သဥတ္တရဒုက် ဒုက်အမှတ် ၉၉-အထိ ဒုက် ၉၉-ခုတို့၏ အမေးပုစ္ဆာများကို ပေယျာလလုံးဝချန်ခဲ့သည်။

http://www.dhammadownload.com



## သစ္စာ ၄-ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမြေ 'ဝိသဇ္ဇနာ' ကို ပြခြင်း

### ၁-တိက ဝိသဇ္ဇနာ

### (သစ္စာ ၄-ပါးတို့ကို တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အမြေ 'ဝိသဇ္ဇနာ' ကို ပြခြင်း)

(၁) ကုသလတိက် အမြေ ဝိသဇ္ဇနာ ၂၁၇။ ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'သမုဒယသစ္စာ' သည် အပြစ်နှင့် တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော 'အကုသိုလ်' ဖြစ်၏ (လောဘ)။

ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'မဂ္ဂသစ္စာ'သည် အပြစ် မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော 'ကုသိုလ်' ဖြစ်၏ (မဂ္ဂင်ရှစ်ပါး)။

ဆင်းရဲမှုချုပ်ရာ အမှန်သဘော 'နိရောဓသစ္စာ' သည် ကုသိုလ်, အကုသိုလ် အဖြစ်ဖြင့် မပေ ာ အပ်သော (ကုသိုလ်လည်း မဟုတ်မူ၍ အကုသိုလ်လည်း မဟုတ်သော) 'အဗျာကတ'ဖြစ်၏ (နိဗ္ဗာန်)။

အချို့သော ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'သည် ကုသိုလ်ဖြစ်၏ (လောကီကုသိုလ် စိတ္တုပ္ပါဒ်[၁]များ)။ အချို့သော ဒုက္ခသစ္စာသည် အကုသိုလ်ဖြစ်၏ (လောဘကြဉ်သော အကုသိုလ် စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အဗျာကတဖြစ်၏ (လောကီဝိပါက် စိတ္တုပ္ပါဒ်၊ ကြိယာ စိတ္တုပ္ပါဒ်၊ရုပ် ၂၈-ပါး)။

(၂) ဝေဒနာတိက် အမြေဝိသဇ္ဇနာ။ ။အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါး တို့သည် သုခဝေဒနာနှင့် ယှဉ်ကုန်၏ (လောဘမူ သောမနဿစိတ် ၄-ပါး၌ ရှိသော လောဘ၊ သောမနဿမဂ်ဈာန်စိတ် ၁၆-ပါး၌ ရှိသောမဂ္ဂင် ၈-ပါး)။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ ၂-ပါးတို့သည် အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ) နှင့် ယှဉ်ကုန်၏ (လောဘမူဥပေက္ခာသဟဂုတ်စိတ် ၄-ပါး၌ရှိသော လောဘ၊ ဥပေက္ခာသဟဂုတ် မဂ်ဈာန်စိတ် ၄-ပါး၌ ရှိသော မဂ္ဂင် ၈-ပါး)။

နိရောဓသစ္စာကို သုခဝေဒနာနှင့် ယှဉ်၏ဟူ၍ရင်း ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍ရင်း အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ဟူ၍ရင်း မဆိုအပ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် သုခဝေဒနာနှင့် ယှဉ်၏ (လောကီသုခသဟဂုတ်စိတ် ၃၁-ပါး၊ လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဝေဒနာကြဉ် ယှဉ်ဘက် စေတသိက် ၄၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဒုက္ခဝေဒနာနှင့် ယှဉ်၏ (ဒေါသမူဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်)။ အချို့သော ဒုက္ခသစ္စာသည် အဒုက္ခ မသုခဝေဒနာ (ဥပေက္ခာ)နှင့် ယှဉ်၏ (လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇-ပါး၊ လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ပီတိ, ဝေဒနာကြဉ်သော ယှဉ်ဘက်စေတသိက် ၄၅-ပါး)။

တိက်မှတ်။ ။အချို့သော ဒုက္ခသစ္စာသည် သုခဝေဒနာနှင့် ယှဉ်၏ဟူ၍ရင်း ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍ရင်း အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ) နှင့် ယှဉ်၏ဟူ၍ရင်း မဆိုအပ်ချေ (ဝေဒနာ၊ ရုပ် ၂၈-ပါး)။

---

၁။ စိတ္တုပ္ပါဒ်သည် စိတ်နှင့်ယှဉ်ဘက်စေတသိက်များဟု ဆိုလိုသည်။

http://www.dhammadownload.com



(၃) ဝိပါကတိက် အဖြေဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်း သဘော (အကျိုး'ဝိပါက်'ကို ဖြစ်စေတတ်သောသဘော)ရှိသော တရားဖြစ်ကုန်၏ (လောဘ၊ မဂ္ဂင် ၈-ပါး)။

နိရောဓသစ္စာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး'ဝိပါက်'လည်း မဟုတ်မူ၍ အကျိုးကို ဖြစ်စေခြင်းသဘော (အကျိုး'ဝိပါက်'ကို ဖြစ်စေတတ်သောသဘော) ရှိသော တရားလည်း မဟုတ်ချေ(နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး'ဝိပါက်'ဖြစ်၏ (လောကီဝိပါက်စိတ် ၃၂-ပါး၊ ယှဉ်ဘက်စေတသိက် ၃၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် အကျိုး'ဝိပါက်'ကို ဖြစ်စေခြင်းသဘော (အကျိုး'ဝိပါက်'ကို ဖြစ်စေတတ်သောသဘော) ရှိသော တရားဖြစ်၏ (လောဘကြဉ်သော လောကီကုသိုလ်,အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး'ဝိပါက်'လည်း မဟုတ်မူ၍ အကျိုး'ဝိပါက်'ကို ဖြစ်စေခြင်းသဘော (အကျိုး'ဝိပါက်'ကို ဖြစ်စေတတ်သောသဘော)ရှိသော တရားလည်း မဟုတ်ချေ (ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၄) ဥပါဒိဏ္ဏတိက် အဖြေဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် တဏှာ,ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ,ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ (တဏှာ,ဒိဋ္ဌိတို့၏) အာရုံသာ ဖြစ်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် တဏှာ,ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာ,ဒိဋ္ဌိတို့၏အာရုံဖြစ်သော လောကီကုသိုလ်ကံ အကုသိုလ်ကံတို့ကြောင့် မဖြစ်မူ၍) ဥပါဒါန်၏(တဏှာ,ဒိဋ္ဌိတို့၏) အာရုံလည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်းယူအပ်၍ (တဏှာ,ဒိဋ္ဌိတို့၏ အာရုံဖြစ်သောကံကြောင့်လည်းဖြစ်၍) ဥပါဒါန်၏ (တဏှာ,ဒိဋ္ဌိတို့၏)အာရုံလည်းဖြစ်၏(လောကီဝိပါက်စိတ် ၃၂-ပါး၊ ယှဉ်ဘက်စေတသိက်၊ကမ္မဇရုပ်)၊အချို့သော ဒုက္ခသစ္စာသည် တဏှာ,ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ,ဒိဋ္ဌိတို့၏အာရုံဖြစ်သော ကံကြောင့်မဖြစ်မူ၍)ဥပါဒါန်၏(တဏှာ,ဒိဋ္ဌိတို့၏)အာရုံသာဖြစ်၏ (လောကီကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်၊ လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်ကြဉ်သော တိဇရုပ်)။

(၅) သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ပူပန်စေတတ်နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော ကိလေသာတို့သည် ပူပန်စေအပ်သည်လည်းဖြစ်၍ (ကိလေသာနှင့်ယှဉ်၍)ကိလေသာ၏အာရုံလည်းဖြစ်၏ (လောဘ)။

(နိရောဓသစ္စာ၊မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာနှင့်မယှဉ်မူ၍) ကိလေသာ၏အာရုံလည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ်စိတ်နှင့်ယှဉ်သော မဂ္ဂင် ၈-ပါး)။

http://www.dhammadownload.com



အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်းဖြစ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာ၏အာရုံလည်းဖြစ်၏ (လောဘကြည်သော အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ်သည်မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏အာရုံသာဖြစ်၏။ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၆) ဝိတက်တိက် အဖြေဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ဝိတက်လည်း ရှိ၍(ဝိတက်နှင့်လည်း ယှဉ်၍) ဝိစာရလည်း ရှိ၏ (ဝိစာရနှင့် လည်း ယှဉ်၏) (လောဘမူစိတ်၌ရှိသော လောဘ)။

နိရောဓသစ္စာသည် ဝိတက်လည်း မရှိမူ၍ (ဝိတက်နှင့်လည်း မယှဉ်မူ၍) ဝိစာရလည်း မရှိချေ (ဝိစာရနှင့်လည်း မယှဉ်)(နိဗ္ဗာန်)။

အချို့သော မဂ္ဂသစ္စာသည် ဝိတက်လည်းရှိ၍ (ဝိတက်နှင့်လည်း ယှဉ်၍) ဝိစာရလည်းရှိ၏ (ဝိစာရနှင့်လည်းယှဉ်၏) (မဂ်ပဌမဈာန်စိတ်၌ရှိသော ဝိတက်ကြဉ်သည့် မဂ္ဂင် ၇-ပါး)။ အချို့သော မဂ္ဂသစ္စာသည် ဝိတက်ကား မရှိမူ၍(ဝိတက်နှင့်မယှဉ်မူ၍) ဝိစာရမျှသာရှိ၏(ဝိစာရနှင့်သာယှဉ်၏) (မဂ်ဒုတိယဈာန်စိတ်၌ရှိသည့် သမ္မာသင်္ကပ္ပ ကြဉ်သော မဂ္ဂင် ၇-ပါး၊ မဂ်ပဌမဈာန်၌ရှိသော သမ္မာသင်္ကပ္ပ=ဝိတက်)။ အချို့သော မဂ္ဂသစ္စာသည် ဝိတက်လည်းမရှိမူ၍ ဝိစာရလည်းမရှိချေ (မဂ်တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်စိတ်တို့၌ရှိသော သမ္မာသင်္ကပ္ပကြဉ် မဂ္ဂင် ၇-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိ၏ (လောကီသဝိတက္ကစိတ် ၄၇-ပါး၊ လောဘ,ဝိတက်,ဝိစာရကြဉ်ယှဉ်ဘက်စေတသိက် ၄၉-ပါး)။ အချို့သောဒုက္ခသစ္စာသည် ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိ၏ (လောကီဒုတိယဈာန် ၃-ပါးနှင့် ယှဉ်ဘက်စေတသိက်၊ လောကီသဝိတက္ကစိတ် ၄၇-ပါး၌ရှိသောဝိတက် ၄၇-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဝိတက်လည်းမရှိမူ၍ ဝိစာရလည်း မရှိချေ (လောကီ အဝိတက္က အဝိစာရစိတ် ၃၁-ပါး၊ ယှဉ်ဘက်စေတသိက် ၃၆-ပါး၊ လောကီ ဒုတိယဈာန်စိတ် ၃-ပါး၌ရှိသော ဝိစာရစေတသိက် ၃-ပါး၊ ရုပ် ၂၈-ပါး)။

တိက်မှတ်။ ။အချို့သော ဒုက္ခသစ္စာကို ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိ၏ဟူ၍ရင်း ဝိတက်မရှိမူ၍ ဝိစာရမျှသာ ရှိ၏ဟူ၍ရင်း ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိဟူ၍ရင်း မဆိုအပ်ချေ (လောကီ သဝိတက္ကစိတ် ၄၇-ပါး၌ရှိသော ဝိစာရစေတသိက် ၄၇-ပါး)။

(၇) ပီတိတိက် အဖြေ ဝိသဇ္ဇနာ။ ။အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့်ယှဉ်၏) (လောဘမူ သောမနဿစိတ်၌ရှိသော လောဘ၊ ပဌမ, ဒုတိယ, တတိယမဂ်ဈာန်စိတ် ၁၂-ပါးတို့၌ ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွဖြစ်ကုန်၏ (လောဘမူ သောမနဿစိတ်၌ရှိသော လောဘ၊ ပဌမ, ဒုတိယ, တတိယ, စတုတ္ထမဂ်ဈာန်စိတ် ၁၆-ပါးတို့၌ ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (လောဘမူ ဥပေက္ခာစိတ်၌ ရှိသော လောဘ၊ ပဉ္စမမဂ်ဈာန်စိတ် ၄-ပါး၌ ရှိသော မဂ္ဂင် ၇-ပါး)။

တိက်မှတ်။ ။နိရောဓသစ္စာကို ပီတိနှင့်တကွဖြစ်၏(ပီတိနှင့်ယှဉ်၏)ဟူ၍ရင်း သုခဝေဒနာနှင့်တကွ ဖြစ်၏ဟူ၍ရင်း ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏ဟူ၍ရင်း မဆိုအပ်ချေ (နိဗ္ဗာန်)။

http://www.dhammadownload.com



အချို့သော ဒုက္ခသစ္စာသည် ပီတိနှင့်တကွ ဖြစ်၏ (ပီတိနှင့် ယှဉ်၏) (လောကီပီတိသဟဂုတ်စိတ် ၂၇-ပါး၊ လောဘ, ပီတိ, ဒေါစတုက်, ဝိစိကိစ္ဆာကြဉ်သော ယှဉ်ဘက် စေတသိက် ၄၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် သုခဝေဒနာနှင့်တကွ ဖြစ်၏ (သုခဝေဒနာနှင့် ယှဉ်၏) (လောကီသုခ သဟဂုတ်စိတ် ၃၁-ပါး၊ လောဘ, ဝေဒနာ, ဒေါစတုက်, ဝိစိကိစ္ဆာကြဉ်သော ယှဉ်ဘက် စေတသိက် ၄၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏။ (ဥပေက္ခာဝေဒနာနှင့် ယှဉ်၏) (လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇-ပါး၊ လောဘ, ဝေဒနာ, ဒေါစတုက်, ပီတိကြဉ်သော ယှဉ်ဘက်စေတသိက် ၄၅-ပါး)။

**တိက်မုတ်။** ။အချို့သော ဒုက္ခသစ္စာသည် ပီတိနှင့်တကွ ဖြစ်၏ဟူ၍ရင်း သုခဝေဒနာနှင့် တကွ ဖြစ်၏ ဟူ၍ရင်း ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်၏ဟူ၍ရင်း မဆို အပ်ချေ (ဒုက္ခသဟဂုတ်စိတ်တို့ပြဒ်၊ ရုပ် ၂၈-ပါး၊ သုခသဟဂုတ်ကာယဝိညာဉ်နှင့် လောကီစတုတ္ထ ဈာန်စိတ် ၃-ပါးတို့၌ရှိသော သုခဝေဒနာ ၄-ပါး၊ လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇-ပါး၌ ရှိသော ဥပေက္ခာဝေဒနာ ၄၇-ပါး)။

**(၈) ဒဿနတိက် အဖြေဝိသဇ္ဇနာ။** ။(နိရောဓသစ္စာ၊မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နိဗ္ဗာန် ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍, (သောတာပတ္တိမဂ်မြင်ပြီးသော နိဗ္ဗာန်ကို ပွါးများခြင်းအားဖြင့် တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးခုတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော သမုဒယသစ္စာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သည် ဖြစ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ ရှိသော လောဘ)။ အချို့သော သမုဒယသစ္စာသည် အထက်မဂ်သုံးခု တို့သည် ပယ်အပ်သည် ဖြစ်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ ရှိသော လောဘ)။

အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ်သည် ပယ်အပ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာစိတ်၊ လောဘကြဉ်သော ယှဉ်ဘက် စေတသိက်များ၊ အပါယဂမနီယဖြစ်သော အကုသိုလ်တရားများ)။ အချို့သော ဒုက္ခသစ္စာသည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်၏ (ကြွင်းအကုသိုလ်စိတ် ၇-ပါး၊ လောဘကြဉ်သော ယှဉ်ဘက် စေတသိက်များ)။ အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ် အပ်သည်လည်း မဟုတ်ကုန် (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့ပြဒ်များ၊ ရုပ် ၂၈-ပါး)။

**(၉) ဒဿနဟေတုတိက် အဖြေ ဝိသဇ္ဇနာ။** ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါး တို့သည် သောတာပတ္တိမဂ်သည် ပယ်အပ် သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့ ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ်စိတ်တို့၌ ရှိသော မဂ္ဂင် ၈-ပါး)။

အချို့သော သမုဒယသစ္စာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိ၏ (လောဘမှ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရှိသော လောဘ—မောဟဟိတ်နှင့် ယှဉ်၏)။ အချို့သော သမုဒယသစ္စာသည် အထက်မဂ်သုံးပါးတို့ ပယ်အပ်သော ဟိတ်ရှိ၏ (လောဘမှ ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်၌ ရှိသော လောဘ)။

http://www.dhammadownload.com



အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိ၏ (လောဘကြွင်းသော ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ မောဟကြွင်းသော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အထက်မဂ်သုံးပါးတို့ပယ်အပ်သော ဟိတ်ရှိ၏ (လောဘကြွင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူစိတ္တုပ္ပါဒ်၊ မောဟကြွင်းသော ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ် ပယ်အပ်သောဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (မောဟမူဒွေ၌ရှိသောမောဟ၊ လောကီကုသိုလ်၊ ဝိပါက်၊ ကြိယာ စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**(၁၀) အာစယဂါမိတိက် အဖြေဝိသဇ္ဇနာ။** ။သမုဒယသစ္စာသည် စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်၏ (လောဘ)။

မဂ္ဂသစ္စာသည် စုတိပဋိသန္ဓေမှကင်းသော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၏ (မဂ်စိတ် ၄-ပါး၌ရှိသည့် မဂ္ဂင် ၈-ပါး)။

နိရောဓသစ္စာသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်၏ (လောဘကြွင်းသည့် လောကီကုသိုလ်၊ အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ချေ (လောကီဝိပါက်၊ ကြိယာ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

[အာစယဂါမိ=အာ+စယ+ဂါမိ။ အာ=လွန်စွာ။ စယ=ဆည်းပူး။ ဂါမိ=ရောက်ကြောင်း။ =ကံကိလေသာတို့သည် ဆည်းပူးအပ်သော တရားသို့ရောက်ကြောင်း။ စုတိပဋိသန္ဓေသို့ရောက်ကြောင်း]

**(၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ။** ။မဂ္ဂသစ္စာသည် (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်၏(အရိယာမဂ္ဂင်ရှစ်ပါး)။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ)သစ္စာသုံးပါးတို့သည် (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်မူ၍ (အရဟတ္တဖိုလ်သို့ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ'(ရဟန္တာ) ပုဂ္ဂိုလ်တို့၏ဥစ္စာလည်း မဟုတ်ကုန် (လောကီတရားများ၊ နိဗ္ဗာန်)။

**(၁၂) ပရိတ္တတိက် အဖြေဝိသဇ္ဇနာ။** ။သမုဒယသစ္စာသည် နည်းပါးသော တန်းခိုးအာနုဘော်ရှိသော 'ပရိတ္တ'တရား (ကာမတရား)ဖြစ်၏(လောဘ)။

(နိရောဓသစ္စာ၊မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာတို့၏ ဆန့်ကျင်ဖက်ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' တရားဖြစ်၏။

အချို့သော ဒုက္ခသစ္စာသည် နည်းပါးသော တန်းခိုးအာနုဘော်ရှိသော 'ပရိတ္တ'တရား (ကာမတရား)ဖြစ်၏ (လောဘကြွင်းသော ကာမာဝစရစိတ္တုပ္ပါဒ်၊ရုပ်)။ အချို့သော ဒုက္ခသစ္စာသည် ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂတ'တရားဖြစ်၏ (မဟဂ္ဂုတ် စိတ္တုပ္ပါဒ်)။

http://www.dhammadownload.com



[ပမာဏ=တိုင်းတာအပ်သော၊ တိုင်းတာတတ်သော ကိလေသာရှိနေသူ ပုထုဇဉ်၏ဂုဏ်မှာ ဤမျှလောက်သာ ရှိ၏။ ဤမျှလောက်သာ ကြီး၏ဟု တိုင်းတာနိုင်းယှဉ်၍ ရကောင်းသဖြင့် ကိလေသာကို'ပမာဏ'တရားဟုခေါ်သည်။]

(၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။နိရောဓသစ္စာသည် အာရုံပြုတတ်သော သဘောမရှိ(အာရုံမပြုတတ်ချေ) (နိဗ္ဗာန်)။

မဂ္ဂသစ္စာသည် မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ'တရား (လောကုတ္တရာတရား ဖြစ်သော နိဗ္ဗာန်)ကို အာရုံပြု၏(မဂ်စိတ်၌ ရှိသော မဂ္ဂင် ၈-ပါး)။

အချို့သော သမုဒယသစ္စာသည် ပရိတ္တတရား(ကာမတရား)ကို အာရုံပြု၏ (လောဘမူစိတ် ၈-ပါး၌ရှိသော လောဘ)။ အချို့သော သမုဒယသစ္စာသည် မဟဂ္ဂုတ်တရားကို အာရုံပြု၏(ရပြီး ဈာန်ကိုသာယာမှုစသည်ဖြစ်သော အခိုက်အတန့်၌ ဖြစ်သောလောဘ)။' သမုဒယသစ္စာသည် အပ္ပမာဏတရား (လောကုတ္တရာတရား)ကို အာရုံမပြုချေ။

အချို့သော သမုဒယသစ္စာကို ပရိတ္တတရား(ကာမတရား)ကို အာရုံပြု၏ဟူ၍ရင်း မဟဂ္ဂုတ်တရားကို အာရုံပြု၏ဟူ၍ရင်း မဆိုအပ်ချေ (ပညတ်ကိုအာရုံပြုခိုက်ဖြစ်သောလောဘ)။

အချို့သော ဒုက္ခသစ္စာသည် ကာမကိုအာရုံပြု၏ (ကာမတရားကို အာရုံပြုခိုက်ဖြစ်သော ကာမာဝစရစိတ္တုပ္ပါဒ်များနှင့် အဘိညာဉ်ဒွေ)။ အချို့သော ဒုက္ခသစ္စာသည် မဟဂ္ဂုတ်ကိုအာရုံပြု၏ (လောဘကြဉ်သောအကုသိုလ်စိတ္တုပ္ပါဒ်၊ အဘိညာဉ်ဒွေ၊ မနောဒွါရာဝဇ္ဇန်း,မဟာကုသိုလ်,မဟာကြိယာစိတ္တုပ္ပါဒ်၊ အရူပ ဒုတိယ-စတုတ္ထ စိတ္တုပ္ပါဒ်)။အချို့သော ဒုက္ခသစ္စာသည် အပ္ပမာဏတရား (လောကုတ္တရာတရား)ကို အာရုံပြု၏ (မနောဒွါရာဝဇ္ဇန်း၊ ဉာဏသမ္ပယုတ် မဟာကုသိုလ်, မဟာကြိယာစိတ္တုပ္ပါဒ်၊ အဘိညာဉ်ဒွေ)။

**တိက်မှတ်။** ။အချို့သော ဒုက္ခသစ္စာကို ပရိတ္တတရား (ကာမတရား)ကို အာရုံပြု၏ဟူ၍ရင်း မဟဂ္ဂုတ်တရားကို အာရုံပြု၏ဟူ၍ရင်း အပ္ပမာဏတရား(လောကုတ္တရာတရား)ကို အာရုံပြု၏ဟူ၍ရင်း မဆိုအပ်ချေ (ပညတ်ကို ကေန်အာရုံပြုသော ရူပါဝစရစိတ္တုပ္ပါဒ်၊ မဟဂ္ဂုတ်ကို ကေန်အာရုံပြုသော အရူပါဝစရ ပဌမ တတိယ စိတ္တုပ္ပါဒ်၊ ပညတ်ကို အနေကန်အာရုံပြုခိုက်ဖြစ်သော မနောဒွါရာဝဇ္ဇန်း,လောဘကြဉ်သောအကုသိုလ်စိတ္တုပ္ပါဒ်, မဟာကုသိုလ်-မဟာကြိယာစိတ္တုပ္ပါဒ်နှင့် အဘိညာဉ်ဒွေရှုပ် ၂၈-ပါး)။

(၁၄) ဟီနတိက် အဖြေဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ယုတ်ညံ့သော 'ဟီန'တရားဖြစ်၏။ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် မြင့်မြတ်သော'ပဏီတ'တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ယုတ်ညံ့သော 'ဟီန'တရားဖြစ်၏ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ'တရားဖြစ်၏ (အကုသိုလ်ကြဉ်သော လောကီစိတ္တုပ္ပါဒ်များ၊ ရှုပ် ၂၈-ပါး)။

http://www.dhammadownload.com



(၁၅) မိစ္ဆတ္တ[၁]တိက် အဖြေဝိသဇ္ဇနာ။ ။နိရောဓသစ္စာသည် မိစ္ဆတ္တနိယတ,သမ္မတ္တနိယတ တရား မဟုတ်ချေ (အနိယတ[၂] တရားဖြစ်သည်) (နိဗ္ဗာန်)။

မဂ္ဂသစ္စာသည် မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေး မြဲသော 'သမ္မတ္တနိယတ'တရားဖြစ်၏(မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖောက်ပြန်သော သဘော ရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးတို့၏သတ္တမဇော စိတ္တုပ္ပါဒ်၊ ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေ၏ သတ္တမဇောစိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် မိစ္ဆတ္တနိယတ,သမ္မတ္တနိယတအားဖြင့် အကျိုး ပေး မမြဲကုန်(ကြွင်းသော လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

(၁၆) မဂ္ဂါရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။နိရောဓသစ္စာသည် အာရုံပြုခြင်း သဘောမရှိချေ (အာရုံမပြုတတ်ချေ)(နိဗ္ဗာန်)။

တိက်မှတ်။ ။သမုဒယသစ္စာကို မဂ်ကို အာရုံပြု၏ဟူ၍ရင်း မဂ်မည်သော အကြောင်းရင်းဟိတ် 'မဂ္ဂဟိတ်'ရှိ၏ဟူ၍ရင်း (ကုသိုလ်ဟိတ်ဖြစ်သည့် အမောဟဟုဆိုအပ်သော သမ္မာ-ဒိဋ္ဌိနှင့် ယှဉ်၏ဟူ၍ရင်း)မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ'ရှိ၏ဟူ၍ရင်း (အဓိပတိထိုက်သော သမ္မာဒိဋ္ဌိမဂ္ဂင်=ဝီမံသာဓိပတိ၊ သမ္မာဝါယာမ မဂ္ဂင်=ဝီရိယာဓိပတိတို့နှင့် ယှဉ်၏ဟူ၍ရင်း) မဆိုအပ်ချေ။

မဂ္ဂသစ္စာသည် မဂ်ကို အာရုံမပြုချေ (မဂ်စိတ်တို့၌ရှိသော မဂ္ဂသစ္စာဟု ဆိုအပ်သော မဂ္ဂင် ရှစ်ပါးသည် နိဗ္ဗာန်ကိုသာ အာရုံပြုသည်)။ မဂ္ဂသစ္စာသည် မဂ်မည်သော အကြောင်းဟိတ်ရှိ၏ (ဟိတ်ဟုဆိုအပ်သော မဂ္ဂင်နှင့်ယှဉ်၏) (သမ္မာဒိဋ္ဌိဖြစ်သော အမောဟကြဉ်သော မဂ္ဂင် ၇-ပါး)။

အချို့သော မဂ္ဂသစ္စာသည် မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ'ရှိ၏ (သမ္မာဒိဋ္ဌိတည်းဟူသော ဝီမံသာဓိပတိ၊ သမ္မာဝါယာမတည်းဟူသော ဝီရိယာဓိပတိ-ဤတရား ၂-ပါးတို့ တပါးစီ အသီးအသီး အဓိပတိတပ်ခိုက်၌ကြွင်းသော မဂ္ဂင် ၇-ပါးတို့သည် အဓိပတိတရားနှင့် ယှဉ်ကြသည်။ မဂ္ဂင် ၈-ပါးအားလုံးပင် မဂ္ဂါဓိပတိတရားနှင့်ယှဉ်သည်)။

အချို့သော မဂ္ဂသစ္စာသည် မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ'ရှိ၏ဟု မဆိုအပ်ချေ (ဆန္ဒနှင့်စိတ်တို့ အဓိပတိတပ်ခိုက်၌ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂါဓိပတိတရားနှင့်မယှဉ်[၃]။ တနည်း— အဓိပတိတပ်ခိုက်ဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်,အဓိပတိတပ်ခိုက်ဖြစ်သော သမ္မာဝါယာမမဂ္ဂင်—ဤမဂ္ဂင် ၂-ပါး)။

အချို့သော ဒုက္ခသစ္စာသည် မဂ်ကို အာရုံပြု၏ (မနောဒွါရာဝဇ္ဇန်း၊ဉာဏသမ္ပယုတ် မဟာ-ကုသိုလ်,မဟာကြိယာ, အဘိညာဉ်ဒွေးစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် မဂ်မည်သော

---

၁။ မိစ္ဆတ္တ=(မိစ္ဆာ=မှားသော။အတ္တ=သဘော)။ ၂။ ဤကျမ်း စာမျက်နှာ ၂၉၅, ၃၂၈,၃၅၉ ကြည့်။

၃။ ဆန္ဒနှင့်စိတ်တို့သည် အဓိပတိကိစ္စတပ်နိုင်သော်လည်း မဂ္ဂင်တရားများမဟုတ်ချေ။အဓိပတိကိစ္စလည်း တပ်နိုင်၍ မဂ္ဂင်လည်းဖြစ်သော တရားများမှာ သမ္မာဒိဋ္ဌိ (=ပညာ, ဝီမံသာဓိပတိ) နှင့် သမ္မာ-ဝါယာမ (=ဝီရိယ, ဝီရိယာဓိပတိ) တို့ဖြစ်သည်။

http://www.dhammadownload.com



အကြောင်းဟိတ်မရှိ (ကုသိုလ်ဟိတ်ဖြစ်သော သမ္မာဒိဋ္ဌိ-အမောဟနှင့်မယှဉ်) (လောဘကြဉ်သော လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် မဂ်မည်သော အကြီးအမှူးရှိ၏ (မဂ်ကို အလေးအမြတ်အာရုံ ပြုသည့် ဉာဏသမ္ပယုတ်မဟာကုသိုလ်, မဟာကြိယာစိတ္တုပ္ပါဒ်)။

အချို့သော ဒုက္ခသစ္စာသည် မဂ်ကို အာရုံပြု၏ဟူ၍ရင်း မဂ်မည်သော အကြီးအမှူးရှိ၏ ဟူ၍ရင်း မဆိုအပ်ချေ (မဂ်ကို အာရုံမပြုခိုက် မပြုနေ လောဘကြဉ်သော လောကီတရားများ)။

[မှတ်ချက်။ ။မဂ္ဂါဓိပတိတရားမှာ မဂ္ဂင်ရှစ်ပါး၌လည်း ပါဝင်ရမည်၊ အဓိပတိကိစ္စ တပ်နိုင်သော တရားလည်းဖြစ်ရမည်။ သမ္မာဒိဋ္ဌိသည် မဂ္ဂင်လည်းဖြစ်၍ ဝီမံသာဓိပတိလည်း ဖြစ်သဖြင့် မဂ္ဂါဓိပတိတရားဖြစ်သည်။ သမ္မာဝါယာမသည် မဂ္ဂင်လည်းဖြစ်၍ ဝီရိယာဓိပတိလည်း ဖြစ်နိုင်သဖြင့် မဂ္ဂါဓိပတိတရားဖြစ်သည်။]

**(၁၇) ဥပ္ပန္နတိက် အမြေ ဝိသဇ္ဇနာ။** ။အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါး တို့သည် ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ဆဲ ဖြစ်သော 'ဥပ္ပန္န'တရားဖြစ်ကုန်၏ (ပစ္စုပ္ပန်လောဘနှင့် မဂ္ဂင်ရှစ်ပါး)။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂ-သစ္စာ)သစ္စာနှစ်ပါးတို့သည် ခဏသုံးပါးသို့ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ကုန် (နောင်အနာဂတ်ကာလ၌ ဖြစ်မည်ဆိုက ဖြစ်နိုင်သည့် ဖြစ်ကောင်းဖြစ်မည့် 'အနုပ္ပန္န' တရားဖြစ်သည်) (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော လောဘနှင့် မဂ္ဂင်ရှစ်ပါး)။

အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် မချွတ်ဖြစ်လတ္တံ့ ဖြစ်ကုန်၏ဟု မဆိုအပ်ကုန် (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော အကျိုးတရားများ မဟုတ်)။

**တိက်မှတ်။** ။နိရောဓသစ္စာကို ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ဆဲ ဖြစ်သော 'ဥပ္ပန္န'တရား ဖြစ်၏ ဟူ၍ရင်းခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ရောက်ဆဲလည်း မဟုတ်သော 'အနုပ္ပန္န' တရား ဖြစ်၏ဟူ၍ရင်း မချွတ်ကေန်ဖြစ်လတ္တံ့ ဖြစ်သော 'ဥပ္ပါဒီ' တရား ဖြစ်၏ဟူ၍ရင်း မဆိုအပ်ချေ (နိဗ္ဗာန်ကို အတိတ်, အနာဂတ်, ပစ္စုပ္ပန်တရားဟု မဆိုအပ်ချေ)။

အချို့သော ဒုက္ခသစ္စာသည် ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ဆဲ ဖြစ်သော 'ဥပ္ပန္န' တရား ဖြစ်၏ (ပစ္စုပ္ပန်တရားများဖြစ်သော လောဘကြဉ်သည့် လောကီတရားများ)။

အချို့သော ဒုက္ခသစ္စာသည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ချေ (နောင်အနာဂတ်ကာလ၌ ဖြစ်မည်ဆိုက ဖြစ်ကောင်း ဖြစ်လတ္တံ့သော တရား'အနုပ္ပန္န' တရားဖြစ်သည်) (နောင်အနာဂတ်၌ ဖြစ်လတ္တံ့သော လောဘနှင့် ဝိပါက်စိတ်တို့ကြဉ်သည့် လောကီစိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်ကြဉ်သည့် တိဇရုပ်)။

အချို့သော ဒုက္ခသစ္စာသည် မချွတ်ကေန် ဖြစ်လတ္တံ့ ဖြစ်၏ (နောင်အနာဂတ်ကာလ၌ မချွတ်ကေန် ဖြစ်မည့် 'ဥပ္ပါဒီ' တရားဖြစ်၏) (လောကီဝိပါက်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်)။

**(၁၈) အတီတတိက် အမြေ ဝိသဇ္ဇနာ။** ။အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ သုံးပါး တို့သည် ဖြစ်ပြီး 'အတိတ်' တရား ဖြစ်ကုန်၏။ အချို့သော သစ္စာသုံးပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' တရား

http://www.dhammadownload.com



ဖြစ်ကုန်၏။ အချို့သော သစ္စာသုံးပါးတို့သည် ဖြစ်ဆဲ'ပစ္စုပ္ပန်'တရား ဖြစ်ကုန်၏(လောကီစိတ္တုပ္ပါဒ်များ၊ရုပ် ၂၈-ပါး၊ မဂ်စိတ်၄-ပါး၌ ရှိသော မဂ္ဂင် ၈-ပါး)။

**တိက်မှတ်။** ။နိရောဓသစ္စာကို ဖြစ်ပြီး 'အတိတ်'တရား ဖြစ်၏ ဟူ၍လည်း မရောက်သေး (ဖြစ်လတ္တံ့) သော'အနာဂတ်' တရား ဖြစ်၏ဟူ၍လည်း ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရား ဖြစ်၏ဟူ၍လည်း မဆိုအပ်ချေ (နိဗ္ဗာန်)။

(၁၉) **အတီတာရမ္မဏတိက် အမေး ဝိသဇ္ဇနာ။** ။နိရောဓသစ္စာသည် အာရုံပြုခြင်းသဘော မရှိ (အာရုံမပြုတတ်ချေ) (နိဗ္ဗာန်)။

မဂ္ဂသစ္စာကို ဖြစ်ပြီး'အတိတ်'တရားကို အာရုံပြု၏ ဟူ၍လည်း မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားကို အာရုံပြု၏ ဟူ၍လည်း ဖြစ်ဆဲ'ပစ္စုပ္ပန်'တရားကို အာရုံပြု၏ ဟူ၍လည်း မဆိုအပ်ချေ(မဂ်စိတ် ၄-ပါး၌ရှိသော မဂ္ဂင် ၈-ပါးသည် နိဗ္ဗာန်ကိုသာ အာရုံပြုသည်)။ (တိက်မှတ်)

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖြစ်ပြီး 'အတိတ်'တရားကို အာရုံပြုကုန်၏ (အတိတ်ကို ကေန် အာရုံပြုသော အရူပ ဒုတိယ, စတုတ္ထ စိတ္တုပ္ပါဒ်များ၊ ဝိရတီနှင့် အပ္ပမညာကြဉ်သော အတိတ်ကို အနေကန် အာရုံပြုသော မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉, တဒါရုံ ၁၁, အဘိညာဉ် ဒွေ စိတ္တုပ္ပါဒ်များ)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားကို အာရုံပြုကုန်၏ (အနာဂတ်တရားကို အာရုံပြုခိုက်ဖြစ်သော အပ္ပမညာကြဉ်သည့် မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉, တဒါရုံ ၁၁, အဘိညာဉ် ဒွေ စိတ္တုပ္ပါဒ်များ)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားကို အာရုံပြုကုန်၏ (ပစ္စုပ္ပန်တရားကို ကေန်အာရုံပြုသော ဒွေပဉ္စဝိညာဉ် ၁၀ နှင့် မနောဓာတ် ၃-ပါး၊ ယှဉ်ဘက်စေတသိက်များ၊ ပစ္စုပ္ပန်တရားကို အနေကန်အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉,တဒါရုံ ၁၁,အဘိညာဉ် ဒွေ စိတ္တုပ္ပါဒ်များ)။

**တိက်မှတ်။** ။အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖြစ်ပြီး 'အတိတ်' တရားကို အာရုံပြုကုန်၏ ဟူ၍လည်း မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုကုန်၏ ဟူ၍လည်း ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားကို အာရုံပြုကုန်၏ ဟူ၍လည်း မဆိုအပ်ချေ (ပညတ်ကို အာရုံပြုသော စိတ္တုပ္ပါဒ်များ၊ နိဗ္ဗာန်ကို အနေကန် အာရုံပြုသော မနောဒွါရာဝဇ္ဇန်း, ဉာဏသမ္ပယုတ် မဟာကုသိုလ်, မဟာကြိယာ, အဘိညာဉ်ဒွေ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

(၂၀) **အဇ္ဈတ္တတိက် အမေး ဝိသဇ္ဇနာ။** ။နိရောဓသစ္စာသည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်၏ (နိဗ္ဗာန်)။

ကြွင်းသော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာသုံးပါးတို့သည် ရံခါ အတွင်း'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အတွင်း အပ 'အဇ္ဈတ္တ ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

(၂၁) **အဇ္ဈတ္တာရမ္မဏတိက် အမေး ဝိသဇ္ဇနာ။** ။နိရောဓသစ္စာသည် အာရုံပြုခြင်းသဘော မရှိချေ(အာရုံမပြုတတ်ချေ) (နိဗ္ဗာန်)။

http://www.dhammadownload.com



မဂ္ဂသစ္စာသည် အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သောတရား (နိဗ္ဗာန်)ကို အာရုံပြု၏ (မဂ် ၄-ပါး၌ ရှိသော မဂ္ဂင် ၈-ပါး)။

သမုဒယသစ္စာသည် ရံခါအတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြု၏။ သမုဒယ သစ္စာသည် ရံခါ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြု၏။ ရံခါ အတွင်း အပ 'အဇ္ဈတ္တ ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြု၏ (လောဘ)။

အချို့သော ဒုက္ခသစ္စာသည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြု၏ (အဇ္ဈတ္တကို ကေန် အာရုံပြုသော အရူပ ဒုတိယ, စတုတ္ထ စိတ္တုပ္ပါဒ်များ၊ အနေကန် အာရုံပြုသော လောဘ, ဋ္ဌာ, အပ္ပမညာကြဉ် ကာမစိတ္တုပ္ပါဒ်နှင့် အဘိညာဉ် ဒွေ စိတ္တုပ္ပါဒ်)။

အချို့သော ဒုက္ခသစ္စာသည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ရှိသော တရားကို အာရုံပြု၏ (ဗဟိဒ္ဓကို ကေန် အာရုံပြုသော ရူပါဝစရစိတ် ၁၅-ပါး, အရူပ ပဌမစိတ်နှင့် ယှဉ်ဘက် စေတသိက်များ၊ ဗဟိဒ္ဓကို အနေကန် အာရုံပြုသော လောဘ, မစ္ဆရိယကြဉ်သော လောကီစိတ္တုပ္ပါဒ်, အဘိညာဉ် ဒွေး စိတ္တုပ္ပါဒ်များ)[၁]။

အချို့သော ဒုက္ခသစ္စာသည် အတွင်း အပ 'အဇ္ဈတ္တ ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြု၏ (အဇ္ဈတ္တ ဗဟိဒ္ဓ တရားကို အနေကန် အာရုံပြုသော လောဘ, ဋ္ဌာ, မစ္ဆရိယ, အပ္ပမညာကြဉ် ကာမစိတ္တုပ္ပါဒ်, အဘိညာဉ်ဒွေ)။

**တိက်မှတ်။** ။အချို့သော ဒုက္ခသစ္စာသည် အတွင်း 'အဇ္ဈတ္တ'သန္တာန်ကို အာရုံပြု၏ ဟူ၍ရင်း အပ 'ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြု၏ ဟူ၍ရင်း မဆိုအပ်ချေ (နတ္ထိဘာဝပညတ်ကို ကေန် အာရုံပြုသော အရူပ တတိယ စိတ္တုပ္ပါဒ်၊ အနေကန် အာရုံပြုသော မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ် ကြဉ် ကာမဇော ၂၈, အဘိညာဉ် ဒွေ၊ လောဘ, ဝိရတိ, အပ္ပမညာ, ဋ္ဌာ, မစ္ဆရိယ ကြဉ်သော ယှဉ်ဘက်စေတသိက်၊ ရုပ် ၂၈-ပါး)။

**(၂၂) သနိဒဿနတိက် အဖြေ ဝိသဇ္ဇနာ။** ။(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ သုံးပါးတို့သည် မြင်အပ်သော သဘောလည်း မရှိ မူ၍ ထိပါးတတ်သော သဘောလည်း မရှိကုန်။

အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘောလည်းရှိ၍ ထိပါးတတ်သော သဘောလည်း ရှိ၏ (ရူပါရုံ)။

အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘော မရှိမူ၍ ထိပါးတတ်သော သဘောသာ ရှိ၏ (ရူပါရုံကြဉ်သော ဩဠာရိကရုပ် ၁၁-ပါး)။ အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိချေ (လောဘနှင့် ဩဠာရိကရုပ် ၁၂-ပါး ကြဉ်သော လောကီတရားများ)။

(တိက်တို့ဖြင့် ဝေဖန်ပြီးလျှင် အမေးအဖြေပြု၍ ဟောကြားအပ်သော 'ပဉ္စာပုစ္ဆကနည်း'ပြီး၏။)

(သစ္စာလေးပါးတို့ကို တိက် ၂၂-ခုတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြသော 'ပဉ္စာပုစ္ဆကနည်း'ပြီး၏။)

---

၁။ ဓမ္မသင်္ဂဏီ၊ စာပိုဒ် ၁၄၁၅, ၁၄၃၆, ၁၄၃၇, ၁၅၄၀။

http://www.dhammadownload.com



## ၂-ဒုကဝိသဇ္ဇနာ

(သစ္စာ ၄-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေ'ဝိသဇ္ဇနာ'ကို ပြခြင်း)

(၁-ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

(၁) ဟေတုဒုက် အဖြေဝိသဇ္ဇနာ ၂၁၈။ သမုဒယသစ္စာသည် ဟိတ်မည်၏ (အကုသိုလ်ဟိတ် ဖြစ်သော လောဘ)။

နိရောဓသစ္စာသည် ဟိတ်မမည်ချေ (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဟိတ်မည်ကုန်၏ (လောဘကြဉ်သော လောကီစိတ်တို့၌ရှိသော ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ တည်းဟူသော ဟိတ် ၅-ပါး၊ မဂ်စိတ် ၄-ပါး၌ရှိသည့် အမောဟဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်)။ အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ ၂-ပါးတို့သည် ဟိတ်မမည်ကုန် (ဟိတ် ၆-ပါးကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး၊ သမ္မာဒိဋ္ဌိကြဉ်သော မဂ္ဂင် ၇-ပါး)။

(၂) သဟေတုကဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဟိတ်ရှိကုန်၏[၁] (ဟိတ်နှင့် ယှဉ်ကုန်၏)။

နိရောဓသစ္စာသည် ဟိတ်မရှိချေ (ဟိတ်နှင့်မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် ဟိတ်ရှိ၏ (ဟိတ်နှင့်ယှဉ်၏) (လောဘနှင့် မောဟမှဒွေး၌ မောဟ ကြဉ်သည့် လောကီသဟိတ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်မရှိချေ (ဟိတ်နှင့်မယှဉ်ချေ) (မောဟမှဒွေး၌ မောဟ၊ အဟိတ်စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၃) ဟေတုသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဟိတ်နှင့်ယှဉ်ကုန်၏[၂]။

နိရောဓသစ္စာသည် ဟိတ်နှင့်မယှဉ် (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် ဟိတ်နှင့်ယှဉ်၏ (လောဘနှင့် မောဟမှ ဒွေး၌ရှိသော မောဟကြဉ်သည့် လောကီသဟိတ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်နှင့်မယှဉ်ချေ (မောဟမှ ဒွေး၌ရှိသော မောဟ၊ အဟိတ်စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၄) ဟေတုသဟေတုကဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်လည်း ယှဉ်၏) (လောဘမှစိတ်၌ရှိသော လောဘသည် မောဟဟိတ်နှင့် ယှဉ်၏)။

ဒုက်မုတ်။ ။နိရောဓသစ္စာကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်ယှဉ်၏) ဟူ၍ရင်း ဟိတ်လည်း ရှိ၍ ဟိတ်လည်း မမည်ဟူ၍ရင်း မဆိုအပ်ချေ (နိဗ္ဗာန်)။

---

၁-၂။ လောဘမှစိတ်၌ရှိသော လောဘသည် မောဟဟိတ်နှင့်ယှဉ်၏။
မဂ်စိတ် ၄-ပါး၌ရှိသော မဂ္ဂင် ၈-ပါးသည် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့နှင့်ယိုက်သည် အားလျော်စွာ ယှဉ်ကြသည်။

http://www.dhammadownload.com



အချို့သော မဂ္ဂသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်လည်း ယှဉ်၏) (အမောဟ တည်းဟူသော သမ္မာဒိဋ္ဌိ)။ အချို့သော မဂ္ဂသစ္စာသည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (မဂ်စိတ် ၄-ပါးရှိသည့် သမ္မာဒိဋ္ဌိကြဉ်သော ကြွင်း မဂ္ဂင် ၇-ပါး—အလောဘ,အဒေါသ, အမောဟ ဟိတ်တို့နှင့် ယှဉ်ကြသည်)။

အချို့သော ဒုက္ခသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်လည်း ယှဉ်၏) (မောဟမူဒွေ့ရှိသော မောဟနှင့် လောဘကြဉ်သော လောကီဟိတ် ၅-ပါး)။ အချို့သော ဒုက္ခ သစ္စာသည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (ဟိတ် ၆-ပါးကြဉ်သော လောကီသဟိတ် စိတ္တုပ္ပါဒ်)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို ဟိတ်လည်း မည်၍ ဟိတ်လည်းရှိ၏ (ဟိတ်နှင့် ယှဉ်၏) ဟူ၍၎င်း ဟိတ်သာရှိ၍ ဟိတ်မမည်ဟူ၍၎င်း မဆိုအပ်ချေ (မောဟမူဒွေ့ရှိသော မောဟ၊ အဟိတ်စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၅) ဟေတု ဟေတုသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (လောဘမူ စိတ် ၈-ပါး၌ရှိသော လောဘဟိတ်–မောဟဟိတ်နှင့် ယှဉ်သည်)။

ဒုက်မုတ်။ ။နိရောဓသစ္စာကို ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍၎င်း ဟိတ်နှင့်လည်း ယှဉ်၍ ဟိတ်လည်း မမည်ဟူ၍၎င်း မဆိုအပ်ချေ (နိဗ္ဗာန်)။

အချို့သော မဂ္ဂသစ္စာသည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (အမောဟဟိတ်ဖြစ်သော သမ္မာဒိဋ္ဌိ–အလောဘ, အဒေါသ ဟိတ်တို့နှင့်ယှဉ်သည်)။ အချို့သော မဂ္ဂသစ္စာသည် ဟိတ်နှင့် သာယှဉ်၍ ဟိတ်မမည်ချေ (မဂ်စိတ် ၄-ပါး၌ရှိသည့် သမ္မာဒိဋ္ဌိကြဉ်သော ကြွင်း မဂ္ဂင် ၇-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (လောဘနှင့် မောဟမူ ဒွေ့ရှိသော မောဟကြဉ်သည့် လောကီသဟိတ်စိတ်တို့၌ရှိသော ဟိတ် ၅-ပါး)။ အချို့သော ဒုက္ခ သစ္စာသည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ချေ (ဟိတ် ၆-ပါးကြဉ်သော လောကီသဟိတ် စိတ္တုပ္ပါဒ်)။

ဒုက်မုတ်။ ။အချို့သော ဒုက္ခသစ္စာကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍၎င်း ဟိတ် နှင့်သာ ယှဉ်၍ ဟိတ်မမည်ဟူ၍၎င်း မဆိုအပ်ချေ (မောဟမူဒွေ့ရှိသော မောဟ၊ အဟိတ်စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၆) န ဟေတု သဟေတုကဒုက် အဖြေ ဝိသဇ္ဇနာ။ ။နိရောဓသစ္စာသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ (ဟိတ်နှင့်လည်း မယှဉ် ချေ) (နိဗ္ဗာန်)။

ဒုက်မုတ်။ ။သမုဒယသစ္စာကို ဟိတ်မမည်မူ၍ ဟိတ်သာ ရှိ၏ဟူ၍၎င်း ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိဟူ၍၎င်း မဆိုအပ်ချေ (လောဘ)။

အချို့သော မဂ္ဂသစ္စာသည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိ၏ (ဟိတ်နှင့်သာ ယှဉ်၏) (သမ္မာဒိဋ္ဌိ ကြဉ်သည့် ကြွင်း မဂ္ဂင် ၇-ပါး)။

အဘိဓမ္မ ၂-၂၇—

http://www.dhammadownload.com



ဒုက်မုတ်။ ။အချို့သော မဂ္ဂသစ္စာကို ဟိတ်မမည်မူ၍ ဟိတ်ရှိ၏ဟူ၍၎င်း ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိဟူ၍၎င်း မဆိုအပ်ချေ (အမောဟတည်းဟူသော သမ္မာဒိဋ္ဌိ)။

အချို့သော ဒုက္ခသစ္စာသည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ (ဟိတ် ၆-ပါးကြဉ်သော လောကီ သဟိတ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ (အဟိတ်စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

ဒုက်မုတ်။ ။အချို့သော ဒုက္ခသစ္စာကို ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍၎င်း ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိဟူ၍၎င်း မဆိုအပ်ချေ (လောဘကြဉ်သည့် လောကီသဟိတ်စိတ်တို့၌ ရှိသော ဟိတ် ၅-ပါး)။

(ဟေတုဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

---

(၂-စူဠန္တရဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ)

(၇) သပ္ပစ္စယဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ သုံးပါးတို့သည် အကြောင်းနှင့်တကွ ဖြစ်ကုန်၏ (ကံ, စိတ်,ဥတု,အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ကုန်၏။

နိရောဓသစ္စာသည် အကြောင်းနှင့်တကွ မဖြစ်ချေ (ကံ,စိတ်,ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့် မဖြစ်ချေ) (နိဗ္ဗာန်)။

(၈) သင်္ခတဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါး တို့သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့ ပြုပြင်အပ်သော 'သင်္ခတ'တရား ဖြစ်ကုန်၏။

နိရောဓသစ္စာသည် ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရား လေးပါးတို့ မပြုပြင်အပ်သော 'အသင်္ခတ'တရား ဖြစ်၏ (နိဗ္ဗာန်)။

(၉) သနိဒဿနဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ သုံးပါးတို့သည် မြင်အပ်သော သဘော မရှိကုန်။ (စက္ခုပသာဒဖြင့် မမြင်နိုင်ချေ) (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)

အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘော ရှိ၏ (စက္ခုပသာဒဖြင့် မြင်နိုင်၏) (အဆင်း 'ရူပါရုံ')။ အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘော မရှိချေ (လောဘနှင့် ရူပါရုံကြဉ်သော လောကီတရားများ)။

(၁၀) သပ္ပဋိဃဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာသုံး ပါးတို့သည် ထိပါးတတ်သော သဘော မရှိကုန် (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

http://www.dhammadownload.com



အချို့သော ဒုက္ခသစ္စာသည် ထိပါးတတ်သော သဘော ရှိ၏ (ဩဠာရိကရုပ် ဖြစ်သော ပသာဒရုပ် ၅-ပါးနှင့် အာရုံ ၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ထိပါးတတ်သော သဘော မရှိချေ (သုခုမရုပ် ၁၆-ပါး၊ လောဘကြည်သည့် လောကီစိတ္တုပ္ပါဒ်)။

(၁၁) ရူပီဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ဖောက်ပြန်ခြင်း သဘော ရှိသော 'ရုပ်' မဟုတ်ချေ (လောဘ၊နိဗ္ဗာန်၊မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဖောက်ပြန်ခြင်း သဘော ရှိသော 'ရုပ်' ဖြစ်၏ (ရုပ် ၂၈-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဖောက်ပြန်ခြင်း သဘော ရှိသော 'ရုပ်'မဟုတ်ချေ (လောဘကြည်သော လောကီစိတ်, စေတသိက်များ)။

(၁၂) လောကိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ပျက်စီးခြင်း သဘော'လောက'၌အကျုံးဝင်သော 'လောကိယ' တရား ဖြစ်ကုန်၏ (လောကီတရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပျက်စီးခြင်း သဘော 'လောက'မှ ထွက်မြောက်သော 'လောကုတ္တရာ'တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

(၁၃) ကေနစိဝိညေယျဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သစ္စာလေးပါးတို့ကို)တစုံတခုသောစိတ်သည် သိအပ်ကုန်၏။ (သစ္စာလေးပါးတို့ကို) တစုံတခုသော စိတ်သည် မသိအပ်ကုန်။

(စူဠန္တရဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

---

(၃-အာသဝဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

(၁၄) အာသဝဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွါး နေတတ်၍ မူးယစ် မိုက်မဲစေတတ်သော သဘော 'အာသဝ' မည်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝ မမည်ကုန် (နိဗ္ဗာန်၊မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည်(သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲ စေတတ်သော သဘော 'အာသဝ' မည်၏ (ဒိဋ္ဌိ,မောဟ)။ အချို့သော ဒုက္ခသစ္စာသည် အာသဝ မမည်ချေ (လောဘ,ဒိဋ္ဌိ,မောဟကြဉ်သော လောကီ စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၁၅) သာသဝဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်ကုန်၏ (လောကီတရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံမဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

http://www.dhammadownload.com



(၁၆) **အာသဝသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။** ။သမုဒယသစ္စာသည် အာသဝနှင့် (ဒိဋ္ဌိ, မောဟနှင့်) ယှဉ်၏ (လောဘမူစိတ် ရှစ်ပါး၌ ရှိသော လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝနှင့် (တဏှာ,ဒိဋ္ဌိ,မောဟတို့နှင့်) မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်၏ (ဒေါသမူ မောဟမူတို့၌ ရှိသော မောဟနှင့် လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ် (ဒေါသမူ မောဟမူတို့၌ရှိသော မောဟ၊ လောကီကုသိုလ်,ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၁၇) **အာသဝ သာသဝဒုက် အဖြေဝိသဇ္ဇနာ။** ။သမုဒယသစ္စာသည်(သတ္တဝါတို့၏သန္တာန်၌) ယိုစီး ဖြစ်ပွါးနေတတ်၍ မူးယစ် မိုက်မဲ စေတတ်သော သဘော 'အာသဝ'လည်း မည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ (လောဘ)။

**ဒုက်မှတ်။** ။(နိရောဓသစ္စာ၊မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့ကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ရင်း အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန် ဟူ၍ရင်း မဆိုအပ်ချေ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ, မောဟ)။ အချို့သော ဒုက္ခသစ္စာသည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟ တည်းဟူသော အာသဝတရားကိုယ်ကြဉ် လောကီ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

(၁၈) **အာသဝ အာသဝသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။** ။သမုဒယသစ္စာသည် အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိ, မောဟတို့နှင့်ယှဉ်သော လောဘ)။

**ဒုက်မှတ်။** ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ရင်း အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ကုန် ဟူ၍ရင်း မဆိုအပ်ကုန်(နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ (ဒေါသမူ ဒွေနှင့် မောဟမူဒွေတို့၌ရှိသော မောဟကြဉ်သည့် မောဟ, ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟ တည်းဟူသော အာသဝ တရားကိုယ်ကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

**ဒုက်မှတ်။** ။အချို့သော ဒုက္ခသစ္စာကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ဟူ၍ရင်း အာသဝနှင့် သာယှဉ်၍ အာသဝ မမည် ဟူ၍ရင်း မဆိုအပ်ချေ (ဒေါသမူနှင့် မောဟမူဒွေ၌ ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်,ကြိယာ စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

http://www.dhammadownload.com



(၁၉) အာသဝဝိပ္ပယုတ္တ သာသဝဒုက် အမြေ ဝိသဇ္ဇနာ။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

ဒုက်မုတ်။ ။သမုဒယသစ္စာကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်၏ ဟူ၍ရင်း အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ဟူ၍ရင်း မဆိုအပ်ချေ (လောဘ)။

အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်၏ (ဒေါသမူဒွေနှင့် မောဟမူဒွေတို့၌ ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

ဒုက်မုတ်။ ။အချို့သော ဒုက္ခသစ္စာကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်၏ ဟူ၍ရင်း အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ် ဟူ၍ရင်း မဆိုအပ်ချေ (ဒေါသမူဒွေနှင့် မောဟမူဒွေတို့၌ ရှိသော မောဟကြဉ်သည့် မောဟ, ဒိဋ္ဌိ အာသဝ တရားကိုယ် ၂-ပါး)။

(အာသဝဂေါစ္ဆကဒုက် ၆-ခု အမြေ ဝိသဇ္ဇနာ ပြီး၏။)

---

(၄-သညောဇနဂေါစ္ဆကဒုက် ၆-ခု အမြေ ဝိသဇ္ဇနာ)

(၂၀) သညောဇနဒုက် အမြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော သံယောဇဉ် မည်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် သံယောဇဉ် မမည်ကုန် (နိဗ္ဗာန်၊မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်မည်၏ (လောဘကြဉ်သော သံယောဇဉ်တရားကိုယ် ၇-ပါး=ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ်ကြဉ်သော လောကီတရားများ)။

(၂၁) သညောဇနိယဒုက် အမြေ ဝိသဇ္ဇနာ။ ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာ နှစ်ပါးတို့သည် သံယောဇဉ်၏အာရုံ ဖြစ်ကုန်၏ (လောကီတရားများ)။

(နိရောဓသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံမဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

(၂၂) သညောဇန သမ္ပယုတ္တဒုက် အမြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် သံယောဇဉ်နှင့်ယှဉ်၏ (လောဘမူစိတ်၌ရှိသော လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ နှစ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

http://www.dhammadownload.com



အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်နှင့်ယှဉ်၏ (လောဘနှင့် ဉဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်များ)။အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်နှင့်မယှဉ်ချေ (ဉဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၂၃) သညောဇနေ သညောဇနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ (လောဘ)။

ဒုက်မှတ်။ ။(နိရောဓသစ္စာ၊မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်၏ ဟူ၍ရင်း သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏အာရုံလည်း ဖြစ်၏ (လောဘကြဉ်သော ကြွင်း သံယောဇဉ်တရားကိုယ် ၇-ပါး)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ်မမည်ချေ (သံယောဇဉ်တရားကိုယ် ၈-ပါးကြဉ်သော လောကီတရားများ)။

(၂၄) သညောဇနေ သညောဇနသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ (လောဘမူစိတ်၌ရှိသော လောဘ)။

ဒုက်မှတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်၏ဟူ၍ရင်း သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ကုန်ဟူ၍ရင်း မဆိုအပ်ချေ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏(လောဘနှင့် ဉဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သည့် ကြွင်းသံယောဇဉ် တရားကိုယ် ၇-ပါး)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ် ၈-ပါး ကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်များ)။

ဒုက်မှတ်။ ။အချို့သော ဒုက္ခသစ္စာကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ ဟူ၍ရင်း သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ် မမည်ဟူ၍ရင်း မဆိုအပ်ချေ (ဉဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသောမောဟ၊လောကီကုသိုလ်,ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်များ၊ရုပ် ၂၈-ပါး)။

(၂၅) သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက်အဖြေ ဝိသဇ္ဇနာ။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

ဒုက်မှတ်။ ။ သမုဒယသစ္စာကို သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်၏ဟူ၍ရင်း သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏အာရုံလည်း မဖြစ်ဟူ၍ရင်း မဆိုအပ်ချေ (လောဘ)။

http://www.dhammadownload.com



အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

ဒုက်မုတ်။ ။အချို့သော ဒုက္ခသစ္စာကို သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်၏ ဟူ၍ရင်း သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏အာရုံလည်း မဖြစ်ဟူ၍ရင်း မဆိုအပ်ချေ (လောဘနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်)။

(သညောဇနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

---

(၅-ဂန္ထဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ)

**(၂၆) ဂန္ထဒုက် အဖြေ ဝိသဇ္ဇနာ။** ။သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော 'ဂန္ထ' မည်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထ မမည်ကုန် (နိဗ္ဗာန်၊ မဂ်စိတ် ၄-ပါး၌ရှိသော မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဂန္ထမည်၏ (ဒေါသ၊ ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဂန္ထ မမည်ချေ (လောဘ, ဒေါသ, ဒိဋ္ဌိ တည်းဟူသော ဂန္ထတရားကိုယ်ကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**(၂၇) ဂန္ထနိယဒုက် အဖြေ ဝိသဇ္ဇနာ။** ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထ၏(လောဘ, ဒေါသ, ဒိဋ္ဌိ တို့၏) အာရုံ ဖြစ်ကုန်၏ (လောကီတရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထ၏ အာရုံမဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

**(၂၈) ဂန္ထသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။** ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထနှင့် ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ရှိသော ဒေါသကြဉ်သည့် လောဘမူစိတ္တုပ္ပါဒ်, ဒေါသမူစိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထနှင့်မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ ဒေါသမူဒွေး၌ရှိသော ဒေါသ၊ မောဟမူဒွေး,လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**(၂၉) ဂန္ထ ဂန္ထနိယဒုက် အဖြေ ဝိသဇ္ဇနာ။** ။ သမုဒယသစ္စာသည် ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်းဖြစ်၏ (လောဘ)။

http://www.dhammadownload.com



ဒုက်မုတ်။ ။ (နိရောဓအာသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့ကို ဂန္ထလည်းမည်၍ ဂန္ထ၏အာရုံလည်း ဖြစ်ကုန်၏ဟူ၍ရင်း ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထ မမည်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဂန္ထလည်းမည်၍ ဂန္ထ၏အာရုံလည်း ဖြစ်၏ (ဒေါသ,ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဂန္ထ၏အာရုံသာ ဖြစ်၍ ဂန္ထမမည်ချေ (လောဘ,ဒေါသ,ဒိဋ္ဌိ တည်းဟူသော ဂန္ထတရား ကိုယ်ကြဉ်သော လောကီတရားများ)။

(၃၀) ဂန္ထဂန္ထသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏(ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်၌ရှိသော လောဘ)။

ဒုက်မုတ်။ ။အချို့သော သမုဒယသစ္စာကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ဟူ၍ရင်း ဂန္ထနှင့်သာယှဉ်၍ ဂန္ထမမည်ဟူ၍ရင်း မဆိုအပ်ချေ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘ)။

ဒုက်မုတ်။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ရင်း ဂန္ထနှင့်သာယှဉ်၍ ဂန္ထမမည်ကုန်ဟူ၍ရင်း မဆိုအပ်ချေ(နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဂန္ထနှင့်သာယှဉ်၍ ဂန္ထမမည်ချေ (ဂန္ထတရားကိုယ် ၃-ပါးကြဉ်သော လောဘမူ, ဒေါသမူ စိတ္တုပ္ပါဒ်များ)။

ဒုက်မုတ်။ ။အချို့သော ဒုက္ခသစ္စာကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ဟူ၍ရင်း ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ဟူ၍ရင်း မဆိုအပ်ချေ (ဒေါသမူဒွေ၌ ရှိသော ဒေါသ၊ မောဟမူဒွေ, လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

(၃၁) ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော(ဒုက္ခသစ္စာ၊သမုဒယသစ္စာ)သစ္စာနှစ်ပါးတို့သည်ဂန္ထနှင့်မယှဉ်မူ၍ ဂန္ထ၏အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘ၊ ဒေါသမူဒွေ၌ ရှိသော ဒေါသ၊ မောဟမူဒွေ, လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

ဒုက်မုတ်။ ။အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့ကို ဂန္ထနှင့်မယှဉ်မူ၍ ဂန္ထ၏အာရုံသာ ဖြစ်ကုန်၏ ဟူ၍ရင်း ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဖြစ်ကုန်ဟူ၍ရင်း မဆိုအပ်ချေ(ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘနှင့် ဒေါသမူဒွေ၌ ရှိသော ဒေါသကြဉ်သည့် လောဘမူ, ဒေါသမူ စိတ္တုပ္ပါဒ်)။

(ဂန္ထဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

http://www.dhammadownload.com



(၆-ဩဿဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

(၃၂-၃၇)။ ။သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော 'ဩဃ မည်၏။ပ။[၁]

(ဩဃဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

---

(၇-ယောဂဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

(၃၈-၄၃)။ ။သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၌) ယှဉ်စပ် တွယ်ကပ်စေတတ်သော 'ယောဂ' မည်၏။ပ။[၂]

(ယောဂဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

---

(၈-နီဝရဏဂေါစ္ဆက ဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

(၄၄) နီဝရဏဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် (ဈာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော နီဝရဏ မည်၏(လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နီဝရဏမမည်ကုန်(နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် နီဝရဏ မည်၏(လောဘကြဉ်သော နီဝရဏတရားကိုယ် ၇-ပါး= ဒေါသ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, မောဟ)။

အချို့သော ဒုက္ခသစ္စာသည် နီဝရဏ မမည်ချေ(နီဝရဏတရားကိုယ် ၈-ပါးကြဉ်သော လောကီ တရားများ)။

(၄၅) နီဝရဏိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာ နှစ်ပါးတို့သည် နီဝရဏ၏ အာရုံဖြစ်ကုန်၏ (လောကီတရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နီဝရဏ၏ အာရုံမဟုတ်ချေ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

(၄၆) နီဝရဏသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် နီဝရဏနှင့် ယှဉ်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နီဝရဏနှင့်မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် နီဝရဏနှင့် ယှဉ်၏ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် နီဝရဏနှင့် မယှဉ်ချေ(လောကီကုသိုလ်,ဝိပါက်,ကြိယာ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

---

၁-၂။ ဩဃဂေါစ္ဆက ၆-ဒုက်နှင့် ယောဂဂေါစ္ဆက ၆-ဒုက် အဖြေ ဝိသဇ္ဇနာများသည် အာသဝဂေါစ္ဆက ၆-ဒုက်နှင့် ထပ်တူဖြစ်သဖြင့် ပေယျာလလုံး၀ ချန်ခဲ့သည်။ အာသဝဂေါစ္ဆကဒုက် အဖြေ ဝိသဇ္ဇနာ အတိုင်းချဲ့ယူ လေ့လာပါလေ။

http://www.dhammadownload.com



(၄၇) နီဝရဏ နီဝရဏိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်း ဖြစ်၏ (ကာမစ္ဆန္ဒ နီဝရဏ=လောဘ)။

ဒုက်မှတ်။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်း ဖြစ်ကုန်၏ ဟူ၍ရင်း နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ကုန် ဟူ၍ရင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်း ဖြစ်၏ (လောဘ ကြဉ်သော နီဝရဏတရားကိုယ် ၇-ပါး)။ အချို့သော ဒုက္ခသစ္စာသည် နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ချေ (နီဝရဏတရားကိုယ် ၈-ပါး ကြဉ်သည့် လောကီတရားများ)။

(၄၈) နီဝရဏ နီဝရဏ သမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ (လောဘ)။

ဒုက်မှတ်။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို နီဝရဏလည်း မည်၍ နီဝရဏနှင့် လည်း ယှဉ်ကုန်၏ ဟူ၍ရင်း နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ကုန် ဟူ၍ရင်း မဆိုအပ်ကုန်(နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏(လောဘကြဉ်သော နီဝရဏတရားကိုယ် ၇-ပါး)။ အချို့သော ဒုက္ခသစ္စာသည် နီဝရဏနှင့်သာယှဉ်၍ နီဝရဏ မမည်ချေ (နီဝရဏတရားကိုယ် ၈-ပါး ကြဉ်သော အကုသိုလ် စိတ္တုပ္ပါဒ်များ)။

ဒုက်မှတ်။ ။အချို့သော ဒုက္ခသစ္စာကို နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ ဟူ၍ရင်း နီဝရဏနှင့်သာယှဉ်၍ နီဝရဏ မမည် ဟူ၍ရင်း မဆိုအပ်ချေ (လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

(၄၉) နီဝရဏဝိပ္ပယုတ္တ နီဝရဏိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ နှစ်ပါးတို့သည် နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဖြစ်ချေ(နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

ဒုက်မှတ်။ ။သမုဒယသစ္စာကို နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာဖြစ်၏ ဟူ၍ရင်း နီဝရဏ နှင့်လည်း မယှဉ်မူ၍ နီဝရဏ၏အာရုံလည်း မဖြစ်ဟူ၍ရင်း မဆိုအပ်ချေ(လောဘ)။

အချို့သော ဒုက္ခသစ္စာသည် နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာဖြစ်၏ (အကုသိုလ် စိတ္တုပ္ပါဒ် ကြဉ်သော လောကီတရားများ)။

ဒုက်မှတ်။ ။အချို့သော ဒုက္ခသစ္စာကို နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံဖြစ်၏ ဟူ၍ရင်း နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဖြစ်ဟူ၍ရင်း မဆိုအပ်ချေ (လောဘကြဉ်သော အကုသိုလ် စိတ္တုပ္ပါဒ်)။

(နီဝရဏဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

http://www.dhammadownload.com



(၉-ပရာမာသဂေါစ္ဆက ဒုက် ၅-ခု အဖြေ ဝိသဇ္ဇနာ)

**(၅၀) ပရာမာသဒုက် အဖြေ ဝိသဇ္ဇနာ။** ။(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ သုံးပါးတို့သည် မှားသော အားဖြင့် သုံးသပ်မှု 'ပရာမာသ' (ဒိဋ္ဌိ) မမည်ကုန်(လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ပရာမာသမည်၏ (ဒိဋ္ဌိ)၊ အချို့သော ဒုက္ခသစ္စာသည် ပရာမာသ မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီတရားများ)။

**(၅၁) ပရာမဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။** ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါး တို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်ကုန်၏ (လောကီ တရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

**(၅၂) ပရာမာသ သမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။** ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါး တို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'နှင့် (ဒိဋ္ဌိနှင့်) မယှဉ်ကုန်(နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော သမုဒယသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရှိသော လောဘ)၊ အချို့သော သမုဒယသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ချေ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ။)

အချို့သော ဒုက္ခသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (လောဘနှင့်ဒိဋ္ဌိကြဉ်သော ဒိဋ္ဌိ ဂတသမ္ပယုတ်စိတ္တုပ္ပါဒ်)၊ အချို့သော ဒုက္ခသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ချေ (ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်ကြဉ်သော လောကီစိတ်များ၊ လောဘ,ဒိဋ္ဌိကြဉ် စေတသိက် ၅၀၊ ရုပ် ၂၈-ပါး)။

**ဒုက်မှတ်။** ။အချို့သော ဒုက္ခသစ္စာကို ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ဟူ၍ရင်း ပရာမာသနှင့် မယှဉ်ဟူ၍ရင်း မဆိုအပ်ချေ(ဒိဋ္ဌိ) (ဒိဋ္ဌိကို ဒိဋ္ဌိနှင့်ယှဉ်၏ဟု မဆိုရချေ)။ (ဏီ၊ ပဒ-၁၅၂၀)

**(၅၃) ပရာမာသ ပရာမဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။** ။သမုဒယသစ္စာကို ပရာမာသ (ဒိဋ္ဌိ) လည်း မည်၍ ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ (လောဘ)။ သမုဒယသစ္စာသည် ပရာမာသ၏အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (လောဘ)။

**ဒုက်မှတ်။** ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ပရာမာသလည်း မည်၍ ပရာမာသ ၏ (ဒိဋ္ဌိ၏)အာရုံလည်း ဖြစ်၏ဟူ၍ရင်း ပရာမာသ၏အာရုံသာ ဖြစ်၍ ပရာမာသ မမည်ဟူ၍ရင်း မဆိုအပ်ချေ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ပရာမာသလည်း မည်၍ ပရာမာသ၏အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (လောဘနှင့်ဒိဋ္ဌိ ကြဉ်သည့် လောကီတရားများ)။

http://www.dhammadownload.com



(၅၄) ပရာမာသဝိပ္ပယုတ္တာ ပရာမဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသ (ဒိဋ္ဌိ) နှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသနှင့်မယှဉ်မူ၍ ပရာမာသ၏အာရုံသာဖြစ်ကုန်၏ (ဒိဋ္ဌိနှင့် ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်ကြဉ်သည့် လောကီတရားများ)။

ဒုက်မုတ်။ ။အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသနှင့်မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်ကုန်၏ဟူ၍ရင်း ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ရင်း မဆိုအပ်ကုန် (ဒိဋ္ဌိနှင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်)။

(ပရာမာသ ဂေါစ္ဆက ဒုက် ၅-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

---

(၁၀-မဟန္တရဒုက် ၁၄-ခု အဖြေဝိသဇ္ဇနာ)

(၅၅) သာရမ္မဏဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာရုံပြုခြင်းရှိကုန်၏ (အာရုံပြုတတ်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် အာရုံပြုခြင်း သဘောမရှိချေ (အာရုံမပြုတတ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် အာရုံပြုခြင်းသဘောရှိ၏ (အာရုံပြုတတ်၏) (လောဘကြဉ်သော လောကီစိတ္တုပ္ပါဒ်များ)။ အချို့သော ဒုက္ခသစ္စာသည် အာရုံပြုခြင်းသဘော မရှိချေ (ရုပ် ၂၈-ပါး)။

(၅၆) စိတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် စိတ်မမည်ကုန် (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် စိတ်မည်၏ (လောကီစိတ် ၈၁-ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်မမည်ချေ (လောဘကြဉ်သော လောကီစိတ်တို့၌ ရှိသော စေတသိက်များ၊ ရုပ် ၂၈-ပါး)။

(၅၇) စေတသိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စေတသိက်မည်ကုန်၏ (လောဘ၊ မဂ္ဂင် ၈-ပါး)။

နိရောဓသစ္စာသည် စေတသိက် မမည်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စေတသိက်မည်၏ (လောကီစိတ်တို့၌ရှိသော လောဘကြဉ်သည့် ယှဉ်ဘက်စေတသိက်များ)။ အချို့သော ဒုက္ခသစ္စာသည် စေတသိက်မမည်ချေ (လောကီစိတ် ၈၁-ပါး၊ ရုပ် ၂၈-ပါး)။

(၅၈) စိတ္တသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်နှင့် ယှဉ်ကုန်၏ (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

http://www.dhammadownload.com



နိရောဓသစ္စာသည် စိတ်နှင့် မယှဉ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်ယှဉ်၏ (လောကီစိတ်နှင့်ယှဉ်သော လောဘကြဉ်သည့် စေတသိက်များ)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်မယှဉ်ချေ (ရုပ် ၂၈-ပါး)။

ဒုက်မုတ်။ ။အချို့သော ဒုက္ခသစ္စာကို စိတ်နှင့် ယှဉ်၏ဟူ၍ရင်း စိတ်နှင့်မယှဉ်ဟူ၍ရင်း မဆိုအပ်ချေ (လောကီစိတ် ၈၁-ပါး) (စိတ်ကို စိတ်နှင့်ယှဉ်၏ဟု မဆိုရချေ)။

(၅၉) စိတ္တသံသဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် စိတ်နှင့်နှီးနှော ရောနှောကုန်၏(စိတ်နှင့်ယှဉ်ကုန်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်နှင့်မနှီးနှော မရောနှောချေ(စိတ်နှင့်မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့် နှီးနှော၏ (စိတ်နှင့်ယှဉ်၏) (လောကီစိတ်နှင့်ယှဉ်သည့် လောဘကြဉ်သော စေတသိက် ၅၁-ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့် မနှီးနှော မရောနှောချေ (စိတ်နှင့်မယှဉ်ချေ) (ရုပ် ၂၈-ပါး)။

ဒုက်မုတ်။ ။အချို့သော ဒုက္ခသစ္စာကို စိတ်နှင့်နှီးနှော ရောနှော၏ (ယှဉ်၏) ဟူ၍ရင်း စိတ်နှင့် မနှီးနှော မရောနှောဟူ၍ရင်း မဆိုအပ်ချေ (လောကီစိတ် ၈၁-ပါး)။

(၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် စိတ်ကြောင့်ဖြစ်ကုန်၏(လောဘ၊မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်ကြောင့် မဖြစ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်ကြောင့်ဖြစ်၏ (လောကီစိတ်၌ ရှိသော လောဘကြဉ်သည့် စေတသိက်များ၊ စိတ္တဇရုပ်)။ အချို့သော ဒုက္ခသစ္စာသည် စိတ်ကြောင့် မဖြစ်ချေ (လောကီစိတ် ၈၁-ပါး၊ စိတ္တဇရုပ်မှ တပါးသော ကမ္မဇ, ဥတုဇ, အာဟာရဇ ရုပ်များ)။

(၆၁) စိတ္တသဟဘုဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် စိတ်နှင့်တကွ ဖြစ်ကုန်၏ (စိတ်နှင့်အတူဖြစ် အတူပျက် ဖြစ်ကုန်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်နှင့်တကွ မဖြစ်ချေ (စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်တကွ ဖြစ်၏ (စိတ်နှင့်အတူဖြစ် အတူပျက် ဖြစ်၏) (လောကီစိတ်၌ရှိသော လောဘကြဉ်သည့် စေတသိက် ၅၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်တကွ မဖြစ်ချေ(စိတ်နှင့် အတူဖြစ်အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁-ပါး၊ ဝိညတ်ဒွေကြဉ် ရုပ် ၂၆-ပါး)။

(၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် စိတ်သို့အစဉ်လိုက်၍ဖြစ်ကုန်၏(စိတ်နှင့်အတူဖြစ် အတူပျက် ဖြစ်၏)(လောဘ၊ မဂ္ဂင်ရှစ်ပါး)။

http://www.dhammadownload.com



နိရောဓသစ္စာသည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်ချေ(စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်၏(စိတ်နှင့်အတူဖြစ် အတူပျက် ဖြစ်၏) (လောကီစိတ်၌ ရှိသောလောဘကြဉ်သည့် စေတသိက် ၅၁-ပါး၊ဝိညတ် ဒွေ)။အချို့သော ဒုက္ခသစ္စာသည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁-ပါး၊ ဝိညတ် ဒွေ ကြဉ်သော ရုပ် ၂၆-ပါး)။

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် စိတ်နှင့်လည်းနှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်ကုန်၏ (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၏ (လောကီစိတ်၌ရှိသော လောဘကြဉ်သည့် စေတသိက်များ)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ချေ (လောကီစိတ် ၈၁-ပါး၊ ရုပ် ၂၈-ပါး)။

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်းဖြစ်၍ စိတ်နှင့်လည်းတကွ ဖြစ်ကုန်၏ (စိတ်နှင့်အတူဖြစ် အတူပျက် ဖြစ်ကုန်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်နှင့်လည်းတကွ မဖြစ်ချေ (စိတ်နှင့်လည်း အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်နှင့်လည်း တကွဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောကီစိတ်၌ ရှိသော လောဘကြဉ်သည့် စေတသိက် ၅၁-ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်နှင့်လည်း တကွ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁-ပါး၊ ရုပ် ၂၈-ပါး)။

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ နှစ်ပါးတို့သည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်ကုန်၏) (လောဘ၊ မဂ္ဂင် ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောကီစိတ်တို့၌ ရှိသော လောဘကြဉ်သည့် စေတသိက် ၅၁-ပါး) အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁-ပါး၊ ရုပ် ၂၈-ပါး)။

(၆၆) အဇ္ဈတ္တိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏ (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်၏ (လောကီစိတ် ၈၁-ပါး၊ ပသာဒရုပ် ၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်၏ (လောကီစိတ်၌ ရှိသော လောဘကြဉ်သည့် စေတသိက် ၅၁-ပါး၊ ပသာဒရုပ် ၅-ပါးကြဉ်သော ရုပ် ၂၃-ပါး)။

(၆၇) ဥပါဒါဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် မဟာဘုတ် ၄-ပါးတို့ကိုမှီ၍ ဖြစ်သော 'ဥပါဒါရုပ်' မဟုတ်ချေ (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် မဟာဘုတ် ၄-ပါးကို မှီ၍ ဖြစ်၏ (ဥပါဒါရုပ် ၂၄-ပါး)။ အချို့သော ဒုက္ခသစ္စာသည် မဟာဘုတ် ၄-ပါးကို မှီ၍ ဖြစ်သော 'ဥပါဒါရုပ်' မဟုတ်ချေ (လောဘကြဉ်သော လောကီ စိတ္တုပ္ပါဒ်၊ မဟာဘုတ် ၄-ပါး)။

(၆၈) ဥပါဒိန္နဒုက် အဖြေ ဝိသဇ္ဇနာ။ ။(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန် (တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံကြောင့် မဖြစ်ကုန်) (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၏ (လွန်ခဲ့သည့် အတိတ်ဘဝကံကြောင့် ဖြစ်၏) (လောကီ ဝိပါက် စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်)။ အချို့သော ဒုက္ခသစ္စာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ချေ (လွန်ခဲ့သည့် အတိတ်ဘဝကံကြောင့် မဖြစ်ချေ) (လောကီကုသိုလ်၊ အကုသိုလ်၊ ကြိယာစိတ်၊ လောဘကြဉ်သော ယှဉ်ဘက် စေတသိက် ၅၁-ခု၊ ကမ္မဇရုပ်ကြဉ်သော တိဇရုပ်)။

(ဟေတုဂေါစ္ဆက မှ ... ) 

(ယေဘုယျဒုက် ၁၄-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

http://www.dhammadownload.com



(၁၁-ဥပါဒါနဂေါစ္ဆက ဒုက် ၆-၃ အဖြေ ဝိသဇ္ဇနာ)

(၆၉) ဥပါဒါနဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည်ပြင်းစွာစွဲလမ်းတတ်သော'ဥပါဒါန်' မည်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပြင်းစွာစွဲလမ်းတတ်သော 'ဥပါဒါန်' မမည်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ပြင်းစွာစွဲလမ်းတတ်သော 'ဥပါဒါန်' မည်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန် မမည်ချေ(လောဘ, ဒိဋ္ဌိကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၇၀) ဥပါဒါနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏ (လောကီတရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံမဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

(၇၁) ဥပါဒါနသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည်ဥပါဒါန်နှင့် (တဏှာ,ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ရှစ်ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့် (လောဘ, ဒိဋ္ဌိနှင့်) ယှဉ်ကုန်၏ (လောဘမူစိတ် ၈-ပါး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘကြဉ်သည့် ယှဉ်ဘက်စေတသိက်များ)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့်မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘ၊ မောဟမူ၊ ဒေါသမူစိတ္တုပ္ပါဒ်၊ လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

(၇၂) ဥပါဒါန ဥပါဒါနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏အာရုံလည်း ဖြစ်၏ (လောဘ)။

ဒုက်မုတ်။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ဟူ၍၎င်း၊ ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည် ဟူ၍၎င်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်ချေ (လောကီစိတ်များ၊ လောဘ,ဒိဋ္ဌိ ကြဉ်သည့် ယှဉ်ဘက်စေတသိက် ၅၀-ပါး၊ ရုပ် ၂၈-ပါး)။

(၇၃) ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။အချို့သော သမုဒယသစ္စာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ ရှိသော လောဘ)။

http://www.dhammadownload.com



ဒုက်မှုတ်။ ။အချို့သော သမုဒယသစ္စာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ ဟူ၍ရှင်း ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ဟူ၍ရှင်း မဆိုအပ်ချေ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ ရှိသော လောဘ)။

ဒုက်မှုတ်။ ။(နိရောဓသစ္စာ၊မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်ကုန်၏ ဟူ၍ရှင်း ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန်မမည်ကုန် ဟူ၍ရှင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်းယှဉ်၏(ဒိဋ္ဌိ)။အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သည့် လောဘမူစိတ္တုပ္ပါဒ်)[၁]။

ဒုက်မှုတ်။ ။အချို့သော ဒုက္ခသစ္စာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ ဟူ၍ရှင်း ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန်မမည် ဟူ၍ရှင်း မဆိုအပ်ချေ(လောဘမူစိတ္တုပ္ပါဒ်ကြဉ် လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၃၄) ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့်လည်း (လောဘ, ဒိဋ္ဌိတို့နှင့်လည်း)မယှဉ်မူ၍ ဥပါဒါန်၏အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ)သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ လောဘမူစိတ္တုပ္ပါဒ်ကြဉ်သော လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

ဒုက်မှုတ်။ ။အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့ကို ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏အာရုံသာ ဖြစ်ကုန်၏ဟူ၍ရှင်း ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ရှင်း မဆိုအပ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ ကြဉ်သည့် လောဘမူစိတ္တုပ္ပါဒ်)။

(ဥပါဒါနဂေါစ္ဆက ဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

---

(၁၂-ကိလေသဂေါစ္ဆက ဒုက် ၈-ခု အဖြေဝိသဇ္ဇနာ)

(၃၅) ကိလေသဂေါစ္ဆကဒုက် အဖြေဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' မည်၏(လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် ကိလေသာ မမည်ကုန်(နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာမည်၏(ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာ မမည်ချေ (ကိလေသာ တရားကိုယ် ၁၀-ပါးကြဉ်သော လောကီတရားများ)။

---

၁။ စိတ္တုပ္ပါဒ်=စိတ်နှင့်ယှဉ်ဘက် စေတသိက်။

http://www.dhammadownload.com



(၇၆) သံကိလေသိကဒုက် အမေးဝိသဇ္ဇနာ။ ။(ဒုက္ခသစ္စာ၊သမုဒယသစ္စာ)သစ္စာနှစ်ပါးတို့သည် ကိလေသာ၏ အာရုံ ဖြစ်ကုန်၏ ( လောကီတရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် ကိလေသာ၏အာရုံ မဖြစ်ကုန်(နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

(၇၇) သံကိလိဋ္ဌဒုက် အမေးဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက်အပ်၏(ကိလေသာနှင့်ယှဉ်၏) (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာတို့ မပူပန်စေအပ် မနှိပ်စက်အပ်ကုန်(ကိလေသာနှင့် မယှဉ်ကုန်)(နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်၏ (ကိလေသာနှင့် ယှဉ်၏)(လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့ မပူပန်စေအပ် မနှိပ်စက်အပ်ချေ (ကိလေသာနှင့် မယှဉ်ချေ) (လောကီကုသိုလ်၊ ဝိပါက်၊ ကြိယာ စိတ်နှင့် ယှဉ်ဘက် စေတသိက်များ၊ ရုပ် ၂၈-ပါး)။

(၇၈) ကိလေသသမ္ပယုတ္တဒုက် အမေးဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ကိလေသာနှင့် ယှဉ်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်ချေ(နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့်ယှဉ်၏(လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့် မယှဉ်ချေ (လောကီကုသိုလ်၊ ဝိပါက်၊ ကြိယာ စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၇၉) ကိလေသ သံကိလေသိကဒုက် အမေးဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာ၏အာရုံလည်းဖြစ်၏ (လောဘ)။

ဒုက်မုတ်။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့ကို ကိလေသာလည်းမည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍၎င်း ကိလေသာ၏အာရုံသာဖြစ်၍ ကိလေသာ မမည်ကုန်ဟူ၍၎င်း မဆိုအပ်ကုန်(နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ (လောဘကြဉ်သည့် ကိလေသာတရားကိုယ် ၉-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ချေ(ကိလေသာ ၁၀-ပါးကြဉ်သော လောကီတရားများ)။

(၈၀) ကိလေသ သံကိလိဋ္ဌဒုက် အမေးဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏(ကိလေသာနှင့် ယှဉ်၏)(လောဘ)။

http://www.dhammadownload.com



ဒုက်မုတ်။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ကိလေသာလည်းမညှိ၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်ကုန်၏ (ကိလေသာနှင့် ယှဉ်ကုန်၏)ဟူ၍ရင်း ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၍(ကိလေသာနှင့်ယှဉ်၍)ကိလေသာလည်း မမည်ကုန် ဟူ၍ရင်း မဆိုအပ်ကုန်(နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏(ကိလေသာနှင့်ယှဉ်၏) (လောဘကြဉ်သော ကိလေသာတရားကိုယ် ၉-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ်သည်သာဖြစ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာမမည်ချေ (ကိလေသာ ၁၀-ပါးကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

ဒုက်မုတ်။ ။အချို့သော ဒုက္ခသစ္စာကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာနှင့်ယှဉ်၏)ဟူ၍ရင်း ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်ယှဉ်၍)ကိလေသာမမည်ဟူ၍ရင်း မဆိုအပ်ချေ (လောကီကုသိုလ်,ဝိပါက်,ကြိယာ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

**(၈၁) ကိလေသ ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။** ။သမုဒယသစ္စာသည် ကိလေသာလည်းမည်၍ ကိလေသာနှင့်လည်း ယှဉ်၏(လောဘ)။

ဒုက်မုတ်။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့ကို ကိလေသာလည်းမည်၍ ကိလေသာနှင့်လည်း ယှဉ်ကုန်၏ဟူ၍ရင်း ကိလေသာနှင့်သာယှဉ်၍ ကိလေသာမမည်ကုန် ဟူ၍ရင်း မဆိုအပ်ကုန်(နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (လောဘကြဉ်သော ကိလေသာတရားကိုယ် ၉-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့်သာယှဉ်၍ ကိလေသာ မမည်ချေ(ကိလေသာ ၁၀-ပါးကြဉ်သော အကုသိုလ် စိတ္တုပ္ပါဒ်)။

ဒုက်မုတ်။ ။အချို့သော ဒုက္ခသစ္စာကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟူ၍ရင်း ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာလည်း မမည်ဟူ၍ရင်း မဆိုအပ်ချေ (လောကီကုသိုလ်,ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

**(၈၂) ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။** ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏အာရုံလည်း မဖြစ်ကုန်(နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

ဒုက်မုတ်။ ။သမုဒယသစ္စာကို ကိလေသာနှင့်မယှဉ်မူ၍ ကိလေသာ၏အာရုံသာဖြစ်၏ဟူ၍ရင်း ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏အာရုံလည်း မဖြစ်ဟူ၍ရင်း မဆိုအပ်ချေ(လောဘ)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့်မယှဉ်မူ၍ ကိလေသာ၏အာရုံသာ ဖြစ်၏(လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

http://www.dhammadownload.com



ဒုက်မှတ်။ ။အချို့သော ဒုက္ခသစ္စာကို ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏အာရုံသာ ဖြစ်၏ ဟူ၍ရင်း ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ဟူ၍ရင်း မဆိုအပ်ချေ (လောဘကြည်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

(ကိလေသ ဂေါစ္ဆက ဒုက် ၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

---

(၁၃-ပိဋ္ဌိဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ)

(၈၃) ဒဿနေနပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည်(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့်'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် မပယ်အပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏(ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ ဝိစိကိစ္ဆာ စိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာ နှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် မပယ်အပ်ကုန် (ကြွင်းသော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာ နှစ်ပါးတို့သည် (သောတာပတ္တိမဂ် မြင်ပြီးဖြစ်သော နိဗ္ဗာန်ကို ပွါးများခြင်းအားဖြင့် တဖန်ထပ်မံ၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက် မဂ်သုံးခုတို့သည် မပယ်အပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အထက်မဂ်သုံးခုတို့သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ် ဒေါသမူ ဒွေ၊ ဥဒ္ဓစ္စ သဟဂုတ်စိတ္တုပ္ပါဒ်များ)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အထက်မဂ်သုံးခုတို့သည် မပယ်အပ်ကုန် (ကြွင်းသော လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာ နှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော ဟိတ်[၁]မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ မောဟကြည်သော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)။ အချို့သော(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ)သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော မောဟ၊ ကြွင်းသော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

---

၁။ သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကိုပယ်သည်၊ တနည်းအားဖြင့် လောဘမူဒိဋ္ဌိဂတ သမ္ပယုတ်စိတ်နှင့် လောဘမူ ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်တို့ကို ပယ်သည်၊ထို့ကြောင့် သောတာပတ္တိမဂ်ပယ်သော ဟိတ်များမှာ—လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘနှင့်မောဟ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော မောဟတို့သာဖြစ်သည်။

http://www.dhammadownload.com



(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။(နိယောဓသစ္စာ၊မဂ္ဂသစ္စာ)သစ္စာနှစ်ပါး တို့သည် ဘာဝနာမည်သော အထက်မဂ်သုံးခုတို့သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်)(နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဘာဝနာမည်သော အထက်မဂ်သုံးခုတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူစိတ္တုပ္ပါဒ်၊ မောဟကြည်သည့် ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဘာဝနာမည်သော အထက်မဂ်သုံးခုတို့သည် ပယ်အပ်သော ဟိတ် မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟ၊ကြွင်းသော လောကီတရားများ)။

(၈၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ဝိတက်ရှိ၏ (ဝိတက်နှင့်ယှဉ်၏) (လောဘမူစိတ်၌ရှိသော လောဘ)။

နိရောဓသစ္စာသည် ဝိတက်မရှိချေ (ဝိတက်နှင့်မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိတက်ရှိကုန်၏ (ဝိတက်နှင့် ယှဉ်ကုန်၏) (လောဘနှင့် လောကီသဝိတက္ကစိတ် ၄၇-ပါး၌ရှိသော ဝိတက်ကြည်သည့် လောကီ သဝိတက္ကစိတ္တုပ္ပါဒ်၊ မဂ်ပထမဈာန် ၄-ပါး၌ရှိသော ဝိတက်ကြည်သည့် မဂ္ဂင် ၇-ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့်မယှဉ်ကုန်) (လောကီ သဝိတက္ကစိတ် ၄၇-ပါး၌ရှိသော ဝိတက် ၄၇-ပါး၊ လောကီအဝိတက္ကစိတ် ၃၄-ပါးနှင့် ယှဉ်ဘက် စေတသိက်များ၊ ကြွင်းသော မဂ်ဈာန် စိတ် ၁၆-ပါး၌ရှိသော မဂ္ဂင် ၇-ပါး၊ ရုပ် ၂၈-ပါး)။

(၈၈) သဝိစာရဒုက် အဖြေဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ဝိစာရရှိ၏ (ဝိစာရနှင့်ယှဉ်၏) (လောဘမူစိတ်၌ရှိသော လောဘ)။

နိရောဓသစ္စာသည် ဝိစာရမရှိချေ (ဝိစာရနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိစာရရှိ၏ (ဝိစာရနှင့်ယှဉ်၏) (လောဘနှင့် လောကီသဝိစာရစိတ် ၅၀-၌ရှိသော ဝိစာရကြည်သော ဝိစာရစိတ္တုပ္ပါဒ်၊ မဂ် ပထမ ဈာန်, ဒုတိယဈာန် စိတ် ၈-ပါး၌ရှိသော မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိစာရမရှိကုန် (ဝိစာရနှင့်မယှဉ်ကုန်) (လောကီသဝိစာရစိတ် ၅၀-၌ရှိသော ဝိစာရ ၅၀-ပါး၊ လောကီအဝိစာရ စိတ် ၃၁-ပါးနှင့်ယှဉ်ဘက် စေတသိက်၊ မဂ်တတိယ,စတုတ္ထ,ပဉ္စမဈာန်စိတ် ၁၂-ပါး၌ရှိသော မဂ္ဂင် ၇-ပါး၊ ရုပ် ၂၈-ပါး)။

(၈၉) သပ္ပီတိကဒုက် အဖြေဝိသဇ္ဇနာ။ ။နိရောဓသစ္စာသည် ပီတိမရှိချေ (ပီတိနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိရှိကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (လောကီသပ္ပီတိကစိတ် ၂၇-ပါးနှင့် ပီတိကြည်သော ယှဉ်ဘက်စေတသိက်

http://www.dhammadownload.com



များ၊ မဂ် ပထမ ဒုတိယ တတိယဈာန်စိတ် ၁၂-ပါး၌ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိမရှိကုန် (ပီတိနှင့် မယှဉ်ကုန်) (လောကီသပ္ပီတိကစိတ် ၂၇-ပါး၌ရှိသော ပီတိ ၂၇-ပါး၊ လောကီအပ္ပီတိကစိတ် ၅၄-ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ မဂ်စတုတ္ထဈာန် ပဉ္စမဈာန်စိတ် ၈-ပါး၌ရှိသော သမ္မာသင်္ကပ္ပကြဉ်သော မဂ္ဂင် ၇-ပါး၊ ရုပ် ၂၈-ပါး)။

(၉၀) ပီတိသဟဂတဒုက် အမေြဝိသဇ္ဇနာ။ ။နိရောဓသစ္စာသည် ပီတိနှင့်တကွ မဖြစ်ချေ (ပီတိနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (လောကီသပ္ပီတိကစိတ် ၂၇-ပါးနှင့် ပီတိကြဉ်သော ယှဉ်ဘက်စေတသိက်များ၊မဂ် ပထမ ဒုတိယ တတိယဈာန်စိတ် ၁၂-ပါး၌ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့် မယှဉ်ကုန်) (လောကီသပ္ပီတိကစိတ် ၂၇-ပါး၌ရှိသော ပီတိ ၂၇-ပါး၊ လောကီအပ္ပီတိကစိတ် ၅၄-ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊မဂ်စတုတ္ထဈာန် ပဉ္စမဈာန် စိတ် ၈-ပါး၌ရှိသော သမ္မာသင်္ကပ္ပကြဉ်သော မဂ္ဂင် ၇-ပါး၊ ရုပ် ၂၈-ပါး)။

(၉၁) သုခသဟဂတဒုက် အမေြဝိသဇ္ဇနာ။ ။နိရောဓသစ္စာသည် သုခဝေဒနာနှင့်တကွ မဖြစ်ချေ (သုခဝေဒနာနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခဝေဒနာနှင့် ယှဉ်ကုန်၏) (လောကီသုခသဟဂုတ်စိတ် ၃၁-ပါးနှင့် ဝေဒနာကြဉ်သော ယှဉ်ဘက်စေတသိက်၊ မဂ်သောမနဿ ပ,ဒု,တ,စတုတ္ထဈာန်စိတ်၌ ရှိသော မဂ္ဂင် ၈-ပါး)။အချို့သော(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊မဂ္ဂသစ္စာ)သစ္စာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန် (သုခဝေဒနာနှင့် မယှဉ်ချေ) (လောကီသုခသဟဂုတ်စိတ် ၃၁-ပါး၌ရှိသော ဝေဒနာ ၃၁-ပါး၊ ဒေါသမူဒွေ၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်၊ လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇-ပါးနှင့် ယှဉ်ဘက်စေတသိက်၊ မဂ်ပဉ္စမဈာန်စိတ် ၄-ပါး၌ရှိသည့် သမ္မာသင်္ကပ္ပကြဉ် မဂ္ဂင် ၇-ပါး၊ ရုပ် ၂၈-ပါး)။

(၉၂) ဥပေက္ခာသဟဂတဒုက် အမေြဝိသဇ္ဇနာ။ ။နိရောဓသစ္စာသည် ဥပေက္ခာဝေဒနာနှင့် တကွမဖြစ်ချေ (ဥပေက္ခာဝေဒနာနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊သမုဒယသစ္စာ၊မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ကုန်၏ (လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇ ပါးနှင့် ဝေဒနာကြဉ်သည့် ယှဉ်ဘက်စေတသိက်၊ မဂ်ပဉ္စမဈာန်စိတ် ၄-ပါး၌ရှိသော မဂ္ဂင် ၇-ပါး)။ အချို့သော(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာနှင့် မယှဉ်ကုန်) (လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇-ပါး၌ရှိသော ဥပေက္ခာဝေဒနာ ၄၇-ပါး၊ ဒေါသမူဒွေ စိတ္တုပ္ပါဒ်၊ ဒုက္ခသဟဂုတ် စိတ္တုပ္ပါဒ်၊ လောကီသုခသဟဂုတ် ၃၁-ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ မဂ် ပ,ဒု,တ,စတုတ္ထဈာန် ၁၆-ပါး၌ရှိသော မဂ္ဂင် ၈-ပါး၊ ရုပ် ၂၈-ပါး)။

http://www.dhammadownload.com



(၉၃) **ကာမာဝစရဒုက် အမြေဝိသဇ္ဇနာ။** ။သမုဒယသစ္စာသည် ကာမတဏှာ၏ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ကာမာဝစရ'တရားဖြစ်၏ (ကာမာဝစရမည်၏) (လောဘ)။

(နိရောဓသစ္စာ၊မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော 'ကာမာဝစရ'တရား မဟုတ်ချေ (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကာမာဝစရတရား ဖြစ်၏ (လောဘကြဉ်သော ကာမစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။ အချို့သော ဒုက္ခသစ္စာသည် 'ကာမာဝစရ' တရား မဟုတ်ချေ (မဟဂ္ဂုတ်စိတ္တုပ္ပါဒ်)။

(၉၄) **ရူပါဝစရဒုက် အမြေဝိသဇ္ဇနာ။** ။(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'ရူပါဝစရ'တရား မဖြစ်ကုန် (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ရူပါဝစရတရား ဖြစ်၏ (ရူပါဝစရစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ရူပါဝစရတရား မဟုတ်ချေ (ကာမစိတ္တုပ္ပါဒ်၊ အရူပစိတ္တုပ္ပါဒ်၊ရုပ် ၂၈-ပါး)။

(၉၅) **အရူပါဝစရဒုက် အမြေဝိသဇ္ဇနာ။** ။(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာသုံးပါးတို့သည် အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ဖြစ်သော) အရူပါဝစရတရား မဟုတ်ချေ (အရူပါဝစရ မမည်ကုန်) (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

**အချို့သော ဒုက္ခသစ္စာသည် 'အရူပါဝစရ'တရားဖြစ်၏ (အရူပါဝစရစိတ္တုပ္ပါဒ်)။** အချို့သော ဒုက္ခသစ္စာသည် အရူပါဝစရတရား မဟုတ်ချေ(ကာမစိတ္တုပ္ပါဒ်၊ ရူပါဝစရစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(၉၆) **ပရိယာပန္နဒုက် အမြေဝိသဇ္ဇနာ။** ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ)သစ္စာနှစ်ပါးတို့သည် ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န'တရား ဖြစ်ကုန်၏ (လောကီတရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံး မဝင်သော 'အပရိယာပန္န'တရားဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

(၉၇) **နိယျာနိကဒုက် အမြေဝိသဇ္ဇနာ။** ။မဂ္ဂသစ္စာသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း 'နိယျာနိက'တရားဖြစ်၏ (မဂ္ဂင် ၈-ပါး)။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ)သစ္စာသုံးပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်း 'နိယျာနိက'တရား မဟုတ်ကုန် (လောကီတရားများ၊ နိဗ္ဗာန်)။

(၉၈) **နိယတဒုက် အမြေဝိသဇ္ဇနာ။** ။မဂ္ဂသစ္စာသည် အကျိုးပေးမြဲသော 'နိယတ'တရား ဖြစ်၏ (မဂ္ဂင် ၈-ပါး)။

http://www.dhammadownload.com



နိရောဓသစ္စာသည် အကျိုးပေး မမြဲသော ‘အနိယတ’တရားမည်၏ [ဖောက်ပြန်သော သဘောရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ငရဲ၌)အကျိုးပေးမြဲသော ‘မိစ္ဆတ္တနိယတ’တရားလည်း မဟုတ်မူ၍ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော ‘သမ္မတ္တနိယတ’ တရားလည်း မဟုတ်ချေ] (နိယတတရား မဟုတ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ)သစ္စာနှစ်ပါးတို့သည် အကျိုးပေးမြဲသော ‘နိယတ’ တရားဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၏ သတ္တမဇောစိတ္တုပ္ပါဒ်နှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်)။ အချို့သော(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ)သစ္စာနှစ်ပါးတို့သည် အကျိုးပေး မမြဲသော ‘အနိယတ’ တရားဖြစ်ကုန်၏ (ကြွင်းသော လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

(၉၉) သဥတ္တရဒုက် အဖြေဝိသဇ္ဇနာ။ ။(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားရှိသည့် ‘သဥတ္တရ’ တရားဖြစ်ကုန်၏ (လောကီတရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားမရှိသည့် ‘အနုတ္တရ’တရားဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

(၁၀၀) သရဏဒုက် အဖြေဝိသဇ္ဇနာ။ ။သမုဒယသစ္စာသည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ)ရှိသော ‘သရဏ’တရားဖြစ်၏(လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသည့် ‘အရဏ’တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ငိုကြွေးကြောင်း (ရာဂစသောကိလေသာ)ရှိသည့် ‘သရဏ’ တရားဖြစ်၏ (ကိလေသာနှင့်ယှဉ်၏) (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော ‘အရဏ’ တရားဖြစ်၏ (ကိလေသာနှင့်မယှဉ်) (လောကီကုသိုလ်,ဝိပါက်,ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

(ပိဋ္ဌိဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(သစ္စာ ၄-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြသော‘ပဉ္စာပုစ္ဆက’နည်း ပြီး၏။)

သစ္စာ ၄-ပါးတို့ကို တိက်,ဒုက် တို့ဖြင့် ဝေဖန်၍ အမေးအဖြေပြု၍ ဟောကြားအပ်သော ‘ပဉ္စာပုစ္ဆက’နည်း ပြီး၏။

(သစ္စာ ၄-ပါးတို့ကို ဝေဖန်၍ ဟောကြားသည့် ‘သစ္စဝိဘင်း’ ပြီးပြီ။)

# သစ္စဝိဘင်္ဂေါ နိဋ္ဌိတော။

---

၁။ ဤကျမ်း စာမျက်နှာ ၃၅၉ အောက်ခြေမှတ်ချက်ကြည့်ပါ။

http://www.dhammadownload.com

## ခန္ဓဝိဘင်း ပါဠိတော် မြန်မာပြန်

# အဘိဓမ္မာဝေါဟာရများ


အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အကန္တ=မနှစ်သက်အပ် ၄

အကုသလာ=အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ခံစားမှု ၇

အကုသိုလ်=အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကိုပေးတတ်သော ဝိညာဏက္ခန္ဓာ ၁၀၃၊၂၀၉

အကုသိုလ်=အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကိုပေးတတ်သော ခန္ဓာ ၂၁၆

အကုသိုလ်ဝိညာဏ်=အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော သိမှု ၂၂၊၂၃

အကုသိုလ်သင်္ခါရ=အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ပြုပြင်စီရင်မှု ၁၀၊၁၉

